
နိုင်ငံရပ်ခြားတွင် ဝင်ငွေအလွန်ကောင်းသူလေးဦး
Online တွင် ဓမ္မမိတ်ဆွေအဖြစ် ဆုံကြရင်း
အမိနိုင်ငံ၏ သာသနာအတွင်းစည်းထိ မမျှော်လင့်ဘဲ
ရောက်ခဲ့ကြရာတွင် ....
သာသနာ၏ အနှစ်သာရကို ရေးဖွဲ့ထားသော ဝတ္ထုရှည်

# အာဇာနည် ဘာသာသွေးများအကြောင်း

## ကောင်းဆက်နိုင်




ကောင်းဆက်နိုင် စာစဉ် - ၁

ကောင်းဆက်နိုင်စာအုပ် (၁)

**ကောင်းဆက်နိုင်စာအုပ်တိုက်**
အမှတ်-ဃ(၂၉၉)၊ ခေမာသီလမ်းမကြီး၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်
ဖုန်း ၀၁-၉၆၉၀၂၉၆၊ ၀၉-၂၅၉ ၀၁၃ ၃၀၈
Email: kaung125@gmail.com

# အာဇာနည်တာသာသွေးများအကြောင်း

.......................................

ကောင်းဆက်နိုင်

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
၂၉၀၅၇
အမှတ် ...........
ရက်စွဲ...........
ဘာသာရေးစာကြည့်တိုက်

ပုံနှိပ်မှတ်တမ်း

**အာဇာနည်ဘာသာသွေးများအကြောင်း**
**ကောင်းဆက်နိုင်**

| | | |
|---|---|---|
| စီစဉ်သူ | – | ကိုထက်နိုင် |
| ပုံနှိပ်ခြင်း | – | ဂျူလိုင်၊ ၂၀၁၄ (ပထမအကြိမ်) |
| ထုတ်ဝေသူ | – | ဦးဝင်းချို (ရှုဝံစာအုပ်တိုက်)<br>အမှတ်–၂၁၂၊ ၃၁ (အထက်)၊ ရန်ကုန် |
| ပုံနှိပ်သူ | – | နန်းသဇင် |
| မျက်နှာဖုံးပန်းချီ | – | ပန်းချီကျော်ဖြူစံ |
| အတွင်းဒီဖိုင်း | – | အောင်ခိုင်ဖြိုး |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၄၅၀၀ ကျပ် |
| ဖြန့်ချိရေး | – | ဦးဝင်းချို (ရှုဝံစာအုပ်တိုက်)<br>ဖုန်း – ၀၁–၃၈၅၅၉၇၊ ၀၉–၇၃၂၀၃၀၃၂ |

**အာဇာနည်ဘာသာသွေးများအကြောင်း** ၀၉၅.၀၄

**ကောင်းဆက်နိုင်**
ကောင်းဆက်နိုင်စာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၄၊ ရန်ကုန်
စာ – (၂၉၈)၊ ၁၅.၇၅ x ၂၁.၄ စင်တီ

(၁) အာဇာနည်ဘာသာသွေးများအကြောင်း

# မာတိကာ

အမှာစာ

## အပိုင်း (၁)


| | | |
|---|---|---|
| အခန်း (၁) | သံသရာခရီးသည်များ | ၁၇ |
| အခန်း (၂) | မတူညီသောလမ်းများ | ၂၀ |
| အခန်း (၃) | ဘယ်ဂိုလ်ယံရောက်မြန်မာတစ်ယောက် | ၂၃ |
| အခန်း (၄) | အာရှတိုက်သားနှင့်ဥရောပတိုက်သား | ၂၆ |
| အခန်း (၅) | လေထဲပစ်ခွင်း မြှားတစ်စင်း | ၂၉ |
| အခန်း (၆) | ထိုင်းနိုင်ငံရောက်သူငယ်ချင်းနှစ်ယောက် | ၃၃ |
| အခန်း (၇) | နှုတ်ဆက်ခဲ့တယ်သူငယ်ချင်း | ၃၆ |
| အခန်း (၈) | အာဇာနည်ဆရာတော်ကြီးများ | ၄၀ |
| အခန်း (၉) | ဂျာမနီဂျပန်စားဖိုမှူးများ | ၄၄ |
| အခန်း (၁၀) | ရောင်းအကောင်းဆုံးဂျပန်ဆိုင် | ၄၈ |
| အခန်း (၁၁) | အမ်စတာဒမ် | ၅၂ |
| အခန်း (၁၂) | ဥရောပတစ်နေရာကရွာကလေး | ၅၆ |
| အခန်း (၁၃) | ထိုင်းမှကျောက်ဆင်တောရသို့ | ၅၉ |
| အခန်း (၁၄) | အရိယာခြေလှမ်း | ၆၄ |
| အခန်း (၁၅) | အမေရိကန်မှတောင်ပုလုရိပ်သာ | ၆၈ |
| အခန်း (၁၆) | နိုင်ငံခြားသားတို့ရဲ့အမေးစကားများ | ၇၂ |

| | | |
|---|---|---|
| အခန်း (၁၇) | တရုတ်မလေး 'ချန်' | ၇၅ |
| အခန်း (၁၈) | ချန်ထားရစ်တော့ 'ချန်' | ၈၀ |
| အခန်း (၁၉) | ကျောက်ဆင်တောရ (သို့မဟုတ်) ရှေ့တန်းစခန်း | ၈၄ |
| အခန်း (၂၀) | ဘုန်းကြီးများလည်း ရုန်းကန်ရတယ် | ၈၉ |
| အခန်း (၂၁) | သဘော်တစ်စီး၏ပြဿနာများ | ၉၅ |
| အခန်း (၂၂) | နှုတ်ဆက်ခဲ့ပြီ အက်စတာဒမ် | ၉၉ |
| အခန်း (၂၃) | အမေရိကန်နိုင်ငံ | ၁၀၄ |
| အခန်း (၂၄) | အမိမြေသို့ | ၁၀၈ |
| အခန်း (၂၅) | ကျောက်ဆင်တောရ | ၁၁၁ |
| အခန်း (၂၆) | ဘယ်လ်ဂျီယံ | ၁၁၆ |
| အခန်း (၂၇) | ရွှေလက်တွဲတုန်းမှာ | ၁၁၉ |
| အခန်း (၂၈) | သာသနာအတွက်ရုန်းကန်ခြင်း | ၁၂၃ |
| အခန်း (၂၉) | သည်တောင်ကိုမောင်ဖြိုမယ် | ၁၂၆ |
| အခန်း (၃၀) | သေခြင်းတရား၏ပန်းချီကားတစ်ချပ် | ၁၃၀ |
| အခန်း (၃၁) | မဟာယနကိုထိုးဖောက်သောအာဇာနည်ကြီးများ | ၁၃၄ |
| အခန်း (၃၂) | အာဇာနည်ဂျာမန်ဆရာတော် | ၁၃၉ |
| အခန်း (၃၃) | လှေလှော်ရင်းမနစ်စေရ | ၁၄၃ |
| အခန်း (၃၄) | ရှင်ဥဒါယီအကြောင်း | ၁၄၇ |
| အခန်း (၃၅) | ရေစက်နည်းတဲ့ဖူးစာရှင် | ၁၅၁ |
| အခန်း (၃၆) | Hypersexuality | ၁၅၄ |
| အခန်း (၃၇) | သံဃာတွေလည်းရုန်းကန်ရတယ် | ၁၆၀ |
| အခန်း (၃၈) | ရဟန်းနှင့်ပါစိတ်မဟာမိတ် | ၁၆၄ |
| အခန်း (၃၉) | ဝတ်ဆောက်တည်ခြင်း (သို့မဟုတ်) သံဃာတော်များဒဏ်ထမ်းရခြင်း | ၁၆၈ |
| အခန်း (၄၀) | အချစ်စစ်သီအိုရီ | ၁၇၃ |

| | | |
|---|---|---|
| အခန်း (၄၁) | ဝိုင်အရက်၊ ရှားလော့ဟုမ်းနှင့်တွံတေးသိန်းတန် | ၁၇၆ |
| အခန်း (၄၂) | ပြည်တော်ပြန် | ၁၈၀ |
| အခန်း (၄၃) | တရားမရသေးခင်ပုထုဇဉ်ဘဲ | ၁၈၄ |
| အခန်း (၄၄) | အမေ့ရဲ့သားလေးပြန်လာပြီ | ၁၈၈ |
| အခန်း (၄၅) | လူစုံပြီတိုက်ပွဲဝင်ကြစို့ | ၁၉၂ |


## အပိုင်း (၂)


| | | |
|---|---|---|
| အခန်း (၄၆) | ကျောက်ဆင်တောရသို့ | ၂၀၁ |
| အခန်း (၄၇) | ဆားပုလင်းဦးယိုးနှင့်ရွှေမျက်မှန်ဂိုဏ်း | ၂၀၅ |
| အခန်း (၄၈) | ဓမ္မနှင့်အဓမ္မအားပြိုင်မှု | ၂၀၉ |
| အခန်း (၄၉) | သုစရိုက်နှင့်ဒုစရိုက် | ၂၁၃ |
| အခန်း (၅၀) | ဗုဒ္ဓဂယာ (သို့မဟုတ်) အမြတ်ဆုံးမြေ | ၂၁၆ |
| အခန်း (၅၁) | ဘုရားရှင်အဆက်ဆက်အသုံးပြုရာမြေ | ၂၂၀ |
| အခန်း (၅၂) | အရိယာတို့ကိုသာမန်လူတွေမမြင်တွေ့နိုင် | ၂၂၄ |
| အခန်း (၅၃) | မြွေပွေးမြွေဟောက်မကြောက်သူဦးရေဝတ | ၂၂၇ |
| အခန်း (၅၄) | ကိလေသာတိုက်ပွဲနွဲမည့်စစ်သည်တော် | ၂၃၀ |
| အခန်း (၅၅) | ဘိက္ခုသေမင်းခားနှစ်စင်း | ၂၃၃ |
| အခန်း (၅၆) | ငုပ်မိသဲတိုင်သည့်အာဇာနည်ရဟန်းများ | ၂၃၆ |
| အခန်း (၅၇) | ဆရာတော်ဦးသံဝရသီလမှတဆင့် | ၂၄၀ |
| အခန်း (၅၈) | အာဇာနည်တစ်ပါးမွေးဖွားခြင်း | ၂၄၃ |
| အခန်း (၅၉) | ဆရာကောင်းတပည့် | ၂၄၇ |
| အခန်း (၆၀) | ကိလေသာများကို ခါထုတ်ပစ်ခြင်း (သို့မဟုတ်) ဓုတင် | ၂၅၀ |
| အခန်း (၆၁) | တောက်မည့်မီးခဲ | ၂၅၅ |
| အခန်း (၆၂) | ဩဝါဒ | ၂၅၉ |
| အခန်း (၆၃) | ပတ္တမြားနှင့်သံယောဇဉ် | ၂၆၃ |

| | | |
|---|---|---|
| အခန်း (၆၄) | ဝန်ပိုမှအပြန် | ၂၆၆ |
| အခန်း (၆၅) | ပညတ်ပရမတ် | ၂၇၀ |
| အခန်း (၆၆) | ပဋ္ဌပိုဏ်မှခွက်တပိုဏ်သို့<br>ပက်လက်ကုလားထိုင်မှမှောက်လျက်ခုတင်သို့ | ၂၇၆ |
| အခန်း (၆၇) | နိဗ္ဗာန်သို့အမြန်ရောက်လိုသူများစကားဝိုင်း | ၂၈၂ |
| အခန်း (၆၈) | အမှောင်လမ်းသို့ | ၂၈၆ |
| အခန်း (၆၉) | ဘိက္ခုသေမင်း (သို့) ဝတ္တုငွေ | ၂၉၁ |

## အမှာစာ

(အာဇာနည် ဘာသာသွေးများအကြောင်း)

ဤလုံးချင်းဝတ္ထုရှည်၏ ရည်ရွယ်ချက်မှာ ယခုခေတ် လူငယ်များထဲတွင်လည်း ဗုဒ္ဓ အဆုံးအမများကို တကယ် စိတ်ဝင်စားပြီး ထဲထဲဝင်ဝင် လေ့လာလိုက်စား လိုသူများ ရှိနေ သည်။ ဗုဒ္ဓသာသနာကြီး တစ်ရပ်လုံးသည် အပေါ်ယံကြည့်လျှင် အပေါ်ယံ သဘောမျှသာ တွေ့မြင်နိုင်မည် ဖြစ်၏။ အတွင်းစည်းထဲတွင် အတွင်းကျကျ လေ့လာကြည့်မည် ဆိုပါက သာမာန် လူအများ မျှော်လင့်မထားသည့် အစစ်အမှန် ကျင့်ကြံမှုများကို တွေ့မြင်နိုင်မည် ဖြစ်သည်။ ဇာတ်လမ်းအကျဉ်းမှာ–

ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ အမေရိကန်နှင့် ထိုင်းနိုင်ငံ အသီးသီးတွင် နှစ်ရှည် အလုပ် လုပ်နေကြသူ မြန်မာလေးဦးရှိသည်။ သူတို့၏ တူညီမှုမှာ တစ်နေ့ ၈ နာရီ အလုပ်လုပ်ကြရ သော်လည်း အချိန်ရသလောက် online မှ တရားနာယူခြင်း၊ တရားထိုင်ခြင်းတို့ကို အပတ် တကုတ် ကြိုးစားကြခြင်းပင် ဖြစ်သည်။ သူတို့လေးဦးစလုံးသည် ဝါသနာစရိုက်များ အသီးသီး ရှိကြသေးသော်လည်း ကြိုးစားမှုကြောင့် သစ္စာဉာဏ် မရသေးသည့်တိုင် မှန်ကန်သော ဓမ္မလမ်း ကြောင်းပေါ်ရောက်ရှိလျက် ဗောဓိဉာဏ်သို့ ဦးလှည့်ထားနိုင်ပြီ ဖြစ်သည်။

အမေရိကန်နိုင်ငံမှ တစ်ဦးသည် ငယ်ဖြူရဟန်းတစ်ပါး ဖြစ်ကြောင်း၊ ကျန်သုံးဦးက မသိကြ။ online တွင် ဆက်ဆံရာ၌ အနေမကျုံ့စေရန် တမင်အသိပေးမထားခြင်း ဖြစ်သည်။ ၎င်းရဟန်းသည် ကျောက်ဆင်တောရ ဆရာတော်ကြီး၏ ပဓ္ဓကူ ဆရာတော်ကြီး အမေရိကန် နိုင်ငံသို့ သာသနာပြု ခရီးကြွစဉ်က အတူလိုက်ပါလာပြီးနောက် အမေရိကန်နိုင်ငံ၌ ကျန်နေ ရစ်ခဲ့ခြင်း ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ဆယ်နှစ်ကျော် သီတင်းသုံးရင်း သာသနာပြုပြီး နောက် ပိုင်ဆိုင်မှုများကို စွန့်လွှတ်၍ မြန်မာနိုင်ငံကို အပြီးပြန်ကြွရန် စိတ်ကူးနေပြီ ဖြစ်သည်။

နောက်တစ်ဦးက အိမ်ထောင်သည်ဖြစ်ပြီး ဂျာမနီနိုင်ငံတွင် လက်ရှိနေထိုင်သူ ဖြစ်သည်။ ဂျပန်စားသောက်ဆိုင် တစ်ဆိုင်တွင် လက်ထောက်စားဖိုမှူးဖြစ်ပြီး သူ၏ ဝင်ငွေက တစ်လလျှင် မြန်မာငွေဖြင့် ၁၆ သိန်းခန့်ရှိ၏။ သူ့ဇနီးက စက်ရုံတစ်ရုံတွင် အလုပ်လုပ်လျက်ရှိပြီး တစ်လလျှင် မြန်မာငွေဖြင့် ၁၄ သိန်းခန့် ဝင်ငွေရှိသည်။ ပင်လယ်ကူး သင်္ဘောတစ်စီးတွင် စားဖိုမှူး (Chief Cook) အဖြစ် တာဝန်ထမ်းဆောင်ရာမှ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့၌ သင်္ဘောဆိုက်ကပ်ထားစဉ် ဆင်းနေခဲ့ပြီးနောက် ရထားစီး၍ ဂျာမနီနိုင်ငံသို့ ရောက်ရှိ နေ ထိုင်နေသူဖြစ်၏။ နောက်ပိုင်းတွင် မြန်မာနိုင်ငံမှ သူ့ဇနီးကို တရားဝင် ခေါ်ယူနိုင်ခဲ့၏။ ယခုအချိန်၌ မြန်မာနိုင်ငံသို့ ပြန်၍ ဒုလ္လဝတ်ရန် အားသန်နေသည်။

ထိုင်းနိုင်ငံမှာ နေသူမှာ ဆရာဝန်တစ်ဦးဖြစ်ပြီး အိမ်ထောင်မရှိပါ။ အချစ်ရေးတွင် ဝါသနာထုံခြင်း မရှိဘဲ အမျိုးသမီးများနှင့် ကင်းကင်းရှင်းရှင်းနေသူ တစ်ဦးဖြစ်သည်။ သူ ဝါသနာပါသည်က ဂီတ၊ ရုပ်ရှင်နှင့် ဝိပဿနာအားထုတ်ခြင်းပင် ဖြစ်သည်။ 'ချွန်ဘူရီ' ဆေးရုံတွင် အလုပ်လုပ်ပြီး လစာ မြန်မာငွေဖြင့် သိန်း ၂၀ ခန့် ရရှိသည်။ ငယ်သူငယ်ချင်း ဖြစ်သူ မြန်မာအင်ဂျင်နီယာ တစ်ဦးနှင့်အတူနေရင်း တစ်ရက်တွင် သူငယ်ချင်းဖြစ်သူမှာ ဆိုင်ကယ်နှင့်ကား မတော်တဆ တိုက်မိပြီး နေရာတွင်ပင် သေဆုံးသွားသည်။ မမျှော်လင့်ဘဲ သံဝေဂဉာဏ်ရလျက် နေသည့်အချိန်တွင် ချမ်းမြေ့ဆရာတော်ကြီး၏ တရားကို နာယူလိုက်ရသည်။ မြန်မာနိုင်ငံသို့ ပြန်၍ သစ္စာဉာဏ် ရရှိရေးအတွက် ကြိုးပမ်းအားထုတ်ရန် ဆုံးဖြတ်ချက် ချခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံတွင် နေသူမှာ လူငယ်တစ်ဦးဖြစ်သည်။ သူ့အလုပ်အကိုင်က စူပါမတ်ကြီး တစ်ခုမှာ CCTV မှနေ၍ သူခိုးဖမ်းပေးရသော လုံခြုံရေး အလုပ်ဖြစ်သည်။ သူ ဘယ်လ်ဂျီယံနိုင်ငံသို့ ရောက်ရှိလာပုံမှာ ပွဲစားတစ်ဦးမှတစ်ဆင့် နိုင်ငံခြားတွင် အလုပ်ရမည် ဆို၍ ရောက်ရှိလာခြင်း ဖြစ်သည်။ လူသားချင်း စာနာ၍ အကူအညီပေးသော ဌာနများ၏ စခန်းတွင် ခေတ္တနေခဲ့ရပြီးနောက် သူ့ကို ကျန်းမာရေး စစ်ဆေး၏။ လူတွေ့ မေးမြန်းမှု ပြုပြီးသောအခါတွင် ဒုတိယနိုင်ငံသားအဖြစ် နေထိုင်အလုပ်လုပ်ခွင့် စာအုပ်ရရှိခဲ့ခြင်း ဖြစ်သည်။ ငယ်စဉ်ကတည်းက တစ်ဖက်သတ် ချစ်ခဲ့သော မိန်းကလေးကို ခေါ်ယူ၍ လက်ထပ်ပေါင်းသင်းခဲ့၏။ တစ်နှစ်ကျော် ပေါင်းသင်းပြီးသည့် အခါတွင် လင်မယား အဆင်မပြေဘဲ အိမ်ထောင်ကွဲသွားသည်။ သူ့ဇနီးကသူနှင့် ကွာပြီးသောအခါ ဘယ်လ်ဂျီယံ နိုင်ငံသားနှင့် လက်ထပ်သွားသည်။ ထိုအချိန်မှစ၍ သူ ယခင်က အားသန်ခဲ့သော ဓမ္မလမ်းကြောင်းပေါ် ပြန်ရောက်ရှိသွား၏။ မြန်မာနိုင်ငံသို့ အပြီးပြန်ပြီးလျှင် ဒုလ္လဘဝတ်၍ ဝိပဿနာအားထုတ်ရန် ပြင်ဆင်လျက်ရှိသည်။

သူတို့ လေးဦးသည် online မှာ တရားဆွေးနွေးကြရင်းမှ ရင်းနှီးခင်မင်နေကြသည်။ ဓမ္မအပေါ်၌ တူညီသော ယုံကြည်ထက်သန်မှုရှိသည်။ မြန်မာနိုင်ငံကို ပြန်ပြီး ဓမ္မလောကထဲတွင် ထဲထဲဝင်ဝင် လေ့လာလိုက်စားလိုကြသည်။ စွန့်လွှတ်စွန့်စား အားထုတ်လျက် ရှိသော အာဇာနည် သူတော်ကောင်းများနှင့်လည်း တွေ့ဆုံကြည်ညိုချင်ကြသည်။ ဩဝါဒ ခံယူလိုကြသည်။

အဆိုပါ အာဇာနည် ဘာသာသွေး ပုဂ္ဂိုလ်ကြီးများကို အားကျလျက် ကိုယ်တိုင်လည်း စွန့်စားကြိုးပမ်း အားထုတ်လိုကြသည်။ ထိုမှတစ်ဆင့် လူပုဂ္ဂိုလ်တို့သာ ဘဝကို ရုန်းကန်ကြရသည် မဟုတ်ဘဲ သံဃာတော်များလည်း ရုန်းကန်ကြိုးစားကြရကြောင်း နားလည်သိရှိသွားကြသည်။

**ကောင်းဆက်နိုင်**

ဤဝတ္ထုဇာတ်လမ်း၌ပါဝင်သော အပြစ်ကျူးလွန်သူများသည်
ဒုလ္လဘရဟန်းများ ဖြစ်ကြပါသည်။
အမြဲနေသံဃာတော်များ မဟုတ်ကြပါ။

အားလို့သေတဲ့မသာ တစ်ယောက်မျှမရှိ။
မအားတဲ့ကြားက သေသွားကြတဲ့ မသာချည်းပါပဲ။

မဟာဗောဓိမြိုင်ဆရာတော်

# အပိုင်း (၁)

အခန်း (၁)

# သံသရာခရီးသည်များ

လွန်ခဲ့သော ၁၅ နှစ်ခန့် ဘန်ကောက်မြို့ 'ဒုံမောင်း' လေဆိပ်တွင်ဖြစ်သည်။ အသက် ၄၀ ကျော် မြန်မာလူလတ်ပိုင်း လူရွယ်တစ်ဦးသည် ကော်ဖီဆိုင်မှာ အခြား သူမသိသူ မြန်မာလေးဦးနှင့်အတူထိုင်ရင်း ကော်ဖီသောက်နေသည်။ လေဆိပ်အဆောက်အအုံ၏ ကာထားသော မှန်မှတစ်ဆင့် အပြင်ကိုငေးကြည့်တော့ မိုးဖွဲဖွဲအောက်မှာ မိုးရေဖြင့် ပြောင်လက်နေသည့် ဘိုးရင်း ၇၄၇ လေယာဉ်များက အရုပ်ကလေးများလို စီပြီးရပ်ထားသည်။ နိုင်ငံပေါင်းစုံမှ လေကြောင်းတံဆိပ် မျိုးစုံကလည်း လေယာဉ်အမြီးပိုင်းများမှာ အရောင်မျိုးစုံနှင့်။

လေယာဉ်တွေက အနည်းဆုံး ၅ မိနစ်ကိုတစ်စီး အတက်အဆင်း လုပ်နေသည်။ ဘန်ကောက်မြို့က ကမ္ဘာလှည့် ခရီးသည်တွေ များလွန်းလှသည်။ များသောအားဖြင့် အေးသောနိုင်ငံတွေက လာကြသူများဖြစ်ပြီး ပူနွေးသောရာသီဥတုနှင့် တောက်ပသော နေရောင်တို့ကို သူတို့ အရမ်းသဘောကျကြသည်။ ပျော်စရာစုံသော ဘန်ကောက်မှာ အပျော်လွန်နေကြသော ကမ္ဘာလှည့် ခရီးသည်များကြား၌ ပျော်ရွှင်မှု ကင်းမဲ့စွာဖြင့် စိတ်လှုပ်ရှားရင်း သုံးပတ်ကြာအောင် သူနေခဲ့ပြီးဖြစ်သည်။

သူ့အမည်က 'ထွန်းမြင့်ဝင်း' ဘန်ကောက် တက္ကသိုလ်ရိပ်သာလမ်း တက္ကသိုလ်နှင့် မဝေးသောနေရာ၌ မြန်မာလူမျိုး ဖွင့်ထားသော 'သီရိဝင်း တည်းခိုခန်း'မှာ သုံးပတ်လုံးလုံး တည်းနေရင်း ရရာသင်္ဘော တစ်စီးစီးတက်ဖို့ သူစောင့်ခဲ့ခြင်း ဖြစ်သည်။ 'သီရိဝင်း'မှာလည်း သင်္ဘောသားများ ဝင် လိုက်ထွက်လိုက်။ သင်္ဘောမှ ဆင်းလာသူများ၊ သင်္ဘောတက်သူများ နေ့စဉ်အပြောင်းအလဲရှိသည်။ တစ်ပတ်လောက်အကြာမှာ လေဆိပ်ကို ဘတ်စကား ကောင်းကောင်း စီးတတ်သွားပြီး သင်္ဘောတက်မည့်သူကို သွားကြိုလိုက်၊ ဆင်းလာသူကို လေဆိပ် လိုက်ပို့လိုက် လုပ်တတ်လာသည်။ အိမ်နှင့်ဝေးနေသော သင်္ဘောသားများ စရိုက်ကလည်း တွေ့တွေ့ ချင်းခင်လွယ်သည်။ ရန်လည်း ဖြစ်လွယ် သည်။ မသောက်တတ်သူကလည်း တော်တော်ရှားသည်။ ဖုန်းဆက်ရင်း မိန်းမလွမ်းလို့ မျက်ရည်ကျပြီးနောက် ၁၅ မိနစ်အကြာမှာ အနှိပ်ခန်း ရောက်သွားတတ်သည်မှာလည်း သင်္ဘောသားစရိုက်ဖြစ်သည်။

သင်္ဘောတက်ခါနီးမှာ ခန်းလေ့ရှိပြီး သင်္ဘောဆင်းလာစမှာ အိတ်ကလေး ဖောင်းလာတတ်ပြန်သည်။ ထိုအချိန်မျိုးမှာ သင်္ဘောသား ၁၀၀ မှာ ၉၉ ယောက်သည် နမြောတွန့်တိုခြင်း မရှိလှ။ ထမင်းလိုက်ကျွေးတာကတော့ စကားထဲ ထည့်မပြော။ လေဆိပ်မှ ကြိုလာပြီ ဆိုတာနှင့် 'အစ်ကို နောက်နေ့ ကျွန်တော် ဘယ်လိုက်ပို့ရမလဲ' မေးကြစမြဲ။ ဆိုလိုသည်က အနှိပ်ခန်းလို နေရာမျိုး စသည်စသည်တို့ကို လိုက်ပို့ချင်၍ မေးခြင်းဖြစ်သည်။

သူ့အဖြေကို ကြားသူတိုင်း အံ့အားသင့်ကြရသည်။ 'မြဘုရားလိုက်ပို့လေ' 'အဲဒီမှာ ငါတစ်နာရီလောက် တရားထိုင်မယ်'

အံ့ဩပေမယ့် ဘယ်သူမှ မငြင်းကြ ဝမ်းသာအားရ လိုက်ပို့ကြသည်။ ဝင်ကြေးကလည်း ဘတ် ၅၀၀၊ ဒေါ်လာနှင့်ဆို ၁၀ ဒေါ်လာလောက်။ ပန်းတွေလည်း ဝယ်ပေးကြသည်။ မြဘုရားဖူးရတာ ရွှေတိဂုံဘုရားဖူးသလိုပင် စိတ်ကြည်နူး ချမ်းမြေ့ရစမြဲ။ ထပ်ကာထပ်ကာ ဖူးရတတ်သည်ဟု ဆိုရိုးရှိ၏။ မှန်လှ၏။ သုံးပတ်အတွင်းမှာပင် ၅ ခေါက်လောက် ဖူးခဲ့ရပြီ။ 'အစ်ကို့ကြောင့်ပဲ ကျွန်တော်တို့လည်း ဘုရားရောက်ဖြစ်ကြတယ်' ကျေးဇူးတင်စကားကို ပျော်ရွှင်စိတ်နှင့် ပြောကြပြီး ညစာအထိ တာဝန်ယူကြပြန်သည်။ မသောက်တတ်သော သူ့ကို ခွင့်တောင်းပြီး သူတို့တစ်တွေ သောက်ကြသည်။ ဩော်.. သူတို့ဘဝမှာ ဒါပဲရှိတယ်လေ။ ဓမ္မလား၊ ပုလင်းလား တစ်ခုခုကို ဖက်တွယ်ကြရသည့် သဘော။

ဘန်ကောက်ရောက်ပြီး တစ်ပတ် အတွင်းမှာပင် သင်္ဘောတက်လိုသည့် သင်္ဘောသားများကို သင်္ဘောကုမ္ပဏီနှင့် ချိတ်ပေးသော 'ကိုခင်မောင်ဝင်း'နှင့် ရင်းနှီးသည်။ ရင်းနှီးသွားရင်း သုံးလေးခါလောက် အိမ်ကို ထမင်းခေါ်ကျွေးအပြီး သူ့ထံမှ ဒေါ်လာ ၁၀၀ ချေးသည်။ သူကလည်း လွယ်လွယ်ပင် ထုတ်ပေးလိုက်သည်။ ကိုခင်မောင်ဝင်းက ယိုးဒယားသူနှင့် အိမ်ထောင်ကျပြီး ကလေးနှစ်ယောက် ရှိနေပြီဖြစ်သည်။ အလုပ်ကလည်း မည်မည်ရရ သိပ်မရှိ။ ကြုံတဲ့သင်္ဘော တက်လိုက် ထိုင်စားလိုက်။ ပြတ်လိုက်ငတ်လိုက်။ ယိုးဒယားသူကလည်း သူ့ကို သိပ်ချစ်။ သူ့လိုပဲ ယိုးဒယားသူတွေနှင့် အိမ်ထောင်ကျနေသော မြန်မာအမျိုးသား သုံးလေးစု သူနေသော တိုက်မှာပင် ရှိနေကြသည်။ ယိုးဒယားမတွေက မြန်မာအမျိုးသားတွေကို ဘာကြောင့်မှန်းမသိ သိပ်ချစ်ကြသည်။ ယိုးဒယား အမျိုးသားတွေကတော့ ဆန့်ကျင်ဘက်၊ မြန်မာယောက်ျားတွေကို ကြည့်မရ။

ရာဇဝင်စစ်ကားတွေလည်း ရုပ်မြင်သံကြားက မကြာမကြာ လာသည်။ ရှေးက စစ်တိုက်စရာဆိုရင် မြန်မာနဲ့ဘဲများတော့ မျက်နှာပူစရာတွေ ခဏခဏ မြင်ရသည်။ ရဲမဟုတ်ဘဲ တခြားသူတွေမေးရင် ဖိလစ်ပိုင် လူမျိုးလို့ပဲ ဖြေဖြစ်သည်။ အခုတော့လည်း မြန်မာ အမျိုးသားများနှင့် အိမ်ထောင်ကျနေသော ယိုးဒယားမများသည် သူတို့ကိုထားခဲ့ပြီး ယောက်ျားတွေ ပြန်သွားမှာ အလွန်ကြောက်နေကြပုံရသည်။ မြန်မာမတွေထက် နူးညံ့သိမ်မွေ့ပြီး ယဉ်ကျေးဖော်ရွေတတ်သော ယိုးဒယားသူများကို အချက်အပြုတ် အပြုစုကလည်းကောင်းဆိုတော့ သူတို့ယောက်ျား ကိုရွှေမြန်မာတွေကလည်း ခွဲနိုင်တော့မည် မထင်ပါ။ 'ထိုင်း'မှာပင် အရိုးထုပ်ကြတော့ မည်ပုံ ဖြစ်၏။

ထွန်းမြင့်ဝင်း အနေဖြင့် စီးပွားရေး၊ နိုင်ငံရေးစသည့် အရေးပေါင်းများစွာမှာ မွန်းကျပ်လာသည့်အတွက် မြန်မာပြည်က ဘန်ကောက်ကို ဦးတည်ရာမဲ့ ထွက်လာခြင်း ဖြစ်သည်။ သူနှင့် အမြဲတွဲနေသည့် နှစ်ယောက် စလုံးလည်း မြန်မာနိုင်ငံမှာ မရှိတော့။ တစ်ယောက်က အဖမ်းဆီးခံရသည်။ တစ်ယောက်က သူမရှိခိုက် အိမ်မှာ ထောက်လှမ်းရေးလာရှာရင်း ရစရာမရှိအောင် လှန်လှောသွားသည့် သတင်းကြားသည်နှင့် မြဝတီဘက်

ထွက်ပြေးသွားသည်။ သူကတော့ အခု ဘန်ကောက်မှာ။ ရောက်ရောက်ချင်း ပထမပတ်မှာပင် ဂူအန်ကျွန်းမှတစ်ဆင့် အမေရိကသွားရန် လမ်းပွင့်နေသဖြင့် လေယာဉ်လက်မှတ်မှာထားပြီး ဖြစ်၏။ ငွေတော့ မချေရသေး။ ဒီလေယာဉ်ခေါက် ပြီးရင် ဂူအန်က လက်မခံဘဲ ပိတ်တော့မည့် သတင်းကလည်း ထွက်လာရာ နောက်ဆုံး ကျန်နေသည့် တစ်စောင်တည်းသော လက်မှတ် booking လုပ်၍ sticker ကပ်ဖို့ ရက်သတ်မှတ်ဖို့ဘဲ လိုတော့သည်။

သူ့စိတ်ထဲမှာ နှောင်ကြိုးမဲ့ကမ္ဘာလို့ နာမည်ကြီးသည့် အမေရိကားကိုပဲ အချိန်နဲ့အမျှ စိတ်ကူးယဉ် အိပ်မက်မက်နေချိန်မှာပင် တစ်ရက် ကိုခင်မောင်ဝင်းထံမှ ဖုန်းလာသည်။

'ကိုထွန်းမြင့်ဝင်း၊ အခု မလေးရှား ကုမ္ပဏီက သင်္ဘောတစ်စီးက 'နယ်သာလန်' အမ်စတာဒမ်မြို့မှာ ဆိုက်ထားပြီး ပြင်နေရတယ်၊ ငါးယောက်ချိန်းမယ်၊ အထဲမှာ Chief Cook (စားဖိုမှူး)လည်း ပါတယ်၊ အစ်ကို့ဆီ Chief Cook နဲ့ တက်ဖို့ စာရွက်စာတမ်းအစုံပါတာ ကျွန်တော် သိတယ်လေ၊ အဲဒါ အစ်ကို တက်ချင်တက်လို့ရတယ်ဆိုတာ လှမ်းပြောတာ'

'လစာ ဘယ်လောက်လဲ၊ လကုန်ရင် ရှင်းလား'

'ယူအက်စ် ဂျစ်ရာ (၈၀၀)၊ လကုန်ရင် ရှင်းတယ် အစ်ကို'

'တစ်ရက်နှစ်ရက် စဉ်းစားဖို့ အချိန်ရလား'

'သုံးရက်အထိရတယ်၊ လောလောဆယ် နာမည်စာရင်း ပေးထားလိုက်မယ်၊ အစ်ကို မတက်ဖြစ်တော့ ပြောပေါ့'။

သူက အတွေးကို ရပ်လိုက်ပြီး သူနှင့်အတူ သင်္ဘောတက်ဖို့ နယ်သာလန်ကို သွားရမည့် အဖော်သင်္ဘောသားများကို တစ်ချက် ကြည့်ရင်းက နောက်ဘက်မှ ကြည့်ညိုဖွယ် မျက်လွှာချ၍ ဒကာတစ်ယောက် လိုက်ပါလျက် ဖြည်းဖြည်း ကြွလှမ်းလာနေသော သံဃာတော်သုံးပါးကို ဖူးတွေ့ရ၏။ 'မြန်မာ သံဃာတွေပါလား၊ ဟာ အလယ်က ကြွလာတာ 'ကျောက်ဆင်တောရက ပဉ္စက္ကူ ဆရာတော်ကြီး ပါလား' ။ သူတို့အားလုံး တအံ့တသြ ထရပ်လိုက်ကြ၏။

## အခန်း (၂)

## မတူညီသောလမ်းများ

သူတို့ ၅ ယောက်၊ ဥရောပမှာ သဘော်တက်ရန် ထွက်ခွာမည့် မြန်မာလူမျိုးများ ကပျာကယာ ထရပ်လိုက်ကြပြီး ကြမ်းပြင်မှာ ပြားပြားဝပ်လျက် ထိခြင်းငါးပါးဖြင့် ရှိသေစွာ ကန်တော့ လိုက်ကြ၏။

ကြည်ညိုဖွယ် ကောင်းလှပါဘိ။ တောင်ပုလု ဆရာတော်ကြီး ရှိစဉ်က အလွန်ချီးမြှောက် ခဲ့သော တပည့်ရင်း ပခုက္ကူဆရာတော်ကြီး အလွန်ပြင်းထန်စွာ အားထုတ်ခဲ့ပြီး ကျောက်ဆင် တောရမှာပင် ရဟန်းကိစ္စပြီးသည်ဟု လူတွေ ပြောစမှတ်ပြုကြပါသည်။ ပခုက္ကူ ဆရာတော် ကြီး၏ အလုံးအဖန်မှာလည်း တောင်ပုလုဆရာတော်ကြီးနှင့် တူ၏။ တောင်ပုလုဆရာတော် ကြီးကဲ့သို့ပင် နေကာမျက်မှန် တတ်လေ့ရှိသောကြောင့် အဝေးမှဖူးရလျှင် တောင်ပုလု ဆရာတော်ကြီးများလား ထင်မှတ်ရ၏။

ဆရာတော်ကြီးက တန့်ရပ်လိုက်ပြီး အကန်တော့ခံရင်းမေး၏။

'သာဓု၊ သာဓု၊ သာဓု တို့မြန်မာတွေပဲ ဘယ်သွားကြမှာလဲ'

'တပည့်တော်တို့ နယ်သာလန်ကိုသွားဖို့ စောင့်နေကြတာပါဘုရား'

ထိုစဉ်က ကပ္ပိယဖြစ်သူက ဆရာတော်ကြီးနား တီးတိုးလျှောက်၏။

ဆရာတော်ကြီးက 'တို့အချိန် နီးပြီတဲ့၊ ကဲ ဒကာတို့ ကျန်းမာချမ်းသာကြပါစေ၊ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းပြီး အောင်မြင်ကြပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ဘုရား' သူတို့ ဝမ်းသာအားရနှင့် ရှိသေစွာ ကန်တော့ရစ်ကြ ၏။

ဆရာတော်ကြီးနောက်မှ လိုက်ပါလာသော ရဟန်းပျိုက ဥပိရုပ်ကောင်းလှသည်။ သူက ကိုထွန်းမြင့်ဝင်းတို့ အုပ်စုကို ပြုံးပြီး နှုတ်ဆက်သည်။ 'ကြွတော့မယ် ဒကာကြီးတို့၊ ဆရာ တော်ကို ဖူးလိုက်ရပြီဆိုတော့ အားလုံး အဆင်ပြေပြီသာ မှတ်ပေတော့' မိန့်ပြီးနောက် ဆရာတော်နောက်ကို မီအောင် သုတ်သုတ်ကြွသွား၏။

ထိုစဉ်က ထွန်းမြင့်ဝင်း အနေဖြင့် စိတ်ထဲတွင် ထိုရဟန်းပျိုနှင့်လည်းကောင်း ဆရာတော် ကြီး၏ သာသနာထွန်းကားရာ 'ကျောက်ဆင်တောရ' နှင့် လည်းကောင်း တစ်ချိန်တွင် ဆက်နွယ်ပတ်သက် ရလိမ့်မည်ဟု လုံးဝမသိမိခဲ့။

ပခုက္ကူဆရာတော်ကြီးနှင့်အတူ ဦးသုန္ဒရ အမည်ရသော ရဟန်းပျိုတို့ လိုက်ပါသည့် ဘန်ကောက်မှ ဆန်ဖရန်ဆစ္စကိုသို့ တိုက်ရိုက်ပျံသန်းသော ဘိုးရင်း ၇၄၇ လေယာဉ်ကြီး

လေထဲသို့ တက်၍ ပျံသန်းသွားပြီးနောက် တစ်နာရီကြာတွင် ထွန်းမြင့်ဝင်းတို့အဖွဲ့ လိုက်ပါသည့် လေယာဉ်လည်း လေထဲသို့ ပျံတက်သွား၏။ သို့သော် လားရာကား မတူပါ။ ထွန်းမြင့်ဝင်းတို့ လေယာဉ်ဦးတည်ပျံသန်းနေသည်က ဥရောပ၊ နယ်သာလန်နိုင်ငံ၏ မြို့တော် အမ်စတာဒမ်လေဆိပ်သို့ဖြစ်၏။

မတူညီသော လေယာဉ်နှစ်စီးပေါ်တွင် တစ်ဦးကရဟန်းအသွင် တစ်ဦးက လူပုဂ္ဂိုလ်အသွင်၊ အသွင်မတူညီသော်လည်း တူညီသော ရည်မှန်းချက်ကိုယ်စီရှိကြ၏။ ဦးပဥ္စင်း ဦးသုန်က ဆရာတော်ကြီး နှစ်ပတ်ကြာလျှင် အမေရိကမှ မြန်မာပြည်ကို ပြန်ကြွမည့်ရှေ့၌ ပြန်မလိုက်ဘဲ ချန်နေရစ်ခဲ့မည်ဟု စဉ်းစားထားသည်။ အမေရိကရှိ တောင်ပုလု တောရကျောင်း၌ လက်ရှိ ကျောင်းထိုင်နေသူက ဦးသုန်၏ ဦးလေးဖြစ်၏။ ဦးလေး ဘုန်းကြီးနှင့် မြန်မာပြည်မှ ဖုန်းပြောရစဉ်မှာတော့ အချိတ်အဆက်လုပ်ဖူး၏။ ဆရာတော်ကြီးကတော့ မည်သည့်နည်းနှင့်မျှ ခွင့်ပြုလိမ့်မည် မဟုတ်မှန်း သိထား၍ ရင်လေးမိပြီး မကြာခဏ သက်ပြင်းချနေမိ၏။ သူ့ အစီအစဉ်က ဆရာတော်ကြီး မြန်မာပြည် ပြန်ကြွမည့် ရက်တွင် မြန်မာအိမ်တစ်အိမ်မှာ ရှောင်နေရန်ဖြစ်၏။ ဆရာတော်ကြီးအနေဖြင့် သူ့လုပ်ရပ်ကို နောင်တွင် ခွင့်လွှတ်မည် ခွင့်မလွှတ်မည်မှာ မသေချာလှ။

ထွန်းမြင့်ဝင်း လိုက်ပါလာသည့် လေကြောင်းလိုင်းမှာ တရုတ်လေကြောင်းလိုင်း ဖြစ်၏။ နိုင်ငံတကာ လေကြောင်းလိုင်းများကို မီအောင် ကြိုးစားနေပုံ ရသော်လည်း ဆက်ဆံရေးမှာ သိပ်မပြေပြစ်လှ။

သူတို့ကိုယ်တိုင် အသားဝါများ ဖြစ်ကြသော်လည်း အသားဝါချင်းတူသူ အာရှတိုက်သားချင်း သိပ်ကျိုးကျိုးနွံနွံ မရှိလှ။ ဖြစ်ချင်တော့ သူတို့အဖွဲ့ထဲမှ သဘော်အင်ဂျင်နီယာအဖြစ် လိုက်ပါမည့် ကိုစိုးဝင်းက သူတို့ (လေယာဉ် မောင်/မယ်များ) ညစာကျွေးချိန်တွင် သန့်စင်ခန်းသွားနေခဲ့၏။ နောက်ကျမှ ပြန်ရောက်လာပြီး ညစာမစားရသေးကြောင်း ပြောရာမှာ နွေးထွေးခြင်းမရှိဘဲ အေးတိအေးစက်ဖြင့် လိုအပ်သည်ထက် ပိုပြီး မေးခွန်းတွေ မေးနေရာ ကိုစိုးဝင်းက စိတ်တိုသွားပြီး ယူလာပေးသော ညစာကို လက်မခံပဲ ပြန်ယူသွားခိုင်းတော့၏။

သဘော်အေးဂျင့်နှင့် သဘော်ကုမ္ပဏီကလည်း များသောအားဖြင့် ဈေးသက်သာသော တရုတ်လေကြောင်းနှင့်သာ တင်ပေးတာများ၏။ ထိုင်းလေကြောင်း (TG) တို့ ဆွစ်လေကြောင်း (SWISS) တို့က ဈေးချင်း မကွာသော ပရိုမိုးရှင်း ကာလများမှာပဲ စီးရတတ်၏။

မြန်မာနိုင်ငံက ထိုင်းနိုင်ငံလို ကွာ့လေကြောင်းလိုင်းတွေ၊ နိုင်ငံတကာက နောက်ဆုံးပေါ် လေယာဉ်ကြီးတွေ ဝင်လိုက်ထွက်လိုက် ဆင်းလိုက်တက်လိုက်နှင့် နိုင်ငံတကာ အဆင့်မီ လေဆိပ်ကြီး ရှိမထားတော့ ဘယ်ကိုသွားချင်သွားချင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့်သာ သွားရလာရ၏။ အခု ခရီးစဉ်က အချိန်နှင့် ငွေသက်သက် ပိုကုန်ရ၏။ ရန်ကုန်မှ ဘန်ကောက် ထိုမှတစ်ဖန် ဘန်ကောက်မှ ဥရောပသို့ မြန်မာနိုင်ငံ ပေါ်မှ ဖြတ်၍ ပျံသန်းရခြင်းဖြစ်၏။

လေယာဉ်၏ ရုပ်မြင်သံကြားတွင် ပျံသန်းမှု ဝေဟင်မှ မြေပြင်မြေပုံကို ပြနေရာ မြန်မာနိုင်ငံ ကို ဖြတ်ကျော်စဉ်မှာ မြန်မာ့မြေပုံကို မြင်တွေ့နေရ၏။

၂၉၀၁၇

အမိမြေကို မခွာချင်ကြပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ခွဲခွာတတ်ကြရ၏။ ငွေကြောင့်၊ တာဝန်ကြောင့်၊ ဆွေမျိုးကြောင့်၊ ကျန်းမာရေးကြောင့် လူတွေမှာ အပူအပင်တွေ များလှသည်။ သူထွက်လာရသည့်အကြောင်းကတော့ စီးပွားရေးမွန်းကျပ်မှုအပြင် အန္တရာယ် လည်းမကင်း၍ ထွက်လာဖြစ်ခြင်းဖြစ်၏။ တကယ်တော့ နိုင်ငံတစ်နိုင်ငံမှာ ပြည်သူတွေ အားလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာနေရဖို့ နိုင်ငံရေး သို့မဟုတ် စနစ်က အရေးကြီး၏။

လူတွေအားလုံးလိုလို တည်ငြိမ်သည့်တဝ သိက္ခာရှိသည့် ဘဝသာနေလိုကြ၏။ အာဏာ ရှင် စနစ်အောက်မှာ လူတွေ ဘဝများစွာပျက်ကြ၏။ လူ့အခွင့်အရေးဆိုတာ မပြောနှင့် သေးသေးမွှားမွှား ဆန့်ကျင်မိလျှင်ပင် မဆိုင်သည့် ပုဒ်မတတ်ပြီး ထောင်ထဲ ထည့်တော့၏။

တကယ်တမ်းဆိုလျှင် ထွန်းမြင့်ဝင်းတို့ သုံးယောက်က စာပေချစ်သည့် စာသမားတွေ ဖြစ်၏။ ကိုအောင်သင့်က နိုင်ငံကျော် ကဗျာဆရာ၊ ကိုခင်ထွန်းက ဆက်မထုတ်နိုင်တော့တဲ့ ပိတောက်ဖူး မဂ္ဂဇင်းရဲ့အယ်ဒီတာ သူလည်းစာရေးသည်။ ထွန်းမြင့်ဝင်းက ဝတ္ထုတို ရေးသူ။ သူတို့ သုံးယောက်တူညီကြသည်က အာဏာရှင်စနစ်ကို မကြိုက် လုံးဝမထောက်ခံဘဲ အာဏာရှင်စနစ်ကို ဆန့်ကျင်သူမှန်သမျှကို ထောက်ခံသည်၊ ဒါကိုလည်း အပြစ်မရှိဟု ယုံကြည်ထားကြသူများဖြစ်၏။

ထိုစဉ်က အာဏာရှင်များ တွေးထင်ထားသည်မှာ နည်းနည်းလေး ဝေဖန်သူက အစ ထောင်ထဲထည့် ကျူပင်ခုတ် ကျူငုတ်မကျန်လျှင် သူတို့ အာဏာတည်မြဲမည်ဟု ထင် ထားကြသည်။ ထိုသို့ မဟုတ်မှန်း အချိန်ကစကားပြောမှာ မှန်သော်လည်း ထိုစဉ်က ကိုအောင်သင့် ထောင်ထဲရောက်သွား၏။ ကိုခင်ထွန်းတစ်ယောက် သူမရှိခိုက်အိမ်မှာ မွှေနှောက်အရှာခံရ၏။ လူကတော့ အဝတ်အစားပင် ပြန်မယူဘဲ မြဝတီဘက် ထွက်ပြေးခဲ့၏။ သူမပြေးမီ ထွန်းမြင့်ဝင်းကို ဖုန်းဖြင့် သတိပေး သွားခဲ့၏။ သို့ဖြင့် အသင့်ရှိသော ပတ်စပို့ဖြင့် ဘန်ကောက်သို့ ဦးတည်ရာမဲ့ ထွက်ဖြစ်၏။ ရည်ရွယ်သည်က ဂူအန်ကျွန်းမှတစ်ဆင့် အမေရိကသို့သွားရန်၊ တကယ်သွားဖြစ်သည်က ဥရောပသို့။ ဂူအန်က အမေရိက မရောက် မချင်း ပိုက်ဆံထပ်လိုဦးမည်၊ သူ့မှာ များများစားစားပါမလာ။ စဉ်းစားချင့်ချိန်နေဆဲမှာ ကိုခင်မောင်ဝင်းက ဥရောပမှာ သဘော်သွားတက်မှာလား မေးလာ၍ ခေါင်းညိတ်လိုက်တော့ အခု ဥရောပကို ဦးတည်ပျံသန်းနေသည့် လေယာဉ်ပေါ်မှာ။

ကိုခင်မောင်ဝင်းက သူဥရောပ တစ်နိုင်ငံမှာ ဆင်းနေခဲ့မှာကို ရိပ်မိ၍ အတန်တန် မှာလိုက်သော စကားကို ပြန်ကြားယောင်မိ၏။ 'အစ်ကို တကယ်လို့ ဆင်းမယ်ဆိုရင် ဆင်းဖို့ ရည်ရွယ်ထားတာ ဘယ်သူမှ မရိပ်မိအောင်နေပါ'။

❖

အခန်း (၃)

## ဘယ်လ်ဂျီယံရောက် မြန်မာတစ်ယောက်

'ဘိုဘို' တစ်ယောက် ဘယ်လ်ဂျီယံကို ရောက်လာပုံက ခရီးသွား အေဂျင်စီတစ်ခုမှ တစ်ဆင့် အကြံအဖန်ဖြင့် ရောက်လာခြင်းဖြစ်၏။ သူတို့လေးယောက်အုပ်စုနဲ့ 'ဘယ်လ်ဂျီယံနိုင်ငံ' 'ဘရုဆဲလ်' မြို့တော်မှာ ကျင်းပသည့်ပြပွဲ Exhibition တစ်ခုကို တက်ရောက်ရန် အကြောင်းပြချက်ဖြင့် ရောက်လာခြင်းဖြစ်၏။ လိုအပ်သော စာရွက်စာတမ်းများ စုဆောင်းပေးခြင်း အပါအဝင် တစ်ဦးလျှင် သိန်းငါးဆယ်စီ ပွဲစားကို ပေးခဲ့ကြရ၏။

သဘောတူထားကြသည့်အတိုင်း လေဆိပ် အပြင်ရောက်လာသည်နှင့် လိုက်ပို့သူက သူတို့၏ ပတ်စပို့များကို သိမ်းပြီး လူချင်းခွဲကြ၏။ ပတ်စပို့တွေကို တစ်စစီ ဆုတ်ဖြဲပြီး ရေအိမ်ထဲ ဆွဲချပစ်မှာဆိုတာ သူတို့အားလုံး သိပြီးဖြစ်၏။ အခုသူတို့မှာ ဘာ အထောက်အထားမှ မရှိတော့။ သူတို့ လေးယောက်ရင်ထဲမှာ အရမ်း လှုပ်ရှားနေ၏။ လေးယောက်လုံး တူညီသည်က ဒီခရီးစဉ်အတွက် အိမ်ရောင်း၊ မြေရောင်း၊ ရွှေရောင်း ရောင်းပြီးမှ ရင်းခဲ့ကြရခြင်းဖြစ်၏။ ပွဲစားစကား မမှန်ဘဲ ချက်ချင်းပြန်အပို့ခံရလျှင် ဘဝပျက်ပြီ။ ပတ်ဝန်းကျင်မှာလည်း ခေါင်းဖော်ရဲမှာ မဟုတ်တော့။ ပွဲစားစကား ဆိုတာကလည်း မှန်ခဲသည်။ ပွဲစားဆိုတာက သူတို့ ပိုက်ဆံရဖို့ကလွဲပြီး ဘာကိုမှ ထောက်မည်မဟုတ်။

ဥရောပ ရာသီဥတုက အေးပေမယ့် လေးယောက်စလုံး ချွေးစေးတွေ ပြန်နေကြ၏။ ပွဲစားမှာလိုက်တာက ရဲကို သူတို့ကရှာပြီး အကူအညီတောင်းရန်ဖြစ်၏။ ဟုတ်ပါ့မလား။ သူတို့ သိထားသည်က ရဲဆိုလျှင် ဝေးဝေးက ရှောင်လေ ကောင်းလေဖြစ်၏။

သူတို့ထဲမှာ 'ဘိုဘို' က အင်္ဂလိပ်စကားပြောတတ်၏။ အတွေ့အကြုံလည်း ရှိ၏။ မြန်မာပြည်မှာ Guide လုပ်ဖူး၏။ သွက်လက်ပြီး ဦးဆောင်တတ်သူ၊ ကူညီတတ်သူလည်း ဖြစ်ရာ သူက ရှေ့က လျှောက်ပြီး သုံးယောက်က နောက်က စမ်းတဝါးဝါး ယောင်ချာချာနှင့် လျှောက်လာကြ၏။

ဟောတွေ့ပြီ၊ သူတို့ဆီက ရဲများက ရုပ်ရှင်တွေထဲမှာ မြင်ရတာထက်တောင် သားနားလှ၏။ အသုံးအဆောင် ကိရိယာ (Equipment) တွေကလည်း စုံလို့နေသည်။ အမျိုးသမီး တစ်ယောက်၊ အမျိုးသားနှစ်ယောက်၊ ရုပ်ရည်များကလည်း သန့်ပြန့်ပြီး ပညာတတ်တွေမှန်း သိသာလှ၏။ ပြုံးရွှင်နေပြီး သဘောကောင်းသော အမူအရာများကြောင့် ဘိုဘိုတို့အဖွဲ့ အားတက်သွား၏။

ဘိုဘိုက ယဉ်ကျေးစွာ နှုတ်ဆက်လိုက်ပြီး 'အကူအညီ လိုပါတယ်၊ အင်္ဂလိပ်လို ပြောကြပါသလား ခင်ဗျာ' ဟု မေးရာ ရဲများက နည်းနည်းတော့ ပြောတတ်ပါတယ်ဟု နှိမ့်ချဖြေပြီးနောက် 'လူကြီးမင်းတို့ကို ကျွန်တော်တို့ ဘာကူညီရမလဲခင်ဗျာ' ဟု အင်္ဂလိပ်လို Sir တပ်ပြီး ပြောရာ ဘိုဘိုပင် အံ့အားသင့်သွား၏။

ဘိုဘိုက 'ကျွန်တော်တို့ ဒုက္ခရောက်လာသူတွေပါ၊ လိုက်ပို့တဲ့ ပွဲစားက ကျွန်တော်တို့ကို ဒီနေရာမှာ ထားခဲ့တယ်၊ ပတ်စပို့တွေလည်း သူ့ဆီပါသွားပြီ၊ ကျွန်တော်တို့ ဘယ်လ်ဂျီယံနိုင်ငံမှာ ခိုလှုံချင်ပါတယ်'

ရဲက ယဉ်ကျေးစွာ ပြန်ဖြေပါတယ်။ 'ဒုက္ခရောက်လာတဲ့သူ မှန်သမျှ ကူညီဖို့ရာ ဘယ်လ်ဂျီယံဥပဒေက ပြဋ္ဌာန်းထားပါတယ်၊ ဒါပေမဲ့ လူကြီးမင်းတို့အနေနဲ့ ပထမအချက် ရာဇဝတ် စစ်ဆေးမှု ခံရပါလိမ့်မယ်၊ ဒုတိယ ကျန်းမာရေး စစ်ဆေးမှုခံရပါမယ်၊ တတိယ ခင်ဗျားတို့ရဲ့ ဖြစ်ရပ်ကို အင်တာဗျူးလုပ်ပါမယ်၊ စတုတ္ထ အသိအမှတ်ပြုစာအုပ် မရမချင်း အစိုးရ သတ်မှတ်စီစဉ်ပေးတဲ့ အိမ်တွေမှာပဲ နေရပါမယ်၊ အကျယ်ချုပ် မဟုတ်ပါဘူး၊ ကိုယ့်မြို့နယ်ထဲမှာ လွတ်လွတ်လပ်လပ် နေလို့ရပါတယ်၊ တစ်ခုခုဖြစ်ရင် တာဝန်ရှိတဲ့ အတွက် အစိုးရက စောင့်ရှောက်ပေးထားတဲ့ သဘောပါ၊ အဲဒါတွေ လက်ခံသဘောတူပါ သလား ခင်ဗျာ'

ဘိုဘိုက ကျန်သုံးယောက် ရှင်းပြပြီးနောက် ရဲများကို ကျေးဇူးတင်ကြောင်း၊ သတ်မှတ်ထားသော စည်းကမ်းများကို လက်ခံပါကြောင်း ပြန်ဖြေရာ သူတို့ကို ရဲကားပေါ်တင်၍ ပထမ ရဲစခန်းကို ခေါ်သွား၏။

လူကိုလည်း အဝတ်အစားများ ချွတ်၍ စစ်ဆေး၏၊ ပစ္စည်းများကိုလည်း ပိုက်ဆံ အကြွေအနုပ်မှအစ စစ်ဆေးပြီး စာရင်းလုပ်၏။ တစ်ဦးချင်း၏ ကိုယ်ရေး အချက်အလက်များ အသေးစိပ် စစ်မေး၏။ လပ်ဗွေနှိပ်ယူ၏။ ဓာတ်ပုံရိုက်ယူ၏။ စာရွက်စာတမ်းများကို ရှင်းပြပြီး လက်မှတ်ထိုးခိုင်း၏။ စနစ်တကျ ဆောင်ရွက်ပြီးသောအခါ 'နိုင်ငံခြားရေးဌာန လက်အောက်ရှိ နိုင်ငံခြားသားများအား စောင့်ရှောက်သည့် စခန်းသို့ လိုက်ပို့၏။

ပထမအဆင့် အောင်မြင်သွားပြီဖြစ်၍ စိတ်အေးသွားသော်လည်း နောက်တစ်ဆင့် ဘယ်လိုနေမှန်းမသိသေး၍ နည်းနည်းတော့ စိတ်လှုပ်ရှားနေကြသေး၏။ သို့သော် စခန်းရောက်သည်နှင့် အခြား မြန်မာလူမျိုး ငါးယောက်ကိုတွေ့ပြီး သူတို့ ပြောပြချက်အရ ဘာမှ စိတ်ပူစရာ မရှိကြောင်း သိလိုက်ရ၍ ဝမ်းသာကြ၏။ နောက်ပြီး ထိုစခန်းမှ အုပ်ချုပ်ရေးမှူး အမျိုးသမီးကြီးကလည်း နှစ်ပေါင်းများစွာ ကွဲကွာနေသော ဆွေမျိုးများကို ပြန်တွေ့ရသလို ဝမ်းသာအယ်လဲ ဆီးကြိုနေသည့်အတွက် အံ့သြဝမ်းသာ ဖြစ်ကြရပါသည်။အံ့သြသည်က ကမ္ဘာပေါ်မှာ ဘာသာမတူ မျိုးမတူသည့် လူသားချင်း ကိုယ်ချင်းစာတရားအပြည့်ဖြင့် ကူညီသည့် အဖြစ်သည် တကယ်ရှိပါလားဟု အံ့သြကြရခြင်းဖြစ်ပါ၏။ ဝမ်းသာတာကတော့ သူတို့ စွန့်စားပြီး စိုက်ထုတ်ခဲ့ရသည့် အရင်းအနှီးကလေးတွေ အချည်းနှီး မဖြစ်တော့ပြီ။

ပွဲစားပြောသလိုဆို ဒီစခန်းမှာ တစ်လလောက်နေပြီးရင် တရားဝင်စာအုပ်နှင့် နေလို့ရပြီ။ စက်ရုံတွေမှာ ဝင်အလုပ်လုပ်ရုံပဲ။ တစ်လကို ဒေါ်လာ ထောင့်ငါးရာနှင့် ညီမျှသော လစာရမည်။ အလုပ်က မပင်ပန်းဟု ဆို၏။

ဒါပေမဲ့ အရင်ရောက်နှင့်နေသော မြန်မာငါးယောက်ကို မေးကြည့်တော့ ပွဲစား၏ အပြောများက လက်တွေ့နှင့် ကွဲလွဲနေ၏။ တရားဝင် နေခွင့်အဖြေထွက်လာအောင် တစ်နှစ်နီးပါး စောင့်ရမည်ဖြစ်၏။ ထိုအတောအတွင်း လုံးဝ အလုပ်လုပ်ခွင့်မပြု။ အလုပ်လုပ်ဖို့လည်း ပွဲစားပြောသလောက် မလွယ်ကူလှ။ သူတို့စကားတတ်မှ ဒါတောင် ပြောသလောက် အလုပ်က ပေါ်များလှသည်မဟုတ်။

သူတို့ဘာသာစကားကို သင်ချင်လျှင်တော့ အခမဲ့ကူညီကြသည်။ သူတို့ကို နွေးချင်းပြီး နာမည်စာရင်း သွင်းပေးပြီး နွေးချင်းပြီး အစားအသောက်အတွက် တိုကင်လက်မှတ်များ အသေးဆုံးသုံးရန် ထောက်ပံ့ကြေးငွေများ၊ ဖိနပ်နှင့် အဝတ်အထည် အသစ်များ လူတိုင်းကို ထုတ်ပေး၏။ အိပ်ရာခင်း၊ ခေါင်းအုံးနှင့် စောင်အသစ်များ ထုတ်ပေး၏။

သူတို့ ဝန်ထမ်းတွေက နိုင်ငံခြားသားများအပေါ် စိတ်ရှည်၏။ သည်းခံ၏။ သူတို့၏ လူမှုဝန်ထမ်းအလုပ်ကိုလည်း စိတ်ဝင်တစားရှိ၏။ နိုင်ငံခြားသားများ၏အကြောင်းကိုလည်း သိ၏။ တချို့ဆင်းရဲသော အာရပ်နိုင်ငံသားများ သူတို့ နိုင်ငံထဲကို ဝင်ချည်ထွက်ချည် လုပ်နေသည်ကိုလည်း သိ၏။ အကူအညီလည်းတောင်း အထက်စီးကလည်း နေချင်သော လူမျိုးတွေလည်း အများအပြား။

ပထမ ရက်သတ္တပတ်မှာ မသိသာပေမယ့် ဒုတိယအပတ်ကစ၍ မတူညီသော အစား အသောက်များကြောင့် ခံတွင်းပျက်လာကြ၏။ ထမင်းကလည်း တစ်ပတ်မှ တစ်ရက်ပဲ ပါ၏။ ပေါင်မုန့်ကျွေးသည့်ရက်ကများ၏။ နောက် ခေါက်ဆွဲ။ ထမင်းကလည်း အာရှနဲ့ မတူ။ သူတို့ စားပုံက ထမင်းမကျက်တကျက်။

ရောက်နှင့်ပြီး မြန်မာများကို လေ့လာကြည့်တော့ နွေစဉ် ထမင်းစားကြသည်ကို တွေ့ရ၍ နည်းလမ်းမေးရ၏။ လူတစ်ယောက်စာ ဆန်ထုပ်ကလေးတွေ ဝယ်ကြရ၏။ မြန်မာငွေ ၂၀ဝ လောက်ပေးရပြီး ဆန်ထုပ်က ပလတ်စတစ်နှင့်မို့ ရေနွေးပွက်ပွက်ဆူထဲမှာ မိနစ် ၂၀ ကြာအောင် တည်ထားလျှင် အနေတော်ကျက်၏။ အထုပ်မှာ အပေါက်ပါ၍ တစ်ခုခုမှာ ချိပ်ပြီး စစ်ထားရုံပင်။ ဘိုဘိုတို့ အဖွဲ့ထဲမှ ကိုဝင်းမောင်ဆေးစစ်တာ TB Suspect တွေ့၍ ဆေးရုံခေါ်ကုပေး၏။ သူတို့ရောက်ပြီး နှစ်ပတ်အကြာမှာ အင်တာဗျူးရန် စာလာပေး၏။ ဘာတွေမေး၍ ဘာတွေ ဖြေရမည်နည်း။ ရှေ့ကလူများနှင့် ခေါင်းချင်းရိုက်ကြရ၏။

❖

အခန်း (၄)

## အာရှတိုက်သားနှင့်ဥရောပတိုက်သား

ဘိုဘိုတို့စခန်း၏ ထမင်းစားဆောင်တွင် အစားအစာများကို မနက်၊ နေ့လယ် ညစာ အချိန်နှင့် ကျွေးသည့်အပြင် အိပ်ဆောင်နှင့်တွဲလျက် မီးဖိုဆောင်များတွင်လည်း မီးဖို လေးစုံလောက် ထားပေးထားသည်။ အိုးခွက်ပန်းကန်များလည်း နာမည်စာရင်းဖြင့် ငှားပေးသည်ဖြစ်ရာ ကိုယ့်စိတ်တိုင်းကျလည်း ချက်စားနိုင်ပါသည်။ စခန်းကထွက်တော့မည် ဆိုလျှင် ပြန်အပ်ခဲ့ရ၏။

ဈေးမကြီးသော ကြက်ဥ၊ အသားနှင့် ငါးသေတ္တာများကို ထောက်ပံ့ငွေမှ စုဝယ်ပြီး ငရုတ်သီးစပ်စပ်ဖြင့် ထမင်းဟင်းချက်စားကြမှ မြန်မာပါးစပ်နှင့် ခံတွင်း တွေ့ပြီး တပျော်တပါး စားဖြစ်ကြသည်။ အထီးကျန်စိတ်နှင့် အားငယ်စိတ်တွေလည်း အထိုက်အလျောက် ပြေပျောက်သည်။

အရင်အဖွဲ့က အင်တာဗျူးပြီးသွားပြီမို့ သူတို့ အတွေ့အကြုံကို 'ဘိုဘို' တို့ နားထောင် ကြရသည်။

'ခင်ဗျားတို့ အင်တာဗျူးတဲ့အခါမှာ ဒုက္ခကြုံတွေ့နေရတဲ့ ခံစားချက်မျိုး ပေါ်လွင်နေ ရမယ်၊ ပေါ့ပျက်ပျက် ပုံစံမျိုးဆိုရင်တော့ reject (အငြင်းခံရပြီး) စာအုပ်ရဖို့ ကြန့်ကြာသွား နိုင်တယ်။ စစ်ဆေးတဲ့သူတွေကတော့ မယုံကြည်တဲ့ ဘက်ကနေ အကဲခပ် စောင့်ကြည့်နေမှာပဲ' လူဟောင်းတစ်ယောက်က ရှင်းပြ၏။

'သူတို့က ဘာတွေ မေးတတ်လဲ' ဘိုဘိုက မေးသည်။

'သူတို့ မေးတာကတော့ ခင်ဗျားတို့ ဘာပြောလဲဆိုတာအပေါ်မှာ ယုတ္တိရှိ မရှိ ထောက်ထောက်ပြီး မေးတတ်တာပဲ၊ များသောအားဖြင့် လမ်းခရီးမှာ ဘာတွေ ကြုံတွေ့ခဲ့လဲ ဆိုတာရယ်၊ ဒီနိုင်ငံရောက်တော့ ဒီစခန်းအထိ ဘယ်လို ရောက်လာတာလဲဆိုတာ မေးတယ်၊ သူတို့က ကျွန်တော်တို့ နိုင်ငံအကြောင်း၊ လမ်းခရီးအကြောင်း အားလုံး လေ့လာပြီး သိပြီး သားဆိုတာတော့ မမေ့နဲ့ဗျို့' ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင် အကုန်သိတယ်။

'အရေးကြီးတဲ့ အချက်အလက်နဲ့ နေ့စွဲတွေကို စာရွက်နဲ့ရေးပြီး ရှေ့မှာ ချပြောရင် လက်ခံလား' 'ကျွန်တော်က မေ့တတ်လို့' ဘိုဘိုက စိုးရိမ်တကြီး မေးသည်။

'ခွင့်ပြုတယ်ဗျ၊ အရေးအကြီးဆုံးက သူတို့လူကဲခပ်တဲ့အခါမှာ ကျွန်တော်တို့စိတ်မှာ စိုးရိမ်ပူပန်တဲ့ စိတ်တွေ ရှိ မရှိ ကြည့်မှာပဲ၊ ဒါလည်း တကယ်တော့ ကျွန်တော်တို့မှာ အိမ်

ရောင်းလာတာနဲ့ ကားရောင်းလာတာနဲ့ဆိုတဲ့ စီးပွားရေး အပူတွေကြောင့် ကြည့်လိုက်ရင် အပူရုပ်တော့ ပေါက်နေတာပဲ၊ ကုသိုလ်ကံနဲ့လည်းဆိုင်တာပေါ့၊ သနားတတ်တဲ့သူ လင်မယား ရန်ဖြစ်မလာတဲ့သူနဲ့ တွေ့ပါစေ ဆုတောင်းကြပေါ့။ 'နေအောင်' ဆိုပြီး မြန်မာတွေ နာမည် ပေးထားတဲ့ စစ်ဆေးရေးမှူးကတော့ ဆယ်ယောက်စစ်ရင် ကိုးယောက်က reject ပဲဗျို့'

'အေးဗျာ၊ တကယ် နိုင်ငံရေးလုပ်လို့ ဒုက္ခတွေ့လာတဲ့ သူတွေကိုတော့ အားနာစရာ ပဲနော်' ဘိုဘိုက တွေးပြီးအားနာနေမိသည်။

'နိုင်ငံရေးလုပ်မှ မဟုတ်ပါဘူး၊ ကိုဘိုဘိုရာ ဘယ်လိုဒုက္ခမျိုးဖြစ်ပါစေ ဒုက္ခရောက်သူကို ကူညီမယ်ဆိုတဲ့မူတော့ သူတို့မှာ ရှိပါတယ်'

မှန်သည်။ သူတို့အခု နေထိုင်စားသောက်ရတာ လိုလေသေးမရှိ ပြည့်စုံတယ်လို့ ပြောရင်ရသည်။ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားပွတ်တံကအစ နောက်ဆုံး အဝတ်တောင် ကိုယ်တိုင် လျှော်စရာမလို အလျှော်စက်ထဲသွားထည့်ပြီး ကိုယ့်အမှတ်အသားနဲ့ ပြန်ရွေးယူ ရုံပင်။ အအေးတိုင်းပြည်ဖြစ်၍ အိပ်ခန်းတိုင်း အပူပေးသည့် Heater များ တပ်ဆင် ပေးထားသည်။

နေမကောင်းလျှင် ဆေးကုသပေးသည်။

အအားမနေချင်၍ အဆောင်များအတွင်း ပြင်ဆင်မွမ်းမံမှုများ၌ လုပ်အားသွားပေး လျှင်လည်း လုပ်အားခ ထုတ်ပေးသည်။

သူတို့နေ့တိုင်း မြို့ထဲကို ဈေးဝယ်ထွက်ရင်း ဘာသာစကားကို ကွင်းဆင်းလေ့လာ ကြ၏။ ယဉ်ကျေးမှုစရိုက်တွေ၊ အလုပ်အကိုင်တွေ မြင်မြင်သမျှ လေ့လာစရာတွေချည်း ဖြစ်နေ၏။ အထူးအဆန်းတွေချည်းပါပဲ။ 'ဘိုဘို' မြင်တွေ့သမျှ ကြုံတွေ့သမျှတွေက အမိ နိုင်ငံနှင့် ကွာခြားလွန်းလှသည်။ ဒီကမ္ဘာမြေပေါ်မှာ ရှိနေတာမှ ဟုတ်ရဲ့လား သူ့ကိုယ်သူ မယုံနိုင်အောင် ဖြစ်နေမိသည်။ အမြင်ရိုးပေမယ့် သပ်ရပ်သန့်ရှင်း လှပသည့် အနီရောင် ခေါင်မိုးချွန်ချွန်နှင့် အိမ်ကလေးတွေက အစီအရီ။

လမ်းတွေက အမှိုက်မရှိဘဲ ပြောင်နေသည်။ လူလျှောက်ဖို့ ပလက်ဖောင်းလေးတွေက လမ်းတိုင်းမှာ သိပ်စနစ်ကျသည်။ စက်ဘီးစီးသူများအတွက် စက်ဘီးလမ်းလေးက သပ်သပ်။

ဇူလိုင်လလယ်ဖြစ်ပြီး သစ်ပင်ပန်းမန်တွေကလည်း စိမ်းလန်းပြီး ရောင်စုံခြယ်ထား သလိုပင်။ သူတို့ လူမျိုးတွေက အလှအပနှင့် သန့်ရှင်းမှုကို အထူးဦးစားပေးပြီး တစ်ဦးချင်းကော အများနှင့်ကော ဌာနဆိုင်ရာတွေကလည်း ဂရုတစိုက်နှင့် အစဉ်အမြဲ အချိန်ရသလောက် တိုက်ချွတ်နေကြ၏။ စားစရာ ရောင်းချသည့် ဆိုင်တိုင်းမှာလည်း သန့်ရှင်းမှုနှင့် လှပမှုကို ဦးစားပေး ပြင်ဆင်ထား၏။ အနံ့အသက်ကလည်း မွှေးပျံ့နေ၏။

ဒီကမ္ဘာမှာ ဒီလောက် သန့်ရှင်းပြီး အဆင့်မြင့်တဲ့သူတွေ ရှိပါလားဟု ဘိုဘို အံ့သြမိ၏။ ရုတ်ခြည်း ကိုယ့်နိုင်ငံကို သတိရပြီး အားကျမခံ ကိုယ့်နိုင်ငံကိုလည်း အဆင့်မြင့်စေချင်သော ဆန္ဒများ တဖွားဖွား ပေါ်လာ၏။

သူတို့ဆီက အရောင်းစျေးသည်တွေ၊ ဝန်ထမ်းတွေလည်း အမြဲပြုံးရွှင်နေပြီး ဖော်ရွေခြင်း၊ တက်ကြွခြင်းများက အခြားစျေးလာဝယ်သူများကိုပါ ကူးစက်စေပါသည်။ ကိုယ့်နိုင်ငံက စျေးသည်တွေ၊ ဝန်ထမ်းတွေနှင့် ဘာကြောင့် အကွာကြီး ကွာခြားနေသည်ကို ဘိုဘို မတွေးတတ်တော့။

ကိုယ်က ဥပဒေစည်းကမ်းအတိုင်းနေလျှင် သူတို့ဆီမှာ အစိုးရတို့ ရဲတို့ ရှိလို့ ရှိမှန်းပင် မသိရ။ ကိုယ်က လိုအပ်ရင်တောင် လိုက်ရှာရသေးသည်။

သည်လိုနှင့် 'ဘိုဘို' စိတ်ပူနေသောနေ့ရက် ရောက်လာ၏။ တနင်္လာနေ့မှ အင်တာဗျူးရန် ခေါ်သည့်စာ သောကြာနေ့၌ လက်ခံရရှိခြင်းဖြစ်၏။ သူနှင့် အင်တာဗျူးရမည့်သူက အားလုံး ကြောက်ကြသော 'နေအောင်' ဟု သူတို့ နာမည်ပေးထားသည့် အရပ်ထောင်ထောင် မောင်းမောင်းနှင့် 'ဘယ်လ်ဂျီယံ' ကြီးဖြစ်၏။ သူကံဆိုးပြီလား။ စိတ်ရှုပ်ထွေးသွား၏။

စနေနေ့ မနက်၊ မနက်တိုင်း ရွတ်နေကျဖြစ်သော ပရိတ်ကြီး ၁၁ သုတ်ကို ဘုရားရှိခိုးအပြီးမှာ ရွတ်၏။ မနက်စာစားပြီးသည်နှင့် ခုံတန်းလျားတစ်ခုတွင် ထိုင်ရင်း စဉ်းစား၏။

လူတွေ အတော်များများက အင်တာဗျူးရာမှာ ဇာတ်နာအောင် နိုင်ငံရေးလှုပ်ရှားသည့် ဇာတ်လမ်းများကို ကြံဖန်ဖြေကြ၏။ 'ကိုနေအောင်' က ဒါမျိုး ကြံဖန်ပြီး ဖြေသည်ကို မကြိုက်၍သာ reject (ခေါ်) ပယ်တာတွေများနေတာ ဖြစ်မည်ဟု တွေးမိသည်။ သူများတွေ ဖြေသလို မဖြေဘဲ ရိုးရိုးလေးဖြေရင် ဘယ်လိုနေမှာလဲ။ သူ့အတွက် အရှုံးမရှိနိုင်ဟုထင်၏။

တနင်္လာနေ့မနက် ရောက်လာပြီ။ ဘာသာပြန်ဆိုပေးမည့် မြန်မာ အမျိုးသမီးက လာနှုတ်ဆက်သည်။ မြန်မာအကျင့်အတိုင်း အစိုးရထံမှ စရိတ်ရပြီးသည့်တိုင် ဒီနေ့ အင်တာဗျူးမည့်သူများထံမှ စရိတ်တောင်းနေ၍ ပေးပါမည် ပြောလိုက်ရ၏။

'ကိုနေအောင်' နှင့်တွေ့ပြီ။ စ ကတည်းက ယဉ်သကိုး၊ ပြောချင်ရာသာပြော သူက ကြိုးစားပြီး နားထောင်ပေးမည်ဟုပြောပြီး စိတ်မဝင်စားသည့်ပုံနှင့် ထိုင်နေသည်။ 'ဘာသာပြန် အမျိုးသမီး ကန့်ကွက်သည့်ကြားမှ ဘိုဘိုက ပထမ နိုင်ငံရေးကြောင့် ဒုက္ခရောက်သည့်အကြောင်း ညာပြောဖို့ စဉ်းစားထားသော်လည်း အခု စိတ်ပြောင်းသွားပြီး အမှန်အတိုင်း ပြောမည်ဟု စကား စလိုက်သောအခါ ကိုနေအောင် ဆတ်ကနဲ ခေါင်းထောင်လာပြီး စိတ်ဝင်တစား မေးတော့သည်။

## အခန်း (၅)

# လေထဲပစ်ခွင်း မြားတစ်စင်း

မြန်မာတွေ ပြောသမျှ ဘယ်တော့မှ အရေးစိုက်လေ့ မရှိဟု 'ဘိုဘို' ကြားဖူးသော 'ကိုနေအောင်' ဟု နာမည်ပေးထားသော ဘယ်လ်ဂျီယံကြီးသည် အခုတော့ စိတ်ဝင်တစားဖြင့် ခေါင်းကြီးရှေ့ထုတ်ပြီး ယဉ်ယဉ်ကျေးကျေး မေးတော့သည်။ သူတို့နှစ်ဦးကြားမှာ အသံဖမ်းစက်ချထားသည်။

'ခင်ဗျား အမှန်တွေ ပြောနေတယ်ဆိုတာ ကျွန်တော် အခု ယုံကြည်သွားပါပြီ ကျွန်တော်တို့ နိုင်ငံက နိုင်ငံရေးဒုက္ခရောက်လာမှ ကူညီတာ မဟုတ်ပါဘူး၊ လူတစ်ယောက်ဟာ အမှန်တကယ် ဒုက္ခရောက်လာတယ်ဆိုတာ ယုံကြည်ရင် ကျွန်တော်တို့ ကူညီမှာပါ၊ ရဲရဲသာ ပြောပါ၊ ဒါ ဥရောပပါ၊ လူ့အခွင့်အရေး အပြည့်ရှိပါတယ်၊ ပထမဆုံး ဘာအတွက်ကြောင့် ကိုယ့်နိုင်ငံက ထွက်ခွာလာတာရယ်၊ ဒုတိယ ဘယ်လ်ဂျီယံနိုင်ငံကို ဘာကြောင့် ရွေးချယ်ခဲ့တာလဲ ကျေးဇူးပြုပြီးပြောပါ၊' (ဘာသာပြန်သူ အမျိုးသမီးက ဖြည့်စွက်ပြီး ပြောသည်မှာ၊ 'ဟဲ့ ကိုနေအောင်ကြီး စကားရှည်ရှည်ပြောတာ ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ နင့် သဘောကျသွားပြီ ထင်တယ်' တဲ့)

ဘိုဘိုက 'ကျွန်တော် ကိုယ့်နိုင်ငံကနေ ထွက်လာရတဲ့ အကြောင်းရင်းကတော့ နိုင်ငံထဲမှာ အရေးအခင်းတွေ ပေါ်ပေါက်တဲ့ ဂယက်ကြောင့် ကျွန်တော့်ရဲ့ စီးပွားရေးလုပ်ငန်းနဲ့ မြှုပ်နှံထားတဲ့ ငွေတွေ ဆုံးရှုံးသွားတဲ့အတွက် ကြံရာမရတော့ဘဲ နောက်ဆုံးကျန်တဲ့ တိုက်ခန်းရောင်းပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို ဖြစ်ချင်ရာဖြစ် ကြံ့ရာကျပန်း အလုပ်လုပ်ဖို့ ထွက်လာတာပါ' ဟု အမှန်အတိုင်း ပြောပြ၏။

ကိုနေအောင်က ဆက်ပြောရန် အမူအရာဖြင့် ပြသည်။

'ဘယ်လ်ဂျီယံနိုင်ငံ အကြောင်းကိုတော့ အမှန်အတိုင်း ပြောရရင် မသိပါဘူး၊ ဘန်ကောက်မှာနေစဉ် ဘယ်လ်ဂျီယံ နိုင်ငံသားနဲ့ အိမ်ထောင်ကျတဲ့ ထိုင်းအမျိုးသမီး တစ်ယောက်နဲ့ တွေ့ပါတယ်၊ သူက ကျွန်တော်နဲ့ ကျွန်တော့် သူငယ်ချင်းသုံးယောက်ကို 'ဘယ်လ်ဂျီယံ' နိုင်ငံအကြောင်း ပြောပြပါတယ်၊ အဲဒီမှာ အစိုးရကကူညီကြောင်း အလုပ်အကိုင် ပေါကြောင်းနဲ့ သွားချင်တယ်ဆိုရင် သူကူညီမယ့်အကြောင်း ပြောပါတယ်။

ကိုနေအောင်က ဖြတ်မေးသည်။ 'အဲဒီ အမျိုးသမီး ဒါမှမဟုတ် သူ့ယောကျ်ားနာမည်ကို သိပါသလား'

'သူ့ကို 'ရိုစီ' လို့ ခေါ်ပါတယ်၊ ဒါပေမဲ့ နာမည်ရင်း မဟုတ်လောက်ပါဘူး၊ သူ့ယောကျ်ားကိုတော့ မမြင်ဖူးဘူး၊ နာမည်လည်း မသိပါဘူး' ဘိုဘို ဖြေသည်။

ကိုနေအောင်က 'အဲဒီ ရိုစီလို့ခေါ်တဲ့ ထိုင်းအမျိုးသမီးက ခင်ဗျားနဲ့ ခင်ဗျားရဲ့ သူငယ်ချင်းတွေကို အခမဲ့ ကူညီတာလား ဆောင်ရွက်ခယူပြီး ကူညီတာလား' မေးသည်။

'သူကို ကျွန်တော်တို့ တစ်ယောက် ဘတ်တစ်သိန်းစီ ဒီရောက်တဲ့အထိ အပြီးအစီး ပေးရပါတယ်'

'သူက ဘယ်အထိ ခင်ဗျားတို့ကို လိုက်ပို့ပါသလဲ'

'ဘယ်လ်ဂျီယံ၊ ဘရုဆဲလ်လေဆိပ်ထဲအထိပါပဲ'

'နောက်ထပ် မတွေ့ရတော့ဘူးပေါ့'

'ဟုတ်ကဲ့'

'ခင်ဗျားတို့ လေးယောက်စလုံး ပတ်စပို့ မပါလာလို့ မအပ်ဘူးလို့ သိရပါတယ်၊ လေဆိပ်က လူဝင်မှုကြီးကြပ်ရေးတွေကို ဘာနဲ့ပြပြီး ဝင်ပါသလဲ'

'ကျွန်တော်တို့ လာတာ ထိုင်းနိုင်ငံ ပတ်စပို့တွေ ကိုင်လာတာပါ၊ ဒီနိုင်ငံမှာ လေယာဉ်ပေါ်ကဆင်းပြီး လူဝင်မှုကြီးကြပ်ရေးကောင်တာဖြတ်ပြီး အပြင်ရောက်တာနဲ့ 'ရိုစီ' က ပတ်စပို့တွေ အားလုံး ပြန်သိမ်းသွားပါတယ်'

'ခင်ဗျား မြန်မာနိုင်ငံကနေ ထိုင်းနိုင်ငံကို ဘယ်လို ပတ်စပို့နဲ့ လာခဲ့တာပါလဲ'

'ကျွန်တော် မြန်မာပတ်စပို့နဲ့ လာခဲ့တာပါ' 'ဘန်ကောက်မှာ ထားခဲ့ရပါတယ်'

'တကယ်လို့ ခင်ဗျားကို ကျွန်တော်တို့ ဘယ်လ်ဂျီယံအစိုးရက မြန်မာနိုင်ငံကို ပြန်ပို့ရင် ဘယ်လိုဖြစ်မလဲ၊ အသက်အန္တရာယ် စိုးရိမ်ရတာမျိုးရှိလား'

'အသက်အန္တရာယ် စိုးရိမ်ရတာမျိုးတော့ မရှိပါဘူး၊ ဒါပေမဲ့ သေတာထက် ပိုဆိုးမှာပါ၊ ဟိုပြန်ရောက်ရင် နေဖို့ စားဖို့ တစ်ပြားမှ မရှိတော့တဲ့အပြင် ဒီတရားမဝင် ခရီးစဉ်အပေါ်မှာ အရေးယူပြီး ထောင်ထဲဝင်ရမှာ သေချာပါတယ်၊

'အခု လက်ရှိ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး အခြေအနေကို သိပါသလား'

'သိပါတယ်၊ အခု ကျွန်တော်တို့ နိုင်ငံမှာ တပ်မတော်အစိုးရက အုပ်ချုပ်နေပါတယ်'

'အောင်ဆန်းစုကြည်ကိုရော သိပါသလား'

'ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံမှာ မသိတဲ့သူ မရှိပါဘူး၊ သူဟာ လူထုရဲ့ ဒီမိုကရေစီ ခေါင်းဆောင်၊ နိုဘယ်ဆုရှင် ဖြစ်ပါတယ်'

'အခု ခင်ဗျား၊ ဘယ်သူကို ထောက်ခံသလဲ'

'ကျွန်တော်က ဒီမိုကရေစီ လိုချင်တဲ့သူဆိုတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ ဒီမိုကရေစီအတွက် အသက်ပေးခဲ့သူတွေ၊ အကျဉ်းကျခံနေရသူတွေ၊ အနစ်နာခံပြီး အရေးဆိုနေသူတွေ အားလုံးကို ထောက်ခံပါတယ်'

'ခင်ဗျား၊ ဒီတိုင်းပြည်မှာနေတုန်း၊ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အစိုးရပေါ်ပေါက်လာခဲ့ရင် ဘယ်လို ဖြစ်မလဲ'

'ကျွန်တော် တစ်နှစ်နှစ်နှစ်လောက် အပြင်းအထန် အလုပ်လုပ် ပိုက်ဆံစုပြီး မြန်မာနိုင်ငံကို ပြန်ဖြစ်မှာပါ'။

ကိုနေအောင်က ခေါင်းတညိတ်ညိတ်နှင့် ရေးမှတ်ရင်းထပ်မေး၏၊ ဒီအင်တာဗျူးမှာ ခင်ဗျားအနေနဲ့ ပြောချင်တာ ဘာများရှိလဲ'

'ရှိပါတယ်၊ လူကြီးမင်းတို့ရဲ့ နိုင်ငံမှာ ပညာဆည်းပူးခွင့်၊ အလုပ်လုပ်ခွင့်နဲ့ နေထိုင်ခွင့် ရရင် ကျေးဇူးမမေ့ပါဘူး၊ ဒီနိုင်ငံရဲ့ ဥပဒေစည်းကမ်းတွေကိုလည်း လေးစားလိုက်နာပြီး နေပါ့မယ်'

'အခု ကျွန်တော်တို့ ပြောတာတွေအားလုံး အသံသွင်းပြီး မှတ်တမ်းတင်ထားပါတယ်၊ မှုကြမ်းတစ်ဆောင်ကို ဘယ်လ်ဂျီယံဘာသာနဲ့ ခင်ဗျားဆီ ပို့ပေးပါ့မယ်၊ နားလည်တဲ့လူကို ပြကြည့်ပါ၊ အခု ပြောခဲ့တာတွေနဲ့ ကွဲလွဲရင်ဖြစ်စေ၊ နောက်ထပ် ထည့်သွင်းချင်တာရှိရင် ဖြစ်စေ၊ ဆက်သွယ်လိုက်ပါ၊ ကန့်ကွက်ချင်တာရှိရင်လည်း တစ်လအတွင်း ကန့်ကွက်နိုင် ပါတယ်၊ အင်တာဗျူး ပြီးသွားပါပြီ၊ သွားလို့ရပါပြီ၊ ကံကောင်းပါစေ'

ဘိုဘိုလည်း ကျေးဇူးတင်ကြောင်း ပြောပြီး ထွက်လာခဲ့၏။ သူနှင့်စကားပြန် အမျိုးသမီး အနားကို စခန်းမှာရှိသမျှ မြန်မာတွေ ဝိုင်းအုံပြီး တစ်ယောက်တစ်ပေါက် မေးကြ၊ ဝေဖန်ကြနှင့် တရုန်းရုန်းဖြစ်နေ၏။

လူတော်တော်များများက အပြစ်တင်ကြ၏။ ကျန်သည့် လူများကိုပါ ထိခိုက်နိုင်ကြောင်း ဝေဖန်၏။ အစကတည်းက 'ကိုနေအောင်' နှင့် ကျလျှင် စာအုပ်ရဖို့ လမ်းမမြင် သည့်ထဲ အခုလို အမှန်အတိုင်း ပြောလိုက်တော့ ကျိန်းသေစာအုပ်မရနိုင်တော့ဟု ဆိုသဖြင့် ဘိုဘို စိတ်ဓာတ်ကျပြီး နောင်တရသလို ဖြစ်မိ၏။ သို့သော် ရင်ထဲတော့ ပေါ့ပါးနေသည်။ ကိုနေအောင်ကိုလည်း လူကောင်းဟု ယုံကြည်သည်။ စာအုပ်ရဖို့ဆိုတာကတော့ အရေးကြီး ဆုံးဖြစ်၏။ နေထိုင်ခွင့်စာအုပ်ရမှ အလုပ်လုပ်ခွင့်နှင့်တကွ အခြား အခွင့်အရေး များပါရမှာ ဖြစ်၏။ ကံကြမ္မာက ထိုအင်တာဗျူး အဆုံးအဖြတ်ပေါ်တွင် တည်နေ၏။ မြန်မာ နိုင်ငံကိုလည်း ပြန်ပို့နိုင်၏။ နေထိုင်ခွင့်စာအုပ်ထုတ်မပေးဘဲ reject (ခေါ်) အငြင်းပယ်ခံဘဝနှင့်လည်း နှစ်ပေါင်းများစွာ ကြာသွားနိုင်၏။

သည်လောက် အရေးကြီးသော အင်တာဗျူးကို ပြီးပြီးရော ဖြေလိုက်မိတာ မှားပြီးလား ဟု နောင်တရမိသလို ရှိသော်လည်း ဟိုလိမ်သည်လိမ်၊ လိမ်မပြောရသည့်အတွက်တော့ စိတ်လက်ပေါ့ပါးနေ၏။ နောက်ဆုံး ဖြစ်ချင်ရာဖြစ်ဆိုပြီး မေ့ထားလိုက်သော်လည်း 'ပရိုတို ကော' (ခေါ်) အင်တာဗျူးမှုကြမ်းက တစ်ပတ်အတွင်း ရောက်လာရာ ဘိုဘိုနှင့်တကွ မြန်မာတွေအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်၏။

သည်လို အင်တာဗျူးမှုကြမ်း မြန်မြန်ရောက်လာလျှင် သေချာပေါက် အငြင်းခံ (reject) ရမည် ဟုဝိုင်းပြောကြသဖြင့် ဘိုဘိုခမျာ ချွေးပြန်နေရှာ၏။ သို့သော် နောက်ထပ်တစ်ပတ် လောက်မှာပင် ဆုံးဖြတ်ချက်စာ ရောက်လာပြန်၏။ စာအိတ်ကို လက်တုန်ခြေတုန်၊

ကတုန်ကယင်နှင့် ဖွင့်ထုတ်ပြီး ဖတ်သော်လည်း အင်္ဂလိပ်စာနှင့် တခြားစီ ဖြစ်နေ၍ လုံးလုံး နားမလည် UNHDP ရုံးခွဲလေးမှ ဝန်ထမ်းတစ်ယောက်ကို အကူအညီတောင်းပြီး အဖတ် ခိုင်းတော့ အင်္ဂလိပ်လို အဖြေကို ပြော၏။

မယုံနိုင်စရာကောင်းလှ၏။ အဖြေ သို့မဟုတ် ဆုံးဖြတ်ချက်ဆိုသည်မှာ များသောအားဖြင့် ခြောက်လခန့်ရှိမှ ရောက်လာတာမျိုးဖြစ်၏။ အခု ကိုနေအောင် ဘယ်လို မှတ်ချက်ပေး လိုက်သည်မသိ၊ စခန်းထဲမှ မပြောင်းရွှေ့ရမီမှာပဲ နိုင်ငံသားပြီးလျှင် အမြင့်ဆုံးအဆင့် ဖြစ်သည့် နေထိုင်ခွင့်ပတ်စပို့ ထုတ်ပေးမည့်စာ ဖြစ်နေ၏။

ဘိုဘို ဝမ်းသာအားရ ထခုန်၏။ မြန်မာများလည်း အားကျဝမ်းသာပြီး ဆူညံနေ၏။ သည်စခန်းက ဆေးစစ်ဓာတ်ပုံရိုက် မှတ်ပုံတင်ပြီး အင်တာဗျူးဖို့သာ ခေတ္တနေရခြင်းဖြစ်၏။ မကြာမီ သူတို့၏ စားဝတ်နေရေး ဘာသာစကား သင်ကြားရေးနှင့် အလုပ်လုပ်ခွင့်ရရေး တို့ကို အစိုးရက တာဝန်ယူပေးသွားမည်ဖြစ်၏။ ခွဲတမ်းကျသော ပြည်နယ်များတွင်သာ သွားရောက်နေထိုင်ကြရမည် ဖြစ်၏။ သို့သော် နေထိုင်ခွင့် စာအုပ်ရသည်နှင့် တစ်ကမ္ဘာလုံး မည်သည့် နေရာဖြစ်ဖြစ် (မြန်မာနိုင်ငံမှလွဲ၍) သွားခွင့်ရှိ၏။

အခန်း (၆)

## ထိုင်းနိုင်ငံရောက် သူငယ်ချင်းနှစ်ယောက်

ထိုင်းနိုင်ငံတွင် လူဦးရေ သိန်းကျော်ရှိသော 'ချွန်ဘူရီ' မြို့က လုပပြီး နေချင်စရာကောင်းသော မြို့လေးဖြစ်၏။ ဘန်ကောက်မြို့မှာလို မြင့်မားသော အဆောက်အအုံတွေ အများအပြား မရှိခြင်းကလည်း တစ်မျိုးသာယာ၏။ အိမ်နီးချင်းနိုင်ငံနှစ်ခု ဖြစ်သည့်အတွက် ထိုင်းနှင့် မြန်မာသည် ဘာသာစကား မတူတာကလွဲ၍ စားရေးနေရေး သိပ်ဝေးကွာခြင်း မရှိ။

လမ်းဘေး စားသောက်ဆိုင်လေးတွေ ပေါများပုံကလည်း မြန်မာနိုင်ငံထက် ပိုသည် ထင်ရ၏။ လူသွားရန် ပလက်ဖောင်း စင်္ကြံတွေက ကျယ်ပြီး သန့်ရှင်းသပ်ရပ်သောကြောင့် လမ်းလျှောက်လို့ ကောင်း၏။

ဆိုင်ကယ်ကိုရပ်နားသည့် နေရာတွင် ထားခဲ့ပြီး ဒေါက်တာမြတ်ဘုန်း စိတ်အေး လက်အေး လမ်းလျှောက်လာနေ၏။ တစ်နေ့တာ အလုပ်တာဝန်များ ပြီးသွားလေပြီ။ မိုးလင်းမိုးချုပ် မကျန်းမာသူများနှင့်သာ ဆက်ဆံနေခဲ့ရ၍ စိတ်က အတော်အတန် နွမ်းနေပြီ။ ကျန်းကျန်းမာမာ လှုပ်လှုပ်ရှားရှား သွားလာနေသူများကိုလည်း ကြည့်ပေးဖို့ လိုသည်ဟုထင်၍ ညနေစာကို သူ အလုပ်လုပ်နေသော ဆေးရုံမှ အတန်ငယ် ဝေးသော မြို့တွင်းသို့ နေ့စဉ် ထွက်စား၏။ ထိုင်း အစားအသောက်များက မြန်မာထက်ပင် တစ်ခါတစ်ရံ ဈေးချိုတတ်၏။

သူက အုန်းနို့ ငရုတ်သီး စပါးလင်နှင့် သကြားအချိုကဲလေ့ရှိသော ယိုးဒယားဟင်းနှင့် ထမင်းကို အတော်အသင့် စားပြီးနောက် ကီတ်တယောင်တစ်ခွက် သို့မဟုတ် အမဲလုံးစွပ် တစ်ခွက်သောက်လေ့ရှိ၏။

ညဂျူတီ မရှိသည့် နေ့များတွင် မြို့ထဲမှာ စားသောက်ပြီးလျှင် အိမ်ပြန်ပြီး ပုံမှန် အင်တာနက်ရှေ့ ထိုင်လေ့ရှိ၏။ တခြား လူရွယ်တွေလို မဟုတ်။ စင်ကာပူမှ မြန်မာများ တင်ပေးထားသော dhammadownload က တရားတော်များ အထူးသဖြင့် မိုးကုတ် ဆရာတော်ကြီး၏တရားနှင့် မဟာဗောဓိမြိုင် ဆရာတော်ကြီး၏ တရားတစ်ပုဒ်စီ နာလိုက်၏။ ပြီးလျှင် အင်တာနက် ဓမ္မမိတ်ဆွေများနှင့် chat လုပ်၍ စာရိုက်ကြမည်။ စကားပြောလေ့ မရှိ တိတ်ဆိတ်စွာ စာရိုက်လေ့ရှိသူ၊ သူနှင့်ဆိုလျှင် လေးဦးရှိ၏။ တစ်ဦးက အမေရိကမှာ နေသည်ဆို၏။ နောက်တစ်ယောက်က ဂျာမနီမှာ၊ ကျန်တစ်ယောက်က ဘယ်လ်ဂျီယံ ရောက် နေသူ အားလုံး ဓမ္မကြောင့် စိတ်ချမ်းသာမှု ရရှိသည့် အကျိုးကျေးဇူးကို လက်တွေ့ သိသူများ ဖြစ်ကြရာ အားလုံး စိတ်အားထက်သန်ပြီး ဓမ္မအကြောင်းနှင့် ပတ်သက်လျှင် အလွန် တက်ကြွကြ၏။

လူကြားကောင်းရုံ အပေါ်ယံ ဓမ္မသမားများ မဟုတ်ဘဲ ရိုးစင်းစွာ လေ့လာလိုက်စားသူများ ဖြစ်ကြရာ သူတို့လေးဦးစလုံး ထဲထဲဝင်ဝင် ဆွေးနွေးနိုင်ကြ၏။ တစ်ယောက် မရှင်းလင်းသည်များကို ကျန်သုံးယောက် ဝိုင်းရှင်းပေးလျှင် နားလည်သဘောပေါက်သွားသည်ကများ၍ သူတို့ ဆွေးနွေးဝိုင်းက အမြဲအသက်ဝင်နေ၏။ အမေရိကမှ တစ်ယောက် (အမှန်မှာ ဦးပဉ္စင်းတစ်ပါး ဖြစ်သော်လည်း အင်တာနက်မှာ ကျန်မိတ်ဆွေများ လွတ်လွတ်လပ်လပ် ဆွေးနွေး နိုင်ရန်အတွက် ရဟန်းဖြစ်ကြောင်း အသိပေး ဝန်ခံမထားပါ) က သူတို့ အထဲမှာ ဓမ္မနှင့် ပတ်သက်လျှင် ဗဟုသုတလည်း အများဆုံး အတွေးအခေါ်လည်း အမြင့်ဆုံးဖြစ်၍ အလွန်အား ကိုးရ၏။ ည ဂျူတီကျသည့် ရက်များမှလွဲ၍ သည် chat ကို ဒေါက်တာမြတ်ဘုန်း လုံးဝ အပျက်ခံလေ့မရှိ။ ကျန်သုံးဦးလည်း သူ့လိုပင် အလုပ်မများလျှင် အပျက်မခံကြ။

စကားမပြောဘဲ စာသာရိုက်လေ့ရှိသောကြောင့် တစ်ခန်းတည်းနေ ငယ်သူငယ်ချင်းဖြစ်သူ 'အန်းဂူ' (အိမ်နာမည်၊ အလုပ်မှာ ဦးမင်းသူ) အတွက် အနှောင့်အယှက် မဖြစ်ပါ။ စာရိုက်သံ တိုးတိုးလေးကိုတော့ သတိထားလျှင် ကြားရနိုင်သည်ပေါ့။

ဒေါက်တာမြတ်ဘုန်းနှင့်အတူနေ သူငယ်ချင်း 'မင်းသူ' တို့မှာ ဝါသနာစရိုက်ချင်းမတူသော်လည်း တစ်ယောက်ကိုတစ်ယောက် အလွန်ချစ်ခင်၏။ 'မင်းသူ' က ထိုင်း ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှာ အင်ဂျင်နီယာ။ လုပ်သက်ကကြာပြီ။ သူ့အရင် သုံးနှစ်စော၍ ထိုင်းကို ရောက်လာခဲ့ပြီး ယခုလက်ရှိ ဆေးရုံမှာ အလုပ်ရသည်မှာလည်း 'မင်းသူ' ၏ အဆက်အသွယ်ဖြင့် ရခြင်းဖြစ်၏။ လစာက မြန်မာငွေဖြင့် ၁၅ သိန်းလောက် အသားတင်ရ၍ သိပ်မဆိုးလှ။ မလာမီ ထိုင်းစကားတော့ တစ်နှစ်လောက် အသည်းအသန် သင်လိုက်ရ၏။ အလုပ်က လွယ်လွယ်နှင့် ရခြင်းတော့မဟုတ်။ အင်တာဗျူးကလည်း ခက်ခက်ခဲခဲ မေးသည့်အပြင် အရည်အချင်းစစ် စာမေးပွဲလည်း အင်္ဂလိပ်ဘာသာဖြင့် ဖြေခဲ့ရသေး၏။ အလုပ်နေရာ သုံးနေရာအတွက် အလုပ်လျှောက်သူများတွင် မြန်မာနိုင်ငံမှ သူတစ်ဦးတည်းသာ အလုပ်ရသွား၏။

အလုပ်ရပြန်တော့လည်း မိဘများက သိပ်မလွှတ်ချင်ကြ။ အဖေရော အမေရော နှစ်ယောက်စလုံး ဆရာဝန်၊ အဖေက အသည်းအထူးကုဖြစ်ပြီး တစ်ဦးတည်းသော သူ၏ ညီမလေးကလည်း မကြာသေးခင်ကမှ ဆရာဝန်ဘွဲ့ယူပြီးဖြစ်၏။ အဖေနှင့်အမေက အိမ်က ဆေးခန်းမှာပဲ ဒိုးတူပေါင်ဖက် လုပ်စေချင်သည်။ 'မြတ်ဘုန်း' က မနည်းရှင်းပြရ၏။ ရှေ့ခြားမြေခြား အတွေ့အကြုံ သုံးလေးနှစ်ယူပြီးလျှင် ပြန်လာပါမည်ဟုလည်း ကတိပေးရ၏။ အခု 'ထိုင်း' မှာ နှစ်နှစ်ရှိပြီး ပျော်နေပြီ။

သူက အရက်မသောက်၊ ရည်းစားမထား။ မင်းသူ မြှောက်ပေးပြီး အတင်းမိတ်ဆက်ပေး၍ မြန်မာ အမျိုးသမီးတစ်ယောက်၊ ထိုင်းအမျိုးသမီးတစ်ယောက် ခဏတစ်ဖြုတ် တွဲဖူးပြီ။ ဟိုဟာပူဆာ၊ သည်ဟာ ပူဆာ၊ ဟိုဟာ အနိုင်ကျင့်ချင်သလို သည်ဟာ အနိုင်ကျင့်ချင်သလို တစ်ယောက်တစ်မျိုး ဆရာမစတိုင်တွေချည်း တွေ့လိုက်ရ၍ စိတ်ညစ်ပြီး ရည်းစားအဆင့်ပင် မရောက်ခဲ့ကြ။ 'မင်းသူ' ကို နောက်ထပ် မိတ်ဆက်ပေးလျှင် လက်သီးဖြင့် အထိုးခံရမည်ဟု

ကြိမ်းထားသဖြင့် အခု နားအေးနေ၏။ မိမိ၏ အေးအေးချမ်းချမ်း နေချင်လွန်းသော စိတ်က အတ္တကြီးသလိုများ ဖြစ်နေသလား တစ်ခါတစ်ရံ တွေးပူမိ၏။

'မင်းသူ' ကတော့ သူလိုမဟုတ် ရည်းစားနှစ်ယောက် ပြိုင်တူထားပြီး အလုပ်ရှုပ်နေသူ၊ အချိန်ရတာနဲ့ ဘီယာလေးကလည်း သောက်လိုက်သေးသည်။ လစာလည်း မြတ်ဘုန်းထက် တစ်လလေးသိန်းလောက် ပိုရပြီး အလုပ်မှာလည်း ဆရာကြီး၊ ဆိုင်ကယ်ပြိုင်ဘီးလေး တဖြန်းဖြန်းနဲ့ သူ့ကိုယ်သူ မြန်မာဆိုတာမေ့ပြီး ထိုင်းနိုင်ငံသား ထင်နေသူဖြစ်၏။ ထိုင်း စကားကလည်း ညက်နေ၏။ တရားတစ်ပုဒ် အလွန်ကောင်း၍ မြတ်ဘုန်းက 'မင်းသူ' အကောင့် account ထဲ ထည့်ပေးပြီး အနာခိုင်းလျှင် နေ့ရွှေညရွှေနှင့် မနာဖြစ်သည်က များ၏။ သီချင်းအလွန်ဝါသနာ ပါပြီး သီချင်းနားထောင်ဖို့တော့ အချိန်အမြဲ ရသူဖြစ်၏။ အားရက်မှာ ရုပ်ရှင်လည်း ထိုင်ကြည့်လိုက်သေး၏။

နားရက်ချင်း တူလျှင်တော့ သူတို့အနီး အနားက မြို့တွေကို ဆိုင်ကယ်နှင့် ထွက်လည် ကြ၏။ တစ်ခါတလေတော့ ဘတ်စကားဖြင့် ပတ္တယားထိ သွားလည်ဖူး၏။ အတူလည်ကြ ပေမယ့် 'မြတ်ဘုန်း' က MP4 ထဲ သွင်းထားသော တရားကို အမြဲနာသလို မင်းသူကလည်း သီချင်းဖွင့်ရင်း ဘီယာသောက်မပျက်။ ရည်းစားတွေဆီ ဖုန်းပြောရတာလည်း အမော။ တစ်ယောက်ရဲ့ဝါသနာကို တစ်ယောက် ဆွဲဆောင်လို့ မရသော်လည်း သူတို့ သူငယ်ချင်း နှစ်ဦး အသက်ပေးပြီး ခင်ကြ၏။

ငါးတန်းမှစပြီး တတွဲတွဲ တွဲလာကြသူများ ဖြစ်၏။ အတန်းထဲမှာလည်း ပထမ အဆင့်ကို တစ်လှည့်စီ ရသူများဖြစ်၏။ 'မင်းသူ' က ဆေးတက္ကသိုလ် အမှတ်ကို မီသော်လည်း လုံးဝ ဝါသနာမပါဟုဆိုကာ စက်မှုတက္ကသိုလ်တက်၏။ ကျောင်းပြီးလျှင် ထိုင်းမှ 'အင်ဂျင်နီယာ တက္ကသိုလ်' တစ်ခုမှာ ဆက်တက်၍ ဘွဲ့လွန်ကို အမြင့်ဆုံး အမှတ်ဖြင့် ရခဲ့ပြီး ကုမ္ပဏီတွေက သဘောကျ ကမ်းလှမ်းသဖြင့် သူကြိုက်သည့် ကုမ္ပဏီရွေးပြီး အလုပ်ဝင်ခြင်းဖြစ်၏။ အခု သူတို့ လက်ရှိနေသော အခန်းမှာလည်း ကုမ္ပဏီက မင်းသူအတွက် ပေးထားသော အခန်း ဖြစ်၏။

မင်းသူ၏ ဆရာဝန်မဖြစ်ချင်သော အကြောင်းက နေ့စဉ် အချိန်တိုင်း အနိဋ္ဌာရုံများ ချည်း တွေ့နေရ၍ ဘဝမှာ ပျော်စရာမကောင်းနိုင်သောကြောင့်ဟုဆို၏။

## အခန်း (၇)

# နှုတ်ဆက်ခဲ့တယ် သူငယ်ချင်း

ဒေါက်တာမြတ်ဘုန်းက မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတစ်ပုဒ် နာအပြီးမှာ ဆရာတော်ကြီးကို အကြိမ်ကြိမ် ဦးခိုက်ရင်း စဉ်းစားမိ၏။ ဆရာတော်ကြီးသည် မျက်နှာကြီးငယ်မရွေး ကုန်ကုန်ပြောရလျှင် မိမိမရှိတော့သည့်နောက် မွေးဖွားလာမည့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့ အပေါ်မှာ အထိထားရှိသော မေတ္တာစေတနာကား ကြီးမားလှပေစွ။ ရည်ရွယ်ချက်ရှိရှိနှင့် အသံသွင်းထားခဲ့သော ဆရာတော်ကြီး၏တရားကို နာရတိုင်း ဖခင်အရင်းက ဆုံးမနေသလို ခံစားရ၏။ သံဝေဂလည်းရ၏။ သဒ္ဓါလည်း တက်ကြွ၏။ တရားနာပြီးတိုင်း ရှေ့သို့ဆက်၍ လှမ်းချင်သောစိတ် ပေါ်လေ့ရှိသဖြင့် အကျိုးများလှပါ၏။

ဆရာတော်ကြီးသာ မဆုံးမခဲ့လျှင် ‘ပါရမီ’ ကို အကြောင်းပြုပြီး ဝိပဿနာ အလုပ်ကို တော်တော် နောက်ကျမှ လုပ်ဖြစ်မည်ထင်သည်။ ဆရာတော်ကြီး ဟောပြမှ ကျောချမ်းမိ၏။ ဆရာတော်ကြီးက ဆုကြီးပန်မဟုတ်လျှင် ပါရမီကို အဓိကမထားပဲ မဆိုင်းမတွ ဝိပဿနာလုပ်ကြစေချင်သည်။ မှန်ကန်လှပါသည်။ မည်သူမဆို ပါရမီပါ မပါ အမှတ်အသား တစ်စုံတစ်ရာ ပါလာသည် မဟုတ်ပါ။ ပါရမီလိုသည်ထား ထိုပါရမီသည် အခုပင် ပြည့်ပြီဟု မှတ်သင့်ပေသည်။ ဘုရားသာသနာကို မီသည်။ သင်ကြားပြသမည့် ဆရာသံဃာလည်း အဆင်သင့်။ ထောင်မည့်နား မှတ်သားဉာဏ်နှင့် ကျန်းမာရေးကလည်း ကောင်းဆဲ။ ဒါဟာ ပါရမီ ပြည့်ဝသည့် အဓိပ္ပာယ်သင်္ကေတများပင်တည်း။ အကြင်သူသည် ပါရမီရှိပြီဟု ယုံကြည်၏။ ထိုသူ ပါရမီပြည့်လေပြီ။ အကြင်သူသည် ငါ့၌ ပါရမီမပြည့်တန်ရာသေးဟု ထင်၏။ ထိုသူ ပါရမီ မပြည့်သေးပေ။ ဘယ်သူ ဘာပြောပြော ဒီနေ့ စလုပ်လိုက်။ အဲဒါ မနက်ဖြန်အတွက် ပါရမီပါပဲ။

ဆုကြီးပန်လည်း မဟုတ်ပါဘဲ ပါရမီကိုအကြောင်းပြု၍ ပျင်းရိဖင့်နွှဲစွာ အချိန်ဆွဲနေပါက လည်ပေဦးတော့ သံသရာ။ ဒီဘဝ ဗုဒ္ဓဘာသာမို့ နောက်နောင်ဘဝတွေမှာလည်း ဗုဒ္ဓဘာသာပဲ ဖြစ်ရမယ်၊ တခြားဘာသာဝင် မဖြစ်ရဘူးလို့ စာချုပ်ထားတာမရှိ၊ ဘုရား၏ ဗျာဒိတ်တော်စကား မြွက်ကြားထားတာမရှိ။

အလွန်မျက်စိလည်အောင် ရှုပ်ထွေးပြီး အဝိဇ္ဇာကြောင့် အထိန်းအချုပ် ကင်းမဲ့သော ပရမ်းပတာ နိုင်လွန်းသော သံသရာကို မထေမဲ့မြင် မပြုအပ်။ တစ်ရက်နောက်ကျရင် ဘဝပေါင်းများစွာ ကျင်လည်ရတော့မည်။ ဘဝများစွာ၏ အဓိပ္ပာယ်ကား ဒုက္ခများစွာပင်တည်း။ သည်လို အခွင့်အကောင်း အခါကောင်း ကြုံပါလျက် အချိန်ဆွဲသူက ဆွဲလျှင် ဆွဲသလောက် မိုက်တွင်းနက်သူပါတည်း။

ဒေါက်တာမြတ်ဘုန်းကား သံဝေဂတရားအပြည့်ဖြင့် ကွန်ပျူတာရှေ့တွင် ထိုင်ရင်း ဓမ္မမိတ်ဆွေများ၏ email များကို ဆက်သွယ်၍ ကွန်ဖရင့်စ်ထိုင်လိုက်သည်။

**ဂျာမနီ** – ဓမ္မမိတ်ဆွေက ဆရာဝန်ဆိုတော့ မြင်သမျှ ကြားသမျှတွေဟာ သံဝေဂ ရစရာတွေချည်းနေမှာပေါ့။

မြတ်ဘုန်းက ပြန်ဖြေ၏။ 'လူတွေက ဒီလို ထင်ကြပေမယ့် လက်တွေ့မှာတော့ တရား သံဝေဂဉာဏ်ဝင်ဖို့ သိပ်မလွယ်ပါဘူး။ မြင်ဖန်များတော့ ယဉ်သွားတာရယ်ကြောင့်ပါ' 'တကယ်တရား ရနိုင်ဖို့ သေချာတာကတော့ ကျေးဇူးရှင်ဆရာတော်ကြီးတွေ ထက်ထက် မြက်မြက် ရှင်းလင်း ဟောကြားထားတဲ့ တရားတော်တွေ နာကြားဖို့ပါပဲ'

**USA** – မနက်ဖြန် ဝါဆိုလပြည့်နော်၊ ပြက္ခဒိန်မရှိရင် အမှတ်တမဲ့ မေ့နေမှာစိုးလို့ သတိပေးတာပါ။

**ဘယ်လ်ဂျီယံ** – ရုတ်တရက် မေ့သွားလို့ ဝါဆိုလပြည့်အကြောင်း အတိုချုပ်လေး ပြောပြပါ။

**USA** – သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ ပြခဲ့ ပြာဋိဟာ။ ဝါဆိုလပြည့်မှာ ပဋိသန္ဓေ နေတယ်၊ တောထွက်တယ်၊ ဓမ္မစကြာ ဟောတော်မူတယ်။ တန်ခိုးပြာဋိဟာ ပြတော်မူခဲ့ တယ်။ လေးမျိုးပါ။

**မြတ်ဘုန်း** – ဝါဆိုသက်န်းကပ်ရင် ကောင်းမယ်။

**USA** – ကာလဒါန အကောင်းဆုံးပဲ။ တရားကော ထိုင်ဖြစ်ရဲ့လား။

**မြတ်ဘုန်း** – တစ်နေ့ကို အနည်းဆုံးတစ်ကြိမ်ရအောင် ထိုင်ပါတယ်။

**ဂျာမနီ** – တရားထိုင်မပျက်ဖို့ အရေးကြီးတယ်။

**ဘယ်လ်ဂျီယံ** – အချိန်သိပ်မပေးနိုင်ရင် သွားရင်း၊ လာရင်း၊ စားရင်းနဲ့လည်း အမှတ်သတိလေး ကပ်ပြီး ကျင့်ရင်ရလား။

**USA** – ရပါတယ်။ အမှုမဲ့ အမှတ်မဲ့နေတာထက် အမှတ်သတိကပ်ထားနိုင်ရင် ထားနိုင်သလောက် အကျိုးများပါတယ်။

**ဘယ်လ်ဂျီယံ** – ဒါဆိုရင် ဘုရားစင်ရှေ့မှာ အချိန်ပေးပြီး သီးသီးသန့်သန့် ထိုင်ရတာနဲ့ စားရင်း၊ လာရင်း၊ မှတ်ရတာ ပိုလွယ်တာပေါ့နော်။

**ဂျာမနီ** – ကိုယ်တော့ သဘောမတူဘူး။ အသေအချာ စဉ်းစားကြည့်ပါ။ လက်တွေ့ လည်း နှစ်ခုစလုံးကို နှိုင်းယှဉ်ပြီး လုပ်ကြည့်ပါ။ တကယ်တော့ ဘုရားစင်ရှေ့ တိတ်ဆိတ်တဲ့ အချိန်ကိုရွေးပြီး တရားထိုင်တာဟာ စစ်သားတွေ နောက်တန်းမှာ လေ့ကျင့်နေတာနဲ့ တူတယ်။ ဆူညံတဲ့ အသံတွေ ဆွဲအားများတဲ့ အာရုံတွေကြားထဲမှာ ကားရထားတွေပေါ် လှုပ်ရှား

သွားလာနေဆဲ မှတ်ရတာကျတော့ ရှေ့တန်းက ကျည်ဆန်တွေကြားမှာ အသက်လုပြီး တိုက်နေရတဲ့ စစ်သားနဲ့ တူတယ်။ ဘုရားစင်ရှေ့ များများကျင့်ထားနိုင်မှ သွားရင်းလာရင်း စားရင်းသောက်ရင်း ကိလေသာကြားမရှိအောင် သတိကပ်ပြီး မှတ်နိုင်မှာဖြစ်တယ်။

**ဘယ်လ်ဂျီယံ** – နောက်တန်းမှာ အပြင်းအထန် ကျင့်မထားရင် ရှေ့တန်းကျတော့ တိုက်ပွဲ ရှုံးတဲ့သဘောလား။ 'ချွေးထွက်များမှ သွေးထွက်နည်းမယ်ဆိုတဲ့ ဆောင်ပုဒ်လိုပေါ့'။

**USA** – သိပ်မှန်တဲ့ အတွေးအခေါ်ပဲ။ လောကီအာရုံတွေကြားထဲမှာ သတိပဋ္ဌာန်နဲ့ မလွတ်တမ်းမှတ်ဖို့ဆိုတာ အပြောလွယ်သလောက် လက်တွေ့ခက်တဲ့အလုပ်ပဲ။

**ဘယ်လ်ဂျီယံ** – အစ်ကိုတို့ ဓမ္မလမ်းကြောင်းပေါ်မှာ ဘယ်အထိ လျှောက်မယ် စဉ်းစားထားလဲ။

**USA** – သာသနာ့ဘောင်၊ ဗောဓိဉာဏ်ရတဲ့အထိ။

**ဂျာမနီ** – သာသနာ့ဘောင် ဝင်တဲ့အထိ ဒီဘဝမှာပဲ မဂ်ဖိုလ်ရဖို့ ကြိုးစားမယ်။

**မြတ်ဘုန်း** – သာသနာ့ဘောင်မှာ ပျော်သလောက် စိတ်ချမ်းသာမှု ရသလောက် တရားအားထုတ်မယ်။

**ဘယ်လ်ဂျီယံ** – ကျွန်တော်တော့ ဝန်ခံရရင် စိတ်နှစ်ခွဖြစ်နေတယ်။ တရားအားထုတ်တာလည်း အရမ်းသဘောကျတယ်။ အိမ်ထောင်ပြုချင်စိတ်ကလည်း ရှိနေတယ်။ ဒါထက် အစ်ကိုတို့ သာသနာ့ဘောင်ဝင်ရင် နိုင်ငံခြားမှာပဲ ဆက်နေမှာလား ဒါမှမဟုတ် မြန်မာပြည် ပြန်ကြမှာလား။

**USA** – မြန်မာပြည် ပြန်မယ်။
**ဂျာမနီ** – ပြန်မယ်။
**မြတ်ဘုန်း** – ပြန်ဖြစ်ဖို့များတယ်။
**ဘယ်လ်ဂျီယံ** – တကယ်လို့ အိမ်ထောင်မပြုဖြစ်ဘဲ သာသနာ့ဘောင်ဝင်ဖြစ်ရင်တော့ မြန်မာပြည်ပြန်ပြီး အစ်ကိုတို့နဲ့အတူ တရားရှာချင်တယ်။

မြတ်ဘုန်း အင်တာနက်အဆက်အသွယ်ဖြတ်ပြီး စက်တွေပိတ်ပြီး မကြာမီ မင်းသူ ရောက်လာ၏။ လက်ထဲမှာ ကိတ်တဃောင် ပါဆယ်နှစ်ထုပ်နှင့်။

မြတ်ဘုန်းက 'မင်းသူ၊ မနက်ဖြန် ဝါဆိုပြည့်နေ့တဲ့ကွ၊ မင်းသိလား' မေး၏။

မင်းသူက သိပ်ဟန်မတူ 'ဟုတ်လား၊ တို့ ဘာလုပ်ရရင် ကောင်းမလဲ၊ မင်းဘာ စဉ်းစားထားလဲ' ပါဆယ်ထုပ်ရှေ့မှာ ချပေးရင်းမေး၏။

'ငါကတော့ မနက်ဖြန် နိုက်ဂျူတီ၊ ညပိုင်းမှ အလုပ်ဝင်ရမှာဆိုတော့ မနက်ပိုင်း အားတယ်၊ မင်းခွင့်ယူလို့ရရင် ထိုင်းဘုန်းကြီးကျောင်းပဲသွားပြီး ဝါဆိုသင်္ကန်းကပ်ရင်းနဲ့ ဒါနလေး တစ်ခုပါ လုပ်ကြတာပေါ့' မြတ်ဘုန်းကညို၏။

'အေး၊ ငါ မနက်လှမ်းပြီး မေးကြည့်မယ်၊ ok ဆိုရင် သွားကြတာပေါ့၊ ရတနာသုံးပါးနဲ့ ဝေးနေတာလည်း ကြာပြီဆိုတော့ ကောင်းတယ်ကွာ'

မြတ်ဘုန်းက 'ရတနာသုံးပါးနဲ့ နီးချင်ရင် ဘုန်းကြီးကျောင်းသွားမှ မဟုတ်ပါဘူးကွာ၊ ကိုယ့်အိမ်မှာ တရားနာ၊ တရားထိုင် နေ့စဉ်လုပ်လို့ ရတာပဲ၊ မင်းကို ဘယ်သူက တားထား လို့လဲ၊ ငါပို့ထားတဲ့ ဖိုင်ထဲက တရားတွေလည်း တစ်ပုဒ်မှ မင်းမနာဖြစ်ဘူးမို့လား'

'နိုးနိုး မှားသွားပြီ၊ ငါ ဦးဆန်းလွင် (အရှင် အာဒိစ္စရံသီ) ရဲ့ အောင်ပန်း ၇ ရက် တရားခွေ နာပြီးပြီ။ အရမ်းကြိုက်တယ်ကွာ။ ငါ့သမိုင်း ငါပြန်ကြည့်ပြီး အခု ဘာဆက်လုပ် ရမလဲ စဉ်းစားနေတာ၊ အရင်လိုပဲ အလေလိုက်နေမလား၊ ဒါမှမဟုတ် မင်းလို တရားမှ လမ်းပဲ လျှောက်ရမလား စဉ်းစားတုန်းပဲ'

'မင်း စဉ်းစားနေတယ်ဆိုရင်ကို ငါတော်တော် ကျေနပ်သွားပါပြီကွာ၊ ဝန်ခံရရင် မင်းကို စည်းရုံးဖို့ ငါစိတ်ကုန်နေခဲ့တာ၊ အခုငါ အားတောင် တက်သွားပြီ'

'လူတစ်ယောက်ကို အပေါ်ယံကြည့်ရင် မှားမှာပေါ့ကွ' 'မင်းသူ' အသံက မာနေ၏။

နောက်နေ့ မနက် မင်းသူ မနက်ပိုင်း ခွင့်ရ၍ နှစ်ယောက်အတူ မြို့ထဲ သက်န်းဝယ်၊ ပန်းနှင့် တရုတ်အစားအစာများဝယ်ပြီး ထိုင်းဘုန်းကြီးကျောင်း သွားကြ၏။

ထိုင်းဆရာတော်က နှုးညံ့သိမ်မွေ့ပြီး အေးအေးချမ်းချမ်း ဆုတွေပေးသွား၏။ သံဃာ တော်များ ဘုဉ်းပေးစဉ်မှာပင် ညွှန်သည့်ဒကာ ဒကာမတွေကို စားပြီးမှပြန်ရမည် မိန့်၍ မြတ်ဘုန်းနှင့် မင်းသူ နှစ်ယောက် တပျော်တပါး ဝင်စားကြရ၏။ ယိုးဒယား သဘော်သီးထောင်း ကြောင့် ထမင်းဆွဲနိုင်၏။ ဆရာတော်ကို နှုတ်ဆက်ကန်တော့ကြပြီးနောက် မြတ်ဘုန်းက အိမ်ပြန်ရန်ပြင်၏။

မင်းသူက မြတ်ဘုန်းကို နှုတ်ဆက်ပြီး အလုပ်ကို တန်းသွား၏။ မြတ်ဘုန်းအနေဖြင့် မင်းသူကို နောက်ဆုံး မြင်လိုက်ရခြင်းဖြစ်၏။

ညနေ အိမ်အပြန် ကားနှင့် ဆိုင်ကယ် တိုက်မိပြီး နေရာတွင်ပင် အသက်ဆုံးသွားရှာ၏။ ဆေးရုံ တစ်ခုမှ ဖုန်းဆက်ပြော၍ မြတ်ဘုန်းလိုက်သွားတော့ မင်းသူ ရေခဲတိုက်ထဲ ရောက်နေပြီ၊ မြတ်ဘုန်း စိတ်ထိခိုက်လှစွာဖြင့် အတည်ပြုပေးလိုက်ရ၏။ နေ့မြင်ညပျောက်မို့ လက်ခံနိုင်ဖို့ပင် အတော်ကြိုးစားရ၏။

မြတ်ဘုန်း အကြီးအကျယ် တုန်လှုပ်မိပြီး သံဝေဂရမိ၏။ လူ့အသက်ကား ကြက်ကလေး ငှက်ကလေး၏ အသက်မျှသာ။ မခိုင်မြဲလွန်းလှတကား။ မယူတတ်သူအတွက် အချိန်ဟူသည် မရှိ၊ သူငယ်ချင်း မရှိတော့မှ သံယောဇဉ် အတိုင်းအတာကို သိရတော့၏။ တစ်ယောက်တည်း ထိုင်းမှာ ဆက်နေဖို့အတွက် စဉ်းစားရတော့မည်။

❖

အခန်း (၈)

## အာဇာနည်ဆရာတော်ကြီးများ

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့နှင့် ၇၈ မိုင်ခန့် ဝေးကွာသော 'ဘိုလဒါးကရိ' တွင် 'တောင်ပုလု တောရ ကမ္ဘာအေး' ကျောင်းတိုက် တည်ရှိ၏။ ၅.၆ ကေခန့် ကျယ်ဝန်းပြီး အလွန် အေးချမ်းသာယာ၏။

ကျောင်းဝန်းထဲ၌ တောင်ပုလု ဆရာတော်ဘုရားကြီး၏ သြဝါဒဖြင့် တည်ထား ကိုးကွယ်ခဲ့သော 'ရွှေသိမ်တော် ကမ္ဘာအေး စေတီတော်' ကြီးသည် ရွှေတိဂုံ စေတီတော်ကြီး ကဲ့သို့ အချိုးအစားနှင့် ပုံတူပွားနိုင်တူတည်ခြင်းဖြစ်၍ အလွန်သပ္ပါယ် ခံ့ညားလှ၏။

ဘုရားစေတီ၏ အခြေလိုဏ် ဂူတော်အတွင်း၌ အေးချမ်းတိတ်ဆိတ်စွာ တရားရှုမှတ် ပြီးနောက် ဦးသုန်သည် မုခ်ဝမှတစ်ဆင့် သတိကပ်လျက် ဖြန့်ကြွလာရင်းဖြင့် စေတီတော် ကြီးကို လက်ယာရစ် ကြည်ညိုပြီးနောက် တနင်္လာထောင့် ရောက်လျှင် ဘုရားရှင်နှင့် ဆရာတော် ကြီး၏ ဂုဏ်ကျေးဇူးကို ရည်မှန်း၍ ရိုသေစွာ ကန်တော့လိုက်၏။

တောင်ပုလု ကမ္ဘာအေးကျောင်းတိုက်ကြီးတွင်ကား ဆရာတော်ကြီး၏ အသက်ကို မငဲ့ကွက်ဘဲ ကြိုးကြိုးကုတ်ကုတ် သာသနာပြုခဲ့သော သင်္ကေတများအဖြစ် ရွှေသိမ်တော် စေတီတော်ကြီးအပြင် ကျောင်းဇရပ်၊ ဓမ္မာရုံနှင့် သိမ်တော်တို့ကို ပြည့်စုံစွာ ကြည်ညို မြင်တွေ့ နိုင်သည်။

ဦးသုန်အပါအဝင် မြန်မာရဟန်းတော်များအပြင် နိုင်ငံခြားသား ရဟန်းတော်များ သီလရှင်များနှင့် လူဝတ်ကြောင် ယောဂီအများအပြား သတိပဋ္ဌာန်တရားနှင့် ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ငြိမ်းချမ်းစွာ အားထုတ်နေကြ၏။ ဘာသာမျိုးစုံ ပုံနှိပ်ထားသော ပိဋကတ်တိုက်ရှိသည့်အပြင် ပစ္စည်းလေးပါး မရှားပါ။

ဦးသုန်သည် ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်ကို အောက်မေ့ရင်း ဦးရီးတော်လည်း ဖြစ် ဥပဇ္ဈာယ်ဆရာလည်းဖြစ်သူ ဦးသီလ ပြန်ပြောင်းပြောပြသည်များကို ပြန်လည်ကြားယောင် လျက်ရှိ၏။

'မိတ္ထီလာမြို့ စစ်ဆေးရုံမှာ တာဝန်ကျဖူးတဲ့ ဒေါက်တာအဲလ်ဘတ်က တောင်ပုလု ဆရာတော်ကြီးကို အလွန်ကြည်ညိုတဲ့ ဒကာရင်းပေါ့ ဦးပဥ္ဇင်းရဲ့ ဒေါက်တာအဲလ်ဘတ်ပဲ ဆရာတော်ကြီးရဲ့ ကျန်းမာရေး ကိုလည်း စောင့်ရှောက်ပေးခဲ့တာပေါ့၊ သူ့အစ်မ 'ဒေါက်တာ ရီနာဆာကား' က ကာလီဖိုးနီးယား တက္ကသိုလ်မှာ 'အာရှဆိုင်ရာ ဗုဒ္ဓဘာသာ လေ့လာရေး

ဌာနရဲ့ ဌာနမှူးဖြစ်တဲ့အပြင် မြန်မာပြည်မှာကတည်းက ဆရာတော်ကြီးရဲ့ တပည့်အရင်း ဖြစ်နေပြီ။ သူတို့မိသားစုက အိန္ဒိယ လူမျိုးတွေပေါ့။ ဆရာတော်ကြီး အမေရိကန်ကို မကြွခင် ကတည်းက 'အမေရိကန်မှာ ဒေါက်တာရီနာတို့အဖွဲ့က ကျန်တဲ့လူတွေနဲ့ စုပေါင်းပြီး 'တောင်ပု လုကမ္ဘာအေးဓမ္မရိပ်သာ' ဖွဲ့စည်းတည်ထောင်တယ်။ ဆရာတော်ကြီး ကြွလာရင် သီးသန့် သီတင်းသုံးရအောင် ဆန်ဖရန်စစ္စကိုနဲ့ မိုင်ငါးဆယ်လောက်ဝေးတဲ့ စိန့်ကလဲမြို့မှာ ဓမ္မရိပ်သာကြီး ဆောက်လုပ်လှူဒါန်းပြီး ဖြစ်တယ်။

'ဆရာတော်ကြီးလည်း ၁၉၇၈ ခုနှစ်မှာ ကြွလာရော 'သီရိရတနာစက္ကူသိမ်' သမုတ်တော် မူခဲ့တယ်။ ဆရာတော်ကြီး ပထမဆုံး ရက်ပေါင်း ၁၁၀ သီတင်းသုံးပြီး သာသနာပြုတော်မူရာမှာ သံဃာတော် ၄၅ ပါး၊ သာမဏေ ၁၅ ပါး၊ ရသေ့အဖြစ် ယောဂီ အမျိုးသမီးက ၃၀ ကျော် သရဏဂုံတည်ပြီး ဗုဒ္ဓဘာသာဝင် ဖြစ်သူပေါင်းက ၈၀၀ ကျော်တော် ရှိခဲ့တယ် ဦးပဋ္ဌင်းရဲ့'

'အရိယာကြီးတွေအတွက် မဆန်းပေမယ့် အရိယာကြီးတွေနား ဆည်းကပ်ရင်းတော့ ဆန်းကြယ်တာတွေ တွေ့ရမှာပဲ၊ ဆရာတော်ကြီး လိုက်ပါလာတဲ့ လေယာဉ်ရဲ့ လေယာဉ်မှူးက 'ဆန်ဖရန်စစ္စကို' ကို မရောက်မီမှာဘဲ လေယာဉ်စက်တစ်လုံး ချွတ်ယွင်းသွားပြီ ဖြစ်တဲ့ အကြောင်း လက်ထောက်လေယာဉ်မှူးကို ပြောရင်း ပျက်တဲ့စက်ခေါင်းဘက်ကို လှည့်ကြည့်ပြီး မျက်လုံးပြူးသွားတယ်တဲ့၊ ဆရာတော်ကြီးက လေယာဉ်တောင်ပံပေါ်မှာ တင်ပလ္လင်ခွေထိုင်ရင်း ပျက်တဲ့စက်ခေါင်းကို လက်ညှိုးထိုးပြီး တည်တည်ငြိမ်ငြိမ်နဲ့ အမိန့်ပေးနေတဲ့ပုံ နှစ်ဦးသား မြင်တွေ့လိုက်ရသတဲ့။ တခဏအတွင်း ပျက်တဲ့ အင်ဂျင် ပြန်ကောင်းသွားပြီး 'ဆန်ဖရန်စစ္စကို' လေဆိပ်ကို ချောချောမောမော ဆင်းသက်လိုက် နိုင်ခဲ့တယ်တဲ့။ လေယာဉ် ဆိုက်ပြီးတော့ ဆရာတော်ဘုရားကြီး ကြွလာတော်မူတာ တွေ့လိုက်ရတော့ တအံ့တသြနဲ့ ဘေးက လူတွေကို ပြောပြတာက စောစောက လေယာဉ် တောင်ပံပေါ်မှာထိုင်ပြီး အင်ဂျင် စက်ကောင်းသွားစေတာ ဒီပုဂ္ဂိုလ်ပဲ မျက်မှန်မည်းတပ်ထားလို့ ငါတို့နှစ်ယောက် မှတ်မိတယ်ဆိုပြီး ကျယ်ကျယ်လောင် လောင်ပြောတော့ အဲဒီသတင်းက တစ်ခါတည်း ဟိုးလေးတကျော် ဖြစ်ပြီး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားခဲ့တာပေါ့'

'ရှိသေးတယ်ဦးပဋ္ဌင်းရဲ့ ဆရာတော်ကြီး အမေရိကန်မှာ သီတင်းသုံးတော်မူနေစဉ်မှာ ဆရာဝန်တစ်ယောက် ရောက်လာတယ်၊ အသည်းအသန်ဖြစ်နေတဲ့ သူ့ရဲ့ လူနာ ငါးယောက် ဓာတ်ပုံတွေကိုပြပြီး ဆရာတော်ကြီးကို ကယ်ဖို့ လျှောက်သတဲ့၊ အဲဒီမှာ ဆရာတော်ကြီးက ခဏကြည့်တယ်၊ ဓာတ်ပုံသုံးပုံယူထားပြီး နှစ်ပုံကို ပြန်ပေးလိုက်သတဲ့၊ နောက်နေ့ကျတော့ ဆရာတော်ကြီး ပြန်ပေးလိုက်တဲ့ ဓာတ်ပုံရှင် လူနာနှစ်ယောက်က ဆုံးသွားကြပြီး၊ ယူထား လိုက်တဲ့ ဓာတ်ပုံသုံးပုံက လူနာတွေက ရောဂါသက်သာတဲ့အပြင် အသက်ရှင်သွားတဲ့ အကြောင်း ဆရာဝန် လာလျှောက်သတဲ့'။

'အရိယာပုဂ္ဂိုလ်ကြီးတွေနဲ့ ပတ်သက်ရင် ထူးဆန်းတာတွေက အများကြီးပါပဲ၊ တစ်ခါ ကလည်း အိန္ဒိယအမျိုးသမီးကြီးတစ်ယောက် ကင်ဆာရောဂါနဲ့ အလွန်မကျန်းမမာဘဲ ဆေးရုံက လက်လျှော့လိုက်ပြီဆိုပြီး ဆရာတော်ဆီ ရောက်လာသတဲ့၊ ဆရာတော်ကြီးက သုံးဆယ့်နှစ် ကောဋ္ဌာသ ကမ္မဋ္ဌာန်းအနက်က ရောဂါနဲ့သင့်တော်တဲ့ ကမ္မဋ္ဌာန်းပေးပြီး တရားအားထုတ်

နိုင်းသတဲ့၊ ဆရာတော်ကြီး ပြန်မကြွခင် တစ်ရက်မှာ အဲဒီ ဒကာမကြီး ကိုယ်တိုင် ကားမောင်းလာပြီး ဆရာတော်ကြီးရဲ့ ခြေအစုံကို အကြိမ်ကြိမ် ရှိခိုးဦးတိုက်သတဲ့၊ နှုတ်ကလည်း ကင်ဆာရောဂါပျောက်သွားကြောင်း၊ ဆရာတော်ကြီးရဲ့ ကျေးဇူးကြီးမားလှပါကြောင်း တတွတ်တွတ် လျှောက်သတဲ့'

ဒါက အမေရိကန်နိုင်ငံမှာ သိရတာ၊ မြန်မာနိုင်ငံ တောင်ပုလုမှာ သီတင်းသုံးတုန်း ကလည်း နှစ်ပေါင်း ၆၅ နှစ်လောက် ကျောဆန့်မအိပ်ဘဲ ထန်းပက်လက် ကုလားထိုင်နဲ့ပဲ ညဉ့်ကို ကုန်စေတာတို့၊ ရှမ်းတဲလေတပ်က လေယာဉ်မှူးတွေက ကောင်းကင်မှာ ကြွနေတဲ့ ဆရာတော်ကို ဓာတ်ပုံရိုက်ပြီး လာလျှောက်တာတို့၊ ဆရာတော်က ဆိတ်ဆိတ်နေပြီး 'မင်းတို့ ဓာတ်ပုံက သိပ်မကြည်ဘူး' ဆိုပြီး ခပ်တည်တည်နဲ့ မိန့်တာတို့၊ ကပ္ပိယတွေက ဆရာတော်ကြီး ညဘက် တောင်ပုလု ဆည်ရေပြင်ပေါ်မှာ စင်္ကြံကြွတုန်း တွေ့ဖူးလိုက်ရတာတို့ ဆရာတော်ကြီး ဂုဏ်သတင်းတွေကတော့ စုံလို့ပဲပေါ့'

'ဦးသီလ' မိန့်ကြားသော တောင်ပုလုဆရာတော်ကြီး အကြောင်းကို ပြန်လည် ကြားယောင်ရင်း 'ဦးသုန်'က ဆရာတော်ကြီး၏လက်ရုံးတပည့် နောင်တစ်ချိန်တွင် ကျောက်ဆင်တောရ ဆရာတော်ကြီး (သို့မဟုတ်) ပခုက္ကူဆရာတော်ကြီးဟု အကျော်အမော် ဖြစ်လာမည့် သူ့ကို အရာရာ သွန်သင်ဆုံးမတော်မူခဲ့သော ဆရာသမားအရင်း ကျေးဇူးရှင် ကြီးကို အောက်မေ့သတိရမိ၏။

အမှန်စင်စစ် ဦးသုန် အမေရိကန်နိုင်ငံကို ရောက်နေခြင်းသည်ပင် ပခုက္ကူဆရာတော်ကြီး ကို အကြောင်းပြုပြီး ရောက်လာခြင်းဖြစ်၏။ ဆရာတော်ကြီးကား တောင်ပုလု ဆရာတော် ကြီး၏ ခြေရာကို ထက်ကြပ်မကွာ လိုက်နိုင်သော တကယ့်အာဇာနည်ပုဂ္ဂိုလ်ကြီးပါပေ။ မြန်မာပြည်အနှံ့ ဆရာတော်ကြီး လှည့်လည်၍ တရားစခန်း ဖွင့်ခဲ့သော မြို့များ ရွာများကို ဆရာတော်ကြီး မရှိတော့သည့်နောက်ပိုင်း၌လည်း မပျက်တမ်းဆက်၍ သာသနာပြုခဲ့သည် မှာ ခန္ဓာဝန်ချသည့်တိုင်အောင်ပင်ဖြစ်၏။ ပြည်တွင်း၌သာမဟုတ် ပြည်ပသာသနာပြုခြင်း ကိုလည်း ဆရာတော်ကြီးနည်းတူ ဆောင်ရွက်တော်မူခဲ့ပါသည်။

တောင်ပုလု ဆရာတော်ကြီး ပထမဆုံး တောထွက်ရာနေရာ ဖြစ်သည့် ကျောက်ဆင် တောရသည် အလွန်ခေါင်သောနေရာ ဖြစ်ခဲ့၏။ ရေကလည်း ရှားပါး၊ ပိုးမွှားတိရစ္ဆာန် အထူးသဖြင့် မြွေမျိုးစုံလည်း ပေါများ၏။ သာသနာပြုရာမှာ သီလနဲ့ စရဏ ဘယ်လောက် အရေးပါကြောင်း ပခုက္ကူဆရာတော်ကြီးက ပြသခဲ့လေပြီ၊ အခုကြည့်ပါ ကျောက်ဆင်တောရမှာ နတ်ဘုံနတ်နန်းတမျှ စည်ကားနေပါပြီ။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပုံတူ၊ ထုထည် ထက်ဝက်ရှိသော 'ကျောက်ဆင်ရွှေတိဂုံ' အမည်ရ စေတီတော်ကြီးလည်း ဆရာတော်ကြီး၏ သီလတန်ခိုးကြောင့် ခံ့ညားသပ္ပာယ်စွာ တည်ထားကိုးကွယ်ခဲ့ကြလေပြီ။

ပခုက္ကူဆရာတော်ကြီး အမေရိကန်ရှိ တောင်ပုလုကမ္ဘာ့အေး ကျောင်းတိုက်သို့ လွန်ခဲ့ သော ဆယ်နှစ်ကျော်က ကြွလာခဲ့ရာတွင် ဆရာတော်၏ သာသနာပြုအဖွဲ့တွင် ဦးသုန်

လိုက်ပါလာခဲ့ခြင်းဖြစ်၏။ ဦးသုန်က ဆရာတော်ကြီး ပြန်ကြွလျှင် မလိုက်လိုဘဲနှင့် နှစ်အတန်ကြာ အမေရိကန်၌ သာသနာပြုလိုသေး၏။ လျှောက်လည်း မလျှောက်ဝံ့၊ လျှောက်ဝံ့ပြန်လည်း ခွင့်ပြုမည်မထင်။ သို့နှင့် အလွန်မျက်နှာပူလှစွာ ဆရာတော်ကြီးအားလည်း ရှက်ရွံ့လှစွာဖြင့်ပင် ဆရာတော် ပြန်ကြွမည့်ရက်၌ တိမ်းရှောင်ပြီး ကျန်နေရစ်ခဲ့ခြင်း ဖြစ်၏။ (ဆရာတော်က ဦးသုန်ထင်သလိုမဟုတ်ဘဲ နောင်တွင် သနားခွင့်လွှတ်ခဲ့ပါ၏။)

အခန်း (၉)

## ဂျာမနီမှ ဂျပန်စားဖိုမှူးများ

ဆိုင်ထဲကို ခြေလှမ်းဝင်လိုက်ပြီ ဆိုသည်နှင့် ဘယ်ဘက်တစ်ခြမ်းလုံးမှာ ဂျပန်နိုင်ငံလုပ် တံဆိပ်အမျိုးမျိုးနှင့် အရက်ပုလင်း၊ ဘီယာပုလင်းနှင့် ဘူးများ၊ ဝိုင်ပုလင်းများ နံရံတစ်ခုလုံးမှာ ပြည့်နှက်နေတာ တွေ့ရမည်ဖြစ်သည်။ ဆိုင်ထိပ်ဦးပိုင်းမှာမူ ဘုရားစင်တစ်ခု။

ကိုယ်က အိမ်တွင်းအိမ်ပြင် အတတ်နိုင်ဆုံး အမှတ်သတိကပ်ပြီးနေသူ ဖြစ်ပေမယ့် လောကီဝတ်ကြောင်ကို မစွန့်နိုင်သေးဘဲ လောကီအလုပ်တွေမှာ ကျင်လည်နေရသရွေ့ ဒါတွေ ကြုံနေရဦးမည်ဖြစ်ကြောင်း ကိုထွန်းမြင့်ဝင်း သဘောပေါက်ပြီး ဖြစ်သည်။ ဆိုင်ထဲ ရောက်သည်နှင့် ပင်ပန်းနွမ်းနယ်မှုနှင့် စိတ်ကျဉ်းကျပ်မှုတွေက ဆီးကြိုနှင့်ပြီးဖြစ်သည်။

သူ့အဖြစ်က ထူးဆန်းပေစွ၊ ဥရောပက ဂျာမနီနိုင်ငံမှာ ရောက်နေပြီး ဂျပန်လူမျိုးပိုင်သော ဂျပန်စားသောက်ဆိုင်မှာ လက်ထောက်စားဖိုမှူးအလုပ်ကို လုပ်နေရ၏။ ထို ဂျပန်စားသောက်ဆိုင်က ရုတ်တရက် ကြည့်လျှင် ဆိုင်က သိပ်မကျယ်ဝန်းသဖြင့် အလုပ် သိပ်ကျမည် မထင်ရသော်လည်း နာမည်ရပြီး သန့်ရှင်းလတ်ဆတ်မှုကို အထူးဂရုစိုက်သောကြောင့် ဧည့်သည်များလှပြီး တစ်ဖွဲ့မပြီးခင် တစ်ဖွဲ့ စိတ်ရှည်လက်ရှည် တန်းစီရင်း ရပ်စောင့်နေသော ဆိုင်မျိုးဖြစ်သဖြင့် မယုံနိုင်စရာကောင်းလောက်အောင် ပင်ပန်း၏။

ဆိုင်ရှင် ကိုရွှေဂျပန်က သဘောကောင်းသည် ပြောရလည်းအခက် သဘောမကောင်းဘူး ပြောရလည်း ခက်သော လူစားမျိုးဖြစ်၏။ သူ့ဘဝက မိုးပေါ်ကကျသည့် သူဌေးမျိုး မဟုတ်ဘဲ ပန်းကန်ဆေးသည့် အလုပ်သမားဘဝမှာ အောက်သက်ကျေပြီးမှ ကိုယ်ပိုင်ငွေဖြင့် ဆိုင်ဖွင့်ပြီး သူဌေးဖြစ်လာသူပင်။ ဆိုင် စဖွင့်ခါစက ပြုတ်လုပြုတ်လုဖြင့် နောက်ပိုင်း ထောင်တက်သွား၏။ အလုပ်သမားများ၏ အလုပ်၊ စိတ်ပိုင်း၊ ရုပ်ပိုင်း အသေးအမွှမကျန် သိထားပြီးဖြစ်၍ သူသိပြီးဖြစ်ကြောင်းကိုလည်း လာပြတတ်၏။ တစ်ခါတစ်ရံ မြင်လျက်နှင့် မသိချင်ယောင်ဆောင်သွားတတ်သော ကိုယ်ချင်းစာတတ်ပုံလည်း တွေ့ရတတ်သည်။ အကြီးကြီးမှားလို့ တောင်းပန်လိုက်လျှင် ကျေနပ်သွားတာလည်း ရှိသလို အသေးအဖွဲကို ခွင့်မလွှတ်ချင်တာမျိုးလည်း တွေ့ရတတ်သည်။ အကဲခတ်ရန် သိပ်မလွယ်လှ။ ရာခိုင်နှုန်းနှင့် ပြောရလျှင်တော့ သဘောကောင်းတဲ့ဘက်က ပိုများသည်ဟု ပြောနိုင်ပါသည်။

ဆိုင်က ဝင်ဝင်ချင်း အခန်းမှာ စားပွဲခြောက်လုံးရှိပြီး ဆက်ဝင်လာလျှင် ဘယ်ဘက် အခြမ်း အရက်ပုလင်းစင် လုပ်ထားသော နံရံရှေ့မှာ စုရှိဘားနှင့် ကောင်တာမှာ ခုံမြင့်လေးများ ဆယ့်နှစ်လုံးစီထား၏။

ဆက်၍ ဝင်လာလျှင်တော့ ခန်းဆီးနောက်မှာ ချက်ပြုတ်ရန် ဂက်စ်မီးဖိုနှင့် မီးဖိုစင်၊ မီးဖိုစင်နှင့် တစ်တန်းတည်းမှာ လျှပ်စစ်အကြော်အိုး နှစ်လုံးနှင့် လျှပ်စစ် အကင်စက်ကြီး တစ်လုံးရှိ၏။ မီးဖိုက ဖိုခြောက်လုံးပါ၏။

မီးဖိုက ဘုံသုံးကြပြီး အကင်စက်ကြီးနှင့် အကြော်အိုးနှစ်အိုးကတော့ ကိုထွန်းမြင့်ဝင်း တာဝန်ဖြစ်၏။ အလုပ်ခံ့ အောက်ပိုင်းတွေက ဆွဲလုပ်လိုက်လျှင် အလွယ်တကူ ယူသုံးလို့ ရသော ရေခဲသေတ္တာများဖြစ်၏။ စားပွဲခုံက စတီးလ်။ မီးဖိုဆောင် တစ်ဖက်အစွန်မှာ သုံးလုံး တန်းစီထား၏။ ရေခဲသေတ္တာများဘေးတွင်တော့ ရေဆေးကန်နှင့် ငါးလှီးသော နေရာပြီးလျှင် ဆလတ်ပွဲပြင်သောနေရာ၊ ၎င်းနေရာနှင့် မီးဖိုကြားမှာ ပန်းကန်ဆေးစက် အကြီး၊ ဆွဲချလျှင် အလိုအလျောက် စက်လည်ပတ်ပြီး ဆွဲမလိုက်လျှင် စက်ရပ်သွားသော အပူငွေ့ပါ ပေးသည့် ပန်းကန်ဆေးစက်ဖြစ်၏။

အလုပ်သမားက မြန်မာသုံးယောက်၊ ဖိလစ်ပိုင် လေးယောက်နှင့် ဂျပန်အမျိုးသမီး စားပွဲထိုးနှစ်ယောက်ဖြစ်၏။ ပိုင်ရှင် ဂျပန်ကလည်း သူ့ကိုယ်သူ အလုပ်သမားတစ်ယောက် အဖြစ် ခံယူပြီး 'စုရှိ' လိပ်၏။ တစ်ပ်မန်းနီး (Tip Money) ခေါ် စားသုံးသူများ ဆုချခဲ့သည့် ငွေကလည်း တစ်ရက်တစ်ရက်လျှင် မနည်းလှသဖြင့် ပိုင်ရှင်လည်း ဝေစုဝင်ယူ၏။ ဂျပန် လူမျိုးပီပီ လူသားမှ ဟုတ်ရဲ့လား အောက်မေ့ရလောက်အောင် အလုပ်ကို မနားမနေ လုပ်၏။ အလုပ်မှာပျော်သည့် အလုပ် (သို့မဟုတ်) ငွေ၏ ကျေးကျွန်ဖြစ်ရာ လူလတ်ပိုင်း အသက်ငါးဆယ်သာရှိသေးသည့်တိုင် အိမ်ထောင်ရေးမှာ အနုတ်လက္ခဏာ ပြနေ၏။ သားတစ် ယောက်က ကျောင်းတက်၊ မိန်းမက နည်းပြငှားပြီး တင်းနစ်ရိုက်ကာ၊ အိမ်ပြန်ရောက်ချိန် မိန်းမက အိပ်နှင့်ပြီ၊ မနက်ထလာတော့ မိန်းမနှင့် ကလေးက မနိုးသေး။ တနင်္ဂနွေနေ့ ပိတ်ရက်တစ်ရက်တည်း အိမ်နားရ၏။ အလုပ်သမားတွေက တစ်ပတ်လျှင် နေ့ဝက် နှစ်ကြိမ်စီ အနားယူသည့်တိုင် သူက လွှတ်မထားရဲသည့်အတွက် တနင်္ဂနွေတစ်ရက်မှ လွဲ၍ နားရက်မယူ။ ငွေကြေး အဆင်ပြေသလောက် အိမ်ထောင်ရေး အနုတ်ပြသွားခြင်း ဖြစ်၏။

စိတ်မချမ်းမြေ့ပေမယ့် စားသောက်ဆိုင်ပိုင်ရှင်တို့၏ ထုံးစံ၊ ပြုံးချင်ယောင် ဆောင်နေရ သော ဆိုင်ရှင်ကိုထွန်းမြင့်ဝင်းက အပြန်အလှန် နှုတ်ဆက်ပြီးမှ မီးဖိုဆောင်ထဲ ဝင်ခဲ့ခြင်း ဖြစ်၏။

'အိုဟိုင်းယို' 'အိုဟိုင်းယို'

မီးဖိုထဲရောက်တော့ စိုးကြီးဟု သူခေါ်နေကျ စားဖိုမှူး ကိုစိုးမြင့် ရောက်နှင့်နေပြီ။ အင်္ကျီသွားလဲရင်း လှမ်းနှုတ်ဆက်လိုက်တော့ စိုးကြီးခမျာ ပြန်တောင် နှုတ်မဆက်နိုင်။ အော်ဒါစာရွက်ကို အသည်းအသန် ငုံ့ကြည့်ရင်း မျက်နှာဆီးရွက်လောက်နှင့် လှမ်းပြောသံ ကြားရ၏။

'အော်ဒါ လာတယ်အစ်ကိုရေ ဖိုထဲကချည်းပဲ၊ ကိုယ့်အလုပ်က ဘာမှ မပြင်ရသေးဘူး' ပြောပြီး ဟင်းကနဲ သက်ပြင်းချ၏။ သူပြောသော အော်ဒါဆိုသည်က တစ်ယောက်စာ

နှစ်ယောက်စာဆိုလျှင် စကားထဲ ထည့်မပြော၊ မွေးနေ့တို့ ပါတီတို့ဆိုလျှင် အနည်းဆုံးကတော့ ခုနှစ်ယောက်စာ၊ သူဌေး ကံကောင်းပြီး ကိုယ်ကံမကောင်းလျှင် တစ်ခါတစ်ရံ လူနှစ်ဆယ်စာ၊ အစိတ်စာ၊ '၁၁ နာရီ လာယူမှာတဲ့ အစ်ကိုရေ တကယ့်အချိန်ပဲ'။ မှန်သည် လူကျသော အချိန်ဖြစ်၏။ ညည်းညည်းညူညူနှင့်ပင် နှစ်ယောက်သား ဆိုင်ရောင်းဖို့က တစ်ဖက် အော်ဒါအတွက်က တစ်ဖက် လုံးပန်းကြရပါတော့သည်။

နောက်ထပ် မြန်မာတစ်ယောက်ဖြစ်တဲ့ နေမျိုး ရောက်လာတော့ ကူညီမည့်သူ တစ်ယောက်တိုးလာပြီး စိတ်ညစ်စရာမှ နောက်ရင်းပြောင်ရင်း ရယ်မောစရာ ဖြစ်သွားပါလေ၏။

တကယ်တော့ 'စိုးကြီး' အတွက် ဒီလို အဖြစ်က အဆန်းတကြယ်မဟုတ်ပါ။ ဒီဆိုင်မှာ စားဖိုမှူးဖြစ်လာဖို့ ကိုးနှစ်ဆယ်နှစ် ပန်းကန်ဆေးရင်းမှ လေ့လာသင်ကြားပြီး ဂျပန်လူမျိုး စားဖိုမှူး ထွက်သွားတော့ ဆိုင်သက်ဆယ်နှစ်မှာ စားဖိုမှူးဖြစ်လာခြင်းပင်။ ဒါပေမဲ့ ညည်းလိုက်၊ ဆောင့်အောင့်လိုက်ရမှ စိတ်ထဲပေါ့သွားခြင်းက သူ့ဝသီဖြစ်နေ၏။

ဒီဆိုင်ကို 'ကိုထွန်းမြင့်ဝင်း' ရောက်လာခြင်းကလည်း စက်ရုံတစ်ရုံမှထွက်ပြီး အလုပ်မရှိ ဖြစ်နေခိုက် 'စိုးကြီး' က သူဌေးကို ပြောပြီး ခေါ်ခြင်းဖြစ်၏။ ဒီလို ကိုယ့်သူဌေးကို အာမခံပြီး ခေါ်ခန့်ရတာ တကယ်တော့ စွန့်စားရာရောက်၍ မြန်မာများ ရှောင်ကြတာများ၏။ ကိုထွန်းမြင့်ဝင်းဖနီး မြန်မာပြည်မှ ဂျာမနီရောက်မလာမီအထိ 'စိုးကြီး' နှင့်အတူ နှစ်ပေါင်းများစွာ အတူနေလာခဲ့ဖူး၍ တစ်ယောက်စိတ် တစ်ယောက် သိပြီးဖြစ်၍သာ ခေါ်ရဲခြင်းဖြစ်၏။

ကိုထွန်းမြင့်ဝင်း အလုပ်ဝင်စက သူဘာပဲအမှားလုပ်လုပ် သူဌေးက စိုးကြီးခေါင်းပေါ်ပဲ အပြစ်တင်တာတွေ တွေ့ရတော့ 'စိုးကြီး'ကို သနားပြီး ထွက်ဖို့အထိပင် စဉ်းစားဖူး၏။ အလုပ်တွေ ခဏခဏတော့လည်း မပြောင်းချင် နောက်ပိုင်း သူဌေးက အကောင်းအဆိုး တိုက်ရိုက်ပြောလာ၍ တစ်ရက်ပြီးတစ်ရက် တစ်လပြီးတစ်လ တိုးတိုးလာရင်း အခုတော့ တစ်နှစ်ခွဲပင် ရှိနေချေပြီ။ ဤသို့ ကိုယ့်ဆိုင်ကို သို့မဟုတ် ကိုယ့်အလုပ်ကို အပေါင်းအသင်း ခေါ်လာခြင်းက တစ်ခါတစ်ရံ ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်တတ်၏။ ကိုယ်ခေါ်လာသူက ပေါက်ကရတွေ အမှားတွေလုပ်ရင် ကိုယ်ပဲ မျက်နှာပျက်ရ၏။ တစ်ချို့ကျတော့ ကိုယ့်နေရာကိုပင် လုတတ်၏။ ချောက်ချတတ်၏။ ဘေးပတ်ဝန်းကျင်မှာ ကျေးဇူးကန်းစကား ပြော၏။ နောက်ပိုင်း သူဌေးနှင့် ရင်းနှီးလာလျှင် ကိုယ့်ခေါ်သွင်းပေးသူကိုပင် ကျော်လုပ်၏။ မထေမဲ့မြင်လုပ်၏။ ကိုယ့်အောက်ပင် ပြန်သွင်းချင်၏။ ကျေးဇူး မသိသူများ၏။ စားသောက်ဆိုင် တစ်ဆိုင်တည်း အခန်းကျဉ်းထဲတွင် လူချင်းထိလုမတတ် အလုပ်လုပ်ကြရင်း ပြဿနာတွေ အရှုပ်ပေါက်အောင် ရှုပ်ထွေးပွေလီလှ၏။

သူဌေး၏ လက်ထောက်က ဖိလစ်ပိုင်လူမျိုးဖြစ်ပြီး ဆိုင်ကအသားတွေ တန်ဖိုးကြီးတာတွေ အမြဲခိုး၏။ သူဌေးက ရိပ်မိသော်လည်း တည့်မပြောရဲ။ တစ်နေ့တစ်နေ့ ရောင်းရငွေတွေ သူဌေးက လျှော့ပြပြီး တရားမဝင် အခွန်ရှောင်တာလည်း လက်ထောက်က သိနေသည်။ ဖိလစ်ပိုင်လက်ထောက်က စားဖိုမှူး 'စိုးကြီး'ကို အမြဲအပြစ်ရှာ၏။ အကြောင်းက သူ့ညီဖာကို 'စိုးကြီး' မနာခံ၍ ဖြစ်၏။ ဖိလစ်ပိုင် လေးယောက်စလုံး တစ်ယောက်နှင့်

တစ်ယောက်မတည့်သော်လည်း လူအမြင်မှာတော့ တည့်ဟန်ဆောင် နေကြ၏။ မြန်မာပဲ ဖြစ်ဖြစ်၊ ဖိလစ်ပိုင်ပဲဖြစ်ဖြစ် တစ်ယောက်ကိုတစ်ယောက် လုံးလုံးကြီး ယုံစားဖို့တော့ မဝံ့ကြဘဲ 'စိုးကြီး' နှင့် 'ကိုထွန်းမြင့်ဝင်း' နှစ်ယောက်ကတော့ ခြွင်းချက် ဖြစ်၏။ ဒါတောင် မြန်မာအသိုင်း အဝိုင်းထဲက အစွမ်းကုန်တော့ တွန်းကြတိုက်ကြသေး၏။ ကိုထွန်းမြင့်ဝင်းကတော့ အသက်ကြီးပိုင်းမို့ ဒါတွေကို သိပ်မခံစားပါ။ 'စိုးကြီး' ကတော့ အသက်လေးဆယ် မရင့်တရင့် အရွယ် ပြောလွန်းရင် ယုံချင်လာပေမယ့် စိတ်ဓာတ်အခံက ကောင်းလွန်း၍ ထိန်းထိန်းသိမ်းသိမ်း ရှိလှပေသည်။

ဖိလစ်ပိုင်နှင့် မြန်မာတွေ တည့်သလားဆိုတော့လည်း အပေါ်ယံပဲ တည့်ပြီး အတွင်း စိတ်မတည့်ပါ၊ ချက်ကောင်း တွေ့ရင်တွေ့သလို တွယ်တတ်ပါသည်။ ဆိုင်ရှင်ဂျပန်ကလည်း အလုပ်သမားအချင်းချင်း သိပ်တည့်နေလျှင် သဘောမကျပါ။ ခွဲခြားအုပ်ချုပ်သည့်နည်းကို သိထားပါသည်။

ဘာပဲဖြစ်ဖြစ် နေ့လယ်စာတော့ အတူ လက်ဆုံစားကြပါသည်။ တစ်ဆိုင်လုံး စားဖို့ ဟင်းနှစ်မယ်ကိုတော့ ကိုထွန်းမြင့်ဝင်းက စီစဉ်ချက်ပြုတ်ပေးရပါသည်။

အခန်း (၁၀)

## ရောင်းအကောင်းဆုံး ဂျပန်ဆိုင်

ဂျပန်ဆိုင်ထဲမှာ ညှော်သည်တွေက အပြည့်အသိပ် 'စုရှိ' ဘားဘေးက ခုံတွေထဲမှာ အပို ဆောင်ထားသော ခုံတစ်ခုံပင် ထပ်တိုး၍ ထည့်ထားရ၏။ ဖွဲကောင်းကောင်းနှင့် တန်းစီပြီး ခုံအအားကို စောင့်နေကြသူများလည်း မနည်းလှ။ ဆိုင်က သန့်ရှင်းလတ်ဆတ်ပြီး အရသာ ရှိတာလည်း ပါသလို 'ဖရန့်ဖွတ်' မြို့ သတင်းစာထဲမှာ 'တစ်' ပေးထားသော ဆိုင်စာရင်း မှာလည်း အမြဲလိုလို ပထမ၊ ဒုတိယ၊ တတိယတန်းထဲ ပါနေ၍လည်း တစ်ကြောင်း လူတွေရဲ့ သဘောက 'နေရာရဖို့ ခက်သည့်' ဆိုင်မှာမှ စားချင်သောက်ချင်လေ့ရှိသည်က တစ်ကြောင်း ရောင်းကောင်းလှ၏။

ကိုယ့်ရှေ့မှာ စောင့်ရမည့်သူများလွန်း၍ ပြန်သွားရသူများလည်း မနည်းလှ။ စောစော စီးစီး အချိန်ကိုက် နေရာရသူများက အနည်းဆုံး သုံးရက်လောက် ကြိုတင်၍ မှာထားသော ကြောင့်သာ အဆင်ပြေကြရ၏။

ညှော်သည်များ စကားပြောသံ၊စားပွဲထိုးများ ပြောသံ၊ မီးဖိုထဲမှ ချက်ပြုတ်ကြော်လှော်သံ တွေနှင့် သွေးပျက်ဖွယ်ကောင်းလောက်အောင် သက်ဝင်လှုပ်ရှားနေ၏။ အရေးထဲမှာ ဂျပန်မှ ဂျာမနီလာပြီး 'တယော' ပညာ လာသင်နေသော မျက်မှန်ထူထူနှင့် ဂျပန် ကျောင်းသား စားပွဲထိုးလေးက ဟင်းခွက်တွေ မှောက်ချပစ်ပြန်၏။ သူက တစ်ပတ် တစ်ကြိမ်လောက်တော့ မှောက်ရင်လည်း မှောက်ရမှ မှားရင်လည်း မှားရမှ။ ဘာပဲပြောပြော ကိုထွန်းမြင့်ဝင်းက သနားတတ်သူဖြစ်၍ အမြဲသွား၍ ကူရှင်းပေးရင်းနှစ်သိမ့်လေ့ရှိ၏။

စားဖိုမှူးနှင့် လက်ထောက်စားဖိုမှူးက ဘေးချင်းယှဉ်၍ တစ်စားပွဲတည်း အလုပ်လုပ် နေရသော်လည်း စကားပြောချိန်ပင် သိပ်မရ၊ အတိုင်အဖောက်လည်း ညီကြရ၏။ တစ်ယောက် လိုတာ တစ်ယောက်၊ တစ်ယောက် လုပ်နေဆဲအလုပ်ကို တစ်ယောက် အလစ်မပေးတမ်း ကူညီဖြည့်ဆည်းကြရ၏။

ကိုထွန်းမြင့်ဝင်းက အချက်အပြုတ်မှာ ကန်တော်ကြီးသင်တန်းဆင်း။ ကန်တော်ကြီးမှာ စာသင်ခဲ့သည်က အနောက်တိုင်းနည်း၊ ဂျပန်ဆိုင်က အရှေ့တိုင်းနည်းဖြစ်၍ သန့်ရှင်းမှုက လွဲ၍ နည်းစနစ်ကျတော့ ဆန့်ကျင်ဘက်။ 'စိုးကြီး' သာ ကူညီသင်ပြပြီး လက်တွဲမခေါ်လျှင် ဂျပန် အချက်အပြုတ်မှာ အိုးနင်းခွက်နင်း ဖြစ်မည်မှာမုချ။

ဆိုင်ရှင်သူဌေးနှင့် သူလက်ထောက် ဖိလစ်ပိုင်တို့က စုရှိဘားမှာ စုရှိလိပ်ကြ၏။ တွဲဖက် စားသုံးရန် ချက်ပြုတ်ကြော်လှော်၍ ကင်ရသည်များကျတော့ မီးဖိုချောင်ထဲမှာ စိုးကြီးနှင့်

ကိုထွန်းမြင့်ဝင်း တာဝန်။ ဆလတ်ပွဲခေါ် အသီးအနှံစိမ်းများ၊ ဒဲဆတ် (dessert) ခေါ် အချိုပွဲ သစ်သီးပွဲများက ပန်းကန်ဆေးသူမှတဲ့၍ တာဝန်ယူရန်ဖြစ်သည်။ နေ့စဉ် ငါး အသားများ လတ်လတ်ဆတ်ဆတ် လှီးဖို့က ဖိလစ်ပိုင်နှစ်ယောက် လုပ်ကြ၏။ နေ့စဉ် အနည်းဆုံး ငါးအရှင်တစ်ကောင် ပါနေကျဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များဖြစ်သည့် မြန်မာတို့က ရှောင်ကြ၏။

သူဌေးက အလုပ်သမားအရေအတွက် ခိုထား၍ စိုးကြီးနှင့်ကိုထွန်းမြင့်ဝင်း နှစ်ယောက် ဆိုသော်လည်း သုံးယောက်စာ လုပ်ကြရ၏။ သူတို့နှစ်ယောက် မလုပ်မီ သုံးယောက် အလုပ်ဖြစ်ပြီး သူတို့နှစ်ယောက် တက်ညီလက်ညီ နိုင်နင်းမှန်း ရိပ်မိသွားတော့ နောက် တစ်ယောက် မခန့်တော့ဘဲ ဆိုင်ရှင်က ရှူးချင်ယောင် ဆောင်နေခဲ့၏။ သည့်အတွက် လုပ်ခ နည်းနည်းစီပဲ တိုးပေး၏။ အခွင့်အရေး နည်းနည်းပေး၏။ ခါတိုင်းတစ်ပတ်လျှင် တစ်ရက်ခွဲ နားရပြီး အခုတစ်ပတ်လျှင် တနင်္ဂနွေ တစ်ရက်လုံးအပြင် နေ့ဝက်နှစ်ကြိမ် နားကြရ၏။ နေ့တစ်ဝက် ပိုနားရသည်မှာလည်း အလွန်သိသာလှပါ၏။ သည်နေ့ တစ်ဝက်သာ အပို မနားခဲ့ရလျှင် အသက် မြန်မြန်တိုပေမည်။ မြန်မြန်သေမည်ပဲပေါ့။

စိုးကြီးကလည်း စားဖိုမှူးအသစ် (ဒါပေမဲ့ စိုးကြီးက လက်ထောက် စားဖိုမှူးတုန်းက အမြဲထိတွေ့ခဲ့ပြီး အတွေ့အကြုံ ရှိခဲ့ပြီးဖြစ်၏) ကိုထွန်းမြင့်ဝင်းကလည်း ဂျပန်ဆိုင် အတွေ့ အကြုံမရှိဘဲ လက်ထောက်စားဖိုမှူးအသစ်၊ နှစ်ယောက်စလုံး ပြေနေအောင် ကြိုးစား ကြရပါ သည်။ မြန်မာတွေ အလုပ်မနိုင်ဟူသော သိက္ခာလည်း အကျမခံချင်။ ကိုထွန်းမြင့်ဝင်းက ကန်တော်ကြီး သင်တန်းဆင်းပြီးသည်နှင့် Chief Cook အဖြစ် သင်္ဘောလိုက်သည်မှ လွဲ၍ ဘယ်ဆိုင်မှာမှ မလုပ်ဖူးခဲ့။ ဒါပေမဲ့ ကန်တော်ကြီးက သင်ကြားပေးလိုက်သော အခြေခံ သဘောတရားများက မည်သည့်နိုင်ငံ၊ မည်သည့် ဟင်းမျိုးဖြစ်စေ သိပ်မဝေးလှဘဲ သင်ယူရ လွယ်၏။ အနောက်တိုင်းနည်းကား လှီးလျှင် နောက်ပြန်ဆွဲသည်။ ဂျပန်က ရှေ့တိုး၍ လှီး၏။ အနောက်တိုင်းမှာ ကြက်သွန်မြိတ်ကို သေးလွန်းလျှင် လက်မခံ။ ဂျပန်မှာ ပါးလေကောင်းလေ။ အားလုံးနီးပါး ပြောင်းလဲ လေ့ကျင့်ခဲ့ရ၏။ အသီးနှင့် ဥများကို အခွံသင်လျှင်လည်း နောက်ဆွဲနှင့် ရှေ့ဆွဲ။ စိုးကြီးအတွက်လည်း ကိုထွန်းမြင့်ဝင်းက အသုံးတည့် ပါ၏။ စားဖိုမှူးအသစ်အတွက် ယုံကြည်စိတ်ချရပြီး သစ္စာရှိမည့် လက်တွဲဖက် ရှိဖို့လိုသည်။

နေ့လယ် ၁ နာရီထိုးသည်နှင့် ဆိုင်ရှင်နှင့်အလုပ်သမား အားလုံးစားဖို့ ဟင်းနှစ်မည်ကို ကိုထွန်းမြင့်ဝင်း ချက်လေ့ရှိ၏။ ဒီနေ့ ဝက်နံရိုးချိုချဉ်၊ မနက်ပိုင်း ရောင်းလို့ပိုသည့် အထဲက ကြက်ဝက်ငါးလေးတွေ ကြော်လိုက်သည်။ စားရာမှာ နင်မနေအောင် ဝက်နံရိုးဟင်း ချိုချဉ်ကို မပျစ်မကျဲ ချက်ပေးသည်။ ဆလတ်ပွဲ တာဝန်ယူထားသူက ဆလတ်ပွဲ ကျန်တာ လေးတွေ လိုက်ချပေးသည်။ မိမိနှစ်သက်ရာ အချိုရည်တစ်ခွက်စီနှင့် ခပ်သုတ်သုတ်စားကြ၏။ ဗိုက်ဆွဲပြီး စားလျှင် နားချိန်လျော့မှာ ကြောက်ကြသည်။

ထမင်းစားပြီးတော့ မနက်ပိုင်းရသည့် တစ်မန်းနီး (ဘောက်ဆူးငွေ) ခွဲယူကြသည်။ မနက်ပိုင်း တစ်ပိုင်းအတွက် ၅ ယူရိုနှင့် ၁၀ ယူရိုကြားထဲ ကိုယ်စီရကြ၏။ တစ်လလျှင်

ငှင်း တစ်မန်းနီး (ဘောက်ဆူး) ၆၀၀ ယူရို ပတ်ဝန်းကျင်ရ၍ လစာနှင့် ပေါင်းလိုက်လျှင် ယူရို ၂၀၀၀ ကျော်လေ့ရှိ၏။

မနက်ပိုင်းပြီးသည်နှင့် ကိုထွန်းမြင့်ဝင်းက မောင်ကျော်နိုင်၊ မြဝတ်ရည်တို့အိမ်မှာ သွားနား၏။ သူတို့က ဂျာမနီကို ရောက်ကတည်းက ခုထိ ဆွေမျိုးသားချင်းလို ရင်းနှီးနေသော မိသားစုဖြစ်၏။ အခုကလေးနှစ်ယောက်ကို သူတို့ ဂျာမနီမှာ မွေးပြီးခဲ့ပြီ။ ယခုတိုင် ခင်မင်မြဲဖြစ်သည့်အပြင် ယခုလည်း ကိုထွန်းမြင့်ဝင်း နားချိန်မှာ ပြည့်ပြည့်ဝဝနားပြီး အိပ်နိုင်ရန် အခန်းတစ်ခန်း သီးသန့်ပေးထားသည်။ အခန်းသော့ပါ တစ်စုံပေးထား၏။ ကိုထွန်းမြင့်ဝင်း အိမ်က ဖရန့်ဖွတ်မြို့နှင့် မိုင် ၂၀ ကျော်ဝေး၏။ နေ့လယ် နားချိန်နှစ်နာရီခွဲကို အိမ်အထိ ပြန်နားမည်ဆိုလျှင် ရထားပေါ်တင် အချိန်ကုန်ပြီး နားချိန်မရှိတော့။ အခု မောင်ကျော်နိုင်တို့ အိမ်ကျတော့ မိနစ် ၂၀ လောက်ပဲ ဝေးသည့်အတွက် ကောင်းကောင်း နားရပါသည်။ ကောင်းကောင်းနားရသည့်အတွက် ညနေခင်းပိုင်း အလုပ်ကောင်းကောင်း လုပ်နိုင်ပါသည်။ မောင်ကျော်နိုင်၊မြတ်ဝတ်ရည်တို့၏ ကျေးဇူးပါပဲ။

နားပြီး ညနေပိုင်း အလုပ်ပြန်ဆင်းတော့ နားထားသည့် အရှိန်ကြောင့် သွေးကတော့ အေးနေသည်။ အပြင်မှာလည်း ဆောင်းရာသီဖြစ်၍ တစ်လောကလုံး နှင်းတွေ ဖွေးဖွေး လှုပ်လို့နေသည်။ အဖြူရောင်နှင်းဖတ်တွေက လမ်းပေါ်မှာ အပုံလိုက် နှင်းရှင်းသည့် ကားတွေက အခါမလပ် လာရှင်းနေကြရသည်။ လူတွေ မချော်အောင် ပလက်ဖောင်းတွေ ပေါ်မှာ ကျောက်စရစ် အမှုန်လေးများ ကြဲဖြန့်ပေးသွားကြ၏။

နှင်းတွေက အဆုပ်လိုက် အဆုပ်လိုက်ကျနေ၏။ ဂျာမနီကိုရောက်စက အထူးအဆန်း ဖြစ်၍ သဘောကျသော နှင်းများက အခု ရန်သူသဖွယ် အနှောင့်အယှက် ဖြစ်လာကြ၏။ လမ်းလျှောက်လျှင် အင်္ကျီသုံးလေးထပ်၊ ဘောင်းဘီနှစ်ထပ်၊ လက်အိပ်အပြင် နားရွက် လုံသည့် အနွေးဦးထုပ်နှင့် မာဖလာပါပါမှ အဆင်ပြေ၏။ လေထုက သွေးခဲမတတ် အေးနေသည် မဟုတ်ပါလား။

ညနေခင်းက မနက်ပိုင်းလောက် အလုပ်မများပေမယ့် အလုပ်ကတော့ ပင်ပန်းသည် သာ။ အလုပ်ပင်ပန်းသည့် ကြားထဲ အလုပ်ရှင်က အချက်အပြုတ် ဝါသနာပါသူဖြစ်ပြီး ဟိုဟာထွင်ချက်၊ သည်ဟာထွင်ချက် ရှေ့မှာ အေးအေးမနေဘဲ မီးဖိုထဲ လာလာရှုပ်တော့ ကိုထွန်းမြင့်ဝင်းတို့နှစ်ယောက် စိတ်ပါ ပင်ပန်းကြရသည်။ သူတို့ အလုပ်လုပ်ပုံကို အားလုံး ကမသိမသာ အကဲခတ်နေသည်ဟုလည်း ခံစားကြရ၏။ ဘာပဲဖြစ်ဖြစ် အလုပ်ရှင်ကတော့ သူတို့ နှစ်ယောက်အတွဲကို သဘောကျနေတာ သိသာပါသည်။

စားသုံးသူများထဲမှာလည်း လူအမျိုးမျိုး ရှိ၏။ တချို့ စိတ်သဘောကောင်းသူ။ တချို့ စိတ်ခါတ်ညံ့သူ၊ အလိုက်သိပြီး ကိုယ်ချင်းစာတတ်သူ၊ ကိုယ်ချင်း မစာတတ်သူ၊ ဘယ်လူမျိုးမှာမဆို သည်လို အမျိုးစုံရှိမည်ထင်သည်။ တချို့ ကိုယ့်ဆံပင်မွှေး ကိုယ်ပြန်ထည့်ပြီး စားပွဲဟင်းလျာကို အလဲခိုင်းတာမျိုးလည်း ရှိသည်။ စားပွဲအသစ် လဲပေးရသည့်အပြင်

တောင်းပန်သည့် အနေဖြင့် အလကား ကျွေးလိုက်ရတာလည်းရှိ၏။ သို့သော် ဆိုင်တွေကလည်း မှတ်ထားသည်။ နောက်တစ်ခါတော့ မရ၊ ပိုက်ဆံလည်း မယူ၊ စားပွဲဟင်းလျာလည်း အသစ်လဲ မပေးတော့ဘဲ မောင်းထုတ်တာမျိုးရှိသည်။

ည ၁၀း၄၅ နာရီ ဆိုင်သိမ်းချိန်မှာတော့ အိမ်ဝေးသည့် ကိုထွန်းမြင့်ဝင်းက အရင်ဆုံး ပြန်ခွင့်ရသည်။ (ဒါကိုပင် ဖိလစ်ပိုင်တွေက မကျေနပ်၍ ကန့်ကွက်ဖူးကြ၏) ဆိုင်က အထွက်မှာတော့ လူက နုံးချည့်နေပြီ ဖြစ်သော်လည်း ရထားမီအောင် မပြေးရုံတမယ် မြေအောက်ဘူတာရုံကို လျှောက်ရပြန်ပါသည်။

Konstablerwache (ကွန်စတာဘလာလာဘာဂါ) ဘူတာမှတစ်ခါ ဖရန့်ဖွတ် ဘူတာကြီးကို စီးပြီး မြေအောက်မှ မြေပေါ်စက်လှေကားနှင့်တက်၍ အဝေးရထား ပြောင်းစီးရပြန်သည်။ Heidelberg (ဟိုက်ဒယ်ဘဂ်) ရထားပြောင်းစီးပြီး Eberstadt (အေဘာစတတ်) ဘူတာမှာ ဆင်းရသည်ဖြစ်ရာ တစ်စီးမမီသည်နှင့် နောက်တစ်နာရီ စောင့်ပေတော့။ ကိုထွန်းမြင့်ဝင်းက မြေအောက်ရထားပေါ်မှာ သူများဖတ်ပြီး ထားသွားသော သတင်းစာ တစ်စောင်တစ်လေ မရခဲ့လျှင် အချိန်ရက သတင်းစာတစ်စောင် ဝယ်လေ့ရှိ၏။ အခုလည်း Bild (ဘစ်ဒ်) သတင်းစာတစ်စောင် ကိုင်၍ ရထားပေါ်တက်ပြီး မကြာမီပင် ရထားထွက်၏။

ရထားတွေက အချိန်မှန်သည်၊ ခလုတ်နှိပ်လျှင် အလိုအလျောက် တံခါးပွင့်ပြီး အလွန်သပ်ရပ်သန့်ရှင်းလှပ၍ အဆင့်မြင့်သော ရထားများဖြစ်၏။ ကိုယ့်နိုင်ငံမှာလည်း ဒါမျိုးအဆင့်တွေ ဖြစ်လာလျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။ စဉ်းစားရင်း အတိတ်ကာလ သူဂျာမနီစ၍ ရောက်လာပုံကို ပြန်တွေးမိ၏။

## အခန်း (၁၁)

## အမ်စတာဒမ်

ထိုင်းနိုင်ငံ ဒုံမောင်းလေဆိပ်မှ ဘန်ကောက်–အမ်စတာဒမ်ခရီးစဉ် ပျံသန်းမည့် တရုတ်လေကြောင်းလိုင်းပိုင် ၇၄၇ လေယာဉ်ကြီးသည် သူ့အင်အားကို အစွမ်းကုန် စိုက်ထုတ်ပြီး လေထဲသို့ ပျံဝဲတက်သွား၏။

လေယာဉ်ပေါ်တွင်တော့ ဘန်ကောက်မှ 'မြန်မာသင်္ဘောအေးဂျင့်' လုပ်ပေးလိုက်သော စာရွက်စာတမ်းများကို ကိုင်ဆောင်လျက် မြန်မာသင်္ဘောသား ၅ ဦး လိုက်ပါလာ၏။

ကိုထွန်းမြင့်ဝင်းမှလွဲ၍ ကျန်လေးယောက်က အတွေ့အကြုံရှိပြီးသား သင်္ဘောသားများဖြစ်၏။ သို့သော် ထူးခြားသည်က လေးယောက်အနက် တစ်ယောက်သာလျှင် သင်္ဘောသားစာအုပ် အစစ်နှင့်ဖြစ်ပြီး ကျန်သုံးယောက် ကိုင်ဆောင်ထားသည်က သူ့လို သင်္ဘောသားစာအုပ်အတု ကျန်စာရွက်စာတမ်းများလည်း အတုဖြစ်ခြင်းပင်။

ကိုထွန်းမြင့်ဝင်းက Over Sea Flight ရေခြားမြေခြား သမုဒ္ဒရာခြား ခရီးစဉ်သွားဖူးသူ မဟုတ်သော်လည်း ကျန်လေးယောက်က အတွေ့အကြုံရှိပြီးသူများချည်းဖြစ်ရာ အပူအပင်ကင်းမဲ့စွာ အိပ်ပျော်ရန်သာ ကြိုးစားတော့၏။

သို့သော် Destination Port ဆိုက်ရောက် လေဆိပ်ရောက်ကာနီး White Card (လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပုံစံစာရွက်) ဖြည့်ကြရသည့်အချိန်မှ စတင်၍ နောက်ပိုင်းအထိ ကျန်လေးယောက်မှာ အင်္ဂလိပ်စကားပြောရာ၌ လျှာစအာစ သူ့လောက်မရှိကြသည်ကို တွေ့လာရ၏။ သူက အစစအရာရာ ကူညီဖို့ ဝန်မလေးသူတစ်ယောက်ဖြစ်သည်။ သို့သော် သူ့ကို ကြွားဝါသည်ဟု ထင်မြင်မှာမျိုးကိုတော့ အမြဲ စိုးရိမ်နေတတ်သည်။

အမ်စတာဒမ်လေဆိပ်တွင် လေယာဉ် ချောမောစွာ ဆိုက်ရောက်ပြီးနောက် သူတို့ ၅ ဦး လူဝင်မှု ကြီးကြပ်ရေးရှေ့ တန်းစီနေစဉ်မှာပင် အမ်စတာဒမ်ရှိ သင်္ဘောကုမ္ပဏီ၏ အေးဂျင့်က နာမည် ကတ်ပြားလေးများကိုင်ရင်း သူတို့ကို လာရှာ၏။ လူဝင်မှုကြီးကြပ်ရေး အရာရှိကို သူစကား သွားပြောပြီးနောက် မြန်မာ ၅ ဦးကို သီးသန့် အခန်းတစ်ခုသို့ ခေါ်သွား၏။ အေးဂျင့်ထံတွင် သူတို့၏ စာရွက်စာတမ်းများ အပ်လိုက်၏။ အခန်းထဲမှ အရာရှိလုပ်သူက အေးဂျင့်နှင့် မေးမြန်းပြောဆိုပြီး ၄၅ မိနစ်ခန့် အကြာတွင် သူတို့ကို အေးဂျင့်က ခေါ်သွားပြီး ကားတစ်စီးပေါ် အတက်ခိုင်း၏။

လေဆိပ်ထဲတွင် အနွေးပေးထား၍ မသိသာလှသော်လည်း လေဆိပ်အပြင်ဘက်၌ လှစ်ခနဲ ဆောင့်ဝင်လာသည်က အအေးဓာတ်ဖြစ်၏။ ခိုက်ခိုက်တုန်အောင် အေးလှ၏။

နှင်းပွင့်သေးသေးလေးတွေကလည်း ဖြည်းဖြည်းချင်း ကျနေ၏။ လှလည်းလှပါ၏။ သို့သော် အေးလွန်းလှ၍ မခံစားနိုင်။

အတုမျိုးစုံ စာရွက်တွေ ကိုင်လာသည့် သူတို့ ၅ ဦး အခုမှ သက်ပြင်းချရ၏။ ကားက သူတို့ကို ပင်လယ်အောက်မှာ ဖောက်ထားသော လိုဏ်ခေါင်းထဲမှတစ်ဆင့် မောင်းနှင်သယ်ဆောင်သွားရင်း နောက်ဆုံး သင်္ဘောဆိပ်သို့ နေမဝင်မီရောက်သွားကြ၏။

သင်္ဘောဘေးမှာကပ်၍ ဆင်ထားသော ယာယီလှေကားတစ်လျှောက် နင်းတက်သွားရင်း ကိုထွန်းမြင့်ဝင်း ရင်ခုန်နေမိ၏။ ပထမဆုံး အတွေ့အကြုံပဲ။ သင်္ဘောပေါင်ပေါ်မှ အတွင်းဘက် ပြန်ဆင်းလိုက်တော့ သူ့ခြေဖဝါးများက သင်္ဘော၏ သံမဏိပြားများကို စတင်နင်းလိုက်ရပြီဖြစ်၏။ သူ တစ်ရံတစ်ဆစ်မျှ မျှော်မှန်းမထားသော သင်္ဘောသား ဘဝကို တကယ် ရောက်ခဲ့ချေပြီ။ ထူးဆန်းပေစွ။

သင်္ဘောက တန်ချိန်လေးသောင်းကျော် အတော်ကြီးမားခံ့ညားသော သင်္ဘောကြီး တစ်စင်းပါပေ။ တစ်ခုပဲ ပြောစရာရှိသည်။ သင်္ဘောက နည်းနည်းဟောင်းနေတာ သတိထားမိသည်။ တစ်ခါမှ သင်္ဘောပေါ် မတက်ဖူးသူပင် သိသာလောက်သည်။

သံပြားတွေကလည်း အေးစက်နေသည်။ ရာသီဥတုကလည်း အေးစက်နေသည်။ သင်္ဘောကြီး တစ်ခုလုံးကလည်း တိတ်ဆိတ်နေသည်။ ဟောင်းနွမ်းနေသော သင်္ဘောကြီးကို ခြုံ၍ အကဲခတ်လိုက်ပြီး ထွန်းမြင့်ဝင်း ကျောချမ်းပြီး ကြက်သီးထမိသည်။ ဆိုရိုးစကားရှိသည်။ သင်္ဘောဟောင်းများသည် သံထည် အလေးချိန်နှင့်ရောင်းသည်ထက် အာမခံငွေက မနိုင်းသာအောင် ပို၍ ရသည်။ ထို့ကြောင့် သင်္ဘောသူကြီး (မာလိန်မှူး) ကုန်းချုပ်တို့နှင့် ကုမ္ပဏီက ပင်း၍ သင်္ဘောကို သင်္ဘောသားများနှင့် အတူမြှုပ်ပစ်လေ့ရှိသည်။ သူကြီးနှင့်ကုန်းချုပ်နှစ်ယောက်သား အသက်ကယ်လှေနှင့်လစ်၍ ကုမ္ပဏီပေးသော ပိုက်ဆံယူသွားမည်။

ကိုထွန်းမြင့်ဝင်း သက်ပြင်းချလိုက်ရင်း အေးဂျင့်နှင့်အတူ သင်္ဘောဝမ်းဗိုက်ထဲ ဆင်းသွား၏။ ပထမအဆင့်က စားဖိုဆောင်နှင့် အိပ်ခန်းများ ဒုတိယအောက်အဆင့်ကျမှ စက်ခန်းဖြစ်၏။

စားဖိုဆောင်မှတစ်ဆင့် အိပ်ခန်းများဘေးမှ ဖြတ်လျှောက်ပြီး နောက် အတန်ငယ်အမြင့်တွင်ရှိ သူကြီး၏ အိပ်ခန်းနှင့် တွဲလျက် ရုံးခန်းကို ဝင်သွားကြ၏။ သူကြီးက အားလုံးကို လက်ဆွဲနှုတ်ဆက်ပြီး စာရွက်စာတမ်းများနှင့် ပတ်စပို့များကို တောင်းယူကြည့်ရှု၏။

တစ်ဦးချင်း၏ အလုပ်တာဝန်များကို မေး၏။ ကိုထွန်းမြင့်ဝင်းက သူ၏ တာဝန်ဖြစ်သော စားဖိုမှူးတာဝန်ကို ပြောသောအခါ ပါကစ္စတန် လူမျိုး သူကြီးက တလေးတစားနှင့် ထပ်မံလက်ဆွဲနှုတ်ဆက်ပြီး ရယ်ရယ်မောမောနှင့် အားပါးတရပြော၏။

'ဝမ်းသာပါတယ်၊ လူကို မြင်လိုက်တာနဲ့ မနက်ဖြန်ကစပြီး ထမင်းကောင်းကောင်းစားရတော့မယ်ဆိုတာ ယုံကြည်ပါတယ်၊ ဘုရားသခင်ပြီးရင် ကျွန်တော့်ကို ထမင်းကျွေးမှာ ဒီက Chief Cook (စားဖိုမှူး) ပါပဲ။'

ကိုထွန်းမြင့်ဝင်းကလည်း အလိုက်သင့် 'ကျေးဇူးတင်ပါတယ် ကပ္ပတိန်၊ ကျွန်တော် ကပ္ပတိန်နဲ့တကွ သင်္ဘောသားများအားလုံး စိတ်ချမ်းသာအောင် အစွမ်းကုန် ကြိုးစားသွားပါမယ် ခင်ဗျာ' ပြောလိုက်ရ၏။

ထိုစဉ်တွင် ရောက်နှင့်ပြီး မြန်မာသင်္ဘောသားတစ်ယောက် (နောင်တွင် သိရသည်မှာ E.O လျှပ်စစ်အင်ဂျင်နီယာ, ကရိန်းသမားမရှိ၍ ကရိန်း (ဝန်ချီစက်) ပါတွဲ၍ တာဝန်ကျနေသူဖြစ်သည်) ကိုထွန်းမြင့်ဝင်းစကားပြောပုံနှင့် လူပုံပန်းသဏ္ဍာန်ကို အသေအချာ အကဲခတ်လေ့လာနေသည်ကို သတိပြုမိလိုက်၏။

ထိုညအတွက် ညစာကို လက်ထောက်စားဖိုမှူးဖြစ်သူ ကျော်ကျော်က ကြိုတင်ချက်ထားနှင့်၍ သင်္ဘောသားအသစ်များ ဆာဆာနှင့် စားကြရ၏။ ကိုထွန်းမြင့်ဝင်းက စားဖိုဆောင်ကို ကြည့်လိုက်တော့ စိတ်ထဲမှာ သိပ်မသက်သာလှ။ မြင်ရသမျှ ဘာတစ်ခုမျှ သန့်ရှင်းမှု မရှိ။ ရေခဲသေတ္တာ ဖွင့်ကြည့်လိုက်တော့လည်း သပ်သပ်ရပ်ရပ်မရှိ၊ အသီးအနှံထားသည့် အအေးခန်း၊ အသားများ သိုလှောင်သည့် အအေးခန်း သန့်ရှင်းသွားအောင်လုပ်ဖို့ တော်တော်အပင်ပန်းခံရပေဦးမည်။

လက်ထောက် စားဖိုမှူးလေးကတော့ သဘောကောင်းပါသည်။ အခြေအနေကို အတိုဆုံး ရှင်းပြနေသည်။

'စားဖိုမှူးက မရှိတော့ ဖြစ်ချင်တိုင်း ဖြစ်နေတာပဲ အစ်ကိုရေ၊ ကြုံတဲ့လူက ကြုံက်သလို ချက်တော့တာပဲ၊ ပြီးတော့ အိုးတွေခွက်တွေ ပန်းကန်တွေ ဒီတိုင်းထားခဲ့၊ မီးဖိုလည်း ပြန်ပြီး သန့်ရှင်းရေး ဘယ်တော့မှ မလုပ်ဘူး အစ်ကိုရေ'

ညဘက်၌ သူကြီးရုံးခန်းမှာ အစည်းအဝေး ခေါ်သည်။ တစ်နည်းအားဖြင့် သူကြီးက တာဝန် ခွဲဝေပေးခြင်းဖြစ်သည်။ ပါကစ္စတန် သူကြီးကို ကြည့်ရတာ နိုင်ငံတကာ လူမျိုးပေါင်းစုံ အတွေ့အကြုံ ရင့်သူဟု ခန့်မှန်းရပြီး အလွန်လည်း လည်ဝယ်သူ ဖြစ်၏။

စစချင်း သူ့ပညာကို အကဲခတ်လို့ရ၏။ သူက မနိုင်၍ လွှတ်ထားရသော ဖရိုဖရဲ ဖြစ်နေသည့် မီးဖိုဆောင်အကြောင်းကို စကားချီလိုက်ပြီး ...

'အခု စားဖိုမှူးရောက်လာလို့ အားလုံး စည်းကမ်းတကျ ဆောင်ရွက်သွားမယ်လို့ မျှော်လင့်ပါတယ်၊ မီးဖိုဆောင်ကို အပ်ပါတယ်၊ အရက်နဲ့ ဘီယာကိုတော့ စက်ချုပ်ဆီမှာ အပ်ထားပြီး ရောင်းပေးပါတယ်၊ သင်္ဘောသားအားလုံး ကျွန်တော် ကပ္ပတိန်ကစပြီး မီးဖိုဆောင်နဲ့ ပတ်သက်ရင် Chief Cook ချမှတ်တဲ့ စည်းကမ်းအတိုင်း လိုက်နာပါမယ်၊ စားဖိုမှူးအနေနဲ့ တစ်ခုပဲ ဆောင်ရွက်ပေးပါ၊ ကျွန်တော့်ဆီမှာ တစ်ပတ်စာ မီနူး (ဟင်းလျာ စာရင်း) ကြိုပေးထားစေချင်ပါတယ်။ ဈေးဝယ်စာရင်းကိုတော့ သင်္ဘောသားလေး 'မစ္စတာ အီစမန်' (လူငယ်တစ်ဦးကို လက်ညှိုးထိုးပြလျက်) နဲ့ အတူ ရေးတင်ပေးပါ။'

အစည်းအဝေးပြီးတော့ သူ့ သိပ်ပင်ပန်းနွမ်းနယ်နေပြီဆိုတာ ကိုထွန်းမြင့်ဝင်း သတိထားမိ၏။ ရေချိုးချင်၏။ ရေပူပေးစက် ပျက်နေသည်ဆို၏။ (နောင်တွင် ကျော်ကျော်

ပြောပြချက်အရ မြန်မာလျှပ်စစ်အရာရှိက မြန်မာသဘော်သား အသစ်တွေကို ပညာပြသည့်အနေဖြင့် တမင်ဖြတ်ထားသည်ဆို၏။ ကောင်းလေစွ) စားဖိုမှူး အခန်းသည်လည်း အရာရှိအဆင့် အခန်းဖြစ်၏။ ထိုညတော့ ခိုက်ခိုက်တုန်အောင် အေးသည့် ဥရောပ၏ ပထမဆုံးညမှာ ရေခဲတမျှအေးသော ရေကိုချိုး၍ စောင်ထူထူခြုံကာ အိပ်လိုက်ရ၏။

# အခန်း (၁၂)

## ဥရောပတစ်နေရာကရွာကလေး

ဘယ်လ်ဂျီယံနိုင်ငံမြို့တော် ဘရပ်ဆဲလ်ခေါ်ဘရုဆဲလ် (Brussel) နှင့် ကီလိုမီတာ ၁၂၀ အကွာတွင် 'မာကင်ဖရစ်' ရွာလေး တည်ရှိ၏။ ရွာလေးက အလွန်လှပပြီး တောင်ပူစာ ပြေပြေလေး၏ ခါးပန်းတွင် တည်ထား၏။ ရွာ၏ နောက်ဘက်တွင် မြေ၊ အနေအထားက မြင့်တက်သွားပြီး ဝက်သစ်ချပင်နှင့် ထင်းရှူးပင်များ ပေါက်ရောက်နေသော တောအုပ် လည်း ရှိ၏။ သူတို့ကြောင့်လည်း ပန်းရပြီး ရွာလေးကပို၍ လှပသွား၏။

နွေအခါမှာ အစွမ်းကုန် ပွင့်လန်းလာမည့် သစ်ပင်ပန်းမာလ်များက ဆောင်းတွင်းမှာ တော့ လွန်ကဲသည့် အအေးဓာတ်ကြောင့် ခြောက်သွေ့သွေ့ပင်။ အရွက်မရှိတော့သည့် ပင်စည် ကိုင်းခြောက်များပေါ်မှာ ဆွတ်ဆွတ်ဖြူနေသည့် နှင်းပွင့်နှင်းဖတ်များက အဆုပ်လိုက်။ အခိုင် လိုက်။ အောက်မှာတော့ မြေပြင်နှင့် မြက်ခင်းပြင်ကို လုံးလုံး မမြင်ရတော့။ မြေပြင်တစ်ခုလုံး ဆားပင်လယ်ကြီးပမာ ဖွေးဖွေးလှုပ်ပြီး လမိုက်ညမှာပင် အရောင်လင်း နေပြီး ဓာတ်မီးမပါဘဲ လမ်းလျှောက်သွားလို့ရ၏။

ကားလမ်းမပေါ်မှာတော့ ကားသွားထားရာ စွပ်ကြောင်းများမှာပဲ နှင်းနှင့် ရွှံ့များရောရှ် မည်းနက်နေ၏။ ကြည့်လိုက်တိုင်း အဖြူရောင် ပင်လယ်ကြီးပမာ မျက်စိတစ်ဆုံး ဖွေးနေ၏။

'မာကင်ဖရစ်' ရွာလေးမှာ ဖြတ်သွားသည့် အဝေးကားလမ်းမဘေးရှိ အိမ်အိုအို တစ်လုံး၏ ဧည့်ခန်းထဲတွင် 'ဘိုဘို' ထိုင်နေ၏။ သူ့ရှေ့မှာတော့ 'ဘယ်လ်ဂျီယံ အဘွားကြီး' မှ အဆောင်နေသူ အားလုံးသုံးရန် ပေးထားသော ကွန်ပျူတာ အဟောင်းတစ်လုံးရှိ၏။ ဘာပဲပြောပြော ဒီကွန်ပျူတာလေးရှိနေ၍ အင်တာနက်မှ တရားနာလို့ရ၏။ အိမ်နှင့်လည်း ဆက်သွယ်လို့ရ၏။ သို့သော် သူနေ့တိုင်း ဆက်သွယ်ဖြစ်သည်က ဓမ္မမိတ်ဆွေ သုံးဦးနှင့် ဖြစ်၏။ တစ်ဦးက သူနှင့် နိုင်ငံချင်းကပ်လျက် ဂျာမနီနိုင်ငံကဖြစ်ပြီး နောက်နှစ်ဦးက ဘန်ကောက်နှင့် အမေရိကန်နိုင်ငံတွင်နေသူတို့ဖြစ်၏။ သူကတော့ ဗုဒ္ဓ၏ ဓမ္မနှင့်ပတ်သက်၍ ဗဟုသုတအနည်းဆုံးဖြစ်ပြီး သူသိချင်တာများကို အမေရိကန်မှ ဓမ္မမိတ်ဆွေဖြစ်စေ၊ ဂျာမနီမှ ဓမ္မမိတ်ဆွေဖြစ်စေ စိတ်ရှည်ရှည်ဖြင့် ဖြေပေးလေ့ရှိကြ၏။ သူဘာသာရေးဘက်ကို လုံးလုံး လျားလျား စိတ်ဝင်စားလာခြင်း အကြောင်းက သူ့ကိုယ်သူ သေတွင်းထွက်ဟု သဘောထား သည့်အချိန်မှစ၍ ဖြစ်၏။

ဖြစ်ပုံက အညာမြို့လေး တစ်မြို့ရှိ ဆေးရုံတစ်ခုမှာ လေထိုးဗိုက်အောင့်ဖြစ်ပြီး ကုသ ခံဖို့ ရောက်သွား၏။ ဆရာဝန်က စမ်းသပ်ပြီး ခွဲစိတ်ကုသရမည်ပြော၏။ သူကလည်း

ခေါင်းညိတ်လိုက်ပြီး ခွဲစိတ်ရန် ပြင်ဆင်နေဆဲ ဉပမိရုပ်ကောင်းကောင်းနှင့် ကျေးလက်ဘက်က အဘိုးကြီးတစ်ဦး ရောက်လာပြီး သူ့ဦးလေးဖြစ်သူနှင့် တွတ်ထိုးနေကြပြီးနောက် ၎င်းထောင်ထောင်မောင်းမောင်း အဘိုးကြီးကပင် သူ့ကို ဆရာဝန်နှင့် သူနာပြုတွေ မရောက်လာမီ ခွဲစိတ်ခန်းမှ ထမ်းထုတ်ခေါ်သွားပြီး တစ်ခြားဆေးခန်း ပို့လိုက်၏။ အဘိုးကြီး ပြောပြချက်အရ မနေ့ကပင် သူ့သမီး ခွဲစိတ်ပြီးနောက် သေဆုံးသွား၍ သင်္ဂြိုဟ်ခဲ့ရ၏။ သူ့သမီးကလေးယောက်မြောက် ခွဲစိတ်ပြီး သေရသူဖြစ်၏။ သူ့ရှေ့ သုံးယောက်လည်း ဆက်တိုက်ခွဲစိတ်ပြီး သေဆုံးသူတွေဖြစ်၏။ 'ဘိုဘို' သာ အခွဲခံရလျှင် ငါးယောက်မြောက် ဖြစ်မှာသေချာကြောင်း၊ ထိုဆရာဝန်က ခွဲစိတ်စရာမလိုသော ရောဂါရှင်များကိုလည်း ခွဲစိတ်လေ့ရှိကြောင်း၊ မကျွမ်းကျင်ဘဲ စမ်းသပ်နေပုံရကြောင်း၊ နာမည်ပြောင်နှင့် 'ဒေါက်တာ ကြေးစည်' ဟု ပေးထားကြောင်း ဘိုဘိုကို သူ့သမီးလို မဖြစ်စေလို၍ စေတနာဖြင့် ကယ်ထုတ်လာခြင်းဖြစ်ကြောင်း အသည်းယားစဖွယ် ဘိုဘို ကြားသိလိုက်ရ၏။

နောက်ရောက်သည့် ဆေးခန်းမှ ဆရာဝန်က ကျင့်ဝတ်သိက္ခာအရ ရှေ့က ဆရာဝန်ကို ဘာမျှ ဝေဖန်ပြောကြားခြင်း မရှိဘဲ ပြုံး၍သာ နားထောင်နေ၏။ သို့သော် စမ်းသပ်ပြီးနောက် စွဲစိတ်စရာ မလိုပါဟုဆို၍ သောက်ဆေး အနည်းငယ် ထုတ်ပေးလိုက်၏။ ဆေးသောက်ပြီးနောက် 'ဘိုဘို' ကို ခေတ္တအထိုင်ခိုင်းထား၏။ စောင့်ကြည့်သည့် သဘောဖြစ်၏။ ထိုစဉ်မှာပင် ဆရာဝန်ထံ ရဲစခန်းမှ ဖုန်းလာ၏။ ဆေးရုံကြီးမှာ ခွဲစိတ်ရန်ထားသော လူနာပျောက်သွား၍ ရဲစခန်းကို အကြောင်းကြား အကူအညီတောင်းခြင်းဖြစ်၏။ ရဲစခန်းက ဖုန်းဖြင့် မေးရာမှာ တော့ နောက်ဆရာဝန်က သူ့ထံကို မရောက်လာကြောင်း တည်တည်ငြိမ်ငြိမ်နှင့်ပင် ငြင်းလိုက်သံ ကြားလိုက်ရ၍ 'ဘိုဘို' ခေါင်းနပမ်းကြီးသွားရာမှ သက်ပြင်းချနိုင်၏။ သူ့ဝေဒနာလည်း သက်သာသွားပြီဖြစ်ရာ ဆရာဝန်က နောက်ရက်သောက်ရန် ဆေးများ ပေးလိုက်၏။

ဆေးခန်းမှာပင် သူ့အသက်ကို ကယ်ခဲ့သည့် အဘိုးအိုအား ထိုင်ကန်တော့လိုက်၏။ 'ဘိုဘို' က 'အဘိုးကျေးဇူးကို ကျွန်တော် ဘယ်လို ဆပ်ရမှန်းမသိတော့ဘူး' ပြောတော့ အဘိုးအိုက 'လူလေးက ကျေးဇူးဆပ်ချင်သလား' မေး၏။ 'ဆပ်ချင်ပါတယ်အဘိုး ပြောပါ' ဟု ဘိုဘိုက ပြောတော့ အဘိုးအိုက ဒီနေ့ကစပြီး ကိုယ့်ကိုယ်ကိုယ် သေလူလို့ သဘောထားပြီး နေ့စဉ် သရဏဂုံတင်၊ နိဗ္ဗာန်ရောက်ကြောင်း တရားတွေ နာပေတော့လူလေး' ဟု ဖြေ၏။

ထိုနေ့ကစ၍ ဗုဒ္ဓဘာသာ မိဘများက မွေးလာသည် မှန်သော်လည်း ဘာမှ စိတ်မဝင်စား မလေ့လာဘဲ ဘာသာမဲ့တစ်ယောက်လို နေလာခဲ့သော 'ဘိုဘို' သည် အဘိုးအိုစကားကို နားထောင်ပြီးနောက် တန်ဖိုးမဖြတ်နိုင်သော သာမန်လူများ မသိမမြင်နိုင်သော တရားဓမ္မများကို အရသာတွေ့စပြုလေပြီ။ နည်းနည်းသိ နည်းနည်းအကျိုးရှိပြီး ထပ်၍ ထပ်၍သာ သိချင်လေပြီ။

'ဘိုဘို' အင်တာနက်မှ ဆက်သွယ်တော့ အမေရိကန်မှ မွေ့မိတ်ဆွေကိုသာ ဆက်သွယ်၍ရ၏။ ကျန်နှစ်ယောက်က လိုင်းမတက်လာသေး။ (အမေရိကန်မှ ဓမ္မမိတ်ဆွေသည် အမှန်

မှာတော့ ဦးသုန်အမည်ရှိ ရဟန်းတစ်ပါးဖြစ်သည်ကို ဘိုဘိုမသိ။ ဦးသုန်က ကျန်အင်တာနက်မိတ်ဆွေများအနေမကျို့စေရန် အသိမပေးဘဲ ရိုးရိုးဓမ္မမိတ်ဆွေ အဖြစ်သာ ဆက်သွယ်လေ့ရှိ၏) ဘိုဘိုက mail စတင် ရိုက်လိုက်၏။

**ဘိုဘို** – သိချင်တာတွေ ဖြေပေးပါဦး။

**သုန်** – မေးလေ. . .

**ဘိုဘို** – ကျွန်တော်တို့ အပါအဝင် လည်နေတဲ့ သံသရာကြီးက ဘယ်က စတာလဲ။

**သုန်** – ဘုရားရှင်လက်ထက်ကလည်း မေးဖူးတယ်။ ဘုရားရှင်ကလည်း ပြတ်ပြတ် သားသားပဲ၊ သံသရာရဲ့ အစဟာ trace လုပ်ဖို့ ခြေရာကောက်ဖို့ အင်မတန် ဝေးလွန်းတယ်။ သံသရာရဲ့ အစကို အကျိုးမရှိဘဲ အချိန်ကုန်မှာဖြစ်လို့ မမြင်နိုင် မမြင်အပ်လို့ ဖြေတော်မူခဲ့တယ်။

**ဘိုဘို** – ဘုရားရှင်က အလုံးစုံကို သိမြင်တယ်ဆို။

**သုန်** – ကိုယ့်အယူအဆကို ပြောမယ်။ ဖြစ်နိုင်တာ နှစ်ချက်ရှိတယ်။ ရှေးအတိတ် ကာလကို ဘုရားရှင်တို့ ပြန်လည် သုံးသပ်တော်မူတဲ့အခါမှာ ဗီဒီယိုပြစက်တွေ နောက်ပြန် ပြန်ရစ်သလို တစ်ကမ္ဘာပြီးတစ်ကမ္ဘာ နောက်ဆုတ်ပြီး သုံးသပ်ရတယ်။ နာရီပေါင်းများစွာ သုံးသပ်ကြည့်ပေမယ် အစမထင်သေးဘူး။ ရက်သတ္တပတ်ပေါင်းများစွာ သုံးသပ်ကြည့်ပေမယ့် အစမထင်သေးဘူး။ အစ မရှိဘူးလို့ မမိန့်ဘူး။ အစက ဝေးလွန်းတော့ (တွေ့ခဲ့ရင်တောင် ဝဋ်ဆင်းရဲက လွတ်ကြောင်းအတွက် အကျိုးမရှိဘူး) အချိန်ဖြုန်းတီးရာ ရောက်တဲ့အတွက် အရေးမပါတဲ့ သံသရာအစကို မသုံးသပ်တော့ဘူး။ (နှစ်ပေါင်း ၁၀၀ နေမှ သံသရာ အစကို တွေ့မယ်ဆိုရင် ဘယ်လိုလုပ်မလဲ)

ဒုတိယအချက်က ဘုရားရဲ့ ရွှေဉာဏ်တော်နဲ့ သံသရာအစကို တွေ့မြင်ခဲ့သည့်တိုင် အကျိုးမရှိတဲ့ကိစ္စ၊ အငြင်းပွားဖွယ်ကိစ္စ၊ သာမန်လူသားတွေရဲ့ ဦးနှောက်နဲ့ လက်လှမ်း မမီတဲ့ကိစ္စမျိုး ဖြစ်တဲ့အတွက် ထုတ်ဖော်မိန့်ကြားခြင်း မရှိတာဖြစ်နိုင်တယ်။ ယင်းတိုက် တောထဲမှာ ယင်းတိုက်ရွက်ကို လက်တော်နဲ့ဆုပ်ပြီး ငါဘုရားသိတာက ယင်းတိုက် တစ်တောလုံးက ယင်းတိုက်ရွက်တွေဆိုရင် ဟောကြားခဲ့တာက လက်ထဲက ယင်းတိုက် ရွက်ပမာဏလောက်ပဲလို့ မိန့်ခဲ့ဖူးတယ်။ ဘုရားရှင်တို့ဟာ အကျိုးမရှိရင် တစ်စက္ကန့်တောင် အချိန်မဖြုန်းတတ်ဘူး။

ဒီမေးခွန်းနဲ့ ပတ်သက်လို့ ဘုရားရှင် ဟောတော်မူခဲ့တာရှိတယ်။ လူတစ်ယောက်ဟာ အဆိပ်လူးမြှား ထိမှန်ထားပြီဆိုပါတော့။ သူက ဒီမြှားကို ချက်ချင်း နုတ်ယူပြီး အဆိပ်ဖြေဆေးနဲ့ ကုမလား၊ ဒါမှမဟုတ် ဒီမြှားကို ဘယ်သူပစ်တာလဲ၊ ပစ်သူရဲ့ အမျိုးအနွယ်က ဘာလဲ၊ မြှားက ဘာနဲ့ ပြုလုပ်ထားတာလဲ၊ အဆိပ်အမျိုးအစားကဘာလဲ စသဖြင့် သိရမှ မြှားနုတ်ပြီး အကုခံမလားဆိုတဲ့ သဘောမျိုးပါပဲ။

ဒီအတိုင်းပဲ သံသရာဝဋ်ဆင်းရဲက ခံနေရပြီး သံသရာအစကို အချိန်ကုန်ခံပြီး ရှာဖွေနေမှာလား၊ ဝဋ်ဆင်းရဲက လွတ်မြောက်အောင် ကြိုးစားအားထုတ်မှာလားလို့ ဘုရားရှင်က မေးတော်မူခဲ့တယ်။

## အခန်း (၁၃)

# ထိုင်းမှကျောက်ဆင်တောရသို့

'မြတ်ဘုန်း' သူ့ဆေးရုံမှ ခွင့်သုံးရက်ယူပြီး မင်းသူ့ ဈာပနကိစ္စ ဆောင်ရွက်ရတော့၏။ မိသားစုများကို အကြောင်းကြားရသည်မှာ သူ့အတွက် အခက်အခဲဆုံးကိစ္စ ဖြစ်နေ၏။ တစ်မိသားစုလုံးနှင့် ရင်းနှီးသူမို့ သူဖုန်းဖြင့် အကြောင်းကြားတော့ တစ်ယောက်ပြီး တစ်ယောက် မယုံနိုင်လောက်အောင် အံ့အားသင့်နေကြပြီး သူ့ကိုမေးကြ၏။ မြတ်ဘုန်း အသံကြားတာနဲ့ မင်းသူကို သတိရပြီး ငိုလို့မဆုံးကြတော့။ မြတ်ဘုန်းကလည်း စိတ်ပြေအောင် ဆုံးမယ့် နေ့မှာပင် နှစ်ယောက်အတူ ဝါဆိုသင်္ကန်းသွားကပ်ကြပုံ၊ ဥပုသ်သီလ စောင့်ကြပုံတွေကို ပြောပြ၏။

မင်းသူ၏ အရိုးပြာအိုးကို ပို့ပေးရမလားမေးတော့ နောက်ဆုံး မိသားစုများ တိုင်ပင် ကြပြီး အားလုံး သင်္ချိုင်းရသဘောပဲမို့ မယူဖြစ်ကြကြောင်း အကြောင်းပြန်၏။ မြတ်ဘုန်း တစ်ယောက်တည်း ယိုးဒယားဘုန်းကြီးကျောင်းသို့သွားပြီး ရက်လည်လုပ်ခြင်း၊ ကုသိုလ် ကောင်းမှု လုပ်ခြင်း၊ ဆွမ်းကပ်ခြင်းများ ဆောင်ရွက်ရ၏။

ဆောင်ရွက်ရင်းမှာပင် သေခြင်းတရားအကြောင်း မြတ်ဘုန်း၏ ခေါင်းထဲမှ မထွက် အချိန်နှင့်အမျှ အသုဘချနေကြရတာပဲဟူသော မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရား ကိုလည်း နားထဲမှာ ကြားနေရ၏။ အချိန်နှင့်အမျှ သေနေကြရတာကို အဝိဇ္ဇာဖုံးတော့ ဘယ်သူမှ မသိကြ။ ရိပ်ပင် မရိပ်စားမိကြ။

မင်းသူ သေဆုံးတော့ အခင်ဆုံး သူငယ်ချင်းလည်းဖြစ်ပြန် တရားတွေ နာထားသည်မှာ လည်း နားရည်ဝနေပြီဖြစ်၍ တစ်ချက်ပြန်မရှင်လိုက်တာနဲ့ သူ့ခန္ဓာကိုယ်ဟာ မင်းသူလို လူသေကောင်ဖြစ်မှာပဲ။ ပြန်ပြန်ရှင်လိုက် သေလိုက်မို့သာ မသိသာတာပါလားဆိုသည့် အမှတ်သတိက လွတ်မသွားတော့ဘဲ နှစ်ရက်လုံးလုံး စိတ်တွေ တည်ကြည်လာ၏။ တရား ထိုင်တော့လည်း နှာသီးဖျားလေးမှာ လျှပ်စစ်အပျော့စားလေးနှင့် တို့ထားသလို ငြိမ်နေ၏။ ပထမ ၎င်းထူးခြားမှုကို သာယာမိနေပြီး နောက်အကြိမ်တွေကျမှ ဖြစ်ခြင်းပျက်ခြင်း သဘောကို ပြန်ရှုမှတ်နိုင်၏။ နှာသီးဖျား ထူးခြားမှုကား မရှိတော့ သို့သော် စိတ်တည်ကြည် နေခြင်း၊ ဝမ်းသာပီတိဖြစ်နေခြင်းများ တစ်ဆင့်ပြီးတစ်ဆင့် ပေါ်လာနေ၏။ ဤကိစ္စအားလုံးကို ဓမ္မ မိတ်ဆွေသုံးယောက်နှင့် ဆက်သွယ် ဆွေးနွေးတော့ အရင်ဆုံးတုံ့ပြန်လာသူက ဦးသုန် (USA) ဖြစ်၏။

**ဦးသုန်** – မိတ်ဆွေကြုံရတာ မရဏာနုဿတိ ပွားမိနေတာ။ ကိလေသာ ကြားနိုင်ခွင့် မရတော့

သမာဓိအားတွေ တက်လာတာ။ ဝမ်းမြောက်မှုတွေ၊ ကြည်နူး ဝမ်းသာမှုတွေကို ဖြစ်ပျက်သာ နာနာရှုမှတ်နိုင်မယ်ဆိုရင် တကယ့် အရိယာစခန်း ဆိုက်သွားနိုင်တယ်။ ကြိုးစား။

**ဘုန်း** – အခုဆိုရင် ကျွန်တော် သွားရင်းလာရင်း စားရင်းသောက်ရင်း အိမ်သာ တက်ရင်း ကအစ မှတ်တယ်။ မြင်ရင်လည်း မြင်တယ်ပေါ့။ မြင်ရတဲ့ အဆင်းရုပ်တွေ ပျက် ပျက်သွားတာကို တွေ့ရတာ အိကနဲ အိကနဲ ရေပြင်မှာ အရုပ်ရေးလိုက်သလို ပျက်သွား ပြယ်သွားတာတွေ တောက်လျှောက် တွေ့ရပါတယ်။ တစ်ခါတစ်ရံမှာ အဆင်းရုပ်တွေဟာ မြင်သိစိတ် မပေါ်ခင် ပျက်နှင့်ပြီး ဖြစ်တယ်လို့လည်း ဉာဏ်နဲ့သိပါတယ်။ ကျွန်တော် ဘာ ဆက်လုပ်ရမလဲ။ အိမ်ထောင်လည်း မပြုချင်ဘူး။ အလုပ်လုပ်ဖို့လည်း စိတ်မပါတော့ဘူး။ တရားပဲ မှတ်နေချင်တယ်။ ရဟန်းလည်း ဝတ်ချင်တယ်။ အကြံပေးကြပါဦး။

**ဘိုဘို** – ဟား. . . အစ်ကိုရေ ဆက်သာလုပ် ရဟန်းဝတ်ချင်တယ် မဟုတ်လား။ ဝတ်ပစ်လိုက်။

**သုန်** – စဉ်းစားပြီးမှ ဝတ်တာကောင်းတယ်။ လူဝတ်နဲ့ တရားအားထုတ်ရင် ငါးပါးသီလပဲ ရှိမယ်။ ရဟန်းဝတ်ကျတော့ ၂၂၇ သွယ်။ သီလပျက်ရင် တရားမရနိုင်ဘူး။ တချို့ ရဟန်းတွေ သေချာအောင် သိက္ခာချ ကိုရင်ကြီးဝတ်ပြီးမှတောင် တရားကို ဇောက်ချလုပ်တာ ကြားဖူးတယ်။

**ဂျာမနီ** – ဟုတ်တယ်။ ၂၂၇ သွယ်ကို တကယ်စောင့်ထိန်းပြီး တရားအားထုတ်နိုင်လို့ ကတော့ မြန်မြန်တရားရနိုင်ပြန်ရော။ တစ်နှစ်လောက် စောင့်ကြည့်ပြီး ပျော်ရင် ဝိနည်း စောင့်ထိန်းနိုင်ရင် ဆက်ဝတ်ပေါ့။

**ဘုန်း** – ကျွန်တော်လည်း အဲဒီလို စဉ်းစားထားပါတယ်။

**ဘို** – အစ်ကို ရဟန်းစခံမယ်ဆိုရင် ကျွန်တော့်ဦးလေး ဘုန်းကြီး ခြောက်ထပ်ကြီး ဘုရားနားမှာ ကျောင်းထိုင်တယ်။ အဲဒီ သွားဝတ်ချင်ရင်ပြော။

**ဘုန်း** – ကျွန်တော်မြို့ပေါ်မှာ မနေချင်ဘူး။ တောထဲတောင်ထဲပဲ သွားနေချင်တယ်။

**သုန်** – ဒါဆိုရင် ကျောက်ဆင်တောရမှာ သွားဝတ်ပါလား။

**ဘုန်း** – ကျောက်ဆည်လား ကျောက်ဆင်လား၊ အဲဒါ ဘယ်နားမှာလဲ။

**သုန်** – ကျောက်ဆည်မဟုတ်ဘူး၊ ခုဟာက ကျောက်ဆင်တောရ။ ဝမ်းတွင်းမြို့နယ်ထဲမှာ ရန်ကုန်–မန္တလေး အမြန်လမ်း မိုင်တိုင် ၃၀၈ မိုင် ၇ ဖာလုံကနေသွားရင် ဆိုင်ကယ် ကယ်ရီနဲ့ မိနစ် ၂၀ လောက်ဆိုရောက်ပြီ။ နားအေးပါးအေးနဲ့ တောတောင် သဘာဝမှာ တရားအားထုတ်လို့ အင်မတန် ကောင်းတယ်။ ကိုယ်တောင် တစ်နေ့ မြန်မာပြည် ပြန်ရောက်ရင် အဲဒီမှာသွားပြီး ရဟန်းဘဝနဲ့ အရိုးထုတ်ဖို့ စိတ်ကူးထားတယ်။ သွားချင်ရင် ပြောလေ။ အဲဒီမှာ ဘုန်းကြီးဦးကောရှိတယ်။

**ဘုန်း** – စိတ်ဝင်စားစရာပဲ။ သွားဖြစ်ရင် ဆက်သွယ်လိုက်မယ်။ အဲဒီမှာက ဘယ်လို နည်းတွေနဲ့ တရားအားထုတ်ကြရတာလဲ။

**သုန်** – ကြားတယ်၊ ကြားတယ်လို့ မှတ်တဲ့နည်း ကျောက်ဆင်တောရက တောင်ပုလု ဆရာတော်ဘုရားကြီး စပြီး တရားအားထုတ် ခဲ့တဲ့ နေရာပဲ။ မုတင်ဆောင်ရင်း ဂူတွေထဲမှာ အားထုတ်တာ။ လူတွေ ပြောစမှတ်ရှိတာတော့ ကျောက်ဆင်တောရမှာပဲ ဆရာတော်ကြီး ရဟန်းကိစ္စ ပြီးသွားတယ်လို့ဆိုတယ် တချို့ကလည်း ဆရာတော်ကြီးကို မီးသဂြိုဟ်တော့ ဓာတ်တော်မကျလို့ အနာဂါမ်အဆင့်လောက်ပဲလို့ ယူဆတယ်။

**ဂျာမနီ** – ဒါဆို ဓာတ်တော်ကျမှ ရဟန်းကိစ္စ ပြီးတာလား။

**သုန်** – မဟုတ်ဘူး။ မဟာစည် ဆရာတော်ဘုရားကြီးက ရဟန်းကိစ္စပြီးတိုင်း ဓာတ် တော်ကျတာ မဟုတ်ဘူးလို့ မိန့်သွားခဲ့တယ်။ ဓာတ်တော်ကျတာဟာ အဓိဋ္ဌာန်နဲ့ ဆိုင်ပြီး၊ ဓာတ်တော်မကျတဲ့ ရဟန္တာတွေလည်း ရှိတယ်ဆိုပါတယ်။

**ဘို** – ဒါဆိုရင် တောင်ပုလုဆရာတော်ကြီးက အနိမ့်ဆုံး အနာဂါမ်ဆိုတော့ ဘယ်လို အကြောင်းကြောင့်လဲ။

**သုန်** – ဆရာတော်ကြီး သွားဟန်လာဟန်၊ စားဟန်တွေဟာ အမြဲတည်ငြိမ် ရင့်ကျက် နေတာရယ်၊ သွားတဲ့ ခြေလှမ်း ဘယ်နှစ်လှမ်းလဲ သိတာရယ်၊ လေ့ကားထစ် ဘယ်နှထစ်၊ ထမင်းလုပ် ဘယ်နှလုပ်ဆိုတာ အထူး ရေတွက်နေစရာ မလိုဘဲ အမြဲသိနေတာ ဒကာ ဒကာမတွေ ရိပ်စားမိလာတာကြောင့်ပါ။ နောက်ပြီး ဆရာတော်က သင်္ကန်း ၃ ထည်နဲ့ပဲ သီတင်းသုံးတာရယ် ညအခါမှာ ခုတင်နဲ့ မအိပ်ဘဲ ပက်လက်ကုလားထိုင်ပေါ်မှာ နေတာ ရယ်၊ တစ်ခါတစ်ရံ သစ်ပင်အောက်၊ တစ်ခါတစ်ရံ လွင်တီးခေါင်မှာပဲ ညအချိန်ကို ကုန်လွန် စေတယ်လေ။

**ဘုန်း** – တောင်ပုလုဆရာတော်ကြီးအကြောင်း နည်းနည်း ပြောပြပါ။ အခု ရှိသေးလား။

**သုန်** – အခုတော့ မရှိတော့ဘူး။ လက်ရင်းတပည့် ပခုက္ကူ ဆရာတော်ကြီးက ဆက်ပြီး ကျောက်ဆင်တောရမှာ သာသနာ့တာဝန် ထမ်းဆောင်တယ်။ တောင်ပုလု ဘက်မှာတော့ ဆရာတော် ဦးပဏ္ဍဝ ဘွဲ့တူ ဆရာတော်နှစ်ပါး တာဝန်ယူထားကြတယ်။

ဆရာတော်ကြီးအကြောင်း အတိုချုံးပြောရရင် ဆရာတော်ကို ကျောက်ဆင်တောရရဲ့ ဆွမ်းခံရွာဖြစ်တဲ့ တဲစုရွာမှာ ဖွားမြင်ခဲ့တယ်။ ရဟန်းငါးဝါမြောက်မှာ မန္တလေး၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်မှာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေ ဆည်းပူးခဲ့တယ်။ ဆက်ပြီး အဘိဓမ္မာ၊ ညဝါ၊ ကစ္စည်းရကဇီ၊ ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်းတွေ ပေါက်ရောက်အောင် သင်ကြား တော်မူခဲ့တယ်။

သာစည်မြို့ ရေလယ်ကျောင်းတိုက်မှာ စာသင်သား ၁၀၀ ကျော်ကို ၁၂ နှစ်တိုင်တိုင် စာချပေးခဲ့တယ်။ ပဋိပတ်စတင်ဖို့ သထုံဇေတဝန် ဆရာတော်ဘုရားကြီးထံတော်ကို ကြွရာမှာ ယာဉ်ရထားမစီးဘဲ ခြေကျင်ကြွတယ်၊ ရောက်တဲ့အရပ်မှာ ဝါကပ်ပြီး တောရဆောက်တယ်။ သင်္ကန်းသုံးထည် သပိတ်တစ်လုံးနဲ့ ငါးလလောက် သာစည်ကနေ သထုံကို ခြေကျင်ကြွခဲ့တာ။

ဖေတဝန် ဆရာတော်ကြီးထံမှာ နှစ်နှစ်တပည့်ခံပြီး တရားအားထုတ်တယ်။ နောက်ပြီး ဖေတဝန် ဆရာတော်ကြီးကိုယ်စား မော်လမြိုင် ခရွန်းရွာမှာ ၂ နှစ် တရားပြပေးခဲ့တယ်။

ဂျပန်ခေတ်မှာ (၁၃၀၃ ခုနှစ်) တဲစုရွာကို ပြန်ရောက်ပြီး ကျောက်ဆင်တောရမှာ စပြီး အားထုတ်တယ်။ တောင်ပုလု ရေလယ်ကျွန်းမှာ ကမ္ဘာအေး စေတီတော်တည်ပြီး နောက်တောင်ပုလုဆရာတော်လို့ နာမည်တွင်သွားတယ်။ ဝန်ကြီးချုပ် ဦးနုလည်း ကြည်ညို ကိုးကွယ်ခဲ့တယ်။ ဒေါက်တာအဲလ်ဘတ်ဆာကားလည်း ဒကာရင်းဖြစ်တယ်။ ဒေါက်တာ အဲလ်ဘတ်ဆာကားကို အကြောင်းပြုပြီး ဒေါက်တာရီနာဆာကာလည်း ဒကာရင်း ဖြစ်သွား တယ်။ ဒေါက်တာရီနာဆာကားက အမေရိကန်နိုင်ငံ ကာလီဖိုးနီးယား တက္ကသိုလ် အာရှ လေ့လာရေးဌာနက ဗုဒ္ဓဘာသာ လေ့လာရေးဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်တယ်။

ဒီလိုနဲ့ တောင်ပုလု ဆရာတော်ကို အမေရိကန် ပြည်ထောင်စုကို ပင့်ဆောင်ပူဇော် ကြတယ်။ အမေရိကန် နိုင်ငံသားတွေနဲ့ ဒေါက်တာရီနာတို့အဖွဲ့ စုပေါင်းပြီး 'တောင်ပုလု ကမ္ဘာအေး မေ့မရိပ်သာကြီး' ကို ဆန်ဖရန်စစ္စကိုက မိုင် ၅၀ ကွာတဲ့ စိန့်ကလဲမြို့မှာ တည် ထောင်နိုင်ခဲ့ကြတယ်။

ဆရာတော်ကြီးဟာ သိမ်သမုတ်နိုင်ခဲ့ပြီး၊ ပထမဆုံးအကြိမ်မှာပဲ ရဟန်း ၄၅ ပါး သာမဏေ ၁၅ ပါး၊ ယောဂီဝတ် ၃၀ နဲ့ ဗုဒ္ဓဘာသာဝင် ဖြစ်သွားသူ ၈၀၀ ကျော် သာသနာ ပြုနိုင်ခဲ့တယ်။

ဆန်ဖရန်စစ္စကိုကနေ လော့စ်အိန်ဂျလိစ်ကို လေယာဉ်နဲ့ အကြွမှာ လေယာဉ်ဘီးချ မရလို့ လေယာဉ်မှူး ဒုက္ခရောက်နေချိန်မှာပဲ ဆရာတော်ကို ဖူးမြင်လိုက်ရပြီး ဘီးချလို့ ရသွားတာကို လေယာဉ်မှူး (အမေရိကန်လူမျိုး) ထုတ်ဖော် ပြောပြလို့ နာမည်ကြီးသွားတယ်။

အမေရိကန်က စပြီး ကြွတဲ့ ခရီးမှာလည်း လေယာဉ်အင်ဂျင်တစ်လုံး ချွတ်ယွင်းသွား ရာ၌ လေယာဉ်မှူးက တောင်ပံပေါ်မှာ ဆရာတော်ထိုင်ပြီး ပျက်နေတဲ့ အင်ဂျင်ကို လက်ညှိုးနဲ့ ထိုးနေတာကို တွေ့လိုက်ရပြီး အင်ဂျင်ပြန်ကောင်းသွားတယ်။ လေယာဉ်ဆိုက် ပြီးတော့ ဆရာတော်ကြီး လျှောက်လာတာကို တွေ့တော့ လေယာဉ်မှူးက လက်ညှိုးထိုးပြီး သူပဲသူပဲလို့ လူတွေကို ရှင်းပြလိုက်တဲ့အတွက် နာမည်ကြီးသွားခဲ့ပြီး ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံအနှံ့ သာသာနာပြုတဲ့အပြင် အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနဲ့ ထိုင်း ကိုလည်း ကြွခဲ့ပါတယ်။ အမေရိကန်မှာ ရှိစဉ်မှာလည်း ဆရာတော်ကြီးရဲ့ သီလတန်ခိုးကြောင့် ရောဂါပျောက်သူတွေ၊ တခြား ထူးဆန်းတာတွေကို လူပရိသတ်တွေ လက်တွေ့ ကြည်ညို တွေ့မြင်ခဲ့ကြရပါတယ်။ အမေရိကန်နိုင်ငံကိုလည်း အကြိမ်ကြိမ် ကြွပြီး သာသနာပြုခဲ့ ပါတယ်။

သက်တော် ၉၀ ခန့် (၇-၆-၁၉၈၆) မနက် တစ်နာရီ ၄ မိနစ်မှာ ခန္ဓာဝန်ချတော် မူခဲ့ ပါတယ်။ ဒါကတော့ ဆရာတော် ထေရုပ္ပတ္တိ အကျဉ်းပါပဲ၊ နောက်ပိုင်းတော့ ဆရာကောင်း တပည့်ပီသစွာ ပခုက္ကူဆရာတော်ကြီးက အမေရိကန်နိုင်ငံ အပါအဝင် စင်ကာပူနဲ့ မြန်မာပြည်

အနဲ့ သာသနာပြုခဲ့ရာမှာ ကျောက်ဆင်တောရမှာ ဘုရား (ကျောက်ဆင် ရွှေတိဂုံစေတီ)၊ သိမ်နဲ့ ယောဂီကျောင်းဆောင်တွေ ဆွမ်းစားကျောင်းနဲ့ သိမ်တွေ ဓမ္မာရုံတွေ စည်ကားခဲ့တာပါ။ ထူးခြားတာက ခုချိန်ထိ ဝတ္တုငွေမကိုင်ဘဲ၊ ဓုတင်ဆောက်တည်တာလည်း မပျက်သေးတာပါ။ တောရိပ်တောင်ရိပ်မှာ အမှန်တကယ် အားထုတ်ချင်သူတွေကို ကျောက်ဆင်တောရက ကြိုဆိုလျက်ပါပဲ။

အခန်း (၁၄)

## အရိယာခြေလှမ်း

လေယာဉ်ပေါ်မှ ဆင်းလိုက်တာနဲ့ တခြားနိုင်ငံတွေရဲ့ လေဆိပ်မြင်ကွင်းနဲ့ အကြီးအကျယ် ခြားနားပြောင်းလဲသွားသော အမိမြေ၏ ဆင်းရဲနွမ်းပါးသည့် မြင်ကွင်းကို မချိတင်ကဲ မြင်တွေ့လိုက်ရပါသည်။ တစ်ချိန်က အခမ်းအနားဆုံး အကြီးကျယ်ဆုံးဆိုသော ရန်ကုန် မင်္ဂလာဒုံ လေဆိပ်သည် သူများနိုင်ငံ၏ မြို့ငယ်လေး တစ်မြို့ရှိ လေဆိပ်အဆင့်လောက်ပင် မရှိတော့ပါ။

ဒေါက်တာမြတ်ဘုန်းက ဘီးတပ်ခရီးဆောင်အိတ်ကိုဆွဲလာရင်း လူဝင်မှု၊ အကောက်အခွန် စစ်ဆေးသည့် နေရာများကို ဖြတ်လျှောက်၍ ထွက်လိုက်၏။ အရင် ငယ်ရွယ်စဉ်က ဆိုလျှင် တိုင်းပြည်၏ ဆင်းရဲသော အနိဋ္ဌာရုံ မြင်ကွင်း မြင်ရတိုင်း အစိုးရအပေါ် ဒေါသထွက်မိသည်။ ဗဟုသုတနှင့် အတွေးအခေါ်ရှိသူတိုင်း တိုင်းပြည် ဘာကြောင့်သည်လောက်ထိ ဆင်းရဲနိမ့်ကျရကြောင်း သိကြသည်။ ပြည်သူ့အာဏာ ပြည်သူ့ထံ ပြန်မရောက်တာ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီပဲ။ ပြည်သူတွေဟာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်မရဘဲ အစစအရာရာ စစ်တပ်မှ အုပ်စီးထားလျှင် မည်သည့်နိုင်ငံမှာမဆို ဆင်းရဲမှာ သေချာပါသည်။ စစ်တပ်ဆိုသည်မှာ ကာကွယ်ရေးပဲ လုပ်တတ်သည်ပဲ။ ဒါက ငယ်ရွယ်စဉ်ကအတွေး ထိုစဉ်က ဘာသာရေးဘက်ကို ထိထိရောက်ရောက် မလေ့လာဖြစ်သေး။

အခု ဘာသာရေးကို ထိထိရောက်ရောက် လေ့လာလိုက်စားပြီး ကျင့်ကြံပွားများကြည့်တော့ အတွေးအမြင်က ပိုကျယ်လာသည်။ သံသရာနှင့် ချီ၍ပင် သိလာရသည်။ တကယ်တော့ မင်းဆိုးမင်းညစ်များနှင့် ရေစက်ဆုံရခြင်းသည် ယခင် အတိတ်ဘဝများက မိမိတို့ စိုက်ပျိုးခဲ့သည်များအား ပြန်လည်ရိတ်သိမ်းနေရခြင်းပင် ဖြစ်တော့သည်။ သည်မင်းဆိုးမင်းညစ်ကို အခုမှသာ တွေ့ရသည်မဟုတ် ဘဝများစွာ တွေ့ခဲ့ရပြီး ဖြစ်လောက်ပြီ။ နောင်ဘဝများမှာလည်း ကြုံဆုံရဦးမည် မုချ။ မိမိတို့ တူဖြစ်စဉ်က ဘယ်လောက်များ နှံခဲ့မိကြသည် မသိ။ မင်းဆိုးမင်းညစ်တွေနဲ့ မကြုံဆုံချင်ဘူးလား။ စိတ်အချရဆုံးက သံသရာက လွတ်မြောက်အောင်သာ ကြိုးစည်ကြိုးစား အားထုတ်ပေတော့။

လူတိုင်းရင်ထဲမှာ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်သည့်စိတ် ကိန်းအောင်းနေတတ်ပါသည်။ အမိမြေကနေ နှစ်အတော်ကြာ ခွဲခွာနေခဲ့ပြီးမှ ပြန်ရောက်လာလျှင် အောင်းနေသည့် နိုင်ငံချစ်မြတ်နိုးစိတ်တွေက ထကြွလာတတ်စမြဲ ဖြစ်ပါသည်။ ဆင်းရဲ ဆင်းရဲ ပူပူအိုက်အိုက် လန်းဆန်းတက်ကြွသည့်စိတ်တို့ဖြင့် ကြည်နူးမိသည်မှာအမှန်ဖြစ်၏။ လေဆိပ်က အထွက် ဘယ်သူမှ မမြင်အောင် သန့်ရှင်းသည့်နေရာမှ မြေတစ်ဆုပ်ကို ပီတိဖြင့် အားရပါးရ ဆုပ်ကိုင်

လိုက်မိသည်။ အမိမြေ၊ ဗုဒ္ဓ၏ သာသနာထွန်းကားရာမြေ၊ ရိုးသားသော ပြည်သူ တို့ရဲ့မြေ၊ ငါချစ်သည်၊ ငါမခွဲတော့ပါ ငါမခွာတော့။

လက်ထဲမှ မြေကို ပြန်လွှတ်လိုက်ပြီး မြတ်ဘုန်းအိတ်ထဲမှာ တစ်ရှူးထုတ်သုတ်လိုက်၏။ အိမ်သားများကို ဖုန်းဆက်မထားသောကြောင့် ဘယ်သူမှ လာကြိုစရာ အကြောင်းမရှိ။ ဝိုင်းအုံလာသော တက္ကစီမောင်းသူများအနက် တစ်ယောက်နောက်ကို လိုက်သွားလိုက်သည်။ 'ဘယ်ပို့ပေးရမလဲ ဆရာ' ဟု တက္ကစီယာဉ်မောင်းက မေးတော့ မြတ်ဘုန်းက လေးနက်သည့် လေသံဖြင့် ပြန်ဖြေလိုက်သည်။

'ကမ္ဘာအေးဘုရားလမ်းက ချမ်းမြေ့ကျောင်းတိုက်ကို မောင်းပါဗျာ'

ချမ်းမြေ့ကျောင်းကိုရောက်မှ ကျောင်းမှ ဖုန်းဖြင့် အိမ်ကို လှမ်းဆက်သည်။ အိမ်မှာ ရှိသော အားလပ်သူအားလုံး ချမ်းမြေ့ကျောင်းကိုလာဖို့ ရဟန်းဒကာ လာလုပ်ဖို့ လှူဖို့ တန်းဖို့ ခေါ်လိုက်သည်။ အဖေအမေနှင့် ညီမလေးအားလုံး အံ့သြဝမ်းသာကြသည်။ ဘာဖြစ်လို့ အိမ်ကို တန်းမလာတာလဲ မေးကြသည်။ သူက 'ရဟန်းဝတ်ချင်တဲ့ သဒ္ဓါစိတ် သိပ်များနေလို့ အိမ်ရောက်အောင် မစောင့်နိုင်တော့ကြောင်း' ပြောပြလိုက်ရ၏။

အိမ်က ရှစ်မိုင်မှာဆိုတော့ သိပ်မကြာခင် အိမ်သားများ ရောက်လာသည်။ သူတို့ ရောက်လာတော့ မြတ်ဘုန်းဆံချနေပြီ။ အဖေက တစ်ဖက် အမေက တစ်ဖက် ပိတ်စကို ဝင်ကိုင်ကြသည်။ မြတ်ဘုန်းက ရာသက်ပန် ဝတ်ဖြစ်ဖို့များကြောင်း ဆံချရင်း ပြောပြရာ အဖေနှင့် အမေက သိပ်အံ့သြဟန် မပြကြ။ သည်ကလေးအကြောင်းကို မိဘနှစ်ပါးက အသိဆုံးဖြစ်သည်။

မြတ်ဘုန်းကို ကိုယ်ဝန်ဆောင်တော့မည် ဆိုတော့ မိခင်ဖြစ်သူက ဗြဟ္မာ့ပြည်မှ လာမည့် သူဟု အိပ်မက်မက်သည်။ ရဟန်းသံဃာများ၊ အလှူဒါနများ ဘုရားစေတီ ပုထိုးများ အိပ်မက်မက်သည်။ ကိုယ်ဝန်ဆောင်စဉ် သားငါး စားလိုစိတ် မရှိဘဲ အသီးအရွက်များ သစ်သီး သစ်ဥများသာ ချဉ်ခြင်းတပ်၏။ သည်ကလေးမွေးမှ စီးပွား တိုးသည်။ ကုသိုလ် ဒါနများ မကြာခဏ လုပ်ခွင့်ကြုံသည်။ သီလသမာဓိ အားကောင်းသော နာမည်ကြီး ဆရာတော်ကြီးများ လည်း အိမ်ကို ပင့်ခွင့် မကြာခဏ ကြုံ၍ အံ့အားသင့်ကြရ၏။ တကယ်ဆိုလျှင် မြတ်ဘုန်း၏ မိဘများက ဘာသာရေးမှာ ပျက်ကွက်ခြင်း မရှိသော်လည်း ယခုလောက် ထဲထဲဝင်ဝင်တော့ မလုပ်ဖြစ်ခဲ့၊ ကိုယ်ဝန်ဆောင်စဉ် ကတည်းက ထူးခြားသော ကလေးမှန်း ရိပ်စားမိခဲ့ကြသည်။

မွေးတော့လည်း ရုပ်ရည်ကြည်လင်သန့်ပြန့်ပြီး အငိုမသန်ခဲ့၊ ကလေးဖြစ်ပြီး လက်ဆောင် အလွန်ရသည်။ ဘာမှ မကြောင့်ကြခဲ့ရ၊ သံဃာကိုမြင်လျှင် လက်အုပ်အမြဲ ချီသည်။ ဉာဏ်ကောင်းသည်။ စာတော်သည်။ သူပိုင်ပစ္စည်းကို သူတစ်ပါးလိုလျှင် မဆိုင်းမတွ ပေးလေ့ ရှိသည်။

အရွယ်ရောက်တော့လည်း ရွယ်တူ မိန်းကလေးများက စိတ်ဝင်စားကြပေမယ့် သူက အကပ်မခံ။ ဘယ်မိန်းကလေးကိုမျှ မခင်။ ငယ်ငယ်ရွယ်ရွယ်နှင့် ပုတီးစိပ် ဘုရားရှိခိုး တရားထိုင် မပျက်မကွက် လုပ်သည်။ ညီမဖြစ်သူကိုလည်း တိုက်တွန်းသည်။ သူကြီးလာလျှင် ဘုန်းကြီးဝတ်မှာဟု အမြဲ ပြောသည်။ တတိယတန်း ဖြေအပြီး နွေရာသီ ကျောင်းပိတ်ရက်မှာ ကိုရင်ဝတ်ပေးရမည် ပူဆာသဖြင့် ရှင်ပြုပြီး သင်္ကန်းဝတ်ပေးရ၏။ ကျောင်းပြန်ဖွင့်သည် အထိ ဝတ်ပြီး လူမထွက်ဘူး ငြင်းဆန်နေ၍ ကျောင်းစာပြီးအောင် သင်လျှင် ဝတ်ခွင့်ပေးမည်ဟု ချော့မော့ပြောဆိုပြီး ထွက်ခိုင်းရ၏။ အထက်တန်းကျောင်း ရောက်တော့ မိန်းကလေးများနှင့် စနောက်လျှင် စိတ်ဆိုးတတ်သည်။ အားသည့်အချိန်တွင် ဘာသာရေး စာစောင်များ၊ စာအုပ်များ လေ့လာဖတ်ရှုခြင်း၊ ဆရာတော်ကြီးများ၏ တရားခွေများ နာယူခြင်း လုပ်လေ့ရှိ၏။ ဆယ်တန်းဖြေအပြီး ကျောင်းပိတ်ရက်မှာ အဘိဓမ္မာ သင်တန်းတက်ပြီးဖြေရာ အောင်မြင်ခဲ့၏။

သိမ်ဝင်တော့ ချမ်းမြေ့ဆရာတော်ကြီး နိုင်ငံခြား ကြွနေသဖြင့် လက်ထောက် ဆရာတော်က ဥပဇ္ဈာယ်ဆရာ လုပ်ပေး၏။ တိုတိုတုတ်တုတ်နှင့် ထိရောက်အောင် ဆုံးမဟောကြား၏။

'ကိုင်း... ဦးပညာ သိထားအောင်ပြောရရင် ဝိနည်းဆိုတာ သာသနာရဲ့ အသက်ပဲ၊ ဝိနည်းကို သင်ယူပါ၊ လေ့လာပါ၊ ပြီးရင် စဉ်းစားပါ၊ ရဟန်းသီလဆိုတာ ကြိုးတန်းပေါ် လမ်းလျှောက်တာနဲ့ တူပါတယ်၊ သာမန်လူတွေရဲ့ သီလက မြေပြင်ပေါ် လျှောက်ရတာ လောက်ပဲ၊ လဲရင် သူက ဒူးပြဲရုံလောက်ပဲ၊ ကိုယ်ကကျတော့ ကြိုးတန်း အမြင့်ပေါ်က ပြုတ်ကျရင် ကျိုးမလား သေမလားပဲ၊ ဝိနည်းက များပေမယ့် စိတ်တစ်ခုတည်း ထိန်းရုံပါပဲလို့ ဘုရားက ဟောတယ်။ ဝိနည်းဆိုတာ တကယ်တော့ ဘုရားက သူ့သားတော်ဖြစ်တဲ့ သံဃာတော်တွေ အကျိုးအတွက် ထားခဲ့တာပဲ။ (ဝိနည်းမရှိတော့တဲ့နေ့ သာသနာ ကွယ်မှာပဲ) တကယ်တော့ သံဃာတော်တွေလည်း အလှူခံရတာဖြစ်သလို သူတောင်းစားတွေလည်း တောင်းရမ်းရတာပဲ။ တောင်းတာချင်းတော့ အတူတူပဲ။ ဒါပေမဲ့ သူတောင်းစားကျတော့ တော်ရီရော်ရီ ပစ်ထည့်ကြပြီး၊ သံဃာတွေကျတော့ ဦးဦးဖျားဖျားကို ရိုရိုသေသေ ကပ်လှူကြရတယ်။ ဘာကြောင့်လဲ။ ဝိနည်းကြောင့်ပါပဲ။ ဝိနည်းကြောင့် သံဃာတွေဟာ ကြည်ညိုဖွယ် အသွင်ကို ဆောင်တာ ဖြစ်တယ်။ ဒါကြောင့် ဦးပဥ္စင်းကိုမှာမယ်၊ လူတွေနဲ့ တူအောင် မနေပါနဲ့၊ နားလည်လား။'

'နားလည်ပါတယ် ဘုရား'

'အေး လူတွေ ပေါ့ပေါ့စားသလို ပေါ့ပေါ့မစားနဲ့၊ လူတွေပေါ့ပေါ့နေသလို ပေါ့ပေါ့မနေနဲ့၊ လူတွေပေါ့ပေါ့ ဝတ်သလို ပေါ့ပေါ့ မဝတ်နဲ့၊ လူတွေ ပေါ့ပေါ့ အိပ်သလို ပေါ့ပေါ့မအိပ်နဲ့၊ ပေါ့ပေါ့ မတွေးနဲ့၊ ပေါ့ပေါ့ မပြောနဲ့၊ လမ်းလျှောက်တာက အစ ကြည့်တာကအစ လူတွေလို မပြောနဲ့ လူတွေလို မကြည့်နဲ့၊ လူတွေနဲ့ တူသွားတာနဲ့ သူတို့ဘက်က အရိုသေတန်သွားပြီမှတ်၊ သံဃာလိုတွေးပြီး သံဃာလိုသာ သက်ဆုံးတိုင်နေပေတော့၊ ဝိနည်း မလိုက်နာနိုင်ရင် အကောင်းဆုံးက ဆက်မဝတ်ဘဲ လူထွက်ပေတော့၊ ဒါမှမဟုတ်ရင် သံသရာမှာ အဆမတန် ခံရမှာပဲ၊ ဘုန်းဘုန်းမှာတာ မမေ့နဲ့နော်'

'မမေ့ပါဘူးဘုရား။ တပည့်တော် ရှိသေစွာ မှတ်သားလိုက်နာပါမယ်ဘုရား'
'အေး၊ သာဓု၊ သာဓု၊ သာဓု'

ချမ်းမြေ့ကျောင်းမှာ ဒေါက်တာမြတ်ဘုန်းတစ်ဖြစ်လဲ ဦးပညာသာရ ခုနစ်ရက် သီတင်းသုံး၏၊ ခုနစ်ရက်လုံးလုံး မိသားစုက သံဃာကုန် ဆွမ်းကပ်လှူကြ၏။

ခုနစ်ရက်ပြည့်တော့ ချမ်းမြေ့ကျောင်းမှာ ခွင့်ပန်၊ အိမ်ကို အကြောင်းကြားပြီးနောက် ရန်ကုန်–မန္တလေး အမြန်ကားလက်မှတ်ဖြတ်ပြီး ခရီးထွက်ခွာ၏။ မိုင်တိုင် ၃၀၈ မိုင် ၇ ဖာလုံမှာ ဆင်းပြီး ဆိုင်ကယ်ကယ်ရီဖြင့် ဆက်ကြွရာ ရွှေတိဂုံပုံစံတူ ကျောက်ဆင်ရွှေတိဂုံဘုရားကို ဘွားကနဲ ဖူးတွေ့ရ၏။ 'ကျောက်ဆင်တောရသို့' ဟူသော ဆိုင်းဘုတ်လည်း မြင်၏။ အမေရိကမှ ဓမ္မမိတ်ဆွေ ပြောသော 'ကျောက်ဆင်တောရ'။ ရှုတင်ဆောင်တောရကျောင်း။ ဦးပဥ္စင်း၏ ရင်ခုန်သံ မြန်လာသည်။ သူခံနိုင်ရည် ရှိပါ့မလား။

အခန်း (၁၅)

## အမေရိကန်မှတောင်ပုလုရိပ်သာ

တောင်ပုလု ကျောင်းတိုက်ခွဲမှန်သမျှ တူညီစွာ ကျင့်သုံးကြသည်မှာ (ဂိလာနများမှလွဲ၍) ဆွမ်းခံကြသည်။ ဆွမ်းကို တစ်နေ့လုံး တစ်ထပ်တည်း စားကြသည်။ ခွက်အပိုမဆောင်ဘဲ သပိတ်ထဲမှာပင် 'ပတ္တပိုဏ်' ဘုဉ်းပေးရ၏။ သင်္ကန်းသုံးထည်ထက် ပို၍ မဆောင်ကြ။ ခုတင်မရှိ။ ပက်လက် ကုလားထိုင်နှင့်သာ ညဥ့်ကို ကုန်ဆုံးကြလေ့ရှိ၏။ ရေဒီယို မရှိ၊ တီဗွီမရှိ၊ သတင်းစာမဖတ်၊ ဂျာနယ် မဂ္ဂဇင်း မဖတ်ကြ။

နိုင်ငံရပ်ခြား အထူးသဖြင့် ဥရောပနှင့် အမေရိကန်နိုင်ငံများတွင်မူ ဆွမ်းခံစားဖို့ အခက်အခဲရှိ၏။ မြန်မာလူမျိုးများ ရှိနေ၍သာ တော်သေး၏။ မဟုတ်လျှင် ဆွမ်းကို ကိုယ်တိုင်ချက်စားဖို့သာ ရှိတော့၏။ ဦးရီးတော်ပြောပြချက်အရ ဆွမ်းခံထွက်သောအခါ လူမျိုးခြားများက သူတောင်းစားထင်ပြီး ငေါက်လွှတ် အော်လွှတ်ကြ၏။ သို့နှင့် ဦးရီးတော်သည် ဆွမ်းခံသည့်ဝတ်ကို စွန့်လွှတ်လိုက်ရ၏။

မြန်မာအိမ်တွေမှာ ဆွမ်းခံကြဖို့ကလည်း တစ်အိမ်နှင့် တစ်အိမ် ၁၀ မိုင်၊ မိုင် ၂၀ လောက်ပင် ဝေးကြ၏။ မြန်မာများက စီစဉ်ထားသည်မှာ ဆွမ်းကိစ္စကို တစ်လှည့်စီ တာဝန်ယူပြီး ကျောင်းကို ပို့ပေးရန်ပင်ဖြစ်၏။

တောင်ပုလုဆရာတော်ကြီးနှင့် ပခုက္ကူ (ကျောက်ဆင်)ဆရာတော်ကြီး နှစ်ပါးရှိနေ ခိုက်တွင်မူ ကျောင်းမှာ လူအလွန်စည်ကားပြီး ဆွမ်းကိစ္စက ပိုလျှံ၍ပင်နေပါသည်။ ဆရာ တော်ကြီး နှစ်ပါးစလုံး မရှိတော့သည့်အချိန်တွင်မူ ဦးရီးတော်အနေဖြင့် ကြိုးစားရုန်းကန် ခဲ့ရပါသည်။

ဒကာ၊ ဒကာမတွေကလည်း အမျိုးမျိုးတွေ့ရသည်။ တချို့ ဘုန်းကြီးကို ဆရာပြန် လုပ်ချင်သူများ၊ ဘုန်းကြီးကို အလုပ်ခန့်သည့်ပုံစံဖြင့် ဆက်ဆံသည့် လူစားမျိုးကိုပင် ကြုံခဲ့ရ၏။ သည်းခံခြင်း မေတ္တာမပျက် စိတ်မကွက်ခြင်းဖြင့် ဦးရီးတော်ခမျာ မယဉ်ကျေးသူများကို ယဉ်ကျေးအောင် စည်းရုံးဆုံးမရင်း သူတို့နှင့်ပင် သာသနာအတွက် လက်တွဲရတော့၏။

နာမည်ကြီးချင်၊ ပေါ်ပြူလာဖြစ်ချင်၍ ဗုဒ္ဓဘာသာကို တစ်လုံးနားကန်းမသိ နားမ လည်ဘဲနှင့် ဂေါပကဥက္ကဋ္ဌ၊ အတွင်းရေးမှူး ရာထူးရချင်သူများကလည်း ရှိသေးသည်။ ကိုယ်ထင်ပေါ်ချင်သဖြင့် လူကောင်းသူကောင်းများကို ဘေးရောက်သွားအောင် သွားပုပ်လေလွင့် နောက်ကွယ်မှ အမျိုးမျိုး နာမည်ဖျက်၏။ ဘာသာသာသနာကို ဦးစားပေး စဉ်းစားဖို့ မရှိ။

မိမိလူတွင်ကျယ် မလုပ်ရပြန်လျှင်လည်း ကိုယ့်ကိုယ်ကိုယ် ဘာသာသာသနာ ဖျက်သူဖြစ်မှန်းမသိ ဖြစ်သွားကြ၏။ သီလရှိပြီး ကောင်းကောင်း မွန်မွန် မှန်မှန်ကန်ကန် လုပ်ဆောင်မည့်သူများကို တိုက်ခိုက်လျှင် ကိုယ့်ဘာသာတရားကို တိုက်ခိုက်ရာ ရောက်တော့ပြီ။ ဦးရီးတော်က ဦးပဋ္ဌင်းဦးသုန်ကို ရင်ဖွင့်၏။

ဩော်. . . ငါတို့ ဗုဒ္ဓဘာသာဝင်တွေ စစ်အုပ်ချုပ်ရေးအောက်မှာ အနေကြာသွားတော့ လူမှု အဖွဲ့အစည်းတွေ ဖွဲ့စည်းခွင့်မရှိ၊ ယုံကြည်ချက်တူကြသူချင်း နီးနှောခွင့်မရှိ။ သာရေး နာရေးတောင် လွတ်လွတ်လပ်လပ် လုပ်လို့မရအောင် အမျိုးမျိုး အနှောင့်ယှက်ခံခဲ့ရတော့ လူမှုဆက်ဆံရေးတွေက ပုံပန်းမကျတော့ဘဲ တစ်ယောက်နှင့် တစ်ယောက် အကြားမှာ မေတ္တာစိတ်တွေ၊ ရင်းနှီးမှုတွေ ခန်းခြောက်ယိုယွင်းပြီး နိုင်ငံတည်ဆောက်ရေးအတွက် စုပေါင်းစိတ်ဓာတ်တွေ ပျောက်ဆုံးနေတယ်။ စိတ်ဓာတ်တွေ ကိုယ်ကျင့်တရားတွေ ဆင်ခြင် တုံတရားတွေ မရှိတော့ဘူး၊ ကျဆင်းကုန်တယ်၊ ယိုယွင်းကုန်တယ်။ နောက်ပြီး စစ်တပ်ရဲ့ အုပ်ချုပ်မှုအောက်မှာ နှစ်ပေါင်း ၅၀ ကျော် ကြာခဲ့တော့ ရာစုနှစ်ဝက်လောက် ပျက်စီး သွားတာတွေကို အစ ကနေပြန်ပြီး ပြုပြင်တည်ဆောက်ရမှာဖြစ်တယ်။ အရပ်သား စစ်စစ်တွေနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရက သန့်ရှင်းပြီး တက်ကြွတဲ့ နိုင်ငံရေးစနစ်ကို အကောင်အထည်ဖော်ခွင့် မရရင်တော့ ဒီလိုပဲ ဒုံရင်းအတိုင်း သွားတော့မှာပါပဲ။ တစ်ခြားနိုင်ငံတွေရဲ့ နောက်မှာ မယှဉ်နိုင်လောက်အောင် အပြတ်အသတ် နောက်ကျကျန်ခဲ့မယ်။ ပြည်တွင်းမှာ ဒကာ ဒကာမတွေဟာ ဆင်းရဲချမ်းသာ လူတန်းစားကွာဟမှု အကြီးအကျယ်ဖြစ်လာပြီး တိုင်းပြည် မငြိမ်မသက်ဖြစ်မယ်။ စစ်တပ်က တိုင်းရင်းသားတွေ အပေါ်မှာ ငယ်နိုင်လို ဖြစ်နေတယ်။ တိုင်းရင်းသားတွေကလည်း စစ်တပ်ဆိုရင် ဗမာလို့မြင်တယ်။

စစ်တပ်နဲ့ တိုက်ပွဲဖြစ်ရာမှာ တိုင်းရင်းသား စစ်သားတွေ သေကျေကြရင် ဗမာက သတ်တယ်လို့ မြင်တယ်။ ဒီလိုနဲ့ ဗမာကို မုန်းတီးမှုက အဖတ်ဆယ်ဖို့ တော်တော် ခက်ခဲ လာတယ်။ နိုင်ငံရဲ့ စီးပွားရေး နိမ့်ကျသွားရင် ဘာသာရေးလည်း လိုက်ပြီး ကျဆင်းလာမှာ သေချာပါတယ်၊ ဆွမ်းကွမ်းတွေ ခက်ခဲလာမယ်။ ဒါကြောင့် သံဃာတွေအနေနဲ့လည်း နိုင်ငံရေးကို မျက်ခြေပြတ်လို့ မရပါဘူး။ ဆရာတော်တစ်ပါး မိန့်ကြားဖူးသလိုပါပဲ။ သံဃာတော်များ ဆန္ဒမထုတ်ဖော်ရဘူးလို့ ဝိနည်းထဲမှာ တားမြစ်ထားခြင်း မရှိပါဘူး။ အကြမ်းဖက်မှု မပြုဘဲ ဆဲရေးတိုင်းထွာခြင်း မပြုဘဲ မေတ္တာသုတ်ရွတ်ပြီး ဆန္ဒထုတ်ဖော်တာတော့ အပြစ်မရှိပါဘူး။

'စကားမစပ်ဘုရား၊ ပီနန်ဆရာတော်ကြီးတပည့် ဦးပဋ္ဌင်းဦးနန္ဒိယတို့တော့ ကိုယ်တိုင် ကားမောင်းပြီး ဆွမ်းခံရတယ် ကြားပါတယ်ဘုရား၊ ဘယ်လို ဝေဖန်လို့ရမလဲဘုရား'

ဦးသုန်က မေးလျှောက်တော့ ဦးရီးတော်က –

'နောက်ဆုံး ဘယ်လိုမှ မတတ်သာဘူးဆိုရင်တော့ နိုင်ငံခြား သာသနာပြုနေတာကို အရှုံးပေးပြီး ပြည်တော်ပြန်မလား၊ နောက်ဆုံး ထွက်ပေါက်အနေနဲ့ ကားကို ကိုယ်တိုင်မောင်းပြီး ဆွမ်းခံရင်း အသက်ဆက်ပြီး သာသနာပြုမလား၊ ဒီမှာက မလွယ်ဘူးဟ၊ မြန်မာဒကာတွေက တစ်ယောက်နဲ့ တစ်ယောက် အဝေးကြီး နေကြရပြီး လူတိုင်း အလုပ်လုပ်ကြရတာဆိုတော့

ဒီနည်းပဲ ရှိတာလေ၊ ငါတို့တောင် ဒီက ဒကာတွေ အစီအစဉ်ကောင်းလို့ကိုး၊ မဟုတ်ရင် ဦးနန္ဒိယလိုပဲ တစ်ပါးကို ကားတစ်စီးစီနဲ့ ဖြစ်နေမှာပေါ့။ နိုင်ငံခြားမှာကတော့ ဘုန်းကြီးတွေ သာသနာပြုရာမှာ တစ်ယောက်တစ်မျိုး ဒုက္ခကြုံရတာပါပဲ။ တချို့ နေစရာ မရှိလို့၊ တချို့ကျ ဒကာတွေက ဝတ္ထုငွေပဲလှူနိုင်တော့ ဆွမ်းကို ဆိုင် (ယိုးဒယား ထမင်းဆိုင်) က မှာစားရတယ်။ တစ်ခါတလေ ပီဇာနဲ့ပေါ့လေ၊ တစ်ခါတလေ ပေါင်မုန့်ဆွမ်းနဲ့ပေါ့လေ'။ ဦးသုနိက ဦးရီးတော်ကို မေးလျှောက်၏။

'ဗုဒ္ဓဘာသာ စိတ်ဝင်စားပြီး ဗုဒ္ဓဘာသာဝင်ဖြစ်လာတဲ့ အမေရိကန်တွေကော ရှိလားဘုရား'

'အေး ... သူတို့ရဲ့ သဘောက အလွန်သိချင်စိတ်များတာကွဲ့၊ နောက်ပြီး လက်တွေ့ သမားတွေကွဲ့၊ မေးခွန်းတွေကလည်း များပါဘိသနဲ့၊ သူတို့ အားရကျေနပ်ပြီ ဆိုရင်တော့ တို့ မြန်မာလူမျိုးတွေထက် လိုက်နာပြီး ကျင့်ကြံအားထုတ်တတ်တဲ့သူတွေ'။

'သူတို့က ဘယ်လို မေးခွန်းတွေ မေးတတ်ပါသလဲဘုရား' ဦးသုနိက စူးစမ်းလျှောက် ထား၏။

'မေးတာတော့ စုံနေတာပဲဟေ့၊ သူတို့ မေးနေကျ စကားကတော့ စားပွဲတို့ ကုလားထိုင်တို့ စားစရာတို့ဆိုတာ ဖန်တီး ပြုလုပ်သူ ရှိလို့သာ ဖြစ်လာတာပေါ့၊ ဒီတော့ လူတွေ တိရစ္ဆာန်တွေ၊ သစ်ပင်တွေဟာလည်း တစ်ယောက်ယောက်က ဖန်ဆင်းပြုလုပ်လို့သာ ဖြစ်လာတာပေါ့၊ အဲဒီ အချက်အပေါ် ငါတို့ ဗုဒ္ဓဘာသာ ဘုန်းကြီးတွေက ဘယ်လို သဘောရသလဲ မေးကြတယ်၊ တချို့ ကလည်း ဗုဒ္ဓဘာသာကို တကယ် စိတ်ဝင်စားလို့ မဟုတ်ဘဲ သူတို့ ဘာသာထဲများ ငါတို့ ရောက်လာမလား လာဆွယ်တဲ့သူတွေလည်း ရှိတယ်၊ တချို့ကတော့ ရိုးရိုးသိချင်လို့ မေးတာပါ'

ဒီတော့ ဦးရီးက ဘယ်လို ဖြေလိုက်သလဲ'

'ဘုရားသခင် ဖန်ဆင်းတယ်ဆိုတာ သက်သေမရှိဘူးလို့၊ တကယ်သာ သူဖန်ဆင်း ထားတာ မှန်ရင် ပစ်မထားဘဲ တစ်ခါတလေတော့လာ ကိုယ်ထင်ပြပြီး သူဖန်ဆင်းထားတာ မှန်တဲ့အကြောင်း သက်သေထူသင့်တာပေါ့လို့၊ နောက်ပြီး သူမညီမျှအောင် ဖန်ဆင်းခဲ့တာတွေ၊ ကိုးကွယ်တဲ့ ဘာသာကို တစ်ခုတည်း ဖြစ်အောင် ဘုရားအာဏာနဲ့ မလုပ်နိုင်တော့ စစ်ပွဲ ဖြစ်ရတာတွေ၊ လူတွေ အသက်တိုပြီး ရောဂါရနေတာတွေလည်း သူ့မှာ တာဝန်ရှိတဲ့ အကြောင်းတွေ ပြောပြလိုက်တာပေါ့'

'တပည့်တော်တို့ ဗုဒ္ဓဘာသာမှာ ကမ္ဘာကြီးနဲ့ လူတွေ ဘယ်လို စဖြစ်တယ်ဆိုတာကော မမေးဘူးလား ဘုရား'

'အေး... မေးတာပေါ့၊ ဘယ်နေမလဲ' 'ငါက ကမ္ဘာဆိုတာ တစ်နေ့ပျက်ရတာ လက်ခံသလား မေးတော့ သိပ္ပံပညာအရ လက်ခံတယ်တဲ့၊ ဒါနဲ့ အေး.. ကမ္ဘာဆိုတာ

မီးကြောင့် (နေအပူရှိန်ကြောင့်) ဖြစ်ဖြစ်၊ လေကြောင့်ဖြစ်ဖြစ်၊ ရေကြောင့်ဖြစ်ဖြစ် တစ်နေ့မှာ သက်ရှိသတ္တဝါ သစ်ပင်တွေအားလုံး သေကျေပျက်စီးကြရတယ်။ ကမ္ဘာတစ်ခုပျက်ရင် ပျက်နေတဲ့ အချိန်ကတင် ၆၄ ကပ် နှစ်သန်းပေါင်း မရေမတွက်နိုင်လောက်အောင် ကြာသတဲ့။ ကမ္ဘာပျက်ခါနီးမှာ လူတွေဟာ ကောင်းမှုတွေချည်း ဖိလုပ်လို့ ဈာန်တွေ ရကြပြီး အားလုံး ဗြဟ္မာပြည်ရောက်ကြသတဲ့။ ဒါကြောင့် သတ္တဝါတိုင်းဟာ (နိယတမိစ္ဆာ အယူရှိသူကလွဲလို့) ဗြဟ္မာမဖြစ်ဖူးသူ မရှိကြဘူးတဲ့။ ဒီလိုနဲ့ နှစ်သန်းပေါင်းများစွာ ကြာလာတော့ ကမ္ဘာမှာ သက်ရှိတွေ ပြန်ဖြစ်လာဖို့ အစပျိုးလာပြန်တယ်တဲ့။ ကမ္ဘာပြုမိုးလို့ခေါ်တဲ့ သန့်စင်တဲ့ရေပါတဲ့ မိုးတွေ မပြတ်ရွာလို့ ရေတွေ ပြည့်လာတယ်တဲ့။ ကမ္ဘာပျက်စဉ်က အတူပျက်သွားတဲ့ နတ်ဘုံနဲ့ ဗြဟ္မာ့ဘုံ တချို့လည်း ပြန်ပြီးပေါ်လာကြတယ်တဲ့။

ရေတွေရဲ့ အပေါ်မှာ မလိုင်တက်သလို စေးပျစ်ပျစ်တွေ ဖြစ်လာခဲ့ရာကနေ မြေသား မြေနုတွေ ဖြစ်လာတယ်။ ဗြဟ္မာ့ပြည်မှာ သက်တမ်းစေ့သွားတဲ့ ဗြဟ္မာတွေဟာ စုတေပြီး အောက်ဗြဟ္မာ့ဘုံနဲ့ နတ်ဘုံတွေမှာ လာဖြစ်ကြတယ်တဲ့၊ သူတို့ဟာ ဘာမှ စားသောက်စရာလည်း မလိုဘဲ ကိုယ်ရောင် ကိုယ်ဝါတွေနဲ့ ကောင်းကင်မှာ လှည့်လည်သွားလာနိုင်ကြတယ်။ ကမ္ဘာ သစ်မှာ တက်လာနေတဲ့ မြေဆီကို မြည်းစမ်းကြည့်ရာကနေ စားသောက်လာကြပြီး အရသာ တဏှာရဲ့ ပူလောင်မှုကြောင့် ကိုယ်ရောင်ကိုယ်ဝါတွေ ပျောက်ကွယ်ပြီး ကောင်းကင်ကိုလည်း မပျံနိုင်တော့ဘူး။

မြေဆီကနေမှ မြေနွယ်၊ မြေနွယ်ကမှ အခွံမပါတဲ့ သလေးဆန်တွေစတဲ့ အပင်တွေ ပေါက်လာကြတယ်။ သလေးဆန် ထမင်းစားကြတော့မှ ကျင်ကြီးကျင်ငယ်တွေ ယိုစီး ကြရတယ်။ ကျင်ကြီးလမ်း၊ ကျင်ငယ်လမ်းတွေ တဖြည်းဖြည်း ပေါ်လာပြီးနောက်ပိုင်း မိန်းမဖြစ်ဖူးသူက ဣတ္ထိဘာဝရုပ် ပေါ်လာပြီး ယောကျ်ားဖြစ်ခဲ့သူက ပုရိသ သဘာဝရုပ် ပေါ်လာသတဲ့၊ ဒီလိုကနေ သံဝါသပြုကြပြီး ကိုယ်ဝန်ဆောင် ကလေးမွေးရင်း လူသားမျိုးနွယ်တွေ ပေါ်ခဲ့ကြတယ်။ ဒီလို ရှင်းပြတော့မှ သြော်‥ ဗုဒ္ဓဘာသာမှာလည်း လူသားတွေ ဖြစ်လာပုံ ရှိတာပါလားဆိုပြီး အံ့သြချီးမွမ်းကြတယ်။ ငါက ပြောလိုက်တယ်။ အေး‥ ငါတို့က ဖန်ဆင်းရှင်ထက် လူသားကိုပဲ တန်ဖိုးထားတဲ့သူတွေ ဖြစ်တယ်။ ငါတို့ လူသားတွေ ဖန်တီးထားမိတဲ့ဒုက္ခကို ငါတို့လူသားတွေ ကိုယ်တိုင် ဖယ်ရှားနိုင်ရမှာပေါ့။ ဒါပေမဲ့ နည်းလမ်း ပြပေးမယ့် ဆရာတော့လိုတာပေါ့။ အဲဒါ ဗုဒ္ဓပဲ။ ဗုဒ္ဓက ငါတို့ ဆရာပဲလို့ ဖြေလိုက် တယ်'။

အခန်း (၁၆)

## နိုင်ငံခြားသားတို့ရဲ့ အမေးစကားများ

ဦးပဥ္ဇင်းဦးသုန်က ဦးရီးတော်နှင့် စကားပြောဖို့ အချိန်နှစ်ချိန်ရှိသည့်အနက် တစ်ချိန်ချိန်ကိုစောင့်ရ၏။ မနက်ခင်း ၄း၃၀ ထ၊ ၅ နာရီမှာ စုပေါင်း ဝတ်တက် ဘုရားရှိခိုး၊ ဆွမ်းခံစရာမရှိလျှင် တရားထိုင်။ နောက်တစ်ချိန်မှာ စင်္ကြံလျှောက်။ ၈း၃၀ မှာ တစ်နေ့လုံးအတွက် တစ်ကြိမ်တည်းသော ဆွမ်းကို သပိတ်ထဲတွင် ပတ္တပိဏ်ဘုဉ်းပေးကြ၏။ ဘုန်းမပေးမီ ဘုရားဆွမ်းတော်တင် ဆွမ်းစားရသည့် ရည်ရွယ်ချက်၊ ဆွမ်း၏ ရွံရှာဖွယ်အပြစ်တို့ကို စုပေါင်းရွတ်ဖတ်ဆင်ခြင်ရသေး၏။ နောက်ပြီးမှ သောက်ရေခွက်နှင့် ရေခပ်ထားပြီး သပိတ်ဘေးမှာ အသင့်ချထား။ ဆွမ်းလုတ် ရေတွက်၍သော် လည်းကောင်း ခွံ့တယ်၊ ဝါးတယ်၊ မျိုတယ် စသည့် သတိအမှတ်ဖြင့်သော်လည်းကောင်း ထိုင်ရာမထ ဘုဉ်းပေးကြရ၏။ ဘုဉ်းပေးစဉ် ထိုင်ရာမှ ထ၊ ထ ရာမှ ပြန်ထိုင် စားလျှင်လည်း ဓုတင်တစ်ပါး ပျက်ပေမည်။

ဦးရီးတော်နှင့် စကားပြောရန်မှာ ဆွမ်းစားပြီး နားချိန်၊ နားပြီးလျှင် ကျောင်းဝေယျာဝစ္စ ကုသိုလ် လုပ်ချိန်တွင်လည်းကောင်း၊ ညနေခင်း ဘုရားဝတ်တက် အပြီးတွင်လည်းကောင်း စောင့်မျှော်ပြီး အခြေအနေကြည့်ရ၏။ အခြေအနေကောင်းသည်နှင့် ဦးရီးတော်နား ချဉ်းကပ်ပြီး ဦးရီးတော်၏ အတွေ့အကြုံများကို မေးလျှောက်ခွင့်ရ၏။ ဒီနေ့လည်း ဦးရီးတော် နားနေခိုက် တလောတုန်းက စကားပြတ်သွားသည့် နိုင်ငံခြားသားများနှင့် ကြုံတွေ့ရတတ်သည့် ပြဿနာ မေးခွန်းများအကြောင်း ဆက်ပြီး နားထောင်ချင်နေသည်။

ဦးရီးတော်က 'လာဟေ့ တူတော်မောင်၊ ဘာ သိချင်နေပြန်ပြီလဲ' ဆီးမေး၏။

**ဦးသုန်** – 'တစ်နေ့က နိုင်ငံခြားသားတွေ မေးတတ်မြန်းတတ်တဲ့ မေးခွန်းတွေ အကြောင်းပါဘုရား'

**ဦးရီးတော်** – 'ဪ . . ဒါလား။ သူတို့က သူတို့ ကျင်လည်ခဲ့တဲ့ ပတ်ဝန်းကျင်မှာ သူတို့ ဘာသာတရားကလွဲရင် လေ့လာခွင့် သိပ်နည်းတာ၊ ဒါကြောင့် သူတို့အတွက် နားလည်လာဖို့ ဆိုတာက မေးတဲ့သူကော ဖြေတဲ့သူကော အလွန်စိတ်ရှည်မှ ရလာဒ်အဖြေက ကောင်းတာ။ သူတို့နောက် မေးတတ်တဲ့ မေးခွန်းက 'ဗုဒ္ဓက ထာဝရဘုရားမဟုတ်ဘူးဆိုရင် ဘယ်အတွက် သူ့ကို ရှိခိုးကိုးကွယ်နေကြရတာလဲ' တဲ့။

**ဦးသုန်** – 'ဦးရီးတော်က ဘယ်လို ဖြေလိုက်သလဲ ဘုရား'

**ဦးရီးတော်** – 'ထာဝရဘုရားကို လူတွေ ကိုးကွယ်တယ်ဆိုတာက ဘုရားဆီက

အကူအညီ မစ,မှုကို မျှော်လင့်လို့ရယ်၊ နောက်ပြီး ကြောက်ရွံ့ရှိသေလို့ရယ် ဖြစ်တယ်။ ဗုဒ္ဓကို ကိုးကွယ်သူများကျတော့ လူတွေကို သံသရာက လွတ်မြောက်တဲ့ နည်းလမ်းကို ညွှန်ကြားသင်ပြပေးခဲ့တဲ့ ကျေးဇူးနဲ့ မေတ္တာစေတနာတော်တွေကို အရိုအသေပြုတာ ဖြစ်တယ်' လို့ ရှင်းပြလိုက်တယ်။ နောက်တစ်ခုက 'ရုပ်တု ကိုးကွယ်တယ်ဆိုတဲ့ ပြဿနာပဲ' တပည့်တော်က ရှင်းပြလိုက်တယ်။ ငါတို့က ရုပ်တုကို ကိုးကွယ်တာမဟုတ် ဗုဒ္ဓကို ကိုးကွယ်တာဖြစ်တယ်။ ဗုဒ္ဓရဲ့ ရုပ်ပွားတော်တွေ ထားရှိတာကတော့ ဗုဒ္ဓရဲ့ ကြည်ညိုစရာအသွင်ကို မှန်းဆနိုင်အောင်သာ ဖြစ်တယ်။ တကယ့် ကိုးကွယ်ရင်းက ရုပ်တုကို မဟုတ်ဘဲ ရုပ်တုရဲ့ မူလဖြစ်တဲ့ သစ္စာလေးပါး ဟောပြတဲ့ ဗုဒ္ဓကိုသာဖြစ်တယ်လို့ ရှင်းပြတယ်'

'ကောင်းပါတယ်ဘုရား' ဦးသုန်က အားရဝမ်းသာလျှောက်၏။

**ဦးရီးတော်** – 'တချို့က မေးတယ်၊ ဗုဒ္ဓဘာသာနိုင်ငံတွေ ဘာကြောင့် ဆင်းရဲနေတာလဲ၊ ဗုဒ္ဓဘာသာက ကောင်းတယ်ဆိုရင်' လို့ မေးတာ။ ဒီတော့ တပည့်တော်က 'ချမ်းသာတာ၊ ဆင်းရဲတာက အလုပ်လုပ်တာနဲ့ အုပ်ချုပ်တဲ့ စနစ်ပေါ် မူတည်တယ်၊ ဘာသာရေးနဲ့ မဆိုင်ဘူး။ ဂျပန်နဲ့ ကိုရီးယားဆိုရင် ချမ်းသာကြတာပဲ၊ သေချာတာကတော့ ဗုဒ္ဓဘာသာဟာ ဗုဒ္ဓဘာသာဝင်တွေကို စိတ်ချမ်းသာမှု ဖြစ်စေတယ်၊ တို့ မြန်မာနိုင်ငံဟာ ဆင်းရဲလွန်းလို့ ဗုဒ္ဓဘာသာနိုင်ငံသာ မဟုတ်ရင် စိတ်ပါဆင်းရဲပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့သူ အတော်များမှာ' လို့ ဖြေလိုက်တယ်။

ဦးရီးတော်က ခဏနားပြီး ဆက်ပြော၏။ 'တချို့က တော်တော် မေးတတ်တယ်။ 'ဗုဒ္ဓဘာသာရဲ့ အဓိက အကျဆုံးကဘာလဲ'၊ 'တခြား ဘာသာတွေအပေါ် ဘယ်လို သဘောထားသလဲ' လို့ မေးတော့ တော်တော် သတိထားပြီး ဖြေရတယ်။ 'ဗုဒ္ဓဘာသာမှာ အဓိက အကျဆုံးက သစ္စာ လေးပါးပဲ၊ ဒီသစ္စာတရားဆိုတာ ဗုဒ္ဓဘာသာဝင်အတွက် အခွင့်ထူးခံ သီးသန့်ထားတာ မဟုတ်ဘူး၊ ဘယ်ဘာသာဝင်အတွက်ဖြစ်စေ သစ္စာလေးပါးကို နားလည်ရင် ဉာဏ်အလင်းဆိုက်မှာပဲ ဒီသစ္စာ လေးပါးကို မသိမြင်နိုင်ဘဲ အကုသိုလ် မကောင်းမှုတွေလုပ်မိရင် ဗုဒ္ဓဘာသာဝင် ဖြစ်ပါစေ အပယ်ကျရောက်မှာပဲ' လို့ ဖြေရတယ်။

**ဦးသုန်** – 'တော်တော် စိတ်ဝင်စားဖို့ ကောင်းပါတယ်ဘုရား၊ တပည့်တော်သာဆို ဒီလို လိုရင်းတိုရှင်း ဖြေတတ်မှာ မဟုတ်ဘူး ဘုရား။ နောက်ထပ်ကော ဘာတွေ မေးသေးလဲ မိန့်ပါဦး ဘုရား'။

**ဦးရီးတော်** – 'ဒုက္ခကို မြင်အောင် ကျင့်ရမယ်ဆိုတော့ ဗုဒ္ဓဘာသာဟာ အဆိုးမြင်ဝါဒ မဟုတ်ဘူးလား' တဲ့။ တပည့်တော်က ဒုက္ခဟာ သဘာဝအရ နဂိုကတည်းက ရှိနှင့်ပြီးဖြစ်လို့ ထူးထူးထွေထွေ တမင် အဆိုးမြင်အောင် ရှုမြင်ရတာမျိုး မဟုတ်ဘဲ ဒုက္ခကို ၊ အရှိကို အရှိ အတိုင်းမြင်အောင် ကျင့်ခြင်းသာ ဖြစ်တယ်' လို့ ပြန်ဖြေရတယ်။ နောက် မေးခွန်းတစ်ခုက မလိုချင်ရဘူး၊ မတပ်မက်ရဘူးဆိုရင် လူတွေ ဘယ်လိုလုပ် တိုးတက်ကြီးပွားကြမှာလဲ' တဲ့။ တပည့်တော် 'မလိုချင်ရဘူး၊ မတပ်မက်ရဘူးလို့ ဘယ်လောက်ပဲ ဟောဟော လိုချင်တပ်မက်သူတွေကတော့ ရှိနေမှာပဲ၊ သံသရာနဲ့ ပတ်သက်လို့တော့ လိုချင်ရင် (၁၀) ရမယ်၊ မလိုချင်ရင်

(ဘ၀) မရဘူး၊ ရှင်းရှင်းလေးပါပဲ' လို့၊ လောကီမှာတော့ ပြောင်းပြန်ပဲ၊ လိုချင်လေ လိုက်လေဝေးလေ မချမ်းသာလေဘဲ၊ မလိုချင်တော့မှ တကယ့် ချမ်းသာအစစ်ကို ရတာပဲ၊ လိုချင်ခြင်း၊ တဏှာရဲ့ ပန်းတိုင်ဟာလည်း နောက်ဆုံး မလိုချင်လောက်အောင် ချမ်းသာဖို့ပဲ မဟုတ်လား' လို့ ဖြေလိုက်တယ်။

ဦးသုန်က ဦးရီးတော်၏ အတွေ့အကြုံများကို နောက်ထပ် နားဆင်နိုင်ဖို့ မျှော်လင့်နေခိုက် ကျောင်းဝင်းအတွင်းသို့ အပြာရောင် ဖိမ်ခံကားလေးတစ်စီး ဝင်လာ၍ စကားပြတ်သွား၏။

ကားပေါ်က ဆင်းလာသူက ဝဝတုတ်တုတ် အညာသားနှင့်တူသူ တစ်ယောက်နှင့် သူလိုပင် ဝဖိုင့်ဖိုင့်နှင့် မျက်နှာချိုသော အမေရိကန်သူ တစ်ဦးတို့ဖြစ်၏။ သူတို့က ဇနီးမောင်နှံ ဖြစ်သည်။ အညာသားကြီးက ဤကျောင်းတွင် ဦးရီးတော်နှင့်အတူ သီတင်းသုံးဖူးသော ဦးပဥ္စင်းလူထွက်ဖြစ်ပြီး အမေရိကန်သူက ဗုဒ္ဓဘာသာဝင်ဖြစ်၏။ အမေရိကန်သူက ဗုဒ္ဓဘာသာဝင်အဖြစ် ဘာသာပြောင်းပြီးနောက် ဦးပဥ္စင်းကြီးကလည်း လူထွက်လိုက်ကာ ဆုံမှတ်အဖြစ် လက်ထပ်လိုက်ကြ၏။

လက်ထပ်ပြီးနောက်တွင် အမေရိကန်နိုင်ငံသူ၏ ခင်ပွန်းအဖြစ်ဖြင့် နိုင်ငံသားခံယူခွင့်ရှိရာ ယခု ဦးပဥ္စင်းလူထွက်ကြီးသည် အမေရိကန်နိုင်ငံသားကြီးဖြစ်၍နေလေပြီ။ ကံကြမ္မာများကား ဆန်းကြယ်စွ။ မလှိုင်မြို့နယ် ပန်းအိုင်ရွာတွင် မွေးဖွားစဉ်က သူ့ကို အမေရိကန်နိုင်ငံသား ဖြစ်လိမ့်မည်ဟု မည်သူထင်မည်နည်း။ အမေရိကန်သူနှင့် ညားမည်ဟုလည်း မည်သူ ထင်မည်နည်း။ ဦးပဥ္စင်းအဖြစ် ရှိစဉ်က ဝိနည်းနှင့်အညီ နေနိုင်ပြီး ထူးထူးခြားခြား ကျင့်ကြံ အားထုတ်ခဲ့သူလည်း ဖြစ်၏။ နမြောစရာ ကောင်းလေစွ။ ဦးသုန်ကား ဦးပဥ္စင်းလူထွက် ကိုညိုမောင်ကိုကြည့်ပြီး ယူကျုံးမရ ဖြစ်ရ၏။ လှေလှော်ရင်း တက်ကျိုးခဲ့ရာမှ မည်သည့်အခါမှ လှေပေါ် ပြန်ရောက်နိုင်တော့မည် မထင်။

အခုတော့လည်း ကိုညိုမောင်ကို ကြည့်ရတာ လူတောထဲမှာ ပျော်နေပြီထင်ရ၏။ ရ ရာ အလုပ်လည်း ဝင်လုပ်နေရပြီဖြစ်၏။ ဩော်.. မြင့်သည်ထင်၍ ခုန်ချခဲ့သူများ သာသနာမှာ ဘယ်လောက် များနေပြီလဲ။ လူ့ဘဝကား ရခဲစွ။ ရခဲသော လူ့ဘဝတွင်မှ ရဟန်းဘဝသည် ပို၍ ရခဲစွ။ လူထွက်သွားသော်လည်း ဗုဒ္ဓသာသနာကို ကြည်ညိုမှုကတော့ လျော့ပါးမသွားခဲ့၍ တော်သေး၏။ သံဃာများကို သူလုပ်အားခထဲမှ လိုလေသေးမရှိအောင် ထောက်ပံ့လှူဒါန်းရှာ၏။ သူ၏ ဇနီး အမေရိကန်သူကည်း သဒ္ဓါထက်သန်ပြီး ဗုဒ္ဓကို ကိုင်းရှိုင်း၏။ ရဟန်းဘဝကို စွန့်ခဲ့လေသော သူ၏ ခင်ပွန်းကိုလည်း အလွန် ကြင်နာပုံရလေ၏။

❖

အခန်း (၁၇)

## တရုတ်မလေး'ချန်'

'ဘယ်လ်ဂျီယံ' မှာ ဘိုဘိုတစ်ယောက် အလုပ်ရှာရတာ ဖတ်ဖတ်မောနေပါပြီ။ သူလို ဆယ်တန်းအောင်လေး မပြောနှင့် ဘွဲ့ရတွေ၊ ဆရာဝန်တွေတောင် ဘယ်လ်ဂျီယံနိုင်ငံ သားတွေ လိုလိုလားလား မလုပ်ချင်သော အလုပ်မျိုးပဲ လုပ်ကြရသည်။ တချို့က အသားတွေ ထုပ်ပိုးရောင်းချသည့် စက်ရုံများမှာ လုပ်ကြရသည်။ တချို့က စားသောက်ဆိုင်တွေမှာ။ စားသောက်ဆိုင်ဆိုရာမှာလည်း အနောက်တိုင်း စားသောက်ဆိုင်များနှင့် အရှေ့တိုင်း (အာရှ) စားသောက်ဆိုင်များဟူ၍ နှစ်မျိုး ရှိသေး၏။ ကြုံရာကျရာ ဝင်လုပ်ကြရာမှာ တချို့က 'ဖောက်ကလစ်' ခေါ် ကုန်သေတ္တာ မ,ရွှေ့ရသည့် ယာဉ်မောင်း၊ တချို့ လေဆိပ် လုံခြုံရေး၊ ယာဉ်သန့်ရှင်းရေး၊ ဟိုတယ် သန့်ရှင်းရေး၊ လုံခြုံရေးဝန်ထမ်း စုံအောင်လုပ်ကြရ၏။ အဆိုးဆုံးက ဟိုတယ်အခန်း သန့်ရှင်းရေးအလုပ်ဟု ဘိုဘို ထင်မိသည်။ ရှင်းပြီးသည့် အခန်းအရေ အတွက်နှင့် လုပ်အားခ ရှင်းသည်ဖြစ်ရာ ကိုယ့်လောဘနှင့်ကိုယ် တက်သုတ်ရိုက်ပြီး ဟိုခလုတ်တိုက် သည်ခလုတ်တိုက်၊ ကိုယ့်ဘောင်းဘီစ ကိုယ်တက်နင်းမိပြီး လဲကျလို့လဲကျ၊ အလုပ်ပြီးသည့်အချိန်ဆိုလျှင် လူ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို ခံရ၏။ လနှင့်ချီ လုပ်လျှင် ကုန်းလိုက်ကွလိုက် လုပ်ရသောကြောင့် ခါးနာရောဂါ ရလာရာ ခါးနာလျှင် ပတ်ရသည့် ခါးပတ်ကြီးပါ ပတ်၍လုပ်ရ၏။ ဘိုဘို တစ်နှစ်ပဲခံ၏။ စားသောက်ဆိုင် ပြောင်းလုပ်ကြည့်၏။ အနောက်တိုင်း စားသောက်ဆိုင်များက အလုပ်ချိန်တွေ တိကျပြီး အားလပ်ချိန်၊ အားလပ်ရက် အခွင့်အရေးတွေ အကုန်ရ၏။ သို့သော် သူတို့ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်မှ ဖြစ်၍ လန်လန်ထွက်လာရ၏။ အရှေ့တိုင်း စားသောက်ဆိုင်များကတော့ တစ်နေ့ ရှစ်နာရီထက် ပိုလုပ်ရ၏။ အာရှဆိုင်များမှာ အဆင့်အရှိဆုံးက ဂျပန်ဆိုင်၊ အဆင့်နိမ့်ပြီး အလုပ်သမားအပေါ် နှိမ်တာက ဗီယက်နမ်၊ ကိုရီးယားနှင့် တရုတ်ဆိုင်တို့ ဖြစ်ကြ၏။ အိန္ဒိယဆိုင်များကတော့ အဆိုးဆုံး။ လုပ်အားခပင် သူများနည်းတူ မပေးနိုင်။

စားသောက်ဆိုင်မှာလည်း တစ်နှစ်လောက် လုပ်ကြည့်ပြီး အခြေအနေကို 'ဘိုဘို' ပြန် သုံးသပ်ကြည့်၏။ သူတို့ဆီမှာ အလုပ်မရှိလျှင် အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီမှာ အကြောင်းကြား စာရင်းသွင်းထားရ၏။ စာရင်းသွင်းလာလျှင် အေဂျင်စီမှ စီစစ်ပြီး ထောက်ပံ့ကြေးပေး၏။ တစ်နှစ် အလုပ်လုပ်ပြီးပါက ထောက်ပံ့ကြေးရမည် ဖြစ်သည်။ နောက်ဆုံး လုပ်ခဲ့သော အလုပ်၏ တစ်နှစ်စာကို ၁၂ နှင့်စားပြီး ရသည့် တစ်လ ပျမ်းမျှလစာငွေ၏ ၆၀ ရာခိုင်နှုန်းကို အေဂျင်စီက ထောက်ပံ့၏။ အမှန်ဆိုလျှင် ၎င်းထောက်ပံ့ငွေနှင့် သင့်တင့်သော အခန်းမှာနေပြီး စိစိစစ်စစ်စားလျှင် အိမ်မပို့နိုင်သော်လည်း မပူမပင်နေလို့ရ၏။ မကျန်းမာ

လျှင်လည်း အခမဲ့ ဆေးကုသခွင့်ရ၏။ သို့သော် တစ်လလျှင်တစ်ကြိမ်လောက် နှစ်လတစ်ကြိမ်လောက်တော့ အေဂျင်စီမှာ သွားပြီး အလုပ်ရှာနေကြောင်း အထောက်အထားများ ပြရ၏။ ဒါမှမဟုတ် အေဂျင်စီက သင့်တော်ရာ အလုပ်တစ်ခုခု တွေ့လို့ အကြောင်းကြားလျှင်လည်း သွားရောက် လုပ်ကိုင်ရ၏။ ငြင်းခွင့်ရှိပေမယ့် သွားလုပ်တာ ပိုကောင်း၏။ အေဂျင်စီကလည်း သဘောကျ၏။ သို့မဟုတ်လျှင် အလုပ် မလုပ်ဘဲ ထိုင်စားချင်သော ပျင်းပာ မှတ်ယူသွားနိုင်၏။

အခြေအနေကို သုံးသပ်ကြည့်တော့ သူတို့စကားကို အသင့်အတင့် ပြောနိုင်လျှင် အလုပ် ကောင်းကောင်း ရွေးလုပ်နိုင်မည်ဖြစ်သည်။ ဒါကို ဘိုဘို သဘောပေါက်ထားသည်။ နောက်ပြီး ကိုယ့်ကိုယ်ကိုယ် သုံးသပ်ကြည့်တော့လည်း တရားဓမ္မဘက်မှာ အားသန်သလို ရည်းစားထား၊ မိန်းမယူချင်စိတ်များကလည်း တစ်ဖက်မှာ ရှိနေပြန်သည်။ သူက မီးစ, တစ်ဖက် ရေမှုတ်တစ်ဖက် သီအိုရီကို ကျင့်သုံးသူဖြစ်၏။ နှစ်ခုစလုံးကို မျက်ခြေမပြတ်၊ တစ်နေ့နေ့တော့ ရေများရေနိုင်ပြီး မီးများလျှင် မီးကနိုင်သွားမည်ဟု ခံယူ၏။ နှလုံးသားကိစ္စနှင့် ပတ်သက်၍ ဘယ်လ်ဂျီယံမှာ မြန်မာနည်းပါးသည့် အထဲတွင် မြန်မာမိန်းကလေးကလည်း နည်းသည်။ မြန်မာ မိန်းကလေး တစ်ယောက် ငယ်ငယ်ချောချော ရောက်လာပြီဆိုလျှင် ရှိသမျှ လူပျိုလူအိုအားလုံး ဝိုင်းအုံလိုက်ကြသောကြောင့် တော်ရုံမိန်းကလေး၊ ရုပ်မချောလျှင် နေပါစေ၊ အင်္ဂါစုံလျှင်ပင် ဝိုင်းဝိုင်း လည်နေကြပြီဖြစ်၏။ ပထမတော့ ရောက်ခါစမှာ မရွက်ကြမ်းတို့၊ မရေချိုတို့လို ရွက်ကြမ်း ရေချိုလေးများ မြန်မာပြည်မှာတုန်းက ဘယ်သူကမှ လှည့်ကြည့်မခံရသူများမှာ ရတ်တရက် ကိုကိုမောင်မောင်တွေ တစ်ပြုံတစ်မကြီး သူ့ထက်ငါ အရေးပေးကြ ကူညီကြဆိုတော့ အံ့အားသင့်ကြ၏။ နောက်တော့ အထာပေါက်လာကြပြီး အထာကိုင်ကြတော့၏။ ခေါင်းခေါက်ပြီးမှ ရွေးပေါင်း၏။ ဘိုဘိုတို့လို လူမျိုးကို အရေးမစိုက်တော့၊ ဘိုဘိုကလည်း သဘောပေါက်ပါ၏။ ပထမတော့ ရောယောင်ပြီး မြန်မာ မိန်းကလေးတစ်ယောက် ရောက်လာပြီဆိုလျှင် သွားရည် တမျှားမျှားနှင့် လက်ဆောင်ထုပ်လေးပိုက်ပြီး အရောက်သွားလေ့ရှိ၏။ ကံထူးရှင်များ ဖြစ်မလား ဟူသော မျှော်လင့်ချက်ဖြင့် နောက်တော့ ဗလာမဲချည်း ပေါက်နေရာမှာ မခံစားနိုင်တော့၊ သူ့ပုံကလည်း သွက်သွက်လက်လက်တော့ မဟုတ်။ မိန်းကလေးများအကြိုက် သပ်သပ်ရပ်ရပ်၊ ဖြတ်ဖြတ်လတ်လတ်လည်း မဟုတ်။ မိန်းကလေးတွေရဲ့ အကြိုက်လည်း သူမသိ။ သူသိတာ တစ်ခုတည်း ရှိသည်။ သူ မိန်းကလေးအဖော်တစ်ယောက် လိုချင်နေသည်။ ဖြူဖြူမည်းမည်း၊ ချောချော မချောချော သူ့မှာတစ်ခုခု လိုနေသလို ခံစားနေရသည်။ သူက ဒီအတွက် သဘာဝ တရားကြီးကိုသာ အပြစ်ဖို့၏။

ဘယ်လ်ဂျီယံမလေးတွေကို ရောက်စအချိန်က သိပ်မခံစားတတ်။ ကြည့်ပါများတော့ ယဉ်ဆိုသလို ကြာတော့ အဖြူမလေးတွေကို ကြိုက်တတ်လာသည်။ ဒါပေမဲ့ အဖြူမလေးတွေ ဘက်ကတော့ သူ့ကို ကြည့်ပါများပေမယ့် မယဉ်ဘူးဖြစ်နေ၏။ ဥရောပသူတွေက ငယ်စဉ်မှာ အသားအရေကအစ အလွန်လှ၏။ တကယ့်ကို ကော်ပတ်ရုပ်ကလေးလိုပါပဲ၊ ဒါပေမဲ့ အသက် ၂၅ နှစ်ကျော်လာတာနဲ့ သရက်သီးများလို မှည့်လေ ရှုံ့လေဖြစ်လာ၏။ ငယ်စဉ်က အရုပ်ကလေးလို လှတာ တကယ်မှ ဟုတ်ရဲ့လား အောက်မေ့ရ၏။ ဘာပဲဖြစ်ဖြစ် အဖြူမလေး

ရလည်း သူ တွဲလိုက်ချင်၏။ သို့သော် ခက်သည်က နုနုချောချောလေးတွေ မဆိုထားနှင့် ကြီးကြီးရှုံ့ရှုံ့တွေကတောင် သူ့ကို စိတ်မဝင်စား အကပ်မခံ။ ဘိုဘိုက စိတ်အားငယ်စွာ တွေး၏။ ငါက အဖြူကောင် မဟုတ်လို့လား။ သူတို့နှင့် မတူလို့လား။ အသားအရောင် ခွဲခြားတာလား။ အမှန်က သူတွေးသလို မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဥရောပသူတွေက မီးသွေး အရှိုးပေးရလောက်အောင် မည်းတူးပြီး ပြောင်နေသော အာဖရိကန်ယောကျ်ား လေးတွေကိုကျတော့ အလွန်ခိုက်၏။ ဘိုဘိုအတွက် ခက်ပြီ။ သူ၏ အဖြူလည်းမဟုတ် အမည်းလည်းမဟုတ်သော အသားရောင်ကိုသာ အပြစ်ဖို့မိ၏။ အသားမည်းသည့် အညာသား သောင်းညွန့်တောင် စွံချင်သလိုလို ဖြစ်နေ၏။ ဒီနိုင်ငံကို မရောက်မီကဆိုလျှင် ကြားကျသော သူ၏ အသားအရောင်ကြောင့် အင်တာနေရှင်နယ် ကောင်မလေးတွေ လာပိုင်းကြိုက်မည်ဟုပင် ထင်ခဲ့မိ၏။ ခုတော့ အထင်နဲ့အမြင် လွဲပြီ။ အလွန်ဖြူသော သူများက အလွန်မည်းသူများကို ကြိုက်သည်တဲ့။ ဒီတော့မှ သူလည်း ပစ်မှတ်ပြောင်းပြီး ချိန်ရတော့၏။

တရုတ်ပြည်က လာသည့် တရုတ်မလေးတွေကို လှည့်ပြီးချိန်၏။ တခြားသူလို မြန်မာ ယောကျ်ားတွေက တရုတ်မအတွဲလေးတွေ ကိုယ်စီပင် ရနေပြီဖြစ်၏။ အမှန်ပြောရရင် တရုတ်မ တွေကလည်း သူလို မြန်မာတွေကို ကြိုက်လှချည့်လို့တော့မဟုတ်။ ဥရောပနိုင်ငံတွေ မှာ တရုတ် လူမျိုးတွေကို ခိုလှုံခွင့်မပေး၊ ဗီဇာပေးရာမှာလည်း တွန့်တို၏။ ပေးလိုက်လျှင်လည်း လိမ့်ဝင်လာမှာ ကြောက်သည်လေ။ သို့ဖြင့် တရုတ်မလေးများသည် ခန္ဓာကိုယ်ကို အသုံးချ၍ 'ဘယ်လ်ဂျီယံ ပတ်စ်ပို့' မျက်နှာကြောင့် ပတ်စပို့ရထားသည့် မြန်မာအမျိုးသားများကို အကပ်ခံကြ၏။ မြန်မာအမျိုးသားများသည်လည်း တခြားနေရာမှာ မလည်ဝယ်ချင်နေ ငွေရေးကြေးရေးမှာတော့ လည်၏။ တရုတ်မလေးတွေက ဗီဇာကြောင့်လာပြီး လက်ထပ် မည်ဆိုလျှင် နှစ်ခါမပြောရ။ သို့သော် ငွေကိုတော့ အထိမခံ။ အမေရိကန်စနစ် ကိုယ်ရှာကိုယ် သုံးပါပဲ။ တစ်ခါတလေတော့လည်း ကိုယ်လိုချင်တာရှိရင် မျက်နှာလုပ်ပြီး ဝယ်ကျွေးရတာ လက်ဆောင်ပေးရတာတော့ရှိသည်ပေါ့။ ဥပဒေမှာက ကိုယ့်တရားဝင် ဇနီးဖြစ်စေကာမူ အလို မတူဘဲ ကပ်ခွင့်မရှိ။ တချို့ မြန်မာယောကျ်ားတွေက သည့်ထက် ပိုလည်ကြ၏။ ယူရို ၄၀၀၀ လောက်ယူပြီး တရုတ်မနှင့် လက်ထပ်ပေးလိုက်၏။ လူကို မထိ။ ပြီးမှ ကိုယ်လိုတာကို လက်လီစိတ်ပြီး ဝယ်စား။ ဒါက ပိုရှင်းလင်းပြီး ပိုတွက်ခြေကိုက်ကာ စိတ်လည်း ချမ်းသာသည် ဆို၏။ သို့သော် ဘိုဘိုက ဒီနည်းကို အားမရ အတူတူနေ အတူတူစား လင်မယားလို နေ လိုက်ချင်သည်။ ဒါမှ ဆန္ဒတွေ ပြည့်ဝမည်ဆိုသည်။

သည်လိုနှင့် ဘိုဘိုတစ်ယောက် 'ချန်' ဆိုသော တရုတ်မလေးနှင့် အတူတူနေတော့၏။ ဘိုဘိုက သဘောထားကြီးစွာ သူ့အခန်းမှာပင် အခန်းခမရှယ်ရဘဲပေး၍ နေခိုင်း၏။ လူတွေက သတိပေးသော်လည်း ဘိုဘိုတစ်ယောက် မိုးမမြင်လေမမြင် အပျော်လွန်ပြီး တရုတ်မလေးကို ကြွေတော့၏။ ထုတ်စရာရှိလျှင် သူက ထုတ်၏။ ကုန်စရာရှိလျှင် သူက အကုန်ခံတော့၏။

သူ့ သုံးသပ်ထားချက်အရ 'ဘယ်လ်ဂျီယံစကား' အခြေခံလောက်တော့ ပြောနိုင်အောင် လုပ်မည်ဆိုကာ သင်တန်း (အခမဲ့) တက်နေချိန် ဖြစ်၏။ တစ်နေ့မှ ၄ နာရီလောက်သာ

စာသင်ချိန် ရှိ၍ 'ချန်' နှင့် နေဖို့အချိန်တွေ အများအပြားရ၏။ ပိုက်ဆံမပေးရတဲ့ နေရာတွေ လျှောက်လည်ကြ။ အခမဲ့ ရုပ်သံလိုင်းတွေ ထိုင်ကြည့်ကြ။ အာရှ အစားအသောက်တွေ တစ်ယောက်တစ်လဲ ချက်ပြုတ် စားကြနှင့် သူ့ဘဝမှာ အလွန်ပျော်စရာကောင်းသော အချိန် တစ်ခု ဖြစ်နေ၏။ အလုပ်လုပ်၊ ငွေရှာပြီး အိမ်ကို ပို့ဖို့ပင် မေ့မေ့လျော့လျော့ ဖြစ်နေ၏။ အလုပ် သိပ်မလုပ်ချင်တော့။

ဘိုဘိုကတော့ သူ့ရောဂါကြောင့် 'ချန်' ကို အလွန်အားနာ၏။ သူ့ရောဂါက တခြား မဟုတ် သူ့ခံတွင်းက ပုပ်ဟောင်ပြီး သိပ်နံလွန်းနေခြင်းပင်ဖြစ်၏။ သူ့ သူငယ်ချင်းတွေကလည်း ပြောဖူးသည်။ သွားမတိုက်ဘူးလားဟုပင် မေးကြသည်။ သူက အစာစားပြီးတိုင်း သွားတိုက်ကြောင်း ပြောပြသော အခါ အားလုံး အံ့သြကြသည်။ ဆရာဝန်တွေ တစ်ယောက်ပြီး တစ်ယောက် စစ်ဆေးကြ ဆေးပေးကြ လုပ်သော်လည်း ပါးစပ်က နံမြဲနံနေသည်။ ဘာရောဂါမှန်းလည်း တိတိကျကျ သိမလာ။

တစ်နေ့မှာတော့ အိပ်မွေ့ချတတ်သည့် ဂျာမန်ဆရာဝန်တစ်ယောက်က ဘိုဘိုကို အိပ်မွေ့ချပြီး စစ်ဆေးရာမှ ဝဋ်နာကံနာဖြစ်ကြောင်း သိရတော့၏။ ဘိုဘိုက အိန္ဒိယနိုင်ငံမှာ လူဖြစ်ခဲ့စဉ် တစ်ဘဝ၌ ပညာရှိဖြစ်သော်လည်း လူအများအပေါ် ဝါကြွားပြီး လိမ်ပြောလေ့ ရှိသူဖြစ်၏။ သူတော်ကောင်းများ အပေါ်လည်း ချိုးချိုးဖွဲ့ဖွဲ့ ပြော၊ အကြည်ညိုပျက်စေရန် လိမ်ညာပြီး သိက္ခာချခဲ့သောကြောင့်ဟု သိလာရ၏။ ကုစားရန်အတွက်မူ လိမ်ညာပြောဆိုမှု မုသားစကားကို လုံးဝ ရှောင်ကြဉ်ရမည်ဖြစ်ပြီး မိမိ ကြည်ညိုလေးစားသူ (ဥပမာ–ဗုဒ္ဓ) ရှေ့၌ မှန်ကန်သော စကား ဆယ်မျိုး နေ့စဉ်ပြောကြားရမည်ဖြစ်၏။ အချိန်ကား နှစ်နှင့်ချီ၍ ကြာမည်ဖြစ်သော်လည်း ရောဂါပျောက်သွားမည်ဟု သိရသည်။ သည်လို အကြောင်းကို ချမ်းမြေ့ဆရာတော်ကြီးလည်း စာအုပ်တစ်အုပ်မှာ ရေးသားဖူးတာ ဖတ်ရဖူးသည်။ ဆရာတော် ကြီး စာအုပ်မှာက လူတစ်ယောက် နားမကြားသည့် ဝေဒနာ ကုမရသည့်အကြောင်း အိပ်မွေ့ချ စမ်းသပ်ခြင်းဖြင့် ဘဝတစ်ခုမှာ ထိုသူသည် သူတစ်ပါး အကူအညီတောင်းတာမျိုး၊ အလျှုခံ တာမျိုးကို မကြားယောင် ပြုခဲ့မိသော အကြောင်းကြောင့်ဟု ဆိုသည်။

သို့နှင့် 'ချန်' နှင့် ဘိုဘို ဘယ်တော့မှ အနောက်တိုင်းဆန်ဆန် နမ်းရှုတ်ခြင်း မရှိခဲ့။ အရှေ့တိုင်း နည်းနှင့်သာ နမ်းကြသည်များ၏။ ဘိုဘိုအတွက် တစ်သက်လုံးပင် ပေါင်းကြရတော့ မည်ဟု စိတ်ထဲ ဖွဲ့ထား၏။ မပူမပင် မကြောင့်မကျ နေလာခဲ့ကြရာမှ တစ်နေ့တော့ ခွဲခွာရမည့် နေ့ရက် ရောက်လာ၏။

'ချန်' က တရုတ်ပြည်မှာ အဖေတစ်ယောက်သာရှိပြီး အမေက ငယ်စဉ်က ဆုံးပါး သွား၏။ မောင်လေးနှစ်ယောက်နှင့် အဖေရှိရာမှ အဖေ ဆုံးပါးသောကြောင့် 'ချန်' တရုတ်ပြည် ကို မဖြစ်မနေ ပြန်ရတော့မည်။ သူ့မောင်လေးတွေက ငယ်သေး၍ စောင့်ရှောက်ရဦးမည်၊ ကျောင်းထား ပေးရဦးမည်ဟု ငိုယို၍ ပြော၏။

ဘိုဘိုတစ်ယောက် နည်းမျိုးစုံနှင့် တားသော်လည်းမရ။ 'ချန်' က သူ့နှင့်အတူ တရုတ်ပြည် လိုက်နေမလားမေးတော့ ဘိုဘို သတ္တိမရှိ။

'ချန်' ပြန်တော့ ဘိုဘို လက်ဆောင် အမြောက်အမြားနှင့် စုထားသည့် ယူရိုသုံးထောင် ထည့်ပေးလိုက်၏။ 'ချန်' က မယူဘူး ငြင်းသော်လည်း ဘိုဘိုက အကြောက်အကန် တောင်းပန်သောကြောင့် လက်ခံရှာ၏။

'ချန်' က နောက်ဆုံးအကြိမ်အဖြစ် ခွဲခွာအနမ်း နမ်းကြရာမှာတော့ အနောက်တိုင်း စတိုင် နုတ်ခမ်းချင်းတေ့၍ တရှိုက်မက်မက်နမ်း၏။ ကြေကြေကွဲကွဲ နှုတ်ဆက်ရှာ၏။ လေဆိပ် အတွင်း ဝင်ရောက် မပျောက်ကွယ်မီအထိ လှည့်ကြည့်လှည့်ကြည့်နှင့် လက်ပြရင်း သွားရှာ၏။ ဘိုဘိုတစ်ယောက် 'ဘာရပ်ဆဲလ်' လေဆိပ်ကြီးထဲတွင် တုန်လှုပ်ချောက်ချားစွာ ကျန်ရစ်၏။ သူ့ပုခုံးထက်မှာ 'ချန်' ၏ မျက်ရည်များက ရွှဲရွှဲစိုလျက် ကျန်ရစ်၏။

❖

အခန်း (၁၈)

## ချန်ထားရစ်တော့ 'ချန်'

ဥရောပတိုက်၏ ရာသီဥတုက အေးသည်။ မြောက်ဝင်ရိုးစွန်းနှင့်နီးလေ အေးလေဖြစ်၏။ ဘယ်လ်ဂျီယံနိုင်ငံက မြောက်ဝင်ရိုးစွန်းနှင့် သိပ်မနီးလွန်းပေမယ့် ရာသီဥတုကတော့ မလျော့တမ်း အေးသည်။ ပတ်ဝန်းကျင်က အေးသော်လည်း ရင်မှာပူလောင်ပြီး အထီးကျန်သည့် ဝေဒနာကို ဘိုဘို ခံစားနေရ၏။ လူတွေ ဘယ်လောက်များများ၊ ဘယ်လောက် စည်ကားကား အထီးကျန်နေသည့် လူတစ်ယောက်အတွက်တော့ ခံစားမှုမရှိလှ။ အစဉ်မြဲမြဲသမျှ ခြောက်ကပ်လို့နေသည်။

'ချန်' တစ်ယောက် သူ့ကို ချန်ထားခဲ့သည်ပဲ၊ တရုတ်ပြည်မှာ ဘယ်လိုများ နေရှာပါလိမ့်၊ ဘယ်လောက်များ ရုန်းကန်နေရပါလိမ့်။ ချန် ပြောပြသည်က သူ့အဖေက လယ်သမား တစ်ယောက်ဖြစ်၏။ အရင်ကနှင့်စာလျှင် အထိုက်အလျောက် ပြေလည်ပေမယ့် လူတန်းစား ကွာခြားမှုကတော့ ရှိဆဲပင်။ အရင်က ဆင်းရဲသားလယ်သမား၊ အလုပ်သမားနှင့် အရင်းရှင် လူတန်းစားသာရှိ၏။ ယခု ကွန်မြူနစ်ပါတီဝင် လူတန်းစားပါ တိုးလာ၍ လူတန်းစားသုံးရပ် ဖြစ်လာ၏။ အဖွဲ့အစည်းတစ်ခုကို စနစ်တကျ ဖွဲ့စည်း၍ ပြည်သူ့အာဏာကို ဓားပြတိုက်ထားသလိုပင် ပြည်သူက မြင်ကြ၏။ ပြောတော့ လယ်သမားအလုပ်သမား ကောင်းစားရေး၊ တကယ်တမ်း ကောင်းစားသွားတော့ ကွန်မြူနစ်ပါတီဝင် လူတန်းစား။ သူတို့ချင်းလည်း တစ်ယောက်ပေါ်တစ်ယောက် နင်းတက်နေကြ၏။ သူတို့အနေဖြင့် အာဏာကို ပြည်သူ့ဆီ ဖြန့်ဝေပေးဖို့ နေနေသာသာ သူတို့အတွက်ပင် ဝေဖို့ မလုံလောက်။ ဒီမိုကရေစီဆိုလျှင် လွတ်လပ်မှုတစ္စာ ပြိုင်ဆိုင်ရမည်ဖြစ်၍ အလွန်ကြောက်ရွံ့ကြသည့်အကြောင်း ဘိုဘိုကို ချန်က ပြောပြခဲ့၏။ 'ချန်' က ဥရောပ၏ လွတ်လပ်မှုကို အရမ်းသဘောကျ၏။ ကိုယ် ဥပဒေကို မချိုးဖောက်သမျှ ဘယ်သူက ဘယ်သူ့ကိုမှ ကျိုးနွံဖို့မလို ကြောက်ရွံ့ဖို့ မလိုတာကို ချန် အရမ်းအားကျ၏။ သူတို့ နိုင်ငံမှာတော့ ဒီလို မလွတ်လပ်ကြောင်း အမြဲ အားမလိုအားမရ ပြောပြနေခဲ့၏။ ကြာတော့ ကွန်မြူနစ်ပါတီသည် ပြည်သူ့ပါတီမဟုတ်တော့ဘဲ လူမျိုးခြား တစ်ဖွဲ့လို ခံစားရသည်ဟုဆို၏။

ကိုယ် မကြိုက်မနှစ်သက်သော စနစ်တစ်ခုအောက်မှာ နေရတဲ့ ဒုက္ခချင်းတူ၍ ဘိုဘိုက 'ချန်' ကို ကိုယ်ချင်းစာမိသည်။ ဩော်. . ဆုတောင်းပေးရုံမှတစ်ပါး မတတ်နိုင်။

အထီးကျန်လွန်းသောစိတ်ကို တကယ်တမ်းအားဖြင့် လူတွေ ခံနိုင်ရည်မရှိကြပါ။ မိဘညီအစ်ကို မောင်နှမများနှင့် ဝေးလွန်းသည့် နေရာမှာ 'ချန်' ရှိစဉ်အခါက တောင့်ခံနိုင်သော်လည်း အခုတော့ စိတ်တွေ ယောက်ယက်ခတ်နေလေ၏။ သို့နှင့် စိတ်က မဆီမဆိုင်

တစ်လမ်းတည်းနေသည့် 'ရွှေမှုန်' ဆီ ရောက်သွား၏။ မြန်မာပြည်မှာရှိစဉ်က ရွှေမှုန်ကို သူ စွဲစွဲလမ်းလမ်း လိုက်ဖူး၏။ ရွှေမှုန်ကလည်း ခါးခါးသီးသီး ငြင်းပယ်ခဲ့ပါ၏။ သို့သော် ရွှေမှုန်ကပါးနပ်သည်၊ သူ့ကို သာမန် အပေါင်းအသင်းအနေဖြင့်မူ လက်ခံပြီး ထိန်းထားနိုင်ခဲ့၏။ ဘိုဘို ထင်တာကတော့ ရွှေမှုန်အနေဖြင့် အမြင့်ကို မှန်းလွန်းနေသည်။ အထီးကျန်သည့်ဒဏ်ကို မခံနိုင်တော့၍ မြန်မာပြည်ကို ဖုန်းလှမ်းဆက်၏။

အမေကတော့ ဘိုဘို နိုင်ငံရပ်ခြားမှာ အဆင်မှ ပြေပါ့မလား၊ ဒုက္ခများ ရောက်နေမလား တွေးပူနေ၏။ သားဖြစ်သူကမူ ရွှေမှုန်အိမ်ကို လာလည်သေးလား မေးနေ၏။ အမေက 'အမယ်လေး လာလည်လိုက်တာမှ စားစရာတွေတောင် ယူလာသေးတယ်၊ နင့်လည်း တမေးတည်း မေးနေတာဟဲ့၊ နင့်ဖုန်းနံပါတ်တော့ မတောင်းဘူးတော့၊ မိန်းမက မာနအကြီးရယ်၊ အခု နင်က နိုင်ငံခြားမှာဆိုတော့ နည်းနည်းတော့ အထင်ကြီးနေလား မသိပါဘူး'

ဘိုဘိုက ဝမ်းသာအားရမေးသည်။ 'အမေ၊ ဒါဆိုရင် အမေ့သား အခြေအနေ ကောင်းလာပြီးလား မသိဘူး၊ သူ့ဖုန်းနံပါတ် တောင်းထားပေးပါအမေ၊ သားက တောင်းခိုင်းတယ်လို့'

နောက် သုံးလေးရက်ကြာတော့ အမေ့ဆီမှာ ရွှေမှုန်ရဲ့ ဖုန်းနံပါတ် ရောက်နေလေပြီ။ ဘိုဘိုက ဝမ်းသာအားရ လှမ်းဆက်တော့ ရွှေမှုန်တစ်ယောက် သူ့အပေါ် တော်တော်ယိမ်းနေတာ သိသာနေသည်၊ ဒါနဲ့ ရွှေမှုန်၏ အကောင့် (အီးမေးလ်လိပ်စာ) ကိုပါ တောင်းထားပြီး မပျက်မကွက် မှန်မှန် chat တော့၏။

ဘိုဘိုအတွက် စိတ်ဖြေစရာလည်း ရပြီဖြစ်၏။ စကားပြောသင်တန်း ပြီးဆုံးပြီဖြစ်၍ အလုပ်သစ် တစ်ခုလည်း စမ်းသပ်ကာလ ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်၏။ အလုပ်က မြန်မာလူမျိုးများ မလုပ်ဖူးသေးသည့် အလုပ်မျိုးဖြစ်၏။ 'ထွန်း' (Toom) အမည်ရှိသော စူပါမားကက်တစ်ခုတွင် လုံခြုံရေးအလုပ်ဖြစ်ပြီး သူ့အထူးတာဝန်မှာ CCTV များမှ တစ်ဆင့် ဈေးဝယ်များ၏ မရိုးမသားလုပ်မှု၊ တစ်နည်းအားဖြင့် ခိုးမှုများကို ဖမ်းပေးရခြင်း ဖြစ်၏။ အလုပ်မှာ လူသက်သာသော်လည်း စိတ်မသက်သာလှပေ။ ဖမ်းမိတော့လည်း ဖမ်းမိလို့ အလုပ်ရှုပ်၏။ ဖမ်းမမိလျှင်လည်း ဆိုင်မန်နေဂျာက ပြဿနာရှာသည်။

ဖမ်းမိလိုက်လျှင် အာရှသား မလယ်မဝယ်များသာ ဖြစ်နေ၏။ ဥရောပသားများက အလွန်လျင်ပြီး ဖမ်းမမိတာများသည်။ နောက်ပြီး အာရှသားများထံမှ မိလိုက်လျှင်လည်း ဘာမှ တန်ဖိုး ကြီးကြီး မားမားမဟုတ်။ အဖြူကောင်တွေထဲ ပါသွားပြီဆိုလျှင် တန်ဖိုးက မနည်းလှ။ အလစ်သုတ်တာချင်း တူတာတောင် အာရှသားများက ဉာဏ်ရည် နိမ့်နေတာ တွေ့ရသည်။ ထိုအထဲ မြန်မာများလည်း ကြုံရသေးသည်။ အလွန်မျက်နှာပူစရာ ကောင်းလှသည်။ လူတစ်ယောက်ကို ကင်မရာမှ တစ်ခုခု အိပ်ကပ်ထဲ ထည့်လိုက်တာ မြင်လျှင် TV ရှေ့မှာတစ်ယောက် ထားခဲ့ပြီး အဖော်တစ်ယောက်နှင့် အတူ ထိုသူရှိရာနောက်သို့ မယောင်မလည် လိုက်ရတော့သည်။ ငွေရှင်းကောင်တာကို ကျော်ဖြတ် လိုက်ပြီးသည်နှင့် စောစောက အိတ်ကပ်ထဲမှ ပစ္စည်းကို ငွေထုတ်ရှင်းတာ မတွေ့ရ၍ ဟန့်တား လိုက်ပြီး အခန်းတစ်ခုထဲ

ခေါ်ကာ စစ်ရ၏။ တန်ဖိုး၏ ငါးဆ အလျော်ခိုင်းရ၏။ ပြီးလျှင် နာမည်လိပ်စာနှင့်တကွ ရဲစခန်းသို့ သတင်းဆက်ပို့ရသည်။ ကိုယ့်မြန်မာချင်းဆိုလျှင်တော့ တိုးတိုးတိတ်တိတ် မှာလိုက်ရသေးသည်။

'ဟေ့လူ၊ ကျွန်တော်လည်း မြန်မာပါခင်ဗျ၊ စောစောက တာဝန်အရ လုပ်ခဲ့ရတာ စိတ်မရှိ ပါနဲ့ဗျာ၊ CCTV မှာ မြင်ရတာ ကျွန်တော်တစ်ယောက်တည်း မဟုတ်တော့ မရှာရင် ကျွန်တော် အလုပ် ပြုတ်မှာမို့ပါ'

'ဩော်. . .၊ ဟုတ်ကဲ့ စိတ်မရှိပါဘူး ကျွန်တော်လည်း မေ့သွားလို့ပါ၊ ရုတ်တရက်ဆိုတော့ ခင်ဗျားကို ဖိလစ်ပိုင်လူမျိုး ထင်နေတာ'

'အေးဗျာ၊ ခင်ဗျားကိစ္စကို ရဲစခန်းအကြောင်းကြားရမှာ' ပြောလိုက်လျှင်မှ လူတိုင်း မျက်စိမျက်နှာ ပျက်သွားလေ့ရှိသည်။ 'ဒါပေမဲ့ မြန်မာချင်း ကူညီတဲ့အနေနဲ့ လျှို့ဝှက်ချက် မှာလိုက်မယ်၊ ဒီမှာ ငါးဆယ်ဒဏ်ငွေဆောင်ထားရတဲ့ ပြေစာကို ပြလိုက်၊ ပြီးရင် ပြစ်မှုတစ်ခုကို နှစ်ခါအပြစ်မပေးရဘူးလို့သာ ခံငြင်းလိုက် သူတို့ ဘာမှပြောလို့ မရတော့ဘူး၊ ပြေစာကို သိမ်းထားနော် မပျောက်စေနဲ့'

ဥရောပတိုက်သား အဖြူကောင်များကတော့ တော်တော်ပါးနပ်ကြသည်။ ဥရောပ တိုက်သား ဆိုရာမှာ ရုရှားနှင့်၊ ပိုလန်တို့လည်းပါသည်။ လူသုံးယောက်လောက်က မသင်္ကာစရာတွေ လုပ်ကြသည်။ ထိုသုံးဦးကို အာရုံစိုက်ပြီး ရှာလားဖွေလားနှင့် အလုပ်ရှုပ်နေချိန်မှာ တခြားတစ်ကိုယ်တော်သမားက အလစ်သုတ်ပြီး ထွက်သွားနှင့်ပြီဖြစ်၏။ အာရုံလွှဲပေးသော သုံးယောက်မှာ ဘာမှ ရှာမတွေ့။ စင်စစ်သူတို့အပေါ် အာရုံရောက်ရုံသာ ထင်ယောင်ထင်မှားဖြစ်အောင်လုပ်တာ ဖြစ်၏။ သူတို့က ပရောဖက်ရှင်နယ်သမားတွေဖြစ်ပြီး ကျွမ်းကျင်၏။ ပိုက်ဆံမရှင်းဘဲ ထွက်လျှင် ထွက်ပေါက်မှာ အသံမြည်အောင် တပ်ထားသော ဆားကစ်ကိုလည်း ဖြုတ်ပစ်တတ်၏။ ရှာလျှင်လည်း တကယ်ယူသွားသူထံမှ ဘယ်တော့မှ မတွေ့နိုင် လက်ပြောင်းလက်လွှဲလည်း မြန်လှ၏။ သူ့အလုပ်မှာ မြဲဖို့ရာ သူခိုးတွေများများ ဝင်လာပြီး ခိုးကြပါစေ ဆုတောင်းရုံသာ ရှိတော့၏။ မလယ်မဝယ် သူခိုးများများလာပါစေ ဆုတောင်းဖို့လည်း သူမမေ့။

တချို့ ဟောက်စားလုပ်သူ အမျိုးသမီးများကိုလည်း သူကြုံတွေ့ရဖူး၏။ ကင်မရာမှာ ပစ္စည်း ရင်ပတ်ထဲ ထည့်လိုက်တာ ရှင်းကြီးမြင်ရပေမယ့် သူ့ကို မရှာရဲ မဖွေရဲဘဲ တွန့်ဆုတ်သွားအောင် ကိုယ့်ကိုယ့်ကိုယ် အထက်တန်းစား သူဌေးပုံစံဖြင့် ခွေးငေါက်သလို ပြန်အော်တာလည်း ကြုံဖူး၏။ သို့သော် အမျိုးသမီး လုံခြုံရေးက ရှာမည်ဆိုသောအခါ လေသံပျော့သွားပြီး ရှာလို့တွေ့သွားပြန်လျှင် ပြန်၍ပင် အနူးအညွတ် အကြောက်အကန် တောင်းပန်တော့၏။ သူတို့လူမျိုးတွေက အထက်စီးကလည်း နေတတ်သည်။ အောက်လည်း ကျို့တတ်သည်။ အပြောင်းအလဲ မြန်လှသည်။ အထက် ကလည်း ခွပ်တတ်၊ အောက်ကလည်း ခွပ်တတ်ပါသည်။

ကလေးတွေကတော့ တော်တော် စိတ်ပျက်ဖို့ကောင်းပြီး အလွန်အလုပ်ရှုပ်ရသည်။ တကယ် ယူလျှင်လည်း အလျော်တောင်းလို့မရ ရဲစခန်းနှင့်လည်း မဆိုင်၊ သူတို့နား သိပ်လည်း

မကပ်ရဲ။ သူတို့ကို တစ်ခုခုလုပ်ပါတယ် အော်လျှင် ဖြေရှင်းရခက်သည်။ ဒါကြောင့် စစ်တာ ဆေးတာ ပြောဆိုတာတွေကိုလည်း CCTV ကင်မရာရှေ့မှာပဲ လုပ်ဆောင်ရသည်။ တချို့ ကလေးအုပ်စုကတော့ အပျော်သဘော နောက်ပြောင်တတ်ကြ၏။ တစ်နေရာမှနေ၍ အလစ်သုတ်သည့်ပုံ လုပ်ပြပြီး တခြားတစ်နေရာမှာ ကင်မရာကို ကွယ်ပြီး ထားပစ်ခဲ့ကြ၏။ သူတို့ကို စစ်လိုက်ပြီး ဘာမှ မတွေ့လျှင် ဗိုင်းဟားခြင်း၊ ဗိုင်းဆဲသွားခြင်းများ လုပ်သွားတတ်ကြ သေးသည်။

ဘာပဲဖြစ်ဖြစ် သူ့စိတ်တွေက တက်ကြွလန်းဆန်းနေ၏။ အလုပ်အားလျှင် မေးလ်ပို့၊ မနက် စောထလျှင် ရွှေမှုန်ကို လှမ်း chat နှင့် အချိန်တွေ ကုန်မှန်းမသိ ကုန်သွား၏။ တခြား မြန်မာတွေထဲမှာ စုံစမ်းကြည့်တော့ ဖနီးနှင့် ကလေးများကို ခေါ်လို့ရသလို ကိုယ်နှင့် လက်ထပ်မည့် ကိုယ့်ချစ်သူဆိုလျှင်လည်း ခေါ်ပြီး ဘယ်လ်ဂျီယံမှာ လက်ထပ်လို့ရကြောင်း သိရ၏။ အလုပ်အကိုင် ရှိရမည်ဖြစ်ပြီး ခေါ်ကာနီးလျှင် နှစ်ယောက်နေလောက်သည့် အခန်းလည်း ငှားထားပြီး ဖြစ်ရမည် ဆို၏။ ခက်တာက ရွှေမှုန်က သူ့ချစ်သူ မဖြစ်သေး။ တစ်ရက်တော့ 'ရွှေမှုန်' သာ သူ့ချစ်သူဖြစ်ပြီး ဘယ်လ်ဂျီယံမှာ လက်ထပ်မည်ဆိုလျှင် ခေါ်လို့ရကြောင်း 'ရွှေမှုန်' လိုက်လို မလိုက်လိုနှင့် သူ့အချစ်ကို လက်ခံ လက်မခံ၊ မေးရင်းဖြင့် လက်ထပ်ခွင့်တောင်းလိုက်၏။ ရွှေမှုန်ဘက်က ခဏ ငြိမ်သွားပြီး 'စဉ်းစားပြီး အဖြေပေးပါ့မယ်၊ အိမ်နဲ့လည်း တိုင်ပင်ရဦးမယ်' ဟု ဖြေ၏။

ရွှေမှုန်၏ အသံက ငြင်းသည့်အသံ negative မပါသောကြောင့် ဘိုဘိုတစ်ယောက် ဝမ်းသာလုံး ဆို့သွား၏။ ထိုညက တစ်ညလုံးလည်း အိပ်မပျော်တော့၊ တကယ်တော့ ရွှေမှုန်ကို ငယ်စဉ်ကတည်းကပင် သူစွဲလမ်းချစ်ခင်ခဲ့ခြင်းဖြစ်၏။ ရွှေမှုန်က အလည်လွန်နေသော ကြောင့်သာ သူ့အချစ်က အီလည်လည် ဖြစ်သွားခဲ့ရခြင်းဖြစ်၏။

အခုတော့ ဘိုဘို၏ မျှော်လင့်ချက်တွေ ပြန်လည်ရှင်သန်ပြီး အတော်ပင် ကြီးထွားနေ လေပြီ။ သွားလည်း ရွှေမှုန့်မျက်နှာ စားလည်း ရွှေမှုန့်မျက်နှာ တရားမထိုင်ဖြစ်သည်ပင် အတော်ကြာပြီ ဖြစ်၏။

online ခမ္ဘမိတ်ဆွေတစ်ယောက်ဖြစ်သည့် ထိုင်းမှ မိတ်ဆွေပင် မြန်မာပြည်ပြန်သွားပြီ ဖြစ်၏။ အခုလောက်ဆို သက်နိုးဝတ်ပြီးလောက်ပြီဖြစ်၏။ သူ့အဖြစ်ကတော့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ဖြစ်ဆဲပင်။ 'ရွှေမှုန်' ကများ သူ့ ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့လျှင် တခြား လက်တစ်ဖက်က ကိုင်ထားသော ရေမှုတ်ထဲက ရေဖြင့် လောင်း၍ အေးစေမည်ပေါ့။

❖

## အခန်း (၁၉)

# ကျောက်ဆင်တောရ (သို့မဟုတ်) ရွှေ့တန်းစခန်း

ဒေါက်တာမြတ်ဘုန်းတစ်ဖြစ်လဲ ဦးပဥ္စင်းဦးပညာသည် မြင်ရသည့် မြင်ကွင်းကို ရင်သပ်ရှုမောခံစားရင်း သူ့တစ်သက်တာမှ မကြုံဖူးသေးသော ပီတိများ တရိပ်ရိပ် ပေါ်လာ၏။ ကျောင်းရှိ ကိုယ်တော်များ ဆွမ်းခံကြွနေသဖြင့် ကျယ်ဝန်းလှသော ရိပ်သာတစ်ခုလုံး တိတ်ဆိတ်နေ၏။ ဖောင်းရစ်နှင့် အထက်ပိုင်း ထီးတော်တို့ကို စတီးဖြင့် တည်ထားလျက် ကျန်အောက်ပိုင်းမှာ ဖွေးဖွေးဖြူနေသော ကျောက်ဆင် ရွှေတိဂုံဘုရားကြီး။ ခန့်ခန့်ညားညား စံပယ်တော် မှုလျက်မှ ဆွဲလည်းသံလေးတွေက လေနှင့်အတူ အလိုက်သင့် ဆွတ်ပျံ့ဖွယ် သံစဉ်ရှာဖွေလျက်ရှိ၏။ နတ်တို့ ဆောင်ရာ ဂီတသံသာများလား ထင်မှတ်ရအောင် အသံချိုလွန်းလှ၏။ ရင်မှာ အေးလွန်းနေ၍ မှင်တက်မိနေတော့၏။

ဘုရား၏ ခြေတော်ရင်းသို့ လျှောက်မိလျက်သား၊ ဝတ်ချမိလျက်သား၊ မြတ်ဗုဒ္ဓ၏ ဆင်းတုတော် ရွှေဝယ် အတိုင်းအဆမရှိသော ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ကြည်ညိုရင်း ခြေတော်ကို မှန်းဆလျက် မြတ်ဘုရား ထားရစ်ခဲ့သော ဤသာသနာတော်ကို အသက်နှင့် ရင်းနှီး၍ စောင့်ရှောက်ပါမည်ဟု ကတိပြုလျက်သား၊ ဆရာစစ် ဆရာမှန်များ သာသနာ့ အာဇာနည်များကို တွေ့အောင် ရှာဖွေသင်ယူနည်းခံရင်း ကိုယ်တိုင် သာသနာ့ အာဇာနည် ဘာသာသွေးဖြစ်ဖို့ အဓိဋ္ဌာန်မိလျက်သား ဖြစ်တော့၏။ အညာ၏ အေးမြလတ်ဆတ်သော လေပြည်ကလေးက ညှံ့ညှံ့လေး တိုက်ခတ်လျက် ရှိသောကြောင့် နိုင်ခံ့သော စိတ်ဓာတ်တို့ဖြင့် တက်ကြွလျက်ရှိ၏။

'ကျေးဇူးတော်ရှင် ဗုဒ္ဓမြတ်စွာဘုရား၊ တပည့်တော်သည် မည်မျှ ခက်ခဲကြမ်းတမ်း ပင်ပန်းသည်ဖြစ်ပါစေ သာသနာ့တာဝန်များကို ထမ်းဆောင်မည်ဟု အဓိဋ္ဌာန်ပြုပါသည် ဘုရား' တိုးညှင်းသောအသံ ဖြစ်သော်လည်း တည်ကြည်ခန့်ညားလှသဖြင့် ပုဂံခေတ် ဒီဇိုင်းများ ပုံဖော်ထားသော ဘုရားတံတိုင်းတို့ ကဲ့သို့ပင် မာကြောလှသည်။

ထို့မှတစ်ဖန် တောင်ပုလုဆရာတော်ဘုရားကြီး၏ ရုပ်တုတော်ကိုလည်းကောင်း၊ ပခုက္ကူ ဆရာတော်ဘုရားကြီး (ကျောက်ဆင်ဆရာတော်ကြီး) ၏ ရုပ်တုတော်ကိုလည်းကောင်း ရှိသေစွာ ရှိခိုးကြည်ညိုပြီးနောက် ဘုရားစေတီတော်မှ တောင်ဘက်မုခ် လှေကားအတိုင်း ဆင်းလာတာ ကမ္မဋ္ဌာန်း ကျောင်းများဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်မိ၏။ ဘာမှမရှိဘဲ အလွန်ဝေးလံ ခေါင်သီသော နေရာတစ်ခု၊ သောက်ရေအတွက်ပင် ရေတွင်းမှ ပင်ပင်ပန်းပန်း ငင်ယူရသော နေရာတစ်ခုမှ၊ တောင်ပုလုဆရာတော်ကြီးနှင့် လက်ရုံးတပည့် ပခုက္ကူ ဆရာတော်ကြီးတို့၏

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် စည်ကားပြန့်ပြောလျက် ရေ၊ မီး၊ လျှပ်စစ်များ ပြည့်စုံလျက် တိုက်ကျောင်းဆောင်များ၊ ဆွမ်းစားဆောင်များ၊ ဓမ္မာရုံများ၊ ရေကန်တော် များဖြင့် စည်ကားဖွံ့ဖြိုးလျက် ရှိနေလေပြီ။

လက်သမားဒကာတစ်ယောက်ကို မေးမြန်းစုံစမ်းပြီး လက်ထောက်ဆရာတော် ဦးဇဝနကျောင်းဆောင်သို့ သွားရောက်၍ ဤရိပ်သာတွင် သီတင်းသုံးခွင့်ပြုပါရန် တောင်းပန် လျှောက်ထား၏။

ဆရာတော် ဦးဇဝနက 'ဦးပဋ္ဌင်းကြည့်ရတာ သာသနာ့ဘောင်ကို အပြီးဝင်လာတာနဲ့ တူတယ်'

'မှန်ပါတယ်ဘုရား၊ တပည့်တော် ရာသက်ပန် ဝတ်ဖို့ ဆုံးဖြတ်ထားပါတယ်ဘုရား'

'ဦးပဋ္ဌင်း ဇာတိက ဘယ်ကလဲ ဘုရား'

'တပည့်တော် ရန်ကုန် ဇာတိပါပဲဘုရား'

'ဘုန်းကြီးမဝတ်ခင် ဘာလုပ်ခဲ့တာလဲ ဘုရား'

'တပည့်တော် ဆရာဝန်ပါဘုရား'

ဦးဇဝနက စိတ်မသက်မသာဖြင့် လှမ်းအကဲခတ်လိုက်ပြီး 'ဦးပဋ္ဌင်းကို ဒီမှာ သီတင်းသုံးဖို့ ဘယ်သူ ညွှန်လိုက်တာလဲဘုရား'

'တပည့်တော် လူကိုတော့ မမြင်ဖူးဘူးဘုရား။ online ပေါ်မှာ ရင်းနှီးနေတာ အမေရိကန် နိုင်ငံက ဦးသုန် ညွှန်လိုက်တာကို လျှောက်ခိုင်းတာပါဘုရား'

'ဪ၊ ဦးသုန်ညွှန်လိုက်တာကိုး' ဒါထက် ဒီကျောက်ဆင်တောရအကြောင်းကော ဦးပဋ္ဌင်း သိထားပြီးပြီပေါ့ ကြည့်ရတာ'

'မှန်ပါတယ်ဘုရား၊ ဦးသုန်ဆိုတဲ့သူ ပြောတာပဲဘုရား၊ တော်ရုံလူ မနေနိုင်လောက် ဘူးတဲ့ ဂူတင်လည်းဆောင်ရတယ်၊ အိပ်ဖို့ကျိန်းဖို့က ခုတင်မရှိဘူး၊ ပက်လက်ကုလားထိုင် တစ်လုံးပဲ ရှိတယ်လို့ သိထားပါတယ်ဘုရား'

ဦးဇဝနက ပြုံးရင်းရှင်းပြ၏။ 'ဦးသုန်ဆိုတာ လူ မဟုတ်ဘူး၊ ဘုန်းကြီး ဦးပဋ္ဌင်းရဲ့ ဦးသုန္ဒရကို အတိုကောက်ခေါ်တာ၊ ဆွမ်းခံရတာကော သိထားပြီလား'

'မှန်ပါ၊ သုံးမိုင်လေးမိုင်ဝေးတဲ့ ရွာတွေကို တစ်ပတ် တစ်လှည့်စီ အလှည့်ကျ ဆွမ်းခံ ကြွရတယ်လို့ ကြားပါတယ်ဘုရား'

ဦးဇဝနက ပြုံးပြီး မေတ္တာဖြင့်မေး၏။ ဒါဆို ဦးပဋ္ဌင်းခံနိုင်ရည် ရှိပါ့မလား၊ ရန်ကုန်သား ဆရာဝန်က ဒီလိုနေရာမျိုးမှာ'

'တပည့်တော်က ဒါမျိုးမှ ကြိုက်လို့ပါဘုရား၊ တပည့်တော် ကြိုးစားကြည့်ခွင့်ပြုပါ ဘုရား' ဦးပညာက ကပျာကယာ ပြန်ဖြေ၏။

'အင်းလေ၊ နှစ်ရက်လောက်တော့ နားနားနေနေ လေ့လာကြည့်ပါဦး။ ပြီးမှ နေနိုင် မနေနိုင် ဆွေးနွေးကြတာပေါ့၊ ဒါထက်၊ ဦးပဥ္စင်းမှာ မှတ်ပုံတင်တော့ ပါတယ်မဟုတ်လား'

ဦးပညာ (နောင်ဆိုလျှင် သီတင်းသုံးဖော်များက ယိုးဒယားမှ လာသူဖြစ်၍ ဦးယိုးဟု ခေါ်တွင်ကြ၏) က မှတ်ပုံတင် ထုတ်ပေးလိုက်ရင်း 'တပည့်တော်ရဲ့ မှတ်ပုံတင်ပါဘုရား' ဟု လျှောက်၏။

ဦးဇဝနက ဦးယိုး (ဦးပညာ) ၏ မှတ်ပုံတင်ကို သိမ်းယူထားလိုက်၏။ ပြီးမှ သော့ တစ်တွဲယူလျက် သူ့ကျောင်းနှင့် မလှမ်းမကမ်းရှိ ကျောင်းခန်းလေးကို သော့ဖွင့်ပေးလိုက်၏။ နောက်ပြီး သောက်ရေယူရန် ရေပိုက်ခေါင်း၊ ရေချိုးရန်နေရာ၊ အိမ်သာ စသည်တို့ကို လိုက်ပြ၏။ နောက်ပြီး ထပ်၍မှာ၏။ 'တပည့်တော်တို့က နှစ်ရက်လောက်တော့ ပြန်စဉ်းစားဖို့ ဒီတိုင်း အချိန်ပေးထားတယ်ဘုရား။ ဦးပဥ္စင်း စိတ်ပြောင်းသွားရင် ပြန်ကြွနိုင်ပါတယ်၊ ဆုံးဖြတ်ပြီးမှ ဆွမ်းခံလိုက်တာပေါ့ဘုရား။ ခုတော့ ဆွမ်းမခံဘဲ ကျောင်းမှာ အေးအေး ဆေးဆေး ဆွမ်းဘုဉ်း ပေးပါဘုရား။'

ဦးယိုး (ဦးပညာ) က ဆွမ်းခံလိုက်ချင်သော်လည်း ဝါကြီးသူ၏ စကားကို ရိုသေသော အားဖြင့် စောဒက မတက်တော့ဘဲ ငြိမ်နေလိုက်တော့၏။

ဦးဇဝနက ကပ္ပိယတစ်ယောက်ကို လှမ်းခေါ်ပြီး ကျောင်းဝင်းတစ်ခုလုံး လိုက်ပြရန် ညွှန်ကြားလိုက်၏။ ကပ္ပိယက 'ဦးယိုး' ကို မင်္ဂလာရေကန်တော်နှင့် ပခုက္ကူဆရာတော်ကြီး ရှိစဉ်က သီတင်းသုံးသွားပြီး ယခုပြတိုက် လုပ်ထားသော နှစ်ထပ်ကျောင်းဆောင် ယောဂီ ရဟန်းတော်များ သီတင်းသုံးရာအဆောင်၊ သက်နှင့် သပိတ်ပဋိပက္ခရာများထားရာ ကျောင်းဆောင်၊ စာကြည့်တိုက်ဆောင်၊ မူလသိမ်တော်၊ ဆင်ရုပ်ပုံ ပေါ်နေသော ကျောက်တုံး ကြီးများ (ယင်းကြောင့် ကျောက်ဆင်တောရဟု နာမည်ရခြင်းဖြစ်သည်) ဆွမ်းစားဆောင် ဟောင်း/သစ်၊ ဓမ္မာရုံအသစ်၊ လေးမျက်နှာဂူ၊ မန္တလေးဂူ၊ တောင်ပုလု ဆရာတော်ကြီး ရှိစဉ်က တရားအားထုတ်ခဲ့သည့် တောင်ပုလုဂူစုံအောင် စေ့အောင် လိုက်ပြ၏။ သန်းပင်နှင့် ဒဟတ်ပင်များအပြင် တမာပင်၊ ကုက္ကိုပင်၊ မန်ကျည်းပင်များပါ စိုက်ထား၍ အညာနေရောင် အောက်မှာ စိမ်းစိုအေးချမ်းသည့် နေရာလေးတစ်ခု ဖြစ်နေသည်။ အိမ်သာများနှင့် ရေချိုးကန်များမှာလည်း စနစ်တကျ ရှိလှသည်။ ချိုင့်တွေ၊ ကုန်းမြင့်တွေနှင့် တောနက် တစ်နေရာများ ရောက်နေသလား အောက်မေ့ရသည်။ တိတ်ဆိတ်မှုကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး ထူးခြားတင့်တယ်နေသည်။ တစ်ချက်တစ်ချက်မှာတော့ ငှက်အော်သံ၊ ကျီးအော် သံများ တောတွင်း တိရစ္ဆာန်ငယ်တို့၏ အသံများကို ကြားနေရသည်။

ဆရာတော်ကြီး တရားအားထုတ်သည့် ဂူတွင် ပဥ္စင်းငယ်တစ်ပါး သီတင်းသုံးလျက် ရှိသည်။ ဂူက သိပ်တော့မကျယ် ငါးပေပတ်လည်လောက်ပဲနေသော ထိုင်သာသော နေရာ ရှိသည်။ ပက်လက် ကုလားထိုင် တစ်လုံးသာရှိသည်။ မြေသား ကျောက်သားနံနှင့် မှိုနံ့များဖြင့် အောက်သိုးသိုးနံ့ရနေသည်။ ဩော်. . . သူတော်စင်များအတွက်တော့ အကောင်းဆုံး နေရာသည် ဆိတ်ငြိမ်သော နေရာဖြစ်ချေသည်။

ဆရာတော်ဂူမှ ဆရာတော်၏ ဂုဏ်ကျေးဇူးကို အောက်မေ့ရှိခိုးပြီး ထွက်လာတော့ သူ (ဦးယိုး) သတိပြုမိလိုက်သည်က သူရောက်ရှိနေသော ယခုနေရာသည် ပုထုဇဉ် လူသားတို့နှင့် ကမ္ဘာခြားခဲ့သောနေရာဖြစ်၏။ သီးခြားကမ္ဘာလေး တစ်ခုပါ။ ပျော်တတ်မည်ဆိုလျှင် အလွန် စိတ်ချမ်းမြေ့စရာကောင်းသောနေရာဖြစ်၏။ မရောက်ဖူး၊ မမြင်ဖူးသေးသော နေရာသစ် တစ်ခုမှာ ရောက်နေသလိုလည်း ဆန်းကြယ်သော ခံစားမှုများက ရှိန်းရှိန်းဖိန်းဖိန်းဖြင့် ရင်မှာ လှုပ်ခတ်နေ၏။ တစ်ခုတော့ရှိသည်။ လောကီမှာ အပျော်လွန်နေသူ တစ်ဦးတစ်ယောက် အတွက်တော့ သည်နေရာမျိုးမှာ ခဏတစ်ဖြုတ်ပင် နေနိုင်လိမ့်မည်မဟုတ်ပါ။

ဆွမ်းခံကြွသွားသည့် သံဃာတော်များ ဆွမ်းစားဆောင်မှာ ပြန်ရောက်ပြီး တစ်အောင့် အကြာ (၈း၃၀ ခန့်) မှာ ဆွမ်းစားသည့် သံချောင်းခေါက်၏။ သံဃာများက ဆွမ်းသပိတ် ထဲမှ ဦးဦးဖျားဖျားကို ဘုရားသပိတ်တော်ထဲသို့ လောင်းလှူဆက်ကပ်ကြ၏။ ထို့နောက် အာဂန္တုဖြစ်သော 'ပဉ္စင်းယိုး' ၏ သပိတ်ထဲကို ဝမ်းသာအားရဖြင့် လျှံနေအောင် လောင်းလှူ ကြ၏။

ခဏအကြာမှာ ကြမ်းပြင်ပေါ်မှာ တင်ပျဉ်ခွေ ခွေထိုင်၊ သပိတ်ကို ရှေ့မှာ ချထား၊ ဘေးမှာ သောက်ရေခွက် တစ်ခွက်နှင့် ဘုရားစင်ဘက်ကို လက်အုပ်ချီမိုးလျက် သံဃာတစ်ပါး ပါးက တိုင်ပေးရင်း နောက်မှသံဃာအားလုံး လိုက်ဆို၍ ဆွမ်းဘုဉ်းမပေးမီ ဆွမ်းအပေါ် ဆင်ခြင်ကြ၏။

'ဤသည့် စားဖွယ် အမည်မည်ကို. . . အစချီလျက်၊ ဤသို့ ဒကာ ဒကာမများက လောင်းလှူလိုက်သည့် ဆွမ်းကို ပျော်ရွှင်ဖို့ ရုပ်အဆင်း လှပစိုပြေဖို့ ပေါ့ပေါ့ဆဆဖြင့် ပြုံးကာ ရယ်ကာ မဆင်မခြင် မစားသုံးပါ၊ တကယ်တော့ တရားဘာဝနာများ ပွားများအား ထုတ်ရန်အတွက် ဤကိုယ်ကာယကြီးအသက်ရှင်ဖို့သာ စားသုံးခြင်း ဖြစ်ပါသည်၊ ဒီဆွမ်းများ ဟာလည်း ကြာရင် ပုပ်သိုးတတ်ပြီး ရွံရှာစရာ ဖြစ်သွားတတ်တဲ့ အမျိုးအစားပါပဲ၊ ဒီဆွမ်းကို ငါဟာ ဆင်ခြင်ပြီး စားသုံးပါ့မယ်၊ လောင်းလှူသည့် ဒကာ ဒကာမများ စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာကြပါစေ' အဓိပ္ပာယ်ရသော လင်္ကာကို ရွတ်ဆိုကြ၏။

ရှုတင်ဆောင် သံဃာများဖြစ်သည့်အတွက် တစ်ခွက်တည်းသော သပိတ်ထဲတွင်ပင် ထမင်းရော ဟင်းရော ရောနှော၍ သုံးဆောင်ရ၏။ ထမင်းလုပ်ကို ယူတယ်၊ ခွံ့တယ်၊ ဝါး တယ်၊ မျိုတယ်၊ စသည်ဖြင့် အလုပ်ရေပါ အမှတ်သတိဖြင့် ဆင်ခြင်သုံးဆောင်ရ၏။ ထိုင်ရာမှ ထပြီးလျှင် ပြန်ထိုင်ပြီး မသုံးဆောင်ရတော့။ သုံးဆောင်ပါက ရှုတင်တစ်ပါး ပျက်ပြီ။

သံဃာအားလုံး ဆွမ်းစားပြီးသည်နှင့် မိမိသပိတ်ကို မိမိဆေးကြော သန့်စင်ပြီး ဝိနည်းအရ နေရောင် အနည်းငယ် ပြရ၏။ အချိန်မလွန်အောင် နေရောင်ပြပြီးနောက် လက်သုတ်ပုဝါဖြင့် သန့်စင်စေပြီး သိမ်းဆည်းရ၏။

'ဦးယိုး' ကိုလည်း သံဃာတွေအားလုံး ဝိုင်းလာပြီး မိတ်ဆက်ကြ၊ အားပေးကြ၏။ ယိုးဒယားနိုင်ငံမှ လာသူဖြစ်၍ အားလုံးက ဦးဥင်းယိုးဟု တသမတ်တည်း ခေါ်ဝေါ်ကြ၏။

ဒါ တစ်ခုတော့ ဆိုးသည်။ နာမည်ရင်းတွေ ပျောက်ပြီး၊ ဦးပျော်ဘွယ်၊ ဦးနေပြည်တော် စသည်ဖြင့် နေရပ်ဒေသအလိုက် ခေါ်ဝေါ်ကြ၏။ ဦးငွေးကုန်းကျတော့ ခက်ကပြီ၊ သူ့ကျတော့ ဘယ်လိုပြောင်းခေါ်ကြလဲဆိုတော့ ဦးပဋ္ဌင်းကျော်ဟိန်း ဖြစ်သွားပါသတဲ့။ 'ငွေးကုန်း' ကယ် သွားတာ ဖြစ်ပါသည်။ ဩော်.. ဘာနာမည်ပဲပေးပေး ပညတ်တွေချည်းပါပဲ။

ကျောက်ဆင်တောရ တစ်ခုလုံးတွင် ရေဒီယိုမရှိ၊ ရုပ်မြင်သံကြားမရှိ၊ လက်ကိုင်ဖုန်း မရှိ။ ပိုက်ဆံ (ဝတ္ထုငွေ) မကိုင်ရ။ ဆွမ်းစားလျှင် အပြီးအပြတ် စားသုံးရန် ဖြစ်ပြီး မည်သည့် အစားအစာမှ မိမိ သီတင်းသုံးသော ကျောင်းသို့ သယ်မသွားရ။

ဆွမ်းကပ်လှူလိုသည့် ဒကာ ဒကာမများအနေဖြင့် ကျောင်းတွင်းတွင် ကပ်လှူခွင့် မရှိ။ 'ဆွမ်းခံဝတ်ကျင့်သည့် ရှုတင်နှင့် အိမ်စဉ်မပျက် ဆွမ်းခံသော ရှုတင်' မပျက်စေရအောင် ကျောင်းဝင်းအပြင်ဘက်ရှိ ဆွမ်းလောင်းဇရပ်များမှနေ၍ ဆွမ်းခံအပြန်တွင် လောင်းလှူ ကြရသည်။ ရှုတင်တစ်ပါးက သက်န်းသုံးထည်အပြင် အပို သက်န်းမဆောင်သော ရှုတင်ဖြစ်၏။

ဓမ္မာရုံတွင် တိုင်းရင်းဆေးမျိုးစုံ ကုသိုလ်ယူ၍ လှူထားသူရှိ၏။ ညနေ ၅ နာရီခန့်တွင် စတုမဓုကို ယောဂီများမှ ကပ်လှူကြ၏။ ရှုတင်ဆောင်သည့်အတွက် ရှင်းလင်း ပေါ့ပါး၏။ တရားအားထုတ်ရန် အချိန်များစွာ ပိုထွက်လာ၏။ တကယ်လုပ်ချင်သူများ တကယ် အားထုတ် ချင်သူများအဖို့ အလွန်အဆင်ပြေသော နေရာဖြစ်၏။ ရှေ့က တောင်ပုလု ဆရာတော်နှင့် ပခုက္ကူ ဆရာတော်တို့၏ သီလဂုဏ်တို့ကြောင့် ယခုလို စည်ပင် ဖွံ့ဖြိုးပြီး သူတော်ကောင်းများ ချမ်းသာစွာ တရားအားထုတ်နိုင်ကြခြင်း ဖြစ်၏။ လက်ရှိ ဆရာတော် ဦးကောဝိဒ (ဦးကော) ကလည်း ဆရာကောင်းတပည့် ပီသ၏။ သီလစင်ကြယ်ပြီး ကြိုးစား၏။

အခန်း (၂၀)

## ဘုန်းကြီးများလည်းရန်းကန်ရတယ်

ဦးယိုးရောက်နေသော ကျောက်ဆင်တောရဟူသည့် သူတော်စင်များ နေထိုင်သီတင်း သုံးရာနေရာမှာ သူ (ဒေါက်တာ မြတ်ဘုန်းအဖြစ်) လူဝတ်ကြောင်နှင့် နေခဲ့သော ထိုင်းနိုင်ငံ နှင့်တော့ ကွာချင်တိုင်း ကွာခြားနေသည်။ ထိုင်းနိုင်ငံမှာက အလွန်ထူပြောသော ကိလေသာ တောကြီး ဖြစ်၏။

အခု သူ ကြုံတွေ့ရသမျှတွေက အသစ်အဆန်းချည်းဖြစ်၏။ တစ်နေ့တာ၏ စက္ကန့်ပိုင်း အလိုက် ကွက်လပ်မရှိအောင် ဆွတ်ပျံ့ကြည်နူးစရာတွေချည်း တွေ့နေရ၏။ သီတင်းကျွတ်လ နှောင်းပိုင်း ရက်တစ်ရက်၏ အရုဏ်တက်ချိန် ၅း၀၉ ခန့်တွင် ကျောက်ဆင်တောရ ဓမ္မာရုံ နံဘေးခြေသွား လမ်းလေး အစပ် အလင်းရောင် လုံလောက်စွာ မရသေးသဖြင့် လက်နှိပ် ဓာတ်မီးရောင်များ ကြားရပ်လျက် သံဃာတော်များ တန်းစီရင်း ငြိမ်သက်စွာ ငံ့လင့်နေကြ၏။ ရှေ့ဆုံးမှာ ဆရာတော် ဦးဇောတိက ရှိ၏။ သံဃာအားလုံး ကိုရင်များပါမကျန် ဓမ္မာရုံအတွင်းတွင် ဝတ်တက်ပြီးကြပြီဖြစ်၏။ ကိုယ်တော်တစ်ပါးက သံချောင်းခေါက်လိုက်၏။ ခွေးများက လိုက်၍ အူကြ၏။ ကြုံရာ သံဃာတော် တစ်ပါးက ရှေ့ဝဲဘက်သို့ ထွက်ရပ်ပြီး ညီညာစေရန် တိုင်ပေးရာ သံဃာအားလုံး နောက်မှလိုက်၍ ညီညီညာညာ ရွတ်ဆိုကြသည်မှာ အလွန်ကြည်နူးဖွယ်ကောင်း၏။

‘တုမှေ သုခိတာ ဟောထ
တုမှေ ဒုက္ခာ မုဥ္စထ’

‘ဆွမ်းဒကာ၊ ဆွမ်းဒကာမ အပေါင်း သင်သူတော်ကောင်းတို့သည်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြကုန်သည်၊ ဖြစ်ကြပါစေကုန်သတည်း’

‘ဆွမ်းဒကာ၊ ဆွမ်းဒကာမအပေါင်း သင်သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြကုန်သည်၊ ဖြစ်ကြပါစေကုန်သတည်း’

‘ဆွမ်းဒကာ၊ ဆွမ်းဒကာမအပေါင်း သင်သူတော်ကောင်းတို့သည်၊ ဆင်းရဲအပေါင်းမှ လွတ်မြောက်ကြပါစေကုန်သတည်း’ (ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့သည် ငါနှင့်အတူ ချမ်းသာကြပါစေ)[၁] ရွတ်ပြီးနောက် ဆက်၍ ဆွမ်းခံစဉ် ကျင့်ဝတ်လင်္ကာကို ရွတ်ကြရ၏။

– ဆွမ်းခံသွားတုန်း ကျင့်သုံးမှန်မှန်၊ ဘယ်ညာလှမ်းသိ၊ ရပ်ထိမှတ်ရန်
မြင်အကြားလည်း၊ မှတ်သားမကျန်၊ နာမ်နှင့်ရုပ်ဖြစ် ချုပ်မြင်မှုသန်။

ပြတ်ချည်သည့်၊ ရောက်၏ ပြည်နိဗ္ဗာန်။
– သက်န်းသပ္ပာယ်၊ သပိတ်လွယ်၊ တင့်တယ်ရှုမခန်း။
မိမိရှေ့တည့်၊ လေးတောင်ကြည့် မိမိသွားရာလမ်း။ ။

နံနက်စောစောမှာ မဂ်လာကျက်သရေရှိသည့် သံဃာတော်တို့ အသံက ပျံ့လွင့်နေ၏။ ဆွမ်းခံသွားစဉ် ဝါစဉ်အလိုက် တန်းစီ၍ တိတ်ဆိတ်စွာ ကြွရ၏။ လှမ်းတယ်၊ ထိတယ်၊ ရပ်တယ်၊ မှတ်ရင်း ကြွရ၏။ ကျော်တက်ခြင်း၊ ဘေးထွက်ခြင်း၊ စကားပြောခြင်း မပြုဘဲ ဣန္ဒြေဖြင့် ကြွရ၏။ သက်န်းကို မတိုလွန်း မရှည်လွန်းဘဲ သပိတ်ကို တည့်မတ်စွာလွယ်၍ မိမိ ရှေ့တည့်တည့် လေးတောင်အကွာ၌သာ ရှုကြည့်ရ၏။

လေးမျက်နှာရွာ၊ ပင်းတလဲရွာ၊ တဲစုရွာ ရွာသုံးရွာကို တစ်ပတ်စီ အလှည့်ကျ ဆွမ်းခံ၏။ ယနေ့ အလှည့်ကျရွာ တဲစုရွာသို့အသွား 'မင်းသောက်ချောင်း' မရောက်မီတွင် မမျှော်လင့်ဘဲ ရုတ်တရက် မိုးသည်းထန်စွာ ရွာချပြီး မင်းသောက်ချောင်းတွင် ရင်ဆို့လောက်ရှိသည့် ချောင်းရေများ လျှံတက်လျက် အရှိန်ပြင်းစွာ စီးဆင်းနေ၏။ ဤတွင် ချောင်းဖြတ်မကူးမီ ဆရာတော် ဦးဇဝနက သံဃာအပေါင်းတို့အား မိန့်၏။

'အရှင်ဘုရားတို့ မကျန်းမာသူနဲ့ အသက်ကြီးသူများ ဒီနေရာကနေ လှည့်ပြန်နိုင်ပါတယ် ဘုရား။ တပည့်တော်တို့ အပြန်မှာ ဆွမ်းများမျှပြီး လှူမှာပါ။ ယောဂီဆောင်ကလည်း လောင်းလှူကြမှာပါဘုရား'

သို့သော် တစ်ပါးမှ တုတ်တုတ်မလှုပ်ကြ။ အားလုံး ချောင်းရေကို ဖြတ်ကူးပြီး ဆွမ်းခံဝတ်ကို မပျက်စတမ်း ရှုတင်ဆောင်၍ ကြွကြမည့် သဘောဖြစ်၏။ ဤတွင် အပေါ်ရုံသည့် သက်န်း ၅ ထည်ကို ဆက်၍ ချည်နှောင်လိုက်၏။ အဖျားကိုတစ်ပါးက ချောင်းတစ်ဘက်ရှိ သစ်ပင် ပင်စည်တွင် ပတ်လျက်ကိုင်ထား၏။ သို့နှင့် တစ်ပါးကိုတစ်ပါး လက်ချင်းချိတ်ဆက်၍ မာန်ဟုန်ပြင်းသော မင်းသောက်ချောင်းကို ဖြတ်ကူးကြ၏။

နောက်ဆုံးနားက အသက်ကြီးသည့် ကိုယ်တော်တစ်ပါး အလှည့်မှာ ရေထဲက ကျောက်တုံးကို ခလုတ်တိုက် လဲကျပြီး ချောင်းရေနှင့် မျောပါသွားရာ တစ်ဖက်ကမ်းရောက်ပြီး ကိုယ်တော်များက ချောင်းအကွေ့မှနေ၍ ဆီးပြီး လူကော သပိတ်ပါ ဆယ်ယူကြရ၏။ တစ်ဖက် ကမ်းရောက်ပြီး ထန်းတဲများရောက်သော် မိုးအတိတ်ကို စောင့်၍ သက်န်းများ ရေညှစ်ကြ မီးကင်ကြ လုပ်ကြရ၏။ အတန်ငယ် သွေ့သွားမှ သက်န်းကို သပ္ပာယ်အောင် ရုံကြပြီး ရွာဆီ ဆက်ကြွ၏။

ဤရွာများမှာ ရေးဘုရင်များ ကြွချီရာ လမ်းဖြစ်ပြီး ရှေးဘုရင်များ စခန်းချ ရပ်နားရင်း တည်ထားခဲ့သော ရွာများ၊ စေတီနှင့် ကျောင်းကန်များလည်း ရှိပေသည်။ ရွာခံများမှာ အခြား ဒေသနေသူများထက်ပို၍ သံဃာတော်များကို ရှိသေကြ၏။ တစ်ယောက်တစ်လက် တစ်ဖွန်းဖြင့် တက်ညီလက်ညီ သပိတ်လျှံအောင် လောင်းလှူနိုင်ကြသည်။ ဆွမ်းလောင်းပုံ လောင်းနည်းမှာလည်း အတုယူလောက်သည်။ စည်းကမ်းတကျ တန်းစီစောင့်ဆိုင်းနေကြ၏။

ဆွမ်းကို သပိတ်ထဲ လောင်းထည့်လှူပြီး သည်နှင့် လင်ပန်းကိုဘေးမှာ ချ၍ မြေပြင်ပေါ်တွင်ပင် ပြားပြားဝပ် ရှိသေစွာကန်တော့၏။ ဆွမ်းခံသံဃာတွေကလည်း ကန်တော့ပြီးသည်အထိ ဆက်မကြွဘဲ ရပ်တန့်ပေးကြ၏။ ကျောက်ဆင် ကိုယ်တော်တွေ ဘယ်လို ကျင့်ကြံသီတင်းသုံးကြ သည်မှာ မျက်မြင်ကိုယ်တွေ့ ဖြစ်နေရာ ထိုသီလဂုဏ်တို့ကြောင့် အလွန်သဒ္ဓါတရား ထက်သန်စွာ လောင်းလှူကြ၏။ ဒကာတွေ သဒ္ဓါလွန်တော့လည်း သံဃာတွေမှာ သပိတ်တွေ ပြည့်မောက်ပြီး လေးမိုင်လောက် ဝေးသောရွာကို ပြန်ကြွဖို့ ပင်ပန်းကြ၏။ တချို့လည်း ၁၅ အိမ် အဓိဋ္ဌာန် သို့မဟုတ် သင့်ရုံမျှရလျှင် သပိတ်ကို ဖုံးအုပ်ပြီး ချည်နှောင်ထားလိုက်ကြ၏။ ပေါ့ပေါ့ပါးပါး ပြန်ကြွနိုင်တော့၏။ အမှန်ဆိုလျှင် မည်သူမျှ သပိတ်ပြည့်အောင် ဘုဉ်းမပေးနိုင်ပါ။ 'ဦးယိုး' ဆိုလျှင် သပိတ်၏ သုံးပုံတစ်ပုံပင်လျှင် မကုန်တတ်။ ဆွမ်းခံစ, လိုက်စဉ်ကဆိုလျှင် ကျောင်းပြန်ရောက်လျှင် ခြေသလုံးများ ညောင်းကိုက်ပြီး မခံမရပ်နိုင် နာကျင်နေတော့၏။ အခုတော့ အသားကျသွားပြီးလျှင် ကျန်းမာရေးပါ ထူးခြားကောင်းမွန်လာ၏။

ကျောင်းသို့ ပြန်ရောက်ပြီး ခြေလက်ဆေးပြီးသည်နှင့် မနက် ၈း၃၀ လောက်တွင် ဆွမ်းဘုဉ်းပေးကြ၏။ ပြီးနောက် အနားယူ၊ ရေချိုးသင်္ကန်းလျှော်ပြီးလျှင် နေ့ခင်း၌ ကျောင်းဆောင်ဆောက်လုပ်ရာ လုပ်အားပေးပြီးလျှင် ကျောင်းသို့ ပြန်နား တရား ရှုမှတ်ကြ ပြန်၏။ နေ့ခင်း ၄ နာရီတွင် ဓမ္မာရုံမှာ စုပေါင်းတရားထိုင်ကြ၏။ တရားထိုင်အပြီး ညနေခင်း ဖျော်ရည်သို့မဟုတ် စတုမဓုများ ဘုဉ်းပေးပြီးလျှင် ညနေဝတ်တက်ကြရ၏။ ရွာထဲ ဒကာ ဒကာမအိမ်ကို မကြွရ။ ဆွမ်းခံကြွရာမှာ သင်္ကန်းရုံရာ၌ ခါးပန်းကြိုးပတ်ရ၏။ အနားပတ်သီး တွယ်ကြရ၏။ ကိုယ့်ကျောင်းမှာ ဒကာ ဒကာမတွေကို ညှော်မခံရ။

ဆရာတော် ခွင့်မပြုဘဲ တရားဟော၊ တရားပေး၊ တရားပြ၊ တရားစစ်တို့ မလုပ်ရ။ ဆရာတော် မရှိလျှင် ဆရာတော် တာဝန်ချသူများသာ သီလပေးတရားဟော တရားပြပြုရ၏။ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း တားမြစ်ထား၏။ နေလွဲချိန်မှာ လက်ဖက်ရည်ကြမ်းပင် သောက်ခွင့်မရှိ။ ဆေးကု၊ ဗိုထိုး၊ ဗေဒင်ဟော၊ ဂိုဏ်းဆရာလုပ်ခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ခြင်း၊ အခါပေးခြင်းပင် ခွင့်မပြု။ ပစ္စည်း ရောင်းဝယ်၊ လဲလှယ်စုဆောင်းခြင်း မလုပ်ရ။ ရေဒီယို ကက်ဆက် နားထောင်ခြင်း၊ သတင်းစာဂျာနယ် ဝတ္ထုမဂ္ဂဇင်း ကာတွန်း စသည်များ ဖတ်ရှုခြင်း မပြုရ။

ကျန်းမာလျက် မြင်းလှည်း၊ နွားလှည်း၊ ဆိုက်ကား၊ စက်ဘီး မစီးရ။

ကျောင်းဆောင်မှာ ဆွမ်းဘုဉ်းမပေး။ စားဖွယ်သောက်ဖွယ် မသိမ်းဆည်းရ။ ချက်ပြုတ်ခြင်း မပြုရ။ ယောဂီဆောင်သို့ မသွားရောက်ရ။ ယခုထိပင် ကျောက်ဆင်တောရ၌ ဒီစည်းကမ်းတွေ ခိုင်မြဲတည်တံ့လျက်ရှိ၏။

ညပိုင်းတွင် တစ်လလျှင် သံဃာနှစ်ပါးကျစီ အလှည့်ကျ ဘုရားကြီးအထက်ပစ္စယံရှိ ရုံးခန်း၌ သွားရောက်၍ ညလုံးပေါက် စောင့်ရှောက်ကြရ၏။ ညနေပိုင်းတွင် ဆရာတော် ဦးဇဝန လာရောက်ပြီး သာသနာအကြောင်း ဗဟုသုတဖြစ်ဖွယ်များ မိန့်ကြားရာ 'ဦးယိုး' တစ်ခါမှ မကြားဖူးသည်များကို အံ့ဖွယ်ကြားနာခဲ့ရ၏။

ဦးဇဝနက–'တပည့်တော်လည်း စစ်ကိုင်း ဦးဘိုးသင်းရေးတာ ဖတ်ဖူးတာပါ၊ သူက ဒုတိယကမ္ဘာစစ် မဖြစ်မီ မြစ်ကြီးနားဘက် ရောက်သွားတုန်းက ဂေါ်ရခါးစစ်တပ်တွေထဲမှာ ရှိတဲ့ ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါးကို တွေ့ဖူးတယ်တဲ့၊ သင်္ကန်းက ခု ဘုန်းကြီးတွေနဲ့ အရောင်တူပေမယ့် ချုပ်ပုံ မတူဘူး၊ နောက်ပြီး သတ်သတ်လွတ်စားတယ်၊ ဂေါ်ရခါးတွေက ဗုဒ္ဓဘာသာ ဆွမ်းတော်ကြီးအသင်း ကိုလည်း အများအပြား လာလှူကြတယ်တဲ့။ နောက်တစ်ပါးကတော့ တရုတ်နဲ့ ရှမ်းတရုတ်တွေ ကိုးကွယ်တဲ့ တရုတ်ဘုန်းကြီးတစ်ပါး။ သင်္ကန်းက အဝါရောင်ပဲ ဒါပေမဲ့၊ အင်္ကျီရှည်ကြီးနဲ့ အောက်က သင်းပိုင် မဟုတ်တော့ဘဲ (သင်္ကန်းကို ချုပ်ထားတဲ့) ဘောင်းဘီပွကြီးနဲ့တဲ့။ မျက်ခုံးမွေး နှစ်ခုကြား နဖူးပေါ်မှာတော့ အမာရွတ်ရှိတယ်။ သူတို့ (တရုတ်) က ရဟန်းပြုတဲ့အခါမှာ အကျင့်ကောင်းကောင်း ဆောက်တည်နိုင် မတည်နိုင်ကို နဖူးပေါ် ဖယောင်းတိုင်ထွန်း ဖယောင်းတိုင် ငြိမ်းတဲ့အထိ သည်းခံနိုင်မှ ပူဇော်ထိုက်တဲ့ ရဟန်းဖြစ်ပြီ သတ်မှတ်တယ်တဲ့။

အဲဒီ တရုတ်ဘုန်းကြီးက စာလည်း အလွန်တော် အလွန်တတ်တယ်တဲ့။ နောက်တစ်မျိုးက ဗုဒ္ဓဘာသာဝင်ပဲ၊ ပွဲကျောင်းဘုန်းကြီးဆိုတာကို တွေ့တယ်တဲ့။ သင်္ကန်းပေမယ့် မြန်မာဘုန်းကြီးတွေ သင်္ကန်းချုပ်ပုံနဲ့ မတူဘူးတဲ့။

ဝါကျွတ်လို့ ပဝါရဏာပွဲလုပ်တော့ ဂေါ်ရခါး ကိုးကွယ်တဲ့ ဘုန်းကြီးကော ပွဲကျောင်းဘုန်းကြီးကော၊ မြန်မာဘုန်းကြီးဆီမှာ လာပြီး လှူဒါန်းကြတယ်။ အဲဒီအချိန်မှာတော့ မြန်မာဘုန်းကြီးအတွက် အထူးဝက်သားနဲ့ ချက်လှူကြတယ်တဲ့။

မြန်မာဘုန်းကြီးကတော့ အဲဒီ ဘုန်းကြီးတွေနဲ့ ဝိနည်းသိက္ခာအရ ဆွမ်းအတူ မစားဘူး။

တစ်နေ့တော့ ဦးဘိုးသင်းက ပွဲကျောင်းဘုန်းကြီးနဲ့တွေ့တော့ သူ့ကျောင်းကို ရောက်သွားတယ်။ ဖွယ်ဖွယ်ရာရာ အသုံးအဆောင် ပရိဘောဂတွေ ဘာတွေ မတွေ့ဘူးတဲ့။ အလှူလုံးဝမခံဘဲ ဒကာတွေ လှူတဲ့ ဆွမ်းကိုသာ ဘုဉ်းပေးတယ်။ အရက်မသောက်ပေမယ့် ဘိန်းတော့ တော်တော်ရှူတယ်တဲ့။ ဘိန်းရှူပေမယ့် ဖိမ်ခံခြင်းတော့ မရှိဘူးတဲ့။ ဒါနဲ့ ဦးဘိုးသင်းက မေးကြည့်တယ်။ ဘာဖြစ်လို့ မြန်မာ ဘုန်းကြီးတွေဝတ်တဲ့ သင်္ကန်းမျိုး မဝတ်ပါသလဲဆိုတော့။ ပြန်ဖြေတာက 'ဘုရားလက်ထက်မှာ သူများ စွန့်ပစ်တဲ့ အဝတ်ကို ကောက်ပြီးမှ ချုပ်ပြီး ဆေးဆိုးဝတ်ကြရတယ်၊ နောက်ပိုင်း ဘုရားက လူတွေ လှူဒါန်းတဲ့ သင်္ကန်းကို ဝတ်ခွင့်ရှိတယ်လို့ ခွင့်ပြုပြီပဲတဲ့၊ ဘာဖြစ်လို့ အဝတ်အကောင်းကို ဆုတ်ဖြဲပြီး ပြန်ချုပ်တော့မလဲ၊ ဒီအတိုင်းပဲ ဝတ်လည်း ရပါတယ်' တဲ့။

အရှင်ဘုရား ဘာလို့ အရက်မသောက်တာလဲလို့မေးတော့ အရက်က မေထုန်ကို ပွားများစေလို့ လို့ ဆိုပါတယ်။ ဘာကြောင့် ဘိန်းရှူတာလဲမေးတော့ စိတ်က အလွန်ပျံ့လွင့်ပြီး အထိန်းရခက်တဲ့ နွားသိုးနဲ့တူပြီး အလွန်ထိန်းရခက်တဲ့ စိတ်ကို ကမ္မဋ္ဌာန်းနဲ့ ထိန်းတယ်ဆိုတာ ဘုရားလက်ထက်ကပဲ ဖြစ်မယ်။ အခုမဖြစ်နိုင်။ ဒါကြောင့် အာရုံမများအောင် ဘိန်းများများရှူတာ၊ ဘိန်းက မေထုန်ကိုလည်း အားမပေးဘူးလို့ ပြောတယ်။ ကျုပ်က ကိလေသာ မကုန်သေးတဲ့အတွက် ကျုပ်ကျောင်းကို မိန်းမတွေမလာရလို့ တားမြစ်ထားတယ်တဲ့။

ဒီတော့ ဦးဘိုးသင်းက ဟိမဝန္တာကို ကျော်သွားတဲ့အခါ ဗုဒ္ဓဘာသာမှာ စာပေ ကျမ်းဂန်နဲ့ ပိဋကတ်သုံးပုံပါမသွားလေတော့ ယူချင်သလို ယူဆနေတာပါလားလို့ မှတ်ချက်ချမိသတဲ့။

ဦးဘိုးသင်းက 'ကိုယ်တော်မှာ ကိလေသာမကုန်သေးတာ ဘယ်လို သိပါသလဲ' လို့ မေးတော့ 'ကျုပ်စိတ်ကျုပ် ဘိန်းမရှူရင် မထိန်းနိုင်တာ သိတာပေါ့။ ကြက်သား၊ ဝက်သား၊ အချိုအချဉ် သိနေသမျှ ကိလေသာမကုန်သေးဘူး' လို့ ဖြေပါတယ်။

ဦးဘိုးသင်းက ဆက်မေးတယ် 'မြန်မာ ဘုန်းကြီးတွေက ကိုယ်တော်နဲ့အတူ ဆွမ်းမစားတာကို ကိုယ်တော်က ဘာလို့ သွားသွားပြီး လှူဒါန်းပါသလဲ' လို့ မေးတော့ ပွဲကျောင်း ကိုယ်တော်က 'မြန်မာဘုန်းကြီးတွေက ဇာတ်ကြီးလို့၊ မာနကြီးလို့ ထင်ပါတယ်၊ သူတို့က မာနကြီးပေမယ့် ကျွန်ုပ်က အလေးထားပါတယ်၊ သင်္ကန်းဝတ်တဲ့ ရဟန်းတိုင်းကို လေးစားပြီး တတ်အားသရွေ့ ပူဇော်ပါတယ်' လို့ ဖြေပါတယ်။ ဦးဘိုးသင်းကလည်း ပြုံးနေပါတယ်။

ပွဲကျောင်းဘုန်းကြီးအကြောင်း ပတ်ဝန်းကျင်ကို လိုက်စုံစမ်းကြည့်တော့ သူ့ကို ကိုးကွယ်တဲ့ ဒကာ ဒကာမတွေက စီးပွားတိုးတက်ပြီး ကြီးပွားချမ်းသာကြတယ်တဲ့။ ဘေး အန္တရာယ်တွေလည်း ကင်းရှင်းပြီး ကျန်းမာချမ်းသာကြတဲ့အတွက် အထူးသဖြင့်၊ ခေါင်ဖူး၊ ဖီးကျွန်း၊ ခပ်ချို၊ ဗိုင်းမော်ရွာ တစ်ဝိုက်က တအားကိုးကွယ်ကြတယ်လို့ သိခဲ့ရတယ်တဲ့။ တန်ခိုးရှိတယ်လို့လည်း ယုံကြည်ကြတယ်။

နောက်ပြီး ဦးဘိုးသင်း ရေးခဲ့တဲ့ 'ဇောတိဗုဒ္ဓဘာသာ' အကြောင်း။ ရှေးတုန်းက ဇောတိဘုန်းကြီး တွေ ပေါ်ခဲ့ဖူးတယ်တဲ့။ ရပ်ရွာတွေ အနီးနေတဲ့ ဇောတိဘုန်းကြီးနဲ့ ရပ်ရွာနဲ့ ဝေးရာမှာနေတဲ့ တောရ ဇောတိဘုန်းကြီးဆိုပြီး နှစ်မျိုးရှိသေးတယ်တဲ့၊ အယူပြင်းလွန်းတယ်လို့ ဆိုပါတယ်။ တောဇောတိ ဘုန်းကြီးတွေကတော့ တောထဲတောင်ထဲမှာ တစ်ပါးတည်း နေတယ်တဲ့။ တစ်ကိုယ်စာ နေလောက်ရုံ တဲကျောင်းလေးထိုးပြီး လူတွေ လှူထားတဲ့အခါ 'ဘုန်းကြီးကို လှူပါသည်' ရေးထားရင် တက်နေ ပါတယ်တဲ့။ တောနေဇောတိဘုန်းကြီးများဟာ ဆွမ်းခံစားလေ့ မရှိဘူး။ သပိတ်တောင် မထားဘူး။ မလှမ်းမကမ်း တောစပ်နားမှာ သစ်တုံးတစ်တုံးကို စားခွက်ပုံ ထုထွင်းတားတယ်။ အနားမှာလည်း ရေအိုးနဲ့ ရေစစ်ထားတယ်။ ရွာက ကြည်ညိုတဲ့ ဒကာတွေက သစ်သားစားခွက်ထဲကို ဆွမ်း၊ ဆွမ်းဟင်းနဲ့ သစ်သီးစတဲ့ စားဖွယ်သောက်ဖွယ်တွေ စုထည့်ထားရတယ်။ ပြီးရင် စားခွက်ကို ထုပြီး ဘုန်းကြီးပင့်ရတယ်၊ ပင့်ပြီးရင် မမြင်ကွယ်ရာမှာ ပုန်းနေပြီး ဘုန်းကြီးကို ဖူးရတယ်။ 'တောနေဇောတိ' ဘုန်းကြီးဟာ လူရိပ်လူခြေမြင်ရင် ဆွမ်းမစားတော့ဘဲ ပြန်ကြွသွားသတဲ့။ လူရိပ်လူခြေ မမြင်မှ စားသောက်ပြီး လက်ဆေး၊ ရေသောက်ပြီးရင် တုံးကို သုံးချက်ခေါက်ပြီး ပြန်သွားသတဲ့။ ဒီတော့မှ ပုန်းနေတဲ့ ဒကာတွေက ရောက်လာပြီး ဘုန်းကြီး မကုန်တာတွေကို စားလိုရင် စား၊ မစားရင် ကျေးငှက်တိရိစ္ဆာန်တွေ စားရအောင် စုပုံခဲ့တယ်တဲ့။ သစ်သားစားခွက်ကိုတော့ သန့်ရှင်းအောင် ရေနဲ့ ဆေးကြောပြီး မှောက်ထားခဲ့ရတယ်။ ရေအိုးကိုလည်း ရေခွက်ပေါ် မှောက်ထားခဲ့ရတယ်။ မိုးတွင်းမိုးရွာရင် သစ်သားစားခွက်ပေါ်မှာ ရေမစိုအောင် အမိုး မိုးပေးထားကြတယ်။ ဆွမ်းလုံးဝမခံ၊ ဒကာ ဒကာမတွေကလည်း အရဏ်ဆွမ်း၊ နေ့ဆွမ်းလုံလောက်အောင် ပို့လှူကြတယ်။

ရှာနားမှာနေတဲ့ ဇောတိဘုန်းကြီးတွေဟာလည်း ဒကာမတွေ ကျောင်းပေါ်တက်ခွင့် မပြု။ ကျောင်းအောက်မှာပဲနေ။ ယောကျ်ားများထံက ဆွမ်းကို လှယ်ယူထားတယ်။ ဆွမ်းလုံးဝမခံ။ ဥပုသ်သီလယူရင် ယောကျ်ားများက ကျောင်းပေါ်၊ မိန်းမများက ကျောင်းအောက်ကနေ သီလ ယူရတယ်။

သားရှင်ပြုလို့ ကိုရင်လေးများ ရပ်ထဲရွာထဲထွက်ရင် မျက်နှာကို လူမမြင်အောင် ကာထားရတယ်။

မိန်းမများခမျာ ဘုန်းကြီးကို ဖူးချင်ရင် အဝေးကနေ မုဆိုးများ ချောင်းသလို ချောင်းပြီး ဖူးကြရတယ်။ မိန်းမဆိုရင် အတွေ့မခံဘူး။ မယ်တော် (အမေ) ဖြစ်သူက ဖူးချင်လှချည့်ရဲ့ဆိုမှ ကျောင်းပေါ်တက်ခွင့်ပြုတယ်။ ဖူးတဲ့အခါမှာ ဘုန်းကြီးက ကုလားကာတွင်းမှာနေပြီး ခြေထောက်တစ်ဖက် ထုတ်ပြတယ်။ မယ်တော်က တစ်ကိုယ်လုံး ဖူးခွင့်မရဘဲ ခြေထောက်တစ်ဖက်ပဲ ဖူးပြီး ပြန်ရတယ်။

'ဘယ်လိုက ဘယ်လို ဆင်းသက်ပြန့်ပွားလာတဲ့ ဗုဒ္ဓဘာသာမျိုးမှန်း မသိဘူးလို့ ဦးဘိုးသင်းက ရေးသွားတယ် ဦးပဥ္ဇင်းတို့ရဲ့'

ဒါကြောင့် ခု ကျုပ်တို့ လက်ထဲရောက်နေတဲ့ စစ်မှန်တဲ့ ဗုဒ္ဓဘာသာဟာ အင်မတန် တန်ဖိုးရှိတာ ကလား။ ကျုပ်တို့မှာ မီတယ်ဆိုရုံလေးပဲ။ နောက်ဘဝဆိုတာ ဘာမှ မရေရာဘူး။ ခုနက ဘုန်းကြီးမျိုးတွေနဲ့ သွားတွေ့ ဘယ်နှယ့်လုပ်မလဲ။ ဒီဘဝမှာပဲ အပြတ်အသတ် အားခဲပြီး လုပ်ရမယ် ဦးပဥ္ဇင်းတို့ရဲ့'

အခန်း (၂၁)

## သင်္ဘောတစ်စီး၏ ပြဿနာများ

ရပ်ထားသော သင်္ဘောတစ်စီးဟာ ပင်လယ်မှာ သွားနေတဲ့ သင်္ဘောတစ်စီးထက် ပိုပြီး ပြဿနာ များတတ်ပါသည်။ အလုပ်သိပ်မများ၊ အာရုံကလည်း သိပ်မများတော့ တစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံမှု ထိတွေ့မှုတွေက ပိုများလာပြီး ထိပ်တိုက်ကလေးတွေလည်း ရှိလာပါသည်။ အရက်သောက်ချိန်ကလည်း ပိုလာပါသည်။

မြန်မာလူမျိုးများဟာ ဘယ်နေရာ ဘယ်အလုပ်မှာပဲဖြစ်ဖြစ် တစ်သွေးတည်း တစ်သံတည်း၊ တစ်အုပ်စုတည်းအဖြစ် ရှိမနေတတ်ပါ။ အနည်းဆုံး နှစ်စုနှစ်ဖွဲ့လောက်တော့ ကွဲသွားလေ့ရှိပါသည်။ သင်းခွဲတတ်သူများ၊ တစ်ယောက်နှင့် တစ်ယောက် ရန်တိုက်ပေးတတ်သည့် ဉာဉ်ရှိသူများကလည်း နေရာတိုင်းနီးပါး ရှိတတ်သည်။ သံသယလည်း များတတ်လိုက်သည့် လူမျိုးဖြစ်ပြန်၍ နှစ်ခါတိုက်ပေးစရာမလိုဘဲ ကွဲပြဲသွားလေ့ရှိပါသည်။

လျှပ်စစ်အရာရှိ E.O သည် ထွန်းမြင့်ဝင်း သင်္ဘောပေါ် ရောက်လာချိန်မှစ၍ မျက်စိဒေါက်ထောက်၍ အကဲခတ်နေသည်ကို သတိထားမိလာသည်။ ထွန်းမြင့်ဝင်းကလည်း သိပ်တော့မည့်။ E.O အကြောင်း သိပြီးနေလေပြီ။ သူက ကျန်ခဲ့သည့် သင်္ဘောသားထဲမှာ ဘိုလို ပြောတတ်သူတစ်ယောက်တည်း ဖြစ်ခဲ့ပြီး ကျန်သင်္ဘောသားများ သူကြီးနှင့် ပြောစရာရှိလျှင် လည်းကောင်း၊ မြို့ထဲဘက် ထွက်လျှင်လည်းကောင်း ဘာသာပြန်ပေးလေ့ရှိရာ ထိုအတွက်လည်း အခွင့်အရေးယူနေသူဖြစ်၏။ သူစားချင်တာ သူသောက်ချင်တာ နောက်ဆုံးသူ ညောင်းလျှင်တောင် နှိပ်ပေးရသည်ဟု ဆိုကြ၏။

ထို့ကြောင့် သူစိတ်ဝင်စားတာက နောက်ရောက်လာသော ထွန်းမြင့်ဝင်းတို့ အုပ်စုထဲမှာ သူ့လောက်တတ်တာ သို့မဟုတ် သူ့ထက်သာတာ ဘယ်နှယောက်ရှိသနည်း။ မိုလ်လုပ်ချင်သူများ၏ မိုလ်မလုပ်ရမှာ ပူပင်သော 'သောက'။ ထွန်းမြင့်ဝင်းကလည်း ဒါကို ရိပ်စားမိ၍ သူရှိလျှင် လုံးဝမဟ။ နောက်ဆုံး လက်ထောက်စားဖိုမှူးလေးကပင် သူ့ကို သိပ်ပြောတတ်ဆိုတတ်ပုံမရဟုထင်ကာ သူကြီးတို့ စက်ချုပ်တို့လာလျှင် ရှေ့က ဝင်ဝင်ပြောသဖြင့် တိုးတိုးတိတ်တိတ် ဟန့်တားထားရ၏။

တစ်နေ့မှာလည်း သူကြီးက မှာကြားသွားတာကို ထွန်းမြင့်ဝင်း ပြင်ဆင်နေစဉ် ကျော်ကျော် (လက်ထောက်စားဖိုမှူး) က ဆရာတော့ ပြုတ်တော့မယ်၊ လွဲနေပြီဟု တတွတ်တွတ်လာပြောနေ၍ ငေါက်လွှတ်ရ၏။ တကယ်တော့ ထွန်းမြင့်ဝင်းသည် ကန်တော်ကြီးကျောင်းဆင်း ဖြစ်သည့်အပြင် အင်္ဂလိပ်စာနှင့် စကားနှစ်မျိုးလုံး လွယ်လွယ် ကူကူ ပြောနိုင်၊ ရေးနိုင်သူဖြစ်သဖြင့် သူ့အလုပ်နှင့် ပတ်သက်၍ ဘာမျှ ပူပင်စရာမလိုပါ။ အမှန်မှာ ကျော်ကျော်က

သူ့ကို ခင်မင်နေပြီဖြစ်ပြီး သူ့အတွက် စိုးရိမ်ပြီး ပြောနေခြင်းဖြစ်၏။ နေ့ခင်းဘက် နေ့လယ်စာအတွက် သူကြီးက ချီးကျူးပြောဆိုသံ ကြားတော့မှ ကျော်ကျော် ပျော်သွား၏။ နောက်ပိုင်းလည်း ဘာမှ ဝင်အကြံမပေးတော့။

ထွန်းမြင့်ဝင်းကလည်း အကုန်ရသည်။ ဓာတ်ပုံ ရိုက်ပေးရမလား။ ဆံပင် ညှပ်ပေးရမလား။ ကုန်းပေါ် ဈေးသွားဝယ်လျှင်လည်း စိတ်ရှည်လက်ရှည် ဝယ်ပေးသည်။ E.O ကို မသမာသူမှန်း ရိပ်မိ၍ (ပေးကမ်းခြင်းဖြင့် အောင်မြင်ရာ) မမှာသည့် ပစ္စည်းများပင် အပိုလက်ဆောင် ဝယ်လာပေး၏။ (ထုံးစံအတိုင်း သင်္ဘောများ ကမ်းကပ်ထားစဉ်တွင် ကုန်းပေါ်ကို ဒိုင်ခံ ဈေးဝယ်ထွက်ရသူက စားဖိုမှူးဖြစ်၏။)

ထွန်းမြင့်ဝင်းက ကြက်ကို အသားပိုင်းထက် တောင်ပံ၊ လည်ချောင်း၊ ခေါင်းစသည့် အရိုးအသား တွဲလျက်ကိုပိုကြိုက်၏။ ပါကစ္စတန်သူကြီးနှင့် ပါကစ္စတန် စက်ချုပ်အပြင် ရုရှားလူမျိုး စက် ၁ က ကြက်ဆိုလျှင် အသားမှ။ ဒီတော့ သူ့အတွက် ကြက်ရိုးရေတ်သီးချက်ဖြစ်စေ၊ ကြက်ရိုးကာလသားချက်ဖြစ်စေ တစ်အိုးသတ်သတ် ချက်ပြီး သိမ်းထားပြီး ကျန်သင်္ဘောသားများကို အသားကျွေး၏။ သို့သော် ကိုရွှေမြန်မာများ အားလုံးနောက်ပိုင်း၌ သူ့အိုးကိုသာ လာနှိုက်လေ့ရှိ၏။ နောက်ပိုင်း ငါးပိရေကျို စားချင်သည်ဆို၍ ငါးကို အပုပ်ခံပြီး ငါးပိရေကျို ချက်ပေး၏။ ထိုနေ့က သင်္ဘောတစ်စီးလုံးက သင်္ဘောသားအားလုံး အနံ့ဆိုးကြီး ရသည်ဆိုကာ ရှာကြဖွေကြကုန်၏။ ထွန်းမြင့်ဝင်း အဝှက်မြန်၍ မဟုတ်လျှင် ပြုတ်မှာ သေချာသည်။

နောက်တစ်ကြိမ်က မွတ်စလင်သူကြီးနှင့် စက်ချုပ် မသိအောင် ဝက်သားခိုးဝယ်ပြီး ချက်ကျွေးရသေးသည်။ ဒါလည်း သိရင် မပြုတ်တောင် ပြဿနာ ကြုံဖန်ရှာနိုင်သေးသည်။

တစ်ယောက်တစ်ပေါက် ဈေးထူကြသည့်အထဲမှာ အားလုံး အဆင်ပြေကျေနပ်အောင် လုပ်ပေးနေရ၏။ သင်္ဘောက ကမ်းမှာ ကပ်ထားပြီး အားလပ်ချိန်ရနေတော့ အရက်သောက်ကြ၊ ရန်ဖြစ်ကြနှင့် ဖြစ်လျှင်လည်း မီးဖိုခန်းထဲမှာ များ၏။ ထွန်းမြင့်ဝင်းက ဘယ်တော့မှ မဆွဲ သူကြီးကိုဖြစ်ဖြစ် စက်ချုပ်ကိုဖြစ်ဖြစ် ဖုန်းလှမ်းဆက်လိုက်ပြီး ကိုယ်က ရှောင်နေလိုက်၏။

သင်္ဘော အအေးခန်းထဲမှာ ခဲထားသော သီးပေါင်တွေလည်း အများအပြားရှိ၏။ ပါကစ္စတန်တွေက ကြိုက်ပေမယ့် မြန်မာများက ညှီတော့ သိပ်မကြိုက်ချင်ကြ။ ဒါပေမဲ့ စားနိုင်သေးသည်။ သို့သော် မစားနိုင်သူ မြန်မာတစ်ယောက်ပါ၏။ သူက စက် ၃။ နှစ်အိုး ခွဲချက်ပေးရမလို ဖြစ်လာရာ သင်္ဘောတစ်စီးလုံး အားလုံး လူ ၂၀ စာလောက် နိုင်ငံစုံ သင်္ဘောသားတွေ စားနိုင်အောင် ခံတွင်းတွေ့အောင် ကြိုးစားရသည်မှာမလွယ်။ တော်တော်လက်ဝင်၏။ ဒီကြားထဲမှာ စက် ၃ က သူ့အတွက် သီးသန့်ချက် မပေး၍ဟုဆိုကာ ထွန်းမြင့်ဝင်း အပေါ် မကြည်မလင် ဖြစ်လာ၏။ ထွန်းမြင့်ဝင်းက မကျေနပ်လျှင် သူကြီး သွားပြောဟုသာ ပြောနိုင်၏။ သူကြီးကို သူသွား ပြောတော့ သူကြီးက ဒါသင်္ဘော၊ ကိုယ့် အမေအိမ်မှာလို စားချင်၍ မရနိုင်ဟု ခပ်ပြတ်ပြတ် ပြောလွှတ်၏။ စက် ၃ ကလည်း အရင်ကတည်းက

ထွန်းမြင့်ဝင်း အင်္ဂလိပ်စကားပြောနိုင်ပြီး သူမပြောနိုင်တာကို အမြင်မကြည်ခဲ့။ စက် ၃ ကို ထောင်ပေး မြှောက်ပေးသူက E.O ဖြစ်လာ၏။

သိပ်မကြာခင် လပတ် အစည်းအဝေးလုပ်ရာမှာ ထွန်းမြင့်ဝင်း သူကြီးကို ထ ရှင်းလင်းရာမှ E.O က သူ့ထက်သာပါပြီဟု စိတ်ဆင်းရဲနေရှာ၏။ ဒီလိုနှင့် တစ်ညမှာ မီးဖိုဆောင်ကို သန့်ရှင်းရေးလုပ်အပြီး စက်များ ပိတ်သိမ်းနေ၏။ ထိုစဉ် ရှရား စက် ၁ က မီးဖိုဆောင်ထဲမှာ ဖြတ်သွားရင်း သူ့ကို နှုတ်ဆက်၏။ သိမ်းပြီလားဟု ယဉ်ကျေးစွာ မေးရာမှာ သူ့ရှေ့မှာပင် oven မီးဖိုကြီးများကို မိန်းချပြီး ပိတ်လိုက်၏။

စားဖိုမှူးအလုပ်က တွေးကြည့်လျှင် အိပ်ပျော်ရန်ပင် အကြောင်းမရှိပါ။ ကိုယ်တစ်ယောက်တည်း မဟုတ်ဘဲ အများနှင့် နေသည်ဖြစ်၍ မကြာမကြာ သတိထား စစ်ဆေးရ၏။ ညအိပ်ရာ မဝင်မီ ထွန်းမြင့်ဝင်းက မီးဖိုဆောင် (ညဘက် တံခါးဖွင့်ပေးထားရ၏။ ကော်ဖီသောက်ချင်သူများဝင်၍ ကိုယ့်ဘာသာ ဖျော်သောက်နိုင်၏။) ကို ဆင်းစစ်၏။ ဤမှာပင် ထိတ်လန့်စရာ မြင်ကွင်းကို သူမြင်လိုက်ရ၏။ oven က မီးဖွင့်လျက်သား ဖြစ်နေပြီး မီးခိုးများ အူထွက်နေ၏။ မိန်းပိတ်လိုက်ပြီးနောက် မီးဖိုတံခါး ဖွင့်ကြည့်ရာ ဆိတ်ပေါင်မှာ မီးကျွမ်းပြီး ကင်ပြီးသားဖြစ်နေသည်။ ဆိတ်ပေါင် ရောက်နေပုံက နောက်နေ့ ချက်လျှင် အေးခဲမနေစေရန် ညဘက် နွေးလျက်ရှိနေသည့် oven ထဲ ထည့်ပိတ်ထားခဲ့ခြင်း ဖြစ်သည်။ မနက်ကျလျှင် ချက်ရန် အဆင်သင့် ဖြစ်နေဖို့ သူ၏ နေ့စဉ် ပြင်ဆင်မှုဖြစ်၏။

တစ်စုံတစ်ယောက် သို့မဟုတ် တပ်ဖွဲ့ဖွဲ့က oven ဖွင့်ခဲ့ပြီး တမင် လုပ်ကြံခြင်းဖြစ်ကြောင်း 'ထွန်းမြင့်ဝင်း' ဒက်ကနဲ သိလိုက်၏။ သို့ဖြင့် စက် ၁ ရှရားအခန်းကို ဖုန်းလှမ်းဆက် ခေါ်လိုက်ပြီး စောစောပိုင်းက မီးများ သူ့ရှေ့မှာပိတ်ပြီး စားဖိုဆောင် သိမ်းဆည်းနေတာကို သက်သေလုပ်ပေးပါဟု ပြောရာ သူက လုပ်ပေးရန် သဘောတူပြီး ကတိပေး၏။

ထွန်းမြင့်ဝင်းက နာမည်မထည့်ဘဲ 'သူကြီး' ထံ စာဖြင့် တိုင်လိုက်၏။ သူကြီးက duty book မှာ ကြည့်ပြီး ညဘက်လည်ပြီး ပြန်လာသူ စာရင်းကို စစ်ဆေးကြည့်ရာမှာ E.O ၊ စက် ၃ နှင့် အခြားသင်္ဘောသား တစ်ယောက် နာမည်တွေ့၏။ သို့သော် မည်သူ တစ်ဦးတစ်ယောက်မျှ ဝန်မခံကြပေ။ သို့နှင့် တိုင်စာကလည်း တရားဝင် တက်ထားပြီ ဆိုတော့ မလေးရှား အခြေစိုက် ကုမ္ပဏီရုံးမှာလည်း Fax ဝင်သွားပြီဖြစ်ရာ သူကြီးက အရေးပေါ် အစည်းအဝေးကို အမြန်ခေါ်ပေးရတော့၏။

သူကြီးက ရှည်ရှည်ဝေးဝေး ပြောနေပေမယ့် ရွှေမြန်မာများ တုတ်တုတ်မလှုပ် သူကြီးက မေးသည်။ 'ဒီကိစ္စက အပြင်လူတစ်ယောက်က လာပြီးလုပ်သွားဖို့ရာ မဖြစ်နိုင်ဘူး။ ဒီသင်္ဘောသား အုပ်စုထဲကလွဲလို့ မဖြစ်နိုင်။ စားဖိုမှူးသာ မသိလိုက်ရင် သင်္ဘောတစ်စီးလုံး မီးလောင်သွားမှာ သေချာတယ်။ လူတွေအားလုံးရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ပျက်စီးစေမယ့် လုပ်ရပ်ဖြစ်တယ်။ စားဖိုမှူးကို မုန်းတာနဲ့ တစ်ခြားလူတွေကိုပါ ပျက်စီးရာ ပျက်စီးကြောင်း

လုပ်ရပ်က ဦးနှောက်မရှိတဲ့ လုပ်ရပ်ဖြစ်တယ်။ လုပ်တဲ့သူတွေဟာ လုံးဝ ဝန်မခံဘူး။ ဒါဟာ မိန်းမဆန်ပြီး ယောက်ျားမပီသတဲ့ လုပ်ရပ်ပဲ။ သိပ်ရှက်စရာကောင်းတယ်။ ရှုတ်ချတယ်'

E.O ကတော့ မျက်နှာကြီးပျက်ပြီး တောင်ပေးမြောက်ပေး လုပ်နေသည်။ အစည်းအဝေး ပြီးသွားတော့ တော်တော်တော့ ငြိမ်သွားသည်။ ဒါတောင် စားဖိုဆောင်ထဲက မီးလိုင်းကို မကြာခဏ ပြတ်ပြတ်ကျအောင် လုပ်ထားသည်။ ဒီတော့ 'ထွန်းမြင့်ဝင်း' က သင်္ဘောအားဂျင့်မှတစ်ဆင့် နယ်သာလန် နိုင်ငံသား လျှပ်စစ်အင်ဂျင်နီယာတစ်ယောက်ကို ခေါ်ယူပြီး မီးပြတ်မကျအောင် ပြန်တပ်ထားပြီး သော့ပါခတ်ထားရ၏။ လူတစ်ယောက်၏ မနာလိုမှုသည် အလွန်ပင် ကြောက်စရာကောင်းလှ၏။ ဘာကိုမှ မမြင်တော့။ သမိုင်းမှာ မနာလိုစိတ်ကို ကြီးစင်တက်ရသည်အထိ သယ်ဆောင်သွားသူများပင် ရှိခဲ့၏။ ထွန်းမြင့်ဝင်း ဘက်ကမူ မေတ္တာမပျက်ခဲ့။ ပို၍ ဂရုစိုက်လေ သူ့ဘက်မှ အနေကျုံ့လေဖြစ်ရ၏။

နောက်ထပ် နှစ်လအကြာတွင် ပါကစ္စတန်သူကြီးက ဘင်္ဂလားဒေ့ရှ် သူကြီးနှင့် တာဝန်ချိန်း၏။ တာဝန်မချိန်းမီတွင် ပါကစ္စတန်သူကြီးက ကုမ္ပဏီကို အစီရင်ခံပြီး E.O ကို ဖြုတ်သွားရာ။ ပါကစ္စတန်သူကြီး ဆင်းသွားပြီး နှစ်ပတ်အကြာတွင် E.O လည်း ဆင်းသွားရတော့၏။ E.O မရှိသည်နှင့် သင်္ဘောသားအားလုံး စည်းစည်းလုံးလုံးဖြစ်ကာ ပုံမှန်အတိုင်း ပျော်ရွှင်နေကြ၏။

တစ်နေ့မှာတော့ သင်္ဘောတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေရာ မေးကြည့်တော့ အမ်စတာဒမ်ဆိပ်ကမ်း အာဏာပိုင်များက သင်္ဘောကြွခိုင်မှုများကို စစ်ဆေးကျနပ် သွားသဖြင့် မကြာမီကမ်းမှ ထွက်ခွာခွင့်ပေးပြီဟု သိရ၏။

❖

အခန်း (၂၂)

## နှုတ်ဆက်ခဲ့ပြီ အမ်စတာဒမ်

အမ်စတာဒမ် ညနေချမ်းလေးက အိပ်မက်ထဲ ရောက်နေသလို ခံစားရ၏။ 'ထွန်းမြင့်ဝင်း' နှင့် အပေါင်းအသင်းများ ပြဇာတ်တွေထဲက ပန်းချီကားနှင့်တူသော အိမ်တန်းများကြားတွင် အာလူး ချောင်းကြော်ထုပ်ကလေးများ လက်ကကိုင်ရင်း လျှောက်နေကြ၏။ ရာသီဥတုကလည်း အသည်း ခိုက်အောင် အေးလှ၏။ သို့သော် လူတွေက မပြတ်စည်ကားလို့နေသည်။ အထည်ဆိုင်၊ ဖိနပ်ဆိုင်၊ ဆေးလိပ်ဆိုင်၊ ကော်ဖီဆိုင်၊ ဆိုင်တန်းတွေက သပ်ရပ်သန့်ရှင်းလှသည်။ လူတွေ၏ မျက်နှာကြည့်တော့လည်း ချမ်းမြေ့ပျော်ရွှင်နေကြသည့်ပုံ။ ထူးဆန်းသည့်မြို့။ ဆေးခြောက်ကို သတ်မှတ်ထားသော ဂရမ်အလေးချိန်ထက် မများလျှင် တရားဝင် လက်ဝယ်ကိုင်ဆောင်နိုင်သောမြို့ ဖြစ်သည်။ ဆေးစွဲသူများကိုလည်း လိုင်စင် ထုတ်ပေးထားသည်။ စာရင်းသွင်းထားသော လိုင်စင်ရ ဆေးသမားများကို အစိုးရက ဆေးထောက်ပံ့ရ၏။ ပြည့်တန်ဆာတွေလည်း လိုင်စင်နှင့်ဖြစ်ပြီး မှန်ခန်းလေးတွေထဲမှာ အပြင်ကမြင်အောင် ပြင်ပြင်ဆင်ဆင်လုပ်၍ ထိုင်မျှော်နေကြသည်။

Sex Shop တွေလည်း အမြောက်အမြား။ သို့သော် လူတွေက ယဉ်ကျေးသိမ်မွေ့ပြီး ဖော်ရွေကြသည်။ လွတ်လပ်သည်။ ပျော်ရွှင်သည်။ သို့သော် သူတစ်ပါးကိုတော့ အနှောင့်အယှက် မဖြစ်စေရ။

လမ်းမပေါ်မှာ သန့်သန့်ပြန့်ပြန့်နှင့် တစ်ကိုယ်တော် ဂီတဝါသနာရှင်များ ဟိုတစ်ယောက် သည်တစ်ယောက် လက်စွမ်းပြနေကြသည်။ ရှေ့မှာတော့ ဦးထုပ်ကလေးကို လှန်ထားပြီး အထဲမှာ ငွေစတွေနှင့်။ သူတောင်းစားတော့ လုံးဝမဟုတ်ပါ။ သူတို့က အနုပညာကြေး၊ တစ်နည်းအားဖြင့် သန့်ရှင်းသောငွေဟု သတ်မှတ်ထားသည်။ အားပေးသူ ပရိသတ်တွေလည်း ရှိနေသည်။ လေးလေးစားစား ငြိမ်သက် ချီးကျူးလျက်။

တစ်နေရာမှာတော့ Bunny ခေါ် ယုန်မလေးများ ဘီယာဆိုင်ကို တွေ့ရသည်။ မှန်အကြည်များသာ ကာရံထား၍ အတွင်းမှ မြင်ကွင်းကို အပြင်ဘက်မှ မြင်နေရသည်။ ယုန်မလေးများက ဘီယာနှင့် အရက်ကို စားပွဲထိုးပေးနေကြသည်မှာ အောက်ပိုင်းတွင် ယုန်မြီးလေးပါသော အတွင်းခံသာ ဝတ်ထားပြီး အပေါ်ပိုင်း ဘာမှမပါ၊ ဗလာကျင်းထားသည်။ နောက်ပြီး ဆယ်ကျော် သက်တွေချည်း။ တက္ကသိုလ် ကျောင်းသူတွေလည်း မြိုးမြိုးမြက်မြက် ရလို့ ဝင်လုပ်ကြသည်ဆို၏။

ဘီယာဖိုး မတတ်နိုင်သူ ကာလသားများကလည်း လမ်းပေါ်မှနေ၍ ဆိုင်အတွင်းဘက်ကို လှမ်းငေးနေကြသည်။

ကမ္ဘာ့အလှဆုံးမြို့များတွင် အမ်စတာဒမ်ပါ၏။ ပင်လယ်ကမ်းခြေမြို့ ပင်လယ်ရေမျက်နှာပြင်အောက်။ မြို့တွင်းမှာ တူးမြောင်းများ ကွေ့ကောက်ဖြတ်သွားနေပြီး မော်တော်ဘုတ်များ စီး၍ လည်ပတ် ကြည့်ရှုနိုင်၏။

ပွဲလမ်းသဘင်တွေကလည်း မကြာမဏ လုပ်ပေးတတ်၏။ အခုလည်း နယ်သာလန်ဘုရင်မကြီး မွေးနေ့ဖြစ်၍ သူတို့နိုင်ငံ၏ အရောင်ဖြစ်သည့် လိမ္မော်ရောင်က တစ်နိုင်ငံလုံး လွှမ်းခြုံနေသည်။ ဦးထုပ်တွေ၊ နေကာတွေ၊ ပုဖောင်းတွေ၊ အရုပ်တွေ၊ လိုဂိုတွေ၊ စတစ်ကာတွေ အားလုံး လိမ္မော်ရောင်တွေ ပျံ့နှံ့နေသည်။ မိသားစုလိုက် ပြုံးလိုက်ကြ၊ ရယ်လိုက်ကြ၊ စတိတ်ရှိုးတွေ ကြည့်လိုက်ကြ တစ်မြို့လုံး ဆူညံနေသည်။ သို့သော် စည်းကမ်းရှိကြသည်။ ရန်ဖြစ်ခြင်း သိပ် မရှိကြ။ အမှိုက်သရိုက်တွေပင် အောက်မချကြ။ အိမ်များကိုလည်း လွန်ခဲ့သည့် နှစ်တစ်ရာကျော်က အတိုင်း ထိန်းသိမ်းထား၏။ များသောအားဖြင့် အုတ်ညှပ်ဆောက်ထားပြီး သစ်သားပိုင်းဆိုင်ရာကို အစောင်းအတည့်များက ဆန်ခါကွက် ဖော်ထား၏။

လမ်းမများထက် လမ်းကြားလမ်းသွယ်များတွင် မာဘယ်ကျောက်တုံးများခင်းထား၏။ ပြောင်ချောပြီး သန့်ရှင်းသပ်ရပ်နေ၏။ လူတွေက တစ်ညလုံးနီးပါး ပျော်ကြသည်။ တချို့ကလည်း မုန့်တွေ အခမဲ့ဝေ၍ အလှူအတန်း လုပ်နေကြသည်။

နယ်သာလန်ဆိုတာက ကမ္ဘာက သူတို့ကို ခေါ်ဝေါ်သည့်နာမည်ဖြစ်၏။ သူတို့ကိုယ်သူတို့တော့ ဒတ်ချ်ဟုခေါ်သည်။ ဟုတ်ပါသည်။ ရှေးကတည်းက မြန်မာနိုင်ငံကို အရင်ဆုံးရောက်သူများတွင် ဒတ်ချ်များ ပါဝင်ခဲ့သည်။ ပင်လယ်ပျော်သည့် ပင်လယ်ကူး သင်္ဘောများ ကနဦး တည်ဆောက်ခဲ့ သူများဖြစ်သည်။ ရွက်သင်္ဘောမှသည် နောက်ပိုင်းတွင် ကျောက်မီးသွေးသုံး မီးသင်္ဘောများ၊ နောက်ပိုင်းတွင် စက်သင်္ဘောများ စောစောကတည်းက တီထွင်နိုင်ခဲ့သူများဖြစ်သည်။ ကမ္ဘာနှင့် ဆက်ဆံမှုများခဲ့သည့်အတွက် နိုင်ငံခြားသားများနှင့် ပြေပြစ်အောင် ပေါင်းနိုင်၏။ ဥရောပ တိုက်သားများတွင်တော့ မျက်နှာအချိုဆုံး လူများဟု ဆိုနိုင်သည်။

သူတို့ ဆိပ်ကမ်းရှိ သင်္ဘောကျင်းကြီးတွေမှာလည်း ရေမသင်္ဘောကျင်းကြီးတွေ တည်ဆောက်ထားပြီး ရေမစက်ကိရိယာကြီးတွေ တပ်ဆင်ထားသည်မှာ မြင်ရသည့် လူသားများအနေဖြင့် စိတ်အားငယ်စရာပင် ကောင်းလှသည်။ ရေမဆည်ကြီးတွေ တည်ဆောက်ရာမှာလည်း ကမ္ဘာ့ နံပါတ်တစ်ပါပဲ။

'ထွန်းမြင့်ဝင်း' က သူ့အဖော်နှစ်ယောက်ကို ဘတ်စကားပေါ်တင်ပေးပြီး ပြန်လှည့်လိုက်သည်။ ထို့နောက် ရခိုင်ကလေး မိုးကျော်ဖုန့်နှင့် ချိန်းထားသော Money Exchange ရှေ့မှာ သွားစောင့် နေလိုက်သည်။ မကြာခင် ပြုံးပြုံးရယ်ရယ်နှင့် မိုးကျော်ဖုံ ပေါက်ချလာသည်။ မိုးကျော်ဖုံက နယ်သာလန်နိုင်ငံသား လျှောက်ထားသူဖြစ်ပြီး ယခု green card ကိုင်ထားသူဖြစ်၏။ မြန်မာ စကားပင် မေ့သလောက်ဖြစ်နေပြီး ခက်ခက်ခဲခဲ ပြောနေရရှာ၏။ သူနှင့် ထွန်းမြင့်ဝင်းက ငွေလဲရန် Money Exchange ၌ တန်းစီနေစဉ် 'အစ်ကို ဗမာလား' ဟု မေးလာရာမှ ခင်သွားခြင်းဖြစ်သည်။ ထွန်းမြင့်ဝင်းက သူ့သင်္ဘောမှာ ဆိပ်ကမ်းအာဏာပိုင်

တွေက maintainance လုပ်ဖို့ ဆုံးဖြတ်ထားသဖြင့် ကမ်းကပ်ထားရကြောင်း ပြောပြ၏။ 'မိုးကျော်ဖံ' က သူ့ဖုန်းနံပါတ်ပေးလိုက်ပြီး အများသုံး ဖုန်းတွေမှာ code သွင်းပြီး ပြောရသည့် ဖုန်းကတ်တစ်ခု ဝယ်ပြီး လက်ဆောင် ပေးလိုက်၏။ သို့ဖြင့် ဆိပ်ကမ်းမှ ထွန်းမြင့်ဝင်း ထွက်လာလျှင် ဂိတ်ဝက ဖုန်းဖြင့်ဆက်လိုက်ရာ မိုးကျော်ဖံလည်း ရောက်လာပြီး အတူ ကော်ဖီဆိုင်မှာ ထိုင်ပြီး စကားစမြည် ပြောကြသည်။ ထွန်းမြင့်ဝင်းက (ထိုစဉ်က နယ်သာလန်မှာ ယူရိုမသုံးသေး) နယ်သာလန်ပိုက်ဆံလို၍ ဒေါ်လာနှင့် လဲရန်ဖြစ်သည်။ မိုးကျော်ဖံက ဒေါ်လာလိုချင်၍ လာလဲသူဖြစ်ရာ သူတို့နှစ်ယောက် ပေါက်ဈေးအတိုင်း သဘောတူ လဲလိုက်ကြပြီး ကော်ဖီလည်းထိုင်သောက်၊ စကားလည်းပြောကြ။ မိုးကျော်ဖံက မြန်မာလို ပြောရ၍ ပျော်နေသည်။

မိုးကျော်ဖံက အခုမှ မြန်မာစကား ပြန်သင်နေရသလို ဖြစ်နေသည်။ 'နွား' ဆိုတာကိုပင် သူ မေ့နေပြီ။ ဒီအကောင် ဒီအကောင်ဆိုပြီး လက်ညှိုးနှစ်ချောင်းနှင့် ချိုထောင်ပြနေသည်။ ထွန်းမြင့်ဝင်းက သူ ဒီသင်္ဘောဖြင့် ဆက်မလိုက်ချင်တော့ကြောင်း နယ်သာလန်မှာ နိုင်ငံသား လျှောက်လို့ရနိုင်မလားမေးတော့။ မိုးကျော်ဖံက အားပေးသည်။ သူပြောပြတာ သူ့ဘဝက အလွန် ဆင်းရဲခဲ့သည်။ အလုပ်တစ်ခု ဝင်လုပ်ရင်း သူ့ဌေးက စီစဉ်ပေးလိုက်၍ နယ်သာလန်ကို ရောက်လာခြင်းဖြစ်ကြောင်း ပြောပြသည်။ နယ်သာလန်မှမဟုတ် ဥရောပ နိုင်ငံတွေ အားလုံးမှာက ထင်သလောက်တော့ အလုပ်ရဖို့ မလွယ်လှ။ သိပ်တော့လည်း မခက်။ သူတို့ဆီမှာက ပြတင်းမှန်တွေ သန့်ရှင်းရေးလုပ်တာကအစ၊ ဘယ်အလုပ်မဆို certificate (သင်တန်းဆင်းလက်မှတ်) လိုသည်ဆို၏။ လူတစ်ယောက်ဖြစ်သည် ဆိုရုံနှင့် အလုပ်ရှိရှိ မရှိရှိ ထောက်ပံ့ကြေးပေး၏။ ကျန်းမာရေးကအစ တာဝန်ယူ၏။ မြန်မာပြည်ကို ငွေပြန်ပို့ချင်ရင်တော့ အလုပ်လုပ်မှ ပို့နိုင်မည်ဆို၏။

မိုးကျော်ဖံနှင့်တိုင်ပင်တော့ နယ်သာလန်မှာက ရဲကမိသွားလျှင် သင်္ဘောပေါ် ပြန်တင်ပေးမှာ စိုးရသည်။ ၎င်းအစားဥရောပမှာ အချမ်းသာဆုံးနှင့် လူမှုစောင့်ရှောက်ရေး အမြင့်ဆုံးဖြစ်သည့် ဂျာမနီသို့ သွားရောက်ရန် လိပ်စာပေးသည်။ ကူညီမည့်သူများ၏ ဖုန်းနံပါတ်များပေးသည်။

အခက်အခဲတစ်ခုရှိသည်။ ထွန်းမြင့်ဝင်းတို့၏ ပတ်စပို့များကို ထုံးစံအတိုင်း မီးခံ သေတ္တာထဲတွင် သော့ခတ်သိမ်းဆည်းထားပြီး သော့ကလည်း သူကြီးထံမှာဖြစ်သည်။ ထွန်းမြင့်ဝင်း ဂျာမနီကို သွားမည်ဆိုလျှင် ပတ်စပို့မပါဘဲ ဒီတိုင်းသွားရမည်ဖြစ်၏။ မည်သည့် စာရွက် စာတမ်းမှမပါဘဲ သူများနိုင်ငံတွေထဲ လျှောက်သွားရသည်မှာ ဘယ်သူမဆို စိတ်ထဲမှာ လုံမည်မဟုတ်။ မသင်္ကာလျှင် အချိန်မရွေး စစ်ဆေးနိုင်၏။ ပတ်စပို့မပါဘူးဆိုလျှင် ခက်ခက် ခဲခဲရှင်းပေတော့။ အကြမ်းဖက်မှုများနှင့် ဆက်စပ်ပြီး မသင်္ကာစရာဖြစ်နေလျှင် နှစ်ရှည်လများ ထောင်ထဲရောက်သွားနိုင်သည်။

သူတို့နှစ်ယောက် အမ်စတာဒမ်ဘူတာရုံကြီးထဲ ဝင်ပြီး လက်မှတ်ရောင်းသည့် အခန်း ကျယ်ထဲ ဝင်လိုက်သည်။ မိုးကျော်ဖံက သတိပေးသည်။

'အစ်ကိုပုံစံက နဲနဲ ကျွတ်တဲ့ပုံစံဖြစ်နေတယ်၊ ဒါ ဥရောပပါအစ်ကို၊ ကျိုကျိုရှိရှိကြီး မနေပါနဲ့' ပြောပြောဆိုဆို ထွန်းမြင့်ဝင်း၏ ပခုံးကို လက်နှင့်နောက်သို့ တွန်းလိုက်ပြီး 'ဒီလို ခေါင်းမော့ ရင်ကော့ပြီး သွားပါ အစ်ကို'

ထွန်းမြင့်ဝင်းက မိုးကျော်ဖံပြောသလို ရင်ကော့ပြီး ဝင်လိုက်၏။ သို့သော် အထဲတွင် ရဲတွေ လည်း ရှိသည်။ CCTV တွေလည်း အများအပြား တပ်ဆင်ထားရာ နည်းနည်းတော့ တွန့်ဆုတ် မိသည်။ သူက အရောင်းကောင်တာသို့ သွားလိုက်ပြီး အင်္ဂလိပ်စကားဖြင့် မေးလိုက်သည်။

'ဂျာမနီကိုလုံးမြို့ကို လက်မှတ် ရောင်းပေးပါသလား ခင်ဗျာ'

'ဟုတ်ကဲ့ ရောင်းပေးပါတယ်ရှင်'

'ပတ်စပို့မပါဘဲလည်း ရောင်းပေးပါသလား ခင်ဗျာ'

'ပတ်စပို့မပါရင်တော့ ရောင်းမပေးပါဘူးရှင်'

ဒီလိုနှင့် တပ်ခေါက်ပြီး စိတ်ဓာတ်ကျလျက် ပြန်လာရ၏။ မိုးကျော်ဖံကတော့ အားပေး သည်။ 'ဒီဘူတာ တစ်ခုတည်း ရောင်းတာ မဟုတ်ဘူး၊ အစ်ကို။ ဘူတာတိုင်း ရောင်းတာ' 'နောက်တစ်ခါ ကျရင် တခြားဘူတာ သွားဝယ်မယ်'

ထွန်းမြင့်ဝင်းက တစ်ခုခုကို သတိရသွားဟန်ဖြင့် စဉ်းစားရင်းပြောသည်။

'နေဦးကွ၊ မိုးကျော်ဖံရ၊ ငါမေးတာ မှားလို့နဲ့တူတယ်' ဒီတစ်ကြိမ်မှာတော့ မိုးကျော်ဖံက နားမရှင်း၊ 'အစ်ကို ဘာမှားလို့လဲ'

'ငါက ပတ်စပို့မပါဘဲ ရောင်းပေးလား မေးမိတာကွ၊ နိမိတ်ပြ မေးခွန်းကြီး ဖြစ်နေတယ်၊ မနက်ဖြန်ကျရင် ဘာမှမပြောဘဲ၊ 'ကိုလုံးမြို့ကို လက်မှတ်တစ်စောင်ပေးပါ' လို့ပဲ ပြောကြည့်မယ်။

နောက်နေ့တွင် ထွန်းမြင့်ဝင်း အမ်စတာဒမ် ဘူတာကြီးတွင်း၌ ရထားလက်မှတ် အရောင်းဌာနထဲသို့ ခပ်တည်တည် ဝင်ချသွားရင်း တန်းစီလိုက်၍ ကိုယ့်အလှည့်ရောက်သော အခါ ပုံမှန် လေသံဖြင့် 'ကိုလုံးကို လက်မှတ်တစ်စောင် ဘယ်လောက်ကျလဲ' မေး၏။

အရောင်းစာရေးမက ပြန်မေးသည်။ 'ဘယ် Class က ယူမှာလဲ' တဲ့။

'first class ပထမတန်းကပေးပါ'

'၃၂၀ ကျပါတယ်' ဒီလိုနှင့် လွယ်လွယ်ကူကူ လက်မှတ်တစ်စောင် ရသွား၏။

E.O မရှိတော့သည့်အတွက် မြန်မာသင်္ဘောသားများလည်း ညီညွတ်နေပြီဖြစ်၏။ ပထမသူ ဆင်းသွားမည်ကို လျှို့ဝှက်ထားရန် စိတ်ကူးသော်လည်း မပြောဘဲသွားလျှင် သူတို့ကို မယုံကြည်ရာ ရောက်မှာစိုး၍ ဖြစ်ချင်ရာဖြစ် အားလုံးကို အသိပေးလိုက်၏။ သူဂျာမနီဘက် ကူးမည့်နေ့က နောက်နှစ်ရက်တွင် သင်္ဘောထွက်မည့်ရက်ဖြစ်၏။ သူကြီးတော့ ဦးနှောက်ခြောက် သွားမည်။ immigration က လာစစ်လျှင် သင်္ဘောသားတစ်ယောက် ပျောက်ဆုံးနေကြောင်း အကြောင်းကြားပြီး ၎င်းသင်္ဘောသား၏ ပတ်စပို့ကို ဆိပ်ကမ်းအာဏာပိုင်ဆီမှာ အပ်နှံထားခဲ့

ရမည် ဖြစ်သည်။ သင်္ဘောကတော့ due date အရ ထွက်ရမည်ပဲ။ မထင်မှတ်ဘဲ မြန်မာ သင်္ဘောသားအားလုံး သူ့ကိုဝိုင်း၍ ကူညီကြသည်။ သူက အဝတ်နှစ်စုံလောက်သာ ကျောပိုးအိတ်ထဲထည့်၍ ဘတ်စကားဂိတ်နားက ချုံတစ်ချုံ ထဲထားခဲ့၏။ ကျန် သူ့ပစ္စည်းများ အားလုံးကိုတော့ ဝေပေးလိုက်သည်။

ထွက်မည့်ရက်မှာ လက်ထောက်စားဖိုမှူး ကျော်ကျော်က မျက်ရည်စမ်းစမ်းဖြင့် လိုက်ပို့သည်။ သူကလည်း ကျော်ကျော်အလုပ်အဆင်ပြေရန် နှစ်ပတ်စာလောက် ကြိုတင် ပြင်ဆင်မှုတွေ လုပ်ပေးခဲ့၏။ ဆင်းမည့်ရက်မှာ ထုံးစံအတိုင်း ပုံမပျက် ထွက်လာခဲ့ရာ မသိသူများက မြို့ထဲက ပစ္စည်းများပင် မှာလိုက်သေး၏။ ထွန်းမြင့်ဝင်းက မိုးကျော်ဖံနှင့် ဘူတာကြီးရှေ့မှာပင် ဆုံလိုက်ပြီး ရထားချိန်လိုသေးသဖြင့် ကော်ဖီထိုင်သောက်ကြ၏။

ရထားပလက်ဖောင်းမှာ ထိုးလာသောအခါ 'မိုးကျော်ဖံ' က ရထားပေါ်အထိ လိုက်ပို့ ပေးသည်။ ကိုလုံးမှာ လာကြိုမည့် ကူညီမည့်သူများ တွေ့ဆုံရမည့်နေရာကို ထပ်ပြောပြသည်။ ဖုန်းနံပါတ်တွေ ပါမပါ သေချာအောင် ပြန်စစ်ကြည့်ခိုင်းသည်။ ပြီးမှ ဘေးခုံမှ အမေရိကန် အမျိုးသမီးကို ဘယ်မှာဆင်းမှာလဲ မေးကြည့်ရာ သူလည်း 'ကိုလုံး' မှာ ဆင်းမည့်သူ ဖြစ်နေသည်။

မိုးကျော်ဖံက ရထားစထွက်သည်ထိ လက်ပြနှုတ်ဆက်ရင်း ကျန်ခဲ့သည်။ လက်ထောက် စားဖိုမှူးကျော်ကျော်က ဘူတာထိလိုက်ပို့ခြင်းမရှိ။ နောက်ပိုင်း စားဖိုဆောင်နှင့် ပတ်သက်၍ ဘယ်သူမှမရှိ ဖြစ်မည်စိုး၍ ဘတ်စကားဂိတ်အထိ လိုက်ပို့ပြီး ပြန်သွားခြင်းဖြစ်သည်။ တစ်နာရီ ကီလို ၈၀ နှုန်းအထက် မောင်းသော်လည်း ငြိမ်သက်နေသည့် သစ်လွင် တောက်ပြောင်နေသော ရထားပေါ်မှာ ခုတော့ သူတစ်ယောက်တည်း ကျန်ရစ်လေပြီ။ သရဏဂုံတည်၊ မေတ္တာပို့ပြီး ပရိတ်ရွတ်လျက် လိုက်ပါလာ၏။ လက်မှတ်စစ်က ရှိရှိသေသေ လာစစ်သည်။ နောက်တစ်ကြိမ် လာစစ်မိတော့ ချက်ချင်းမှတ်မိပြီး တောင်းပန်သွားသေးသည်။ သည်လိုနှင့် မည်သည့် အစစ်ဆေးမှ မရှိဘဲ သုံးနာရီခွဲလောက်မောင်းပြီးသော် ကိုလုံးဘူတာကြီးကို ဆိုက်၏။ ကိုလုံးကို ရထားဆိုက်တော့ အတန်ငယ် မှောင်နေလေပြီ။

ခရီးသည် အများစု ထွက်ခွာရာ ထွက်ပေါက်မှ လိုက်ထွက်လိုက်သည်။ အကြံပေးချက် များအရ ဘူတာထဲမှာ ကြာကြာမနေနှင့် ဆို၍ အမြန်လိုက်ထွက်လိုက်ရာ အလွန်မြင့်မား ခံ့ ညားသော ဘုရားရှိခိုးကျောင်းကြီးကို တွေ့လိုက်ရ၏။ ဘုရားရှိခိုးကျောင်း၏ ရှေ့ပန်းခြံ ထဲမှာတော့ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း မြန်မာတစ်ယောက် ထိုင်နေသည်။ သူက ဖြည်းဖြည်း ချဉ်းကပ်သွားပြီး နှုတ်ဆက်လိုက်သည်။

'ကျွန်တော် ထွန်းမြင့်ဝင်းပါ ခင်ဗျာ'

'ကျွန်တော် မောင်မောင်ကျော်ပါ' တစ်ဖက်မှ ထ ရပ်ရင်း ပြုံးပြီး နှုတ်ဆက်လိုက်၏။ 'ချောချောမောမောပဲ မဟုတ်လား' အိမ်ကို သွားကြမယ်လေ၊ အေးအေးဆေးဆေး နားပြီးမှ အစီအစဉ်ဆွဲကြတာပေါ့။' ကိုမောင်မောင်ကျော်၏ စကားများကြောင့် ထွန်းမြင့်ဝင်း အတွက် စိတ်ချဝမ်းသာ ဖြစ်သွားရင်း နောက်မှ တစ်ဖဝါးမခွာ လိုက်ပါသွားတော့၏။

## အခန်း (၂၃)

# အမေရိကန်နိုင်ငံ

တကယ်ဆိုရင် ဦးသုန်၏ မျက်နှာက နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံး ကောင်း၍ ကြည့်လင် ချောမွေ့လှ၏။ အသားဖြူပြီး ဦးပြည့်ခေါင်းတုံး ရိတ်ကာစဖြစ်၍ ဦးခေါင်းကလည်း စိမ်းဖန့်ဖန့် ဝမ်းတွင်းမြို့နယ် လေးမျက်နှာရွာမှာ မွေးဖွားခဲ့သည်ဆိုလျှင် မယုံနိုင်စရာပင်။ မြို့ပေါ်မွေးပြီး မြို့ပေါ် ကြီးပြင်းလာသူတစ်ယောက်ဟု ထင်ရ၏။ သို့သော် တစ်ခုထူးခြားသည်က ငယ်စဉ်က မိဘများက အလုပ်ကြမ်းမခိုင်းဘဲ မူလတန်းကျောင်းကို ပို့လွှတ်ပြီး မူလတန်းအောင်သည်နှင့် ဘုန်းတော်ကြီးကျောင်းသို့ပို့ကာ စာဝါအလိုက်ခိုင်းရာမှာ အိမ်ပြန်ခေါ်၍ မရတော့ဘဲ အသက် ၂၀ မှာ ရဟန်းတက်ခဲ့၏။ ဆရာဘုန်းကြီးကလည်း စာတော်သူ ဦးသုန်ကို ဦးစားပေးခဲ့၏။

ဘုန်းတော်ကြီးနှင့် ရပ်မိရပ်ဖများ မိဘများက စုပေါင်းထောက်ပံ့ပြီး ဦးသုန်ကို မဟာဂန္ဓာရုံ ကျောင်းတိုက်သို့ ပို့ခဲ့ကြ၏။

မဟာဂန္ဓာရုံမှာ ကိုယ်ကိုယ်တိုင် ဝတ္ထုငွေ မကိုင်ရဘဲ ဖိုးသူတော်လေးများနှင့် စာရင်းအပ်ထားရသော မြန်မာနိုင်ငံမှာ စည်းကမ်းအကြီးဆုံး ကျောင်းတစ်ကျောင်းဖြစ်ပြီး နိုင်ငံခြားသားများပင် စာသင်ရဟန်းတို့၏ နေထိုင်ပုံ၊ စားသောက်ပုံ၊ တရားမှတ်ပုံနှင့် စာဝါလိုက်ပုံများကို တအံ့တဩ လာရောက်ကြည့်ရှု လေ့လာရသော မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးဖြစ်၏။ ပထမဆရာတော်ကြီးကား မရှိတော့လေပြီ။ သို့သော် ဆရာတော်ကြီး အဆက်ဆက် ဖွဲ့နှပဲ့နှင့် သာသနာ့အတွက် ထားရှိခဲ့သော မေတ္တာ စေတနာများအပြင် ဆရာတော်၏ သီလဂုဏ် သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကား ယခုထိတိုင် ထင်ဟပ်နေခဲ့သော မဟာဂန္ဓာရုံဖြစ်၏။

ပထမ မဟာဂန္ဓာရုံ ဆရာတော်ကြီးချမှတ်ခဲ့သော လမ်းစဉ်ကိုလည်း နောက် ဆရာတော်များက စောင့်ထိန်းခဲ့ကြ၏။

အရင် ကျောင်းသားဟောင်းများ၏ ဆက်နွယ်မှု သို့မဟုတ် ကျောင်းနှင့် မစိမ်းလွန်းဘဲ ဆိုဆုံးမရလွယ်သူများကိုသာ မဟာဂန္ဓာရုံကျောင်းတိုက်က လက်ခံ၏။

အသုံးအဆောင်များ၊ ဝိနည်းအရ မအပ်စပ်သော၊ ကိုယ်တိုင်ဝယ် ပစ္စည်းများသည် သုံးစွဲတိုင်း အာပတ်သင့်သောကြောင့် ခွင့်မပြု။ အာမခံသောပုဂ္ဂိုလ် သို့မဟုတ် ကျောင်းအပ်သော ပုဂ္ဂိုလ်က ကျောင်းသားသစ်အား ဆွမ်းခံမှအစ ကုဋီ (အိမ်သာ) တက်ပုံ အထိ အစစအရာရာ သင်ပြပေးရန် တာဝန်ယူရပါသည်။ ကျောင်းသားသစ်၏ ကျန်းမာရေးကိုလည်း လာရောက်အပ်နှံသူက တာဝန်ယူရသည်။

စာချပြီးလျှင် ဆွမ်းခံရပါသည်။ နောက်ပိုင်းတွင် နံနက်ဆွမ်းကို ယာဂုပျစ်ပျစ် ဘုဉ်းပေးပြီးလျှင် ဆွမ်းခံပြန်လာ၍ ရေချိုးပြီးက ဆာသောအချိန်ကျမှ ဆွမ်းစားသည့်နည်း သုံးပါသည်။ တစ်ပါးချင်းစီတန်း၍ ကျောင်းဟင်းနှစ်ခွက်နှင့် ဘုဉ်းပေးရန် ဖြစ်၍ ကျောင်းမှ လက်ဖက်ရည် ကပ်ပါသည်။

မှတ်မိပါသေးသည်။ စာသင်သားအဖြစ် မဟာဂန္ဓာရုံကျောင်းကို ရောက်စက ခရီးဆောင် သေတ္တာဖွင့်ကြည့်လိုက်တော့ ဘယ်အချိန်က ထည့်လိုက်သည်မသိ ခမည်းတော် မယ်တော်တို့ ထည့်ပေးလိုက်သော ငွေစက္ကူအထပ်လိုက်ကို တွေ့ရသည်။ မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ စာအုပ်တွင် ဖတ်ဖူးသည်မှာ 'သေတ္တာထဲ ထည့်လိုက်သည့် အချိန်မှစ၍ ထိုငွေသည် အဆိပ်ပမာ လောင်ပါတော့သည်၊ ထိုငွေဖြင့် ဆွမ်းဝယ်စားလျှင် အဆိပ်ခတ်၍ သတ်ရာ မရောက်ပါလော၊ ထိုမျှလောက် အပြစ်များ၍ပင် ငွေအလှူခံမှုကို အကြောင်းပြု၍ ဒုတိယသံဂါယနာ တင်ရသည်အထိ ရှေးရှေးက ရဟန္တာများ ကြောင့်ကြများတော်မူခဲ့ကြရ ပါသည်' ဟူ၍ ဖြစ်၏။ ထိုစဉ်က သေတ္တာထဲ သူမသိဘဲ ထည့်ပေးလိုက်သော ငွေများကို သက်ဆိုင်ရာ အုပ်ချုပ်သည့် ကိုယ်တော်မှတစ်ဆင့် ဖိုးသူတော် (ကျောင်းတိုက်တွင် ဖိုးသူတော်လေးများက ငွေကိုင်ခြင်း၊ စာရင်းပြုစုခြင်း လုပ်ပေးကြရ၏) လေးထံ ချက်ချင်း အပ်နှံခဲ့ရ၏။

မဟာဂန္ဓာရုံရောက်မှ ပုဂ္ဂိုလ်လေးမျိုးအကြောင်းလည်း သိရ၏။ (၁) ပေးသာ ပေးကောင်း၍ မတောင်းကောင်းသော ပုဂ္ဂိုလ် (၂) တောင်းသာတောင်းကောင်း၍ မပေးကောင်းသော ပုဂ္ဂိုလ် (၃) ပေးလည်းပေးကောင်း၊ တောင်းလည်း တောင်းကောင်းသော ပုဂ္ဂိုလ် (၄) ပေးလည်းမပေးကောင်း၊ တောင်းလည်း မတောင်းကောင်းသောပုဂ္ဂိုလ် စုစုပေါင်း လေးမျိုးဟူ၏။

(၁) ရဟန်းများမှ ထမင်း၊ ဆေး စသည်တို့ကို ပေးသာပေးကောင်း၍ သူတို့ထံမှ မတောင်းကောင်းသူများမှာ– ဖုန်းတောင်းယာစကာ၊ ရှင်လောင်း၊ အခိုင်းအစေ၊ ကျောင်းသား၊ ဉ္စေ့သည်၊ ခားပြ၊ သူပုန်နှင့် အစိုးရတို့ဖြစ်၏။

(၂) တောင်းသာတောင်းကောင်း၍ မပေးကောင်းသော သူတို့ကား ဆွေမျိုးများနှင့် အလိုရှိရာ အလှူခံပါဟု ဖိတ်ကြားထားသူများဖြစ်၏။ (မှတ်ချက်) ဆွေမျိုး မကျန်းမာလျှင် မိမိရှိသော ဆေးကို ပေးကောင်းသည်။

(၃) ပေးလည်းပေးကောင်း၍ တောင်းလည်း တောင်းကောင်းသူများမှာ ရဟန်း သာမဏေ အချင်းချင်းနှင့် မိဘနှစ်ပါးတို့ဖြစ်၏။

(၄) ပေးလည်းမပေးကောင်း၊ တောင်းလည်း မတောင်းကောင်းသူများမှာ ဉ္စေ့သည် ဒကာ၊ ဒကာမနှင့် သူခိုး၊ ခားပြ၊ သူပုန်အပြင် အစိုးရတို့ဖြစ်၏။ ပစ္စည်းလိုပါက ဆွမ်းရပ် သကဲ့သို့ ဒကာအိမ်အနီးသို့ သွားရပ်ရ၏။ ဘာအလိုရှိပါသလဲ မေးမှသာ အလိုရှိရာကို ပြောနိုင်ပြီး မတတ်နိုင်သေးပါဆိုလျှင် ထပ်၍ တရားစကား မပြောရပါ။ အိမ်ပေါ်တက်၍

လည်းကောင်း၊ ကျောင်းကိုလာလျှင် လည်းကောင်း အလှူခံပါက ဝိနည်းတော်နှင့်အညီ လှူသောပစ္စည်းလည်း ရဟန်းသာမဏေ အားလုံး မသုံးစွဲအပ်တော့။

ကျောင်းတိုက်မှ စာချကိုယ်တော်များမေးမှ မိမိသက်နိုးသည် ကိုယ်တိုင်ဝယ်ယူထားသော သက်နိုးဖြစ်နေ၍ ကိုယ်တော် အာပတ်သင့်မည်ဟု သတိပေးကြပါသည်။

မဟာဂန္ဓာရုံ ကျောင်းတိုက်၌ စာသင်ခွင့်ရရန်မှာ သိပ်တော့ မလွယ်ကူလှပါ။ ယခုလည်း တဲစုရွာမှ မဟာဂန္ဓာရုံကျောင်းထွက် ဆရာတော်တစ်ပါးက အာမခံပြီး ကျောင်းလိုက်၍ အပ်နှံပေးရ၏။ ဝတ်ကျေတမ်းကျေမဟုတ်ဘဲ မိမိအပ်နှံသူကို ဝိနည်းနှင့်အညီ အစစအရာရာ အပ်စပ်အောင် ဆောင်ရွက်ပေးရ၏။ ကိုယ်တိုင် ဝယ်လာသော သက်နိုးကို အစွန့်ခိုင်းပြီး ဖိုးသူတော် ကပ္ပိယနှင့်ခိုင်း၍ ဝိနည်းညီသော သက်နိုးရအောင် ဆောင်ရွက်ပေးရ၏။ အာမခံသူက စာသင်သားအသစ်ကို သက်နိုးအရောင်ရင့်အောင် ဆေးဆိုးပေးရသည်။ သက်နိုးဝတ်ရုံပုံ၊ စားပုံ၊ ကိုယ့်ထက်ကြီးသူကို ရိုသေလေးစားရပုံ၊ စကားပြောပုံ၊ ဆွမ်းခံသွားပုံ၊ စာအံပုံနှင့် နောက်ဆုံး ကုဋီတက်ပုံကိုပါ တာဝန်ယူ သင်ပြပေးရ၏။

ခရီးသွားဖို့ကြုံလျှင် သက်နိုးရုံဖို့ သပိတ်ဆောင်ဖို့အပြင် ငွေမကိုင်ဖို့ သတိပေးကြရသည်။ ပွဲကြည့်လျှင်၊ ငွေကိုင်လျှင် ကျောင်းမှ ထုတ်ပယ်ခံရမည်ဖြစ်သည်။ မိမိပတ်ဝန်းကျင်နှင့် ကျောင်းတိုက် သန့်ရှင်းရေးကို ဝတ်မပျက်ရပါ။

ညနေ ၆ နာရီလောက်မှာ ဘုရားဝတ်တက်ကြရသည်။ ပြီးလျှင် စာပြန်ခြင်း၊ ညစာဝါချခြင်း လုပ်ကာ ရှစ်နာရီခွဲတွင် တုံးခေါက်ပြီး စာအံတိတ်ကြရ၏။ မကျိန်းစက်မီ နာရီဝက်ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်း၊ မေတ္တာပွားခြင်း၊ ဗုဒ္ဓါနုဿတိ ပွားခြင်း စသည့် တရားအလုပ်လုပ်ကြရသည်။ ၉ နာရီမှာ တုံးခေါက်၍ အညောင်းအညာဖြေကာ ကျိန်းစက်ရတော့၏။ နံနက်စောစော တုံးခေါက်လျှင် အိပ်ယာထ မျက်နှာသစ်ပြီး မအိပ်မီအတိုင်း တရားရှုမှတ်ပွားများရ၏။

အရုဏ်တက်လျှင် နံနက်ဆွမ်းစားကြပြီး အတန်းငယ်များ သန့်ရှင်းရေးလုပ်စဉ် အတန်းကြီးများ စာချပါသည်။

စာချပြီးချိန်နှင့် (နေ့ဆွမ်းအတွက်) ဆွမ်းခံချိန်ကို ချိန်ကိုက်ထားပါသည်။ ဆွမ်းခံပြန်လာသော် စာချကိုယ်တော်များ စာချရ၏။ နှစ်ကြိမ်လောက် စာချပြီးသော် နေ့ဆွမ်းစားချိန်နှင့် အံကိုက်ဖြစ်တော့၏။

နိုင်ငံခြားသား ဧည့်သည်များလည်း မပြတ်ကြ။ ထောင်ဂဏန်းနီးပါးသော သံဃာများ ဆွမ်းဘုဉ်းပေးနေစဉ် အသံတစ်ချက်မှ မကြားရဘဲ အမှတ်သတိဖြင့် ဣန္ဒြေကြီးမားသောကြောင့် ရုပ်တုကလေးတွေ အစီအရီ ချထားသလားပင် ထင်မှတ်ရသည်ဟု နိုင်ငံခြားသားများ ချီးကျူးကြသည်။ ဓာတ်ပုံတွေလည်း တဖျပ်ဖျပ် ရိုက်ကြသည်။

မိမိတို့ ခံဆွမ်းအပြင် ကျောင်းမှ ပဲပြုတ်၊ ချဉ်ပေါင်ဟင်းများလည်း ကပ်လှူကြသေး၏။ ဆွမ်းကို သာမဏေကြီးများချက်၍ ဟင်းကိုကား သီလရှင်များ ချက်ကြ၏။ နေ့ဆွမ်းအပြီးတွင်လည်း သာမဏေများ ကျွေးပေးသော လက်ဖက်ရည် ဘူဉ်းပေးကြရ၏။ အမွှေးဆပ်ပြာခဲများကို မသုံးဘဲ ကာဘော်လစ် ဆပ်ပြာမျိုးကိုသာ သုံးစွဲကြရ၏။

အာမခံပေးမည့် ဆရာတော်က ဘယ်လိုပင် ကြို၍ သတိပေးထားသော်လည်း ရောက်ကာစမှာတော့ အကျဉ်းထောင်ထဲ အရှင်လတ်လတ် ရောက်သွားသလို စိတ်ကျဉ်းကျပ်လှ၏။ သို့သော် သုံးလလောက်မှာ အသားကျသွားပြီး ပြုံးနိုင်ရယ်နိုင်လာ၏။

မဟာဂန္ဓာရုံ တိုက်ထွက်ဖြစ်သွားပြန်တော့လည်း ဘယ်နေရာသွားသွား လေးစားကြပါသည်။ သို့သော် အချိန်ကြာလာပြန်တော့လည်း စည်းကမ်းနှင့် ဝေးကွာလာသောအခါ မီးနှင့်ဝေးသည့် ချိပ်ပမာ တဖြည်းဖြည်း စည်းကမ်းလျော့ရဲလာသည်မှာ သဘာဝ ဖြစ်ပါသည်။ အမေရိကန်နိုင်ငံလို နိုင်ငံရပ်ခြား ရောက်လာပြန်တော့ ယဉ်ကျေးမှု ကွာခြားမှုကြောင့် မလွှဲမရှောင်သာသည့် ကိစ္စရပ်တွေ ရှိလာပြန်သည်။

ဥပမာ–ကပ္ပိယဟူ၍လည်း သတ်သတ်မှတ်မှတ် မရှိပြန်တော့ ဝတ္ထုငွေ မကိုင်သော်လည်း ဘဏ်စာရင်းဖွင့်ပြီး ဘဏ်ကတ်ကိုင်ထားသောကြောင့် ဝိနည်းနှင့်တော့ လွတ်လွတ်ကျွတ်ကျွတ် ဖြစ်မည်ဟု သူ မယူဆမိပါ။ ၁၀ နှစ်နီးပါး အတိုင်းအတာတွင် နဝကမ္မ အလှူငွေများက ဘဏ်မှာ ဒေါ်လာသုံးသိန်းလောက် စာရင်းရှိနေပြီဖြစ်၏။ လက်ကိုင်ဖုန်း၊ လပ်တော့ပ်၊ တက်ဘလက်၊ အိုင်ပက်၊ ဒကာတွေ လှူတော့လည်း သုံးစွဲမိခဲ့ပါသည်။ စိတ်သာ အဓိက ပဲလေဟု ဖြေသိမ့်ရင်း ယခုထိတိုင် စည်းကမ်းထိန်းသိမ်းပြီး ရှုတင်ဆောင်နေကြသော ကျောက်ဆင်တောရမှ သံဃာတော်များကို မြင်ယောင် အားကျမိပါသည်။ ရှေ့တစ်ပတ်လောက်ကြာလျှင် မြန်မာနိုင်ငံကို ပြန်ကြွရန် စီစဉ်ထားသည်။ တစ်ချိန်ချိန်မှာ အပြီးအပိုင်ပြန်ကြွပြီး ရှုတင်ပြန်ဆောင်မည်။ သာသနာအတွက် အာဇာနည်ဘာသာသွေး တစ်ယောက်ဖြစ်ရန် ကြိုးစားမည်ဟု ဆုံးဖြတ်ထားပါသည်။

အခန်း (၂၄)

## အဓိပ္ပါယ်မြေသို့

ဦးသုန်က တက္ကစီပေါ်မှ ဆင်းလိုက်ပြီး ကားနောက်ခန်းထဲမှ ဘီးတပ် အဝတ်အစား သေတ္တာကို ထုတ်ယူလိုက်၏။ လက်ကိုင်ကို ထုတ်လိုက်ပြီး ဆွဲသွားရင်း Terminal ထဲ ဝင်လိုက်၏။ ရွေ့လျားလှေကား၊ စက်လှေကားများကို ဖြတ်သန်းရင်း ခမ်းနားလှသော လေဆိပ်ကြီးကို ငေးငိုက်ကြည့်လိုက်၏။ အရင်တစ်ချိန်က ကမ္ဘာ့ အခမ်းနားဆုံးလေဆိပ် ၁၀ ခု စာရင်းဝင်မည် ဖြစ်သော်လည်း သူ့ထက်ငါ နိုင်ငံတွေ အပြိုင်အဆိုင် ကြိုးစား တည်ဆောက်လာမှုကြောင့် ၂၀၁၂ ရွေးချယ်မှုတွင် ဆန်ဖရန်စစ္စကို လေဆိပ်သည် အဆင့် ၄၀ ထိရောက်သွား၏။

သို့သော် တစ်နှစ် ခရီးသည် အများဆုံးမှာတော့ ဒုတိယအဆင့် နိုင်ငံတွေစာရင်းမှာ ပါဝင်၏။ တစ်နှစ်လျှင် ခရီးသည် သန်းပေါင်း ၄၀ နှင့် ၅၀ ကြား အသုံးပြုပြီးသွားလာခဲ့၏။ ခရီးသည်တွေကလည်း ပျားပန်းခတ်မျှ အခမဲ့ ပို့ဆောင်ပေးနေသလား ထင်ရ၏။

သူသွားရမည့် Boarding area က G ဖြစ်ပြီး ဂိတ်ပေါက် G 90 ဖြစ်ကြောင်း online check in ဝင်ခဲ့၍ သိပြီးဖြစ်၏။ အထုပ်အပိုးများ ချိန်တွယ်ပြီးလျှင် သူဝင်ရမည့် ဂိတ်ပေါက်နှင့် မလှမ်းမကမ်း G 94 နားတွင်ရှိသော 'Aviator News & Books' စာအုပ်ဆိုင်ဝင်ပြီး မဂ္ဂဇင်းတစ်စောင် ဝယ်လိုက်၏။ အမေရိကန်နိုင်ငံမှာ သာသနာပြုမည်ဆိုလျှင် အင်္ဂလိပ်စာကိုလည်း လေ့လာရန် လိုအပ်သလို နိုင်ငံရေးကိုလည်း မျက်ခြေပြတ်၍ မဖြစ်။

ခရီးသည် စောင့်ဆိုင်းရမည့် နေရာလွတ်တစ်ခုတွင် ဝင်ထိုင်ရင်း မြန်မာနိုင်ငံကို ရောက်လျှင် သူဆောင်ရွက်မည့် လုပ်ငန်းများကို စိတ်ကူးကြည့်မိ၏။ ပထမကျောက်ဆင် တောရကျောင်းမှာ ယောဂီဆောင် တစ်ထပ်တိုက် ဆောက်လုပ်လှူဒါန်းရင်း တစ်ခြား သံဃာတစ်ပါးပါး သီတင်းသုံးချင်သုံး၊ ဒါမှမဟုတ် တစ်နေ့မြန်မာနိုင်ငံကို အပြီး ပြန်လာပါက သူကိုယ်တိုင် သီတင်းသုံးချင်သုံးမည် စိတ်ကူးသည်။

နောက်ပြီး ရွာက သူ့ကျောင်းမှာ သီတင်းသုံးမည့် သံဃာမရှိ၍ ဖြစ်နိုင်လျှင် ကြာရှည် နေနိုင်မည့် သံဃာတစ်ပါးပါး စုံစမ်းရန်နှင့် ကျောင်းထဲတွင် ဓမ္မာရုံအသစ် ဆောက်ရန်တို့ ဖြစ်သည်။

ရွာကိုရောက်တော့ သူ့တပည့် ဒကာ၊ ဒကာမများ ပျော်ရွှင်နေကြသည်။ ဦးသုန်က တရားဟောကောင်းသဖြင့် အမေရိကန်နိုင်ငံမှာ ဒကာပေါ်များသလို ရွာမှာလည်း သူ တရားဟောမည်ဆိုလျှင် အမြဲစည်းကားလေ့ရှိသည်။ ရိုးသားပြီးသိလရှိသည့် မျက်နှာ

အမူအရာနှင့် အသွင်အပြင်တို့ကြောင့် ရောက်လေရာရာ မျက်နှာပွင့်ပြီး လှူမည့်တန်းမည့် သူ ပေါ်များ၏။

ငယ်စဉ်ကျောင်းနေဖက် သူငယ်ချင်းဖြစ်ခဲ့သူ ကျော်တင့်အကြောင်းကို မေးကြည့်တော့ စိတ်မကောင်းစရာ သတင်းကြားရ၏။ အရက် အလွန်အကျွံသောက်သည့် ဒဏ်မခံနိုင်၍ သူ့မိန်းမက ကလေးနှစ်ယောက်ခေါ်ပြီး မိဘအိမ် ပြန်သွားပြီးဖြစ်ပြီး ကျော်တင့်ကတော့ သေကောင်ပေါင်းလဲ ပြုစုမယ့်သူ မရှိဘဲ သေမယ့်ရက် စောင့်နေရသလို ကြားရ၏။

နောက်တစ်ရက် သွားကြည့်တော့ ကြားရသည့် သတင်းက မှန်နေသည်။ ကျော်တင့်ခမျာ လူရုပ်ပင်မပေါ်တော့။ သဘောကောင်းသည့် ဦးသုန်က ကားတစ်စီး အငှားနိုင်းပြီး မန္တလေးမှ ပုဂ္ဂလိက ဆေးရုံတစ်ခု ကိုကိုယ်တိုင် လိုက်ပို့၏။ ငွေအထုပ်လိုက် ပါလာလို့သာ တော်သေးသည်။ ပုဂ္ဂလိက ဆေးရုံဆိုတော့ ငွေစက္ကူတွေက ၁၀ ရက်အတွင်း လေ၏ လျှင်မြန်ခြင်းမျိုးဖြင့် ကုန်ခန်းသွား၏။ လူနာကတော့ စိတ်ကျေနပ်လောက်ဖွယ် ထူထူ ထောင်ထောင် ဖြစ်လာ၏။ တည်ငြိမ်အေးချမ်းသည့် မေတ္တာရှင် ဦးသုန်၏ မျက်နှာမြင်ရတော့လည်း ဘဝမှာ အားတက်လာ၏။ တရားဓမ္မကိုပါ သူနားလည်အောင် ဟောပြပေးနေတော့ ကျော်တင့် စိတ်ဓာတ်ခွန်အားပါ ဖြစ်လာ၏။

ဦးသုန်က – နေကောင်းလာလျှင် ဒုလ္လဘ ဘုန်းကြီးဝတ်ပေးမည်၊ ပျော်သလောက် ဝတ်ကြည့်ပါ။ သူ့ကျောင်းကိုလည်း စောင့်ရှောက်ထားပေးပါဆိုတော့ ကျော်တင့် မငြင်းမိတော့။

ဆေးရုံမှ ဆင်းပြီးနောက် တစ်ရက်မှာပင် ဦးသုန်နှင့် ပင့်သံဃာလေးပါး စုစုပေါင်း ငါးပါးဖြင့် အကုန်အကျခံကာ ကျော်တင့်ကို ရဟန်းဝတ်ပေးလိုက်၏။ အရက်သမား ကျော်တင့်အဖြစ်မှ သံဃာတော် ဦးကုသလဖြစ်သွား၏။ ရွာမှ ရပ်မိရပ်ဖများကလည်း ယခင် အရက်သမားဆိုတာကို မေ့ပစ်လိုက်ကြပြီး ရိုရိုသေသေ ဆက်ဆံကာ ဝမ်းမြောက် ဝမ်းသာ ပူဇော်ကြ၏။

ဦးသုန်က နေနည်းထိုင်နည်း၊ သီလဆောက်တည်နည်း၊ ဝတ်ရွတ်ပုံ၊ အာပတ်ဖြေပုံ တို့ကို အတိုချုံး သင်ပေး၏။

နောက်ထပ် တရားဟောနည်း၊ ဖတ်ရန် စာအုပ်များဖြင့် ရက်တို သင်တန်းပေးရာ ဓမ္မာရုံကြီးမပြီးမီပင် ဦးပဥ္စင်းဦးကုသလသည် မသိလျှင် ငယ်ဖြူရဟန်းတစ်ပါးဟုပင် ထင်ရလောက်အောင် တိုးတက်လာ၏။ ဦးသုန်ကတော့ ဒီကြားထဲ ကျောက်ဆင်တော်ရ ပြေးပြီး အဆောက်အအုံ ဆောက်နေသော ပန်းရန်လက်သမားများကို ပြေးကြည့်လိုက် ရွာကျောင်းမှာ ဓမ္မာရုံဆောက်တာ ပြန်ကြည့်လိုက် လုပ်နေရ၏။

ဦးကုသလ ပုံမှန်ဖြစ်သွားသည့် သတင်းကြားတော့ လူဝတ်တုန်းက ဇနီးမယားဖြစ်သူ မလုံးက ကလေးနှစ်ယောက်နှင့် ပြန်ရောက်လာပြန်၏။ ဦးသုန်က မလုံးတို့ သားအမိတစ်တွေ စားရေးသောက်ရေးအတွက် တခြားဘုန်းကြီးကျောင်းမှာ ဝေယျာဝစ္စ လုပ်စေပြီး စီစဉ်ပေး

ရပြန်၏။ ကျောင်းကို လိုက်မလာဖို့လည်း အတန်တန်မှာရပြန်၏။ သို့သော် သတင်းက မြန်သဖြင့် ဦးကုသလက ကြားနှင့်ပြီးဖြစ်ကာ ထွက်ရကောင်းနိုး ဆက်နေရကောင်းနိုး ချီတုံချတုံဖြစ်နေ၏။ တစ်ဖက်မှာလည်း ဘုန်းကြီးဝတ်ရတာ အပူငြိမ်းသည့်အပြင် စားဝတ်နေရေး အတွက်လည်း ဘာမှ စဉ်းစားပူပင်နေစရာမလို၍ ပျော်နေ၏။ သို့သော် ဦးသုန်နှင့် ရွာသူ ရွာသားများ၏ ပါးနပ်မှုကြောင့် ဦးကုသလတစ်ယောက် ဘုန်းကြီးဘဝမှာ ပျော်နေလေတော့၏။ ဦးသုန်ကလည်း သူ့ အမေရိကား ပြန်ကြွလျှင် ကျောင်းစောင့်ရ၍ ဝမ်းသာနေ၏။ ဦးကုသလအတွက် အရေးပေါ်လျှင်သုံးရန် မိတ္တီလာဘဏ်မှာ ငွေစာရင်းဖွင့်ထားပြီး ပိုက်ဆံထုတ်နည်းပါ သင်ပေးထား၏။

တရားဟောနည်း၊ သီလပေးနည်းကို သင်ပေးရင်း လက်တွေ့ပါ အလုပ်နိုင်းရာ ပထမ မရဲတရဲ အထစ်ထစ် အငေါ့ငေါ့ဖြစ်သော်လည်း နောက်ပိုင်း သိပ်အရုပ်မဆိုးတော့ဘဲ တည်ငြိမ်လာ၏။ မွှာရုံလည်း အချောကိုင်နေပြီဖြစ်ပြီး ကျောက်ဆင်တောရမှ ကျောင်းဆောင်မှာလည်း ပြီးသလောက် ဖြစ်နေလေပြီ။ သို့သော် ကျောက်ဆင်ဆရာတော် (ဦးကော) ထံမှ မှတ်ချက်ကြားရတော့ စိတ်မကောင်းဖြစ်ရသည်။

ဆရာတော် ဦးကောကား ငယ်ဖြူ ကျောက်ဆင်ဆရာတော် (ပခုက္ကူ ဆရာတော်) ၏ တပည့်အရင်းအချာဖြစ်ပြီး ဆရာတော်ကြီး၏ မူကို အတိအကျ လိုက်နာကျင့်သုံးသူဖြစ်၏။ ထူးချွန်သူဖြစ်ပြီး အပင်ပန်းလည်း ခံနိုင်၏။ ဝိနည်းနှင့် သီလလည်း တစ်စွန်းတစ်စမှ အပွန်းမခံခဲ့ရာ ဆရာတော် ဦးကောလက်ထက်တွင် စည်ကားတိုးတက်လာ၏။ ဦးသုန်ကြားရသော သတင်းက ဝတ္ထုငွေကို ကိုယ်တိုင်သုံးတိုင်း အာပတ်သင့်မည်ဖြစ်၍ ဦးသုန်ကျောင်းအား မည်သူ့ကိုမှ အသုံးပြုခွင့် ပေးမည်မဟုတ်သည့်အကြောင်း ဖြစ်၏။ နောက်ထပ်အလားတူ ကျောင်း တစ်ကျောင်းလည်း ရှိခဲ့ဖူး၏။

ဦးကောဝိဒက ကိုယ်တိုင်လည်း ဆွမ်းခံဝတ်မပျက်။ ဆောင်းတွင်း အေးသောကြောင့် ဦးပြည့်ခေါင်းတုံးပေါ်မှာ တဘက်ကလေးတင်ထားသည်ကိုပင် သံဃာများအား ခွင့်မပြုခဲ့။ သက်န်းရုံတာ အရှည်အတိုကအစ ခါးပန်းသီး၊ ကြယ်သီး၊ သပိတ်အားလုံး အသေအချာ စစ်ဆေးလေ့ရှိသည်။ သူ့အမြဲ ရင်းပြသည်က လူတွေကြည်ညိုတာ ရုပ်ကောင်ကြီးကို ကြည်ညိုတာ မဟုတ်။ ဝိနည်းသီလကို ကြည်ညိုကြခြင်းဖြစ်သည်။ ဝိနည်း ပျက်လျှင် ပျက်သလောက် အကြည်ညိုလည်း ပျက်လာကြမည်မှာ သေချာသည်။ တောင်းတာချင်း အတူတူ သူတောင်းစားကို အကြွင်းအကျန်ပေး၍ သံဃာကျတော့ ဦးဦးဖျားဖျားကို ရှိရိုသေသေ ဘာကြောင့် လှူဒါန်းကြသနည်း။

ဘာပဲဖြစ်ဖြစ် ဦးသုန်တစ်ယောက် ဇီဇာရက်မစေ့မီ မွှာရုံရစေက်ချနိုင်ပြီး ရွာကျောင်းမှာ အစောင့်သံဃာတစ်ပါးလည်း ထားခဲ့နိုင်ပြီဖြစ်၍ စိတ်အေးရပြီဖြစ်၏။

❖

## အခန်း (၂၅)

## ကျောက်ဆင်တောရ

ဦးသုန် မြန်မာနိုင်ငံရောက်စက တစ်ပတ်လောက် ရန်ကုန် (ပုပ္ပားကျောင်း) မှာ တည်းခိုရင်း ရွှေတိဂုံဘုရားမှစ၍ ဘုရားစုံလိုက်ဖူးပြီးနောက် ရန်ကုန်၊ မန္တလေး Express ကားစီးခဲ့၏။ မိုင်တိုင် ၃၀၈ မိုင် ၇ ဖာလုံမှာ ဆင်းလိုက်ပြီး ဆိုင်ကယ်ကယ်ရီဖြင့် ကျောက်ဆင်တောရကို အရင်ဝင်ရောက်ရင်း ကျောက်ဆင် ရွှေတိဂုံဘုရားကို ဝင်ဖူးဖြစ်ခဲ့၏။ ဆရာတော်ကြီး နှစ်ပါး (တောင်ပုလုနှင့် ပခုက္ကူ) ရုပ်တုများကိုလည်း ဦးခိုက်ကန်တော့၏။ ပခုက္ကူ ဆရာတော်ကြီး၏ ရုပ်တုကို ကန်တော့ခိုက်မှာ ဆရာတော်ကြီး၏ မေတ္တာကရုဏာ ကြီးမားပုံ၊ ဆရာတော်ကြီးနှင့် အတူလိုက်ပါ၍ အမေရိကန်နိုင်ငံသို့ ပထမဆုံးခရီးစဉ်အဖြစ် ကြွခဲ့ရပုံ၊ ဆရာတော်ကြီး ပြန်အကြွမှာ ပုန်းခိုပြီး ပြန်မလိုက်ဘဲ နေရစ်ခဲ့ပုံ၊ ဆရာတော်ကြီးကလည်း သူ့အပေါ် စိတ်ဆိုးခြင်း မရှိဘဲ နောက်အခေါက်တွေမှာလည်း ဆိုဆုံးမခဲ့ပုံများကို သတိရပြီး မျက်ရည်ဝဲရ၏။

ဆရာတော်ကြီး အသည်းအသန်ဖြစ်ပြီး ဆေးရုံတက်ရသည့် နောက်ဆုံးအချိန်ကိုလည်း သတိရမိ၏။ ထိုစဉ်က ကတိုက်ကရိုက် ဗီဇာလျှောက်၊ လေယာဉ်လက်မှတ်ဝယ်ပြီး ဆရာတော်ကြီးထံ အမြန်ရောက်အောင် ကြွလာခဲ့၏။ တစ်ပတ်လောက်တော့ နောက်ဆုံး အချိန်မှာ အနီးကပ်ပြုစုလိုက်ရပါသည်။

ပုဂ္ဂလိက ဆေးရုံတစ်ခုမှာဖြစ်သည်။ သူရောက်သည့်ညက ဆရာတော်ကြီး စကားပြောနိုင်သေးသည်။ ဦးသုန်ကို ဆရာတော်က စိုက်ကြည့်ပြီး 'ဒီဆေးရုံမှာ အရိယာပုဂ္ဂိုလ်ကြီးတစ်ပါး ရောက်နေတယ်' ဟု တိုးညှင်းစွာ ပြောပါသည်။ နောက်တစ်နေ့မှာ အုပ်စုလိုက်လာရောက်ကြသည့် သူများနှင့် စကားစပ်မိ၍ သိရသည်မှာ ဆရာတော် မိန့်သည့်နေ့မှာပင် 'ဆားတောင်ဆရာတော်' ဆေးရုံ လာတက်ခြင်းဖြစ်ကြောင်း သိရသည်။ ပို၍ ထူးဆန်းသည်မှာ 'ဆားတောင် ဆရာတော်ကြီး' ကလည်း 'ဒီဆေးရုံမှာ အရိယာပုဂ္ဂိုလ်တစ်ပါး ရောက်နေပါလား' ဟု မိန့်သည်ဆို၏။

သူတော်စဉ် အချင်းချင်းတော့ သိကြမည်သာ။ တစ်ပတ်ခန့်အကြာမှာ ပခုက္ကူ (ကျောက်ဆင်) ဆရာတော်နှင့် ဆားတောင် ဆရာတော်ကြီး နှစ်ပါးသည် ရှေ့ဆင့်နောက်ဆင့် ခန္ဓာဝန်ချခဲ့ကြ၏။

ဆရာတော်၏ ရုပ်ကလာပ်ကို ကျောက်ဆင်တောရသို့ သယ်ဆောင်ပြီးနောက် စည်ကား သိုက်မြိုက်စွာ အန္တိမဈာပန ကျင်းပကြ၏။ စည်းဝေးတိုင်ပင်ကြပြီးနောက် ဆရာတော်ကြီး

အတွက် လွမ်းစေတီတည်ရန် မြေနေရာပါ ရွေးချယ်ကြ၏။ ကျောက်ဆင် ရွှေတိဂုံစေတီတော်ကို လက်ယာရစ် ဖူးမြော်ရင်း ဆရာတော်ကြီး၏ အမြင်စွမ်းအားကို သတိရမိသည်။ ထိုစဥ်က နိုင်ငံခြားခရီးစဥ်မှ ပြန်လာသော ဆရာတော်ကြီးက တပည့် သံဃာ၊ ဒကာ၊ ဒကာမများနှင့် အတူ တည်ဆောက်ဆဲ စေတီတော်ကို လက်ယာရစ် တောင်ဝှေးဖြင့် ထောက်ကာ ထောက်ကာ လမ်းလျှောက်နေ၏။ တစ်နေရာအရောက်တွင် အတန်ကြာရပ်တန့် လိုက်ပြီးနောက် အပေါ်ယံ အင်္ဂတေများကို ပြန်ခွာပြီး အတူးခိုင်း၏။

အောက်ပိုင်း ဖောင်ဒေးရှင်းမှာကတည်းက ဆရာတော်ကြီးက အကန့်များကန့်ပြီး နောက် သံချောင်းများနှင့်အတူ ၎င်းအကန့်ထဲသို့ ကွန်ကရစ်လောင်းရင်း တက်လာရခြင်း ဖြစ်၏။ ဆရာတော် အတူးခိုင်းသည့်အကန့်မှာ ငွေကိုခိုထားပြီး ကွန်ကရစ်လောင်းထားခြင်း မရှိဘဲ သဲများချည်း တွေ့ရ၏။ မြင်ရသူအပေါင်းလည်း တအံ့တသြ ဖြစ်ကုန်ပြီး တာဝန်ရှိသူ များလည်း တုန်လှုပ်ကုန်၏။ နောက်ဆုံး တစ်ယောက်ပေါ် တစ်ယောက် လွှဲချအပြစ်တင် ကြရင်း လက်သည်မပေါ်။

ဆရာတော်ကြီးက အပြုံးမပျက် ကွမ်းဝါးရင်း ညွှန်ကြားနေ၏။ 'သဲတွေ ပြန်ထုတ်ပြီး သံချောင်းနဲ့ ကွန်ကရစ် ပြန်လောင်းလိုက်ကြ။ စကားများနေရင် ပြီးမှာ မဟုတ်ဘူး'။

ထိုနေ့မှာပင် မှတ်မှတ်ရရ ဆရာတော်က နေ့ဆွမ်းဘုဥ်းမပေးသေးဘဲ ကျန်သံဃာများကို အရင် ဆွမ်းစားခိုင်း၏။ ၁၂ နာရီမတိုင်း (၁၁ နာရီ ၄၅ မိနစ်) ရှိသည်အထိ မစားသေးဘူး ပြောတော့ တပည့်များက စိတ်ပူနေကြ၏။ နေမကောင်းသည်လည်းမဟုတ်၊ ဆရာတော့် မျက်နှာက လန်းလန်းဆန်းဆန်း။ ထိုအခိုက်မှာပင် ကားတစ်စီး တရှိန်ထိုးဝင်လာပြီး ထိုးဆိုက် လိုက်ပြီး ချိုင့်တွေတောင်းတွေ အပြေးအလွှား ချလာကြ၏။ အသင့်ရှိနေသော စားပွဲဝိုင်းလွတ် ပေါ်သို့ ဆွမ်း အမြန်ပြင်ပြီး ဆရာတော်ကို ကပ်ကြ၏။ 'လမ်းမှာ ကားပျက်နေလို့ ဘုရား ဆရာတော်တို့က ဖုန်းလေး ဘာလေး ဆောင်မထားတာလည်း တော်တော် ဆိုးတယ်ဘုရား' ဒကာမကြီးက အပြစ်တင်သည့် အသံနှင့် လျှောက်နေ၏။

ဆရာတော်ကတော့ အပြုံးမပျက်ဘဲ ဆွမ်းကို ၁၀ မိနစ်နှင့်ပြီးအောင် ဘုဥ်းပေးလိုက်၏။ ဒကာမကြီးက လျှောက်၏။ 'ဒါထက် ဆရာတော်၊ တပည့်တော်မတို့ ရောက်တဲ့အထိ ဆွမ်းမဘုဥ်းရသေးဘူးပေါ့'

ဆရာတော်က ကွမ်းငုံရင်း ဣန္ဒြေရရ ပြန်မိန့်၏။ 'ဟဲ့၊ ငါတို့က ဆွမ်းတစ်ထပ်တည်း စားတာ နင်မေ့နေပြီလား၊ စားထားရင် နင့်ဆွမ်းကို ဘယ်လိုလုပ် ထပ်စားလို့ ရတော့မှာလဲ'

ဒကာမကြီးက တအံ့တသြ မေးလျှောက်တော့၏။ 'အဲ၊ ဒါဆိုရင် ဖုန်းလည်း မရှိ ဘာလည်း မရှိနဲ့ တပည့်တော်တို့ ဆွမ်းလာကပ်မယ်ဆိုတာ သိနေတာပေါ့၊ အောင်မယ်လေး ကြက်သီးထလိုက်တာ ဘုရား'

'ဟ ဘာဆန်းတာမှတ်လို့၊ ဒီမီးခြစ်ဘူးလောက် ရှိတာလေးနဲ့တောင် တစ်နေရာနဲ့ တစ်နေရာ လှမ်းပြောလို့ ရတာပဲ' ဆရာတော်က စကားဖြတ်ထား၏။ (လက်ကိုင်ဖုန်းကို ဆိုလိုသည်။ စာရေးသူ)

ဘာပဲဖြစ်ဖြစ် အလွန်ထူးဆန်းပါသည်။ ဦးသုန်နောက်မှ သိရသည်မှာ မန္တလေးမှ ဆွမ်းလာကပ်သော ဒကာမကြီးက ဆရာတော်၏ ရဟန်းအစ်မ၊ ဒကာရင်းဖြစ်နေသည့် အတွက် ဆရာတော်မှာ ဆွမ်းမစားသေးဘဲ သည်းခံ စောင့်ဆိုင်းနေပုံရ၏၊ အရိယာပုဂ္ဂိုလ် တို့၏ အစွမ်းကို သာမန်လူတွေ မြင်သိနိုင်ဖို့ ခက်ခဲလှသည်တကား။

ကျောက်ဆင်တောရကို ရောက်ရောက်ချင်းမှာပင် ဦးသုန်က ဦးဇေနထံ စုံစမ်းပါသည်။

'အရှင်ဘုရား၊ ဒီမှာ ထိုင်းနိုင်ငံက လာတဲ့ ဆရာဝန်တစ်ယောက် ဘုန်းကြီးဝတ်နဲ့ ရောက်နေတယ် မကြားမိဘူးလားဘုရား'

ဦးဇေနက 'ရောက်နေတယ်ဘုရား၊ ဦးပဋ္ဌင်းကိုလည်းမေးတယ်၊ သူက ဦးပဋ္ဌင်းကို လူဝတ်ကြောင်ထင်နေတာနဲ့ ကျုပ်ကတောင်ပြောပြရသေးတယ်၊ ဦးသုန်ဆိုတာ ဦးသုန္ဒရကို အဖျားဆွတ်ခေါ်တာ၊ လူမဟုတ်ဘူး၊ ဘုန်းကြီးလို့။'

**ဦးသုန်** – 'သူ အခု ဘယ်မှာ သီတင်းသုံးနေလဲဘုရား၊ တပည့်တော် တွေ့ရရင် ကောင်းမလားလို့'

**ဦးဇေန** – 'အခု ဆွမ်းခံတုန်းလေ၊ အစက တပည့်တော်နားက တိုက်ခန်းဆောင်မှာ အခုဂူထဲမှာ အားထုတ်ချင်တယ်လျှောက်လို့ 'မန္တလေး' ဂူထဲမှာ သီတင်းသုံးတယ်၊ တော်တော် ကြိုးစားအားထုတ်နေတဲ့ပုံပဲ'

**ဦးသုန်** – 'ဒါဆိုလည်း တပည့်တော် နိုင်ငံခြားကို ပြန်ကြွခါနီးမှာပဲ တွေ့လိုက်တော့ ပါမယ် ဘုရား'

ယခု ဦးသုန်၏ ဗိဇာသက်တမ်း ကုန်ဆုံးခါနီးပြီဖြစ်၏။ ဇာတိရွာမှ မယ်တော်မုဆိုးမ ကိုလည်း ကန်တော့ပြီးသွားပြီ။ ရည်ရွယ်ထားသော လုပ်ငန်းတွေလည်း ပြီးစီးလေပြီ။ ရန်ကုန် မပြန်မီ ကျောက်ဆင်တောရ၏ ကျောင်းထိုင်ဆရာတော် ဦးကောဝိဒကို သွားရောက်ကန်တော့ ပြီးနောက် ဒေါက်တာမြတ်ဘုန်းတစ်ဖြစ်လဲ ဦးပညာကိုတွေ့ရန် မန္တလေးဂူဘက် ကြွသွားခဲ့၏။ မန္တလေးဂူမှာတော့ တဘက်ကို နေလှန်းနေသော ဖြူဖြူ သန့်သန့်နှင့် ဥပဓိရုပ် ကောင်းလှသည့် ကိုယ်တော်တစ်ပါးကို တွေ့ရာ ဦးသုန်က သွားရောက် နှုတ်ဆက်လိုက်၏။

'တပည့်တော် ဦးသုန်ပါဘုရား၊ အရှင်ဘုရားနဲ့ အရင်က online မှာ chat လုပ်ခဲ့တာ လေ'

'ဩော်... တပည့်တော်က သံဃာမှန်း မသိခဲ့ဘူး၊ မရိုမသေ ပြောမိတာရှိရင် ခွင့် လွှတ်ပါ ဘုရား' ဟု ဦးပညာက အံ့ဩဝမ်းသာလျှောက်ရင်း ပက်လက်ကုလားထိုင်ပေါ် နေရာပေးပြီး မိမိ ကိုယ်တိုင်က ဖျာပေါ်တွင် ထိုင်၍ ကန်တော့၏။

ဦးသုန်က သူ့ အစီအစဉ်ကို ပြောပြ၏။ 'တပည့်တော် နောက်တစ်ခေါက်မှာ အပြီး ပြန်လာဖို့ ရှိပါတယ်ဘုရား၊ ဒီကျောက်ဆင်မှာပဲ ဆုံကြတာပေါ့၊ တပည့်တော်တို့ online က တရား ဆွေးနွေးဘက် ၂ ယောက်လည်း စိတ်ဝင်စားနေကြတာ ဘယ်အချိန် ရောက်ချ လာကြမလဲ မသိဘူးဘုရား'

**ဦးပညာ** – 'ကောင်းပါတယ်ဘုရား၊ တပည့်တော်ကတော့ တကယ့် သံဝေဂနဲ့ ဘဝတစ်ခုလုံးစွန့်ပြီး သာသနာ့ဘောင် ဝင်လာရတာဆိုတော့ အကျိုးမဖြစ်လို့တော့ မရဘူး ဘုရား။ ရေကုန်ရေခန်း ကြိုးစားသွားမှာပါဘုရား'။ ပြတ်သားသည့် မျက်နှာထားဖြင့် ပြော၏။

**ဦးသုန်** – 'တပည့်တော် ဒီတစ်ခေါက် လာတာက၊ ဒီကျောက်ဆင်မှာ တရားအားထုတ်ဖို့ အဆောင်တစ်ဆောင် လှူထားပါတယ်ဘုရား၊ ရွာကျောင်းမှာက မွှာရုံတစ်ခု ဆောက်လှူ ထားပါတယ်၊ ကံအားလျော်စွာ ကျောင်းမှာ သံဃာမရှိ ဖြစ်နေရာက ငယ်စဉ်က ကျောင်းနေဖက် အရက်သမားဘဝကနေ အရက်ဖြတ်ပြီး ရဟန်းဘောင် တက်မယ်ဆိုတာနဲ့ ကျောင်းမှာ ကျောင်းစောင့်ဖို့ သံဃာတစ်ပါး ရသွားတယ်ဘုရား'။ 'ဒီကျောက်ဆင်က တပည့်တော် လှူထားတဲ့ အဆောင်မှာ အရှင်ဘုရား သီတင်းသုံးချင်ရင်လည်း ဆရာတော် ဆီမှာ သော့အပ်ခဲ့ပါတယ် ဘုရား'။

**ဦးပညာ** – 'တပည့်တော်က ဒီဂူထဲမှာပဲဆက်ပြီး အားထုတ်ချင်ပါတယ်ဘုရား၊ အဆင်ပြေပါတယ်၊ နောက်ပြီး ကျောက်ဆင်တောရက စည်းကမ်းပိုင်းကအစ တပည့်တော် မျှော်မှန်းထားတာနဲ့ ကိုက်ညီပါတယ်ဘုရား၊ စည်းကမ်း လျော့မယ်ဆိုရင်သာ တပည့်တော် စိတ်ပျက်မိမှာပါ၊ အရှင်ဘုရားလည်း သက်တော်သိပ်မကြီးသေးပေမယ့် ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်တယ်ဆိုရမှာပဲ ဘုရား'

**ဦးသုန်** – 'ဟုတ်တယ် ဦးပညာရဲ့ ဦးပဋ္ဌင်းရဲ့ လက်စွဲကတော့ ရသေ့ကြီးဦးခန္တီနဲ့ ဝါးချက် ဆရာတော်ရဲ့ ပုတီးစိပ်နည်းနဲ့စိပ်တယ်၊ ကျောက်ဆင်ရောက်လာရင်တော့ ပုတီးစိပ်တာ စွန့်မှာပါ၊ ရသေ့ကြီး ဦးခန္တီလိုပေါ့၊ ဘုန်းကြီးဘဝနဲ့က ငွေတွေကိုင်ပြီး သာသနာပြုလို့ မဖြစ်ဘူးဆိုပြီး ရသေ့ပြောင်းဝတ်ခဲ့တာကိုး၊ မန္တလေးက သာသနာပိုင်ကြီးကို သာသနာ ပြုခွင့် သွားတောင်းတော့ ရသေ့ကြီးရဲ့ အစွမ်းအစကို ပြရင် ခွင့်ပြုမယ်လို့ မိန့်တယ်လေ၊ ဒီတော့ ဦးခန္တီက ဘယ်လိုပြရမလဲ ဘုရားလို့ မေးသတဲ့၊ မနက်ဖြန် အရုဏ်ဆွမ်းကို သံဃာ ၅၀၀ ပင့်ပြီး ကပ်နိုင်မလားဆိုတော့ ၁၀၀၀ ပင့်ပေးပါဘုရား၊ နောက်ပြီး ပန်းကန်တွေလည်း စီစဉ်ပေးပါဘုရားလို့ ရဲရဲတင်းတင်း လျှောက်တယ်၊ ကျောင်းမှာ အိပ်ခွင့်တောင်းပြီး ဘာမှ မလုပ်ဘဲ ပုတီးပဲ ထိုင်စိပ်နေတယ်တဲ့၊ ဆရာတော်တွေက မနက်ကျရင် ကြွလာတဲ့ သံဃာတွေ ကိုတော့ တောင်းပန်လွှတ်ရတော့မှာပဲ တွေးနေတယ်၊ မနက်လည်း ရောက်ရော အထမ်းကြီး အထမ်းငယ်တွေနဲ့ အရုဏ်ဆွမ်း ကပ်ဖို့လူတွေ အလျှိုလျှို ရောက်လာပြီး သံဃာ ၁၀၀၀ ကို လောက်အောင် ဆွမ်းကပ်နိုင်ခဲ့တယ်တဲ့၊ အဲဒီဂါထာကို ဦးပဋ္ဌင်း စိပ်တာပါ အရှင်ဘုရား ယူထားမလား။

**ဦးပညာ**–'တပည့်တော် မလိုတော့ပါဘူးဘုရား၊ တပည့်တော် လူဝတ်နဲ့ အလုပ်လုပ်တာ တစ်လ မြန်မာငွေနဲ့ ၂၅ သိန်းကျော်ရတယ်ဘုရား၊ အဲဒီ လာဘ်တွေလည်း စွန့်ခဲ့ပြီးပြီ နောင်လာမယ့် လာဘ်တွေလည်း စွန့်ရဦးမှာပါဘုရား' ဟု လျှောက်၍ ငြင်းပယ်၏။

ဦးသုန်က ယုံကြည်ချက်အပြည့်ဖြင့် ဗောဓိဉာဏ်ရအောင် ယူမည့်ရဟန်းလူငယ်၏ မျက်နှာကို ကြည်ညိုစိတ်ဖြင့် ကြည့်လိုက်၏။ မာန်မာနလည်း ကင်းစင်၏။ သီလလည်း

လိုခြုံအောင် ဂရုစိုက်ပုံရ၏။ ရဟန်းဝတ်ခါစမှာပင် ကျောင်းများနှင့် အတန်ငယ် အလှမ်းဝေးသည့် မန္တလေးဂူမှာ တစ်ပါးတည်း လာရောက် သီတင်းသုံးသည်ဆိုကတည်းက တော်ရုံသဒ္ဓါတရားနှင့်တော့ မဟုတ်။ မက်လောက်သည့် ဆရာဝန်အလုပ်နှင့် လစာကိုလည်း စွန့်ပစ်ခဲ့ပြီးဖြစ်၏။ ဦးဇဝန အပြောအရ သက်န်းကိုလည်း ဝိနည်းနှင့်ညီအောင်ပြင်ချုပ်သည် ဆို၏။ သပိတ်ကိုလည်း ဝိနည်းနှင့်ညီအောင် မီးဖုတ်ပေးပါဆို၍ ဦးဇောတိကက လုပ်ပေးခဲ့ရသည်ဆို၏။ မည်သူနှင့်မျှလည်း အပိုစကားများ ပြောဆိုခြင်းမရှိ၊ မိမိတရားကိုသာ မိမိ နှလုံး သွင်းနေလေ့ရှိပြီး ကျောင်းဝေယျာဝစ္စ အလုပ်များကိုလည်း ကြိုးကြိုးစားစား လုပ်လေ့ရှိသည်ဆို၏။

ဦးသုန်က ချီးကျူးသည့် အကြည့်ဖြင့် ကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် အားမရဘဲ ငိုင်သွား၏။ သည်လူငယ်ရဟန်းအပါအဝင် လေးဦးစုပေါင်း၍ မြန်မာ့အာဇာနည် ဘာသာသွေး ဆရာသံဃာများကို ရှာဖွေရင်း တပည့်ခံယူကြရန် တိုင်ပင်ဖူးသည်ကို သတိရမိလိုက်၏။

ဦးသုန်က နူတ်ဆက်လိုက်ပြီးနောက် တောအုပ်ငယ်လေးသဖွယ် အပင်များ ဝန်းရံနေသည့် ကျောက်တုံးများဖြင့် စီ၍လုပ်ထားသော လှေကားအတိုင်း တက်လာလိုက်၏။ နောက်ဘက်မှာ ဦးပညာကတော့ စိတ်ချမ်းသာမှုအပြည့် ယုံကြည်ချက် အပြည့်ဖြင့် ရပ်လျက်ကျန်ရစ်၏။ တောသံတောင်သံဖြစ်သော ငှက်အော်သံများ၊ ရှဉ့်အော်သံများ၊ သစ်ရွက်ခြောက်များပေါ်တွင် တောတိရစ္ဆာန်ငယ်လေးများ၏ ပြေးလွှားသွားသည့် အသံများနှင့် ပုရစ်သံများကား တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့၏။

အခန်း (၂၆)

## ဘယ်လ်ဂျီယံ

ဒီနေ့က ဘိုဘို၏ဘဝမှာ မမေ့နိုင်စရာ နေ့တစ်နေ့ ဖြစ်ခဲ့၏။ 'ရွှေမှုန်' ဆီက အဖြေက positive ရခဲ့ပြီဖြစ်၏။ ချက်ချင်း ဆောက်တည်ရာမရ ဖြစ်သွားပြီးမှ စိတ်ကိုပြန်၍ ထိန်းချုပ်လိုက်ရ၏။ ဘာလုပ်ရမလဲ၊ ဘယ်က စရမလဲ။ လောလောလတ်လတ် မြန်မာနိုင်ငံမှ ရည်းစားကိုခေါ်၍ လက်ထပ်ထားသော ကိုကြည်ဝင်းကို သတိရလိုက်၏။ ထိုရက်က ပိတ်ရက်ဖြင့် တိုက်ဆိုင်နေ၍ ဖုန်းဆက်လိုက်ပြီး ကိုကြည်ဝင်း၏ အိမ်အထိရောက်သွား၏။ ပျော်နေသော ကိုကြည်ဝင်းတို့ လင်မယား နှစ်ယောက်ကလည်း ဘိုဘို သိလိုသမျှကို စိတ်ပါလက်ပါ ဖြေကြ၏။

ပထမဆုံး စကားပြန် ငှားရမည်ဖြစ်၏။ စကားပြန်နှင့်အတူ လက်ထပ်ရုံး (marriage office) ကို သွား၍ လျှောက်လွှာတင်ရ၏။ ထို့နောက်တော့ နိုင်ငံခြားသားရေးရာရုံး (foreigner's affair) မှာလည်း လျှောက်လွှာ တင်ထားရ၏။ ထိုရုံး နှစ်ရုံး ချိတ်ဆက်ပြီး ဆောင်ရွက်သွားမည် ဖြစ်၏။ ခေါ်ယူမည့်သူသည် 'ဘယ်လ်ဂျီယံ' က ဒုက္ခသည်အဖြစ် လက်ခံ အသိအမှတ်ပြုထားသူဖြစ်ရန် လိုသည်။ အလုပ်အကိုင်ရှိရမည်၊ လစာငွေ သိပ်မနည်းလွန်းရ။ မြန်မာပြည်မှ ကိုယ့်ချစ်သူ ရောက်လာလျှင် နေစရာ အခန်းအဆင်သင့် ရှိရမည်။ sq-meter ဖြင့် အနည်းဆုံးရှိရမည့် အခန်း၏အကျယ်အဝန်းကို သတ်မှတ်ထားသည်။ ကိုယ်ခေါ်ယူရမည့် နိုင်ငံသူသည် အပျိုဖြစ်ကြောင်းခိုင်လုံရမည်။ အမျိုးသမီးသည် မလာမီ ဘယ်လ်ဂျီယံစကား အနည်းငယ် ပြောတတ်အောင် သင်ယူရမည်။

သူတို့ (ဥရောပနိုင်ငံတွေ) ၏ မူဝါဒက လူသားအချင်းချင်း ဒုက္ခရောက်လာသူကို ကူညီရမည်။ လူတစ်ယောက်သည် တာဝန်ယူနိုင်မည်ဆိုပါက သူချစ်သူ သို့မဟုတ် သူနှင့် လက်ထပ်မည့်သူကို ခေါ်ယူနိုင်ခွင့်ရှိသည်။ တာဝန်ယူသည်ဆိုရာတွင် စားဝတ်နေရေး အပြင် ကျန်းမာရေး စောင့်ရှောက်မှုပါ တာဝန်ယူနိုင်ရမည်။ ထိုကြားထဲကမှ မနိုင်မနင်း ဖြစ်လာလျှင် သူတို့ လူမှု ကူညီထောက်ပံ့ရေးရုံးတွင် သွားရောက်လျှောက်ထားပါက ကူညီဦးမည် ဖြစ်သည်။ ဘိုဘို တွေ့ရသလောက်က သူတို့နိုင်ငံ၏ အုပ်ချုပ်ပုံ စနစ်က ထောင့်စေ့နေသည်။ တစ်ပွဲတိုး ဖုတ်ပူမီးတိုက် လုပ်ချသွားတာမျိုး မတွေ့ရ။ အားလုံး စည်းစနစ်ကျနစွာ စေတနာ အပြည့်အဝဖြင့် ပြည်သူ့အကျိုးကို သည်ပိုးနေကြသည်။

လူမှုထောက်ပံ့ရေး အကူအညီယူထားသော မိသားစုကို တိုကင်လက်မှတ်လေးများ မိမိဆန္ဒအလျောက် လုပ်ထားနိုင်ခွင့်ရှိသည်။ ၎င်းတိုကင်များဖြင့် တစ်ပတ်တစ်ခါ မြို့နယ် အသင်းအဖွဲ့များက ဈေးရောင်းပေး၏။ ဈေးရောင်းပေးသည် ဆိုရာတွင် ဥပမာ–ကျပ် ၁၀၀၀၀

ဖိုး ပစ္စည်းများကို ကျပ် ၁၀၀၀ ဖြင့် ပေးဝယ်ရခြင်းဖြစ်၏။ တချို့က ရှက်လို့ မလာကြ။ မလောက်ငသော မိသားစုများနှင့် ငွေကျိတ်စုချင်သော မိသားစုများကမူ အပြုံးမပျက် လာဝယ်ကြသည်။

ပြည်သူတွေကို ထွက်ပေါက်တွေ ပေးထားသည်။ ပျော်ရွှင်မှုတွေ ပေးထားသည်။ ဘ၀ အာမခံချက်တွေ၊ လုံခြုံမှုတွေ ပေးထားသည်။ လူ့ အခွင့်အရေးကလည်း လျှံထွက်အောင် ရသည်။ ဥပဒေကိုတော့ မချိုးဖောက်နှင့် ဥပဒေကို သူတို့သည် ဘာသာတရားတစ်ခုလို အားလုံး ကိုးကွယ်ကြသည်။ ကိုးကွယ်စရာကောင်းလောက်အောင်လည်း သူတို့ဆီမှာ တရားဥပဒေ စိုးမိုးရေးရှိသည်။

လက်ထပ် ထိမ်းမြားသူများ ပျော်ရွှင်ဖို့ ပဋိသန္ဓေနေစဉ် ပျော်ရွှင်ဖို့ သူတို့ တိုင်းပြည်မှာ ပဋိသန္ဓေနေသည့်မှစ၍ ဘ၀တစ်လျှောက် နောက်ဆုံး သေဆုံးသည်အထိ၊ သေဆုံးတာတောင် သုသာန်သင်္ချိုင်းများကို မဖျက်ဆီးဘဲ လှလှပပ ခန့်ခန့်ညားညားနှင့် လူ့သိက္ခာ မြင့်မားအောင် ကြိုးစား ဆောင်ရွက်ကြပါသည်။

'ရွှေမှုန်' ကို ခေါ်ဖို့ အရေးသည် ခုချိန်တွင် ဘိုဘိုအတွက် အရေးကြီးဆုံး ဖြစ်နေသည်။ နေ့ရှိသရွေ့ ဒါပဲ စဉ်းစားနေမိသည်။ 'ရွှေမှုန်' အတွက် ရည်ရွယ်ပြီး ပစ္စည်းတွေစုသည်။ လစာငွေကိုလည်း ချွေတာပြီး ပိုက်ဆံစုနေသည်။ ဒီက အခြေအနေကို 'ရွှေမှုန်' သိအောင် လှမ်းပြောသည်။ ရွှေမှုန်ဘက်က အခြေအနေကို လှမ်းမေးသည်။ ရွှေမှုန်လည်း စကား သင်နေလေပြီ။ ဘယ်လ်ဂျီယံ သံရုံးက ရန်ကုန်မှာ သီးခြားမရှိ။ ဂျာမန်သံရုံးမှာ တွဲထား၍ ဂျာမန်သံရုံးနှင့် ရွှေမှုန်ဆက်သွယ်ရ၏။ သူတို့ ကိုယ်စားလှယ်ကလည်း ရွှေမှုန်နေထိုင်ရာ ရပ်ကွက်ရုံး ထိလာရောက်စုံစမ်း၏။

သုံးလလောက် စောင့်ပြီးတော့ ခေါ်ခွင့်စာရောက်လာ၏။

DHL (အမြန်ချောပို့) ဖြင့် ရွှေမှုန်ထံ ပို့ပေးရ၏။ နောက်ပြီး ကျန်းမာရေး အာမခံ လုပ်ရန်နှင့် လေယာဉ် လက်မှတ်ဝယ်ရန်၊ အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်း ဝယ်ရန် ငွေလွှဲပေးလိုက်၏။ လေယာဉ်လက်မှတ်ကို အသွားအပြန်ဝယ်ရန် မလိုဘဲ အလာ တစ်ကြောင်း တည်းသာ ဝယ်ရ၏။ ရွှေမှုန်ထံမှ ပတ်စပို့စ်တွင် သံရုံးက ဗီဇာ ထုပေးလိုက်ပြီ ဖြစ်ကြောင်း mail ရ၏။

ရွှေမှုန်ရောက်မည့်နေ့တွင် ဘိုဘိုတစ်ယောက် ဆံပင်ညှပ်ပြီး သားသားနားနားဝတ်ကာ သူငယ်ချင်း မင်းမင်းကို အဖော်ခေါ်သွား၏။ Brussel Centraal နှင့် Brussel Airport အသွားအပြန် group လက်မှတ်ဝယ်ထား၏။ သူတို့ဆီက လက်မှတ်တွေက ကားလက်မှတ် ဝယ်လျှင် ရထားလည်းစီးလို့ရ၏။ ရှည်မျောမျောနှင့် ကရွတ်ခွေပုံစံ ဘရပ်ဆဲလ်လေဆိပ်မှာ တစ်နစ်လျှင် ခရီးသည် ဆယ်သန်းလောက် အသုံးပြုသွားလာနေ၏။

ဘိုဘိုအတွက် အချိန်တွေက ရှည်လွန်းသည် ထင်နေသည့်ကြားမှာပင် ရွှေမှုန်စီးလာမည့် ထိုင်းလေကြောင်းမှ TG 251 က ဆယ်မိနစ် နောက်ကျမည်ဟု ကြေညာထား၏။ ပစ္စည်း စောင့်ရွေးရသည့် အချိန်ကလည်း ထပ်ပေါင်းရသေးသည်။

ဟော၊ ခရီးသည်တွေ စ ထွက်လာပါပြီ။ ဆယ်ယောက်မြောက်လောက်မှာ ရွှေမှုန် ထွက်လာသည်။ ဗိုရ်၌ ပြင်တတ်ဆင်တတ်လာပြီး မင်းသမီးလေးများလား ထင်မှတ်ရလောက် အောင် လှပကြော့ရှင်းနေ၏။ ကိုယ်လုံးကိုယ်ပေါက်ကလည်း အလွန် အချိုးအစား ပြေပြစ်လှ၏။ ရွှေမှုန်က ရုတ်တရက် ဘိုဘိုကို မမြင်သေး။ ဘိုဘိုက အားရဝမ်းသာ လက်ဝှေ့ ယမ်းပြတော့မှ လှမ်းမြင်သွားပြီး သူလည်း စိတ်အေးသွားဟန်ဖြင့် ပြုံးပြရင်း လျှောက်လာနေ၏။ ဘိုဘိုက အသင့်ပါလာသော နှင်းဆီပန်း အဖြူလေး တစ်စည်းပေးလိုက်၏။ ရွှေမှုန်က ရှက်ကိုးရှက်ကန်း လှမ်းယူလိုက်ရာ မင်းမင်းက အလိုက်တသိ သေတ္တာကို ဆွဲယူပြီး ရှေ့မှ လျှောက်သွားလိုက်၏။ ဘိုဘိုမှာ ရင်ခုန်လွန်းလှသဖြင့် စကားပင်ပြောမထွက်၊ မနည်းကြိုးစားပြီးမှ 'လာရတာ ချောချောမွေ့မွေ့ပဲလား' ဟု မေးလိုက်ရ၏။

ရွှေမှုန်က 'အားလုံး အဆင်ပြေပါတယ်၊ မြန်မာပြည်မှာဆိုရင် လိုင်းဝင်ထားသလား တောင် ထင်ရတယ်၊ လေယာဉ်ပေါ်က အဆင်းမှာ အမျိုးသမီးတစ်ယောက်က ဘက်ထရီ ကားလေးနဲ့ ကြိုပြီး immigration က အစ သူပဲ ပြပေးသွားတယ်လေ၊ ကျန်တဲ့ ခရီးသည် တွေကို လုပ်မပေးဘဲ ကိုယ့်တစ်ယောက်တည်းကို လုပ်ပေးလို့ အံ့သြနေတာ'

ဘိုဘို 'ဟုတ်တယ်၊ လေယာဉ်လက်မှတ် ဝယ်တုန်းက လက်မှတ်ရောင်းတဲ့ နေရာကို အပြောခိုင်းတာ မှတ်မိလား၊ တစ်ခါမှ မရောက်ဖူးကြောင်း မှတ်ချက်ရေးပေးပါလို့ ပြောခိုင်း တာလေ၊ သူတို့က မရောက်ဖူးသေးတဲ့ လူတို့၊ အသက်ကြီးသူ၊ ကလေး၊ စတဲ့ ကြိုတင် အကြောင်းကြားထားရင် ကြိုပေးတယ်၊ သိပ် ကူညီချင်ကြတာ'

ရွှေမှုန် 'ဟုတ်တယ်၊ မှုန်က ဆင်းမယ်လုပ်တော့ လေယာဉ်မယ်က ခရီးသည်စာရင်း ကြည့်ပြီး နောက်မှဆင်းဆိုပြီး ဆွဲထားတာ၊ ဘာဖြစ်လို့ပါလိမ့် အောက်မေ့တာ၊ ခုမှ ဒါကြောင့်ကိုးလို့ သိတာ'

မင်းမင်းက ရွှေမှုန်၏ ခရီးဆောင်သေတ္တာလေးဆွဲပြီး ရထားပေါ် တက်လိုက်၏။ ဘိုဘိုက ရွှေမှုန်ထံမှ လက်ဆွဲအိတ်ကို သယ်လာပေးရာ ရွှေမှုန်၏ လက်ထဲတွင် စလင်းဘက် အိတ်သာ ကျန်၍ လွတ်လပ်ပေါ့ပါးသွား၏။

ရွှေမှုန်က ရထားထဲကို လှည့်ပတ်ကြည့်လိုက်ပြီး 'သူတို့ဆီက ရထားလေးတွေက လှလိုက်တာနော်၊ အရုပ်ကလေးတွေ ကျနေတာပဲ'။ ကလေးတစ်ယောက်လို ဝမ်းသာ အယ်လဲ ပြောနေ၏။ ဘိုဘိုစားဖို့ မြန်မာအစားအစာတွေ သယ်လာကြောင်း ပြောပြ၏။ ဘိုဘိုက အိတ်ထဲငုံ့ကြည့်ပြီး 'မှုန်ရေ လာကြိုတဲ့ ကားလေးနဲ့ ပါလာလို့သာပေါ့၊ custom များ ဖြတ်ရရင်တော့ ဒီ မြန်မာအစားအစာတွေ အသိမ်းခံရမှာ သေချာတယ်၊ အာရှက စားစရာတွေ ဒီကို သယ်ခွင့်မပေးဘူးဗျ'။

❖

အခန်း (၂၇)

## ရွှေလက်တွဲတုန်းမှာ

ဘိုဘိုက ရွှေမှုန်၏ လက်ကို တစ်ဖက်က ဆွဲထားရင်း အလိုအလျောက် လက်မှတ်ရောင်းသည့် စက်ထဲကို ယူရို ၄၀ ထည့်ပြီး အန့်တ်ဗပ် (Antwerp) သွားဖို့ လက်မှတ်ဝယ်လိုက်သည်။ စက်က တစ်ယူရို အကြွေစေ့နှင့် လက်မှတ်နှစ်စောင် ပြန်ထွက်လာသည်။ 'နော့စတေရှင်' (Nord Station) သို့ ရထားစီးသွားပြီး အန့်တ်ဗပ် (Antwerp) သို့ သွားသည့် ရထား ပြောင်းစီးကြ၏။

ဘရပ်ဆဲလ်မြို့နှင့် ဝေးသည်နှင့်အမျှ အဆောက်အအုံတွေက ရိုးစင်းပြီး အရောင်တွေမှိန်လာသည်။ ဘာပဲဖြစ်ဖြစ် ရာသီဥတုကောင်းသည့်အတွက် အလွန်သာယာသော ရှုခင်းများကို ရွှေမှုန်တစ်ယောက် ငေးမောခံစားရင်း လိုက်လာသည်။ လမ်းမှာ ပန်းခင်းတွေလည်း တွေ့သည်။ မြို့တွေလည်း ဖြတ်သွားရသည်။ ရောက်ပြီ တစ်ပါတ်အကြာတွင် ဘိုဘိုက သွားလည်မည်ဟုသာ ပြောသည်။ ဘယ်လိုနေရာ ဖြစ်သည်ကို ရွှေမှုန်မသိရ။

'အန့်တ်ဗပ်' ဘူတာရုံကြီးကို ရထားဆိုက်တော့ သူတို့ ဆင်းကြသည်။ ရွှေမှုန်က လှည့်ပတ် ကြည့်ရှုရင်း တအံ့တသြ ရေရွတ်မိသည်။ 'ရောမ ဘုရားရှိခိုးကျောင်းကြီးထဲ ရောက်နေလား ထင်ရတယ်' နော်။

ဘိုဘိုက ရှည်လျားသော ဘူတာကြီးထဲမှာ အပေါ်အောက် ရထားသုံးစီး အရုပ်ကလေးတွေလို သုံးထပ်ဆင့်၍ ရပ်ထားသော ဘူတာရုံကြီးကို ဖွေယမ်းပြလိုက်ရင်း ရှင်းပြသည်။

'ဒီဘူတာကြီးက ကမ္ဘာ့ ဆွဲဆောင်မှု အရှိဆုံးဘူတာလေ၊ ဥရောပမှာလည်း အကြီးဆုံး။ နှစ် ၁၀၀ ကျော်ပြီ၊ ပြင်ဆင်တာတောင် ၁၆ နှစ် အချိန်ယူပြီး ပြင်ထားတာ၊ ကြည့်လေ ဘေးနံရံတွေမှာကော အမိုးခုံးတွေမှာကော သံဖရိန်နဲ့ မှန်တွေ တပ်ဆင်ထားတာ၊ ဒီဖိုင်းက 'ရှေးဥရောပဒီဖိုင်း' စက်လှေကား အဆင့်ဆင့် တက်လာရင်း ဘိုဘိုက ဆက်ရှင်းပြသည်။ ဟောလိဝုဒ်က ကမ္ဘာကျော် ရုပ်ရှင်ဇာတ်ကားတွေ 'ဂျိမ်းစ်ဘွန်း' ဇာတ်ကားတွေ ဒီမှာ ခဏခဏ လာရိုက်တယ်။ ပြင်သစ်-ပါရီမြို့နဲ့ နယ်သာလန်-အမ်စတာဒမ်မြို့တွေကိုလည်း ဒီကနေ ရထားတိုက်ရိုက် စီးသွားလို့ရတယ်။ အခု ဒီဘူတာကြီးက ထွက်လိုက်ရင် 'ကမ္ဘာ့အကြီးကျယ်ဆုံး စိန်မြို့တော်'ရဲ့ စိန်ဆိုင်တန်းကြီးတွေကို တွေ့ရမယ်လေ'

ဘူတာကြီးမှထွက်ပြီး ဘိုဘိုက ရွှေမှုန်ကို ဓာတ်ပုံရိုက်ပေးသည်။ နောက်ပြီး ဖြတ်သွားသော လူတစ်ယောက်ကို အကူအညီတောင်းပြီး နှစ်ယောက်တွဲ ဓာတ်ပုံရိုက်ကြသည်။

စိန်ဆိုင်တန်းတွေက မြန်မာပြည် ဘုရားပွဲဈေးမှာလို တန်းစီနေသည်။ ဘိုဘို ပြောပြချက်အရ ဆိုင်ရှင်တွေက ဂျူး (အစ္စရေး)လူမျိုးတွေ အများဆုံး ဖြစ်ကြသည်။ အလွန် လည်ဝယ်သော စီးပွားရေးသမား လူမျိုးများ။ အာဖရိကက စိန်တွေကို ဝယ်ယူပြီး ဘယ်နိုင်ငံ ကမှ လိုက်မမိနိုင်သည့် နောက်ဆုံးပေါ် စိန်သွေးနည်းဖြင့် ကွန်ပျူတာသုံး၍ သွေးထားရာ ဘယ်လ်ဂျီယံ သွေးကွက်ဟူ၍ ကမ္ဘာမှာ နာမည်ကြီးလှသည်။ အမှန်က ဒီ စိန်လုပ်ငန်းတွေ အားလုံး 'အန့်တ်ဗပ်' မြို့ကနေ လုပ်ဆောင်နေခြင်းဖြစ်သည်။ တစ်နေ့တစ်နေ့ ကမ္ဘာလှည့် ခရီးသည်မှ ဝင်ငွေ၊ စိန် အရောင်းအဝယ်ငွေများက ယူရိုသန်းထောင်နှင့်ချီ၍ လည်ပတ် နေသည်။ 'ရွှေမှုန်' က အိပ်မက်မက်နေသလား ထင်ရအောင် ဆန်းကြယ်သောမြို့ကို ကြည့်လိုက်ရင်း ဘိုဘိုကို မေးသည်။

'အင်္ဂလိပ်လို Antwerp လို့ စာလုံးပေါင်းထားတာပဲ၊ 'အန့်ဝပ်' လို့ အသံမထွက်ဘဲ ဘာလို့ 'အန့်တ်ဗပ်' လို့ အသံထွက်တာလဲ'

ဘိုဘိုက 'W ကို ဘယ်လ်ဂျီယံတွေက V သံ ထွက်တယ်မှုန်ရဲ့' ဟု ရှင်းပြသည်။ နောက်ပြီး 'လာမှုန်၊ ရှေ့နားမှာ Mc Donald ဆိုင်ရှိတယ်။ အဲဒီမှာ Breakfast ဆွဲပြီးမှ စိန်ဆိုင်တွေလိုက်ကြည့်မယ်။ ပြီးတော့မှ နေ့လယ်စာကို တရုတ်တန်းမှာ သွားစားမယ်လေ' ဟု ဆွဲခေါ်ရင်းပြောသည်။

ရွှေမှုန်က တအံ့တသြနှင့် မျက်လုံးဝိုင်းသွားပြီး မေးသည်။ 'ဟယ်၊ ဒီမှာလည်း တရုတ်တန်း ရှိတယ်၊ ဟုတ်လား' 'နောက်ပြီး စိန်ဆိုင်တွေကို မဝယ်ဘဲ လျှောက်ကြည့်ရင် ငေါက်မလွှတ်ဘူးလား'

ဘိုဘိုက ရယ်ရင်းပြောလိုက်သည်။ 'အစ္စရေးလူမျိုးတွေက စီးပွားရေးမှာ သိပ်လည်တာ မှုန်ရဲ့၊ စိတ်လည်း သိပ်ရှည်တာ၊ ဝယ်ဝယ် မဝယ်ဝယ် စိတ်ရှည်လက်ရှည် ပြပေးတယ်၊ လာမှုန်၊ ဗိုက်ဆာလာပြီ သွားစို့' စိန်ဆိုင်ပြခန်း (Showroom) ကို အပြင်မှ ငေးကြည့် နေသော မှုန်ကို ပြောပြောဆိုဆို ဘိုဘိုက ဆွဲခေါ်သွားသည်။

မိနစ် ၂၀ လောက် လျှောက်သွားပြီး ဘယ်ဘက်အခြမ်း ဈေးဆိုင်ခန်းမကြီး (Mart hall) တစ်ခုထဲ ဝင်သွားရင်း Mc Donald ဆိုင်ထဲ ဝင်လိုက်ကြ၏။

ရွှေမှုန်က အမဲသားမစား၍ ကြက်သားနှင့် ဟန်ဘာဂါနှစ်ခု၊ ဘိုဘိုက အသီးအရွက် ကြိုက်၍ Salad in Bowl တစ်ပွဲ၊ ကြက်ကြော်၊ အာလူးကြော်နှင့် ကော်ဖီတစ်ခွက်စီ တန်းစီ ဝယ်လာခဲ့ပြီး ဆာဆာနှင့် ထိုင်စားကြ၏။ ခဏ အမောပြေထိုင်ပြီးမှ စိန်ဆိုင်တန်း တွေဘက် ပြန်လျှောက်ကြည့်ကြ၏။ ပထမတော့ရွှေမှုန် ရှိုးတန်းရှန့်တန့်ဖြစ်ပြီး မဝင်ရဲဝင်ရဲ လျှောက် ကြည့်သည်။ နောက်ပိုင်းဆိုင်ရှင်တိုင်းက ဖော်ရွေသဘောကောင်းပြီး စိတ်ရှည်လက်ရှည် တစ်ခုပြီးတစ်ခု ပြပေးကြသဖြင့် ရဲတင်းလာပြီး ဟိုဟာကြည့်မယ် ဒီဟာကြည့်မယ် ဖြစ်လာ တော့၏။ ဘိုဘိုကတော့ ရွှေမှုန်ကိုပဲကြည့်နေရင်း မိန်းကလေးတွေ ရတနာကို ဘယ်လောက် နှစ်သက်ကြသလဲ သူ့စိတ်မှာ ဆန်းကြယ်နေ၏။ အမှန်ကတော့ ရတနာကို စိတ်မဝင်စား မနှစ်သက်သော အမျိုးသမီးဟူ၍ အလွန့်အလွန် ရှားပါလိမ့်မည်။

'အန့်တ်ဗပ်' ဘူတာကြီး၏ လမ်းတစ်ဖက်ရှိ ဘူတာကြီးကို မျက်နှာမူထားသော စိန်ဆိုင်တွေကို ဘိုဘိုတို့ လိုက်ကြည့်ကြ၏။ ဘူတာကြီးဘက်ခြမ်းက ဆိုင်ခန်းတွေကိုလည်း ဝင်ကြည့်သေးသည်။ ပြီးမှ ဘိုဘိုက ရွှေမှုန်၏လက်ကို ဆွဲခေါ်ပြီးနောက်ဘက် လမ်းကြားထဲ ခေါ်သွား၏။ လမ်းကြားထဲမှာလည်း စိန်ဆိုင်တွေရှိ၏။ လမ်းကြားထဲက ဆိုင်နှစ်ဆိုင်လောက် ကြည့်ပြီးတော့ ရွှေမှုန်ပင် သဘောပေါက်သွား၏။ ဒီဆိုင်တွေက မျက်နှာစာတန်းက ဆိုင်တွေထက် ဈေးသက်သာပုံရနေသည်။ ဒါကလည်း ထုံးစံပါပဲ။ လူအလာ နည်းသောနေရာမှ ဆိုင်များက ဈေးနှုန်းချိုချိုသာသာဖြင့် ဆွဲဆောင်ရမည်ပင် ဖြစ်၏။

လမ်းကြားဆိုင်တွေထဲ လျှောက်ကြည့်ရင်း သုံးဆိုင်မြောက်လောက်မှာ ဘိုဘိုက စိန်လက်စွပ်တွေကိုပြရင်း ဆိုင်ရှင်နှင့် အကြိတ်အနယ် ဘယ်လ်ဂျီယံစကားဖြင့် ပြောနေသည်။ ရွှေမှုန်က နားမလည်။ ရုတ်တရက် ဘိုဘိုက ဘူးထဲမှ စိန်လက်စွပ်ကို ထုတ်၍ ရွှေမှုန်ကို ပြ၏။ 'ဒီလက်စွပ်လေးလှလား' ဟု မေး၏။

လက်စွပ်က လေးလုံးကိုက်ဆိုဒ်ဖြစ်၍ စိန်သေးသေးလေးများဖြင့် ရံထားသည် လက်ရာကတော့ ဤမျှလောက် ကောင်းတာ ဘယ်နေရာမှ တွေ့မည်မဟုတ်။ သွေးကွက်က ထိပ်တန်း၊ မီးရောင်အောက်မှာ တဖျပ်ဖျပ်လက်နေသည်။ 'ဟယ်၊ လှလိုက်တာ' ရွှေမှုန် ပါးစပ်အဟောင်းသားနှင့် ပြော၏။

ဘိုဘိုက လက်စွပ်ကို ရွှေမှုန်၏လက်မှာ စွပ်ပေးလိုက်၏။ 'ဆိုင်ရှင်က ပြောတယ်၊ ရွှေမှုန် ယူလိုက်တော့တဲ့' 'ဘာဖြစ်လို့လဲဆိုတော့ ဈေးတည့်သွားပြီလေ'။ ပြောပြောဆိုဆို ဘိုဘိုက ကျန် ဆင်တူလက်စွပ်ကို ယူစွပ်လိုက်ရင်း ဘဏ်ကတ်ဖြင့် ငွေရှင်းပေးလိုက်၏။ ဆိုင်ရှင်က ကတ်ပြားကို စက်ထဲထိုးထည့်ပြီး ကျသင့်ငွေ ဖြတ်ယူလိုက်၏။ ကတ်နှင့် ဘောက်ချာပြန်ပေးရင်း ကျေးဇူးတင်ကြောင်း၊ နောက်တစ်ခါ ဝယ်ရင်လည်း သူ့ဆိုင်မှာ ဝယ်ဖို့ပြော၏။ လိပ်စာကတ်ပြားလည်းပေးပြီး ဂရန်တီ ကတ်ပြားပါပေးလိုက်၏။ ရွှေမှုန် ကတော့ မှင်သက်မိနေပြီး စကားပင် မပြောနိုင်တော့။ ဘိုဘိုကို ကျေးဇူးတင်စိတ်၊ အားကိုး စိတ်ဖြင့် ငေးကြည့်နေမိ၏။ ဘိုဘိုကတော့ ဆိုင်ရှင်နှင့် အပြန်အလှန် နှုတ်ဆက်အပြီး ရွှေမှုန့်ပခုံးကို ဖက်ရင်း ထွက်လာခဲ့၏။

ဘိုဘိုတို့ နှစ်ယောက် မြို့အနှံ့ လျှောက်လည်ကြသည်။ ဘရာဗို ရုပ်ထုနှင့် ရေပန်းရှေ့မှာ ဓာတ်ပုံရိုက်တော့ ရွှေမှုန်ရဲ့ လက်က စိန်လက်စွပ်က နေရောင်ထဲမှာ တဖျပ်ဖျပ် တောက်လို့ နေသည်။ ရွှေမှုန်၏ အပြုံးကလည်း တောက်ပလို့နေသည်။ မြို့တော်ခန်းမ၊ 'ကာဇုလတ်စစ် ဘော်ရှိမိယပ်စ်' ဘုရားရှိခိုးကျောင်းနှင့် ပြတိုက်၊ ကာဗာရီ စိန့်ပေါကျောင်း၊ 'ဘလန်ဆေး ကဇာတ်ရုံကြီး' စုံနေအောင် အားရပါးရ လည်ပတ်ပြီးမှ တရုတ်တန်းဘက် သွားကြည့်ကြ၏။ ပြီးမှ 'ဘရပ်ဆဲလ်မြို့'ဘက် မပြန်မီ တရုတ်ဆိုင်မှာ ညနေစာစားကြသည်။

ရွှေမှုန်အတွက်လည်း အိပ်မက်မက်နေသလို၊ ဘိုဘိုအတွက်လည်း ရွှေမှုန်နှင့်အတူ ရွှေလက်တွဲ၍ လည်ပတ်နေရသည်မှာ သည်းထိတ်ရင်ဖို အိပ်မက်တစ်ခု မက်နေရသလို ဖြစ်၏။ စကိတ်စီး လူငယ်လေးဦးအဖွဲ့က သူတို့ကို စနောက်သည့် သဘောဖြင့် တစ်ပတ် ပတ်ပြီး အသံပေါင်းစုံအော်ရင်း နှုတ်ဆက် ထွက်သွားကြ၏။

❖

အခန်း (၂၈)

## သာသနာအတွက် ရုန်းကန်ခြင်း

ဒေါက်တာမြတ်ဘုန်းတစ်ဖြစ်လဲ ဦးယိုးသည် ယခုတော့ ကျောက်ဆင်တောရ ကျောင်းတိုက်တွင် အသားကျစပြုလာပြီဖြစ်၏။ ကျောက်ဆင် ဆရာတော်ဘုရား (ပခုက္ကူ ဆရာတော်) လက်ထက်ကတည်းက ခွင့်မပြုခဲ့သောကြောင့် ကျောက်ဆင်တောရတွင် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာဂျာနယ်၊ ကက်ဆက်၊ လက်ကိုင်ဖုန်းများ လုံးဝမရှိ။ ညအိပ်စက်ရန် ခုတင်မထား၊ ပက်လက်ကုလားထိုင်ဖြင့်သာ ညဉ့်ကို ကုန်စေရ၏။ အရေးပေါ်သုံးရန် ထားသည့် တစ်လုံးတည်းသော ဖုန်းပင်လျှင် ကျောင်းဝင်းအတွင်းမှာ မထားဘဲ ဘုရားကုန်းတော်ပေါ်ရှိ ဂေါပကရုံးခန်းတွင်ထား၏။

အလွန် ဆူညံပြီးမျက်စေ့ ရှုပ်လှသည့် ထိုင်းနိုင်ငံမှာ နေခဲ့ရသည့် ဦးယိုးမှာ အသံများ တိတ်ဆိတ်ငြိမ်သက်နေသည့် ကျောက်ဆင်၌ သီတင်းသုံးရသည်မှာ ထူးထူးခြားခြား ချမ်းသာနေ၏။

ဆွမ်းခံကြွရာမှအစ အပါး လေး၊ ငါးဆယ်လောက်ရှိသော သံဃာတော်များထံမှ မည်သည့်အသံမျှမထွက်၊ သတိကပ်လျက် အမှတ်ကိုယ်စီဖြင့် ကြွလှမ်းနေကြခြင်း ဖြစ်၏။

ပဏ္ဍင်းအသစ်ဖြစ်သောကြောင့် လေ့လာသင်ယူစရာတွေက များလှသည်။ ဝါကြီးသော သံဃာများ ဣန္ဒြေကြီးမားသော ဆရာများ၏ အရိပ်အခြည်ကို မပြတ်ကြည့်နေရ၏။ တစ်ရက် ဆွမ်းခံသွားစဉ် လမ်းဆုံတစ်ခု၌ အမေဖြစ်သူက သမီးအား 'မျှစ်ကြော်ကုန်ရင် ပဲသီးသုပ် လောင်းလိုက်'ဟု ပြောသံကြားရ၏။ သူ့ရှေ့က နှစ်ပါးကျော်မှာရှိသော ဦးကုဏ္ဍလက သပိတ်ဖွင့် မပေးဘဲ ဆက်လျှောက်သွားသည်ကို သတိထားမိလိုက်သည်။ သူကတော့ ထုံးစံအတိုင်း သပိတ်ဖွင့်၍ ခံယူလိုက်၏။ ဆွမ်းခံအပြီး ကျောင်းသို့ အပြန် လမ်းတွင်လည်း အဘိုးအိုတစ်ဦး ရှိခိုး၍ တောင်းရမ်းနေသည်ကို ဦးကုဏ္ဍလနှင့်အတူ သံဃာလေးငါးပါးက လောင်းလှူလိုက်သော ဆွမ်းခဲဖွယ်ထဲမှ အဘိုးအိုကို စွန့်ကြနေသည်ကို တွေ့ရ၏။ တချို့ ကိုယ်တော်တွေက မလှူကောင်းဘူး၊ လှူကောင်းတယ် ငြင်းနေသံ ကြားရသဖြင့် ဦးယိုးခေါ် ဦးပညာက လှူချင်လျက်နှင့် မလှူရဲဖြစ်နေ၏။

ကျောင်းပြန်ရောက်၍ ဆွမ်းစားအပြီးအတွင် ဦးကုဏ္ဍလ၏ ကမ္မဋ္ဌာန်းကျောင်းသို့ သွားရောက် မေးမြန်းလျှောက်ထားရာ ဦးကုဏ္ဍလက စိတ်ရှည်စွာ ရှင်းပြ၏။

'ဟုတ်တယ် ကိုယ်တော်၊ ဆွမ်းခံတုန်းက သပိတ်အဖုံးဖွင့်ပြီး အလှူမခံတာက ဒကာ၊ ဒကာမတွေရဲ့ အသုံးအနှုန်းကြောင့်ပါ။ 'ဆွမ်း' ဆိုတဲ့ စကားလုံးပါမှပဲ အပ်တယ်။ ဆွမ်း

မပါဘဲ၊ ဥပမာ ဝက်သားဟင်းဘုဦးပေးကြွပါဆိုရင် မအပ်ဘူး။ ဝက်သားဟင်း ဆွမ်းဘုဦး ပေးကြွပါဆိုမှ အပ်ပါတယ်။ မအပ်တဲ့ အသုံးအနှုန်းနဲ့ဆိုရင် ဆွမ်းမခံကောင်းဘူး။ ဆွမ်း မစားကောင်းဘူး။ အခုလည်း မနက်က 'မျှစ်ကြော်၊ ပဲသီးသုပ်' လို့ သုံးနှုန်းတယ်။ အမှန်က မျှစ်ကြော်ဆွမ်း ပဲသီးသုပ်ဆွမ်းဆိုမှ အာပတ် မသင့်မှာပေါ့'

'တောင်းရမ်းသူများကိုကော စွန့်ကောင်းပါသလားဘုရား'

'တောင်းရမ်းသူ၊ အမိအဖ၊ ရဟန်းအချင်းချင်း၊ သာမဏေ စတာတွေကို ပေးရင် အပြစ် မရှိပါဘူး'

'ဆွမ်းနဲ့ ပတ်သက်တဲ့ ဗဟုသုတလေးတွေ တပည့်တော်ကို မိန့်ပါဘုရား'

'ဘုရားရှင်လက်ထက်က ရဟန်းတစ်ပါးက သစ်ပင်ကို ခုတ်တော့ ရုက္ခစိုး (သစ်ပင် စောင့်နတ်) မရဲ့ သားကလေးကို ခုတ်မိခဲ့ဖူးတယ်၊ ဒါကြောင့် ဘုရားက သစ်ပင်နဲ့ ပတ်သက် တာကို မခုတ်မလှီးရလို့ ပညတ်ခဲ့တယ်၊ နောက်ဆက်တွဲ အပင်ပြန်ပေါက်နိုင်တဲ့ သစ်ကိုင်း၊ သစ်စေ့ စတာတွေကိုလည်း မဖျက်ဆီးရဘူးလို့ ပညတ်တယ်၊ ဒါကြောင့် ဒကာ၊ ဒကာမတွေက မစားမီ လက်သည်း၊ ဓား၊ တုတ်ချွန်တွေနဲ့ အသီးနဲ့ တို့စရာတွေကို စတိသဘော ဖျက်ဆီးတာကို ကပ္ပိတယ်လို့ ခေါ်တယ်၊ ဒကာ၊ ဒကာမတွေ ကပ္ပိပေးခြင်း မလုပ်ဘဲ ဘုဦးပေးရင် အာပတ် သင့်တော့တာပဲ'

သံဃာတွေက ဒကာ၊ ဒကာမတွေကို မပေးကောင်းတဲ့ ပစ္စည်းတွေလည်း ရှိတယ်။ ပန်း၊ သစ်သီးသစ်ရွက်၊ ဆပ်ပြာ၊ သဲဆပ်ပြာ၊ ဝါး၊ တံပူနဲ့ ဆေးဝါးတွေ မပေးကောင်းဘူး။ အာပတ်သင့်တယ်။ ဆေးဝါးက ဆွေမျိုးမိဘကိုတော့ ပေးကောင်းတယ်။

'ကျောင်းကို မလာကောင်းတာတွေ ကန့်သတ်ထားတာ ရှိသလားဘုရား'

'ဒကာမတွေဟာ ကျောင်းကို တစ်ယောက်တည်း မလာသင့်ဘူး၊ သံဃာတစ်ပါးတည်း ရှိတဲ့အချိန် နှစ်ယောက်တည်း စကားပြောမိရင် သံဃာမှာ အာပတ်သင့်တယ်၊ သံဃာနေတဲ့ ကျောင်းကို ဒကာမက တစ်မိုးတည်းမှာ ညအိပ်တည်းခိုရင် အာပတ်သင့်တယ်'

'မစားအပ်တဲ့ အသားဆိုတာကော ဘုရား'

'အစွန်းသုံးပါးမလွတ်တဲ့အသားကို ပြောတာ၊ မြင်သားဆိုတာက ရဟန်းသာမဏေ အတွက် ရည်ရွယ်ပြီး သတ်တာကို မြင်လိုက်ရတာ၊ ကြားသားဆိုတာက ရဟန်းသာမဏေ အတွက် ရည်ရွယ်ပြီး သတ်တာကို ကြားလိုက်ရတာ၊ ထင်သား ဆိုတာက ရဟန်းသာမဏေ အတွက် ရည်ရွယ်ပြီး သတ်တာလို့ထင်ပြီး စိတ်မသန့်ဖြစ်နေတာ၊ ဒီသုံးမျိုးစားရင် အာပတ် သင့်တယ်၊ နောက်ပြီး မစားအပ်တဲ့ အသားကြီး ၁၀ မျိုးက လူသား၊ ဆင်သား၊ ခွေးသား၊ မြင်းသား၊ ခြင်္သေ့သား၊ ကျားသား၊ ကျားသစ်သား၊ ဝံသား၊ အောင်းသား ဆယ်မျိုးပဲ ကိုယ်တော်'

'တကာတွေ နားမလည်လို့ အကပ်ပျက်ရင်ကော အာပတ်သင့်သလားဘုရား'

'အာပတ်သင့်တာပေါ့၊ အကပ်မမြောက်တဲ့ အချက် ငါးချက်ရှိတယ်'

ကပ်မည့်သူက လှူဖွယ်ပစ္စည်းကို သံဃာဘက် တည့်တည့်လှည့်ပြီး ရိုရိုသေသေ ခါးညွတ်ပြီး ရှေ့တိုးရင်း ပေးရမယ်၊ ဒကာက သံဃာရဲ့အနီး နှစ်တောင့်ထွာအတွင်းမှာ ရှိရမယ်။ လူရွယ်တစ်ယောက် မြှောက်ပြီး မ, နိုင်တဲ့ပစ္စည်း ဖြစ်ရမယ်၊ ကိုယ်နဲ့ ဖြစ်ဖြစ်၊ ကိုင်ထားတဲ့ ခွက်၊ လင်ပန်းနဲ့ဖြစ်ဖြစ်၊ လက်ကလွှတ်ပြီးဖြစ်ဖြစ် ထင်ရှားအောင် ပေးရမယ်။ သံဃာက ကိုယ်နဲ့ဖြစ်ဖြစ် လက်နဲ့ဖြစ်ဖြစ်၊ ကိုင်ထားတဲ့ ခွက်နဲ့ဖြစ်ဖြစ်ခံရင်၊ တို့ရင်၊ ထိရင် သိစေအပ်ပြီး သံဃာက ဆောင်ယူမှ၊ ဒါမှ အကပ်မြောက်ပြီး အာပတ်မသင့်မှာဖြစ်တယ်။ ကပ်ပြီးရင် လူတွေက ထပ်မကိုင်ရဘူး။

'အချိန်နဲ့ ပတ်သက်လို့ကောဘုရား'

'ဒကာ၊ ဒကာမတွေက တချို့ ဆွမ်းစားချိန်ကို မွန်းတည့် ၁၂ န ဂရီ မကျော်ရဘူး ဆိုတာပဲ သိကြတယ်၊ အရုဏ်မတက်မီ စောပြီးကပ်မိလို့ရှိရင် သံဃာမှာ 'ပါစိတ်' အာပတ် သင့်တယ်ဆိုတာ တချို့မသိကြဘူး'

'အရုဏ်တက် မတက် ဘယ်လိုသိနိုင်မလဲဘုရား'

'ဝါဆိုလမှာ အရုဏ်တက်ချိန် လေးနာရီခွဲဖြစ်ပြီး ပြာသိုမှာတော့ နံနက် ငါးနာရီခွဲ ဖြစ်တယ်၊ ကြားထဲ ကာလတွေတော့ ဝါဆိုကနေ ပြာသိုကို ၁၀ မိနစ်စီ တိုး၊ ပြာသိုကနေ ဝါဆိုကို ၁၀ မိနစ်စီ လျှော့သွားပြီး တွက်ရတယ်၊ သာမန်ခန့်မှန်းနိုင်တဲ့ တွက်နည်းကတော့ နေထွက်ချိန်ကို တစ်နာရီလျှော့လိုက်ရင် အရုဏ်တက်ချိန် တွက်လို့ရတယ်' 'အရုဏ်မတက်ခင် ဆွမ်းကပ်မိရင် ဆရာတပည့် နှစ်ဦးနှစ်ဖက်စလုံး အကျိုးယုတ်ကြရတယ်၊ ဆရာက အာပတ်သင့်ပြီး တပည့်က သာသနာကို ညစ်နွမ်းအောင် လုပ်ရာရောက်တယ် ကိုယ်တော်'

'ဆွမ်းဆန်စိမ်း ကပ်တဲ့ အခါမှာကောဘုရား ဆောင်ရန်ရှောင်ရန်တွေ မိန့်ပါဦး'

'မွန်းလွဲပိုင်းဖြစ်နေရင်၊ စားဖွယ်သောက်ဖွယ် မဟုတ်တဲ့ ပစ္စည်းတွေပဲ တိုက်ရိုက် အလှူခံလို့ရတယ်၊ ဆွမ်းဆန်၊ ငါးခြောက်၊ နှမ်းဆီ၊ ဖျော်ရည်၊ ဆေးဝါးတွေကျတော့ တိုက်ရိုက် အကပ်ခံရင် အာပတ်သင့်တယ်၊ သာမဏေတို့ ကပ္ပိယတို့ကတစ်ဆင့်ပဲ လောင်းလှူလို့ ရတယ်၊ နဝကမ္မငွေကျတော့ သာမဏေကိုပါ မလှူသင့်ဘူး'

ဦးယိုးခေါ် ဦးပညာမှာ ဦးကုဏ္ဍလအကြောင်းကို ကောင်းကောင်းသိသူ ဖြစ်၏။ သူ့ ကျောင်းဆောင်ထဲတွင် ချိုချဉ်၊ ဖျော်ရည်ထုပ်ကအစ တစ်စွန်းတစ်စမှ မြင်တွေ့ရခြင်း မရှိ။

ဓမ္မာရုံဘက် လှမ်းကြည့်လိုက်တော့ ဆရာတော် ဦးသီလ၊ ဆရာတော် ဦးဇောတိက အပါအဝင် သံဃာသုံးလေးပါး ဝတ်ပြုချိန်နီး၍ ကြွသွားတာ မြင်ရသည်။ ကျေးငှက်တို့ အော်မြည်သံကလွဲ၍ ဒဟတ်ပင်၊ သန်းပင်နှင့် မန်ကျည်းပင်တို့ပင် ငြိမ်သက်နေကြသည်။ သူတော်ကောင်းများနှင့် နီးစပ်တော့ သက်မဲ့များပင် အကျွမ်းဝင်၍ ငြိမ်းအေးသောအသွင်ကို ဆောင်နေကြသည်တကား။

အခန်း (၂၉)

## သည့်တောင်ကိုမောင်ဖြိုမယ်

ဖြိုရမည့်တောင်က တော်ရုံထုထည်ကြီးမား မတ်စောက်သည့် တောင်တော့ မဟုတ်ပါ။ ဆုံးစမထင်သည့် သံသရာတစ်လျှောက်လုံး အထပ်ထပ် စုပုံလာခဲ့သည့် ကိလေသာ တောင်ကြီးပင် ဖြစ်၏။

ယိုးဒယားမှာ နေလာသူ ဆရာဝန်တစ်ယောက်ဖြစ်ခဲ့၍ သံဃာတွေက အလွယ်တကူ ဦးယိုးဟုခေါ်သော ဒေါက်တာမြတ်ဘုန်းတစ်ဖြစ်လဲ ဦးပညာသည် ရဟန်းမဝတ်မီကပင် သစ္စာဉာဏ်ရဖို့ မည့်သည့် ဆင်းရဲဒုက္ခမျိုးကိုမဆို အဆုံးစွန်အထိ ခံသွားရန် စိတ်ပိုင်းဖြတ်ပြီးသား ဖြစ်၏။

အမှန်က အွန်လိုင်း (online) မှာ ဓမ္မမိတ်ဆွေဖြစ်ခဲ့သည့် အမေရိကန်နိုင်ငံမှ ဦးသုန်က အပြတ်အသတ် ရဟန်းဝတ်နှင့် အားထုတ်ချင်လျှင် ပင်ပန်းဆင်းရဲခံနိုင်ပါက ကျောက်ဆင်တောရက အသင့်တော်ဆုံးဖြစ်ကြောင်း လမ်းညွှန်သည့်အတွက် ကျောက်ဆင်တောရကို လာရန် စိတ်ကူးပြီး ဖြစ်၏။ ပို၍ မြန်မြန်ဆန်ဆန် သွားဖြစ်သည့်အကြောင်းရင်းက ဤသို့ ဖြစ်၏။

တစ်နေ့ အာဂန္တုသံဃာတစ်ပါးနှင့် ဆုံဖြစ်ပြီး စကားစပ်မိရင်းမှ ၎င်းသံဃာမှာ ကျောက်ဆင်တောရမှာ ကြာကြာမနေနိုင်သည့်အတွက် တပ်ခေါက်ပြီး ပြန်ကြွလာသူ ဖြစ်နေ၏။ သူက. . .

'မလွယ်ဘူး ဦးပဥ္စင်းရေ၊ ကွမ်းလည်းမစားရ၊ ဆေးလိပ်လည်း မသောက်ရဘူး၊ ဝါတွင်းကာလဆိုရင် ရေနွေးကြမ်းတောင် သောက်ခွင့်မပြုဘူး၊ ဆွမ်းကလည်း မနက် ၈ နာရီခွဲ၊ ကိုးနာရီလောက်မှာ တစ်ထပ်ပဲ ပြီးရော၊ ဆွမ်းခံရွာတွေကလည်း သိပ်နီးလှတာ မဟုတ်ဘူး၊ မိုးရွာရွာ နေပူပူ ဆွမ်းခံလည်း မပျက်ရဘူး၊ တစ်ကျောင်းနဲ့တစ်ကျောင်း သွားလည်ရင်လည်း ပြောတယ်၊ အိပ်ရတော့လည်း ခုတင်မရှိဘူးဗျာ၊ ရှုတင်ဆောင်တဲ့အထဲ 'နေသဖွီက ရှုတင်' ကပါနေတော့ ညဆိုရင် ထန်းပက်လက် ကုလားထိုင်နဲ့ပဲ မှေးရတာ၊ တစ်လလောက်နေကြည့်မယ် စိတ်ကူးတာ သုံးရက်နဲ့ လစ်လာခဲ့ရတယ် ဦးပဥ္စင်းရေ မလွယ်ဘူး'

ဦးပညာခေါ် ဦးယိုးက ပြုံးပြုံးလေး နားထောင်ရင်း သံမဏိဆုံးဖြတ်ချက်က ရင်ထဲမှာ ချလိုက်ပြီ ဖြစ်၏။ နောက်တစ်ပတ်အထိ မစောင့်ဆိုင်းလိုတော့ဘဲ နောက်တစ်နေ့တွင်ပင် ကျောက်ဆင်ကို ကြွရန် ပြင်ဆင်ခဲ့ခြင်းဖြစ်၏။

'ဓုတင်' ဆိုသည့် အဓိပ္ပာယ်က 'ကိလေသာခါထုတ်ခြင်း' တစ်နည်းအားဖြင့် 'ကိလေသာကို ပြင်းပြင်းထန်ထန် ခါထုတ်ပစ်ခြင်း' ဟု အဓိပ္ပာယ်ရ၏။

သူက ဘုရင့်နောင် ဖောင်ဖျက်၊ တော်ရုံလူ မစွန့်လွှတ်နိုင်သည့် လစာဝင်ငွေ၊ ရာထူးဂုဏ်ထူးတွေကို တိကနဲ စွန့်လွှတ်ခဲ့ပြီး ဖြစ်၏။ အရင်းအနှီးက တော်တော်များခဲ့၏။ သည်လောက်အထိ ရင်းပြီးမှ ဆုလာဘ်နှင့်မလွဲအောင် သတိထားရမည်။ သေမည့်ရက်လည်း မည်သူမျှ မသိနိုင်၍ အချိန်တိုတိုအတွင်းမှာ အောင်မြင်မှု သရဖူကိုရဖို့ အပင်ပန်း အဆင်းရဲ ခံရမည်ဟု ခံယူသည်။

ကျောက်ဆင်တောရမှာ အသားကျပြီဆိုသည်နှင့် သူ့စိတ်ထဲက စိတ်ကူးကို အကောင်အထည်ဖော်ရန် စတော့သည်။ သူ့စိတ်ကူးက ဓုတင် '၁၃' ပါး စလုံးကို ဆောင်ရန်ဖြစ်၏။

ကျောင်းထိုင် ဆရာတော် ဦးကောဝိဒက မရပ်မနားသာ သာသနာ့တာဝန် ထမ်းဆောင်နေရ၏။ ခန္ဓာကိုယ် အတန်ငယ် ဝသယောင် ရှိသော်လည်း ဆရာတော်မှာ သွက်လက်ဖျတ်လတ်၏။ ပခုက္ကူဆရာတော်ကြီး ရှိစဉ်က ထမ်းဆောင်ခဲ့သည့် တာဝန်များကို တစ်သဝေမတိမ်း ယခုထိ တက်တက်ကြွကြွ ထမ်းဆောင်နေဆဲဖြစ်၏။

လက်ထောက် ဆရာတော် ဦးသီလသည်လည်း ကျန်းမာရေး မကောင်းသည့် ကြားထဲကပင် ဓုတင်ကို ကြိုးစား၍ ဆောင်၏။ ဆရာတော် ဦးဇောတိကကတော့ စကားနည်းပြီး သဘောကောင်းသည်။ ဦးပညာ (ဦးယိုး) စိတ်ဝင်စားသည့် သုသာန်ဓုတင်ကိုလည်း ဦးဇောတိကတစ်ပါးတည်း လူမသိသူမသိ တစ်ပါးတည်း သွားဆောင်လေ့ရှိကြောင်း သတင်းကြားပြီးဖြစ်၏။

ဓုတင်ဆောင်ခြင်းရဲ့ အကျိုးကျေးဇူးကတော့ စားရေး၊ ဝတ်ရေး၊ နေရေး လွယ်ကူပေါ့ပါးပြီး တရားအားထုတ်ဖို့ အချိန်များများရခြင်း၊ ခရီးသွားလာရ လွယ်ကူခြင်းနဲ့ မိမိအတွက် ဒကာ ဒကာမများ ကရိကထ မများခြင်းတွေ ဖြစ်ပါသည်။

၁။ပံ့သုကူ ဓုတင်မှာ လာလှူသော သင်္ကန်းကို လက်မခံဘဲ ကောက်ရသော ပိုင်ရှင်မဲ့ သင်္ကန်းကိုသာ သုံးဆောင်ခြင်း၊
၂။တိစီဝရိတ် ဓုတင်– သင်္ကန်းသုံးထည်နှင့်သာ နေခြင်း၊
၃။ပိဏ္ဍပါတ် ဓုတင်–နေ့စဉ် ဆွမ်းခံခြင်းနှင့် အပိုလှူသော ဆွမ်းကို လက်မခံခြင်း။
၄။သပဒါနစာရိက ဓုတင်– အိမ်စဉ်မကျော်ဘဲ အိမ်စဉ်မပျက် ဆွမ်းခံခြင်း၊
၅။ကောသနိက် ဓုတင်– တစ်နေရာတည်းတွင် တစ်ထပ်တည်း ဆွမ်းဘုဉ်းပေးခြင်း၊
၆။ခလုပစ္ဆာဘတ္တိက ဓုတင် – ဆွမ်းစားဆဲမှာ တော်ပြီဟု ဆုံးဖြတ်ပြီးနောက် ရလာသော ဆွမ်းကို ရှောင်ကြဉ်ခြင်း၊
၇။ပတ္တပိဏ္ဍိကဓုတင် – ခွက် သို့မဟုတ် သပိတ် တစ်ခုတည်းတွင်သာ ဘုဉ်းပေးခြင်း (သောက်ရေခွက်မှလွဲ၍ဒုတိယမြောက်ခွက်ကို သုံးလျှင် ဓုတင်ပျက်၏။)

၈။ အရညကင် ဓုတင် – တောရကျောင်းတွင်သာနေ၍ ညဉ့်အိပ် သီတင်းသုံးခြင်း။
၉။ရုက္ခမူ ဓုတင် – အမိုးအကာကို ပယ်၍ သစ်ပင်အောက်၌သာ နေ့/ညဉ့် နေထိုင် သီတင်း သုံးခြင်း။
၁၀။ အဗ္ဘောကာသိကဓုတင် – သစ်ပင်ရိပ်ကိုပါပယ်၍ အမိုးအကာ မရှိသော လွင်တီးခေါင်တွင်သာ နေ့ညဉ့်ကုန်ဆုံးစေခြင်း။
၁၁။ သုသာန်ဓုတင် – သုသာန်မှာသာ နေလေ့ရှိခြင်း။

ဓုတင် ၁၃ ပါး များသည် ထင်ရသော်လည်း သုသာန်တစ်ခု၏ အမိုးအကာ မရှိသော နေရာတွင် သက်န်းသုံးထည်၊ သပိတ်တစ်လုံး၊ ထန်းပက်လက် ကုလားထိုင်တစ်ခုဖြင့် သီတင်းသုံးပါက တခြားဓုတင်တော်တော်များများ မလိုအပ်တော့။ ဥပမာ– ၈၊ ၉ နှစ်ခု ဆောင်ပြီးဖြစ်၏။

အများအားဖြင့် သုသာန်ဓုတင်ကို ဆောင်သော သံဃာတော်များသည် သုသာန်၌ နေ့အချိန် သီတင်းသုံးခဲ၏။ ညဉ့်အချိန်မှသာ တိတ်ဆိတ်မှုရှိသောကြောင့် လူတွေအားလုံး အိပ်မောကျချိန်မှသာ ဝင်ရောက်လေ့ရှိ၏။ ဦးပညာ (ဦးယိုး) က ဦးဇောတိကအနား ချဉ်းကပ် မေးမြန်းရာမှာ 'ဦးဇောတိက' က ယခုလို ရှင်းပြ၏။

'သုသာန်ဓုတင် ဆောင်ရာမှာ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ဖို့ လိုတာဆိုတော့ ဆောင်ရွက်ပုံတွေမှာလည်း သံဃာတစ်ပါးနဲ့တစ်ပါး မတူကြဘူးပေါ့၊ တချို့ကတော့ သုသာန်ဓုတင် ဆောင်နေစဉ်မှာ အမဲ၊ သား၊ ငါးနဲ့ အညှီအဟောက်တွေ စားလေ့မရှိကြဘူး၊ ဒါပေမဲ့ ပဋ္ဌာပိုဏ်ဓုတင်ဆောင်ထားသူများကျတော့ ရှောင်ဖို့ခက်တယ်လေ၊ အဓိကကျတာကတော့ သီလနဲ့ မေတ္တာ အဓိကပါပဲ၊ အချိန်က လူကောင်းသူကောင်းတွေ မထွက်ဘဲ သူခိုးသူဝှက်တွေ ထွက်တဲ့အချိန်ဆိုတော့ အသွားအပြန်မှာလည်း သတိဝီရိယနဲ့ ဂရုစိုက်ကြရတယ်။ လူ တော် တော်များများက လူသေတွေမြှုပ်တဲ့ သုသာန်ကိုရောက်ရင် ကြောက်စိတ်ရှိကြတယ်။ နှစ်ဦး နှစ်ဖက် ကြောက်စိတ်ကို ပြေပျောက်စေနိုင်တာကတော့ မေတ္တာပါပဲ၊ ကျောင်းတွင်းကျောင်းပြင်၊ ရွာအဝင်၊ သုသာန်အစပ်နဲ့ သုသာန်ထဲမှာကော အကြိမ်ကြိမ်ရပ်ပြီး မေတ္တာပို့ဖို့ အရေးကြီး တာပါပဲ။ အမျှအတန်းလည်း ဝေပေးရတယ်။

ဆရာတော်ဘုရားကြီး ရှိစဉ်က ယောဂီ အမျိုးသမီးတွေ ဖွတ်တောင်းဆိုတာနဲ့ သုသာန်ကို ခေါ်သွားရဖူးတယ်။ ပထမတော့ ဟုတ်သလိုလိုပဲ။ သုသာန်ထဲမှာ တရားရှုမှတ် နေခိုက် လူတစ်ယောက်က ငိုက်မျည်းပြီး ရှေ့ကယောဂီအမျိုးသမီးရဲ့ ကျောကုန်းကို ခေါင်းနဲ့ သွားဆောင့်မိတော့ လန့်အော်ပြီး ရတ်ရတ်သဲသဲ ဖြစ်သွားခဲ့ဖူးတယ်။ အဲဒီနောက် ဆရာတော်က ယောဂီအမျိုးသမီးတွေ လိုက်ခွင့်မပေးတော့ဘူး။

အမှန်ကတော့ ဘာမှ ဆန်းကြယ်တဲ့ နေရာမဟုတ်ပါဘူး။ နေရာတိုင်းဟာ လူသေ မမြှုပ်နှံခဲ့ဖူးတဲ့ နေရာမရှိပါဘူး။ လူတွေရဲ့ စိတ်ကကို ဆန်းကြယ်နေတာ။ ဒါကြောင့် ပထမအကြိမ် သွားစဉ်မှာတော့ တစ်ယောက်တည်း မသွားသင့်သေးဘူး။ ဆရာပါမှ ကောင်း တယ်။ တစ်ခါက ဒီလိုပဲ သံဃာတော်တစ်ပါး၊ တစ်ပါးတည်း သုသာန်ကြွရာမှာ ပုဆိုး

ခေါင်းမြီးခြုံ အိပ်နေတဲ့ အရက်သမား ကယောင်ကတမ်း ပြောနေရာကနေ ထလာတော့ ဘုန်းကြီးက ထိတ်လန့်ပြီး ထွက်ပြေးသတဲ့။ အရက်သမားက ဘုန်းကြီးကို မှတ်မိပြီး 'တပည့်တော်ပါဘုရား' ပြောလေ ဘုန်းကြီးက ကြောက်အားလန့်အားနဲ့ 'တပည့်တော်ပါ ဆိုလို့ကို ပြေးတာဟေ့' လို့ ပြောရင်း ခေါ်လေ ပြေးလေ ဖြစ်ခဲ့ဖူးတယ်။

ဦးပဥ္စင်းတို့ လိုက်ချင်သူတွေရှိရင် စုလိုက်ပေါ့။ ပို့ပေးပါမယ်။ အခု 'တဲစု' ရွာဘက်ကို ဆွမ်းခံအလှည့်ဆိုတော့ 'တဲစု သုသာန်' ကို သွားကြတာပေါ့။ သုသာန်ရောက်တော့မှ မေတ္တာပို့မယ်၊ ဓူတင်ဆောက်တည်ပြီးတော့ သုသာန်အနေအထား အရပ်လေးမျက်နှာမှာ ရှိတဲ့အပင်တွေ စတာတွေကို ဆရာက ရှင်းပြရတယ်။ နောက်ပြီး ငှက်နဲ့ တိရစ္ဆာန်လေး တွေက ထွက်ပေါ်လာတတ်တဲ့ အသံ သဘာဝတွေကို ရှင်းပြပြီးမှ တရားထိုင်ကြတာပေါ့။ ပြီးမှ ရွာထဲဝင် ဆွမ်းခံပြီး ပြန်ကြတာပေါ့။

## အခန်း (၃၀)

# သေခြင်းတရား၏ ပန်းချီကားတစ်ချပ်

အရွယ်ရောက်သူတိုင်း သုသာန်သို့ တစ်ခေါက်တစ်ခါတော့ သေဆုံးသူကို လိုက်ပို့ဖူးကြမည်မှာ အမှန်ပင် ဖြစ်သည်။ သေဆုံးသွားသူများက အပိုပြင်ဆုံး တရားကို ပြသနေသည့်တိုင် သေခြင်းတရားကို မိမိနှင့် ဆက်စပ်ပြီး တွေးမိသူလည်း ရှားပေမည်။ သွားလေသူများကတော့ သနားစရာပေါ့။ ဒါပေမဲ့ ကိုယ်နှင့်တော့ မဆိုင်။ ကိုယ်က ခိုင်မြဲနေသည်။ သေခြင်းတရားက ထည့်တွေးစရာ မလိုသေးလောက်အောင် ဝေးကွာလွန်းနေသေးသည်။ သည်လိုသာ ခံယူနေကြ၏။

ဝတ်ကျေတန်းကျေဖြင့် ပတ်သက်ရာ ပတ်သက်ကြောင်းမို့သာ သွားကြရသည်။ သုသာန်ဆိုသည့် နေရာ၌ တစ်စက္ကန့်လေးတောင် အချိန်ဆွဲပြီး မနေချင်ကြ။ သုသာန်မှာ ရောက်ခိုက်လူသားတို့ အနေဖြင့် ရှောင်လွှဲ၍ မရနိုင်သော သေခြင်းတရား၏ သာဓကများကို နဖူးတွေ့ဒူးတွေ့ ထိပ်တိုက် တွေ့နေပြီဖြစ်၍ ကြုံရသူများ၏ ခိုင်မြဲလှပြီ ထင်ခဲ့သော အတ္တကို ကိုင်လှုပ်ခြင်းခံကြရသည်။ စိတ်မသက်သာသည့် ကြားထဲကပင် စိတ်ပြေလက်ပျောက် စကားတွေ လှီးလွှဲပြီးပြောမိကြ ဆိုမိကြသည်။

သုသာန်ကို ကျောခိုင်းလိုက်ပြီ ဆိုသည်နှင့် သံဝေဂတရားတွေက သုသာန်မှာပဲ ကျန်ရစ်ခဲ့ကြသည်။ အိမ်အပြန် ခြေလှမ်းများက ကိလေသာခြေလှမ်းများ ဖြစ်သည်။

ပုထုဇဉ်များအတွက် သုသာန်ဟူသည် မင်္ဂလာကျက်သရေ မရှိသော နေရာတစ်ခုဟု မှတ်ယူကြသည်ကများသည်။ တကယ်တော့ သေခြင်းတရားကို မလွန်ဆန်နိုင်သော လူသားများအတွက် အလွန်စိတ်အားငယ်စရာကောင်းသည့်အပြင် စိတ်မသိုးမသန့်ပါ ဖြစ်ကြရသည်။

သုသာန်နှင့် ပတ်သက်သော ဒဏ္ဍာရီများကလည်း ပိုပိုသာသာ ပြောခဲ့ကြခြင်းကြောင့် စိတ်ဝင်စားဖွယ်ရာ၊ ထိတ်လန့်စရာ၊ ချောက်ချားစရာတွေကသာ များလွန်းနေသည်။

မှောင်ရီဖျိုးဖျ အချိန်ကစလို့ သုသာန်မှာ အလုပ်လုပ်သူများကအစ မနေသင့်တဲ့ အရပ်လို့ သတ်မှတ်ပြီး မနေကြတော့ပါဘူး။ ဒါကြောင့် လူဆိုးဓားပြများနဲ့ ရာဇဝတ်ကျူးလွန်သူများရဲ့ ပုန်းအောင်းဖို့ အကောင်းဆုံးနေရာလည်း ဖြစ်ခဲ့ပါသည်။

ဦးပညာ (ဦးယိုး) ပါဝင်သော သံဃာ ၇ ပါးသည် ကျောင်းပေါက်ဝမှစ၍ ရပ်တန့်ကာ မေတ္တာ ပို့သနေကြ၏။ မတိုးမကျယ်သော မေတ္တာပို့သံက အမှောင်ထုထဲမှ ဖောက်ထွင်းပြီး

ထွက်ပေါ်လာသည်။ အတွေ့အကြုံ မရှိသေးသော သံဃာများမှာ တက်ကြွ၍ ဆန်းကြယ်သော ခံစားမှုများနှင့်အတူ သူတို့ အင်မတန် လုပ်ဆောင်ချင်နေသော သုသာန်ရှုတင်ကိုလည်း မကြာမီတည်ဆောက်ခွင့် ရတော့မည်ဖြစ်ရာ ဝမ်းသာကြည်နူးမှုများလည်း ရောယှက် ခံစားနေရ၏။

ရွာအဝင်စပ်မှာလည်း ရပ်တန့်လိုက်ပြီး မေတ္တာပို့ကြပြန်၏။ 'ဆရာတော် ဦးဇောတိက' က လက်နှိပ်ဓာတ်မီးများကို လမ်းပေါ်မှလွဲ၍ ဘေးဘီထိုးကြည့်ခြင်းနှင့် အပေါ် ထောင်ထိုး ခြင်းများ မပြုရန် တားမြစ်ထား၏။ လမ်းပေါ်မှာ ထိုးဖို့တော့ လိုအပ်၏။ မြွေပါးကင်းပါး အဆိပ်ရှိသော သတ္တဝါများကို ရှောင်ကွင်းသွားနိုင်ဖို့လိုသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောရန်လည်း တားမြစ်၏။ တောင်ဝှေးကိုတော့ ကိုယ်စီယူလာခွင့်ပြု၏။ မနက် သုသာန်မှထွက်သည့်အခါတဲစု ဘုန်းကြီးကျောင်းတွင် သွားတိုက်၊ မျက်နှာသစ်ပြီး သင်္ကန်းရုံကြ၍ ဆွမ်းခံကြွကြရဦးမည်ဖြစ်ရာ သပိတ် ကိုယ်စီလွယ်လျက် 'နေသိထိုင်' ဆောင်ယူလျက်၊ သင်္ကန်းကြီး (အပေါ်ရုံ သင်္ကန်းအထူ) လည်း ခြုံလာကြသည်။

တဲစုသုသာန်သို့သွားရန်အတွက် ဆည်ဘေးမှတစ်ဆင့် တဲစုရွာနံဘေးအတိုင်း ဖြတ်သွားရ၏။ ညဥ့်တစ်နာရီကျော်ပြီဖြစ်၍ မှောင်အတိပြီးနေ၏။ လူသွားလူလာလည်း မရှိသလောက် ဖြစ်နေပြီ ဖြစ်သည်။ မည်းနက်နေသော လူနေအိမ်များနှင့် ထန်းပင် အမြင့် များက ကြယ်ရောင်အလင်းရှိသည့် ကောင်းကင်ကို နောက်ခံထားလျက် ငြိမ်သက် နေကြသည်။ ရွာဘက်ဆီမှ ခွေးအူသံ၊ ခွေးဟောင်သံနှင့် ကလေးငိုသံ၊ ချောင်းဆိုးသံတချို့ ကြိုးကြား ထွက်ပေါ်လာသည်မှလွဲ၍ လူခြေတိတ်ဆိတ်နေသည်။ ပုရစ်အော်သံနှင့် ပုစဉ်းရင်ကွဲသံ တို့ကလည်း တစ်ချက်တစ်ချက် မြည်နေ၏။ ထို့ကြောင့် သံဃာတစ်စု၏ တောင်ဝှေး ထောက်သံ၊ ခြေလှမ်းသံနှင့် လမ်းလျှောက်တိုင်း လွယ်ထားသည့် သပိတ်ကလှုပ်သဖြင့် သပိတ်ဖုံးမှ မြည်သံတို့က အတန်ငယ် ကျယ်သယောင် ထင်နေရ၏။ ဦးပညာကတော့ တရားအလုပ်ကို ကြိုးကြိုးကုတ်ကုတ် ထမ်းဆောင်ကြမည့် ရှုတင်ကိုယ်တော်များနှင့်အတူ ကြွလှမ်းနေရသည့် အတွက် ဝမ်းသာဂုဏ်ယူလျက်ရှိ၏။

သုသာန်အဝင်ဝတွင် ရပ်တန့်လျက် မေတ္တာပို့ကြပြီးနောက် တဲစုသုသာန်ထဲသို့ စိတ်လှုပ်ရှားတက်ကြွစွာ ဝင်ရောက်ခဲ့ကြ၏။ ရောက်ပါပြီ၊ သုသာန်၏ အနောက်တောင်ထောင့် ဆီမှာတော့ မီးသင်္ဂြိုဟ်ရန် အဆောက်အအုံက ထီးတည်းရှိနေသည်။ ကွယ်လွန်သူတို့ လဲလျောင်းရာ အုတ်ဂူလေးများက အစီအရီ ရှိနေကြသည်။ သပ်ရပ်သန့်ရှင်းသော သုသာန်၏ အလယ်လောက်တွင် တရားနာယူကြသည့် ဇရပ်လေးထဲသို့ သံဃာများ ဝင်ရောက်ပြီး နေရာ ယူကြ၏။ နေသိထိုင်များ အသီးသီး ခင်းကြပြီးလျှင် 'ဆရာတော် ဦးဇောတိက' က ရှေ့မှ တိုင်ပေးသည့်အတိုင်း မေတ္တာသုတ် စသည့် ပရိတ်တော်များ ရွတ်ကြ၏။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်နှင့် သံဃာဂုဏ်တော်တို့ မတိုးမကျယ် ရွတ်ကြသည်။ သုသာန်ရှုတင်အပါ အဝင် ရှုတင်ဆောက်တည်ကြ၏။ 'အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ'... အစချီသည့် မေတ္တာသုတ်ကို နူးညံ့သာယာစွာ ရွတ်ကြ၏။ အမျှဝေကြ၏။ ထို့နောက်မှ

ဆရာတော်က ဦးဆောင်ပြီး အုတ်ဂူများနှင့် မီးသဂြိုဟ်စက်ကြား ကွက်လပ်တွင် နိသီဒိုင်များ ခင်းပြီး နေရာယူလိုက်ကြ၏။ 'ဆရာတော် ဦးဇောတိက' က သုသာန်သဘာဝကို ဤသို့ ရှင်းပြ၏။

'အရှင်ဘုရားတို့ အသေအချာ နားစိုက်ထောင်ပါ၊ အခု အရှင်ဘုရားတို့ ရှေ့တည့် တည့်ကို ကြည့်ရင် အုတ်ဂူများနဲ့ ဇရပ်ကို မြင်တွေ့ရမှာပါ၊ ဘယ်ဘက်ဘေးမှာက ရွာနဲ့ချောင်း ရှိပါတယ်၊ ညာဘက်ဘေးမှာ ကြည့်လိုက်ရင် ကုက္ကိုပင်ကြီးတွေ တွေ့ရမှာပါ။ နောက်ကျော ဘက်မှာတော့ မီးသဂြိုဟ်စက် ရှိပါတယ်၊ ရွာဘက်ဆီက ကလေးငိုသံ၊ ချောင်းဆိုးသံ စတဲ့ လူသံတွေ ကြားရမယ်၊ ခွေးဟောင်သံ ကြားရမယ်၊ တစ်ခါတလေ မီးထိုးကြည့်တဲ့ အလင်းရောင် စသဖြင့် တွေ့ရမှာပါ၊ ချောင်းရေစီးသံ ကြားရမယ်၊ တွင်းအောင်း တိရိစ္ဆာန်လေးတွေ ပြေးတဲ့ အော်မြည်တဲ့ အသံလည်း ကြားရနိုင်တယ်၊ သစ်ပင်မှာလည်း လေတိုက်သံ၊ သစ်ကိုင်းကျိုးကျသံ၊ ငှက်တွေ အိပ်တန်း တက်ရာကနေ လန့်ပြီးအော်မယ်၊ အတောင်ပံခတ်မယ်၊ ဒါတွေကို မှတ်သားထားကြပါဘုရား၊ အားလုံး သဘာဝအသံတွေချည်းလို့သာ ခံယူထားပြီး မိမိရဲ့ တရားကိုသာ မိမိ နှလုံးသွင်းပြီး ရှုမှတ်ကြပါဘုရား၊ တပည့်တော်တို့ သုံးနာရီပြည့်အောင် အားထုတ်ကြပါမယ်၊ အချိန်စေ့ရင် တပည့်တော် သတိပေးပါမယ်၊ သုသာန်မဝင်ခင်မှာ အပေါ့အပါး သွားထားပြီး ဖြစ်ပေမယ့် ထပ်သွားချင်ရင် အသံမမြည်အောင် တိတ်တဆိတ် ထပြီးသွားနိုင်ပါတယ်ဘုရား။

ဆရာတော် ဦးဇောတိက၏ စကားအဆုံးတွင် အားလုံး ငြိမ်သက်သွားကြတော့၏။ ဦးပညာက ညာဘက်ရှုခင်းကို ကြည့်လိုက်တော့ ပန်းချီကားတစ်ချပ်လို လှပနေသော တဲစု သုသာန်ကို လရောင်ကြယ်ရောင်အောက်မှာ မြင်တွေ့ရ၏။ ဩော်. . လူသေသည် လူရှင်တွေလို ကြောက်စရာ မကောင်းဟူသော စကားကိုလည်း သတိရမိသည်။

တရားရှုမှတ်တော့ သံဝေဂနှင့်အတူ ဆိတ်ငြိမ်လွန်းသော နေရာမှာပင် စိတ်၏ မငြိမ် မသက်မှုကို တွေ့ရ၏။ တစ်သက်လုံး (တစ်သံသရာလုံး) လွတ်လွတ်လပ်လပ်နှင့် ကိလေသာ ကြားမှာ ပျော်ပါး လှုပ်ရှားလာသော စိတ်ကို ယခု ငြိမ်သက်အောင် ထိန်းချုပ်လိုက်တော့ ရေထဲက ငါးကို ကုန်းပေါ် ပစ်တင်လိုက်သလို ဖျပ်ဖျပ်လူးနေသည်။ ထိုင်းနိုင်ငံမှာ အလုပ်လုပ် ခဲ့သည်များ၊ အတူတူနေသည့် သူငယ်ချင်း မင်းသူ ဆိုင်ကယ် မတော်တဆမှုဖြစ်ပြီး သေဆုံး ခဲ့ပုံများ၊ မိဘများ၏ မျက်နှာများ တစ်ကွက်ချင်းပြောင်း၍ စိတ်ကလှည့်ပတ်ကာ မတည်မငြိမ် သွားလာလျက်နေသည်။ ငြိမ်သလို ရှိသွားပြန်လျှင်လည်း မျက်စိမှိတ်ထားလျက်က ကြံကြံဖန်ဖန် မြေကြီးထဲက တစ်ခုခုများ ထွက်လာမလား။ အနှောင့်အယှက်များ ပေးမလား စိုးရိမ်လို စိုးရိမ်၊ သည်လိုနှင့် ဆရာတော် ဦးဇောတိကမှာထားသလို မေတ္တာဟာ အဓိကပဲဆိုသည့် အတိုင်း မေတ္တာပို့ပြီး ကြောက်စိတ်ကို ဖျောက်ရပြန်သည်။ သည်လိုနှင့် သမာဓိအား ပြန် ကောင်းလာပြန်တော့လည်း ငိုက်မိပြန်သည်။ တရားရှုမှတ်သည့် အလုပ်ကား လွယ်မယောင်နှင့် အလွန်ခက်သည့်အလုပ် ဖြစ်သည်။ ဦးပညာက ငါဒီတစ်သက် ဖြစ်မြောက်ပါဦးမလား။ လူပြန်ထွက်ပြီး လူ့ဝတ်ကြောင်နှင့် အားထုတ်ရင်လည်း အဖြစ်သားပဲ စသည်ဖြင့် အားလျှော့

အရှုံးပေးချင်စိတ်တွေကလည်း တစ်ဖက်က ဆွဲဆောင်နေသည်။ ရဟန်းအလုပ်က သူထင်ထားသလောက် မလွယ်ကူတာတော့ အမှန်ဖြစ်သည်။ သူတစ်ခု မှတ်ချက်ချမိသည်ကား သံဝေဂရရန်၊ သမာဓိအားကောင်းရန်နှင့် တရားအားထုတ်ရန်အတွက် သုသာန်ထက်ကောင်းသောနေရာ မရှိဟူ၍ဖြစ်သည်။ ဦးဇောတိကသွားတိုင်း သူလိုက်မည်ဟုစိတ်ကူးမိသည်။ အတွေးများကို ရပ်တန့်ပြီး ကြိုးစားရှုမှတ်ရာ တည်ငြိမ်သွားပြီး တစ်နာရီလောက် အရှိန်ရသွား၏။ မကြာမီ ဦးဇောတိက၏ 'အချိန်စေ့ကြောင်း' နှိုးဆော်သံကြားရပြီးနောက် မေတ္တာပို့ အမျှဝေကြ၏။ 'နေသိထိုင် အခင်း' များကို ခေါက်သိမ်းကြပြီးနောက် တဲစုရွာထဲကျောင်းကို တိတ်ဆိတ်စွာ ပြန်ကြွကြ၏။

ဘုန်းကြီးကျောင်း၌ ခဏနားကြပြီးလျှင် မျက်နှာသစ်ကြ၍ အာရုဏ်တက်တွင် သင်္ကန်းကို သပ္ပာယ်အောင် လက်ကန်တော့ထိုးရုံပြီးနောက် သပိတ်ကိုယ်စီဖြင့် ဆွမ်းခံရန် စီတန်းထွက်ကြ၏။ ကျောင်းပြင်ရှိ လမ်းဆုံတွင် သံဃာအချို့ မီးလှုံရင်း စောင့်ဆိုင်းနေကြသည်ကို တွေ့ရ၏။ ရွာထဲကကျောင်းများမှ ကိုယ်တော်များသည် ကျောက်ဆင်တောရမှ သံဃာများကို စောင့်ဆိုင်းပြီးမှ အတူတကွ ဆွမ်းခံလေ့ရှိ၏။ ကပ္ပိယတစ်ယောက်က ရှေ့မှ ကြေးစည်တီးခတ်သံဖြင့် ဆရာဒကာများအပေါင်း သာသနာ့တာဝန်ထမ်းကြရန် နှိုးဆော်လျက်ရှိ၏။ သံဃာတန်းကြီးက ကြည်ညိုဖွယ်ရာ ဖြည်းဖြည်းချင်း ရွာထဲသို့ ပတ်ခွေ ကြွမြန်းရင်း သာသနာ့ဝန်ကို ဆရာဒကာ ညီညွတ်စွာဖြင့် ထမ်းရွက်လျက် နေကြသည်တကား။

## အခန်း (၃၁)

## မဟာယနကိုထိုးဖောက်သော အာဇာနည်ကြီးများ

အချိန်ကား နံနက် ၄း၃၀။ နေရာကား ဂျာမနီနိုင်ငံ၊ ဖရန့်ဖွတ်မြို့၊ 'ဟနောင်ယာလန်း' လမ်းမကြီး ပေါ်ရှိ ဖတ်ဟွေး (Phat Hue) ဗီယက်နမ်ကျောင်းတိုက်ကြီးမှာ ဖြစ်သည်။

ကျယ်ဝန်းခမ်းနားလှသော ဓမ္မာရုံကြီးတွင် အလွန်သပ္ပာယ်သော ဗုဒ္ဓကျောက်ဆင်းတု ရုပ်ပွားတော်ကြီးသုံးဆူမှာ ရွှေတိဂုံဘုရား တန်ဆောင်းရှိ ဆင်းတုတော်များလောက်ပင် ဉာဏ်တော် အမြင့်ရှိသည်။ ထူးခြားသည်ကား ရုပ်ပွားတော်၏ ရင်ဘတ်တော်တွင် စကြာတံဆိပ် တစ်ခုစီ ထင်ထင်ရှားရှား ဖော်ပြရေးခြယ်ထား၏။ စကြာတံဆိပ်က နာဇီတံဆိပ်ကို ဆိုလိုခြင်း မဟုတ်ဘဲ မဟာယနတို့၏ အထိမ်းအမှတ် လက္ခဏာသာဖြစ်၏။

မဟာယန သံဃာတော်များမှာ ထေရဝါဒ သံဃာတော်များလောက် ဝိနည်း တင်းကျပ်ခြင်း မရှိလှသည်ဖြစ်၍ ဆေးကုလို့လည်း ရသည်။ စီးပွားရှာလို့လည်း ရသည်။ ပိုက်ဆံ ကိုင်တာလောက်တော့ စကားထဲ ထည့်မပြောတော့။ ဂျပန် မဟာယနဆိုလျှင် ဘုန်းကြီးတွေ မိန်းမယူခွင့် ရှိသည်။ ယမကာ မှီဝဲခွင့်လည်း ရှိသည်။ မဟာယန သံဃာတော်များအနေဖြင့် ဥရောပကို ထိုးဖောက် ဝင်ရောက်ပြီး သာသနာပြုရာ၌ အခက်အခဲ သိပ်မရှိလှဘဲ မြန်မြန် တိုးတက်အောင်မြင်၏။ ဗုဒ္ဓဘာသာကို စိတ်ဝင်စားသော ဥရောပတိုက်သားများနှင့် ဆက်ဆံ ရာတွင်လည်း မဟာယန သံဃာများက ပေါ့ပေါ့ပါးပါး ရှိသောကြောင့် သဘောကျကြ၏။ ဖတ်ဟွေး ဗီယက်နမ်ဘုန်းကြီးကျောင်းက ကျယ်ဝန်းသော ခြံထဲမှာ အဆောက်အအုံ ကြီးကြီး မားမား နှစ်ထပ်ဆောက်လုပ်ထားပြီး အပေါ်ထပ်မှာမူ ဗီယက်နမ်ဘုန်းကြီးကျောင်းက အပ်စိုက်ကုသသည့် ဆေးခန်းများ ဖွင့်လှစ်ထား၏။

ဂျာမနီရောက် မြန်မာများမှာမူ အရည်အတွက်လည်း သိပ်မများလှသေး၊ ညီညွတ်မှု ကလည်း မရှိ။ ဦးဆောင်မည့် သံဃာကလည်း မမြဲသောကြောင့် အခန်းငယ်တစ်ခန်း ငှား ဖို့ပင် အခက်အခဲ ရှိနေသည်။

စင်ကာပူလို နိုင်ငံပင်လျှင် မြန်မာများ စုစည်းညီညွတ်သောကြောင့် သံဃာတော်များကို ပင့်ဆောင်ခြင်း၊ စာပေဟောပြောပွဲများနှင့် သင်္ကြန်ပွဲကို ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့သည်။ ဂျာမနီမှာက သည်လောက် အဖြစ်မရှိလှသော်လည်း ဥက္ကဋ္ဌအတွင်းရေးမှူးခေါင်းဆောင် နေရာလိုချင်သူများကမူ များလှသည်။

မြန်မာနိုင်ငံမှ သံဃာတော်များ အခါအားလျော်စွာ ကြွလာလေ့ရှိသော်လည်း မြန်မာ များက ပင့်ဆောင်ခဲ့ခြင်း မဟုတ်ဘဲ များသောအားဖြင့် ဖတ်ဟွေး ဗီယက်နမ် ဆရာတော်က

စပွန်ဆာပေးပြီး ပင့်ဆောင်ခဲ့သည့်သာများ၏။ ကြွလာသည့် သံဃာတော်များတွင် ဖားအောက်ဆရာတော်၊ အရှင်ဒေါက်တာနန္ဒမာလာဘိဝံသ၊ အလိုတော်ပြည့် ဆရာတော်၊ ပီနန်ဆရာတော်တို့ ကဲ့သို့ လူသိများသော သံဃာတော် တွေလည်း ပါခဲ့၏။

အဓိကကတော့ ဖားအောက်ဆရာတော်ကြီးနှင့် ဗီယက်နမ်ဆရာတော်က ရေစက်ပါခဲ့ပုံရပါသည်။ ဖားအောက်ဆရာတော်ကြီးက သားသတ်လွတ် ဘုဉ်းပေးပြီးလျှင် ဝိနည်းသိက္ခာ အလွန်အလေးထားသော ဆရာတော်ကြီးဖြစ်၏။ ဗီယက်နမ် ဆရာတော်တို့၏ မဟာယနအဖွဲ့ကလည်း သားသတ်လွတ်စားသုံးသည်ဖြစ်ရာ အသားငါး ဘုဉ်းမပေးသော ဖားအောက်ဆရာတော်ကြီးကို စတင်စိတ်ဝင်စားခဲ့၏။ ဗီယက်နမ်ဆရာတော်၏ ဖခင်၊ မဟာယနသံဃာများ၊ ဗီယက်နမ်သီလရှင်များ၊ မြန်မာနိုင်ငံရှိ ဖားအောက်တောရတွင် လာရောက်၍ လနှင့် တချို့ နှစ်နှင့်ချီ၍ တရားအားထုတ်ကြ၏။ ဗီယက်နမ်ဆရာတော်ကိုယ်တိုင်လည်း ဖားအောက်ဆရာတော် သီတင်းသုံးရာ မြန်မာနိုင်ငံသို့ ကြွ၍ တပည့်ခံနည်းနာခံယူကာ ထေရဝါဒနည်းနာများအတိုင်း တရားအားထုတ်ခဲ့ဖူးပါသည်။ သက်နီးဝတ်ရုံများကတော့ မဟာယန။ အပြင်ပန်းကြည့်လျှင် မဟာယန၊ အနှစ်သာရကြည့်လျှင် ထေရဝါဒကျင့်စဉ်များမှ ငြိမ်းအေးမှု အသီးအပွင့်များကို လက်တွေ့ခံစားကြရလေပြီ။

ထိုအချိန်မှစ၍ ဗီယက်နမ် ဖတ်ပွေးဆရာတော်သည် ထေရဝါဒကို သက်ဝင်ယုံကြည်သွားပြီးလျှင် မြန်မာနိုင်ငံမှ ဖားအောက်ဆရာတော်ကြီး အစရှိသည့် သံဃာတော်များကို ပင့်ဖိတ်ပြီး တရားပွဲများ ကျင်းပပေးခြင်း၊ ရက်ရလျှင်ရသလို ဝိပဿနာစခန်းသွင်း ကျင်းပပေးခြင်းများ ပြုလုပ်ပေး၏။

စည်းစနစ်ကတော့ အလွန်ကျနလှပါသည်။ အင်တာနက်မှတစ်ဆင့် ကြေညာထားပြီး စာရင်းသွင်းထားရ၏။ သုံးရက်စာ တရားစခန်းအတွက် မြန်မာငွေ တစ်သိန်းဝန်းကျင် ပေးသွင်းကြရ၏။ သတ်မှတ်သည့် လူဦးရေ ပြည့်သွားလျှင် လုံးဝလက်မခံတော့။ တရားထိုင်ချိန်၊ တရားဟောချိန်၊ နံနက်စာစားချိန်၊ နေ့လယ်စာ စားချိန် (ရောဂါရှိသူများအတွက် ညနေတွင် ပေါ့ပေါ့ပါးပါး သုံးဆောင်နိုင်သော အစားအစာလည်း ချထားပေး၏။) နံနက်စာနှင့် နေ့လယ်စာများမှာတော့ သားသတ်လွတ် ဘူဖေးဖြစ်ပြီး ကိုယ်တိုင် ထည့်ယူစားသောက်ရန်ဖြစ်၏။ ဟင်းချက်လက်ရာမှာတော့ ဆိုဖွယ်ရာ မရှိ။ ဗီယက်နမ်လက်ရာက တရုတ်ဟင်းများ လက်ရာနှင့် တော်တော်ဆင်တူ၏။ တချို့ဟင်းများမှာ ထိုင်းဟင်းများနှင့်ဆင်၏။ ဥရောပနိုင်ငံများမှ လာရောက် စခန်းဝင်သည်ဖြစ်၍ ဥရောပ အစားအစာလည်း အထိုက်အလျောက် ထည့်သွင်းထားပေး၏။

ယောဂီများကို အုပ်စုလေးများဖွဲ့ပြီး အလှည့်ကျခန်းမနှင့် အိမ်သာများကို သန့်ရှင်းရေးလုပ်ပေးရ၏။ အစီအစဉ် ရေးဆွဲသူများနှင့် ဧည့်ခံစီစဉ်သူများမှာ ဂျာမန်လူမျိုးများဖြစ်သည်။ ဘာသာပြန်ဆိုမည့်သူများမှာ ဗီယက်နမ်ဆရာတော်ထံတွင် လနှင့်ချီ၍ ဗုဒ္ဓစာပေလေ့လာနေသော ဟောလီဝုဒ်မှ သရုပ်ဆောင်ငယ်လေးများဖြစ်သည့် အမေရိကန် ဒုလ္လဘနှင့် သီလရှင်များက ရိုက်ကူးရေးနှင့် တွဲဖက်၍ တာဝန်ယူထားသည်။

အချိန်စေ့လျှင် သတိပေး ခေါင်းလောင်းလေးများလှုပ်ရန်နှင့် တရားထိုင်စဉ် စည်းစနစ်ကျနစေရန် ကြီးကြပ်ဖို့ ဗီယက်နမ်နှင့် ဂျာမန်သီလရှင်များက တာဝန်ယူထားပါသည်။

တရားစခန်းကြီးက တော်တော် ကြီးကျယ်ခမ်းနားလှပါသည်။

နံနက် ၄း၃၀ နာရီတိတိတွင် ဓမ္မာရုံ ခန်းမသို့ ဖားအောက်ဆရာတော်ကြီးက မနှေးလွန်း မမြန်လွန်းသော သတိကပ်သည့် ခြေလှမ်းတော်များ လှမ်းလျက် ကြွလာပါသည်။ ဆရာတော်ကြီး ကြွလာတော့မည် ဆိုသည်နှင့် ဓမ္မာရုံတံခါးပေါက်၏ ညာဘက်ဘေးတွင် ရှိသော ဗီယက်နမ် ခြောစည်ကြီးကို တီးခတ်ပါသည်။ ပထမသာသာ ညင်းညင်း၊ ဖြည်းဖြည်း တစ်ချက်ချင်းမှသည် စည်းချက် မြန်သည်နှင့်အမျှ ခြောသံကလည်း ကျယ်လောင်လာပြီး ကြက်သီးမွေးညှင်းများပင် ထလောက်ပါသည်။

ကိုထွန်းမြင့်ဝင်းတို့ ဇနီးမောင်နှံလည်း လာရောက်စခန်း ဝင်နေသည်ဖြစ်ရာ ငါတို့ မြန်မာဘုန်းကြီးတစ်ပါး အလွန်ကြည်ညိုဖွယ်ဆောင်လျက် ကြွချီလာပါလားဟူသော နိုင်ငံသာသနာကို ဂုဏ်ယူစိတ်ဖြင့် ရင်ထဲမှာ ပီတိလှိုင်း ရိုက်ခတ်နေ၏။

ဆရာတော်ဘုရားက ဘုရားဆင်းတုတော်ရှေ့တွင် ဝတ်ပြုပြီး တရားထိုင်၏။ ဓမ္မာရုံထဲမှ ယောဂီအပေါင်းတို့လည်း မိမိတို့နေရာမှာ အသီးသီး ငြိမ်သက် တိတ်ဆိတ်စွာ တရားရှုမှတ်ကြတော့၏။

ပရိသတ်က ဓမ္မာရုံနှင့်အပြည့်ဖြစ်၏။ နိုင်ငံကတော့ နိုင်ငံပေါင်းစုံ အမေရိကန်၊ အင်္ဂလိပ်အပြင် ဥရောပ တစ်တိုက်လုံးရှိ နိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံ လာရောက်၍ တရားစခန်းဝင်ခြင်းဖြစ်သည်။

တရားချိန်ပြည့်သောအခါ ဖားအောက်ဆရာတော်ကြီးက ဣန္ဒြေကြီးမားစွာ ပလ္လင်ပေါ်တက်လိုက်၏။ ဟောလီဝုဒ်မှ ရဟန်းလာဝတ်နေသော အမေရိကန် ကိုယ်တော်တစ်ပါးက ဗွီဒီယိုကင်မရာကို ချိန်ပြီးဖြစ်နေ၏။ အခြားကိုယ်တော်တစ်ပါးက ဆရာတော်၏ ရင်ဘတ်လောက်တွင် စကားပြောခွက်အသေး (မိုက်ကရိုဖုန်း) လေးကို ချိတ်တွယ်ပေးလိုက်၏။

ဖားအောက်ဆရာတော်ကြီးက တရားရှင်ဘုရားကို ဂါရဝစကားဖြင့် ပူဇော်ပြီးနောက် အလွန်ရှင်းလင်းပီသသော အင်္ဂလိပ်စကားဖြင့် စတင်၍ တရားဟောတော် မူပါသည်။

ကိုထွန်းမြင့်ဝင်းစိတ်တွင် ကုလသမဂ္ဂများ ရောက်နေသလားဟု ထင်နေရ၏။ ယောဂီတွေ အားလုံးက နားမှ နားကျပ်ကလေးတွေ ကိုယ်စီတပ်လျက်။ ဗီယက်နမ် သီလရှင်တစ်ပါးက ဗီယက်နမ်ဘာသာသို့ ပြန်ဆို၍ အသံလွှင့်စက်မှ လွှင့်ပေးလျက်ရှိ၏။

ဂျာမန်ဘုန်းကြီးတစ်ပါးက ဂျာမန်ဘာသာသို့ အီတလီယောဂီတစ်ပါးကလည်း အီတလီဘာသာသို့၊ ပြင်သစ်ယောဂီက ပြင်သစ်ဘာသာသို့ အသီးသီး တိုးညှင်းစွာပြန်ဆိုပေးနေသည်ဖြစ်၍ ဆရာတော် ဘုရားကြီး၏ တရားသံနောက်တွင် ဘာသာစကားမျိုးစုံတို့၏ တရားဓမ္မ အသံများ ပျံ့လွှင့်လိုက်ပါနေ၏။

တရားစစ်ချိန်မှာတော့ ကိုထွန်းမြင့်ဝင်းတစ်ယောက် အံ့အားအသင့်ကြီး သင့်စရာ ကြုံတွေ့ရ ပါတော့သည်။ ဆရာတော်ကြီးကိုယ်တိုင် တရားစစ်ပေးသည်ဖြစ်ပြီး အားလုံး အခန်းထဲ ဝင်ခွင့် ပြုထားသည်ဖြစ်ရာ ဥရောပနိုင်ငံသား ယောဂီများ၏ အင်္ဂလိပ်ဘာသာဖြင့် တရားမေးလျှောက်ပုံနှင့် ဆရာတော်ဘုရားကြီး၏ တရားရှင်းပြပုံတို့ကို ကြားနာနေရသည် ဖြစ်၍ အံ့အားသင့်စရာ အလွန်ကောင်းလှသော မြင်ကွင်းဖြစ်ပါသည်။

ကိုယ့်နားကိုယ်ပင် မယုံနိုင်လောက်အောင် ဥရောပတိုက်သားများသည် တရား ကျင့်ကြံအားထုတ် ကြိုးစားခဲ့သူများဖြစ်ပြီး ပဋိဘာဂနိမိတ်တွေ၊ အတွေ့အကြုံတွေကို ဆရာတော်ထံ လျှောက်နေကြသည်မှာ ကျမ်းဂန်များထဲတွင် ဖတ်ဖူးသည့်အတိုင်း ဖြစ်နေပါ သည်။

'တပည့်တော် ပုတီးကြိုးလေးတွေလို မြင်ရပါတယ်ဘုရား'

'တပည့်တော် အခိုးအငွေ့လေးတွေ အညိုရောင်၊ အပြာရောင် မြင်တွေ့ရပါတယ်'

'တပည့်တော် ဗုဒ္ဓရဲ့ ရုပ်ပုံကို မြင်တွေ့ရပါတယ်ဘုရား'

'တပည့်တော်တော့ အိပ်ပျော်တာ မဟုတ်ပေမယ့် အိပ်ပျော်သလိုဖြစ်သွားတာကို သတိပြုမိ လိုက်ပါတယ်ဘုရား'

တကယ်ယုံကြည်ရင် တကယ်ကြိုးစားကြသူများပါလားဟု ကိုထွန်းမြင့်ဝင်း မှတ်ချက် ပေးမိပါသည်။ သို့နှင့် ကိုထွန်းမြင့်ဝင်း လျှောက်ရမည့်အလှည့် ရောက်လာ၏။ ကိုထွန်းမြင့် ဝင်းက ဆရာတော်အား ရှိခိုးကန်တော့ပြီးနောက်–

'တပည့်တော် နှစ်ခု မေးလျှောက်ခွင့်ပြုပါဘုရား၊ ပထမတစ်ချက်က အာနာပါန ထွက်လေ၊ ဝင်လေကို ရှုမှတ်ရာမှာ နှာသီးဖျားကို ရှုမှတ်သင့်သလား၊ နှာသီးဖျားနဲ့ ထိစပ် နေတဲ့လေကို ရှုမှတ်သင့်ပါသလားဘုရား'

**ဆရာတော်** – 'လေကို ရှုမှတ်နိုင်ရင် အကောင်းဆုံးပဲ၊'

'နောက်တစ်ချက်က တပည့်တော်မှာ အခက်အခဲတစ်ခု ကြုံရပါတယ်ဘုရား၊ တောင်ပု လုနည်းနဲ့ တပည့်တော်အားထုတ်ခဲ့စဉ်မှာ ကြားတယ်ကြားတယ်ဆိုပြီး ပေါ်လာသမျှ အသံတွေကို ရှုမှတ်နေကျဆိုတော့ အခု 'အာနာပါန' ပြောင်းလည်း ရှုမှတ်လိုက်ရော ကြားတဲ့ဆီစိတ်က ရောက်ရောက် သွားတော့ သမာဓိအရှိန် ပျက်ပျက်သွားပါတယ်ဘုရား၊ တပည့်တော် ဘယ်လို ပြုပြင်ယူလို့ ရနိုင်ပါမလဲဘုရား' ဆရာတော် ပြုံးပြီး ကရုဏာသံနှင့် မိန့်ပါသည်။ 'ဘုန်းကြီးလည်း ဒကာကြီး ကြုံသလို ကြုံရဖူးပါတယ်။ စိတ်အနှောင့်အယှက် မဖြစ်စေနဲ့။ စိတ်ဆိုတာ ယဉ်ကျေးအောင် ချော့ခေါ်ရတယ်။ ကြားသိစိတ်တွေ ပေါ်လာတော့ လည်း စိတ်မပျက်ဘဲ ကြားသိစိတ်ကို ပြောင်းမှတ်။ တင်းခံ မထားနဲ့၊ ပြီးမှ ထွက်လေဝင်လေကို ပြန်ပြောင်းကြည့်။ သာဓု ၊ ၊ သာဓု။'

ဒုတိယမြောက်ရက် ဆွမ်းစားပြီးချိန်တွင် ဆရာတော် ခွင့်ပြုသဖြင့် မြန်မာဆရာနှင့် မြန်မာဒကာ သီးသန့်ကန်တော့ခွင့်ပြုရာ ဆရာတော်နှင့် မေးလျှောက်ဆွေးနွေးခွင့် ရသည် မှာလည်း မမေ့နိုင်စရာ ဖြစ်ရပ်ပါပေ။

ဆရာတော်က 'မြန်မာလူမျိုးတွေရဲ့ အားနည်းချက်က မညီညွတ်ကြတာပဲ ဒကာကြီးရဲ့၊ ဘုန်းကြီး ဘယ်နေရာရောက်ရောက် မြန်မာတွေ စိတ်ဝမ်းကွဲနေတာချည်း တွေ့ရတယ်၊ တည့်နေသူတွေကိုတောင် မတည့်အောင်၊ သွေးကွဲအောင် လုပ်ချင်တတ်ကြတယ်၊ ညီညွတ်မှ သာသနာပြုလို့ရမှာ၊ အခုဆိုရင် သာသနာက အနောက်နိုင်ငံတွေဘက်ဆီ ရွှေ့လာနေပြီ'

**ထွန်းမြင့်ဝင်း** – 'ဆရာတော်ဘုရား၊ ဦးနေဝင်း (ဗိုလ်ချုပ်ကြီးနေဝင်း) အရင်က ဂျာမနီကို လာပြီး အပန်းဖြေတဲ့အခါနေဖို့ နိုင်ငံဘဏ္ဍာနဲ့ မိုင်းမြစ်ဘေးက မြို့လေးတစ်မြို့မှာ မြေနဲ့ အဆောက်အအုံ ဝယ်ထားခဲ့ဖူးတယ်ဘုရား။ အခုဗီယက်နမ်ဘုန်းကြီးတွေ အပ်စိုက်ကုတဲ့ နေရာဖြစ်နေပါတယ်ဘုရား၊ တပည့်တော်တို့ ပြန်တောင်းပြီး ဆရာတော်တို့ ကြွလာရင် သီတင်းသုံးဖို့ လုပ်ရရင်ကောင်းမယ် ထင်ပါတယ်ဘုရား'

**ဆရာတော်** – 'မြေက မသန့်တော့ဘူးပေါ့ ဒကာကြီး၊ ဗီယက်နမ် ဖတ်ပေွးကိုယ်တော် ကမြေလွတ်တစ်ခု၊ တောရတဲ့နေရာမှာ ဝယ်ထားပြီးပြီ ဘုန်းကြီးလာရင် သီတင်းသုံးဖို့ ကျောင်းဆောက်လှူလိမ့်မယ်'

မြေကမသန့်ဘူး ပြောခြင်းမှာ ဗီယက်နမ် ဘုန်းကြီးများ ဆေးကုထားသောနေရာကို ဆိုလိုခြင်း ဖြစ်သော်လည်း ထွန်းမြင့်ဝင်းက ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြုံးလိုက်မိသည်။

❖

အခန်း (၃၂)

## အာဇာနည်ဂျာမန်ဆရာတော်

လူမျိုးက ဂျာမန်လူမျိုး။ ဘွဲ့အမည်က 'ဠိတမေ့' ဖြစ်၏။ ထေရဝါဒဘုန်းတော်ကြီးတစ်ပါး ဖြစ်ပြီး မူလက တရုတ်မဟာယနဘုန်းကြီးအဖြစ်မှ ထေရဝါဒဘက် ကူးပြောင်းလာသည် ဖြစ်ရာ ယခုမှ ထေရဝါဒဘုန်းကြီးသက် ၅ ဝါသာရှိသေး၏။ သက်တော်မှာ ၅၀ ခန့်။

ထွန်းမြင့်ဝင်း အနေဖြင့် အလုပ်တစ်ဖက်နှင့် တရားအားထုတ်နေရသည်ဖြစ်ရာ အိမ်မှာ ထိုင်ချိန် သိပ်မရဘဲ သွားရင်းလာရင်း၊ စားရင်း၊ အလုပ်လုပ်ရင်း အချိန်ရသလောက် သတိကပ်ရှုမှတ်နေခဲ့ရ၏။ အားလပ်နေသူများမှာ ထိုင်ချင်စိတ် ရှိချင်မှရှိမည်။ ရုပ်မြင် သံကြားရှေ့မှာသာ အချိန်ကုန်တတ်ကြသည်။ ထိုင်ချင်သူကျတော့လည်း မအားလပ်။ ပိတ်ရက် ကျပြန်တော့လည်း မနက်စောနှင့် ညအိပ်ရာဝင်ချိန်လောက်မှာသာ အားထုတ်ချိန်ရှိပြီး တစ်နေ့လုံး လူမှုရေးကိစ္စများ၊ အကူအညီတောင်းသော မိတ်ဆွေများအတွက် ဂျာမန် ဘာသာဖြင့် ရုံးစာများကို ပြန်ဆိုပေးရခြင်း၊ ရုံးကိုအကျိုးအကြောင်း စာပြန်ပေးရခြင်း၊ ရထားလက်မှတ် ကားလက်မှတ်ကိစ္စများ၊ အိမ်မှာ ရုံးတစ်ရုံးသဖွယ် ကိုယ့်မြန်မာအချင်းချင်း ကူညီရသည်နှင့် အားချိန်မရ။ သို့ဖြင့် ကားပေါ်၊ ရထားပေါ် အလုပ်ခွင်၊ လမ်းလျှောက်ရင်း တတ်နိုင်သမျှ သတိကပ်ပြီး မှတ်ရ၏။ ဆွဲဆောင်မှုရှိပြီး ကြည့်စရာ၊ နားထောင်စရာတွေ များသောကြောင့် ရှေ့တန်း စစ်မျက်နှာ ရောက်နေသော စစ်သည်တော်တစ်ဦးနှင့်တူနေ၏။

အချိန်ကို ခြစ်ကုတ်ပြီး သတိကပ်မှတ်ရ၍လားမသိ တရားရည်က ပြည့်တက်လာသည်။ တစ်ခါတစ်ရံ လှုပ်ရှားနေသော လူများ၊ ရုပ်ဝတ္ထုပစ္စည်းများတို့သည် တစ်ဦးတည်း၊ တစ်ခုတည်း မဟုတ်တော့ဘဲ ဖြစ်လိုက်ပျက်လိုက်ဖြင့် ဉာဏ်မှာ အများကြီးဖြစ်ပြီးနောက် အများကြီး ပျက် ကျန်ရစ်သည်။ လူတစ်ယောက် ဝဲမှယာသို့ လမ်းလျှောက်သွားသည် ဆိုလျှင် အရုပ် ကလေးတွေ၊ ဖြစ်ပျက်တွေ ဖွားခနဲ ဖွားခနဲ ကျန်ရစ်ခဲ့သည်ကို ဉာဏ်မှာ ထင်လာသည်။ မှတ်ပါများလာတော့ မြင်ကွင်းတွေက ရေပြင်မှာ ရေးခြယ်သည့် အရုပ်များသဖွယ် လှုပ်ခနဲ လှုပ်ခနဲ အိခနဲအိခနဲ ကျန်ရစ်ခဲ့သည်။ နားစည်ကို အသံလာထိပြီဆိုလျှင် ထိုအသံ ပျက်နှင့်ပြီးဖြစ်သည်။ အသံမရှိတော့မှ ကြားသိရခြင်းဖြစ်ကြောင်း ဉာဏ်နှင့် ပိုင်း၍ သိသည်။

အဆင်းရုပ်တစ်ခု မြင်လိုက်ရသည်နှင့် စင်စစ် ထိုအဆင်း မရှိတော့မှသာ မြင်သိရခြင်း ဖြစ်သည်။ အဆင်းကော အသံကော မြင်သိကြားသိဖို့ရာ ခရီး အကွာအဝေးကိုယ်စီ ရှိကြသည်။ ထိသိ၊ အရသာခံသိ၊ တွေးသိ အသိအားလုံးသည် စင်စစ် အလိမ်ခံလိုက် ရခြင်းသာဖြစ်၏။ သို့သော်လည်း သိသည့်အချိန်တွင် မရှိတော့ပြီ။ စိတ်ဆိုးသည့်အခါ စိတ်ဆိုးစေသည့်အရာ မရှိတော့ပြီ၊ ဝမ်းနည်းသည့်အခါ ဝမ်းနည်းစေသော အရာမရှိတော့ပြီ၊ စင်စစ် အတွာဆိုသည်မှာ

မရှိသည့်အတွက် ဝမ်းနည်းစိတ်သာရှိ၍ ဝမ်းနည်းသူမရှိ။ ဘယ်သူ ဝမ်းနည်းသနည်းဟု အတင်းအကျပ် မေးလာပါလျှင်မူ 'ဝမ်းနည်းစိတ်ကိုယ်တိုင်က ဝမ်းနည်းတာပါ' ဟု ဖြေရမည်ဖြစ်သည်။

ကိုထွန်းမြင့်ဝင်း၏ တရားအားထုတ်မှု၊ တရားစိတ်ဝင်စားမှုနှင့် တရားစိတ်ဝင်စားသူ မိတ်ဆွေများကို အားပေးကူညီမှုတို့ကြောင့် ကြားဝါသည့်သဘော မဟုတ်စေကာမူ လူတော်တော်များများ သိကြ၏။ တစ်ယောက်သတင်း တစ်ယောက်ဆောင်ကြသောကြောင့် ဒိန်းမတ်နိုင်ငံမှာနေသော ကိုသက်ဦးနှင့်လည်း တစ်နေ့မှာ သိကျွမ်းခင်မင်သွား၏။ ဒိန်းမတ်နိုင်ငံက ဂျာမနီနိုင်ငံနှင့် ကပ်လျက်တည်ရှိသော အိမ်နီးချင်းနိုင်ငံဖြစ်ပြီး ကိုသက်ဦးသမီးက ဂျာမနီ ဖရန့်ဖွတ်မြို့တွင်နေထိုင်သည်ဖြစ်၍ ကိုသက်ဦးသည် မကြာခဏ ကားကလေးမောင်း၍ ရောက်လာတတ်သည်။ ရောက်တိုင်းလည်း ကိုထွန်းမြင့်ဝင်းထံ ဝင်သည်။ မလာဖြစ်လျှင်လည်း တစ်ပတ်တစ်ခါ ဖုန်းဆက်ပြီး on line မှာလည်း တွေ့ရတတ်သည်။ ဂျာမန်ဆရာတော်ကို ဖူးတွေ့ရသည်မှာလည်း ကိုသက်ဦးကြောင့် ဖြစ်၏။

ဂျာမန်ဆရာတော် 'အရှင်ဋ္ဌိတဓမ္မ' ၏ ဂုဏ်သတင်းက ဒိန်းမတ်နိုင်ငံသို့တိုင်အောင် မွှေးပျံ့၏။ ကိုသက်ဦးက စိတ်ဝင်စားသဖြင့် ဆရာတော် သီတင်းသုံးရာ ဖရိုင်ဖင်း (freising) မြို့သို့ တိုင်အောင် သွားရောက်ဖူးမြော် ကန်တော့ပြီးနောက် ကိုသက်ဦးက သူ၏သားငယ်ကို ရှင်ပြုလိုသဖြင့် ဆရာတော်မှ လက်ခံပြီး သာသနာ့ဘောင်သို့ သွတ်သွင်းပေးနိုင်ပါသလား မေးလျှောက်၏။ ဆရာတော်က သူဆောင်ရွက်ပေးမည်မိန့်၍ ရက်သတ်မှတ်ပြီးနောက် ဖိတ်စာများဝေငှရင်း ကိုထွန်းမြင့်ဝင်းကို မလာမရှိစေရန်မှာပြီး အထူးဖိတ်ကြားထား၏။

ဤသို့ဖြင့် အလွန်လှပသော ရှေးဟောင်း ဂျာမန်မြို့လေးတစ်မြို့ဖြစ်သည့် ဖရိုင်ဖင်း မြို့လေးကို ကိုထွန်းမြင့်ဝင်းတို့ ဇနီးမောင်နှံရောက်ခဲ့ကြရ၏။ ခရစ်ယန်ဘာသာ ထွန်းကားပြီး ခရစ်ယာန် ဘုန်းတော်ကြီးများ တန်ခိုးထွားသည့်အချိန်က ဘာသာရေးနှင့် အုပ်ချုပ်ရေးမှူး ရုံးများ စိုက်ခဲ့ရာ မြို့လေးဖြစ်၏။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ ရာဂဏန်းလောက်ထိ ရှိခဲ့ပြီး ရှေးဟောင်း အဆောက်အအုံများဖြင့် ပြည့်နှက်နေ၏။ ကုန်းဆင်းကုန်းတက်များဖြင့် ရှေးဆန်ပြီး လှပသော ဖရိုင်းဖင်းမြို့ကို ကျယ်ပြန့်သော ချောင်းတစ်ခုက ရစ်ပတ်ခွေလျက် စီးဆင်းနေ၏။ တိတ်ဆိတ်မှုက မြို့၏ ဂုဏ်ကျက်သရေဖြစ်၏။

ဂျာမန်ဆရာတော် အရှင်ဋ္ဌိတဓမ္မသည် ဉပမိရုပ် အလွန်ကောင်းပြီး အရပ်ရှည်သဖြင့် ခန့်ညားလှ၏။ ရိုးသားဖြောင့်မတ်ပြီး မာန်မာနကင်းစင်မှုက မျက်နှာမှာ ပေါ်လွင်ထင်ရှားနေ၏။ ဆရာတော်က ဝိနည်းကို အထူးအလေးထားသည်ကို တွေ့မြင်ရ၏။ ဆွမ်းဘုဉ်းပေးစဉ်မှာလည်း မြန်မာဘုန်းတော်ကြီးများကဲ့သို့ ကြမ်းပြင်မှာ တင်ပျဉ်ခွေထိုင်လျက် စားပွဲဝိုင်းဖြင့် ကပ်ကြရ၏။ သပိတ်ထဲမှာပင် ဇွန်းဖြင့်ခပ်၍ အမှတ်သတိကပ်ကာ ဖြည်းဖြည်းချင်း ဘုဉ်းပေးနေပုံမှာ အလွန် ကြည်ညိုဖွယ်ကောင်း၏။

ဆရာတော်က ဝတ္ထုငွေကြေး လုံးဝထိကိုင်ခြင်း၊ သိမ်းဆည်းခြင်းမပြု။ ကပ္ပိယများမှ တစ်ဆင့်သာ အကြောင်းအရာ ရည်ညွှန်းချက်ဖြင့် လှူရ၏။ ဉပမာ–ဆေးကုသစရိတ်အတွက်၊

ခရီးသွား လက်မှတ်အတွက် စသဖြင့် ခေါင်းစဉ်တပ်လျှရပြီး ထိုခေါင်းစဉ်အတိုင်း ကပ္ပိယအား သုံးစွဲစေ၏။

ဆရာတော်၏ ပြောပြချက်အရ ထေရဝါဒဘုန်းကြီးဖြစ်လာပုံမှာ ဆန်းသည်။ ဆရာတော်က သူ၏ အတိတ်ဘဝမှာ ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့လေသလား။ ဗုဒ္ဓဘာသာကို အလွန်စိတ်ဝင်စားခဲ့သည် ဆို၏။ ဥရောပမှာက ထေရဝါဒ ဘုန်းတော်ကြီးကျောင်းဟူ၍ ရှားပါး၏။ အင်္ဂလန်မှာ မြန်မာဘုန်းကြီးကျောင်း ခြောက်ကျောင်းရှိသည်ကလွဲ၍ ဥရောပတစ်ခွင်တွင် ထိုင်းဘုန်းကြီးကျောင်းက အနည်းစုဖြစ်ပြီး အများစုက ဗီယက်နမ်၊ တိဗက်နှင့် တရုတ်မဟာယန ဗုဒ္ဓဘာသာကျောင်းတွေသာ အပြိုင်အဆိုင် သာသနာပြုလျက်ရှိ၏။

မဟာယနဂိုဏ်းမှာက ဘုန်းကြီးများသည် စီးပွားရှာခွင့်၊ ငွေကြေး ဥစ္စာန ပိုင်ဆိုင်ခွင့်ရှိသည့် ဖြစ်၍ စည်းရုံးရေးနှင့် သာသနာပြု အားကောင်းလှသည်။ ဥပမာ အပ်စိုက်ဆေးကု၊ စားသောက်ဆိုင်များဖွင့်၊ ဆိုင်ခန်းများငှား ဝင်ငွေရှာကြရင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဥရောပတိုက်သားများကို ဆွဲဆောင် သိမ်းသွင်းနိုင်ခဲ့ကြသည်။ မဟာယနဘုန်းကြီးကျောင်းများမှာ ငွေကြေးတတ်နိုင်သည့်အလျောက် ကြီးကျယ်ခမ်းနားသည်။ ဟိတ်ဟန်ကောင်းလှပြီး ဥရောပတိုက်သားများအတွက် အထင်ကြီးစရာဖြစ်နေ၏။ ထိုင်း (ထေရဝါဒ) ဘုန်းကြီးကျောင်းများမှာတော့ သိပ်ခမ်းနားထည်ဝါခြင်း မရှိလှ။

ဘုန်းကြီးနှင့် ဒကာ ဆက်ဆံရေးကျပြန်လည်း မဟာယနမှာက ထေရဝါဒလောက် ကျဉ်းကျပ်မှု မရှိလှ။ ပေါ့ပေါ့ပါးပါး လူအချင်းချင်း ပြောသလို ပြောလို့ရသည်။ နှစ်ဖက်ရင်ဆိုင်တွေ့လျှင် ဒကာ၊ ဒကာမက လက်အုပ်ချီ အရိုအသေ ပြုသကဲ့သို့ ဘုန်းကြီးများကလည်း လက်အုပ်ချီ အရိုအသေပြုလေ့ရှိ၏။ ဆွမ်းခံမစားလို့လည်း ပြဿနာမရှိ။ ဝယ်စားလို့လည်းရ၏။ ညစာထမင်း မစားတာကလွဲ၍ လူတို့၏ နေထိုင်ပုံနှင့် နီးစပ်၏။ စည်းကမ်းသိပ်မတင်းကျပ်သောကြောင့် ဥရောပတိုက်သားတို့ အနေဖြင့် အကျွမ်းတဝင် ဖြစ်လွယ်သည်။

ထိုအထဲတွင် ဗုဒ္ဓဘာသာကို စိတ်ဝင်စားသော အရှင်ဒွိတဓမ္မလည်း ပါဝင်ခဲ့၏။ တရုတ်မဟာယန ဘုန်းတော်ကြီးတစ်ပါးနှင့် သိကျွမ်းရင်းနှီးပြီး မဟာယန ဘုန်းကြီးဝတ်ခဲ့၏။ ပါဠိဘာသာကို စိတ်ဝင်စားပြီး လေ့လာလိုက်စား၏။ သီရိလင်္ကာသို့လည်း ကြွသွားပြီး ပါဠိကို သင်ယူလေ့လာခဲ့၏။ ပါဠိကို လေ့လာသင်ယူရာမှာ ဗုဒ္ဓဘာသာ၏ အတိမ်အနက်ကို တဖြည်းဖြည်း သဘောပေါက်လာ၏။ ပါဠိသင်ယူရာ၌ မြန်မာပြည်မှ ကြွလာသော မြန်မာဘုန်းတော်ကြီးများနှင့် သိကျွမ်းပြီး အရှင်ဒွိတဓမ္မအား ကူညီခဲ့ကြ၏။ မဟာယနနှင့် ထေရဝါဒ ကွဲပြားခြားနားပုံ၊ သမိုင်းကြောင်းများကိုလည်း လေ့လာသိရှိလာခဲ့ပြီး တစ်စထက်တစ်စ ထေရဝါဒအပေါ် ယုံကြည်သက်ဝင်ပြီး ထေရဝါဒဘုန်းကြီးအဖြစ် ဘဝကို ပြန်စခဲ့ပြန်၏။

ဆရာတော်၏ ပြောပြချက်အရ သူသည် အင်မတန် ကံကောင်းထောက်မသဖြင့်သာ ဘာသာခြားဖြစ်မည့်အရေးမှ လွတ်မြောက်ပြီး ဗုဒ္ဓဘာသာ ထေရဝါဒဘုန်းကြီးတစ်ပါး ဖြစ်လာခြင်း ဖြစ်သည်ဟူ၏။

ဆရာတော် ဂျာမနီပြန်ကြွပြီးသောအခါ ထေရဝါဒဗုဒ္ဓသာသနာကို အစွမ်းကုန်ပြုတော့၏။ ဆွမ်းကိုလည်း အခက်အခဲများကြားမှ ရအောင်ခံ၏။ ဆရာတော်၏ ဖွဲ့သတ္တိနှင့်ကြိုးစားမှုကြောင့် တဖြည်းဖြည်း အဆင်ပြေလာ၏။ ယခုဆိုလျှင် မြန်မာ၊ ထိုင်း၊ သီရိလင်္ကာနှင့် ဂျာမန်လူမျိုးတို့ပါ ဆရာတော်အပါးမှာ ဝန်းရံလျက်ရှိလေပြီ။

ဆရာတော်ကား ဥရောပတိုက်သား ပီသ၏။ ကြိုးစားသည်။ ပျင်းရိခြင်းမရှိ။ အချိန်ကို အအား မထား၊ အကျိုးရှိအောင် အသုံးချသည်။ တစ်ကိုယ်ရည်သန့်ရှင်းမှု၊ ကျောင်းသန့်ရှင်းရေးကို ဦးစားပေးသည်။ စည်းစနစ်ကျသည်။ မှတ်တမ်းမှတ်ရာများနှင့် ရုံးကိစ္စလည်း ကျွမ်းကျင်သည်။ on line မှလည်း သာသနာပြုသည်။ စည်းကမ်း ဝိနည်းကတော့ သူ အလေးအမြတ်ထားသည်။ ဒကာ ဒကာမများကို ဘုန်းကြီးကျောင်းတွင် ညအိပ်ညနေ လက်မခံ။

ဆရာတော့်ထံမှာ လူမျိုးစုံ ဒကာ ဒကာမတွေ စုပေါင်းပြီး ကထိန်လည်း ခင်းကျင်းကြသည်။ ဝါဆိုသင်္ကန်းလည်း ကပ်လှူကြသည်။

ကိုသက်ဦးက သူ့သားကို ဆရာတော်ထံ၌ လာရောက်၍ ရှင်ပြုပွဲ ကျင်းပသည်မှာ လာရကျိုး နပ်သွားသည်ဟုပင် ဆိုနိုင်သည်။ ဖရိုင်ဇင်းတစ်မြို့လုံးက စိတ်ဝင်တစားကြည့်ခဲ့ကြရသော စည်ကားသိုက်မြိုက်သည့် ရှင်ပြုပွဲ ဖြစ်ခဲ့သည်။ မြန်မာရှင်ပြုပွဲနှင့်ပင် ခပ်ဆင်ဆင်တူခဲ့သည်။ အတီးအမှုတ် တူရိယာတော့မပါ။ ဆရာတော်က မြင်းတစ်ကောင် ရအောင်ရှာထား၍ မောင်ရှင်လောင်းကို မြင်းပေါ်တင်လျက် ဗုဒ္ဓဆင်းတုတော်များနှင့် သာသနာ့အလံများလွှင့်ထူကာ မြို့တစ်ပတ် လှည့်လည်ခဲ့သည်။

ဖတ်ရှု လေ့လာထားသည်ဖြစ်၍ ဆံချသည်မှအစ အသေးစိတ် ဂရုစိုက်သည်။ ကေသာ၊ လောမာစသည့် ၃၂ ကောဋ္ဌာသ ရွတ်မှတ်ရသည်။ မြန်မာဘုန်းတော်ကြီးတွေထက် သာသွားသည့် အချက်က သူကိုယ်တိုင် မောင်ရှင်လောင်းကို (ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား တောထွက်ခြင်းမပြုမီကကဲ့သို့) နိမိတ်ကြီးလေးပါးအား ကိုယ်တိုင် လိုက်လံ ပြသရှင်းလင်းတော်မူသည်။ သူအို၊ သူနာ၊ သူသေ၊ ရဟန်း။ ဘိုးဘွားရိပ်သာ၊ ဆေးရုံ ရင်ခွဲရုံ စသည်တို့ကို အတွင်းထဲအထိ လိုက်လံပြသပြီးမှ အဘယ်ကြောင့် သင်္ကန်းဝတ်ရ သည်ကို သဘောပေါက်အောင် ရှင်းပြသည်။ သင်္ကန်းတောင်းနှင့် သရဏဂုံကိုလည်း ပီသအောင် ရွတ်ဆိုစေသည်။

ဆရာတော်က မြန်မာဘုန်းကြီးများကိုလည်း မြန်မာပြည်မှ စရိတ်ခံပင့်ဆောင် ပြီးနောက် ပျော်သလောက် သီတင်းသုံးစေ၏။ ဂျာမနီတွင် ရာသက်ပန်နေ၍ သာသနာ ပြုမည်ဆိုလျှင် ဝမ်းသာမည့်ပုံပေါ်၏။ သို့သော် မြန်မာဘုန်းကြီးများမှာ သူထင်ထားသလို မဟုတ်။ တစ်ပါးမှ ကြာကြာ သီတင်းမသုံးချင်ကြ။ အထီးကျန်ခြင်းနှင့် အလွန်အမင်း အေးသည့် ရာသီဥတုဒဏ်က မြန်မာပြည်ကို မြန်မြန်ပြန်ကြွစေ၏။

ကိုထွန်းမြင့်ဝင်းတို့ ဇနီးမောင်နှံသည် ဆရာတော်ထံ ငွေလွှဲဖြင့် လှူဒါန်းခြင်း အပြင်၊ အခမ်းအနား ရှိလျှင်လည်း သွားရောက် ဖူးမြော်အားပေးခြင်းဖြင့် ဆရာတော်၏ ဝေနေယျများ ဖြစ်ခဲ့ကြသည်။

## အခန်း (၃၃)

# လေ့လော်ရင်း မနစ်စေရ

ဦးသုန်အနေဖြင့် ကိုယ့်ဘဝလမ်းကြောင်း ကိုယ်နဖူးပေါ် လက်တင်ရင်း စဉ်းစားနေမိသည်။

သူသည် သာသနာတွင်း ဝင်ရောက်လာ၍ သာသနာ့ဘောင် တက်ရခြင်း၊ ကျောက်ဆင်တောရဆရာတော်ကြီး (ပခုက္ကူဆရာတော်ကြီး)၏တပည့် ဖြစ်ရခြင်းသည် အလွန်ကံထူးလှပါသည်။ ဆရာတော် ဘုရားကြီး ရှိစဉ်က သူသည် ဆရာတော်၏ ဘုန်းတော်ရိပ်မှာ ခိုလှုံရ၍လားမသိ အလွန် စိတ်ခတ်ခွန်းအားတို့ တက်ကြွနေခဲ့ပါသည်။ သို့သော် ဆရာတော်ကြီး ခန္ဓာဝန်ချပြီး နောက်ပိုင်း၌ တဖြည်းဖြည်း မသိမသာ အစစအရာရာ လျော့ရဲလာပါသည်။ ဩော်.. ဆရာသမားတို့၏ လမ်းညွှန် ပြသမှုကလည်း အရေးပါလှပေသည်တကား။

စိတ်၏ ယိမ်းယိုင်စရာများကလည်း ပေါများပါဘိ။ ပစ္စည်းကြောင့်၊ ငွေကြောင့် ကျော်စောမှုကြောင့်၊ ဒကာမတွေကြောင့်၊ ကျောင်းကြောင့်၊ သက်နိုးကြောင့် စုံမှစုံလှ၏။ ပုထုဇဉ်ဆိုသည်မှာ သည်အရာတွေကိုမပြောနှင့် မက်စရာမရှိလျှင် သစ်ပင်ရိပ်ကိုပင် မက်တတ်၏။ ဒါကတော့ ဦးသုန် ကိုယ်တွေ့ဖြစ်သည်။ ကျောက်ဆင်တောရမှာ ရှုတင်ဆောင်စဉ်ကဖြစ်သည်။ ကျောင်းဆောင်ထဲ သီတင်းသုံးရာက ရက္ခမူ ရှုတင်ဆောင်တော့ သစ်ပင်အောက်ကို ထန်းပက်လက် ကုလားထိုင်တစ်လုံးနှင့် ရောက်သွားသည်။ သစ်ပင်အောက် ရောက်တော့မှ ယခင်ကျောင်းခန်း (အဆောက်အအုံ) ကို တွယ်တာသည့် စိတ်အား သတိပြုမိခဲ့သည်။ တစ်ဖန် သစ်ပင်အောက်တွင် အရိပ်ရရာဘက် ရွှေ့ပြောင်း သီတင်းသုံးနေရင်းမှ အဗ္ဘောကာသိကရှုတင် ဆောင်ခဲ့ပြန်တော့ သစ်ပင်ရိပ်ကိုစွန့်ကာ လွင်တီးခေါင် ဘာအရိပ်မျှ မရှိသော နေပူစပ်ခါး ကွင်းခေါင်ခေါင်၌ ပက်လက်ကုလားထိုင်ကို ရွှေ့ကာ သီတင်းသုံးခဲ့၏။ အရိပ်မရတော့မှ အရိပ်ကို တပ်မက်မှန်း သိရပြန်၏။ ထိုအချိန်ကျမှ ပုထုဇဉ်ဟူသည် မက်ရာသမျှကို မက်ပြီး တွယ်တာရသမျှကို တွယ်တာတတ်သည့် သဘောကို ရှိုးတိုးရိပ်တိပ် သဘောပေါက်ခဲ့၏။ ရှုတင်ဆောင်ခြင်း အကျိုးပင်။

သံဃာတွေ ပျက်ခဲ့ရတာလည်း ကျောင်းနှင့် ပတ်သက်ခဲ့သည် မဟုတ်ပါလား။ ဘုရားရှင်လက်ထက် ရဟန်းတစ်ပါးမှာ ကျောင်းနဲ့ ပတ်သက်ပြီး လော်လီဖောက်ပြားမှု ဖြစ်ဖူးသည်။ ကျောင်းဆိုတာ ဒကာ၊ ဒကာမတွေ လာရောက်လေ့ ရှိတာကြောင့် ကျောင်းကောင်းကောင်း လိုချင်တပ်မက်လာသည်။ ကျောင်းကြီးကြီးတစ်ဆောင်ကို အကောက်အကွေ့တွေ၊ အတက်အချွန်းတွေ ထည့်ဆောက်သည်။ ၎င်းရဟန်းကို ကြည်ညိုသော ပုဏ္ဏားတစ်ဦးက သူ့မယားချော ငယ်ငယ်လေးကို ခေါ်ပြီး ကျောင်းကို လာလည်သည်။ ပုဏ္ဏားကြီးက ကျောင်းကို

စိတ်ဝင်တစား လှည့်ပတ် ကြည့်ရှုနေစဉ်မှာ ပုဏ္ဏားမယားကို ရဟန်းက မမြင်ကွယ်ရာရောက်ရင် ဟိုကိုင်သည်ကိုင် လုပ်ပါသည်။ ပုဏ္ဏားမလေးကမူ ရှက်၍ မအော်ရဲ မပြုရဲဘဲ ငြိမ်ခံနေရသည်။ လမ်းမှာ ပုဏ္ဏားကြီးက ရဟန်းကို ချီးမွမ်းခန်းဖွင့်တော့မှ ပုဏ္ဏားမလေးက စိတ်တိုတိုနဲ့ အကျိုးအကြောင်း ဖွင့်ပြောပြလိုက်သည်တဲ့။

ဒါတောင် ဘုရားရှင်က သည်လိုကျောင်းအပေါ် တပ်မက်မှု အန္တရာယ်တွေကို မြင်၍ စောစောပိုင်းက ကျောင်းဆောက်နေခွင့် မပြုခဲ့ဘဲ နောက်မှသာ ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ကျောက်ဆင်တောရကျောင်းမှာ မဆင်မခြင် ကျောင်းဆောင်သစ် ဆောက်မိခဲ့ခြင်းကြောင့် နောင်တရမိသည်။ ဆရာတော် ဦးကောဝိဒကိုလည်း အားနာမိသည်။ နောက်တစ်ခေါက် ပြန်ကြွလျှင် တောင်းပန်ရဦးမည်။ နောက်တစ်ခေါက် အင်း. . နောက်တစ်ခေါက်။ မြန်မာနိုင်ငံနဲ့ အမေရိကန်နိုင်ငံ သွားလိုက်ပြန်လိုက်လုပ်ရင်း အချိန်တွေကုန်ပြီး အသက်တွေသာ ကြီးသွားသည်။ လူက ဘာမှမဟုတ်သေး။ သူနှင့်အတူ စာသင်ဖက်တွေ၊ အသိအကျွမ်း သံဃာတွေ အပြင်းအထန် အားထုတ်ဖို့ ဆရာကောင်း ရှာဖွေရင်း တောထွက်တဲ့သူ တောထွက် ကုန်ပြီ။ ငါဟာ မလေးရှားဘက်မှာ မျောက်ဖမ်းတဲ့နည်းနဲ့ ထောင်ချောက်မိသွားတဲ့ မျောက်တစ်ကောင်လို ဖြစ်နေပြီလားဟု စဉ်းစားမိ၏။

မလေးရှားဘက်မှာ မျောက်ဖမ်းပုံဖမ်းနည်းက အုန်းသီးကို မျောက်လက်သီးဆုပ်လောက် အပေါက်ဖောက်ပြီး အထဲမှာ မျောက်ကြိုက်တတ်တဲ့ အစာ ထည့်ထားတယ်တဲ့။ အုန်းသီးကတော့ သံကြိုးနဲ့ မြဲအောင် ချည်ထားတယ်။ မျောက်က သူကြိုက်တဲ့ အစာအနံ့ကို ရတော့ လက်လျှိုပြီး အစာကို ဆုပ်ထားသည်ပေါ့။ အစာကို ဆုပ်ထားသည့် လက်သီးဆုပ်ကြောင့် အပေါက်ကနေ လက်ကို ပြန်ထုတ်လို့ မရတော့ဘူးလေ။ ဒီလိုနှင့် အသက် ဆုံးပါးသည်အထိ အုန်းသီးနားက မလွတ်မြောက်တော့။

သူကော အမေရိကန်မှာ ခေတ်မီမီနေသည့် စည်းစိမ်၊ ဒကာ ဒကာမတွေ လှူဒါန်းသည့် သိန်းချီပြီး စုမိနေသော ဒေါ်လာများ တစ်လတစ်လ မက်လောက်စရာဝင်ငွေများ၊ အလှူငွေများကြောင့် အမေရိကန်နိုင်ငံမှာ အိုမင်းသည်အထိ၊ အသက်ဆုံးသည်အထိ မျောက်နှင့် အလားတူစွာ မခွာစတမ်း နေထိုင်သွားတော့မည်လား။ သို့မဟုတ် ဝင်ငွေများကို စွန့်လွှတ်ပြီး ဗောဓိဉာဏ်ကို လှမ်းကိုင်နိုင်ရန်အတွက် ကိုယ့်တိုင်းပြည်ကိုယ် ပြန်ကြွမလား။ အတွေးခေါင် နေမိ၏။

ထိုအခိုက် ကျောင်းဆောင်တွင်းသို့ ဦးရီးတော် ကြွလာရာ နေရာထိုင်ခင်း လုပ်ပေးပြီး ရှိခိုးကန်တော့ကာ စောစောက ကျောင်းဆောင်တပ်မက်မှု အတွေးကို ပြောပြလျှောက်ထားမိ၏။ ဦးရီးတော်က ပြုံးလိုက်ပြီး မိန့်၏။

'တူတော်မောင် ပြောတာ ရှင်ဥဒါယီဘဲ နေမှာပေါ့၊ သူ့ရဲ့ ဝသီကိုက တကယ့် လူရှုပ်အဲလေ ရဟန်းရှုပ်ပါ၊ သူတစ်ယောက်တည်းကြောင့် ဘုရားက ပညတ်ခဲ့ရတဲ့ ဝိနည်းတွေလည်း မနည်းလှပါဘူး'

**ဦးသုန်** – 'စိတ်ဝင်စားစရာပါပဲဘုရား၊ ဗဟုသုတအဖြစ် မိန့်ပါဦးဘုရား'

**ဦးရိုးတော်** – 'သူလို လူရုပ်ကိုမှ ဥပဇ္ဈာယ်ထားမိတဲ့ ရဟန်းရှင် သေယျသကဆိုရင် သူပေးတဲ့အကြံ လုပ်မိတာနဲ့ ပြဿနာတက်ပြီး ဘုရားက 'သံဃာဒိသေသ်' အာပတ် ပညတ်ရတာ တူတော်မောင်ရဲ့ ဒီလို 'ရှင်သေယျသက' က ရဟန်းဝတ်ထားပေမယ့် ကာမစိတ်အား ကြီးလွန်းတော့ မပျော်ပိုက် ဖြစ်နေတယ်။ အဒါကို 'ရှင်ဥဒါယီ' က စိတ်ထလာတဲ့အခါ ကိုယ့်အင်္ဂါဇာတ်ကို လက်နဲ့ကိုင် (masturbation) လုပ်ပြီး သုက်လွှတ်ဖို့ အကြံပေးတာတဲ့။ တခြားရဟန်းတွေကသိလို့ ဘုရားကို သွားလျှောက်တော့မှ ပညတ်တော် မူရတယ်တဲ့'

**ဦးသုန်** – 'နောက်ထပ်ကောဘုရား ရှင်ဥဒါယီအကြောင်း မိန့်ပါဦး'

**ဦးရိုးတော်** – 'ခုခေတ်မှာတောင် တော်ရုံလူ မပြောရဲတာတွေ ပြောတာတဲ့။ သူက တောကျောင်းကို သားသားနားနား လုပ်ထားတော့ ဒကာမတွေက လာကြတယ်တဲ့။ လာတဲ့ ဒကာမတွေကို ကျောင်းလိုက်ပြရင်းနဲ့ ဝစ္စမဂ်ပဿဝမဂ် ခုခေတ်လိုဆိုရင်တော့ တင်တွေရင်တွေ၊ အပေါ်ပိုင်းအောက်ပိုင်းနဲ့ ရှေ့ပိုင်းနောက်ပိုင်းတွေ လှကြောင်းပကြောင်း ချီးမွမ်းပြီး လိုချင်တဲ့အကြောင်း ပေးမလား စသဖြင့် မကြားဝံ့ မနာသာစကားတွေ ပြောတယ်။ နောက်ပြီး မင်းအမေက ငါ့ကို ကြည်ညိုရင်တော့ ငါက မင်းရဲ့ မေထုန်ကိုရမှာပဲ။ ယောက်ျားရှိသူဆိုရင်လည်း မင်းယောက်ျားနဲ့ ဘယ်ပုံစံ ဆက်ဆံသလဲ ပြောပြပါ၊ တို့ ဒီလို အနေအထားမှ ယောက်ျားတွေက ချစ်တာတို့ စသဖြင့် ယုတ်ညံ့တဲ့ စကားတွေ ပြောတော့ သဘောမကျတဲ့ ဒကာမတွေက တခြားသံဃာတွေကို တိုင်ရင်း ဘုရားရှင်နားကို ရောက်တော့ သံဃာဒိသေသ် အာပတ် ပညတ်ရပြန်တာပေါ့၊ သူ့ကြောင့်'။

**ဦးသုန်** – 'နောက်တော့ကော ဘုရား'

**ဦးရိုးတော်** – 'နောက်တစ်ခုက မုဆိုးမတစ်ယောက်က ရုပ်အဆင်း အလွန်လှပတယ်တဲ့၊ ရှင်ဥဒါယီက တောထွက်ပေါ့။ ရဟန်းမဝတ်ခင်က အိမ်ထောင်သည်၊ အလုပ်ကလည်း စုံတော့ ပုံစံက ခပ်ရှုပ်ရှုပ်ပါပဲ၊ မုဆိုးမအိမ်ကိုဝင်ပြီး တရားစကား ဝင်ပြောတယ်တဲ့၊ မုဆိုးမက သဘောကျပြီး ပစ္စည်းလေးပါး လှူပါ့မယ်လို့ဆိုတော့ ရှင်ဥဒါယီက ပစ္စည်းလေးပါး ဖြစ်တဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတာတွေက ငါ့အတွက် ပေါပါတယ်။ ရခဲတာ လှူမလား' လို့ မေးသတဲ့။ မာတုဂါမက ဘာများပါလိမ့်လို့ မေးတော့ 'မေထုန်က ရခဲတယ်' လို့ ပြောတယ်တဲ့၊ မာတုဂါမက 'အရှင် အလိုရှိပါသလား' မေးတော့ 'အလိုရှိတာပေါ့' လို့ ပြောသတဲ့။ ဒါနဲ့ လာလိုက်ခဲ့လို့ အိပ်ခန်းထဲ ခေါ်သွားသတဲ့။ အခန်းထဲရောက်တော့ အဝတ်ကို ချွတ်ပြီး ကုတင်ပေါ်မှာ ပက်လက်လှန်နေသတဲ့ မာတုဂါမက။ အဲဒါ ဘာမှလည်း လုပ်တာမဟုတ်ဘူး ရှင်ဥဒါယီက အနားရောက်တော့ 'ထွီ' ဆိုပြီး တံတွေးထွေးပြီး ရွံ့စရာကောင်းလိုက်တာ အနံ့ကလည်း ဆိုးပါ့ ဘယ်သူကမှ သုံးချင်စရာ မကောင်းဘူး' လို့ ပြောပြီး ထွက်သွားသတဲ့။ တကယ့် လူရှုပ်ပါဆို။ (အရှင်ဇနကာဘိဝံသ၏ ဘုရား ဥပဒေတော်ကြီး စာမျက်နှာ–၃၃) မာတုဂါမခမျာ ဘယ်လောက် စိတ်ဆိုးလိုက်လိမ့်မတုံး။ ဒီတော့ ဘေးပတ်ဝန်းကျင်ကို တိုင်တည်ပြီး ဒေါသနဲ့ပြောတော့ တစ်ဆင့်စကားနဲ့ ဘုရားရှင်က ကြားပါလေရော။ ဘုရားက

ရှင်ဥဒါယီကိုကဲ့ရဲ့ပြီး 'ကာမလှူခြင်းရဲ့အကျိုးကို ပြောဟောပြီး အလှူမခံရ' ဆိုတဲ့ အဓိပ္ပာယ်မျိုးရှိတဲ့ သံဃာဒိသေသ်အာပတ်ကို ပညတ်ရ ပြန်တာပေါ့'

ဦးသုန်က အသံထွက်အောင် ရယ်လိုက်ရင်း 'ခုခေတ်တောင် ဒီလောက်နောက်ပြောင်တဲ့ သူ ရှိမယ် မထင်ဘူးဘုရား' ဟု ပြောမိ၏။ ဆက်၍ နားထောင်ချင်ပါသော်လည်း ဦးရီးတော်က ပြန်ကြွသွားသဖြင့် နောက်တစ်ခေါက်မှမေးရန် တေးထားလိုက်၏။

အခန်း (၃၄)

## ရှင်ဥဒါယီအကြောင်း

နောက်ရက်များမှာလည်း ဦးသုန်မှာ ရှင်ဥဒါယီအကြောင်းကို မကြာခဏ စဉ်းစားနေမိသည်။ ပြဿနာပေါင်းစုံကို ပုံစံအမျိုးမျိုးဖြင့် အပျော် နောက်ပြောင်နေသည့်အလား ဘက်စုံတတ်လည်း တတ်နိုင်ပါပေသည်။ သို့သော် သူ့ကြောင့်ပင်၊ သူ့ကို အကြောင်းပြုပြီး နောင်သာသနာ အဓွန့်ရှည်စေရန်အတွက် ဝိနည်းသိက္ခာပုဒ်များ သတ်မှတ်ပေးပြီးသား ဖြစ်သွားခဲ့ရသည်။

သို့သော် ရှင်ဥဒါယီ လုပ်ခဲ့သမျှတွေက ဦးသုန်အဖို့ ထူးဆန်းပြီး စိတ်ဝင်စားစရာကောင်းလှသည်။ ရှင်ဥဒါယီက အိမ်ထောင်သည်၊ ကျောင်းလှလှလည်း ဆောက်တတ်သည်။ လေးမြားပစ်တာလည်း ကျွမ်းကျင်သည်။ အဝတ်အထည်လည်း ချုပ်လုပ်တတ်သည်ဆို၏။ သူက ရဟန်းဝတ်ပြီး သူ့မိန်းမက ဘိက္ခုနီဝတ်ခဲ့ခြင်းဖြစ်ရာ နှစ်ယောက်သား အရုပ်ထုတ်ကို တုတ်နဲ့ ထိုးကြသည်ဟုလည်း ကြားဖူးနားဝ ရှိထား၏။ သို့သော် ဂဃနဏတော့ ဦးရီးတော်မှ ပြောနိုင်လိမ့်မည်ဟု ဦးရီးတော်ကို မျှော်မိသည်။ ဦးရီးတော်က တော်တော်နှင့်ပေါ်မလာတော့ ဦးသုန်ကပဲ ဦးရီးတော်အားမည့် အချိန်ကိုစောင့်ပြီး ရှင်ဥဒါယီအကြောင်း သွားမေးတော့၏။

ဦးရီးတော် 'ဟာ၊ ရှင်ဥဒါယီက မထင်တာတွေချည်း လုပ်တာ၊ ပြီးတော့ ကြားရတဲ့သူတွေ မှာလည်း တအံ့တသြနဲ့ ရယ်စရာလည်း ကောင်းရဲ့၊ နောက်တစ်မှုက အောင်သွယ်တဲ့အမှုတဲ့၊ သူက အောင်သွယ်တဲ့ အလုပ်လည်း လုပ်သေးသတဲ့၊ သူဆွယ်ပေးလို့ ညားသွားတဲ့ အိမ်ထောင်သည်တွေလည်း သာဝတ္ထိမြို့မှာ အများကြီးပဲတဲ့၊ သူ အောင်သွယ်ပေးလို့ အဆင်ပြေသွားတဲ့ သူတွေကတော့ 'ငါတို့ ချမ်းသာသလို ရှင်ဥဒါယီလည်း ချမ်းသာပါစေ' ဆုတောင်းပြီး အဆင်မပြေတဲ့ သူတွေကတော့ 'ငါတို့ ဆင်းရဲသလို ရှင်ဥဒါယီလည်း ဆင်းရဲပါစေ' လို့ ဆုတောင်းတာ ဘုရားက ကြားတော်မူတော့ ပညတ်ရပြန်ရော၊ အောင်သွယ်မပေးရပေါ့။ ဒါနဲ့ပြီးရောလားဆိုတော့ မပြီးသေးဘူးဗျ၊ လူတစ်သိုက်က ပြည့်တန်ဆာကို ခေါ်တာ မလိုက်တော့ တစ်ယောက်က အကြံပေးသတဲ့ ရှင်ဥဒါယီကို အခေါ်ခိုင်းရင် အဆင်ပြေမှာလို့၊ နောက်တစ်ယောက်က ရဟန်းတော်ကို ဒီလို အကူအညီတောင်းဖို့ မအပ်ပါဘူးဆိုတော့ နှစ်ယောက်ငြင်းရင်း အလောင်းအစား လုပ်ကြသတဲ့။ တစ်ယောက်က ခေါ်ပေးမှာ၊ တစ်ယောက်က ခေါ်ပေးမှာမဟုတ်ဘူးပေါ့။ ဒါနဲ့ ရှင်ဥဒါယီကို အကူအညီတောင်းတော့ မဆိုင်းမတွ သွားခေါ်ပေးသတဲ့ဗျာ။ လက်ဝတ်လက်စားတွေ လုယူခံရမှာ ကြောက်နေတဲ့ ပြည့်တန်ဆာကလည်း သူဖျောင်းဖျတော့ လိုက်သွားသတဲ့ အံ့ရော။ ဒီမှာတင် သူ့ကို အထင်တကြီးလောင်းပြီး ရှုံးတဲ့သူက စိတ်တိုတိုနဲ့ ရဟန်းက ဒီလိုလုပ်ရပါ့မလားလို့

ဘုရားထံသွားတိုင်တော့ ထပ်ပြီး ပညတ်ရပြန်ရော၊ တစ်ခဏမျှ ပေါင်းသင်းမယ့် ပြည့်တန်ဆာကိုလည်း အကျိုးဆောင် မပေးရဘူးလို့'။ အဲလိုလူ တူတော်မောင်ရဲ့။

ဦးသုန်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး 'ရှာမှ ရှားပဲနော်၊ ဒါလည်း ငြိမ်မသွားသေးဘူးလားဘုရား' ဟု မေး၏။

**ဦးရိုးတော်** – 'ဘယ်ငြိမ်လိမ့်မလဲ နောက်တစ်မှုက ဘာတဲ့၊ သူ့အကျင့်က လူလစ်ရင် မာတုဂါမတွေနား သွားသွားကပ်တဲ့ အကျင့်ရှိတယ်။ နှစ်ယောက်ချင်းရှိရင် လူတွေ ပြောသလိုပေါ့။ သွမ်းတဲ့ စကားတွေပြောပြီး လူတွေလာရင်တော့ တရားစကား ပြောင်းပြောသတဲ့။ တစ်နေ့တော့ သူ့ ဝသီအတိုင်း သတို့သမီးနား ကပ်နေတုန်း ဝိသာခါကျောင်းအစ်မက မြင်တော့ သွားပြီးပြောတာပေါ့။ 'အရှင်ဘုရား မာတုဂါမနဲ့ နှစ်ယောက်တည်း မျက်စိကွယ်ရာမှာနေတာ မတော်ပါဘူး၊ အရှင်ဘုရားက ဘာမှမလုပ်ပေမယ့် လူတွေအမြင်မှာ ယုံကြည်ဖို့ခက်မယ် ဘုရား' လို့ ပြောတာကို ဆက်ထိုင်နေတော့ ဝိသာခါက လမ်းပေါ်ထွက်ပြီး တွေ့တဲ့သံဃာကို ရှင်ဥဒါယီအကြောင်း တိုင်သတဲ့။ ဘုရားနားပေါက်သွားရော ဆိုပါတော့။ ပညတ်ရပြန်ရော'

**ဦးသုန်** – 'လာပြောတာတောင် ဂရုမစိုက်ဘူးဆိုတော့ လွန်တာပေါ့၊ ဆက်ပြောပါဦးဘုရား၊ ဘာတွေ နောက်ဦးမလဲ မသိဘူး'

**ဦးရိုးတော်** – 'သူ့ဇနီးဟောင်းကလည်း သာဝတ္ထိပြည်မှာပဲ ဘိက္ခုနီ ဝတ်နေတာရှိတယ်၊ အဲဒီဘိက္ခုနီမဆီ သူကလည်း သွားတယ်။ ဟိုကလည်း သူ့ဆီ မကြာမကြာလာတယ်။ တစ်နေ့ အဲဒီဘိက္ခုနီဆီသွားပြီး ဆွမ်းစားတော့ ဆွမ်းစားရင်းနဲ့ ရှင်ဥဒါယီက သူ့အင်္ဂါဇာတ်ကို တမင်ပေါ်အောင် ထိုင်နေတယ်။ ဘိက္ခုနီကလည်း အားကျမခံ သူ့လိုဘဲ ပြန်လုပ်ပြတယ်။ ဒါနဲ့ တစိမ့်စိမ့်ကြည့်ရင်း ရာဂစိတ်ဖြစ်ပြီး သင်းပိုင်မှာ သုက်ထွက်ပြီး ပေကုန်တယ်။ သင်းပိုင်လျှော်ချင်လို့ ရေယူလာပေးပါ' ဆိုတော့ ဘိက္ခုနီက 'တပည့်တော် လျှော်ပေးမယ်' ဆိုပြီး ယူသွားရင်း သုက်ကို ပါးစပ်နဲ့စုပ်ပြီး သူ့ရဲ့ မသဘာဝထဲကိုလည်း ထည့်သွင်းတယ်တဲ့။ ဒါနဲ့ ကိုယ်ဝန်ရှိပါလေရော။ ဘိက္ခုနီရဲ့ ကိုယ်ဝန်က ပေါ်လာတော့ ပတ်ဝန်းကျင်က ကဲ့ရဲ့ရော။ အကျိုးအကြောင်း ရှင်းပြတော့ ဘုရားထံ ပေါက်သွားပြီး ပညတ်ရပြန်ရော။ ဆွေမျိုးမတော်သူကို သင်္ကန်းအလျှော်အဖွပ် မခိုင်းရ' လို့။ (အရှင်ဇနကာဘိဝံသရေး၊ ဘုရားဥပဒေတော်ကြီး၊ စာမျက်နှာ ၇၅၊ ၇၆)

**ဦးသုန်** – 'တော်တော်ဆိုးတဲ့လူပါလားဘုရား၊ ဆက်ပါဦးဘုရား ရှိသေးရင်'

**ဦးရိုးတော်** – အများကြီး ရှိတာပေါ့။ ရှင်ဥဒါယီအကြောင်း၊ ဥပ္ပလဝဏ်ထေရီမဆိုတာရှိတယ်။ အမဲသားဟင်း ပွဲသကူရလို့ ဘုရားရှင်ကို လာလှူတာ။ ဘုရားက ဆွမ်းခံဝင်တော်မူတဲ့ အချိန်ဖြစ်နေတော့ ကျောင်းစောင့်အလှည့်ကျနေတဲ့ ရှင်ဥဒါယီနဲ့ တွေ့ပါလေရော။ 'ဤဟင်းလျာကို ဘုရားရှင် လှူပေးပါ' လို့ မှာပြီး ပြန်မယ်ပြင်တော့ ရှင်ဥဒါယီက ဥပ္ပလဝဏ်

ထေရ်မရဲ့ ခါးဝတ်သင်းပိုင်ကို လိုချင်ရုံမကဘဲ ကိုယ်လုံးကိုယ်ပေါက် အတွင်းသားလည်း ကြည့်ချင်မြင်ချင်တော့ 'ခါးဝတ်သင်းပိုင် ငါ့ကို လှူခဲ့ပါ' လို့ အလှူခံတယ်တဲ့။ ထေရီမက 'တပည့်တော်မှာ အပိုမရှိလို့ မလှူပါရစေနဲ့' တောင်းပန်တော့ 'ဘုရားရှင်ကို အမဲသားဟင်း လှူပြီး ငါ့ကျတော့ သင်းပိုင်လေးတောင် ကပ်နေတယ်' လို့ အကျပ်ကိုင်တော့ အပေါ်က ရင်လွှမ်းတဘက်နဲ့ သင်းပိုင်ကို ချွတ်လဲပြီး လှူခဲ့ရတယ်တဲ့။ ရှင်ဥဒါယီရဲ့ အကြံကတော့ မအောင်ဘူး။ ဟိုက ပိပိရိရိ သေသေသပ်သပ်လဲ ဝတ်သွားတော့ သူမြင်ချင်တွေ့ချင်တာ မမြင်တွေ့လိုက်ရဘူး။ ဒါနဲ့ ပတ်ဝန်းကျင်က ကဲ့ရဲ့၊ ဘုရားရှင်နားတော်ကိုပေါက်ပြီး ပညတ် ရပြန်ရော။ ဆွေမျိုးမတော်သူ ဘိက္ခုနီလက်မှ သင်္ကန်းကို အလှူမခံရလို့ ပညတ်ရ ပြန်တယ်။

ဦးသုန် မေးဦးမည်ကို သိ၍ ဦးရီးတော်ကပင် ဆက်၍ ပြော၏။

'နောက်တစ်မှုကလည်း ရယ်စရာကောင်းတယ်၊ ရှင်ဥဒါယီက ယောက္ခမနဲ့ ချွေးမ နှစ်ယောက်တည်းရှိတဲ့ အချိန်မှာ အိမ်တစ်အိမ်ကို ရောက်သွားတယ်၊ ယောက္ခမက ခြံပေါက်ဝ မှာ ထိုင်နေပြီး ချွေးမက အိမ်ပေါက်ဝနား ထိုင်နေတော့ တစ်ယောက်နဲ့တစ်ယောက်က နည်းနည်းလှမ်းနေတာပေါ့၊ ရှင်ဥဒါယီက ယောက္ခမနားကို ကပ်သွားပြီး ခပ်တိုးတိုး တရား ဟောသတဲ့၊ ချွေးမက လှမ်းမြင်တော့ တစ်မျိုးထင်တာပေါ့ 'ငါ့ ယောက္ခမ လင်ငယ်နေ နေတာလား။ ဒါမှမဟုတ် ကြည်စယ်စကားတွေ ပြောနေတာများလား' သံသယဝင်ပြီး တွေးနေ တာပေါ့၊ ယောက္ခမ အလှည့်ပြီးတော့ တစ်ခါ ချွေးမနားကပ်ပြီး တရားကို တိုးတိုးသက်သာ ဟောပြန်ရောတဲ့၊ ဒီအခါမှာ ယောက္ခမလုပ်သူက ချွေးမကို သံသယဝင်သတဲ့ 'ဒီကောင်မ လင်ငယ်နေတာများလား။ ဒါမှမဟုတ် ပလီတိချော်ချက်တွေ ပြောနေကြတာများလား' လို့ တွေးနေတယ်တဲ့။

ဒါနဲ့ ရှင်ဥဒါယီ ပြန်ကြွသွားပြီးချိန်မှာ တစ်ယောက်နဲ့ တစ်ယောက် မေးကြတာပေါ့၊ ရှင်ဥဒါယီ ဘာတွေ ကပ်ပြောသွားတာလဲဆိုတာ။ တကယ်တမ်းကျတော့ နှစ်ယောက်စလုံးကို တရားချည်း ဟောသွားတာပါ။ တရားဟောတာဆိုရင် နှစ်ယောက်စလုံး ကြားလောက်အောင် ပွင့်ပွင့်လင်းလင်း မဟောဘဲ ဘာကြောင့်တိုးတိုးလေး အနားကပ် ဟောရတာလဲ စောဒက တက်ရင်းနဲ့ ဘုရားရှင် နားပေါက်ကြားတော့ ပညတ်ရပြန်တယ်။ မာတုဂါမကို တရား မဟောရဘူးလို့၊

ဒီလို ပညတ်ပြီးနောက်ပိုင်း ဥပါသိကာမတွေက တရားဟောဖို့ လျှောက်တော့ ဘုရားရှင် တားမြစ်ထားတော်မူတာမို့ မဟောပါရစေနဲ့ ဆိုလွှတ်တော့ စိတ်မကောင်း ဖြစ်ကြရပြီး နစ်နာ ကြရတယ်။ ဘုရားရှင်ကို လျှောက်ထားတော့မှ ခြောက်ခွန်းအထိ ဟောခွင့်ပြုတယ်။ ဒါတောင် တချို့အကျင့်သီလပျက်တဲ့ ရဟန်းတွေက ဘာမှနားမလည်တဲ့ ယောကျ်ားတစ်ယောက်ကို ထားပြီး အဲဒီယောကျ်ားကို ဟောသလိုနဲ့ မာတုဂါမကြားအောင် ခြောက်ခွန်းထက်လည်း ပိုအောင် ကြံဖန်ဟောကြတယ်။

မဟာဂန္ဓာရုံ ဆရာတော်ကတော့ ရှင်းပြထားတာရှိတယ်။ မာတုဂါမ တစ်ယောက်ကို ခြောက်ခွန်းကျူနုန်းနဲ့ ဆယ်ယောက်ဆိုရင် အခွန်း ၆၀ ဟောခွင့် ရှိတယ်တဲ့။ နောက်ပြီး ခြောက်ခွန်းသောစကားဟာ ပါဠိတော်ကိုသာ ရည်ညွှန်းပြီး မြန်မာစကားနဲ့ ဟောရင်တော့ ယောက်ျားသား ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ အာပတ်မသင့်ဘူးလို့ ဘုရားဥပဒေတော်ကြီး စာအုပ်မှာ ရှင်းပြထားတော်မူပါတယ်'။

❖

## အခန်း (၃၅)

# ရေစက်နည်းတဲ့ ဖူးစာရှင်

မိုးမမြင်လေမမြင် ပျော်ရွှင်တာမျိုးကို မတွေ့ဖူးလျှင် ဘိုဘိုကို လာကြည့်လှည့်ပါဟု ဆိုရလောက်အောင်ပင် ဘိုဘိုတစ်ယောက် ပျော်ရွှင်နေပါသည်။ လူကော အသက်ကော ပုံအပ်ပြီး 'ရွှေမှုန်' ကို ချစ်ပါသည်။ ရွှေမှုန်၏ မျက်နှာကိုသာ အရိပ်တကြည့်ကြည့်နေပါသည်။ အလုပ်လုပ်ရာမှာလည်း ရွှေမှုန်မျက်နှာကိုပဲ မြင်နေပါသည်။ အလုပ်ချိန် အတွင်းမှာပင် တစ်ခါတစ်ရံ အိမ်သာတက်သလိုလိုနှင့် ရွှေမှုန်ဆီကို ဖုန်းလှမ်းဆက်ပါသည်။ အလုပ်က ပြန်လာလျှင်လည်း အိမ်သန့်ရှင်းရေးလုပ် ထမင်းဟင်းချက် ကူလိုက်သေးသည်။

ရွှေမှုန်အတွက် တစ်ပတ်ကိုတစ်မျိုး ဖွတ်ဝယ်ပေးသည်။

အလုပ်အကိုင်ရှိပြီး မိန်းမပေါ် ဂရုစိုက်သော ဘိုဘိုလို ယောကျ်ားမျိုးကို ရခြင်းမှာ အမျိုးသမီး တစ်ယောက်အတွက် အလွန်ကံကောင်းသည်ဟု ဆိုနိုင်ပါသည်။ အိမ်ခန်း ဆိုလျှင်လည်း မြန်မာနိုင်ငံမှာဆိုရင် ကွန်ဒိုအဆင့်လောက် ကောင်းသောအခန်းကို ငှားပေး ထားပါသည်။ အဝတ်လျှော်စက်၊ အောက်မှာ မုန့်ဖုတ်စရာ တွဲလျက်ပါသော မတ်တတ်မီးဖို (အပူခံမှန်ပြားနှင့်)၊ မိုက်ကရိုဝေ့ဖ်၊ ဖုန်စုပ်စက်၊ တီဗွီ၊ အောက်စက်၊ ကွန်ပျူတာ၊ ဖက်စ်ဖုန်း၊ အစုံအလင် လိုလေးသေးမရှိ ဝယ်ထားပေးသည်။ ပန်းကန် ခွက်ယောက်တွေ ကလည်း အဆင့်မြင့်တံဆိပ်တွေနှင့် တန်ဖိုးမသေးလှ။

အနွေးပေးစက် (Heater)၊ ရေပူရေအေးစက်၊ အိမ်သာကြွေခွက်တို့က သပ်ရပ် လှပသည့်အပြင် နံရံကပ်စက္ကူများကလည်း ရွှေမှုန်မရောက်မီလေးတင် ဘိုဘို ကပ် ထားခြင်းဖြစ်သည်။ အဖြူရောင် ဇာခန်းဆီးများဆိုလျှင် ရွှေမှုန်ပင် အလွန်နှစ်သက်ပြီး လှပကြောင်း ထုတ်ပြောရ၏။ မှန်ပြတင်းပေါက် အကျယ်နေရာမှာ မျက်နှာကြက်မှ ကြမ်းပြင်ထိ ခန်းလုံးပြည့် လိုက်ကာအဖြူကို ကြိုးတန်းမှာချိတ်ပြီး အတွန့်လှလှလေးတွေ ဖြစ်အောင် ကာထားသည်။ အပြင်ဝရန်တာမှာလည်း ဆန်းရှိတ်က စက်သီးဖြင့် လက်နှင့်လှည့်ကာ ဆန့်ထုတ်ဆန့်သွင်း လုပ်လို့ရသည်။ နေသာသည့်နေ့မှာ ထိုင်ဖို့ ဝရန်တာမှာ ပလတ်စတစ်ခုံနှင့် စားပွဲခင်းချထားသည်။

ရွှေမှုန်လည်း ပတ်ဝန်းကျင်အသစ်၊ ပစ္စည်းအသစ်တွေနှင့် ရောက်စမှာ အပျော်ကြီး ပျော်ခဲ့ပါသည်။ သို့သော် ရက်တွေလတွေ ကြာလာတာနှင့်အမျှ ရွှေမှုန်မပျော်တော့ပါ။ ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်နိုင်ပါ။ ဘိုဘိုကလည်း အရိပ်တကြည့်ကြည့် လိုလေသေး မရှိအောင် ထားပါသည်။ ပိုတောင်နေသည်ဟု ထင်ရပါသည်။

မိန်းမတို့၏ သဘောကား ဆန်းကြယ်လွန်းလှပါသည်။ ပုံသေကားကျလည်း မရှိ။ တစ်ယောက်နှင့် တစ်ယောက်လည်း မတူ။ အဘယ်မျှထိ ဆန်းကြယ်သနည်းဆိုသော် တစ်ခါတစ်ရံ မိန်းမများ ကိုယ်တိုင် ဘာဖြစ်မှန်းမသိ။ ဘာကြောင့်မှန်းမသိ။ ဆန်းကြယ်တာပဲ သိသည်။

တကယ်တော့ မိန်းမတွေရဲ့ သဘောမှ ဆန်းကြယ်တာ မဟုတ်။ ယောကျ်ားများရဲ့ သဘောလည်း ဆန်းကြယ်၏။ လူဖြစ်ရတာကိုက ဆန်းကြယ်၏။ ကမ္ဘာမှာ လူတွေ ဘယ်လို စဖြစ်ခဲ့တယ်ဆိုတာလည်း လူတွေ ခုထိ မသိနိုင်။ ပဋိပက္ခအကြောင်း၊ လိင် ကွဲပြားရတဲ့ အကြောင်း၊ ရုပ်တွေအကြောင်း၊ နာမ်တွေ၊ ဗုဒ္ဓသာ မဟောခဲ့ရင် ဘာဆိုဘာမှ မသိကြရ။

ဒီကြားထဲမှာ မမြင်နိုင်တဲ့ ကုသိုလ်၊ အကုသိုလ်ကံတွေရဲ့ စေစားမှုတွေ၊ စေတသိတ်တွေနဲ့ ခြယ်လှယ်မှုတွေကလည်း ရှိသေးသည်။

၆ လခန့် အတူနေပြီးချိန်မှာတော့ ရွှေမှုန်က ဘိုဘိုအပေါ် စိတ်တိုတတ်လာသည်။ အသေးအဖွဲ့လေးများကအစ ဘဝင်မကျနိုင်ဘဲ ရင်ထဲမှာ အကျိတ်အခဲ ဖြစ်လာသည်။ ဘိုဘိုက ဘယ်လောက် ကောင်းအောင် လုပ်ပေးပေး စိတ်တိုင်းကျသည်ဟူ၍ မရှိတော့။

ဘိုဘိုတစ်ယောက်မှာတော့ မနှင့် ပတ်သက်၍ ဗဟုသုတ သိပ်မရှိ။ သူသိတာ တစ်ခုပဲရှိသည်။ အလုပ်ကြိုးစားလုပ်ပြီး ပိုက်ဆံများများရှာမည်။ ထိုပိုက်ဆံဖြင့် ရွှေမှုန် လိုသမျှ ဝယ်ပေးပြီး ပျော်အောင်ထားမည်။ သို့အတွက် ရွှေမှုန်ရင်ထဲ ဘာတွေ ဖြစ်နေသည်ကို သူမသိ။

တစ်နှစ်လောက်အကြာမှာတော့ ရွှေမှုန်က ဘိုဘိုကို တစ်ခုတင်စီ ခွဲအိပ်ချင်သည် ပြောတော့မှ အံ့အားသင့်နေသည်။ အကြောင်းပြချက်က ဘိုဘိုက ဟောက်တတ်သည့် အပြင် ပါးစပ်မှ အနံ့ဆိုးသောကြောင့်ဟူ၏။

အိပ်ခန်းကိုတော့ ခွဲမအိပ်ဖြစ်။ အိပ်ခန်းက ကျယ်ဝန်းသောကြောင့် နံရံတစ်ဖက်စီမှာ ကုတင်နှစ်လုံးကို ကပ်လိုက်ပြီး တစ်ယောက်စီ ခွဲအိပ်ကြသည်။ ဘိုဘိုကတော့ တော်တော် စိတ်မကောင်း ဖြစ်နေရှာသည်။

ဖိုမ ဆက်ဆံရေးအတွက်တော့ ပြဿနာမရှိလှ။ ဘိုဘို လိုအပ်သည့် အချိန်တိုင်း ရွှေမှုန်က လိုက်လျောသည်။ သို့သော် စိတ်ပါပုံတော့ သိပ်မရ။

ဘိုဘို၏ ပါးစပ်နံသည့် ပြဿနာကလည်း မသေးလှ။ အရင် တရုတ်မလေးနှင့် ကတည်းက တရုတ်မလေးက အိပ်လျှင် မျက်နှာချင်းဆိုင်၍ ဘယ်တော့မှမအိပ်။ တစ်ယောက် နှင့် တစ်ယောက် ကျောပေးအိပ်ကြရသည်။ အိပ်ရာဝင်ကာစ လင်မယား ကိစ္စမပြုမီ ဘိုဘို တစ်ယောက် မမေ့မလျော့ သွားတိုက်ပြီးလျှင် ခံတွင်းအနံ့ပျောက်ဆေးနှင့် ပလုတ်ကျင်းရစမြဲ ဖြစ်သည်။

ဘိုဘို၏ ခံတွင်းအနံ့က အရင်က သည့်ထက်ဆိုးသည်။ သွားတိုက် ပလုတ်ကျင်းပြီး နာရီဝက်လောက်ရှိသည်နှင့် စကားပြောလျှင် အနံ့ထွက်လာပြီဖြစ်သည်။ ဆရာဝန်တွေနှင့်လည်း အကြိမ်ကြိမ်ပြခဲ့ဖူးသည်။ လုံးဝသက်သာမသွားခဲ့။

စိတ်ဓာတ်ကျနေရာမှ တစ်နေ့ ဘယ်လ်ဂျီယံလူမျိုး အသိတစ်ယောက်က ဘယ်လ်ဂျီယံ–ဂျာမန်ကပြား ဆရာဝန်တစ်ယောက်နှင့် မိတ်ဆက်ပေးပြီး ထိုဆရာဝန်က အိပ်မွေ့ချကုသနည်းစမ်းသပ်ချင်သည်ဆို၍ တစ်ရက် သူ့ဆေးခန်းမှာချိန်းပြီး ဘယ်လ်ဂျီယံစကား ကျွမ်းကျင်သည့် စကားပြန်ပါ ခေါ်သွား၏။

သည်လိုနှင့် အိပ်မွေ့ချပြီး မေးရင်းဖြင့် ဘိုဘို၏ ခံတွင်းနံသည့် ပြဿနာ၏ အဖြေက ပေါ်လာသည်။

သူသည် အနီးဆုံးဘဝတစ်ခုတွင် အီတလီနိုင်ငံသား ဖြစ်ခဲ့သည်။ သူက မိသားစုများအပေါ် တွင်လည်းကောင်း၊ သူတော်ကောင်း ဘာသာရေးသမားများ အပေါ်တွင်လည်းကောင်း အကောင်း ပြောလေ့မရှိ။ ပိုဆိုးသည်က ခင်မင်သူတွေ တစ်ယောက်နှင့်တစ်ယောက် စိတ်ဝမ်းကွဲအောင် ပြောပြီး မတည့်မရှုဖြစ်လျှင် ပျော်ရွှင်နေတတ်သည်။ သူရောက်သွားသော နေရာတိုင်းမှာ စိတ်ဝမ်းကွဲကြ၊ စကားများပြီးရန်ဖြစ်ကြနှင့် စိတ်မချမ်းသာမှုတွေ ပြည့်နှက်နေလေ့ရှိသည်။

သူ့ရဲ့ ဝဋ်နာကို ကုသဖို့ အဖြေက ရှိပါသည်။ သို့သော် အပြစ်တွေက များလွန်းသည့်အတွက် အချိန်ကြာမည်ဖြစ်ပြီး လုံးဝပျောက်ကင်းသွားမည်ဟု အာမခံချက်မရ ကြိုးစားလျှင် သက်သာမည်။

လေ့ကျင့်ဆောင်ရွက်ရန်က လွယ်သည်ဆိုလျှင်လည်း မှန်သလို ခက်သည်ဆိုလျှင်လည်း မမှား။ နေ့စဉ် မိမိကြည်ညိုသူ (ဗုဒ္ဓဆင်းတုတော်) ရှေ့တွင် တပည့်တော်သည် မုသားမပြော၊ မှန်သော စကားကိုသာဆိုပါမည်။ ကွဲကွာနေသော မိသားစုများကို တွေ့ဆုံအောင် ကူညီပါမည်ဟု အဓိဋ္ဌာန်ရမည်ဖြစ်ပြီး အဓိဋ္ဌာန်သည့် အတိုင်းလည်း လက်တွေ့ကြိုးစားရမည် ဖြစ်သည်။

ရွှေမှုန်ရောက်လာချိန်မှာ ခံတွင်းနံသည့် ပြဿနာက အတော်အတန် သက်သာနေပြီဖြစ်သည်။ သို့သော် ပြဿနာကတော့ ရှိဆဲပင်ဖြစ်သည်။

တစ်ခုတင်စီ ခွဲအိပ်သည့်အချိန်မှစ၍ ဘိုဘိုတစ်ယောက် ပြာယာခတ်သွားသည်။ ရွှေမှုန်ကို ပျော်ပွဲရွှင်ပွဲရှိရာတွေဆီ ခေါ်သွားသည်။ အလုပ်ပိတ်ရက်များတွင် မြန်မာ အပေါင်းအသင်းတွေကိုခေါ်၍ ညည့်ခံကျွေးမွေးရင်း ရွှေမှုန် မငြီးငွေ့ရအောင် အစွမ်းကုန် ကြိုးစားသည်။

သည်လိုနှင့် ရွှေမှုန်က ဘိုဘိုကို နိုင်လာသည်။ ဘိုဘိုကလည်း ရွှေမှုန်လိုတာမှန်သမျှ စိတ်တိုင်းကျ ဘာမဆို လိုက်လျောဖို့ အသင့်ဖြစ်နေလေပြီ။

❖

## အခန်း (၃၆)

## Hypersexuality

တဖြည်းဖြည်းနှင့် ဘိုဘိုတို့အိမ်က ဒုက္ခသည် ကယ်ဆယ်ရေးစခန်းထက်ပင် ဆိုးလာသည်။ ဒုက္ခသည် ကယ်ဆယ်ရေး စခန်းဆိုသည်က ဒုက္ခရောက်သူများသာ ရောက်လာတတ်သည်။ အခု ဘိုဘိုတို့အိမ်မှာတော့ မြန်မာတွေအချင်းချင်း တွေ့ဆုံပြီး ပျော်ချင်သူများကော၊ အလုပ် လာရှာသူများကော နေစရာ အခန်းမရသေး၍ အခန်းရှာရင်း တည်းခိုသူများကော၊ ဝင်လိုက် ထွက်လိုက်နှင့် စည်ကားနေသည်။ လင်မယားတွေလည်း လာကြသည်။ သမီးရည်းစားတွေလည်း လာသည်။ လူလွတ်တွေကော၊ မလွတ်တလွတ်တွေကော အရောင်စုံ အသွေးစုံ ရောက်လာသည်။ တစ်ခါတစ်ရံ ည့်ခန်းနှင့်အပြည့် တန်းစီ အိပ်ကြရသည်။

ဗိုက်ဆာသူများကလည်း မီးဖိုထဲဝင် ရှုးခပ်စားသွားကြသည်။ ဘိုဘိုက တစ်ချက်မှ ညည်းတွားခြင်း မရှိ။ အရေးကြီးသည်မှာ ရွှေမှုန်တစ်ယောက် ငြီးငွေ့မနေစေဖို့ဖြစ်သည်။

ပစ္စည်းအစုံရှိသည့်အတွက် တချို့က အဝတ်တွေယူလာပြီး အဝတ်လျှော်စက်ထဲ ထည့်လျှော် ကြသည်။ တချို့က အင်တာနက် ထိုင်နှိပ်ကြသည်။ ရွှေမှုန်ကတော့ ပျော်နေပုံရသည်။ ယောကျ်ားလေးတွေနှင့် စလိုက်နောက်လိုက်၊ ပုတ်လိုက် ခတ်လိုက် ပွင့်လင်းသည့် မိန်းမချောလေးလည်းဖြစ်၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း အချိုးအစားကျ ဆိုတော့ အားလုံးက ခင်မင်ကြသည်။

ခက်တာက ခင်မင်သူများတော့လည်း အန္တရာယ်၊ အမျိုးသမီးချင်း မနာလိုမရှုစိမ့်တာတွေ ရှိလာသည်။ ယောကျ်ားလေးတွေ ဝိုင်းခင်နေသော မိန်းကလေးတစ်ယောက် အပေါ်ဆိုလျှင် အမြင်စောင်းမည့် မိန်းကလေးတွေက များတတ်သည်။

သို့ဖြစ်၍ ရွှေမှုန်၏သတင်း အပြင်မှာ ပျံ့နှံ့နေတော့ ဘိုဘို မတုန်လှုပ်။ သတင်းက ရွှေမှုန်တစ်ယောက် ဘိုဘိုမသိအောင် ယောကျ်ားလေး သုံးယောက်လောက်ကို အမြှောင်ထားသည်ဆိုသော သတင်း။ ဘိုဘိုနှင့် ညီအစ်ကိုလို နေသူများက ထိုသတင်း မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ အပြောလွတ်အောင်နေဖို့ ဘိုဘိုကို အကြံပေးသည်။ ဘိုဘိုက လက်မခံ။ ဒါ ဥပဒေပြဖြစ်သည်၊ လွတ်လပ်မှုရှိရမည်၊ ရွှေမှုန်ကို ချုပ်ချယ်လိုက်လျှင် စိတ်ညစ်သွားမှာ စိုးသည်ဆိုပြီး လက်မခံ။

ရွှေမှုန်ကို သတိပေးစကားပင် မပြောမိ။ သို့သော် တစ်ညမှာတော့ သူတုန်လှုပ်ချောက်ချားစရာ ကြုံရသည်။ ရွှေမှုန်ဘက်အခြမ်းတွင် ဟထားသော ပြတင်းတံခါးမှ လေဝင်မည်စိုး၍

ပိတ်ရန် ထသွားရင်း အမှတ်တမဲ့ ရွှေမှုန်ခုတင်ဘက်ကို မျက်စေ့ရောက်သွားတော့ မီးမှိတ်ထားပေမယ့် လရောင်မှိန်မှိန်အောက်မှာ လူသားနှစ်ယောက် အကြိတ်အနယ် ချစ်တင်းနှောပြီး လောကကိုပင် မေ့လျော့နေသည်အလား။ ရုတ်တရက် ဘိုဘို ကြက်သေ သေသွားပြီး ပြတင်းပေါက်ဆီ မသွားတော့ဘဲ နောက်ပြန်ဆုတ်မိသည်။ အသံမကြားအောင် သူ့ ခုတင်ပေါ် ပြန်လှဲလိုက်ပြီး ရွှေမှုန်ဘက်ကျောပေးပြီး နံရံဘက် လှည့်နေလိုက်သည်။ ဘုရား ဘုရား။ သူရုတ်တရက် ကယ်ရာမဲ့သလို ခံစားရသည်။ အထီးကျန်ပြီး ဝမ်းနည်းမိသည်။ ယောကျ်ား တစ်ယောက်အဖို့ သည့်ထက်ဆိုးသော ငရဲကြမ္မာ ရှိပါဦးမည်လား။ မျက်ရည်မကျအောင် သူထိန်းထားခဲ့ရသည်။

ရွှေမှုန်က အလွန်ပါးနပ်သော မိန်းကလေးဖြစ်သည်။ နောက်ရက် ဘိုဘို အမူအရာ ပျက်နေသည်ကိုကြည့်ပြီး သူ့ လျှို့ဝှက်ချက်ကို သိသွားပြီဖြစ်ကြောင်း ရိပ်မိသည်။

ဘိုဘို နောင်တရနေပြီဖြစ်သည်။ အားလုံးကို နောင်တရသည်။ ရွှေမှုန်နှင့် လက်ထပ်မိတာ၊ ခေါ်မိတာ၊ ပျော်အောင် အိမ်မှာ ညှော့သည့်တွေ ဖိတ်ခေါ်မိတာ၊ ဘေးစကား ကောလဟာလ တွေကို မယုံမိတာ။ အစစအရာရာအတွက် နောင်တရနေမိသည်။ အခုတော့ သူသဘော ပေါက်ပြီ။ ဘေးက သတင်းတွေက မှန်နေပြီ၊ မြန်မာအသိုင်းအဝိုင်းမှာ သူသိက္ခာက တစ်ပြားသားမှ မရှိတော့ပြီ။ ပိုပြီးထိတ်လန့်မိသည်မှာ ရွှေမှုန်တစ်ယောက် အခြားယောကျ်ား တွေနှင့် ဖောက်ပြန်သည့်အချိန်မှာ အကာအကွယ် (condom) သုံးရဲ့လား။ အို.. ရှုးချင်စရာ ကောင်းလှပါသည်။ အလုပ်ထဲမှာလည်း အဆင်မပြေ။

စိတ်ညစ် စိတ်ဆင်းရဲပြီး အတွေးတွေ အူချာပေါက်နေပြီဖြစ်၍ အမှားအမှန် ဆုံးဖြတ် အကဲခတ် နိုင်စွမ်းကလည်း ကျဆင်းနေသည်။ ကင်မရာမှာ အမျိုးသမီးတစ်ယောက် ကုန်းကုန်း ကုန်းကုန်းနှင့် ကျောပေးပြီး တစ်ခုခုဝှက်ပြီး ထည့်နေသည့်ပုံကို မသင်္ကာဖွယ်ရာ တွေ့ရ၏။ သူ့အဖော် partner လည်း မြင်ရ၏။ ခါတိုင်းဆိုလျှင် သူက အမြင်အား ကောင်းသည်။ မျက်နှာကိုလည်း အသေအချာ ကြည့်မိသည်။ အခုတော့ နှစ်ယောက်သား control room ကွပ်ကဲရေး အခန်းထဲမှ ဂမူးရှူးထိုး ထွက်၍လိုက်ကြသည်။ အမျိုးသမီးက ပိုက်ဆံရှင်း ကောင်တာရှေ့မှာ ငွေရှင်းနေပြီဖြစ်သည်။ ငွေရှင်းကောင်တာမှ ထွက်ခွာသည်နှင့် သူတို့ နှစ်ယောက်က တားဆီးလိုက်ပြီး အမျိုးသမီး လုံခြုံရေး ဝန်ထမ်းတစ်ယောက်ကို ခေါ်လိုက် သည်။ ညှော့သည် အမျိုးသမီးကတော့ သူတို့ကို ကက်ကက်လန်အောင် ရန်တွေ့နေသည်။ ပေါက်သည့်နဖူး မထူးတော့သည့်အတူ ခေါ်သွားပြီး စစ်တော့ ဘာပစ္စည်းမှ မတွေ့။ အခု ဒီ အမျိုးသမီးကို ဘိုဘို မှတ်မိသွားပြီ။ အရင်တစ်ခါ ပစ္စည်းမိပြီး ပြဿနာ တက်ထားသူ။ သက်သက် မသင်္ကာစရာလုပ်ပြပြီး ပြဿနာရှာခြင်း ဖြစ်ပုံရသည်။ သို့သော် နောက်ကျသွားပြီ ဖြစ်သည်။ သူတို့ဆိုင်တာဝန်ခံ အကြီးအကဲအခန်းမှာ ရှင်းနေရပြီဖြစ်ပြီး အနူးအညွတ် တောင်းပန်လိုက်ရ၏။ တာဝန်ခံက ဆက်ပြီး ကြိမ်းမောင်းနေတော့မှ ကွန်ပျူတာ ဖိုင်ထဲမှာ သိမ်းထားသည့် ဒီအမျိုးသမီး အကြောင်းကိုရှာပြီး သွားပြမှ ငြိမ်သွားတော့သည်။

စိတ်ညစ်မောပန်းပြီး အိမ်ပြန်ရောက်တော့ ရွှေမှုန်ကတော့ ဘာမှမသိ။ ပျော်လို့ ကောင်းဆဲ။ ဘေးသတင်းများအရ ရွှေမှုန်က ယောကျ်ားတစ်ယောက်နှင့် တစ်ပတ်လောက် အိပ်ပြီးလျှင် နောက်ထပ် အကပ်မခံဘဲ အသစ်တစ်ယောက် ရှာသည်ဆိုပဲ။

ဒီလိုဖြစ်မှာစိုးလို့ sex shop ကနေ အမျိုးသမီးများ တစ်ယောက်တည်း masturbation လုပ်လို့ရသော ဓာတ်ခဲသုံး vibrator ဝယ်ပေးထားပြီး ဖြစ်သည်။ အခုတော့ သက်ရှိများနှင့် ကစားနေသော ရွှေမှုန်ဖြစ်နေပြီ။ ဘိုဘိုရိပ်မိလေ မထူးဇာတ်ခင်းပြီး ဘိုဘိုကိုပင် အရေး မစိုက်တော့ဘဲ မသိချင်ယောင်ဆောင်စေလိုသော အရိပ်လက္ခဏာတွေပြသည်။ အလို မကျ လျှင် ထုံးစံအတိုင်း စိတ်ကောက်ပြီး ဆောင့်အောင့်သည်။ ဘိုဘိုကတော့ ရောဂါကူးစက်မှာ ကြောက်ပြီး ရွှေမှုန်နားပင် မကပ်ရဲ။ ရွှေမှုန်ကလည်း ဒါကို သဘောကျပုံရသည်။

ဘိုဘိုအဖြစ်က မီးကိုမွှေးပြီး ကြီးလာသောမီးတောက်ကို မငြိမ်းသတ်နိုင်သူ တစ်ယောက် လို ဖြစ်နေသည်။

ရွှေမှုန်အဖြစ်လို sex ရဲ့ ကျေးကျွန်မျိုး သူလုံးဝ မကြားဖူးပါ။ စိတ်ရောဂါများလား။ သူနှင့် အစ်မတစ်ယောက်လို ရင်းနှီးသော ဒေါက်တာမေသက်ညိုဆီ သွားရသည်။ ဘိုဘို ကလည်း မခြွင်းမချန် ရွှေမှုန်အကြောင်းကို ရင်ဖွင့်ပြီးပြောပြသည်။ ယောကျ်ားတွေ တစ်ယောက်ပြီး တစ်ယောက် ခေါ်အိပ်သည့်အကြောင်း။ ဒီအတွက်လည်း နောင်တရခြင်း၊ ရှက်ကြောက်ခြင်း မဖြစ်ဘဲ ပျော်ရွှင်နေသည့်အကြောင်း၊ အတူအိပ်ပြီးသော ယောကျ်ားများကို ငြီးငွေ့တတ်သည့် အကြောင်း၊ သူ သဘောကျသည့် ယောကျ်ားလေးဆိုလျှင် လက်ရဲဇက်ရဲ သွားစတတ်သည့် အကြောင်း စသည်ဖြင့် အိပ်သွန်ဖာမှောက် ပြောပြ၏။

ဒေါက်တာ မေသက်ညိုက internet မှာ ရှာကြည့်ပြီး ပြောပြသည်။ ဒါမျိုးက တချို့ အမျိုးသမီးတွေမှာ ဖြစ်တတ်ကြောင်း၊ ဟော်မုန်းများ ဖောက်ပြန်ပြီး မတင်းတိမ်သော sex အားကြီးသည့် ရောဂါသဘောမျိုး ဖြစ်ကြောင်း၊ Excessive Sexual Drive သို့မဟုတ် Hyperactive Sexual Desire လို့ ခေါ်ကြောင်း၊ စိတ်ထိန်းချုပ်ဖို့က နံပါတ်တစ် ဖြစ်ပြီး vibrator သုံးတာလည်း အထောက်အကူ ဖြစ်နိုင်ကြောင်း ရှင်းပြသည်။

အခုတော့ ဘိုဘိုနှင့် ရွှေမှုန်တို့ တစ်အိမ်တည်းမှာ နေပေမယ့် တစိမ်းတရံတွေလို ဖြစ်နေပြီ။ တစ်ယောက်နှင့် တစ်ယောက် အလိုက်တသိ ရှောင်နေကြရပြီ။

သို့နှင့် တစ်ရက်မှာတော့ ဘိုဘိုတို့ အိမ်ကို ဘယ်လ်ဂျီယံနိုင်ငံသား (အဖြူကောင်) ထူးထူးဆန်းဆန်း ရောက်လာသည်။ မြန်မာအချင်းချင်းကလည်း ဒုက္ခကို အချိုကြီး ပေးတတ် သည်။ ယခုလည်း ဘယ်ကောင် မိတ်ဆက်ပေးပြီး ဘယ်လို တွေ့ကြသည်မသိ။ ခဏခဏ လာလည်သည်။ ဘိုဘိုမရှိချိန်ဆို ပိုပြီး လာတတ်သည်။ ဥရောပစရိုက်က ယောကျ်ားရှေ့လည်း မိန်းမကိုဖက်ပြီး နုတ်ဆက်ချင် နုတ်ဆက်တတ်သည်။ သူတို့ ရိုးရာလို ဖြစ်နေသည်ကိုး။ ဒါပေမဲ့ ဘိုဘိုက တော်တော်စိတ်ညစ်သွားသည်။ မြန်မာနဲ့ဆို တော်သေးရဲ့ လို့လည်း စိတ်ထဲမှာ တွေးမိသည်။ ရွှေမှုန်ကတော့ ခပ်တည်တည်ပင်။

ဘိုဘိုခများ တရားခမ္မ လုပ်ဖို့ဝေးစွ၊ စိတ်နှင့်လူပင် မကပ်တော့ စားစားသွားသွား။ အလုပ်လုပ်ရာမှာ ဖြစ်ဖြစ် အိပ်မက်ယောင်နေသူ တစ်ယောက်လို ထုံထုံကျင်ကျင်ကြီး ဖြစ်နေသည်။

တစ်ရက်မှာ သိစိတ်က တစ်ဝက်ပဲ ရှိသည့်အတွက် အိမ်ပြန်ရောက်ပြီး ကိုယ်ကိုယ်ကိုယ် ဘာလုပ်မိနေမှန်း ရုတ်တရက်မသိ၊ ပြီးမှ သတိရတော့ စိုက်ပျိုးရေးဆိုင်မှ ဝယ်လာသော ပိုးသတ်ဆေးကို ဖျော်ရည်ဘူးထဲ ထည့်မိနေသည်ကို သတိရမိသည်။ မသိစိတ်က သူ့ကို သေစေချင်နေပြီ။ ရွှေမှုန်ကိုလည်း သေစေချင်နေလေပြီ။ ရွှေမှုန် သေသွားသည်နှင့် သူလည်း အဆိပ်သောက် ချလိုက်မည်ဆိုသည့်အကြံ။

သိစိတ်ပြန်ဝင်လာတော့ စဉ်းစားမိသည်။ ငါဟာ သေတွင်းထွက် တစ်ယောက်ပဲ။ ငါ့အသက်ကို ကယ်တဲ့ ဦးလေးကြီးက မှာလိုက်တာ။ ကိုယ့်ကိုယ်ကိုယ် သေတွင်းထွက်လို့ သဘောထားပြီး ဗောဓိဉာဏ်ကို ရအောင် ကြိုးစားအားထုတ်ဖို့ ရှိသေးသည်။ တန်ဖိုးရှိတဲ့ လူ့ဘဝကို ရလာပြီးမှ အချည်းနှီး သေဆုံးသင့်သလား။ သူများ သားသမီးကိုကော သေစေအပ်သလား။ သတိရသည်နှင့် ဘိုဘိုက အဆိပ်ပါသည့် ဖျော်ရည်ဘူးကို သွားသွန်ပစ်သည်။

သူဘာဆက်လုပ်ရမှန်းမသိ။ ရွှေမှုန်ကိုလည်း သူသနားသည်။ ဒါဟာ ရောဂါတစ်ခုဟု ဆိုလျှင် ဝဋ်ကြွေးက ကြီးမားလှသည်။

သို့နှင့် တစ်ရက် ရွှေမှုန်နေမကောင်းဟု ဆိုသောကြောင့် သူအိပ်မွေ့ချ ကုသခဲ့ဖူးသော ဆရာဝန်ဆီ ခေါ်သွားပြီးလျှင် ဘယ်လ်ဂျီယံ ဘာသာစကားဖြင့် ရွှေမှုန်ကို အိပ်မွေ့ချရန် တောင်းပန်၏။

စကားပြန်လည်း ကြိုတင်ခေါ်ထားပြီးပြီ။

ဘိုဘိုလည်း ရင်တထိတ်ထိတ် ခုန်နေသည်။ သူချစ်သော ရွှေမှုန်၏ အတိတ်ဆိုးကို တူးဖော်ရင်း သိခွင့်ရတော့မည်။

ရွှေမှုန် အိပ်ပျော်သွားပြီး ဆရာဝန်က စကားပြန်မှတစ်ဆင့် မေးသမျှကို ဖြေရင်း သူ့ အတိတ်ဆိုးကို ပြောပြနေသည်။

'ငါက တစ်ဦးတည်းသော သားပဲ၊ မိဘတွေက ချမ်းသာတယ်။

ဘိုဘိုက ရွှေမှုန်ဟာ အတိတ်မှာ အမျိုးသားဖြစ်ခဲ့သည်ဆို၍ အံ့သြနေ၏။ ဒါဆို ဒီဘဝမှာ ဘာကြောင့် မိန်းမလာဖြစ်နေသနည်း။ မိန်းကလေးတွေလည်း ဝိုင်းဝိုင်းလည် နေတာပေါ့။ တစ်ယောက်မှ အတည်တကျ ငါမယူခဲ့ဘူး။ တစ်ယောက်ပြီးတစ်ယောက် အပျိုရည်ပျက်ပြီး မျက်ရည်နဲ့ မျက်ခွက် ကျန်ခဲ့ကြတယ်။ ဒါပေမဲ့ ငါတကယ်လိုချင်တဲ့ သူက လူ့ဘောင်မှာ မဟုတ်ဘဲ သာသနာ့ဘောင်မှာ ရောက်နေသူဖြစ်တယ်။ ငါ ဘယ်လိုပဲ ဖြားယောင်းသွေးဆောင်ပေမယ့် သူကတော့ သာသနာမှာ ခိုင်မြဲနေသူဖြစ်တယ်။ အမြဲ ငြင်းဆန်တယ်။ သူငြင်းလေ ငါ့မှာ ရောဂါတက်လေ ဖြစ်ရတာပေါ့။ တစ်ရက်တော့. . . တစ်ရက်တော့. . .။

ရွှေမှုန်က နောင်တရသော မျက်နှာဖြင့် ညည်းတွားသလို ပြောနေ၏။

ဖြစ်နိုင်ရင် ငါဟာ အဲဒီရက်ကို ကမ္ဘာပေါ်ကနေ ဖျောက်လို့ရရင် ဖျောက်ပစ်ချင်တယ်။ တစ်ယောက်ထဲ တောစပ်က ချောင်းထဲမှာ ရေချိုးရာကနေ ရေစိုအဝတ်နဲ့ တက်လာတဲ့ သူ့ကို ဇောနဲ့ဖက်လှဲပြီး အတင်းအဓမ္မ အချစ်ကိုရယူခဲ့တယ်။ သူဟာ အားမတန်လို့ မာန်လျှော့ခဲ့ ရပေမယ့် မုန်းတီးရွံ့ရှာတဲ့ မျက်နှာနဲ့ ငါ့ကိုကြည့်နေတယ်။ သူပြောတဲ့ စကားက တစ်သက်လုံး နားထဲက မထွက်ဘဲ နောင်တရနေခဲ့ရတယ်။

'နင်ဟာ ငါ့ကိုတင် မဟုတ်ဘူး၊ မြင့်မြတ်တဲ့ သာသနာကိုလည်း စော်ကားမိပြီ၊ နင် ဒီအတွက် အဆမတန် ခံရလိမ့်မယ်၊ ယောကျ်ားဘဝလည်း ပြန်ရမှာ မဟုတ်ဘူး'

ဒီစကားကို နာနာကျည်းကျည်းပြောပြီး တစ်ခါတည်း အဝေးကို ထွက်သွားတာ ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူး။

ငါဟာ ဒီဘဝ မရောက်ခင်မှာ အလွန်ပူလောင်တဲ့ ငရဲလည်း ခံခဲ့ရတယ်။

ရွှေမှုန်စကားပြောတာ ရပ်သွားတော့မှ ဆရာဝန်က ပြန်နိုးပေးသည်။

ထို့နောက် ဆရာဝန်နှင့် ဘိုဘို တိုင်ပင်ကြည့်သည်။ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ဆရာဝန်က သူ့ဉာဏ်မမီဘူးဟု ပြောသည်။ အပြစ်ကိုတော့ သိပြီဖြစ်၍ အနာသိပြီ။ သို့သော် ကုဖို့ ဆေးက စဉ်းစားမရခဲ့။

ဘိုဘိုတစ်ပတ်လောက် အင်တာနက်ဖြင့် အလုပ်ရှုပ်နေခဲ့သည်။ နားလည်သူများ ဆရာတော်ကြီးများကို ဆက်သွယ်ပြီး ကုစားလို့ရမည့် နည်းလမ်းရှာနေခဲ့သည်။ သို့သော် တစ်နေ့မှာတော့ ဘိုဘို အပင်ပန်းခံပြီး ရှာစရာမလိုသောနေ့ကို ရောက်ခဲ့သည်။ ရွှေမှုန်က သူနှင့်ကွာရှင်းခွင့်တောင်းခြင်း ဖြစ်သည်။

ဘိုဘိုကို ကျေးဇူးတင်ကြောင်း၊ ကျေးဇူးရှင်တစ်ယောက်အဖြစ် သတ်မှတ်ကြောင်း၊ တစ်ယောက်နှင့် တစ်ယောက် သွေးအေးသွားသည့်အဖြစ်အတွက် ဝမ်းနည်းကြောင်း၊ တောင်းလည်း တောင်းပန်ပါကြောင်း၊ အခုတော့ ဘယ်လ်ဂျီယံနိုင်ငံသားနှင့် သူလက်ထပ် ချင်သောကြောင့် ကွာရှင်းပေးပါရန် ညီမလေးတစ်ယောက်လို အနူးအညွတ် တောင်းပန်ပါကြောင်း စကားအရှည်ကြီး ပြောနေခဲ့သည်။ ဘိုဘိုက ကိုယ့်ကိုယ်ကိုယ်ပင် မယုံကြည်နိုင်လောက်အောင် တည်ငြိမ်နေခဲ့သည်။ အမှန်ကတော့ ဘိုဘို ပင်ပန်းနွမ်းနယ်နေခဲ့ပြီ ဖြစ်သည်။ ကြောက်စရာ ကောင်းသော သံသရာဝဋ်ကြွေး၊ မမြင်ရသော ကံကြမ္မာများကြားမှာ သူ မောဟိုက်နေပြီ။ ရွှေမှုန် စိတ်ချမ်းသာအောင် လုပ်ပေးပါမည်ဟု ကတိပေးလိုက်သည်။

ကွာရှင်းစာရွက်စာတမ်းတွေ တရားဝင်ထွက်လာဖို့ သုံးလလောက် စောင့်လိုက်ရသည်။ ကြားကာလမှာ သူ့စိတ်တွေ ပေါ့ပါးလန်းဆန်းလို့နေသည်။ တရားပြန်နာဖြစ်သည်။ တရားထိုင် ဖြစ်သည်။ မြန်မာပြည်ပြန်ဖို့လည်း ဆုံးဖြတ်ပြီးသွားပြီ။ ရွှေမှုန်အဖြစ်ကိုကြည့်ပြီး သံသရာမှ

ရှန်းထွက်ရန်မှတစ်ပါး သူမစဉ်းစားတော့။ မြန်မာပြည် အပြီး ပြန်မည်ဖြစ်၍ သူသွင်းထားခဲ့သော အခွန်ငွေများကို ဘယ်လ်ဂျီယံအစိုးရက ပြန်ပေးမည်ဖြစ်၏။ သို့သော် နောက်ထပ် နှစ်နှစ်ကြာလောက်တော့ စောင့်ရမည်။

ရွှေမှုန်က သူ့ကို ခွဲခွာကာနီး နောက်ဆုံးကန်တော့ပြီး နှုတ်ဆက်ရှာသည်။

ဩော်. . . ရွှေမှုန် ဝဋ်ရောဂါကြောင့်သာ မဟုတ်လျှင် စိတ်သဘောထား ဖြူစင်သူတစ်ယောက် ဖြစ်ပါသည်။ ရောဂါမြန်မြန် ပျောက်ကင်းပြီး ပုံမှန် အမျိုးသမီးတစ်ယောက် ဘဝကို ပြန်ပြီးပိုင်ဆိုင်ပါစေ။ ဘယ်သူနဲ့ဖြစ်ဖြစ် အိမ်ထောင်တည်မြဲပါစေ။ စိတ်ချမ်းသာကိုယ်ကျန်းမာပြီး ဗုဒ္ဓတရားတော်နဲ့ ထိတွေ့သင်ကြားနိုင်ပါစေလို့ ဘိုဘို ဆုတောင်းပေးနေမိပါသည်။

မထင်မှတ်ဘဲ နှစ်ယောက်စလုံး မျက်ရည်တော့ ဝဲကြရပါသည်။

ဘဝတစ်ခုသည် တိုတောင်းလွန်းလှပါ၏။ ထိုထက်ပို၍ ရေစက်တို့သည် တိုတောင်းသည်။ ချစ်ခြင်းမေတ္တာတို့သည် ပို၍ပင် ပျောက်လွယ် ပျက်လွယ်လွန်းလှပါတကား။

❖

## အခန်း (၃၇)

# သံဃာတွေလည်း ရုန်းကန်ရတယ်

ကျောက်ဆင်တောရ ကျောင်းတိုက်ကို ပြင်ပမှ ကြည့်လိုက်လျှင် ငြိမ်သက်၍ နေပါသည်။ ကျိုးကန်းသံ၊ ငှက်မြည်သံများမှလွဲ၍ မည်သည့်အသံမျှ မကြား။ တိတ်ဆိတ်လွန်း၍ သံဃာတော်များ ကျိန်းစက်နေကြသလား အောက်မေ့ရ၏။ သို့သော် ကျိန်းစက်ဖို့ မဆိုထားနှင့် ခုတင်ပင် မထားပါ။ သံဃာတစ်ပါးတွင် ထန်း သို့မဟုတ် ဝါးပက်လက် ကုလားထိုင်တစ်လုံးမှလွဲ၍ ဘာဆို ဘာမှမရှိ။

သက်နှုန်းအပိုမရှိ။ အရှင်ဇနကာဘိဝံသ၏ 'ဘုရားဥပဒေတော်ကြီး' ဝိနည်းစာအုပ်တစ်အုပ် ရှိမည်။ ကျောင်းမှပုံနှိပ်ထားသည့် 'မဟာသတိပဋ္ဌာန် တရားပွားနည်းနှင့် ဝတ်ရွတ်စဉ်' စာအုပ် အပြာရောင်လေးရှိမည်။ ရေအိုးတစ်လုံးနှင့် သောက်ရေခွက်၊ သပိတ်တစ်လုံး ဒါပဲရှိမည်။

မနက်လေးနာရီခွဲ အိပ်ရာထပြီး ဓမ္မာရုံထဲမှာ စုပေါင်း၍ ဝတ်တက်ကြသည်။ ဝတ်တက်ပြီးလျှင် တစ်နာရီ တရားထိုင် ရှုမှတ်၊ သပိတ်က အဆင်သင့်ပါပြီးဖြစ်၍ ဝတ်ရွတ် ပြီးလျှင် ရေသောက်မည်။ (အရုဏ်ဆွမ်းမရှိ ဆွမ်းတစ်ထပ်တည်းသာ) လက်ကန်တော့ ထိုး၍ သင်္ကန်းကို သပ္ပာယ်အောင် အနားအစည်းညီအောင် စိတ်ရှည်လက်ရှည် ရုံကြသည်။ သင်းပိုင်အနားက ဒူးအောက်မှာ လက်ရှစ်သစ်၊ ကေသီအနားက ဒူးအောက်မှာ လက်လေးသစ်ရှိမည်။ ရှေ့မှကြည့်လိုက်လျှင် သင်းပိုင်အနား၏ အပေါ်လက်လေးသစ်မှာ ကေသီအနားရှိရမည်။ ရှေ့ကို လျှောကျနေခြင်း၊ နောက်ကို လျှောကျနေခြင်း မရှိစေရ။ ချပ်ချပ်ရပ်ရပ် ရုံပြီးနောက် ဝိနည်းအရ သပိတ်ကို ရေကျင်းကြရသည်။

ပြီးလျှင် တန်းစီမေတ္တာပို့၊ ဆွမ်းခံလျှင် လိုက်နာရမည့် ကျင့်ဝတ်များ၊ ရွတ်ကြ၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့ ရွတ်ဖတ်ကြပြီးနောက် စကားမပြောဘဲ အမှတ်သတိ ကိုယ်စီဖြင့် ဆွမ်းခံကြွကြရ၏။ တစ်နာရီခွဲခန့် ခြေကျင်ကြွကြပြီးနောက် ဆွမ်းခံရွာအဝင်ဝမှာ ဖိနပ်များချွတ်ခဲ့ကြပြီး ရွာမှ တာဝန်ကျ ဒကာတစ်ယောက်က ရှေ့မှ ကြေးစည်လေး ထုကာ ထုကာဖြင့် တစ်လမ်းဝင် တစ်လမ်းထွက် ဆွမ်းခံကြသည်။

ဆွမ်းခံရွာမှ ကျောင်းသို့ပြန်ရောက်ပြီးလျှင် နာရီဝက်ခန့် တပိုတပါးကိစ္စ ဆောင်ရွက်ပြီးလျှင် ဆွမ်းစားဆောင်မှာ ဆုံကြသည်။

မိမိသပိတ်ထဲမှ ဆွမ်းများကို ကိုယ်စီ ဘုရားသပိတ်တော်ထဲသို့ ဦးဦးဖျားဖျားလောင်းလှူကြပြီးလျှင် မိမိတို့ နေရာအသီးသီးမှာ 'နိသီဒိုင်'များ ခင်းပြီး သပိတ်ကို ရှေ့မှာချကာ နေရာယူကြသည်။ ဘုရားကို ဝတ်ချပြီးနောက် ဘုရားရှင်ကို စုပေါင်း၍ ဆွမ်းတော်ကပ်ကြသည်။

ထို့နောက် ပစ္စည်းလေးပါးတို့ကို ကစားစမှာယ်၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ သုံးဆောင်အပ်သည် မဟုတ်ကြောင်းမှ အစပြု၍ ဆွမ်း၊ ဆင်ခြင်ကြ၏။ ပရိယတ်၊ ပဋိပတ် ရဟန်းတရားပွားများဖို့ ဤဆွမ်းကို သုံးဆောင်မိုဝဲကြောင်း စသဖြင့် ဆွမ်းဟုခေါ်မိုး ဤပစ္စည်းကား သူချည်းဘာသာ တည်နေပါလျှင် ရွံရှာဖွယ်မျိုး မဟုတ် နိုးလည်း ပုပ်သိုးညှီအောင် ဤကိုယ်ကောင်ဖြင့် သုံးဆောင်သမှု အကြောင်းပြု၍ ရွံရှာဖွယ် (မစင်ဘ၀ကို ရောက်မည်ဖြစ်ကြောင်း) ဟု ဆင်ခြင်ကြ၏။

'တုမေ သုခိတာဟောထ၊ တုမှေ ဒုက္ခာ မုစ္စထ။'

ဆွမ်းဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့ ချမ်းသာကြပါစေ၊ ဆင်းရဲဒုက္ခ အပေါင်းမှ လွတ်မြောက်ကြပါစေ၊ ဆုတောင်းကြရသည်။

၃၁ ဘုံမှ သတ္တဝါတို့ကို တစ်ဖန် မေတ္တာပို့ အမျှဝေကြရပြန်၏။

ဤသို့ ဆွမ်းမစားမီ ရှည်လျားစွာသော ဆွမ်းဝတ်ကြောင့် တော်ရုံတန်ရုံ ဆွမ်းအပေါ်မှာ တပ်မက်စိတ်ရှိလျှင်ပင် အားပျော့သွားမည် ဖြစ်ပါသည်။ ဆွမ်းစားပြန်တော့လည်း အမှတ် သတိကပ်၍ စားရသောကြောင့် ဆွမ်းအပေါ် တဏှာစိတ်က ရောက်မလာတော့။ ဆွမ်းစားရ သည်ပင် ပင်ပန်းသလို ဖြစ်လာ၏။ ဩော် ဤခန္ဓာနှင့် ပတ်သက်လျှင် ပင်ပန်းစရာတွေချည်း ပါတကား။

ဆွမ်းစားပြီးလျှင် သပိတ်ဆေး၊ ငါးမိနစ် ဆယ်မိနစ်ခန့် နေပြပြီးလျှင် အဝတ်ဖြင့် သုတ်၍ ကျောင်းခန်း စသည့် မိမိနေရာမှာ ပြန်ထားပြီးနောက် တစ်နာရီခန့် နားလိုက နား၊ တရားထိုင်လိုကထိုင်။ ပြီးလျှင် ကျောင်းဝေယျာဝစ္စ သန့်ရှင်းရေး၊ သဲသယ်၊ မြေဖို့၊ ကျောက်သယ် မိမိ တတ်နိုင်သလောက် လုပ်အားဒါန ပြုကြရသည်။

တစ်နာရီခန့် အလုပ်လုပ်ပြီးလျှင် တစ်နာရီလောက် အချိန်အတွင်း ရေချိုးသူချိုး၊ သက်န်းလျှော်သူ လျှော်ကြရ၏။ ရေချိုးကန်များမှာတော့ ရေလဲလုပ်ရန် သင်္ကန်းအကြမ်း များ ထားပေးထား၏။

သင်္ကန်းသုံးထည်သာ ခွင့်ပြုထားပြီး ရှုတင်ဆောင် ရဟန်းဖြစ်၍ သင်းပိုင်လျှော်လိုလျှင် ဖြစ်စေ၊ ကေသီလျှော်ချင်လျှင်ဖြစ်စေ သင်္ကန်းကြီး (ဒုကုဋ်) ဖြင့် လျှော်သည့် သင်္ကန်း မခြောက်မီ အစားထိုး၍ ဝတ်ရုံကြရ၏။

မကြာမီ ခေါင်းလောင်းထိုးပြီဖြစ်၍ တရားထိုင်ချိန်ရောက်ပြန်၏။ တရားချိန်ပြီးလျှင် ကုဋီသွားသူသွား သင်္ကန်းကိစ္စ၊ သပိတ်ကိစ္စ၊ စာကြည့်တိုက်မှာ စာအုပ်သွားလဲသူလဲ၊ သောက်ရေအိုးကို ဘုံဘိုင်မှ ခပ်သူခပ် ကိစ္စလေးတွေ ဆောင်ရွက်ပြီးသည်နှင့် ညနေခင်း စတုမဓုဖြစ်စေ၊ ထန်းလျက်ဖြစ်စေ၊ ဖျော်ရည်ဖြစ်စေ ယောဂီများက လာကပ်လှူ၏။ ဓမ္မာရုံ အပြင်ဘက်မှာ မိုးတိုးမတ်တတ် ဘုဉ်းပေးရပြီးလျှင် ဝတ်တက်ရန် ပြင်ဆင်ကြရ၏။

ဝတ်တက်ပြီးလျှင် အကန့်အသတ်မရှိ တရားထိုင်ခြင်းအတွက် အချိန်ပေးထား၏။ ည ၈ နာရီခန့်တွင်မူ ရက္ခမူရှုတင်–သစ်ပင်အောက်မှာ ပက်လက်ကုလားထိုင်နှင့် ကျိန်းစက်ရန်

ပြင်သူပြင်၊ တာဝန်ကျသည့်သူက ဘုရားကြီး (ကျောက်ဆင်ရွှေတိဂုံစေတီ) ၏ ကုန်းတော်ပေါ်မှာ အမ္ဘောကာသိကရုတင် (လွင်တီးခေါင်တွင် ညဥ့်ကို ကုန်လွန်စေသော ရုတင်) ဆောင်ရန် ပြင်သူပြင်၊ တချို့ကိုယ်တော်များမှာ သုသာန်ဓုတင်ဆောင်ရန် ပြင်သူပြင်နေကြ၏။

အပြင်မှကြည့်လျှင် ငြိမ်သက်နေသယောင် ထင်ရသော်လည်း မိုးလင်းမှ မိုးချုပ်ထိ သံဃာတော်တွေ ရှုန်းကန်နေရ၏။ လှုပ်ရှားနေရ၏။ ဩော်. . သံသရာကို ကြောက်သူများ ပေကိုး။

အကယ်၍များဆွမ်းကို သံဃာတွေ အချောင်စားနေသည်ဟု ထင်သူများရှိလျှင် ဤကဲ့သို့ ကျောင်းများမှာ တစ်ရက်၊ နှစ်ရက်လောက် လေ့လာခိုင်းလိုက်ပါလေ။

သံဃာတစ်ပါးတလေ နေထိုင်မကောင်းဖြစ်ခဲ့လျှင်လည်း ကျန်သံဃာများက ပြုစုစောင့်ရှောက်ကြရသည်။ ရွာနှစ်ရွာမှ ကုသိုလ်ဖြစ် ဆရာဝန်နှစ်ယောက်ကို အခေါ်လွှတ်ရသည်။

တစ်ခါတလေ ပိုးထိသူထိ (မြွေကိုက်သည်ကို ပိုးထိသည်ဟု ခေါ်ကြသည်) မီးစက် အင်ဂျင်နှိုးရင်းမှ လက်ထိသွား၍ ဆေးရုံရောက်သည်လည်း ရှိသည်။

ကျောင်းနေသံဃာက အပါး ၃၀ လောက်သာ ရှိသော်လည်း အာဂန္တုသံဃာများက ၁၀ ပါး၊ ၁၅ ပါး မပြတ်ရှိသည်။ ၎င်း အာဂန္တုကိုယ်တော်များကား အလွန်စိတ်ဝင်စားဖို့ကောင်းသည်။ ဝတ်ဆောက်တည်ရန် လာသူများ ဖြစ်ပြီး အားလုံးကျောင်းထိုင် ကိုယ်တော်များ၊ ဓမ္မာစရိယများနှင့် တစ်ပါးတည်း တောတွင်း၊ ဂူတွင်းနေ ကိုယ်တော်များချည်း ဖြစ်၏။

ထိုအထဲတွင် ထူးဆန်းသော ကိုယ်တော်နှစ်ပါးလည်း ပါသည်ကို ဒေါက်တာမြတ်ဘုန်း တစ်ဖြစ်လဲ ဦးယိုး မြင်တွေ့နေရ၏။ တစ်ပါးက အမေရိကန်လူမျိုးအစစ်ဖြစ်ပြီး ဝါတော် ၂၂ ဝါ ရှိ၍ တစ်ပါးကတော့ ကိုရီးယားလူမျိုးစစ်စစ် ဝါတော်ခုနစ်ဝါရှိပြီဖြစ်သည်။

ဝတ်ဆောက်တည်သည်ဆိုခြင်းမှာ သံဃာဒိသေသ် အာပတ် ၁၃ ပါး ရှိသည့်အနက် တစ်ပါးပါးကို စိတ်မသန့်၍ အပြစ်ပြေပျောက်စေရန် ဒဏ်လာထမ်းဆောင်ခြင်း ဖြစ်သည်။

မုသားပြောအပြစ်ရှိသည့် အကြီးစားမဟုတ်သော အာပတ်အသေးစား သင့်နေလျှင်ပင် ဈာန်၊ မဂ်ဖိုလ်ကို အဟန့်အတား ဖြစ်စေတတ်၏။ သံဃာဒိသေသ်က သူ့ထက် အပြစ်ကြီးသည်ဖြစ်ရာ ဗောဓိဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို လှမ်းကိုင်နိုင်ရန် ကျင့်ကြံနေသူများ အတွက် ပို၍ သတိထားရမည့် အာပတ်ဖြစ်သည်။ ဝတ်ဆောက်တည်၍ စင်ကြယ်အောင် လုပ်ခြင်းပင်။

ကျောက်ဆင်တောရကိုမှ လာရောက်၍ ဝတ်ဆောက်တည်ကြသည့် အကြောင်းရင်းမှာ လိုသော သံဃာ အရေအတွက်ရှိခြင်း၊ သံဃာ အဝင်အထွက်နည်းခြင်းနှင့် ဆိတ်ငြိမ်ခြင်း၊ သီးသန့်ကမ္မဋ္ဌာန်းကျောင်းများ ဂူများရှိခြင်း၊ ကိုယ်တိုင် ဆွမ်းခံရသည်ဖြစ်၍ အားနာစရာ မလိုခြင်းတို့ကြောင့် ဖြစ်သည်။

သံဃာတော်များ အများဆုံး သံသယဖြစ်သည့် အပြစ်များမှာ ဒကာမများ၏ အလိုက် မသိမှုကြောင့် ဖြန့်ခင်းထားသော ဆံကေသာများကို နင်းလိုက်ရခြင်း၊ တချို့ ဒကာမများက ခြေဖမိုးကို လက်ဖြင့်ကိုင်၍ ရှိခိုးခြင်း၊ တစ်ခုခု ကယ်ဆယ်ရသော အလုပ်ကြောင့် ဒကာမ များကို ကိုင်မိ၊ ပွေ့မိခဲ့ခြင်း၊ မိမိအလှူခံမှုကြောင့် ဒကာ၊ ဒကာမများ စိတ်ငြိုငြင်ကြရခြင်း တို့သာများပါသည်။

အမေရိကန် ကိုယ်တော်ကလည်း ဂူထဲမှာ သီတင်းသုံးသည်။ ကိုရီးယားကိုယ်တော် ကလည်း ဂူထဲမှာပဲ သီတင်းသုံးသည်။ နှစ်ပါးစလုံး ဖိနပ်ပင် မစီးကြ၊ ကိုရီးယား ကိုယ်တော်က ဆိုလျှင် ပိုး၍ပင် ပြင်းထန်သည်။ ပက်လက်ကုလားထိုင်ကိုပင် မသုံး။ ဂုန်နီရံကိုသာ ကျောမှီ၍ ကျင့်၏။ ဩော်.. သံဃာတော်များမှာ ရှန်းကန်ရသည့်အပြင် ခွေးထွက် အအိပ်ပျက်ခံပြီး တော့ပင် ကျင့်ရသည်ကို လူတို့ သိနိုင်ခဲ့ဘိတကား။

❖

အခန်း (၃၈)

# ရဟန်းနဲ့ ပါဠိတ်မဟာမိတ်

## လူတစ်သက် တစ်ရက် ရဟန်းမှာ

သိက္ခာဖြူစင်သော ရှင်ရဟန်း၏ တစ်ရက်တာကာလသည် လူတစ်သက်တာကာလရှိ ပါရမီဖြည့်အားထက် တာသွားလှချေသည်။ တကယ်တိတိ–

ရဟန်းဖြစ်လျက် သိက္ခာစဥ် မတင်၊ မတက်မိလျှင်ကား ထိုရဟန်း၏ တစ်ရက်တာ ပြစ်မှုများကလည်း လူတို့၏ တစ်ရက်တာ ပြစ်မှုများလောက် အဆပေါင်းမြောက်မြားစွာပင် ထိုးဖောက်သွားပေလိမ့်မည်။

***(မဟာဗောဓိမြိုင်ဆရာတော်)***

### ယနေ့သည်ကား လကွယ်ရက်ဥပုသ်နေ့

တောရကျောင်းအတွင်းရှိ သံဃာတော်အရှင်သူမြတ်တို့သည် သူတို့၏ နေ့စဉ် လုပ်ငန်းဆောင်တာများ မအားမလပ်သည့် ကြားမှပင် မဖြစ်မနေ လုပ်ဆောင်ရမည့် 'ဥပုသ်ပြုရန်အတွက် ပြင်ဆင်နေကြရပြီဖြစ်၏။ အချိန်က ညနေ ၄ နာရီ နေရောင်ဖျော့ မသွားသေးသော အချိန်ဖြစ်၏။ သိသောအပြစ်၊ မသိသောအပြစ်တို့အတွက် ဆင်ခြင်ရန် ဖြစ်သည်။

ရှေ့ကရောက်နှင့်သည့် ငယ်ရွယ်သော သံဃာများက ဥပုသ်ပြုမည့် သိမ်အတွင်း ဝင်ရောက်၍ ပြတင်းပေါက်များဖွင့်၊ တံမြက်လှဲကျင်း၊ သောက်ရေသုံးရေများ ခပ်သူခပ်၊ ဆီမီးထွန်းညှိ ပူဇော်သူပူဇော်ပြီးနောက် နေရာထိုင်ခင်း ခင်းကျင်းကြ၏။

သံဃာများစုံသော် ပါတိမောက်ပြမည့် ရဟန်းတော်ကဖြစ်စေ၊ တခြား အမှူးဆောင်ကဖြစ်စေ၊ ဖျားနာသော ရဟန်း၊ သာသနာ့တာဝန်ဖြင့် မအားလပ်သော ရဟန်း၊ ဆန္ဒများမှာကြားလိုက်သော ရဟန်းတို့က အပြစ်မရှိပါကြောင်း ခံဝန်ချက် ပေးလိုက်သည်ရှိသော် ထိုအကြောင်းကို သံဃာများအား လျှောက်ထားရသည်။ ထို့နောက် နေ့လရာသီ ရောက်ရှိချိန်နှင့် ရာသီလက်ကျန်ကို ဝေဖန်စိစစ်၍ လျှောက်ထားသည်။ သိမ်အတွင်း ကြွရောက်လာသော သံဃာအရေအတွက် လျှောက်ထားသည်။ (ဘိက္ခုနီဟူသည် ယခုခေတ် မရှိတော့၍ ဘိက္ခုနီကို ဩဝါဒပေးမည့် ရဟန်းသတ်မှတ် ညွှန်ကြားရန်မှု တာဝန် မရှိတော့ပေ)

အမှန်ဆိုလျှင် ဥပုသ်မပြုမီ ဒေသနာကြားခြင်း (အပြစ်ဖြေခြင်း) ပြုလုပ်ခဲ့ကြပြီး ဖြစ်သည်။ ဥပုသ်ပြုသည်ဆိုသည်မှာ ဝိနည်းများကို ပြောကြားရွတ်ဖတ်ပြီး သံဃာတိုင်း မိမိတွင် အပြစ် ရှိ မရှိ သုံးသပ်ဝေဖန်ရန်ဖြစ်ပြီး စင်ကြယ်သလားဟု မေး၍ စင်ကြယ်လျှင် ငြိမ်ငြိမ်နေလိုက်ရုံသာဖြစ်၏။ စင်ကြယ်ကြောင်း confirm လုပ်ခြင်းပင်။

ထို အရေးကြီးသော ဥပုသ်ပြုရာ၌ အပြစ်ကြီးကျူးလွန်ထားသူ (ပါရာဇိက) မပါစေရ။ သံဃာထုမှ နှင်ထုတ်ထားသူ (ဥက္ခိတ္တ) မပါစေရ။ အာပတ်အတူတူ သင့်ထားသူ (ဥပမာ ညစာအတူတူ ခိုးစားသူ) မပါစေရ။

လူဘိက္ခုနီ၊ သီလရှင်၊ သာမဏေမှစ၍ တိရစ္ဆာန်အထိ ၂၁ မျိုးသောသူများ မပါစေရဟု ဆိုပါသည်။ ဥပုသ်ပြုပုံမှာလည်း ရဟန်းလေးပါးနှင့် အထက်၊ သုံးပါး၊ နှစ်ပါး မိမိ တစ်ပါးတည်း စသဖြင့် မတူညီပါ။

ပါတိမောက်ပြသော ရဟန်းသည် ဤသို့ အဓိပ္ပာယ်ရသော ပါဠိတော်ကို ရွတ်ဆိုရခြင်း ဖြစ်၏။

'အရှင်ဘုရားတို့သည် ဥပုသ်၏ ရှေ့ပြေးကိစ္စများ (တံမြက်လှည်း၊ သောက်ရေဖြည့်၊ ဆီမီးထွန်း စသည်) ပြုပြီးပါပြီလားဘုရား။ အရှင်ဘုရားတို့ အနေဖြင့် အာပတ်မှ စင်ကြယ် ကြောင်း ပြောပါဦးဘုရား။ ယခု တပည့်တော် ရွတ်ဆိုမည့် ပါတိမောက်ကို နာယူရန်မှာ အာပတ်တန်းလန်းနှင့် မဖြစ်နိုင်ပါဘုရားဟူ၍ အာပတ်တို့၏ အမျိုးအစားကို ကြီးစဉ်ငယ်လိုက် ရွတ်ဆိုပြသည်။

**ပါရာဇိက** – ရဟန်းဘဝမှ လူထွက်ရသောအာပတ်။

**သံဃာဒိသိသ်** – ကျူးလွန်မိလျှင် သံဃာထုဝန်းရံပြီး စလယ်ဆုံး ကုစားရသော အာပတ်။

**ထုလ္လစည်း**– ကိလေသာ ထူစေသောအာပတ်။

**ပါစိတ်** – ကျူးလွန်မိလျှင် စိတ်ထား အောက်တန်းကျသွားသောအာပတ်။

**ဒုက္ကဋ်** – သူတော်ကောင်းတို့ ရှောင်ကြဉ်အပ်သောအာပတ်။

**ဒုဗ္ဘာသီ** – သံဃာအချင်းချင်း ဆိုးဆိုးရွားရွား ပြောမိသောအာပတ်။

**ပါဋိဒေသနီ** – သူတော်ကောင်း ပီသစွာ မိမိအပြစ်၊ မိမိ ဖော်ပြဝန်ခံရသောအာပတ်။

တတိယမြောက် အာပတ်မှ သတ္တမမြောက် အာပတ်အထိသည် ဒေသနာကြား ခြင်း(confession) ဖြင့် အပြစ်ကင်းစင်သွားသည်။

အပြစ်ကင်းစင်သူများသာ ပါတိမောက် (ဥပုသ်ပြုရာ) တွင် ပါဝင်ခွင့်ရှိသည်။

စင်စစ်ကျောင်းနေသံဃာများ၊ ကျောင်းနီးသံဃာများ အတူ ဥပုသ်ပြုသည်ဆိုသည့် အဓိပ္ပာယ်မှာ မိမိတို့တွင် အပြစ်ကင်းစင်ကြောင်း သံဃာထုအလယ်၌ စစ်ဆေးခံသည့် သဘောပင်ဖြစ်သည်။ သို့မှသာ တရားအားထုတ်မှုတိုက်ပွဲ၌ ကိုယ့်ဘက်က အင်အား အသာစီးရမည် ဖြစ်သည်။

ဦးယိုး (ဒေါက်တာမြတ်ဘုန်း) သည် 'နိုသီဒိုင်' ကို ခေါက်လျက် ပခုံးထက်တွင် သပ်ရပ်စွာတင်ကာ တောရကျောင်း၏ အစွန်ဆုံးမှာရှိသော 'လေးမျက်နှာဂူ' ကျောင်းမှ ဓမ္မာရုံဘက်ဆီသို့ အမှတ်သတိကပ်လျက် ခြေလှမ်း မှန်မှန်ဖြင့် လျှောက်လာခဲ့၏။ အမေရိကန် ဘုန်းကြီး သီတင်းသုံးနေသော 'မန္တလေးဂူ' အနီးမှ ဖြတ်သွားရသည်ဖြစ်ရာ စကားပြောသံ တိုးတိုး ကြားရသဖြင့် လှည့်ကြည့်မိသည်။ 'မန္တလေးဂူ' ၌ ကိုရီးယားဘုန်းကြီး ရောက်နေ၏။ စင်စစ် ကိုရီးယားဘုန်းကြီးသည် တောင်ပုလုဆရာတော်ကြီး ကျင့်ကြံ အားထုတ်ခဲ့သော 'တောင်ပုလုဂူ' ၌ သီတင်းသုံးနေသူဖြစ်သည်။ သူတို့ နှစ်ပါး အမေရိကန်ကော၊ ကိုရီးယားကော အကြောင်းမရှိဘဲ မလာ။ တရားကြောင်းနှင့် ကျန်းမာရေး စသည့်မပြောမဖြစ်သည့် အကြောင်း များမှလွဲလျှင် စကားပြောလေ့ မရှိ။

စိတ်ဝင်စားသဖြင့် ဦးယိုးက ခွင့်တောင်း၍ နှစ်ပါးလုံးကို ဝတ်ချကန်တော့ရင်း စပ်စု မိသည်။ နှစ်ပါးစလုံးက သူရောက်လာတာကို အသိအမှတ်ပြုရုံ ခေါင်းညိတ်ပြပြီး နှစ်ဦးသား ခေါင်းချင်းဆိုင်ကာ တစ်စုံတစ်ရာကို လေးလေးနက်နက် ဆွေးနွေးနေကြသည်။ ဝါကြီးသူ အမေရိကန်ဘုန်းကြီးက ဆရာအဖြစ်နှင့် ရှင်းပြနေခြင်းဖြစ်ပြီး ကိုရီးယားဘုန်းကြီး နားလည် အောင် မြန်မာစကားဖြင့် ဖြည်းဖြည်းချင်း ရှင်းပြနေ၏။ သူတို့ နံဘေးမှာတော့ အဝါရောင် စာအုပ်ပါးပါးကလေး ချထား၏။ ဦးယိုးက လှမ်းပြီးကြည့်မိတော့ နိုင်ငံတော် သံဃာ့မဟာ နာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးဓမ္မစက္က ရေးသားတော်မူသော 'စီဝရ သိဗ္ဗန ပကာသနီ' ခေါ် 'သင်္ကန်းချုပ်နည်း နိဿရည်းကျမ်း' စာအုပ်၊ ဦးယိုး အနေဖြင့် ကြားလည်း မကြားဖူး၊ မြင်လည်း မမြင်ဖူး၊ သင်္ကန်းချုပ်နည်းတဲ့။ ဘုန်းကြီးတွေနှင့် ဘယ်လို ပတ်သက်နေသလဲ သူမသိ။

အမေရိကန် ဘုန်းကြီးက စာအုပ်ထဲတွင်ပါသော သင်္ကန်းအကွက်ဖော်သည့် ဇယားပုံကို ထောက်ပြရင်း နှုတ်မှလည်း ကေသီသည်၊ ဝတ်ရုံမည့် ရဟန်း၏လက်ဖြင့် အနံလေးတောင် ပြည့်နှင့် အလျား ငါးတောင်ဟုလည်းကောင်း ဒါက တရုတ်မြောင်းရှည် တရုတ်မြောင်းတို၊ ဒါက အိမ်ဝန်းကြီး၊ အိမ်ဝန်းငယ်၊ ဒါက အလယ်ကောင်စပ်၊ ခေါင်ရုံစပ်၊ လက်လိပ်စပ်၊ လည်ပင်း အနားပတ်၊ မြင်းခေါင်းသလုံး အနားပတ်ဟု ကိုရီးယားဘုန်းကြီး၏ သင်္ကန်းကို စစ်ဆေးပေးရင်း အမေရိကန်ကိုယ်တော်က ခေါင်းတရမ်းရမ်း ဖြစ်နေ၏။ စစ်ဆေးကြည့် လိုက်တော့ သင်္ကန်းက အတိုင်းအတာကော ချုပ်ထားသည့် အခန်းများကော ဝိနည်းနှင့် မညီ ဖြစ်နေရာ၊ သုံးဆောင်သမျှ ကာလပတ်လုံး အာပတ်သင့်နေလေပြီ။ ဦးယိုးက စိတ်ဝင် စားပြီး သူ့သင်္ကန်းကိုလည်း စစ်ဆေးပေးပါရန် တောင်းပန်၏။ စကားနည်းပြီး သဘော ကောင်းသော အမေရိကန် ဘုန်းကြီးက စစ်ဆေးရင်း ခေါင်းရမ်းပြပြီး ကိုရီးယားဘုန်းကြီးနှင့် အတူ နောက်တစ်နေ့ နေ့လယ် ဆွမ်းစားပြီးနားချိန် သူ့ ဂူကျောင်းကို လာခဲ့ရန် ချိန်းလိုက်၏။ ကတ်ကြေးနှင့် အပ်၊ အပ်ချည်ရှာလာရန်လည်း မှာလိုက်၏။

နောက်တစ်နေ့ နေ့လယ်ချိန်တွင် ချိန်းဆိုထားသည့်အတိုင်း ဦးယိုးကော ကိုရီးယား ဘုန်းကြီးကော မန္တလေးဂူသို့ ရောက်လာကြ၏။

အမေရိကန် ကိုယ်တော်က သူတို့နှစ်ပါးစလုံး၏ ကေသီသက်န်းများကို တိုင်းတာပြီး နောက် ကတ်ကြေးဖြင့် ကျွမ်းကျွမ်းကျင်ကျင် ထိုးခွဲလိုက်၏။ သင်္ကန်း အပိုင်းအစများကို ဖျာကြမ်းပေါ်တွင် ပုံစံအတိုင်းစီ၍ ချထားပြီးနောက် ချုပ်ပုံချုပ်နည်းပြပြီး နှစ်ပါးစလုံးကို ကိုယ်တိုင်အချုပ်ခိုင်း၏။ အမှန်အားဖြင့် ဦးယိုး၏ သင်္ကန်းမှာ ယောဂီတို့ ပြင်ချုပ်ပေးပြီး ဖြစ်၏။

ဦးယိုးက သင်္ကန်းကိုချုပ်နေရင်းမှ အမေရိကန်ကိုယ်တော်၏ သင်္ကန်းကို ကြည့်မိသည်။ သင်္ကန်းက ယပ်သင်္ကန်းခေါ် အတန်ငယ် ကြမ်းတမ်းသော ချည်ထည်သင်္ကန်းဖြစ်သည်။ အရောင်က အဝါဖျော့ဖျော့၊ ဦးယိုးနှင့် ကိုရီးယားဘုန်းကြီးတို့၏ ရှားရင့်ရင့်ရောင် တောင်ပုလု သင်္ကန်းများနှင့်မတူ။ သူ့အရပ်အမောင်း သူ့အသားအရေနှင့် လိုက်ဖက်လှပြီး ကြည့်ညိုစရာ ကောင်းသည်။ သူ့မှာသပိတ်တစ်လုံး ဒုကုဋ်သင်္ကန်းကြီးနှင့် စာအုပ် ထည့်သည့် လွယ်အိတ်တစ် လုံးသာ သွားလေရာပါ၏။ ဖိနပ်မစီး ထီးမဆောင်း ဝတ္တုပိုက်ဆံမကိုင်၊ မသိမ်း။ လမ်းသွားရင်း စပယ်ယာများက ယာဉ်စီးခတောင်းလျှင် ဘုန်းကြီးပိုက်ဆံမကိုင် ကောင်းဘူးဟုသာ ဖြေလွှတ် သည်။ ဘာကြောင့် ဖိနပ်မစီးတာလဲ ဘုရားဟုမေးလျှင်၊ ဘုရားက ဖိနပ်မစီးလို့ ဘုန်းကြီးလည်း မစီးတာပါဟု တိုတိုဖြေသည်။ မန္တလေး မဟာဂန္ဓာရုံကျောင်းတိုက်မှာ ဝါဆိုဖူးသည်။ မြန်မာလိုရေးတတ်ဖတ်တတ်ပြီး မြန်မာစာ လက်ရေးလက်သား လှပသပ်ရပ်သည်။ ပိဋကတ် လည်း လေ့လာသင်ယူဆဲဖြစ်ပြီး ပါတိမောက် အလွတ်ပြဆိုနိုင်၏။ ကိုရီးယားဘုန်းကြီးကမူ မြန်မာစကား အနည်းငယ်သာတတ်ပြီး စာရေး စာဖတ်မတတ်။

ဦးယိုးက စဉ်းစားမိသည်။ ဗုဒ္ဓ၏ သာသနာရိပ်တွင် မြန်မာလူမျိုးများ အများစုက တန်ဖိုးထားရမှန်း မသိဘဲ မေ့မေ့လျော့လျော့ နေကြစဉ်မှာ နိုင်ငံခြားသား ဘုန်းကြီးများက ရေကုန်ရေခန်း ကြိုးပမ်း အားထုတ်နေကြပုံကို ကြည့်ပြီး အားကျကြည်ညိုစိတ်တွေ တစ်ဖွားဖွား ပေါ်လာသည်။ သူတို့တောင် ဒီလောက် ကြိုးစားနေကြရင် ငါတို့ဘာကြောင့် မလုပ်နိုင်ရမှာလဲဟု တွေးမိသည်။

ထို့ကြောင့် အရိုးခံသူ့စိတ်ထဲမှာ ရှိသည့်အတိုင်း 'ရဟန်းနှင့် ပါစိတ် မဟာမိတ်' ဆို သကဲ့သို့ ရှေ့က အာပတ်တစ်ခုဖြေ၊ နောက်က အာပတ်တစ်ခုထပ်သင့် ဖြစ်နေကြောင်း ညည်းတွားလျှောက်ထားမိရာ အမေရိကန်ဘုန်းကြီးက သူ့ကို ကရုဏာသက်သော အကြည့် ဖြင့် ကြည့်ပြီး...

'အဓိကက စိတ်ပဲလို့ ဘုရားဟောတယ် ကိုယ်တော်' ဟု ပြောရင်း ပြောပြောဆိုဆို စာရွက်ပိုင်းကလေး တစ်ခုပေါ်မှာ ဘောပင်ဖြင့် တစ်စုံတစ်ရာ ရေးခြစ်လိုက်သည်။ 'ရော့ ကိုယ်တော် စာကြည့်တိုက်မှာ ဒီစာအုပ်ရှိတယ်။ ရှာပြီး ဖတ်ကြည့်ပါ' ဟု ညင်သာစွာ မိန့်ကြားသည်။

ဦးယိုးက စာရွက်ကို ဖတ်ကြည့်လိုက်တော့ သပ်ရပ်လှပသော လက်ရေးဖြင့်

'မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီဥေယျချမ္ပသာမိထေရ်' ရေးသည့် 'ဝိနယ သင်္ဂဟကထာ' ဟု တွေ့မြင်လိုက်ရသည်။

## အခန်း (၃၉)

# ဝတ်ဆောက်တည်ခြင်း (သို့မဟုတ်) သံဃာတော်များဒဏ်ထမ်းရခြင်း

ဦးယိုး (ဒေါက်တာမြတ်ဘုန်း) သည် ဝတ်ဆောက်တည်ခြင်း အကြောင်းကို 'အရှင်ဃောသိတ' စသည့် ဆရာတော်များ ရေးသားသည့် စာအုပ်များမှ အကြမ်းဖျင်း လေ့လာသိမှတ်ရဖူးသော်လည်း ယခုလို မျက်ဝါးထင်ထင် မြင်တွေ့ရမည်ဟုတော့ မထင်ခဲ့။ မြင်ကွင်းက ရင်သပ်ရှုမောစရာ ကောင်းလှပါသည်။

ကျောက်ဆင်တောရရှိ ဦးသိန်းနိုင် ဓမ္မာရုံတွင်း၊ သံဃာစင်ပေါ်မှာ ကျောက်ဆင်တောရရှိသမျှ သံဃာကုန် ထိုင်နေကြ၏။ တစ်ဝါနှစ်ဝါ သံဃာများမှ ၂၅ ဝါအထက် သံဃာများအထိ ဝါစုံသံဃာအပါး ၃၀ ခန့် ရှိ၏။

သံဃာစင်၏ အောက်မှာတော့ ၂၂ ဝါရှိ အမေရိကန်ဘုန်းကြီး၊ ၁၀ ဝါရှိ ကိုရီးယားဘုန်းကြီးနှင့်တကွ မြန်မာပြည်အရပ်ရပ်ရှိ ကျောင်းထိုင်ဆရာတော်များနှင့် တရားစခန်းဖွင့်ထားသော ဆရာတော်များ စုစုပေါင်း ၁၀ ပါးခန့်က သက်နိုးလက်ကန်တော့ထိုး၍ သာမဏေငယ်များအသွင် ရှိသေစွာ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်ရှိ၏။

သံဃာတော်များနှင့် အကျွမ်းတဝင် မရှိသော ဒကာ၊ ဒကာမတို့ အနေဖြင့် ဤမြင်ကွင်းကို မြင်ရလျှင် နားလည်ဖို့ပင် ခက်ပေမည်။

တကယ်တော့ ဝါတော်ရသံဃာများသည် ကလေးငယ်များလို အပြစ်ရှိက ဒဏ်ခံယူရန် အနယ်နယ်အရပ်ရပ်မှ လာရောက်၍ ဝတ်ဆောက်တည်နေကြခြင်း ဖြစ်သည်။ ဘယ်လို အပြစ်များ သူတို့ ကျူးလွန်ခဲ့ကြပါသနည်း။ တကယ်တော့ သူတို့သည် နှယ်နှယ်ရရ ပုဂ္ဂိုလ်များ မဟုတ်ကြ။ တချို့ ရှုတင်ဆောင်လျက်၊ တချို့ ဂူအောင်းလျက်၊ တချို့ ဝေးလံသော တောင်ပေါ်တွေမှာ တစ်ပါးတည်းကျင့်ကြံရင်း ဗောဓိဉာဏ်ကို လှမ်းကိုင်နိုင်ဖို့ ကျားကုတ်ကျားခဲ ဖွဲ့နဘဲနှင့် သဲသဲမဲမဲ နွဲ့နေကြသော သာသနာ့ အာဇာနည်ကြီးများ ဖြစ်ကြ၏။ စိတ်တွေကလည်း စင်ကြယ်အောင် လေ့ကျင့်နေသူများ။ သို့သော် ဒကာ၊ ဒကာမများနှင့် ရှောင်လွှဲမရ ထိတွေ့ ဆက်ဆံကြရသည်ဖြစ်ရာ စိတ်ပိုင်း၊ ရုပ်ပိုင်း ယိုင်သွားမိသလား၊ ထိခိုက်မိသလားဆိုသည့် သံသယအပြစ်များ၊ ထိုသံသယ ပြေပျောက်စင်ကြယ်စေလို၍သာ လာရောက်၍ ဒဏ်ဆောင်ကြခြင်း သို့မဟုတ် ဝတ်ဆောက်တည်ကြခြင်းဖြစ်၏။

အဘယ်ကြောင့် ကုစားကြရသနည်းဆိုသော် သေးနုပ်သော အာပတ်ငယ်များဖြစ်သည့် ပါစိတ်အာပတ်တို့သည်ပင်လျှင် ဈာန်မဂ်ဖိုလ်ရဖို့ အဟန့်အတား ဖြစ်စေကြောင်း ဘုရားဟော ရှိ၍ဖြစ်၏။

ကြီးမားသော အပြစ်ဖြစ်သည့် သံဃာဒိသေသ် အာပတ်ကြီးမျိုးဆိုလျှင် အဘယ်မှာ လျှင် အပဟန့်အတား မဖြစ်တဲနေမည်နည်း။ သံဃာဒိသေသ် အာပတ် ၁၃ ပါးတွင် တစ်ပါးပါးကို ကျူးလွန်မိပါက ဒေသနာကြားရုံ (အာပတ်ဖြေရုံ) ဖြင့် ပြေပျောက်မသွားပေ။ ဝတ်ဆောက် တည်ခြင်း သို့မဟုတ် ဒဏ်ထမ်းခြင်း အမှုပြုမှသာလျှင် ပြေပျောက်သော (ဝုဋ္ဌာနဂံ) ဖြစ်၏။

၁။ သုက်လွှတ်လိုသော စေတနာ၊ လုံ့လကြောင့် သုက်ထွက်သွားခြင်း (အိပ်မက်ကြောင့် သုက်ထွက်လျှင် အပြစ်မရှိ။)

၂။ ရာဂစိတ်ဖြင့် မာတုဂါမ၏ ကိုယ်၊ လက်၊ ဆံပင်ကို ထိခြင်း၊ ကိုင်ခြင်း၊ ဆံပင်နှင့် ထိစပ်သော ပန်း၊ ရွှေ၊ ငွေကို ကိုင်တွယ်သုံးသပ်မိခြင်း၊

၃။ မာတုဂါမ အားယုတ်နိမ့်သော ရာဂစိတ်ဖြင့် ယုတ်ညံ့သော စကားများပြောခြင်း၊

၄။ မာတုဂါမထံမှ မေထုန်အလှူခံခြင်း (သာသနာမှာ ဒါနမမြောက်သော ဒါနများ၊ မေထုန်ဒါန၊ မူးယစ်ဒါန၊ ကျွန်ဒါန၊ ဆင်မြင်းကျွဲနွားဒါန၊ အလှူမခံရ၊ လှူလျှင်လည်း လက်မခံရ။)

၅။ မိန်းမအတွက် ယောကျ်ားကိုဖြစ်စေ၊ ယောကျ်ားအတွက် မိန်းမကိုဖြစ်စေ၊ ပြည့်တန်ဆာကို ဖြစ်စေ အောင်သွယ်ခြင်း အကျိုးဆောင်ခြင်း။

၆။ ကိုယ်ပိုင်ကျောင်းဆောက် လိုလျှင်၊ ပိုးရွ၊ ခြပုံများ မသေကျေအောင် မရှောင်ခြင်း၊ နေရာပန်ကြားရန် အခြားသံဃာအား မပင့်ဖိတ်ခြင်း၊ ကျောင်းအရွယ်အစား အလျား အပြင်က တိုင်းလျှင် ၁၂ ထွာ (ခြောက်တောင်) အနံ အတွင်းကတိုင်းလျှင် ၇ ထွာ (သုံးတောင်တစ်ထွာ) ထက် ပိုခြင်း။

၇။ ဒကာရှိသောကျောင်း (ကျောင်းကြီးကြီး) သာကွာပြီး ကျန်တာ နံပါတ် ၆ အတိုင်း၊

၈။ တစ်ဖက်သား ရဟန်းအပေါ် ပါရာဇိကဖြင့် စွပ်စွဲမိခြင်း၊

၉။ တစ်ဖက်သား ရဟန်းအပေါ် (သွယ်ဝိုက်) တင်စား၍ ပါရာဇိကဖြင့် စွပ်စွဲခြင်း၊

၁၀။ အကြင်သံဃာသည် ညီညွတ်နေသော သံဃာအားသင်းကွဲရန် အားထုတ် လှုံ့ဆော်ပါက ယူဇနာဝက်အကွာမှ မြင်လျှင်ကြားလျှင် သွားရောက် တားမြစ်ရမည်။ မတားသူ ဒုက္ကဋ်အာပတ်သင့်မည်။ တားမြစ်ရာတွင် ဖျောင်းဖျစကားဖြင့် သုံးကြိမ်ထိ တားမြစ်၊ မရလျှင် သိမ်ထဲအတွင်း ဆွဲခေါ်ပြီး ဉတ်ကမ္မဝါတို့ဖြင့် သုံးကြိမ်တားမြစ်၊ ထိုသို့မှမရလျှင် ထိုရဟန်း သံဃာဒိသိသ်အာပတ်သင့်၏။

၁၁။ ထိုရဟန်း၏ နောက်လိုက်များက ထိုရဟန်း၏လုပ်ရပ်ကို သဘောတူ ထောက်ခံ လျက် ဝိုင်းဝန်းကန့်ကွက်လျှင် အထက်ပါနည်းအတိုင်း စကားဖြင့် ဖျောင်းဖျ၊ မရလျှင် သိမ်ထဲနှစ်ပါးတစ်တွဲ၊ သုံးပါးတစ်တွဲ သိမ်ထဲဆွဲသွင်း၍ ကံပြု၊ ဒါမှမရလျှင် ထိုရဟန်းများ သံဃာဒိသိသ်သင့်၏။

၁၂။ အတူနေ ရဟန်းတို့က ဝိနည်းလမ်းကြောင်းပြ၍ ဆုံးမသည်ကို မချေမငံပြော၍ မနာခံခဲ့သော မြင်ရကြားရသော ရဟန်းတို့က ပထမစကားဖြင့်မရသော် သိမ်တွင်းသွင်း၍ ဉတ်ကမ္မဝါတို့ဖြင့် ကံပြု၊ ဉတ်ကမ္မဝါတို့ဖြင့် သုံးကြိမ်ဆုံးမ၍မှ သူ့ဝါဒဆိုး မစွန့်သည်ဖြစ်သော် သံဃာဒိသိသ် အာပတ်သင့်၏။

၁၃။ တားမြစ်ထားသော လာဘ်ရှာမှီးနည်း–ဥပမာ သစ်သီးပေး၊ ပန်းပေး မြှောက်ပင့်၊ ပီယဝါစာပြော စသည့်နည်းဖြင့် အသက်မွေးပါက မြင်ရ ကြားရသူ ရဟန်းများက ပြောဆို တားမြစ် ဖျောင်းဖျရမည်။ မရသော် သိမ်အတွင်းသွင်း ကံပြု။ ဤသို့မှ အပြစ် ဝန်မချသော် ထိုရဟန်းများ သံဃာဒိသေ် အာပတ်သင့်၏။

တချို့အာပတ်များကား အလွန်သိမ်မွေ့ပါ၏။ ပြုမှားမိလေပြီလား ဝေခွဲမရဖြစ်တတ်ပါ၏။ သာမန်ဆိုလျှင် အလေးဂရု ပြုမိမည် မဟုတ်သော်လည်း မဂ်ဖိုလ်ရည်မှန်းထားသူများ အတွက် နည်းနည်းမျှ အစွန်းအထင်း မခံဝံ့ကြ။ ထို့ကြောင့် ဝတ်ဆောက်တည်ခြင်းခေါ် သံဃာထုရှေ့၌ ဒဏ်ခံယူခြင်းပင်ဖြစ်၏။

အပေါ်မှာပြခဲ့သော ဝုဋ္ဌာနကံ ၁၃ ပါးတို့ ကျူးလွန်မိက ဒေသနာကြားပြီး အာပတ် ဖြေလျှင် စင်ကြယ်မသွားဘဲ တန့်ရုံသာ တန့်နေလေ၏။ ဝတ်ကို ဆောက်တည်ပြီးသော် တပည့်တော် ကျခံရသည့် အပြစ်ဒဏ်ကို ချထားပြီး (ဖယ်ထားပြီး) နေပါရစေဘုရားဟု တောင်းပန်လျှင်လည်း ရ၏။ သို့သော် ပိုကောင်းသည်က ဝတ်ကိုချထား (ဖယ်ထား) ခဲ့ရန် မတောင်းပန်ဘဲ ကျင့်သုံးနေထိုင်သည့် ဝတ်က ပို၍ အကျိုးဖြစ်၏။ သဘာဝလည်း ပိုကျ၏။

ဤသို့ ဆောက်တည်ဖို့က ကျောက်ဆင်တောရမှာလို သံဃာသိပ်မများပြားဘဲ အဝင် ထွက် များလွန်းခြင်း မရှိသည့် တောရမျိုးက ဝတ်ဆောက်တည်လိုသော နိုင်ငံတစ်ဝန်းရှိ သံဃာတော်များအတွက် အဆင်ပြေနေ၏။ ဆွမ်းကိစ္စကလည်း ခံစားရုံပင် ပေါများ၏။ နေစရာ၊ သောက်ရေသုံးရေနှင့် ကျောင်းဆောင်တွေလည်း ပြည့်ကျပ်နေသည်ဟူ၍ မရှိ။

ဝတ်ဆောက်တည်သော သံဃာများ သတိထားရမည့် အချက်က ပုံမှန်ရဟန်းတို့၏ ရှိခိုးမှု၊ အရိုအသေပေးမှု၊ ခရီးဦးကြိုဆိုမှု၊ ဝတ်ကြီးဝတ်ငယ်ပြုမှုတို့ကို မခံယူမိဖို့ပင်။ စင်စစ် မိမိကသာ ရာထူးလျှော့ထားသော အပြစ်သားသဖွယ် နေထိုင်ပြုမူရမည်ဖြစ်၍ ပုံမှန် ရဟန်း တို့ကို ဝတ်ကြီးဝတ်ငယ်ပြုရမည့် ဝတ္တရားပင်ရှိနေ၏။ ဝတ်ဆောက်တည်သူ အချင်းချင်းကား ဝါစဉ်အလိုက် ရှိခိုးမှု၊ အရိုအသေပေးမှု၊ ဝတ်ကြီးဝတ်ငယ်ပြုမှုတို့ကို ခံယူကောင်းပါသည်။

အပြစ်ရှိသည်ဟု သံသယရှိသည့် ည အရုဏ်တက်လျှင် တစ်ရက်စ၍ ရေတွက်ပြီး နေ့ရှိသလောက် သံဃာများထံ ဝန်ခံလျက် အပြစ်ပေးပါရန် တောင်းခံရ၏။ သံဃာကလည်း ဒဏ်ထမ်းခွင့် ပြုရ၏။

ထို့နောက် မိမိဖုံးဖိခဲ့သော အပြစ်အကြွေးတင်သည့် ရက်အရေအတွက်အတိုင်း ရဟန်းကောင်းတို့ ကြဉ်ထားသော နေရာသို့ သွားကာ တစ်ပါးတည်းနေရ၏။ ပရိဝါသ်ခေါ်၏။

ထို ဖုံးကွယ်ခဲ့သောရက် ပြီးဆုံးသော် သံဃာများ မြတ်နိုးနှစ်သက်စေရန် ရည်ရွယ်ချက်ဖြင့် ခြောက်ညဥ့်အဏ် တိုးဖြည့်ကျင့်ခွင့် တောင်းရမည်။ သံဃာမှ ခွင့်ပြုသော် ခြောက်ညဥ့်မြောက်အရုဏ်တက်သည်အထိ ရဟန်းကောင်းတို့၏ မျက်စိကွယ်၊ နားကွယ်အရပ်သို့ တစ်ပါးတည်း ချဉ်းကပ်ရ၏။ ဤခြောက်ရက် ဝတ်ဆောက်တည်ခြင်းကို မာနတ်ဆောက်တည်သည်ဟုလည်း ခေါ်၏။ ဝတ်ကို ချထားခွင့်ပြု၍ တာဝန်မလေးစေရန် ပန်ကြားလျှင်လည်းရ၏။

ပထမပရိဝါသ် ဖုံးဖိခဲ့သည့် ရက်များအတွက် ဝတ်ဆောက်တည်စဉ်က ပရိဝါသ်တောင်းသည့် 'အဟံဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ' အစချီသည့် ပါဠိအဓိပ္ပာယ်မှာ တပည့်တော်မှာ သံဃာဒိသေသ်အာပတ်တို့ သင့်နေပါပြီဘုရား။ (ရက်အရေအတွက် မမှတ်မိပါက) အာပတ်အရေအတွက် အပိုင်းအခြားလည်း မမှတ်မိတော့ပါ။ ညဥ့်အာရုဏ် အရေအတွက်လည်း မမှတ်မိတော့ပါ။ ယုံမှား တွေဝေနေပါသည်။ အရှင်မြတ်တို့ဘုရား၊ သံဃာဒိသေသ်အာပတ်သင့်နေသော တပည့်တော်သည် သံဃာအပေါင်းတို့အား ထိုအာပတ်စင်ကြယ်ကြောင်း သုဒ္ဓပရိဝါသ်ကို တောင်းခံပါ၏။ ဖြစ်ပါသည်။

ဒုတိယမာနတ် တောင်းခံပုံ 'အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ' အစချီတဲ့ ပါဠိအဓိပ္ပာယ်က 'ခြောက်ရက်ပတ်လုံး ကျင့်သုံးရသော မာနတ်ကို တပည့်တော် တောင်းခံခဲ့ပါပြီ။ သံဃာတော်အပေါင်းက ထို ဖုံးလွှမ်းခဲ့သော အာပတ်များနှင့် မဖုံးလွှမ်းသော အာပတ်များအတွက် ခြောက်ရက်ပတ်လုံး ကျင့်ရသော မာနတ်ကို ပေးခဲ့ပါပြီ။ တပည့်တော်သည် မာနတ်ကို ကျင့်သုံးနေပါ၏။ အရှင်မြတ်တို့အား တပည့်တော် သိစေပါ၏။ (လျှောက်ထားပါ၏။) သံဃာတော် အပေါင်းသည် တပည့်တော်ကို မာနတ်ကျင့်နေသူအဖြစ် မှတ်ယူတော်မူကြပါဘုရား' ဝတ်ဆောက်တည်သော ပရိဝါသ်နှင့် မာနတ်လျှောက်ကြားရသည့် ပါဠိတော်များကို ဂျာမန်ဘုန်းကြီးကော ကိုရီးယားဘုန်းကြီးပါ မြန်မာဘုန်းကြီးများနှင့်အတူ ပီပီသသ ရွတ်ဆိုနိုင်သည်ကို တွေ့ရပါသည်။

ထိုခြောက်ရက်ပါ လွန်မြောက်ပြီးသောအခါမှ အနည်းဆုံး သံဃာအပါး ၂၀ ၏ ရှေ့မှောက်၊ သိမ်အတွင်း၌ မိမိအား အပြစ်စင်ကြယ်သော ရဟန်းကောင်းအဖြစ် အသစ်တဖန် အသိအမှတ်ပြုပေးကြပါရန် တောင်းပန်ရ၏။ ထိုအခါမှ သံဃာတော် အပေါင်းက ဉတ်ကမ္မဝါတို့ဖြင့် ရွတ်ဖတ်ကာ ရဟန်းကောင်းစာရင်း ပြန်သွင်းပေး၏။ ဤသို့ပြုခြင်းကို 'အဗ္ဘာန်သွင်းသည်' ဟု ခေါ်၏။

ခြွင်းချက်အနေဖြင့် ဒီနေ့ ကျူးလွန်မိသော အပြစ်၊ အရုဏ်မကူးခင် ဒေသနာကြား၍ ဝန်ခံထားလျှင် ဝတ်ဆောက်တည်ရန် မလိုဘဲ မာနတ်၊ အဗ္ဘာန်မှုနှင့် ပြီး၏။ ရဟန်းအသစ်ခံယူရာ၌ သံဃာငါးပါး၊ ဆယ်ပါးဖြင့် ရဟန်းမြောက်သော်လည်း အဗ္ဘာန်သွင်းလျှင်ကား အပါး ၂၀ ထက် လျော့လျှင် အထမမြောက်ပေ။

စင်စစ် ခရစ်ယာန်ဘာသာဝင်တို့၏ confession ခေါ် ဖွင့်ဟဝန်ခံချက်သည် ကနဦးဗုဒ္ဓဘာသာတွင် ရှိနှင့်ပြီးဖြစ်၏။ သံဃာများက အဗ္ဘာန်သွင်းပြီးပါက ထိုရဟန်းသည် စိတ်နှလုံးစင်ကြယ်စွာဖြင့် ဗောဓိဉာဏ်ကို ဖြောင့်ဖြောင့်လှမ်းကိုင်နိုင်ပြီ ဖြစ်ပါကြောင်း။

**မှတ်ချက်** – တချို့ဒကာမများ၏ အလိုက်မသိမှု၊ ဥပမာ–ဆံပင်ဖြန့်ခင်း၍ ကျော်နင်းစေ ခြင်းသည် သံဃာတော်များအား ဝတ်ဆောက်တည်ရသည့် ဒုက္ခကို ပေးသလို ဖြစ်ကြောင်း သိစေအပ်ပါသည်။

❖

အခန်း (၄၀)

## အချစ်စစ်သီအိုရီ

ကိုထွန်းမြင့်ဝင်း Eberstadt (ဂျာမန်ဘာသာအသံထွက် 'အေဘာရှတတ်') ဘူတာရုံလေးမှာ ရထားပေါ်က ဆင်းပြီးနောက် စက်ဘီးစတင်းမှာ သော့ခတ်ထားသော စက်ဘီးကို ဆွဲထုတ်လိုက်၏။ တစ်မြို့တည်းနေ မိတ်ဆွေလင်မယား နီပေါနိုင်ငံသားဖြစ်သူ ဘီနေးနှင့် ဒီပါတို့ ဖနီးမောင်နှံလည်း ဒီရထားနှင့်ပင် အလုပ်မှ ပြန်နေကျဖြစ်၏။

ဘူတာက ကုန်းမြင့်လေးပေါ်မှာဖြစ်၍ စက်ဘီးတွန်းရင်း ဖြည်းဖြည်းဆင်းလာကြသည်။ ကတ္တရာလမ်းမပေါ်ရောက်မှ နှင်းထုတွေကို ကွေ့ပတ်ရှောင်ရှားရင်း ပြောင်ချောနေသော ကတ္တရာလမ်းအတိုင်း စက်ဘီးကိုယ်စီနင်းပြီး အိမ်ပြန်ကြရ၏။ သူတို့နှစ်ဦးလည်း စားသောက်ဆိုင်မှာ လုပ်ကြသူများဖြစ်၍ ကိုထွန်းမြင့်ဝင်းလိုပင် ဝင်ငွေကောင်းပြီး အချိန်ရှည်လျားသော စားသောက်ဆိုင် အလုပ်အကြောင်းကို ကောင်းကောင်းသိကြ၏။

နီပေါလူမျိုးများက မြန်မာပြည်က ဂေါ်ရခါးများနှင့် ရုပ်ဆင်ကြပြီး စ,တတ်နောက်တတ်ပုံမှာလည်း မြန်မာလူမျိုးများနှင့် တူ၏။ နီပေါသည်လည်း မြန်မာနိုင်ငံလို ဆင်းရဲသောနိုင်ငံဖြစ်၍ ဥရောပနှင့် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနိုင်ငံများမှာ သွားရောက်ခိုလှုံပြီး အလုပ်လုပ်ကြရတာများ၏။ မြန်မာလူမျိုးများကိုလည်း အလွန်ခင်ကြ၏။ တချို့ နီပေါများက ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိကိုပင် ရွတ်ပြနိုင်ကြသည်။ ဗုဒ္ဓနှင့် ပတ်သက်၍လည်း အလွန်ဂုဏ်ယူကြသည်။ ဗုဒ္ဓ၏ လူမျိုးနွယ် ဖြစ်ရခြင်းကို ဂုဏ်ယူကြ၏။ သို့သော် ဗုဒ္ဓကိုမူ အရံအဖြစ်သာ ကိုးကွယ်သဖြင့် ဗုဒ္ဓဘာသာဝင်များတော့ မဟုတ်ချေ။ ဟိန္ဒူဘာသာဝင်များသာ ဖြစ်ကြ၏။ သူတို့က လူသားများနှင့် လောကကို ဗြဟ္မာကြီးက ဖန်ဆင်းထားသည်ဟု ယုံကြည်သူများ ဖြစ်ကြသည်။ ဘာပဲဖြစ်ဖြစ် အယူသည်းသူများ မဟုတ်ကြသဖြင့် နီပေါလူမျိုးများသည် ပေါင်းလို့ သင်းလို့ ကောင်းကြ၏။ အလုပ် ပိတ်ရက်များမှာ မြန်မာမိသားစုများနှင့် တစ်ယောက်အိမ် တစ်ယောက် ဖိတ်ကျွေးကြ၊ ညှော်ခံကြဖြင့် မြန်မာနီပေါ ချစ်ကြည်ရေး လုပ်ကြ၏။ သူတို့ ရုံးကိစ္စများ အခက်အခဲရှိလျှင်လည်း ကိုထွန်းမြင့်ဝင်းထံလာပြီး အကူအညီ တောင်းလေ့ရှိကြ၏။

ဘီနေးတို့ လင်မယားကို သူတို့ အိမ်ခြံဝမှာ ကိုထွန်းမြင့်ဝင်းက နှုတ်ဆက်လိုက်ပြီး နောက်ထပ် ဆယ်မိနစ်လောက် အိမ်ရောက်အောင် စက်ဘီးဆက်နင်းရ၏။

အိမ်က ခြံတံခါးမရှိဘဲ စုပေါင်းကွန်ဒိုတိုက်ခန်းများဖြစ်ရာ တံခါးမကို သော့ဖြင့်ဖွင့်၍ စက်ဘီးကို အောက်ထပ်ရှိ 'ကဲလား' ခေါ် မြေအောက်စတိုခန်းထဲ ထည့်လိုက်ပြီး တတိယထပ်

အခန်းရှိရာကို တက်သွားလျက် တံခါးဖွင့်လိုက်၏။ ဇနီးဖြစ်သူက မီးဖိုထဲမှာ သူ့အတွက် ဟင်းများထုတ်ပြီး မိုက်ကရိုဝေ့ဖ်နှင့် နွေးနေလေပြီ။

စားသောက်ဆိုင်မှာ နေ့လယ်စာသာစားပြီး ညစာကိုတော့ ဆိုင်သိမ်းချိန်ထိ စောင့်မစားတော့ဘဲ အိမ်ရောက်မှ စားလေ့ရှိ၏။ ဇနီးဖြစ်သူက သူတို့နေသော မြို့လေးရှိ စက်ရုံတစ်ရုံမှာ အလုပ်လုပ်ပြီး အလုပ်ချိန်က ရှစ်နာရီသာ လုပ်ရ၏။ ထို့ကြောင့် ကိုထွန်းမြင့်ဝင်း ပြန်လာသော ည ၁၂ နာရီ အချိန်ဆိုလျှင် တစ်ရေးတစ်မောအိပ်ပြီးလေပြီ။ အိပ်ရာမှထပြီး ကိုထွန်းမြင့်ဝင်း ပြန်လာလျှင် ရောက်ရောက်ချင်း ပူပူနွေးနွေး စားနိုင်အောင် အမြဲ ပြင်ဆင်ထားလေ့ရှိ၏။

ကိုထွန်းမြင့်ဝင်းက အဝတ်အစားများလဲပြီးလျှင် မီးဖိုခန်းထဲဝင်ပြီး ဇနီးဖြစ်သူ အသင့်ခူးထားသော အမဲသားနှပ်၊ ချဉ်ပေါင်ရွက်ချဉ်ရည်ဟင်း၊ ငပိရည်နှင့် တို့စရာများကို အားရပါးရစားတော့၏။

သူတို့နှစ်ယောက် တွေ့ရသည့်အချိန် စကားစမြည် ပြောရတာလည်း ဒီအချိန်ပင်ဖြစ်၏။ ထို့နောက် ပိတ်ရက်က တနင်္ဂနွေ တစ်ရက်သာတူပြီး ကျန်ပိတ်ရက်များက တစ်ဦးက စနေ တစ်ဦးက တနင်္လာဖြစ်နေသည်။ ထမင်းစားရင်း နှစ်ယောက် တစ်နေ့တာ အတွေ့အကြုံလေးတွေ ပြောကြရ၏။ တနင်္ဂနွေနေ့မှာတော့ နှစ်ယောက်အတူ စက်ဘီးကိုယ်စီ စီးရင်း ဈေးဝယ်ထွက်ကြ၏။ တစ်ပတ်စာ ဝယ်ထားရ၏။ နှစ်ပတ်တစ်ခါတော့ ဒမ်းစတဒ် မြို့ဖြစ်စေ ဖရန့်ဖွတ်မြို့ဖြစ်စေ ဘတ်စကားရထားများစီးပြီး အာရှအစားအစာများ သွားဝယ်ကြသည်။

အာရှဆိုင်များမှာ ဗီယက်နမ်၊ ယိုးဒယားတို့ ဖွင့်ထားသည့် ဆိုင်များဖြစ်ပြီး အာရှအစားအသောက်အကုန်နီးပါးရ၏။ ငပိ၊ ငံပြာရည်၊ ပုစွန်ခြောက်၊ ကြက်ဟင်းခါးသီး၊ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ မြန်မာအစားအစာနှင့် ၉၀ ရာခိုင်နှုန်းလောက် တူကြ၏။ ဆန်ကအစ နန္နင်းမှုန့်၊ အရောင်တင် မဆလာ အားလုံးရ၏။

တနင်္ဂနွေနေ့ဆိုလျှင် ပိုချက်လေ့ရှိပြီး အိမ်အနီးအနား မိသားစုတွေထံ ပို့လိုက်သေး၏။ တစ်ခါတစ်ရံလည်း သူ့အိမ်သွားစား၊ ကိုယ့်အိမ်လာစားဖြင့် စကားစမြည် ပြောကြရင်း ကိုယ့်နိုင်ငံ လွမ်းစိတ်များနှင့် အထီးကျန်မှုများကို ကုစားကြရ၏။

ကိုထွန်းမြင့်ဝင်းက အနောက်တိုင်း အစားအသောက်များအပြင် မြန်မာအစားအစာများဖြစ်သည့် ဒန်ပေါက်၊ ထောပတ်ထမင်း၊ အုန်းထမင်း၊ မုန့်ဟင်းခါး၊ အုန်းနို့ ခေါက်ဆွဲ၊ ကြက်ကင်၊ နန္နင်းမကင်း၊ ရွှေတောင်တော်တော်စုံလင်အောင် ချက်တတ်သည်။ တစ်ယောက်တစ်လှည့် ချက်နေကြရသောကြောင့် သူနှင့်တကွ တစ်မြို့တည်းနေ ကိုသန်းကျော်စိုး မိသားစု၊ ကိုသက်အောင် မိသားစုနှင့် ကိုစိုးလွင် မိသားစုတို့အပြင် စက်ရုံမှာ အဆောင်နေပြီး အလုပ်လုပ်သူများပါ နိုင်ငံရပ်ခြား ရောက်နေသော်လည်း မြန်မာအစားအစာနှင့်တော့ ပြတ်သည်ဟူ၍ သိပ်မရှိ။

ကိုထွန်းမြင့်ဝင်းအတွက် သူ အလုပ်လုပ်သည့် ဆိုင်၌ နေ့လယ် နားချိန် နေ့လယ်စာကို ဆိုင်ရှိလူ အားလုံးနှင့်အတူ စားကြ၏။ ကိုယ်ချက်သည့်ဟင်းမို့လားမသိ စားလို့သိပ်မမြိန်။ ညအလုပ်သိမ်းပြီး အိမ်ပြန်ရောက်မှ စိတ်လက်ပေါ့ပါးစွာ သုံးဆောင်ရသော ဇနီးသည် ချက်ထားသည့် ညစာသာ အမြိန်ဆုံး ဖြစ်လေ့ရှိ၏။

ကိုထွန်းမြင့်ဝင်းက ရေနွေးကြမ်းငှဲ့သောက်ရင်း ဟင်းပန်းကန်များ သိမ်းဆည်းနေသော ဇနီးဖြစ်သူကို ကျေးဇူးတင်သည့် အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။ သူတို့ နှစ်ယောက်၏ အကြောင်းကိုလည်း တွေးမိ၏။

သူတို့ နှစ်ဦးကြားမှာရှိသော မေတ္တာစစ်မေတ္တာမှန်နှင့် ပတ်သက်၍လည်း ဂုဏ်ယူမိ၏။ အမှန်ဆိုလျှင် သူကလည်း တရားဓမ္မဘက်မှာ နက်ရှိုင်းစွာ နစ်ဝင်သွားခဲ့ပြီဖြစ်၏။ သူ၏ စည်းရုံးဆွဲဆောင်မှုကြောင့် ဇနီးဖြစ်သူသည်လည်း မိရိုးဖလာ ဗုဒ္ဓဘာသာမှသည် မိုးကုတ်ဆရာတော်ကြီးနှင့် အစဉ်အဆက် မိုးကုတ်ဓမ္မကထိကများ၏ တရားများ နာယူခြင်း၊ မဟာစည်ဆရာတော်ဘုရားကြီး၏ စာအုပ်များဖတ်ရှုခြင်း၊ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏ တရားတော်များ နာယူခြင်းအပြင် တစ်ဆင့်တက်၍ ဝိပဿနာ လေ့လာ၍ တရားထိုင်ခြင်းတို့ပါ လုပ်နေပြီဖြစ်၍ အများ၏ အားကျအတုယူဖွယ် ဇနီးမောင်နှံ ဖြစ်လာခဲ့၏။

တရားအစဉ် နက်ရှိုင်းလာသည်နှင့် အမျှ တစ်စထက်တစ်စ လင်မယားကိစ္စ လျော့ပါး လာခဲ့ကြသည်။ တရားရင့်ကျက်လာသည်နှင့်အမျှ လင်မယားကိစ္စကို သာယာနှစ်သက်ခြင်း ထက် မသတီသောစိတ်က အနိုင်ယူသွားခဲ့ရာ မောင်ရင်းနှမလိုနေတာ သုံးနှစ်သုံးမိုးပင် ပြည့်တော့မည် ဖြစ်သည်။

သည်လို အခြေအနေကျမှ အချစ်စစ်၊ သို့မဟုတ် မေတ္တာစစ် မေတ္တာမှန်ဆိုတာ ကို လည်း သိလာရသည်။ ပူလောင်သော ရာဂစိတ်မရှိသည့် မေတ္တာစစ် မေတ္တာမှန်သည် ဤလောကတွင် တကယ်ပင် ရှိပါသည်။ မကြုံဖူးသူများအတွက် ယုံနိုင်စရာအကြောင်း သိပ် မရှိလှ။

ဤသို့ မေတ္တာစစ် မေတ္တာမှန်ကို လက်တွေ့ကျကျ သိရသည့် အချိန်၌သာ ပူလောင်သော ရာဂကိစ္စတွေက ဘဝမှာ ဘာမျှ အရေးမပါတော့သည်ကို သိမြင်ရ၏။

အိမ်ထောင်ရေး ကိစ္စများမှာ တကယ်တမ်း အဓိကမကျသည်ကို တချို့ အဓိက ထားပြီး စဉ်းစားဆုံးဖြတ်သော အခါ၌ အမှန်တရားနှင့် ဝေးကွာသွားတတ်ပါသည်။ ဒီနေရာမှာ အသက်အရွယ်နှင့် ရင့်ကျက်မှုတို့ကိုလည်း ထည့်တွက်ရပါလိမ့်မည်။ ထို့ကြောင့် ကိုထွန်းမြင့်ဝင်း အနေဖြင့် ဗုဒ္ဓ၏ တရားဓမ္မများနှင့် နီးစပ်သူသည် အချစ်စစ် အချစ်မှန်ကိုလည်းကောင်း မေတ္တာစစ် မေတ္တာမှန်ကိုလည်းကောင်း တွေ့မြင်ဖို့လမ်းစဖြစ်သည် ဟူသော သီအိုရီကို ရှာဖွေတွေ့ရှိသွားပါသည်။

❖

အခန်း (၄၁)

## ဝိုင်အရက်၊ ရှားလော့ဟုမ်းနှင့် တွံတေးသိန်းတန်

အခုတော့ ကိုထွန်းမြင့်ဝင်း၏ တစ်ချိန်က ဘဝရည်မှန်းချက်များ ပြောင်းပြန်လန်သွားပြီ ဖြစ်၏။ ငွေကြေးချမ်းသာဖို့ အဆင့်မြင့်မြင့် နေနိုင်ဖို့ ကျော်ကြားဖို့ဆိုတာတွေ ဘာမှ အဓိပ္ပာယ် မရှိတော့ပြီ။

ငါသူတစ်ပါး ယောက်ျားမိန်းမဟူသည့် အတ္တမပါဘဲ ကုသိုလ် အကုသိုလ်ကံ အကြောင်း တရားများကြောင့် ပြုပြင်စီရင်လျက် ပြောင်းလဲနေသော ခန္ဓာငါးပါးသာ ရှိတော့ပြီ။ လိုချင်စိတ်က လိုချင်တာသာဖြစ်ပြီး ပျက်သွားပြန်၏။ ဒေါသစိတ်က ဒေါသဖြစ်တာဖြစ်ပြီး ပျက်သွား ပြန်၏။ မေ့လျော့စိတ်က မေ့လျော့တာသာဖြစ်ပြီး ပျက်သွားပြန်၏။ ဖြစ်ပြီးပျက်၊ ဖြစ်ပျက်သာ ရှိ၏။ အကြောင်းကြောင့် အကျိုးပေါ်၊ အကြောင်းနှင့် အကျိုးသာရှိတော့၏။

ငါဟူသော အတ္တစိတ်သည် ဘယ်က ပေါ်လာသနည်း။ ဘဝကို လိုချင်ခြင်း ကာမဂုဏ် ကို ခုံမင်၍ လိုချင်နှစ်သက်ခြင်း၊ ဒီဘဝပြီးလျှင် ပြီးပြီ၊ ဘာမှ ဆက်မဖြစ်ဟူသော ဒိဋ္ဌိအယူကို နှစ်သက်ခြင်း စိတ်သည်ပင် အတ္တအဖြစ်ကို ခန္ဓာငါးပါး ဝင်ရောက် ထိန်းကျောင်းမောင်းနှင် နေခြင်း ဖြစ်တော့၏။ ဝမ်းနည်းစိတ်၏ နောက်ကွယ်မှ ငါဝမ်းနည်းတာဟု ပြနိုင်တာမရှိ။ ဝမ်းသာစိတ်၏ နောက်ကွယ်မှ ငါဝမ်းသာတာဟု တာဝန်ယူသူ မရှိပါ။

ဒုက္ခသာ ရှိ၏။ ဒုက္ခကို ခံစားသူမရှိ။

သက္ကာယဒိဋ္ဌိအယူကို စွန့်နိုင်လျှင် စွန့်နိုင်သလောက် ချမ်းသာလေပြီ။ တစ်မဂ်၊ တစ်ဖိုလ်ရအောင် ကျင့်နိုင်လျှင် မည်မျှ ချမ်းသာမည်ကို ခန့်မှန်းတွက်ဆပြီး အရာရာကို စွန့်လွှတ်လျက် ဝိပဿနာဘက်ကို လုံးလုံးလျားလျားနှစ်၍ အားထုတ်ဖို့ အကောင်းဆုံး နေရာက ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံက လွဲ၍ မဖြစ်နိုင်။ ကိုထွန်းမြင့်ဝင်းက သူ့ဇနီးကို မြန်မာပြည်ကိုပြန်ဖို့ ဖျောင်းဖျစည်းရုံးရာ သူ့ဇနီးကလည်း အားပေးပြီး နှစ်ယောက်အတူ ကြိုးစားအားထုတ်ကြဖို့ ပြင်ဆင်ကြ၏။

လက်ရှိ ငှားရမ်းနေထိုင်သော အိမ်ခန်းကို လက်ပြောင်းယူမည့် မြန်မာမိသားစု တစ်စုနှင့် ညှိပြီး နာမည်ပြောင်းရန် ရုံးတွေ အခေါက်ခေါက် သွားကြရ၏။ အလုပ်လုပ်စဉ် ဆောင်ထားသော အခွန်ငွေများ ပြန်လည် ထုတ်ယူရရှိရန်လည်း စီစဉ်ရ၏။

ဥရောပနိုင်ငံတွေကိုလည်း ပိတ်ရက်မှာ တစ်နိုင်ငံစီ သွားလည်ပတ်ကြ၏။

ဘယ်လ်ဂျီယံကိုသွားတော့ ဒေါက်တာမြတ်ခိုင်တို့ ဇနီးမောင်နှံနှင့် ကိုအောင်ပါ လိုက်၍ လည်ပတ်ကြ၏။

ကိုထွန်းမြင့်ဝင်း ဂျာမနီမှာ နေစဉ်တစ်လျှောက်လုံး အသက်အရွယ်ချင်းနှင့် ပညာဗဟုသုတချင်း မကွာဘဲ သူငယ်ချင်းမိတ်ဆွေအဖြစ် ပေါင်း၍သင်း၍ကောင်းသူ များများစားစားမရှိ လေးယောက်သာရှိ၏။ ဒေါက်တာမြတ်ခိုင်၊ ကိုကျော်လင်း၊ ကိုအောင်နှင့် ကိုစိုးမြင့်ဖြစ်၏။

သူတို့ထဲမှာ ကိုကျော်လင်းက ထူးထူးခြားခြား စိတ်ဝင်စားဖို့ကောင်းနေသည်။ ကိုကျော်လင်းနှင့် စတင် ခင်မင်ကျွမ်းဝင်သွားပုံက စာဖတ်သည့် ဝါသနာချင်း တူနေ၍ ဖြစ်သည်။ သူက အင်္ဂလိပ် ဝတ္ထုစာအုပ်တွေကို ဗီရိုလိုက် ဝယ်သိမ်းပြီး ဖတ်သူဖြစ်၏။ သူက ရူပဗေဒ အဓိကဘာသာဖြင့် ဘွဲ့ရခဲ့သူဖြစ်ပြီး အရင်ခေတ်က ဆက်သွယ်ရေးအရာရှိ သင်္ဘောသား (E.O) ဖြစ်ခဲ့၏။ ရိုးသားဖြောင့်မတ်သူ တစ်ဦးဖြစ်ပြီး 'ရှားလော့ဟုမ်း' ဝတ္ထုတွေကို လွန်စွာ နှစ်ခြိုက်လျက် အတွဲလိုက် ဝယ်ဖတ်သူဖြစ်၏။

ကိုထွန်းမြင့်ဝင်းကလည်း ယခင် တရားအားထုတ်မှု ပီပီပြင်ပြင် မလုပ်ဖြစ်ချိန် ဇနီးဖြစ်သူ လိုက်မလာမီကဆိုလျှင် အရက်လည်း ပြန်သောက်ဖြစ်သလို အားလပ်ချိန်မှာ အင်္ဂလိပ် ဝတ္ထုစာအုပ်တွေ ဖတ်လေ့ရှိ၏။ ကိုကျော်လင်းနှင့် သင်္ဘောသားအကြောင်းလည်း ပြောလို့ကောင်းသလို စာကြောင်းပေကြောင်းလည်း ပြောလို့ ကောင်းသည်။ အရက်လည်း အတူ သောက်ဖြစ်ကြသည်။ ကိုကျော်လင်းက မကြာမကြာ ဝိုင်သောက်လေ့ရှိသည်။ ကိုထွန်းမြင့်ဝင်းက ဝိုင် မနှစ်သက်။ ဘီယာနှင့် ဝီစကီ နှစ်မျိုးတည်း။ ဥရောပတိုက်သားတွေကတော့ ဝိုင်အရက်ကို အမြတ်တနိုး သောက်ကြ၏။ ဝိုင်ခွက်က သီးသန့် အဝကျယ်ကျယ် ခွက်ဖြင့် သုံးဆောင်ရပြီး မသောက်မီ နမ်းရသေးသည်။ ကိုကျော်လင်းက ဥရောပသားတွေ အတိုင်း အတိအကျလိုက်လုပ်လေ့ရှိ၏။ ကေန္တ ဥရောပ Crazy များလားဟု ထင်လုဆဲဆဲမှာပင် သူဖွင့်လိုက်သည့် သီချင်းကြောင့် အံ့ဩသွားမိသည်။ တွံ့တေးသိန်းတန် ဆိုခဲ့သမျှ သီချင်းများ အတွဲလိုက် သူ့မှာရှိသည်။

အရက်သောက်တိုင်းလည်း တွံ့တေးသိန်းတန် သီချင်းဖွင့်ပြီး လိုက်ဆိုလေ့ရှိသည်။ ကိုထွန်းမြင့်ဝင်းက ဒါကိုတော့ သည်းခံရသည်။ တွံ့တေးသိန်းတန်ကို သူသဘောကျပါသည်။ သို့သော် တွံ့တေးသိန်းတန်၏ Fan တစ်ယောက် မဖြစ်လာသည့် အကြောင်းက သူတို့ မြို့လေးမှာ ဆယ်တန်းဖြေခါနီးတွင် လော်စပီကာခေတ် ထသည့်အချိန်နှင့်အတူ တွံ့တေးသိန်းတန် ဟုန်းဟုန်းတောက် အောင်မြင်ရာမှာ စာကျက်လို့ မရတော့။ လော်စပီကာ အသံများက ထိန်းချုပ်မှု မရှိဘဲ တစ်လုံးနှင့်တစ်လုံး အပြိုင်အဆိုင် သူ့ထက်ငါ ကျယ်လောင်အောင် ဖွင့်ကြသောကြောင့် ဆယ်တန်းမှာ သူအမှတ်နည်းရခြင်း အကြောင်းများအနက် တွံ့တေးသိန်းတန်သည် အကြောင်းတစ်ခု ဖြစ်ခဲ့၏။

စာမေးပွဲ မရှိသည့် အချိန်များဆိုလျှင်လည်း စောင်ခြုံကွေးလျက် တွံ့တေးသိန်းတန် သီချင်းသံနှင့်အတူ လွမ်းပြီးရင်း လွမ်းအိပ်ပြီးရင်း အိပ်ဖြစ်နေသောကြောင့် လူငယ်ဘဝက ဘာမှမလုပ်ချင်ဘဲ ပျင်းရိလေးကန်ရခြင်းအကြောင်းမှာလည်း တွံ့တေးသိန်းတန် ပါခဲ့ပြန်၏။

သူ့အဖြစ်က တွံ့တေးသိန်းတန်ကို မကြိုက်ခြင်းမဟုတ်ဘဲ မကြိုက်ရဲခြင်းသာ ဖြစ်နေ၏။ ကိုကျော်လင်း ဖွင့်လျှင်လည်း အလိုက်အထိုက် လိုက်ဆိုပြရသေးသည်။

ကိုကျော်လင်းက ကိုထွန်းမြင့်ဝင်းလို ဂျာမန်စာသင်တန်း ကျောင်းတက်ထားသူ ဖြစ်၍ ဂျာမန်ဘာသာအကြောင်းလည်း ဆွေးနွေးလို့ရသည်။ ဒေါက်တာမြတ်နိုင် (ကိုမြတ်နိုင်) ကြီးကတော့ ဂျာမန်စာတွေအတွက် အချိန်ကုန်မခံနိုင်ဟုဆိုကာ ကိစ္စပေါ်လာလျှင် ကိုကျော်လင်းနှင့် ကိုထွန်းမြင့်ဝင်း နှစ်ယောက်ကို ခိုင်း၏။ ကိုအောင်ကတော့ အရင်က လူဝင်မှုကြီးကြပ်ရေးအရာရှိလုပ်ခဲ့သူဖြစ်သည်။ ဆက်ဆံရေးကလည်း အလွန်အလွန် ပြေပြစ်ပြီး ရုပ်ရည်ကလည်း အားလုံးထဲမှာ အနုဆုံးဖြစ်၍ မြာစွံသူ သို့မဟုတ် အမျိုးသမီးတွေကြား ပေါ်ပြူလာဖြစ်သူဖြစ်၏။ သို့ဖြစ်၍လည်း အမျိုးသမီးများအတွက် အမြဲလိုလို အလုပ်ရှုပ်နေလေ့ရှိ၏။ အမျိုးသမီးများကိုသာမက အမျိုးသားချင်းလည်း ကူညီသူဖြစ်၍ လူချစ်လူခင် များလှပါသည်။

ကိုထွန်းမြင့်ဝင်းက မြန်မာများ ဗုဒ္ဓဘာသာနှင့် အဆက်ပြတ်မသွားစေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာ စကားဝိုင်းကို တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါ လုပ်လေ့ရှိရာ ကိုအောင် အမြဲရောက်လာသည်။ တစ်ပတ်တစ်ခါ ပြောင်းသော အိမ်ရှင်များ လှူဒါန်းကျွေးမွေးသည်များကို စားပြီးလျှင် စကားဝိုင်း၌ အမြဲဒိုက်လေ့ရှိသူမှာ ကိုအောင်ဖြစ်၏။

မြန်မာများ ကိုယ့်ဗုဒ္ဓဘာသာစိတ် ခေါင်းပါးသွားမည်ကို မလိုလား၍ ကိုထွန်းမြင့်ဝင်းက မြန်မာအားလုံးကို မိုင်းမြစ်ဘေးမှာ အစည်းအဝေးခေါ်ပြီး နှိုးဆော်ခဲ့ဖူးသည်။ ဗုဒ္ဓဘာသာအဖွဲ့အစည်း တစ်ခုဖြစ်သွားအောင် စတင်ပေးခဲ့သော်လည်း နောက်ပိုင်း နေရာယူချင်သူ၊ ထင်ပေါ်ချင်သူနှင့် အပေါ်ယံပကာသနကို ဦးစားပေးသူများဖြင့် ရှုပ်ထွေးပွေလီပြီး စိတ်ဝမ်းကွဲပြီးရင်း ကွဲခဲ့ကြ၏။ ဘာပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာ အသင်းတစ်ခုတော့ ဖွဲ့ဖြစ်သွားသည်။ စိတ်ဝမ်းကွဲခြင်းနှင့် နေရာလုခြင်းတို့က မြန်မာ့သွေးထဲတွင် ကိန်းအောင်းနေသော ညာဉ်တစ်ခုဖြစ်ပြီး ဖျောက်ဖျက်ပစ်ဖို့ တော်တော်အချိန်ယူ ကြိုးစားကြရဦးမည် ဖြစ်သည်။

နောက်ပိုင်း စေတနာကောင်းနှင့် စတင်ပေးခဲ့သော ကိုထွန်းမြင့်ဝင်းကိုပင် ချစ်ခင်သူများ အထင်မြင်လွဲအောင် အပုပ်ချခြင်း၊ လုပ်ကြံဖာတ်လမ်းများခင်း၍ သိက္ခာချခြင်းတို့ လုပ်လာကြ၍ ရွံ့ရှာစွာဖြင့် ဝေးဝေးကပင် ရှောင်နေခဲ့၏။ လူ့ုစရာရှိတာလှူပြီး သိပ်မကပ်ရဲ။ ကပ်လျှင် သူတို့၏ နေရာကို စိုးရိမ်ကြပေဦးမည်။

ကိုထွန်းမြင့်ဝင်းအတွက်တော့ ဘာကိုမှ မလိုချင်ခြင်းသည် ချမ်းသာအစစ်ဖြစ်ကြောင်း ရိပ်စားမိနေပြီဖြစ်၍ ဘာကိုမျှ မမက်မော။ မြန်မာပြည်ပြန်ရောက်လျှင်လည်း ဘာစီးပွားရေးမှ လုပ်မည်မဟုတ်တော့။ ဇနီးဖြစ်သူထံ ခွင့်ပန်၍ ရဟန်းဘောင်တက်မည်။ ပျော်သလောက် သို့မဟုတ် ဇနီးသည် ပြန်မခေါ်မချင်း စည်းကမ်းကောင်းသော ရှုတင်ဆောင်သော တရားစခန်းများ၊ တောရကျောင်းများတွင် အားထုတ်မည်။ အရိုးကြေကြေ အရေခန်းခန်း ကြိုးပမ်းသွားမည်။ အာဇာနည် ဘာသာသွေးစစ်စစ် ဆရာသမားများ လိုက်ရှာမည်။ ပြီးလျှင် တပည့်ခံပြီး အသက်ပင် မငဲ့ကွက်စတမ်း ဆရာများနည်းတူ ကျင့်ကြံမည် ပိုင်းဖြတ်ထားသည်။ ယခုဆိုလျှင်

သူနှင့် အွန်လိုင်းမှာ တရားဓမ္မ ဆွေးနွေးနေကျ US မှ တစ်ဦး၊ ထိုင်းနိုင်ငံမှ တစ်ဦးနှင့် ဘယ်လ်ဂျီယံမှ တစ်ဦးတို့လည်း မြန်မာနိုင်ငံမှာ စုစည်းပြီး ဗုဒ္ဓ၏ ရည်မှန်းချက်အစစ်ဖြစ်သည့် ဝိပဿနာကျင့်စဉ်များ ကျင့်ကြံအားထုတ်လျက် မောဓိဉာဏ်ကို လှမ်းကိုင်ဖို့ ရေကုန်ရေခန်း ကြိုးပမ်းကြမည်ဟု ညှာသံပေးထားပြီဖြစ်၍ ကိုထွန်းမြင့်ဝင်း၏ စိတ်တို့ တက်ကြွလျက် ရှိသည်တကား။

## အခန်း (၄၂)

# ပြည်တော်ပြန်

ဦးသုန် ဒီတစ်ခေါက် မြန်မာပြည်ကို ပြန်ကြွလာရာမှာ စိတ်ထဲတွင် သိပ်မပျော်နိုင်အောင် ဖြစ်နေသည်။ ရှစ်နှစ်ပတ်လုံး နယ်ခြားမြေဝေးအရပ်၌ အတူရှန်းကန်ခဲ့ရသော ဦးရီးတော်ကို ထားခဲ့ပြီးမှ စိတ်မကောင်းဖြစ်မိ၏။ အထူးသဖြင့် ဦးရီးတော်၏ ကျန်းမာရေးပင်။ ဦးရီးတော်မှာက ဆီးချိုရောဂါအခံက ရှိနေတော့ ချူချာသည်။ သို့သော် ဦးသုန် ပြန်မကြွမီ အသက် ၂၅ နှစ် အရွယ် သံဃာနှစ်ပါး ကြွလာခိုက်ဖြစ်၍ ထိုသံဃာများ အမေရိကန်နိုင်ငံမှာ ပျော်ပါစေဟုသာ ဆုတောင်းရတော့၏။

ဘယ်လ်ဂျီယံမှ ဒကာနှင့်လည်း အွန်လိုင်းမှာတွေ့၏။ သူလည်း မြန်မာပြည်ကို ပြန်လာမည် ဖြစ်၍ ချိန်းဆိုထား၏။ ဂျာမနီမှ အွန်လိုင်းမိတ်ဆွေနှင့်လည်း Chat လုပ်ရာမှာ မြန်မာပြည်သို့ အပြီးပြန်လာတော့မည်ဟု သိရသည်။

အွန်လိုင်းမှာ နှစ်ရှည်လများ တွေ့ဆုံကျွမ်းဝင်ခဲ့သော ဓမ္မမိတ်ဆွေလေးဦး ယခု မြန်မာပြည်မှာ ဆုံတွေ့ဖို့ ရက်သိပ်မလိုတော့။ ဘယ်လ်ဂျီယံမှာ နေသူတစ်ဦးက ရန်ကုန်မြို့သားဖြစ်ပြီး ဂျာမနီမှ ပြန်လာမည့်သူက အညာသားဖြစ်သည်။ သို့သော် သူက မြောက်ဥက္ကလာတွင် အိမ်ရှိသည်ဆို၏။ နှစ်ယောက်စလုံးပင် ရဟန်းဝတ်ရန် အားသန်နေကြသောကြောင့် ဦးသုန် အံ့သြနေ၏။

ရွာကိုပြန်ရောက်တော့ ရွာကျောင်းမှာ ဦးကုသလ (ဦးသုန်ရဟန်း ဝတ်ပေးခဲ့သော အရက်သမား တစ်ဖြစ်လဲ ဒုလ္လဘရဟန်း) ကျောင်းမှာ မြဲနေသည်ကို တွေ့ရ၍ ဝမ်းသာသွား၏။ သို့သော် ရွာထဲမှ ဒကာများ လျှောက်ထားလာသည့် သတင်းကတော့ သိပ်မကောင်း။ မယားဟောင်းဖြစ်သူ မလုံးအိမ်ကို ဝင်ထွက်နေသည်ဟု သတင်းကြား ရ၏။ ဒကာများ လှူသည့်ငွေထဲမှ အိမ်တစ်ဆောင်ပင် ဆောက်ပေးပြီးပြီ ဖြစ်၏။ နောက်ပြီးအရင်က ပစ်ထားသည့် ယောက္ခမကလည်း သူဆောက်နေသော တိုးလိုးတန်းလန်းအိမ်အတွက် ပြီးစီးအောင် သမက်ဟောင်းဒုလ္လဘထံ အကူအညီတောင်းသဖြင့် ဦးကုသလက ကူညီနေသည်ဟု ကြားရပြန်၏။

ဦးသုန်က ဦးကုသလအား ပါရာဇိကအကြောင်း၊ ဝိနည်းအကြောင်းများ ရှင်းပြရ၏။ ရလာသည့် အလှူငွေများကိုလည်း ကိုယ်ရေးကိုယ်တာ မသုံးစွဲရန် သတိပေးတော့ ဦးကုသလက မျက်နှာပျက်ပြီး သိပ်မကျေနပ်လှ။ ဦးသုန် မရောက်လာခင်က သူလက်သူ့ခြေနေ နေရာမှ ဦးသုန်ပြန်ရောက်လာသောအခါ ဒကာဒကာမများကအစ သူ့ကို သိပ်အရေး မထားတော့ဟု သူထင်၏။ ဦးသုန်က တရားဟောကောင်းသော ကိုယ်တော်ဖြစ်ရာ သူလာမှ

ပရိသတ်လည်း စည်ကား အလှူငွေများကလည်း အလျှံပယ်ပင် ရ၏။ ဦးကုသလလည်း တဖြည်းဖြည်း ဘေးရောက်သွားပြီး လာဘ်ပိတ်လေပြီ၊ ဦးသုန်၏ ပြောစကားအရ အမေရိကန်နိုင်ငံမှာလည်း တော်တော်စုမိလာခဲ့ပြီ ဖြစ်ကြောင်း ဦးကုသလသိရသည်။ ရွာမှာလည်း ဝင်ငွေက ကောင်းလှသဖြင့် ဦးကုသလမှာ မနာလိုစိတ်နှင့် စိုးရိမ်စိတ်များ ရင်မှာပြည့်လာသည်။ ကျေးဇူးရှင်ဖြစ်သည့် ဦးသုန်အပေါ်တွင် မကောင်းကျိုးပေးမည့် စိတ်ရိုင်းဝင်နေသည်။

ပုထုဇဉ်တို့၏ သဘောမှာ မိမိပြုလုပ်မည့် အကုသိုလ်များကို တရားသည် မှန်သည်ဟု ထင်စမြဲဖြစ်၏။ ဦးကုသလ၏ အမြင်တွင် ဦးသုန်သည် လောဘကြီးလွန်း သည်ဟု ထင်နေသည်။ အမှန်က ဦးသုန်လောဘမရှိပါ။ ရွာကျောင်းတွင် ဓမ္မာရုံ ကောင်းကောင်းနှင့် သိမ်အနိုင်အခံ့ ဆောက်လုပ်ပြီးပါက ဦးကုသလကို စောင့်ကြည့်ပြီး သာသနာ့ဘောင်မှာ မြဲလျှင် လွှဲခဲ့မည်ဟု စိတ်ထဲက ရည်မှန်းထားခြင်း ဖြစ်သည်။ သူကိုယ်တိုင်ကတော့ ကျောက်ဆင်တောရမှာ ဆောက်လုပ်လှူဒါန်းပြီးဖြစ်သည့် ကမ္မဋ္ဌာန်းကျောင်းဆောင် လုံးချင်းတိုက်ကလေးမှာ သွားရောက် သီတင်းသုံးရင်း တခြားပရိဘောဂနှင့် သံယောဇဉ်တို့ကို ဖြတ်တောက်၍ တစ်မင်တစ်ဖိုလ်ရအောင် အားထုတ်တော့မည်ဟု ပိုင်းဖြတ်ထား၏။

သို့သော် ဦးသုန်၏ စိတ်ထဲရှိသည်ကို ဦးကုသလမသိ။ ဦးသုန်၏ မိတ်ဆွေ သံဃာများ လာရောက်လည်ပတ် သီတင်းသုံးလျှင်လည်း မနှစ်မြို့၊ တစ်ချိန်ချိန်မှာ ဦးသုန်က သူ့ကို ပထုတ်မည်ဟု သံသယဝင်နေ၏။

ဦးသုန်ကမူ ဦးကုသလ၏ ခံစားချက်များကို မရိပ်မိဘဲ မိတ္တီလာမြို့ပေါ်တက်၍ ဘဏ်မှာ အပ်ထားသော ငွေများ ထုတ်ယူရာတွင်လည်း ဦးကုသလနှင့်အတူ သွားပြီး ဘာကိုမှ ခြွင်းချန်ခြင်း မရှိသဖြင့် ဘဏ်မှာ ဘယ်ရွေ့ဘယ်မျှ အပ်နှံထားသည်ကိုလည်း ဦးကုသလ သိရ၏။

ဦးကုသလ၏ အခက်အခဲမှာ ယောဂီမဟောင်းက ဆောက်လက်စတိုက် အပြီးသတ်ချင်၍ ဝတ္ထုငွေစွန့်ရန် တကျည်ကျည် လုပ်နေခြင်းဖြစ်၏။ ဦးသုန် ရောက်ကာစကတော့ သူ့ကို ဝတ္ထုငွေ ၁၀ သိန်း စွန့်ဖူးသည်။ သို့သော် ကလေးနှစ်ယောက်နှင့် မယားဟောင်းကို တစ်ဝက်၊ ယောဂီမဟောင်းကို တစ်ဝက် ပေးလိုက်တော့ သူ့မှာ သုံးစရာပင်မရှိတော့ သူ့မှာ ဘာဝင်ငွေ (အလှူငွေ) မှလည်း မရှိတော့။

တစ်ည ဦးသုန်တစ်ပါးတည်း ကျောင်းမှာရှိနေစဉ် ခေါင်းစွပ်အနက်နှင့် မျက်လုံးနေရာပဲ ဖော်ထားသော လူဆိုးတစ်ယောက် ရောက်လာပြီး ဓားထုတ်ပြ၍ သိမ်းထားသော ငွေများထုတ်ပေးရန် ဓားပြတိုက်၏။ ပထမတော့ ဦးသုန် ကြောက်လန့်သွားပြီး ခဏအကြာမှာ အသံကို မှတ်မိသွားပြီး ဟက်ဟက်ပက်ပက် ရယ်တော့၏။

'ဦးကုသလရယ်၊ နောက်စရာရှားလို့ ကြဲကြဲဖန်ဖန် ဘယ်က ဘောင်းဘီအင်္ကျီတွေ ငှားပြီး လာနောက်နေတာလဲ၊ ကလေးကလား' ဟု ပြော၏။

ဦးကုသလလည်း အံ့သြသွားပြီး ချော်လဲရာ ဝင်ထိုင်လိုက်ရတော့၏။

'အရှင်ဘုရားရဲ့ သမာဓိအားကို စမ်းကြည့်တာပါဘုရား။ ရွာထဲမှာလည်း အရှင်ဘုရားက တော်တော် နာမည်ကြီးနေတာ မိုးရွာရင် သက်န်းရေမစိုတာတို့၊ အချိန်ကျွံပြီး ကြွလာတာတို့ပါဘုရား၊ တပည့်တော်ပါ သိချင်နေတာဘုရာ့' ဟု ပြန် လျှောက်၏။

ဦးသုန်က လေးလေးနက်နက် မိန့်၏။ 'ဦးကုသလရယ်၊ အဲဒါတွေက အပိုဆုတွေပါ မက်လောက်စရာ မရှိပါဘူး။ ဒီထက်မက ထူးဆန်းတာတွေပါ ကြုံရမှာပါ၊ မဂ္ဂင်ရှစ်ပါး လမ်းကြောင်းပေါ်မှာ ဝိပဿနာကိုသာ ဖွဲကောင်းကောင်းနဲ့ကျင့်၊ ယုံသည်ထက် ယုံစရာတွေ၊ အံ့ဩစရာတွေ တွေ့လာရလိမ့်မယ်၊ သာယာစရာတော့ မဟုတ်ဘူးနော်။ တပည့်တော် ဘာစားချင်တယ် ညာစားချင်တယ်လို့ သိပ်မရှိလှပါဘူး။ သို့သော် တစ်ခါတစ်ရံ ရှားရှားပါးပါး စားချင်စိတ်လေးများ အမှတ်သတိ ကပ်ထားတဲ့ကြားထဲက ပေါ်လာခဲ့ရင် တစ်ခဏ အတွင်းမှာပဲ စားချင်တဲ့ အစာကို လာလှူတာနဲ့ ကြုံရတော့တာပဲ၊ ဒါပေမဲ့ တပည့်တော်က စားချင်နေတုန်းမှာ လာလှူတဲ့ အရာတွေကို ရန်သူကနေ မိတ်ဆွေဖြစ်အောင် လုပ်လိုက်တယ်။ ဘာလို့လဲဆိုတော့ ချက်ချင်း တခြားသံဃာတစ်ပါးပါးကို ပြန်လှူလိုက်တာပါပဲ။ သတိကပ်ထားတဲ့ အကျိုးပေါ့ဘုရား။ အခုလည်း အရှင်ဘုရားက ရပ်ဖျက်ပြီး စမ်းတော့ ပထမ တပည့်တော် ပုထုဇဉ်ပီပီ လန့်သွားတာပေါ့၊ ဒါပေမဲ့ သတိကပ်ပြီးမှတ်လိုက်တော့ စိတ်က တည်ငြိမ်ပြီး အရှင်ဘုရားရဲ့အသံကို မှတ်မိသွားတာပါ၊ ကဲ. . . ကဲ အရှင်ဘုရား သင်္ကန်း ပြန်လဲပြီး ရုံပါဘုရား၊ ဒီလူဝတ်ကြောင် အဝတ်အစားများဟာ လူကို နိမ့်ကျယုတ်လျော့စေပါတယ် ဘုရား'

ဦးကုသလက အကြံမအောင်သဖြင့် စိတ်ပျက်လက်ပျက်ဖြင့် သူ့အိပ်ခန်းသို့ ပြန်ကြွသွားပြီး သင်္ကန်းပြန်ရုံရင်း စဉ်းစားခန်း ဝင်နေ၏။ ဦးသုန်သည် သူ့ကျေးဇူးရှင်ဖြစ်ပြီး သူ့အပေါ်တွင် ဆွေမျိုးညီအစ်ကိုထက်ပင် ကောင်းခဲ့၏။ သေတွင်းမှလည်း ဆေးကုသပေးပြီး ကယ်တင်ခဲ့သူဖြစ်၏။ ဦးသုန်ကို သူ့အတွက်ကြောင့် စိတ်မညစ် စေချင်တာတော့ အမှန်ပင်ဖြစ်၏။ သို့သော် တစ်ဖက်မှလည်း နားပူနေ၍ သူ၏ ပါဝါကို ပြသသည့် အနေဖြင့် ငွေပေးချင်နေမိ၏။

ဦးသုန်ကို အမှန်အတိုင်း ဖွင့်ပြောပြလျှင်လည်း အဆင်ပြေမှာ မဟုတ်။ ဦးသုန်က ဒကာများ လှူဒါန်းသည့် ငွေကို သာသနာနှင့် မဆိုင်သော ကိုယ်ရေးကိုယ်တာ ကိစ္စများအတွက် သုံးခြင်းကို လက်ခံမည့်ပုဂ္ဂိုလ်မဟုတ်။ ဦးသုန် ကိုယ်တိုင်လည်း ဤကိစ္စမျိုးကို ရှောင်သည်။

သို့သော် ဦးသုန်၏ မိဘဆွေမျိုးများက စားနိုင်သောက်နိုင် လှူနိုင်တန်းနိုင်သူများဖြစ်ပြီး သူ့ဆွေမျိုးများကတော့ ဖွတ်ကျောပြာစု ဖြစ်နေသည်။ သူ့မယားဟောင်းနှင့် ယောက္ခမဟောင်းတို့ကို သည်တစ်ချီတော့ ထိထိရောက်ရောက် ချီးမြှင့်ချင်သည်။ဦးသုန်သာ အမေရိကန်နိုင်ငံက အခုလို ပြုန်းစားကြီး ပြန်ကြွမလာခဲ့လျှင် ရွာက အလှူငွေလေးတွေနှင့် ဖြည်းဖြည်းချင်း ပေးသွားနိုင်သေးသည်။ ယခုတော့သူ့မှာ ထွက်ပေါက်က မရှိ။ ဦးသုန်ထံမှ ရရင်ရ၊ မရလျှင် ဘယ်ကမှ လမ်းစမမြင်။

ခုလောလောဆယ်တော့ မပြောသင့်သေးဟု ထင်၏။ နည်းနည်းကြာမှ ဦးသုန်ဆီမှ မရရအောင်ပြောပြီး အကူအညီတောင်းကြည့်ရန် အားတင်းထားရင်း တစ်ညတာ အိပ်စက်အနားယူရန် အိပ်ရာဝင်လိုက်၏။ သည်ညတော့ ဘုရားဝတ်တက်ဖို့ပင် ဦးကုသလ မေ့လျော့၍ သွား၏။

အခန်း (၄၃)

## တရားမရသေးခင်ပုထုဇဉ်ဘဲ

ဦးကုသလအနေဖြင့် ဒုလ္လဘအဖြစ်သာရှိနေပြီးလျှင် သံဃာမှတ်ပုံတင်ကတ်ပြား မရနိုင်သေးပါ။ ဝါနည်းသေးသဖြင့် လည်းကောင်း၊ ကိုယ်တိုင်ကလည်း စိတ်ပိုင်းဖြတ်နိုင်ခြင်း မရှိသေးသောကြောင့်လည်း မလျှောက်ရဲသေးပါ။ အရက်သမားဘဝတုန်းက နှင်ချည်းချနေသော မိန်းမနှင့် ယောက္ခမတို့က ယခုတော့ သူ့အပေါ်တွင် အဖိုးတန်အဖြစ်နှင့် ရှုမြင်နေကြလေပြီ။ လူထွက်စေချင်သော အရိပ်အမြွက်စကားတို့ပင် ပြောကြ၏။ သူ့ယောက္ခမဆိုလျှင် သူကြွသွားတိုင်း ပျာပျာသလဲ ရှိရှိသေသေဆက်ဆံကြ၏။

သူ့ဇနီးဟောင်းကတော့ သူကြွသွားလျှင် ရေချိုးသနပ်ခါးလိမ်းပြီး ပန်းများပင် ပန်ထားတတ်၏။ ဆံပင်နှင့် ထိအောင်တစ်မျိုး၊ လက်ချင်းထိအောင်တစ်မျိုး၊ လည်ဟိုက်အင်္ကျီ ဝတ်ပြီး ကန်တော့တာမျိုး၊ ဆွမ်းလောင်းတာမျိုး လုပ်တတ်၏။ နောက်ပြီး အကြည့်တွေကလည်း ပြီတီတီနိုင်လှ၏။

လူဆိုသည်မှာ ထမင်းဝ ဗိုက်ပြည့်လျှင် စိတ်ပါပြောင်းလဲသွားတတ်၏။ ဦးကုသလ စိတ်တွေက ကယောင်ကယင် ဖြစ်နေ၏။ ဦးသုန်ကိုလည်း ကျေးဇူးတင်မိ၏။ ဦးသုန်သာ သူ့ကို ဝိနည်းတွေ သင်ကြားမထားလျှင် မ၏ဆွဲဆောင်ရာနောက်သို့ ပါသွားမည်မှာ သေချာပေါက်။ သူက ဝိနည်းကြောင့်ရှောင်လေ တစ်ဖက်က ကဲတက်လာလေဖြစ်၏။ စုမိဆောင်းမိလျှင် လူထွက်ခဲ့ပါ၊ သူလုပ်ကျွေးပါ့မည်ဟု ဇနီးဟောင်းက ဖွင့်ပြောပြီး နားပူနားဆာ လုပ်လေ့ရှိ၏။ ယောက္ခမကလည်း သူတို့ တိုက်ကလေးသာ ဆက်ဆောက်ဖြစ်အောင် ကူညီပါ လူထွက်လျှင် လာနေကြဟု မခေါ်စဖူး ခေါ်နေကြ၏။

သူ့ဇနီးဟောင်းကဆိုလျှင် သူမရှိခိုက် ယောကျ်ားသားများက ချဉ်းကပ်ကြပုံ၊ သူ့ဘက်က ဘယ်လိုထိန်းသိမ်းပြီး သူ့အပေါ် သစ္စာရှိမြဲရှိပုံ။ ဘယ်ယောကျ်ားကတော့ ဘယ်လိုကမ်းလှမ်းနေကြောင်း သူက ဦးပဉ္စင်း လူထွက်လာမည့်အချိန်ကို စောင့်နေကြောင်း ပြောပြီး ငြင်းလွှတ်ပုံ၊ စသည့်တို့ကို စီကာပတ်ကုံး စိတ်စနိုးစနောင့်ဖြစ်အောင် မာယာတို့၊ ကြာတို့ကို သုံးလျက် ရှင်းပြတတ်၏။ ကလေးတွေကိုလည်း သင်ထားပြီး 'ဖေဖေဘုန်းဘုန်း' ဟု အခေါ်ခိုင်း၏။ မုန့်ဖိုးအတောင်းခိုင်းလို တောင်းခိုင်း အရင်တစ်ချိန်က အရက်သမား ယောကျ်ားကို သေကောင်ပေါင်းလဲ ပစ်ထားသည့် မိန်းမမှ ဟုတ်ပါလေစဟု အောက်မေ့ရသည်။

ဇနီးဟောင်း၏ အိမ်ကိုသွားလျှင် ရွာထဲမှ အကြည်ညိုလျော့သည်ကို သတိတော့ထားမိသည်။ တချို့ကဆိုလျှင် မကြားတကြား၊ တစ်ချို့က ပေါ်ပေါ်ထင်ထင် နောက်ပြောင်ကြ၏။

'ဦးပဋ္ဌင်း ပါရာမီက ကျနေဦးမယ်နော်'

'ဦးပဋ္ဌင်း ကလေးသွား ထိန်းတာလား'

'အရင်က လူဝတ်ကြောင်နဲ့တုန်းက ကဲခဲ့တာတွေ သတိမရဘူးလား'

စသည်ဖြင့် နောက်ပြောင်ကြ၍ မသွားဘဲနေရန် စိတ်ကူးသော်လည်း ခြေထောက်က ရောက်ရောက်သွား၏။ ကိုယ့်ကိုယ်ကိုယ်လည်း မလုံမလဲ ဖြစ်မိ၏။ ဖနီးဟောင်းကလည်း တစ်ခေါက်ထက် တစ်ခေါက် သူရောက်သွားတိုင်း အရိုအသေလျော့၏။ သူတို့အပေါ် သံယောဇဉ် မကုန်နိုင်၍ ရောက်ရောက်လာသည်ဟု ထင်နေပုံရ၏။ သူကလည်း အစက ဘာရယ်လို့ မဟုတ်သော်လည်း နောက်ပိုင်း ကိုယ့်စိတ်ကိုယ် သံသယဖြစ်မိ၏။

တဖြည်းဖြည်း ဖနီးဟောင်း၏ စကားများက လွန်လာသည်။

'ဦးပဋ္ဌင်းနော်၊ ဦးပဋ္ဌင်းနားကို ဟိုလူကြည်တို့ လုရိတို့ ညီအစ်မက အမြဲကပ်နေတယ်လို့ ကြားတယ်၊ အဲဒါ ဟုတ်လား။ ကျုပ်နဲ့တော့ အဲဒီကောင်မတွေ ဘယ်နေ့ တွေ့မလဲမသိဘူး။ ဦးပဋ္ဌင်းလည်း ကြပ်ကြပ် သတိထားနော်၊ ကျုပ်အရှက်ကို မခွဲပါနဲ့'

သို့ဖြင့် လောလောဆယ် ရက်များတွင် ဖနီးဟောင်းအိမ်နှင့် ယောက္ခမဟောင်းအိမ်ကို ဦးကုသလမသွားဘဲ နေလိုသည်။ ဦးသုန်ထံမှ ဝတ္ထုငွေတောင်းရမည်ဖြစ်ရာ ဦးသုန် သဘောကျအောင်နေသည့် သဘောလည်း ဖြစ်သည်။

သည်တစ်ကြိမ် ဦးသုန်ထံမှ အကူအညီယူပြီးလျှင်တော့ ရဟန်းဘောင်မှာ ဆက်၍ နေလျှင်လည်း ကောင်းကောင်းနေမည်၊ မနေနိုင်လည်း ထွက်မည်ဟု ဆုံးဖြတ်ထားသည်။ ဦးသုန်ကိုတော့ ဒုက္ခထပ်မပေးချင်တော့။

ခုတလော ဦးသုန်ကျောက်ဆင်တောရသို့ မကြာခဏသွားနေသည်။ ယိုးဒယား (ထိုင်း) မှာ ဆရာဝန်အဖြစ် လုပ်ကိုင်ရင်း အတူနေသူငယ်ချင်း ဆိုင်ကယ်မတော်တဆဖြစ်ပြီး သေဆုံးသွားရာမှ သံဝေဂရ၍ ရဟန်းဝတ်လာသော ဦးပညာ (အခြားသံဃာများက အလွယ်တကူ ဦးယိုးဟု ခေါ်ကြသည်) ထံ သွားရောက်၍ စကားစမြည် ပြောဆိုလေ့ရှိ၏။

ဦးသုန် ပြောပြသည်များကို နားထောင်ပြီး ဦးယိုး အံ့အားသင့်သွား၏။ အွန်လိုင်းမှာ chat လုပ်ပြီး တရားဓမ္မ ဆွေးနွေးနေကျ သူတို့လေးဦးအနက် ယခုကျောက်ဆင်တောရမှာ တစ်ပါး၊ မလှမ်းမကမ်းက လေးမျက်နှာရွာမှာ တစ်ပါး ရဟန်းဘောင်တက်နှင့်ပြီး ဖြစ်နေလေပြီ။ ယခုလည်း ကျန်နှစ်ဦးဖြစ်သည့် ဘယ်လ်ဂျီယံနှင့် ဂျာမနီမှ ဓမ္မမိတ်ဆွေ နှစ်ဦးသည်လည်း မကြာမီ မြန်မာပြည်ကို ရှေ့ဆင့်နောက်ဆင့် ရောက်လာပြီး သာသနာ့ဘောင် ဝင်ကြမည်ဟု ဦးသုန်က လာပြောပြပြီးလျှင် သူ့ Tablet မှာ ပေးပို့ထားသော မေးလ်များပင် ပြလိုက်သေးသည်။

ကျောက်ဆင်တောရကို ရောက်မှ ဗုဒ္ဓဘာသာနှင့် ပတ်သက်သော ဗဟုသုတများစွာကို ဦးယိုးသိရှိခွင့်ရ၏။

ဦးသုန် ပြောပြချက်များနှင့် အခြားကိုယ်တော်များ ပြောပြချက်အရ လက်ရှိ သာသနာ၌ လူမသိ သူမသိ၊ မီးကုန်ယမ်းကုန် အစစ်အမှန်တရားအားထုတ်နေသော သံဃာတော်တွေ အမြောက်အမြားရှိနေသည်။

ဗောဓိဉာဏ်ကို လှမ်းကိုင်နိုင်ရန် ကြိုးစားရည်သန်သည့် သံဃာတော်များကို လူတို့ သိနိုင်ဖို့ မလွယ်။ အဘယ်ကြောင့်ဆိုသော် အာဇာနည် ဘာသာသွေးများ ဖြစ်ကြသည့် ယင်းသံဃာတော်များသည် အားလုံးကို စွန့်လွှတ်ခဲ့ပြီးဖြစ်သောကြောင့်ပင်။ အားလုံးကို စွန့်လွှတ်သည်ဆိုရာ၌ ထင်ပေါ်ကျော်ကြားမှုကိုလည်းပါ၏။ ဝိနည်းနှင့် နေထိုင်ပြီး တရား အားထုတ်ကြောင်း သိလျှင်ဖြစ်စေ၊ ဓုတင်ကျင့်ကြံပြီး သုသာန်မှာ နေလေ့ရှိကြောင်း သိလျှင် ဖြစ်စေ၊ ချိုနွယ်ပိတ်ပေါင်းနှင့် ဂူအောင်းသည့်အကြောင်း သိလျှင်ဖြစ်စေ၊ များသောအားဖြင့် လူတို့အနေဖြင့် အကြည်ညို လွန်ကဲတတ်ကြ၏။ အုတ်အော်သောင်းတင်း ဖြစ်ကြ၏။ ထိုသို့ ကြုံရပြီဆိုလျှင် အစစ်အမှန် ပုဂ္ဂိုလ်တို့သည် ရှောင်ပြေးကြသည်ချည်းပင်။

ဒကာတို့၏ ကြည်ညိုမှုနှင့် လာဘ်လာဘတွင် သာယာသွားသော ပုဂ္ဂိုလ်များမှာမူ ရုန်းမထွက်နိုင်ဘဲ မူလရည်မှန်းချက် ပျက်ပြယ်သွားစမြဲ ဖြစ်၏။ များသောအားဖြင့်တော့ ရုန်းထွက်နိုင်သူများပါသည်။ အဘယ်ကြောင့်ဆိုသော် တချို့ အာဇာနည်ပုဂ္ဂိုလ်များမှာ ဒီထက်မကသော မိမိတို့၏ စာသင်တိုက်ကြီးများ ခမ်းနားထည်ဝါသော ကျောင်းများနှင့် ဖိမ်ခံကားများကိုပင် စွန့်လွှတ်ခဲ့ပြီး ဖြစ်သောကြောင့်ပင်။

တောင်ပုလု ဆရာတော်ကြီးနှင့် ပခုက္ကူ ဆရာတော်ကြီး၏ တပည့်များထဲမှလည်း အာဇာနည်များ ထွက်ခဲ့ပါသည်။ သူများတွေ အိပ်နေချိန်မှာလည်း အပင်ပန်းခံ ရှုမှတ် ကျင့်ကြံခဲ့သူတွေ ရှိပါသည်။ မြွေမကြောက် ကင်းမကြောက် အဆိပ်သတ္တဝါများနှင့်ပင် ယှဉ်ပါး လောက်အောင် နေနိုင်သည့် တောပျော်ကြီးများလည်း ရှိခဲ့ပါသည်။

တချို့ ဝိနည်းကျိုးပေါက်လျှင် မဂ်တား ဖိုလ်တားဖြစ်မှာ စိုးရိမ်ပြီး ကျောင်းထိုင်ဘဝမှ ကိုရင်အဖြစ် အဆင့်နိမ့်ကာ တောင်ပေါ်တက်၍ တစ်ပါးတည်း ကျင့်ကြံ အားထုတ်သူတွေ လည်း ရှိပါသည်။

တချို့ အမေရိကန်လို ဖိမ်ခံပစ္စည်းနှင့် ကာမဂုဏ်အာရုံ ထူပြောလှသော နိုင်ငံကို စွန့်ပစ်၍ ဆင်းရဲသည့် မြန်မာပြည်လို နိုင်ငံမှာလာပြီး အားထုတ်တာ ရှိပါသည်။ နေတော့ လည်း တောထဲတောင်ထဲ ဂူထဲမှာနေသည်။ ဖိနပ်တောင် မစီး၊ ထီးမဆောင်း၊ သင်္ကန်းသုံးထည်နဲ့ ပျော်မွေ့နေသည်။

မဟာဗောဓိမြိုင် ဆရာတော်ကြီးဆိုရင်လည်း လူစည်ကားလွန်းလို့ စွန့်ပစ်ခဲ့တဲ့ ကျောင်း နေရာတွေ အလွန်များနေပြီ။

ဦးယိုးက ဒီလို ဆရာတော်များထံပါးမှာ တပည့်ခံ နည်းနာယူပြီးနောက် ပြန်မဆုတ်တမ်း ကျားကုတ်ကျားခဲ ကြိုးပမ်းသွားရန် အားတက်သရောဖြင့် ဦးသုန်ကို အဖော်ညှိ၏။ ဦးသုန်

ကလည်း အားတက်သရော ထောက်ခံ၏။ သူတို့ နှစ်ပါးစလုံး တစ်ပြိုင်နက်တည်း အသံထွက်သွား၏။

'ဒါဆို ဟိုနှစ်ယောက်ကော၊ အာဇာနည် ဘာသာသွေး ဆရာသမားတွေ ရှာဖို့ လိုက်ချင်ပါ့မလား'

သူတို့နှစ်ပါးစလုံး ပြိုင်တူခေါင်းညိတ်မိ၏။ နွတ်ကလည်း ပြောလိုက်ကြသေးသည်။

'ဒီလောက် အားသန်နေတဲ့ သူတွေ လိုက်မှာ သေချာပါတယ်လေ'။

အခန်း (၄၄)

## အမေ့ရဲ့သားလေး ပြန်လာပြီ

ဘိုဘိုတစ်ယောက် မင်္ဂလာဒုံ လေဆိပ်မှ ထွက်လာသည်နှင့် မြင်ရတွေ့ရသမျှ ဘယ်လိုဂျီယံနှင့် ကွာခြားနေခြင်းကြောင့် စိတ်ထဲတွင် အူကြောင်ကြောင် ဖြစ်နေသည်။ လမ်းတွေ အဆောက်အအုံတွေ၊ ယာဉ်ရထားတွေအပြင် လူတွေပါ မတူကြ။ စည်းကမ်းလိုက်နာပုံလည်း မတူကြ။

ဘိုဘိုက တက္ကစီပေါ်မှနေ၍ ကောင်းကောင်းဆိုးဆိုး အမြဲတမ်းတနေရသော အမေရှိသော အမိမြေ။ အမေနှင့် တွေ့ရတော့မည်။ သည်လိုတွေးမိတော့ 'ရွှေမှုန်' ကိုပင် ကျေးဇူးတင်မိသည်။ ရွှေမှုန်နှင့်သာ အိမ်ထောင်မြဲနေခဲ့လျှင် အခုလို အမေနှင့် တွေ့ရဦးမည် မဟုတ်ပါ။

ဘိုဘိုက ၁၀ နှစ်လောက် အလုပ်လုပ်ခဲ့ရာတွင် သုံးဖြုန်းခြင်း မရှိဘဲ အမေ့ထံကို တစ်လလျှင် အနည်းဆုံး ၁၀ သိန်း မှန်မှန်ပို့ခဲ့သည်။ အမေကလည်း လှူစရာ တန်းစရာမှ လွဲ၍ ထွေထွေထူးထူး သုံးခဲ့သည်မရှိ။ ဘိုဘိုက အိတ်တွေချပြီးသည်နှင့် အမေ့ရှေ့မှာ အားပါတရ ထိုင်ကန်တော့၏။ နောက်ပြီး အမေ့မျက်နှာကို အားပါးတရ မော့ကြည့်၏။

အမေ အသက်ကြီးလေပြီ။ အရေးအကြောင်းတို့ပင် ထင်နေလေပြီ။ သို့သော် အမေ၏ ဝမ်းနည်းဝမ်းသာအပြုံးက ကြည်လင်တောက်ပနေသည်။ ဝမ်းနည်းဝမ်းသာ ဖြစ်ရခြင်း အကြောင်းရင်းက ဘိုဘိုက ပြန်မလာမီကပင် အခြေအနေ အမှန်အတိုင်း ဖုန်းဖြင့် ရှင်းပြထား၍ ချစ်ကံဆိုးသောသားငယ်ကို ကြည့်ရင်း စိတ်မကောင်းဖြစ်နေပုံရသည်။

ဘိုဘိုက သူသာသနာဘောင် တက်မည့်အကြောင်း ခွင့်တောင်းတော့ အမေက 'ငါ့သားရယ် ကောင်းရာမွန်ရာ လုပ်တာပဲ အမေမတားပါဘူး၊ ဘုရားသားတော်ဆိုတော့ မြင့်မြတ်တာပေါ့၊ ပျော်သလောက်သာဝတ်၊ အမေက ရဟန်းဒကာမ လုပ်မယ်၊ မပျော်တဲ့ တစ်နေ့ ပြန်ထွက်လာပေါ့၊ ဒါပေမဲ့ နင့်ဘကြီးဘုန်းကြီးဆီမှာပဲ သွားဝတ်၊ အမေပါ လိုက်ခဲ့မယ်'

ဘကြီးဘုန်းကြီးက 'ဗားဂရာ' ကျောင်းနားရှိ ကျောင်းတိုက်တစ်တိုက်၏ ကျောင်းထိုင်ဖြစ်၏။ အမေ့ဦးလေးအရင်းဖြစ်သည်။ ဘိုဘိုတို့ ငယ်စဉ်ကလေးဘဝကတည်းက ဆိုဆုံးမခဲ့သော ဘကြီးဘုန်းကြီးဖြစ်သည်။ ရေးဆန်ပြီး သဘောဖြောင့်သည်။ အသားဖြူဖြူ ဦးပြည်စိမ်းစိမ်းနှင့် အလွန်ခန့်ညားပြီး ဘိုဘိုတို့က ချစ်ကြောက်ရိုသေရသည်။ ဘကြီးဘုန်းကြီးကလည်း ဘိုဘိုကို လိမ္မာယဉ်ကျေးကြောင်း အမြဲချီးကျူးပြီး သံယောဇဉ်ရှိသည်။

တစ်ပတ်လောက် နားပြီးသည်နှင့် ဘိုဘိုလောသောကြောင့် သားအမိ နှစ်ယောက် ဘကြီးဘုန်းကြီးကျောင်းကို သွားကြပြီး ရဟန်းခံပွဲ လုပ်ကြသည်။ ရင်းနှီးသူနှင့် ဆွေမျိုးများသာ အကျဉ်းရုံး ဖိတ်ကြားပြီး အခြား ဒုလ္လဘသုံးပါးနှင့်အတူ သိမ်ဝင်ကြသည်။ သိမ်က အထွက်တွင် ဘကြီးဘုန်းကြီးက ဒုလ္လဘများအား ဝတ္ထုငွေ လှူခြင်းခွင့်မပြု၊ သားငါးပါသော ဥပမာ–ငါးသေတ္တာဘူးမျိုးကို ခွင့်မပြု။

ကျောင်းတိုက်အပေါ်ထပ်တွင် ဦးပဥ္စင်းဘိုဘိုကို ခုတင်ရှိသော အခန်းတစ်ခန်း၌ နေရာပေး၏။ ဘိုဘိုမှာ ရွှေမှုန်၏ အဖြစ်ကိုကြည့်ပြီး သံသရာဝဋ်ဆင်းရဲကို ကြောက်လန့်၍ သာသနာ့ဘောင် တက်လာခြင်းသာဖြစ်ပြီး ဘုန်းကြီးဘဝမှာ အဆင်မပြေမှာကိုလည်း စိုးရိမ်ပူပန်နေ၏။ အမေကတော့ ညနေစောင်းမှ ပြန်ရှာ၏။ သားရဟန်း အဆင်မပြေမှာကို မိခင်စိတ်ဖြင့် ပူပန်နေရှာသည်။ ဘကြီးဘုန်းကြီးက ဟောက်လိုက်မှ စိတ်အေးချမ်းပြီး ငြိမ်သွားသည်။

'အောင်မယ်၊ မီးပုံထဲက လူဝတ်ကြောင်တွေကများ ငါတို့ ရဟန်းတွေအတွက် ပူတယ် ရှိရသေးတယ်၊ ကိုယ့်အတွက်သာ ပူစမ်းပါ 'ဘို' တစ်ယောက် ဒီနေ့က စပြီး ငြိမ်းအေးသွားပြီမှတ်' ဟု မိန့်၏။

အမေက နေ့တိုင်း ဆွမ်းချိုင့်လာပို့နေသဖြင့် ဘကြီးဘုန်းကြီးမှတစ်ဆင့် ဦးပဥ္စင်းဘိုဘိုက လာမပို့ရန် တားရသေးသည်။ ချက်ရပြုတ်ရ လာပို့ရနှင့် အမေအို အလုပ်များပြီး ပင်ပန်းမည်ကို ဦးပဥ္စင်းဘိုဘိုခေါ် ဦးမောဝီ စိုးရိမ်နေသည်။ ဘကြီးဘုန်းကြီးက 'မင်းအသာနေ ငါကြည့်ပြောလိုက်မယ်'ဟု အာမခံပြီး ဦးပဥ္စင်းဘိုဘိုမိခင်ကြီး လာသောအခါတွင် ဆွမ်းမပို့ရန် ချော့မော့ဖျောင်းဖျရ၏။

'ဒကာမကြီး၊ ဘိုကို သူ့ဘုန်း သူ့ကံ သူ့သီလနဲ့ စားပါစေ၊ ဒကာမကြီးက နေ့တိုင်း ဆွမ်းလာပို့နေတော့ ပေါ့ပေါ့နေ ပေါ့ပေါ့စားဖြစ်မှာ မကြောက်ဘူးလား၊ ဂျုပ်လည်း ဒီတိုင်း ဆွမ်းမခံဘဲ ကျွေးထားနိုင်တာပေါ့၊ ဒါပေမဲ့ သူက ဆွမ်းခံစားမယ်တဲ့ဗျာ၊ ဒီမယ် ဒကာမကြီး ကျုပ်တို့ ရဟန်းတွေ ဒီသာသနာ တည်နေသရွေ့ ဆွမ်းမရှားပါဘူးဗျ။ ဘာက ကျွေးထားတယ် ထင်တုံး၊ မြတ်စွာဘုရားရဲ့ ဝိနည်းတော်က ကျွေးထားတာမှ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးစလုံး မချို့တဲ့ပါဘူး၊ ဝိနည်းနဲ့နေရင် နေသလောက် ပေါ်များတယ်ဗျား၊ မယုံမရှိနဲ့'

ဘကြီးဘုန်းကြီးပြောမှ ဦးပဥ္စင်းဘိုဘို၏ မိခင်ကြီး ချုံးပွဲချ ငိုရှာလေတော့၏။ နှုတ်မှလည်း တတွတ်တွတ်။

'မအေအိုကို လုပ်ကျွေးနေတဲ့ သားလိမ္မာလေးမို့ပါဘုရား၊ အိမ်ထောင်ရေး ကံကလည်း ဆိုးရှာတယ်ဘုရား၊ တပည့်တော် တစ်ပတ်ကို တစ်ခါလောက်တော့ ပို့ပါရစေဘုရား'

ဘကြီးဘုန်းက 'ဟဲ့ ခေါင်းဘက်ကကြည့်တော့ ပန်းကို ဘယ်တော့မှ မမြင်ဘူး၊ ပန်းဘက်က ကြည့်တော့လည်း ခေါင်းကို ဘယ်တော့မှ မမြင်ဘူး။ မှတ်ထား အိမ်ထောင်ရေး

ကံဆိုးတယ်ဆိုတာ ဘာသာရေးကံကောင်းဖို့လို့မှတ်၊ အခုဒီကောင် ဒီမိန်းကလေးကို ကြောက်သွားတယ်ဆိုရင် တစ်ခြား မိန်းကလေးကျတော့ ကြောက်ချင်မှကြောက်မှာ၊ တစ်ခါတည်း သံသရာနဲ့ ဝဋ်ကြွေးကို ကြောက်သွားတော့ ကိစ္စပြတ်တာပဲ၊ ဘာမှ ကြည့်မှာ မဟုတ်တော့ဘူး ဒီကောင်၊ ကဲ. . . ကဲ တစ်ပတ်တစ်ခါလောက်တော့ ဆွမ်းပို့ချင် လာပို့ပေါ့၊ ဒါပေမဲ့ ဆွမ်းပို့တဲ့နေ့ ဥပုသ်ပါ စောင့်ရမယ်နော် ကြားလား'

ဘိုဘိုလည်း အမေအတွက် စိတ်အေးသွားပြီး တရားဖြောင့်ဖြောင့် ထိုင်ခြင်း၊ ဝိနည်းကို သင်ယူလေ့လာခြင်းများ လုပ်နိုင်ပြီ ဖြစ်၏။

ရန်ကုန်မှာ ဆွမ်းခံရတာ သိပ်တော့ မလွယ်လှ ကျောင်းရှိ သံဃာသုံးပါးနှင့် အတူ လိုက်ပါသွား၍သာ သူဆွမ်းအဆင်ပြေခြင်းဖြစ်၏။ သို့မဟုတ်ဘဲ တစ်ပါးတည်း လှည့်ပြီး ဆွမ်းခံလို့ကတော့ မွန်းတည့်ချိန်ထိ ဆွမ်းလုံလောက်အောင် ရပါ့မလား ထင်ရသည်။

ကျောင်းနေသံဃာများကလည်း ဦးပဋ္ဌင်းဘိုဘို (ဦးမောဝီ) ကို သင်္ကန်းရုံနည်း၊ လက်ကန်တော့ထိုးနည်း၊ ဆွမ်းခံဆွမ်းစား၊ သပိတ်ဆေးမှအစ ကုဋီသုံးပုံ၊ ဝတ်ကြီးဝတ်ငယ် ဖြည့်ရပုံကအစ အသေးစိတ် သင်ပြပေးကြ၏။ ကုဋီသွားလျှင် ရေစင်အောင် ဆေး၍ ရေခွက်မှောက်ခဲ့ရပုံမှအစ ပါဠိတော်များမှ ရေခွက်မမှောက်ခဲ့၍ သံဃာများ စိတ်ဝမ်းကွဲ (ဂိုဏ်းကွဲ) ကြပုံများပါ ရှင်းပြကြ၏။

ရန်ကုန်မှ ဗုဒ္ဓဘာသာ အိမ်များလည်း နိုင်ငံခြား ဆန်လာပြီဖြစ်သည်။ လောင်းနေကျ သံဃာများ မဟုတ်ခဲ့လျှင် ထွက်လောင်းသူရှားသည်။ အာရုံဆွမ်းလည်း စီတန်း၍ ခံပါမှ တစ်ပါးတည်းကြွလျှင် ဆွမ်းရဖို့မလွယ်။ ဘကြီးဘုန်းကျောင်းကတော့ ဆွမ်းသင်္ကန်း ပေါများပါသည်။ ဘကြီးဘုန်းက အလွန်ကြည်ညိုဖွယ်ကောင်းသော ရှေးဆန်သည့် ဘုန်းကြီး တစ်ပါး ဖြစ်သည့်ပြင် ဥပဓိရုပ်ကလည်း အလွန်ခန့်ညားး၍လား မသိပါ။ ဒကာတွေ စည်းကားလျက် အလှူလာလုပ်သူများ မင်္ဂလာဆွမ်းကျွေးသူများလည်း မပြတ်။

အာရုံဆွမ်းအတွက် ဆွမ်းလိုက် မခံလိုလျှင်လည်းရသည်။ ကျောင်းမှ ကပ္ပိယများက နေ့ဆွမ်းနှင့် နေ့ဆွမ်းဟင်းများကို မိမိတို့ဘာသာ စီမံခန့်ခွဲလျက် ကပ်သင့်တာကပ်၊ သိမ်းသင့်တာ သိမ်းထား၏။ မနက် အရုဏ်မတက်မီ ဟင်းများကို ရောစပ်၍ ချက်လိုက်ပြီး ဟင်းပေါင်းဟုခေါ်ကာ အရုဏ်ဆွမ်းအဖြစ် ကပ်လှူ၏။ ဤနေရာ၌ ဟင်းပေါင်းလုပ်ရ သည်မှာ ပညာပါသည်။ ရောစပ်သင့်သည့် ဟင်းများကို ရောစပ်၍ အပေါ်အင် ထပ်မြည်းစမ်း ပြီး အရသာကိုထပ်၍ စပ်ရသည်။ မရောသင့်သော အကြော်အလှော်အသုတ် စသည် များကိုတော့ သီးခြားထားပြီး ကပ်သည်။

ဦးပဋ္ဌင်းဘိုဘို (ဦးမောဝီ) သည် အစကတော့ ဟင်းပေါင်းကို ဘုဉ်းပေးရာမှာ ရွံနေမိသည်။ အနည်းငယ် မြည်းကြည့်တော့မှ လျှာလည်သွားပြီး စီစဉ်သူ ကပ္ပိယများကို ချီးကျူးမိသည်။

ထို့နောက်တော့ အခြား ကိုယ်တော်များနည်းတူပင် ဟင်းပေါင်းနှင့် အရက်ဆွမ်းကို အားပါးတရ ဘုဉ်းပေးဖြစ်တော့သည်။ ဦးပဍ္ဍင်းဘိုဘို (ဦးမောဝီ) မှာ စိုးရိမ်တတ်သည့် အလျောက် သူ့အိပ်ယာအနီးတွင် တိုင်းရင်းဆေးပေါင်းစုံ၊ နိုင်ငံခြားဆေးပေါင်းစုံ၊ ဆာလျှင် ဘုဉ်းပေးရန် စတုမဓုပုလင်းများ၊ ဖျော်ရည်ဗူးများ စုံလင်လှသည်။

ရန်ကုန်ကျောင်းများမှာကား အထိုက်အလျောက် မတင်းကြပ်သည့်အတွက် အင်္ဂလိပ်စာအုပ်၊ မြန်မာစာအုပ်၊ ဂျာနယ်မဂ္ဂဇင်းစသည်ဖြင့် အိပ်ယာဘေးတွင် အထပ်လိုက် တွေ့နိုင်မည် ဖြစ်သည်။

ဦးပဍ္ဍင်းဘိုဘို (ဦးမောဝီ) က အိပ်ယာပေါ်တွင် အညောင်းဆန့်ရင်း သူ့ဘဝလမ်းကြောင်းကို ပြန်စဉ်းစားမိ၏။ သူ့အဖြစ်က တစ်ဘက်မှာ နားခိုစရာ သာသနာ့အရိပ်သာ မရှိခဲ့ပါလျှင် လုံးပါးပါးပြီး ပျက်စီးသွားနိုင်ပါသည်။ ကျေးဇူးဟူသော စကားထက်တောင် ပို၍ ဘုရားရှင် အပေါ် ကြည်ညိုအားကိုးမိပါသည်။ ရှုပ်ထွေးလွန်းလှသော သံသရာကို ‘ရွှေမှုန်’ နှင့် ပတ်သက်၍ သူလက်တွေ့ မြင်ရပြီးပြီဖြစ်၏။ ဤသံသရာထဲမှာ ဆက်လည် ချင်သည်ဆိုလျှင် သူ့လောက် မိုက်မဲသောသူ ရှိပါဦးမည်လော။

❖

## အခန်း (၄၅)

# လူစုံပြီ တိုက်ပွဲဝင်ကြစို့. . . .

ဦးပဥ္စင်းဘိုဘိုက တကယ်ပင် မြို့ဘုန်းကြီးစတိုင် ဖြစ်သည်။ ခေါင်းတုံးတုံးပြီး သင်္ကန်းဝတ်ရုံထားသည်ကလွဲ၍ လူဝတ်ကြောင်းအတိုင်းပင် နေသည်။ တစ်ခါတစ်ရံ သီချင်းပင် ညည်းမိ၍ ပြန်ပြန်သတိထားနေရသည်။ လူကလည်း သိပ်အဝကြီးမဟုတ်ပေမယ့် ပြည့်ပြည့်ဝဝနှင့် ခင်မင်စရာတော့ ကောင်းပါသည်။ ဆွမ်းခံရာမှအပြန် ခြေလက်ဆေးကြောပြီးနောက် ခန်းမကျယ်ထဲတွင် အခြားကိုယ်တော်များနှင့်အတူ တီဗွီထိုင်ကြည့်နေ၏။ ဘကြီး ဘုန်းကြီးက သူ့အခန်းထဲတွင် တီဗွီမထားသော်လည်း ဦးပဥ္စင်းငယ်များ၏ တောင်းဆိုမှုကြောင့် ခန်းမထဲတွင်မူ ခေတ်နှင့်အညီ တီဗွီ ၂ လုံး ထားပေးရသည်။ ဘကြီးဘုန်းကြီးက သူဘာသာ သူ စိတ်ဖြေရ၏။ တီဗွီရှိတော့လည်း ဦးပဥ္စင်းတွေ ခြေငြိမ်သွားတာပေါ့ဟု။

တီဗွီကြည့်ကောင်းနေဆဲမှာပင် သူ့လက်ကိုင်ဖုန်းက မြည်လာသည်။ သူ့ သူငယ်ချင်း တစ်ယောက်က ဖုန်းလာလျှင် မြည်သောအသံကို စနောက်သည် သဘောဖြင့် ထည့်ထားပေး၏။ ကောင်မလေး တစ်ယောက်၏ အသံ။ 'ဦးပဥ္စင်း ဖုန်းလာနေတယ် ဘုရား။ . . . ဦးပဥ္စင်းနော် ဖုန်းလာပါတယ်ဆို. . . မြန်မြန်မကိုင်ရင် ကန်တော့ဆွမ်းပဲနော်' ဟူ၏။

တစ်ဖက်မှ ဖုန်းပြောသူက ယဉ်ကျေးသိမ်မွေ့သည့်အသံ 'ညီလေးဘိုဘို ဦးပဥ္စင်းဝတ်ပြီးပြီလား'။ ကိုထွန်းမြင့်ဝင်း ဆိုသူပင် ဖြစ်ရမည်။ အင်တာနက်မှာ သူ ဒီဖုန်းနံပါတ်ပေးခဲ့၍ ဖုန်းလှမ်း ဆက်သွယ်ခြင်း ဖြစ်သည်။ ဦးပဥ္စင်းဘိုဘိုက ဝမ်းသာအားရဖြင့် စကားတွေ အယောင်ယောင် အမှားမှား ဖြစ်ကုန်သည်။ 'တင်ပါ့ဘုရား၊ ဦးပဥ္စင်းဝတ်ပြီးပြီ၊ အရှင်ဘုရား ဘယ်တော့ ကြွလာမှာလဲ ဘုရား'

**ကိုထွန်းမြင့်ဝင်း** - 'ဟာ ဦးပဥ္စင်းကလည်း ပြောင်းပြန်တွေ ပြောနေပြီ တပည့်တော်က လူဝတ်နဲ့လေ ဘုရား'

ဦးပဥ္စင်းဘိုဘို ရှက်သွားပြီး 'သြော် ဟုတ်သားပဲ၊ ဒီမှာက ဘုန်းကြီးတွေနဲ့ချည်း နေ့တိုင်း စကားပြောနေရတာဆိုတော့ ကပည့်တော် အဲလေ၊ ဦးပဥ္စင်းလည်း ယောင်သွားတာ ဘုရား၊ အဲလေ ဒကာကြီး'

ဖုန်းထဲမှာပင် စကားပြောရင်း သူတို့ ခင်မင်သွားသည်။ နောက်တစ်နေ့ ကိုထွန်းမြင့်ဝင်း ရောက်လာတော့ လူချင်းတွေ့ဆုံပြီး နောက်ဘဝ ရေစက်တွေကြောင့် ထင်၏ ပို၍ပင် ခင်မင်ရင်းနှီးသွားသည်။ ကိုထွန်းမြင့်ဝင်း၏ ဇနီးကတော့ ခပ်အေးအေးပင်၊ စကားနည်းသော်လည်း

သံဃာ့ဘောင်ဝင်လျှင် စည်းခြားသွားတော့မည့် လင်တော်မောင်ကိုကြည့်ပြီး သောက အနည်းငယ် ရှိနေသည်ကို ဦးပဥ္စင်းဘိုဘို မြင်တွေ့နေရ၏။

ဦးပဥ္စင်းဘိုဘိုက ယောင်ပြီး 'အစ်မ' ဟု သုံးနှုန်းသဖြင့် ဝိုင်းရယ်မောပြီး စိတ်အနည်းငယ် ပြေပျောက်သွားသည်။

ဘကြီးဘုန်းကြီးကို ဦးပဥ္စင်းဘိုဘို ကြိုတင်လျှောက်ထားပြီးဖြစ်၍ ကိုထွန်းမြင့်ဝင်း သိမ်ဝင် ရဟန်းခံခြင်းတို့မှာ အကျဉ်းရုံးပြီးစီးသွား၏။ ကိုထွန်းမြင့်ဝင်းကမူ ဘိုဘိုနှင့် မတူ သည်က အလွန်တည်ငြိမ်ပြီး အလွန်လည်း လေးနက်သူဖြစ်သည်။ သူ့ဇနီးဖြစ်သူကတော့ မျက်နှာညို့မှိုင်းနေပြီး ယခု ဟန်လုပ်ပြီး အပူရုပ်ကို ဖုံးထားသော်လည်း အိမ်ပြန်ရောက်လျှင် ငိုပွဲဆင်တော့မည်မှာ သေချာနေပြီ။

ဦးပဥ္စင်းဘိုဘိုက ကိုထွန်းမြင့်ဝင်း တစ်ဖြစ်လဲ ဦးစန္ဒိမာကို သူ့အခန်းထဲသို့ ခေါ်သွား၏။ ဦးပဥ္စင်းစန္ဒိမာခေါ် ဦးဂျာမနီက အခန်းပတ်ပတ်လည်ကို ကြည့်ပြီး ပြုံးသည်။ ဦးပဥ္စင်းဘိုဘို၏ ပတ်ပတ်လည်ရှိ ပစ္စည်းပစ္စယများကို ကြည့်ရင်း ဦးပဥ္စင်းဘိုဘိုတစ်ယောက် လူဝတ်ကြောင် စိတ် မကုန်သေးကြောင်းကို ရိပ်စားမိသွားသည်။ 'ဦးပဥ္စင်းဂျာ' ကတော့ ဇနီးဟောင်း ဖြစ်သူ လှူလိုက်သော ဆေးဝါး၊ စတုမဓု၊ ဖျော်ရည်ဘူး၊ ကော်ဖီမစ်ထုပ်များ အားလုံးကို ဘကြီးဘုန်းကြီးနှင့်တကွ တခြားသံဃာတော်များကို အားလုံး လှူပစ်ခဲ့ပြီး ဖြစ်၏။ သူ့မှာ သင်္ကန်းသုံးထည်နှင့် သပိတ်၊ နောက်ပြီး ဘုန်းကြီးစီးဖိနပ် ဒါပဲကျန်သည်။

သူတို့ နှစ်ပါး ရေစီးဖြစ်နှောင်းဟောင်းတွေ ပြောကြသည်။ သံဝေဂရပုံတွေ ပြောကြသည်။ နိုင်ငံခြား၊ ရေမြေခြားမှာ ကြုံတွေ့ရသည့် အတွေ့အကြုံတွေကို ဖလှယ်ကြသည်။ အမှန် စင်စစ် သူတို့ နှစ်ယောက် ရောက်ရှိခဲ့သော နိုင်ငံတွေက အဝေးကြီးမဟုတ်။ နယ်နိမိတ်ချင်း ထိစပ်နေသည်ဖြစ်၏။ ကားဖြင့် တစ်ညအိပ် ခရီးဖြစ်ပြီး ရ၆ ယူရို (76 Euro) သာ ကုန်ကျမည် ဖြစ်သည်။ သို့သော် သူတို့နှစ်ဦး မဆုံတွေ့ဖြစ်ခဲ့ကြ။ သို့သော် ဥရောပ ဆိုသည်က ယနေ့ တစ်နိုင်ငံတည်းလို ဖြစ်ပြီး ပေါင်းစည်းသွားပြီ ဖြစ်၏။ ထို့ကြောင့် တစ်ယောက်ပြောလျှင် တစ်ယောက် နားလည်ကြသည်။

သူတို့ နှစ်ပါး တစ်ပါးနှင့်တစ်ပါး ညီအစ်ကိုရင်းတမျှ ခင်မင်ရင်းနှီး သွားကြသည်။ သူတို့ကို မိတ်ဖွဲ့လာသည့် အထဲတွင် ရွှေမျက်မှန်ကိုယ်တော်ဟု သူတို့ နာမည်ပေးထားသော ဥပဓိရုပ် ကောင်းကောင်းနှင့် ကိုယ်တော်တစ်ပါးလည်း ပါဝင်၏။ ဗဟုသုတလည်းရှိ၍ စကားပြောကောင်းပြီး ဥပဓိရုပ်လည်းကောင်းလှသဖြင့် သူတို့ နှစ်ပါးနှင့် ပေါင်းမိသွားပြီးလျှင် သုံးပါးတစ်ဖွဲ့ ဖြစ်၍ လာ၏။ တစ်ခု ထူးဆန်းသည်က အဆိုပါ ကိုယ်တော်သည် ဝတ္တုငွေ အလွန်ပေါ၏။ သူတို့ နှစ်ပါးကိုလည်း လိုလေသေးမရှိ ဝယ်၍ လှူဒါန်းသောကြောင့် အားနာစရာ ပင် ကောင်းနေ၏။ အဆိုပါ ကိုယ်တော် ဘွဲ့အမည်မှာ ဦးဓမ္မိဿရဖြစ်၏။ အပြောအဟော လည်း ကောင်းလှသဖြင့် ဘကြီးဘုန်းကြီးကပင် မျက်နှာသာ ပေးထားသူ ဖြစ်၏။

ရွှေမျက်မှန်ကိုယ်တော်နှင့် ပတ်သက်၍ နှစ်လလောက် ခင်မင်ရင်းနှီးပြီးချိန်တွင် သံသယဝင်လာသူက ကိုထွန်းမြင့်ဝင်း တစ်ဖြစ်လဲ ဦးပဉ္ဇင်းဂျာပင် ဖြစ်သည်။

စကားဆိုသည်မှာ ပြောဖန်များလာလျှင် တဖြည်းဖြည်း ရှေ့က ဟန်ဆောင်ပြီးပြောခဲ့သော စကားများ ပျယ်ပြယ်လာစမြဲ ဖြစ်သည်။ ရွှေမျက်မှန် ကိုယ်တော် ခင်းကျင်းနေသော ဇာတ်လမ်းတွင် နေရာဒေသကွဲလွဲမှုတွေ အချိန်ကာလကွဲလွဲမှုတွေကို ဦးပဉ္ဇင်းဂျာ သတိထားမိလာသည်။ ပထမ သူကထုတ်မပြော သူ့စိတ်ထဲမှာပင် ထားသည်။ အဓိကမှာ သူသည် လူဝတ်ကြောင် တစ်ယောက် မဟုတ်တော့ပြီဖြစ်၍ စကားအပြောအဆိုမှ အစပြု၍ ဝိနည်းနှင့် မကင်းလွတ်စေရန် လွန်စွာ သတိထားရသည်။

စိတ်သဘောထား ကောင်းသည်ဆိုရာ၌ အခြေအနေ နှစ်ရပ်ရှိသည်။ တကယ်ပင် ပြောင်းလဲသွားသော စိတ်သဘောထားနှင့် အတုပြုလုပ်ထားသော စိတ်သဘောထား ဟူ၍ ရှိ၏။ ယခု ရွှေမျက်မှန် ကိုယ်ဟော်မှာ အတုပြုလုပ်ထားသော စိတ်သဘောထား ပိုင်ရှင် ဖြစ်သည်ဟု တိုင်ပင်ပြီး ဦးပဉ္ဇင်းဂျာရော ဦးပဉ္ဇင်းဘိုဘိုရော နှစ်ပါးစလုံး နောက်ပိုင်းတွင် ဆုံးဖြတ်ချက် ချကြ၏။

ဆုံးဖြတ်ပြီးသည်နှင့် ဘကြီးဘုန်းကြီးထံ တိုးတိုးတိတ်တိတ်သွား၍ လျှောက်ကြ၏။ သို့သော် သူတို့ မထင်မှတ်တာတွေ ဖြစ်လာသည်။ ဘကြီးဘုန်းကြီးသည် သူ၏ လူယုံ ဦးပဉ္ဇင်းတစ်ပါးကို မသင်္ကာစရာဟု လုံးဝ လက်မခံနိုင်။ သူ့ကို စော်ကားသည်ဟုပင် ထင်မြင်ယူဆနေရာ ဦးပဉ္ဇင်းဂျာ (ကိုထွန်းမြင့်ဝင်း) က ဦးပဉ္ဇင်းဘိုဘိုကို အသာလက်ကုတ်ပြီး ပြန်တပ်ဆုတ်လာရ၏။ လူတစ်ဦးတစ်ယောက်က အခြားလူ တစ်ဦးကို လိမ်လည်လှည့်ဖျားသည် ဆိုပါစို့။ လိမ်လည်သော ကိစ္စသည်လည်း အထမြောက် အောင်မြင်သည် ဆိုပါစို့။ ထိုအခိုက်အတန့်တွင် အလှည့်ဖျားခံရသူသည် လှည့်ဖျားသူအား ဖာကြွင်းမဲ့ ယုံကြည်နေမည်မှာ သေချာပါသည်။ ယင်းအတွက်ကြောင့်လည်း အလိမ်ခံရခြင်း ဖြစ်ပေမည်။ တချို့ဆိုလျှင် လိမ်လို့ လိမ်နေမှန်းကိုပင် မသိနိုင်။

အလိမ်ခံရသူသည် ဘေးလူတစ်ဦးက သတိပေးလာလျှင်ပင် သိပ်မကြိုက်ချင်။ သူ၏ ပင်ကိုဉာဏ်နှင့် အကဲဖြတ်နိုင်စွမ်းရည်အပေါ် ထိပါးသည် ထင်တတ်ပြီး လုံးဝသည်းခံခွင့်လွှတ်မည် မဟုတ်။ ထို့အပြင် ခင်ဗျားနှင့် ဘာဆိုင်လို့လဲ ပြန်ပက်တတ်ပါသည်။

သို့သော် ဦးပဉ္ဇင်းဘိုဘို၏ ဘကြီးဘုန်းကြီးမှာမူ ဉာဏ်ရည်မြင့်သူဖြစ်သည်။ တစ်ဖက်သားအပေါ် ကိုယ်ချင်းစာနာစိတ်များသူ ဖြစ်၍ ဂုဏ်သိက္ခာကို အလေးထားသူ ဖြစ်သဖြင့်သာ ပညာရှိ သတိဖြစ်ခဲ၊ သတိမမူ ဂူမမြင်မိခြင်း ဖြစ်ပေလိမ့်မည်။

သို့သော် ဦးပဉ္ဇင်းဂျာနှင့် ဦးပဉ္ဇင်းဘိုဘိုတို့နှစ်ပါး ခေါင်းနည်းနည်း ခဲသွားပါသည်။ ဘကြီးဘုန်းကြီးကလည်း သူတို့နှစ်ပါးအပေါ် စိတ်ကွက်နေပြီ။ သူတို့နှစ်ပါးကလည်း

ခရီးထွက်ချင် နေလေပြီ။ အထူးသဖြင့် အွန်လိုင်းမိတ်ဆွေ နှစ်ပါးဖြစ်သည့် ဦးသုန်နှင့် ဦးယိုးတို့လည်း ကျောက်ဆင်တောရတွင် ရောက်နှင့်နေပြီဖြစ်ကြောင်း သိရှိပြီး ဖြစ်နေ၏။ တစ်ဦးကို တစ်ဦး တွေ့ချင်မြင်ချင်လှလေပြီ။ ထို့ကြောင့် ဘကြီးဘုန်းကြီးကို အလိုက်အထိုက် လျှောက်ထားပြီးနောက် သူတို့နှစ်ပါးသည် အညာဒေသ၊ ကျောက်ဆင်တောရ ရှိရာသို့ မိတ္ထီလာမြို့မှ တစ်ဆင့် ကြွရန် ပြင်ဆင်ကြ၏။ အဝေးပြေးလမ်းမှ မကြွဘဲ မိတ္ထီလာမြို့မှ တစ်ဆင့် ကြွကြခြင်း အကြောင်းရင်းမှာ ဦးပဥ္စင်းဂျာ၏ ညီအရင်းနှစ်ယောက်က မိတ္ထီလာမှာ နေထိုင်ကြ၍ တစ်ညအိပ် ဝင်တွေ့သွားလိုခြင်းကြောင့် ဖြစ်သည်။

❖

လောင်ကျွမ်းခဲ့ရတဲ့ဘဝတွေ များလှပြီမို့
တစ်ဘဝလောက်တော့ အေးအေးချမ်းချမ်း နေကြည့်ကြစမ်းစေချင်တယ်။

မဟာဗောဓိမြိုင်ဆရာတော်

# အပိုင်း (၂)

အခန်း (၄၆)

## ကျောက်ဆင်တောရသို့

ဦးပဥ္စင်းဂျာနှင့် ဦးပဥ္စင်းဘိုဘိုတို့ မိတ္တီလာမြို့ကို ရောက်တော့ နံနက် သုံးနာရီခွဲမျှသာ ရှိသေး၏။

အိမ်ရှင်တွေ အိပ်လို့ကောင်းနေသည့်အချိန်မှာ ဧည့်သည်တွေ အနှိုးရခက်နေသည်။ ထို့ကြောင့် ညလုံးပေါက်ဖွင့်သည့် လက်ဖက်ရည်ဆိုင်တွင် သွား၍ထိုင်ကြသည်။ ဦးပဥ္စင်းဘိုဘိုက ဗိုက်ဆာနေပြီ ဖြစ်သော်လည်း အတူပါလာသည့် ဦးပဥ္စင်းဂျာကို ကြည့်ပြီး ဘာမှ မှာမစားရဲ။ သူတို့ နှစ်ပါးစလုံးက အရုဏ်မတက်သေးမှန်းသိနေသည်။ အရုဏ်မတက်မီ ဘုဉ်းပေးခဲ့လျှင်လည်း အာပတ်သင့်ပေတော့မည်။

အာပတ်ဆိုသည်မှာ ဘုန်းကြီးများ၏ မိတ်ဆွေဟုပင် တင်စားလောက်အောင် မလွတ်ကင်းနိုင်သော အရာဖြစ်သော်လည်း မသိအမှတ်တမဲ့ ကျူးလွန်မိခြင်းနှင့် သိလျက်နှင့် တမင် ကျူးလွန်မိခြင်းဟူ၍ရှိရာ အပြစ်သေးငယ်သော အာပတ်တို့သည် ဖြေလျှင် ပြေပျောက်တာ မှန်ပါသည်။ သို့သော် သိသိကြီးနှင့် ကျူးလွန်လိုက် ဖြေလိုက် လုပ်နေသည် ရှိသော် မိမိ၏ သီလစွမ်းအား လျော့ကျမည်မှာလည်း သေချာပါသည်။

ကိုထွန်းမြင့်ဝင်းတစ်ဖြစ်လဲ ဦးပဥ္စင်းဂျာသည် အလွန်ပင် တည်ငြိမ်အေးချမ်းပြီး အလွန်လည်း စောင့်ထိန်းသောသူ ဖြစ်လေသည်။ အရုဏ်မတက်သေး၍ သူက ရေနွေးကြမ်းပင် မသောက်။ လက်ဖက်ရည်ဆိုင်ရှေ့တွင် ရေသန့်ဘူးထဲမှရေနှင့် သွားတိုက် မျက်နှာသစ်ပြီးသော် ရေထိုင်သောက်ရင်း အရုဏ်တက်အောင် စောင့်နေသည်။ ဦးပဥ္စင်းဘိုဘိုလည်း သူ့နည်းတူ လိုက်၍လုပ်ရင်း စိတ်ရှည်လက်ရှည် ထိုင်စောင့်နေရသည်။

သို့နှင့် ဦးပဥ္စင်းဂျာက သူ့မှတ်စု စာအုပ်ထဲရှိ လအလိုက် အရုဏ်တက်ချိန်များကို ထုတ်၍ ကြည့်လိုက်သည်။ ထို့နောက် လက်ဖက်ရည်ဆိုင်မှ နာရီနှင့် အချိန်တိုက်ပြီးနောက် ဦးပဥ္စင်းဂျာက ထမင်းကြော် (ကြက်ဥကြော်နှင့်) ဦးပဥ္စင်းဘိုဘိုက ပဲပလာတာမှာ၍ အကပ်ခိုင်းလိုက်၏။

လက်ဖက်ရည်တစ်ခွက်စီ ထပ်မံအကပ်ခိုင်း၍ အရုဏ်ဆွမ်းများ ဘုန်းပေး၍ ပြီးစီးသွားသော် အိတ်ကိုယ်စီဆွဲ၍ သိပ်မဝေးလှသော ဦးပဥ္စင်းဂျာ၏ ညီမများ၏ အိမ်ဆီ လျှောက်သွားကြ၏။ အိပ်ရာထစ ဦးပဥ္စင်းဂျာ၏ ညီမများက အံ့သြဝမ်းသာလျက် ရေနွေးကြမ်း၊ အမြည်းတို့ဖြင့် တည်ခင်းကပ်လှူရင်း ရေးဟောင်းနှောင်းဖြစ်တွေ ပြောကြ၏။ ထို့နောက်

နေ့လယ် ဆွမ်းအတွက် ညီအကြီးဖြစ်သူက အငယ်ဆုံးညီကိုဆိုင်မှ အဝယ်ခိုင်းပြီး ဆွမ်းကပ်လှူကြ၏။

ဆွမ်းဘုဉ်းပေးပြီးနောက် ဦးပဋ္ဌင်းနှစ်ပါးက မေတ္တာသုတ်နှင့် ပရိတ်အချို့ ရွတ်ဖတ်ပူဇော်ကြ၏။

ဦးပဋ္ဌင်းဂျာ၏ ညီများက စကားပြောဆိုရာမှာ ပွင့်လင်းကြပြီး ခင်မင်ဖို့ ကောင်း၏။ သူတို့ကလည်း ဦးပဋ္ဌင်းဘိုဘိုကို တစ်ခဏအတွင်း ရင်းနှီးသွားကြ၏။ မနက်ခင်းတွင် လမ်းထိပ်မုန့်ကြီးသုပ်ဝယ်ပြီး အရဏ်ဆွမ်းကပ်ပြီးသော် တောင်ပုလုကို ကြွရောက်ရန် ဈေးမြောက်ဘက် ထီးသုံးဆင့်ကျောင်းအနီးရှိ ရှာလိုင်းကားများ ထိုးသည့်ဂိတ်ကို ဦးပဋ္ဌင်းဂျာ၏ ညီများက လိုက်ပို့ကြ၏။ ကားက တရုတ်ပြည်လုပ် ကုန်တင်ကားကို ခရီးသည်တင်ကားအဖြစ် ဖန်တီးထားသော ကားဖြစ်သည်။ ကားနံပါတ်က ၁က/၂၄၄၀။

ပိုင်ရှင်ကိုယ်တိုင် ယာဉ်မောင်းဖြစ်ပြီး နာမည်က ကိုစိုးဝင်းဖြစ်ကြောင်း လျှောက်သည်။ ပင်းတလဲ၊ လေးမျက်နှာရွာများနှင့် မိတ္ထီလာ ပြေးဆွဲနေသည်။ ဦးပဋ္ဌင်းနှစ်ပါးကို ရှေ့ခန်းမှ စီးနင်းလိုက်ပါဖို့ ရိုရိုသေသေ လျှောက်သည်။ လမ်းမှာ သံဃာသုံးလေးပါးလည်း နောက်မှ တက်၍ လိုက်လာသည်ကို တွေ့ရပြီး စပယ်ယာလေးက ကားခ လိုက်ကောက်နေသည် ကိုလည်းတွေ့သည်။

ဦးပဋ္ဌင်းဂျာနှင့် ဦးပဋ္ဌင်းဘိုဘိုတို့က ကွမ်းမစား၊ ဆေးလိပ်မသောက်၊ စကားလည်း များများ ပြောဆိုခြင်း မရှိဘဲ အမှတ်သတိကိုယ်စီနှင့် လိုက်ပါလာကြ၏ နောက်မှ ကိုယ်တော်များကတော့ စကားပြောသံ၊ ရယ်မောသံတွေ ဆူညံနေသည်။

သတိရ၍ ဦးပဋ္ဌင်းဘိုဘိုက ကားခထုတ်ပေးတော့ ကိုစိုးဝင်းက 'တပည့်တော် မယူပါဘူး ဘုရား' ဟု လျှောက်သည်။ (လိုင်းကားအများစုက တောင်ပုလုသို့ ကြွမည့် သို့မဟုတ် တောင်ပုလုက ကြွလာသော သံဃာများကို ကားခမယူကြောင်း နောက်ပိုင်းမှာ သိရ၏။)

သဖန်းရွာကို ရောက်တော့ သဖန်းဈေးနေ့နှင့် ကြုံရ၍ ဈေးက စည်ကားနေပါသည်။ ကိုစိုးဝင်းက ဦးပဋ္ဌင်းနှစ်ပါး နေ့ဆွမ်းစားနိုင်မည့် ဆိုင်ကို ညွှန်ပြသည်။ ဦးပဋ္ဌင်းဘိုဘိုတို့ ဆွမ်းများမှာကြားပြီး လာကပ်သောအခါတွင် အမှတ်ဖြင့်ပင် ဘုဉ်းပေးကြ၏။ ဆွမ်းကပ်ရာတွင်လည်း ဆိုင်ရှင်က ဝိနည်းနှင့်ညီသော ဆွမ်းထမင်းပါဘုရား၊ ဝက်သားဆွမ်းပါဘုရား။ ဘုဉ်းပေးပါဘုရား။ စသဖြင့် လျှောက်ရင်းကပ်၏။ (ဆွမ်းဟု မပါလျှင်လည်းကောင်း၊ စားပါဘုရားဟု သုံးနှုန်းလျှင်လည်းကောင်း ဝိနည်းနှင့် မကိုက်ညီသဖြင့် အာပတ်သင့်၏။)

ဆွမ်းစားနေရင်းမှာပင် ကားဆရာကိုစိုးဝင်း ဆိုင်တွင်းသို့ ဝင်လာပြီး အစားအသောက်များ မှာယူ၍ စားနေသည်ကို တွေ့ရ၏။

ဦးပဋ္ဌင်းနှစ်ပါး ကျသင့်ငွေ ရှင်းမည်ပြုသောအခါ ကိုစိုးဝင်း ရှင်းပေးသွားပါပြီ ဘုရားဟု ဆိုင်ရှင်က ရိုရိုသေသေလျှောက်သည်။ ကိုစိုးဝင်းကလည်း 'တပည့်တော် လှူတဲ့ဒါနပါ ဘုရား' ဟု လှမ်းလျှောက်သည်။

ဦးပဍ္ဍင်းရှာက နောက်မှာပါလာသော ကိုယ်တော်လေးပါးကို ကားခယူပုံ၊ သူတို့ နှစ်ပါးကိုတော့ ကားခမယူသည့်အပြင် နေ့ဆွမ်းပါ ကပ်လှူသော ဒကာကိုစိုးဝင်း၏ စိတ်နေ သဘောထားကို သိချင်လာ၍ ဥပါယ်တမျဉ်ဖြင့် မေးစမ်းကြည့်ရာ ကိုစိုးဝင်းက ရှင်းပြသည်။

'တပည့်တော်ကတော့ သံဃာနဲ့ တူအောင်နေတဲ့ ကိုယ်တော်တွေကို ကြည်ညိုပါတယ် ဘုရား၊ တဝါးဝါး တဟားဟားနဲ့ဆိုရင် မကြည်ညိုပါဘုရား' ဟု လျှောက်၏။

ဦးပဍ္ဍင်းနှစ်ပါး အသိတရား တစ်ခုရလိုက်သည်။ ဘုရားအကြိုက် နေထိုင်ပုံနှင့် သူတို့၏ ကြည်ညိုမှု ဆက်နွှယ်နေပုံကို ဒကာက သံဃာများအား ပြန်၍ သင်ကြားပေးသလို ဖြစ်နေ ပေသည်။

ကိုစိုးဝင်းက 'တောင်ပုလုသို့' ဟူသော ဆိုင်းဘုတ်ရှိရာလမ်းခွဲတွင် ချပေးပြီး စပယ်ယာ ကို တံခါးဖွင့် အပေးခိုင်း၏။ ဦးပဍ္ဍင်းနှစ်ပါးက ကိုစိုးဝင်းကို ကျေးဇူးတင်ကြောင်း မေတ္တာပို့ ပေးမည်ဖြစ်ကြောင်း ပြောပြရင်း နှုတ်ဆက်ကြသည်။

ထို့နောက် ဦးပဍ္ဍင်းနှစ်ပါး အိတ်ကိုယ်စီ သပိတ်ကိုယ်စီလွယ်ရင်း လမ်းခွဲမှ နှစ်မိုင်ခန့် ဝေးသည့် တောင်ပုလုတောရရိပ်သာသို့ လမ်းလျှောက်ကြ၏။ တောင်ပုလု ရေလယ်ကျွန်းသို့ ရောက်သောအခါမှာ စတွေ့သည့်နေရာရှိ ကမ္ဘဋ္ဌာန်းကျောင်းများ တည်ရှိရာကို ဝင်၍ စုံစမ်း မေးမြန်းကြ၏။

တောင်ပုလုရိပ်သာက မြောက်ပိုင်းတိုက်နှင့် တောင်ပိုင်းတိုက် ဟူ၍ နှစ်တိုက် နှစ်စု ရှိ၏။ သူတို့ ရောက်သွားသည်က တောင်တိုက်ဟု ခေါ်သော ယခင်တောင်ပုလု ဆရာတော်ကြီး၏ တပည့် လှိုင်းတက် ဆရာတော်ကြီး သီတင်းသုံးခဲ့သည့် နေရာဖြစ်၏။

သံဃာအားလုံး သဘောကောင်းကြပါသည်။ ညွှန်သည် အာဂန္တုနှစ်ပါးအတွက် နေရာ ထိုင်ခင်းများ စီစဉ်ပေးပြီးနောက်မှ လက်ရှိ အုပ်ချုပ်နေသော ဆရာတော်ထံ ခေါ်သွားပြီး လျှောက်ထားခွင့်ပန်စေသည်။ ဆရာတော်အတွက် သူတို့တွင်ပါလာသော သင်္ကန်းနှင့် ဆေးဝါးများကို ဆရာတော်အား ကပ်လှူပြီး ခေတ္တတည်းခိုခွင့် ပန်ကြရ၏။ ဆရာတော်က ခွင့်ပြုပြီး ဆွမ်းခံ စားရမည့်အကြောင်းနှင့် ဝူတင်ဆောင်ရမည်ဖြစ်ကြောင်း အဆုံးမဩဝါဒ ပေးတော်မူသည်။

တောင်ပုလုရိပ်သာမှ ကိုယ်တော်များ စုံစမ်းပေးရာတွင် ဦးသုန်နှင့် ဦးယိုးတို့ကို တောင် ကျောင်းကော မြောက်ကျောင်းမှာပါ ရှာ၍ မတွေ့ကြ။ အကျိုးအကြောင်း ဆက်စပ်၍ ပြော တော့မှ 'တောင်ပုလု တောရကျောင်း' နှင့် 'တောင်ပုလု ကျောင်းဆင်တောရ' များပြီး ရောက်လာကြောင်း သိရသည်။ သူတို့က တစ်ကျောင်းတည်း တစ်နေရာတည်းဟု ထင်ထား သည်။ အမှန်မှာ တောင်ပုလု ကျောက်ဆင်တောရသည် ယခု ရောက်ရှိနေသည့် နေရာမှ တောလမ်း (ကျောက်လမ်း) ဖြင့် ၁၂ မိုင်ခန့် ဝေးသေးသည်။

သူတို့က ဆက်ကြွချင်သော်လည်း အလွန်ခင်မင်စရာကောင်းသော (သူတို့ဆီက အလေ့မှာ ဦးပဥ္စင်းများ ဘွဲ့နာမည် ပျောက်သွားပြီး ရွာနာမည်၊ လူနာမည်များ တပ်ခေါ်ကြသည်) ဥပမာ– သဖန်းမှ ဦးပဥ္စင်း ဦးသဖန်း၊ အုတ်ဖိုမှ ဦးအုတ်ဖို၊ ဝါးခယ်မမှ ဦးပဥ္စင်းဝါးခယ်မ၊ နေပြည်တော်မှ ဦးနေပြည်တော်၊ ပျော်ဘွယ်မှ ဦးပျော်ဘွယ် စသဖြင့် အလွယ်ခေါ်ကြသည်။ ဘုန်းကြီးလောက၏ ချစ်စရာ တောလေ့ဟု ဆိုလျှင်လည်း ရသည်။

တောင်ပုလု ရိပ်သာကျောင်းဝင်းထဲ လိုက်ကြည့်လျှင် သံဃာတော်များမှာ မြို့ပေါ်မှာလို မပြည့်စုံကြသဖြင့် သနားစရာပင် ကောင်းလှသည်။ သို့သော် ရုပ်မြင်သံကြားမရှိ၊ မည်သည့် ဖိမ်ခံပစ္စည်းမျှ မရှိသော်လည်း သီလကြောင့် ထင်ပါ၏။ သံဃာတော်များ သူတို့ဘဝကို သူတို့ ပျော်ရွှင်နေကြပါသည်။ ကျောင်းဝင်း အမှိုက်သရိုက်များနှင့် သစ်ရွက်ခြောက်များ လှဲကျင်းကြ၊ သိမ်နှင့် ဓမ္မာရုံကို သန့်ရှင်းရေး လုပ်ကြ၊ ဆွမ်းစားဆောင်မှာ သပိတ်ကလေးများချလျက် ဆွမ်းစားကြ၊ ညနေလေးနာရီမှာ စုပေါင်း ဝတ်တက်ကြ၊ မနက် စောစောက အရုဏ်မတက်မီ ပတ်ဝန်းကျင်ရွာ အသီးသီးသို့ ဆွမ်းခံထွက်ကြနှင့် မိမိရသည့် အချိန်အားလေးမှာ တရားထိုင်လျက် တရားဖြင့် ပျော်မွေ့နေကြသည်သာဖြစ်ပါသည်။ သို့ဖြင့် ဦးပဥ္စင်းဂျာနှင့် ဦးပဥ္စင်းဘိုဘိုတို့လည်း တောင်ပုလုတောရ သံဃာတော်များနှင့် ရောယောင်ပျော်မွေ့သွားကာ တစ်ပတ်မှ နှစ်ပတ် တစ်လမှ နှစ်လခန့်ပင် ကြာမြင့်သွားပြီ ဖြစ်တော့၏။

## အခန်း (၄၇)

## ဆားပုလင်းဦးယိုးနှင့် ရွှေမျက်မှန်ဂိုဏ်း

တောင်ပုလုတောရ ရိပ်သာမှာ တောင်ပုလု ဆည်ရေများ ဂယ်ယံပံ ပတ်ဝိုင်းထားသော ရေလယ်ကျွန်းပုံစံ ဖြစ်ပေါ်နေသည့် စိမ်းစိုအေးမြသော ရိပ်သာကြီးပင်ဖြစ်သည်။

ဤတောင်ပုလုတစ်ဝိုက်ရှိ မယ်ညိုတောင်တန်း အစရှိသည့် တောင်များ၊ တောများ၊ ကျောက်ဆင် စသည့် တောတောင်နှင့် ဂူများ၊ သစ်ရိပ်ဝါးရိပ်များတို့သည် မူလ တောင်ပုလု ဆရာတော်ကြီး၏ ကျောင်းနေရာများဟုဆိုလျှင် မမှားပေ။ မည်သူ့အပေါ်တွင်မှ တာဝန် မတက်စေဘဲ သက်နီးသုံးထည်နှင့် ပံ့သကူသင်္ကန်းကိုသာ ဆောင်ရင်းဖြင့် ရှုတင် ၁၃ ပါး ကို ကျင့်ကြံလျက် ရဟန်းကိစ္စ ပြီးစီးအောင် ရည်သန်အားထုတ်ခဲ့သော ဘူမိနက်သန်နေရာ မဟာအောင်မြေများဟု ဆိုလျှင် မမှားပေ။

၁၃၁၅ ခုနှစ်က တောင်ပုလုတောင်ထိပ်တွင် ကမ္ဘာအေးစေတီကို အုတ်မြစ်ချ တည်ထားတော်မူပြီး ထီးတင်ပွဲ ကျင်းပတော်မူခဲ့သည်။ ထိုစဉ်က နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက တောင်ပုလု ဆရာတော်ဘုရားကြီးအတွက် ကျောင်းနေရာများ စီစဉ်ဆောင်ရွက်ခဲ့သည့် အပြင် ဒကာအရင်းအဖြစ် ဆရာတော်၏ သာသနာကို ပံ့ပိုးပေးခဲ့၏။

ဆရာတော်သည် ပြည်ပ သာသနာပြု လုပ်ငန်းများကိုလည်း အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီ၊ အိန္ဒိယ၊ ဂျာမနီ၊ အိန္ဒိယ၊ နီပေါ၊ သီဟိုဠ် (သီရိလင်္ကာ) နှင့် ထိုင်းနိုင်ငံတို့တွင် သွားရောက်၍ ကြိုးပမ်းခဲ့ရာ အောင်မြင်ခဲ့သည်။

၁၃၄၈ ခုနှစ်တွင်မူ ဆရာတော်သည် ရန်ကုန်တက္ကသိုလ် ရိပ်သာလမ်းရှိ တောင်ပုလု ဆုတောင်းပြည့် ကျောင်းတိုက်တွင် ခန္ဓာဝန်ချတော်မူခဲ့သည်။ ဆရာတော် ခန္ဓာဝန် မချမီ တွင် တပည့်ရင်းများအား တာဝန် အသီးသီး ပေးခဲ့ရာ၌ ကျောက်ဆင်တောရ ရိပ်သာသို့ ပခုက္ကူဆရာတော် ဘုရားကို စေလွှတ်၍ သာသနာပြုစေခဲ့ခြင်းဖြစ်သည်။

ယခုလည်း ဝမ်းတွင်းမြို့နယ်နှင့် မိတ္ထီလာမြို့နယ် ထိစပ်နေသည့် နယ်တစ်ဝိုက်တွင် လူအများ ဆရာတော် ရှိစဉ်ကလိုပင် တောင်ပုလု ရိပ်သာတွင်လည်းကောင်း ကျောက်ဆင် တောရရိပ်သာတွင်လည်းကောင်း စည်ကားမြဲ စည်ကား၊ ဆွမ်းများ သံဃာကုန်လောင်းလှူမြဲ လောင်းလှူနေကြဆဲပင် ဖြစ်ပါသည်။

နောက်တစ်နေ့ မနက် သံဃာကုန် ဆွမ်းလောင်းပွဲရှိလျှင် ယနေ့ညလိုမျိုး၌ တောင်တိုက်၊ မြောက်တိုက် သံဃာများကို သတင်းပါးလိုက်လေ့ရှိသည်။ ဒါဆိုလျှင် နံနက်ဆွမ်းခံ မထွက် တော့ဘဲ ကျောင်းဝင်းအတွင်းရှိ ဆွမ်းလောင်းမဏ္ဍာပ်၌ တန်းစီပြီး ဆွမ်းခံရုံသာရှိ၏။ ဤသို့

ဆွမ်းလောင်းရှိလျှင် လောင်းသောဆွမ်း၊ ဆွမ်းဟင်းများကလည်း အိမ်စဉ်ခံ၍ရသော ဆွမ်းများထက်သာ၍ ကောင်း၏။ ဝက်သား၊ ကြက်သား၊ အမဲနှပ်၊ ငါးနှပ်၊ ချဉ်ရည်ဟင်း၊ ပဲဟင်းများအပြင် ကော်ဖီမစ်ထုပ်၊ ဖယောင်းတိုင်၊ ဆပ်ပြာ၊ ခြင်ဆေးခွေ၊ မုတ်ဆိတ်ရိတ်ဓား များလည်း လှူဒါန်းကြသည်။

ဆွမ်းခံရလျှင်ကား ဆွမ်းခံရွာများက ဝေးလှသည်။ အနီးဆုံး သဖန်းရွာပင် အသွား အပြန် နှစ်နာရီခွဲ၊ သုံးနာရီကြာတတ်သည်။ ဦးပဥ္စင်းဂျာနှင့် ဦးပဥ္စင်းဘိုဘိုတို့က ရွာအစုံ ရောက်ဖူးအောင် တစ်ရက်လျှင် တစ်ရွာကျ တစ်လှည့်စီလိုက်၍ ဆွမ်းခံသည်။ အသွားတင် တစ်နာရီလောက်တော့ လျှောက်ရသည်။ လယ်ကန်သင်းတွေလည်း ဖြတ်ရသည်။ ပထမ ရက်ပိုင်းတွေမှာတော့ အလေ့အကျင့်မရှိ၍ ခြေသလုံးတွေ တောင့်တင်းနေ၏။ ဆွမ်းစားပြီး လျှင်လည်း ထမင်းဆိပ်တက်ပြီး တစ်ချိုးတည်း အိပ်ပျော်၏။ ထို့ကြောင့် တစ်ခါတစ်ရံ ကျောင်းအတွင်း၌ ဆွမ်းလောင်းရှိလျှင် ဝမ်းသာမိ၏။

ဒီနေ့လည်း ဆွမ်းလောင်းရှိ၍ ဆွမ်းခံပြီးသော် ဆွမ်းစားချိန်မတိုင်မီတွင် အချိန်ရ၍ တောင်ပုလု ဆည်စပ်သို့ သွားကာ ရေချိုးဆိပ်၌ ရေချိုးသက်န်းလျှော်ရန် သွားကြ၏။

ဆွမ်းစားဆောင်မှ ဆွမ်းစား သံချောင်းခေါက်သံကြားတော့ ဘုရားစင်မှာ ကပ်လှူ ထားသော သပိတ်ကို ယူပြီး ဆွမ်းစားဆောင်သို့ သွားကြ၏။ ဆွမ်းစားဆောင်က ခြေတံရှည် ကျောင်းလေးဖြစ်ပြီး သိပ်မကျယ်ဝန်းလှ၍ ထရံတစ်ဝက်ကာ ထန်းလက်မိုးထား၏။ သံဃာ စုံသော် သုံးဝိုင်းလောက်ခွဲ၍ ဝိုင်းကြ၏။ တစ်ပါးနှင့် တစ်ပါး အထောင်းကလေး၊ အသုပ် ကလေး၊ ငရုတ်သီးကြော်လေးများ မျှဝေလှူဒါန်းကြသည်မှာ ကြည်နူးဖို့ ကောင်းသည်။

. ဆွမ်းစားဆောင်အနီးမှ ကပ္ပိယများကလည်း ဝါတွင်းကာလ မဟုတ်သဖြင့် ရေနွေး ကို လက်ဖက်ခြောက်စပ်ပြီး ခရားအိုးနှင့် အသင့် ခပ်ပေးထား၏။ ဝါတွင်းဆိုလျှင် ရေနွေးကြမ်းသောက်ခွင့် မပြုပါ။ တစ်ခါတရံ သူတို့ (ကပ္ပိယများ) ကလည်း ယာခင်းများမှ ခူးလာသော အရွက်ဖြင့် အသုပ်ကလေးများ၊ ဟင်းချိုရည်များ ကျိုချက်ပြီး လောင်းကြ၏။ တောကျောင်းဆိုတော့ သိပ် ခမ်းခမ်းနားနား ဖွယ်ဖွယ်ရာရာတော့ မဟုတ်ပါ။ ဦးပဥ္စင်းဘိုဘိုက ရွာအတွင်း ဆွမ်းခံရင်း ကုန်စုံဆိုင်များမှ ကော်ဖီမစ်၊ ပုန်းရည်ကြီး၊ နှစ်ပြန်ကြော်၊ ဘာလချောင်ကြော် စသဖြင့် ဝယ်မည်ဟန် ပြင်နေ၍ ဦးပဥ္စင်းဂျာက ဖျောင်းဖျပြီး တားဆီးပါ သည်။ သူက ဦးပဥ္စင်းဘိုဘိုကို ဒီအစားအသောက် သည်းမခံနိုင်လျှင် မြို့ပေါ်ကျောင်းတွေမှာ သွားနေ။ ဒီတောကျောင်း၊ တောရမှာနေပြီဆိုလျှင်တော့ အပိုတွေ ဝယ်မစားဘဲ ရသမျှနှင့် ရောင့်ရဲရန် အကြံပြုသည်။ ဦးပဥ္စင်းဘိုဘိုကလည်း ကောင်းဖို့ရန် အကြံပြုသည်ဖြစ်၍ နားထောင်ရှာပါသည်။ သို့သော် လှူဖွယ်ပစ္စည်းတွေထဲမှ နေ့လွဲညစာ (ကြာရှည်ခံ အစာများ) ကိုတော့ နောက်ရက်အတွက် သိမ်းထားသည့်အကျင့်ကိုမူ မဖျောက်နိုင်သေးပါ။

ဆွမ်းစားပြီးသည်နှင့် သပိတ်ဆေး နေလှမ်းပြီး အဝတ်ဖြင့်သုတ်ကာ သိမ်းပြီးနောက် ပက်လက်ကုလားထိုင် ကိုယ်စီဖြင့် အနားယူကြပါသည်။ ဝိုက်မြည်းမည့်ဆဲဆဲမှာပင် ဦးပဥ္စင်း ဘိုဘို၏ လက်ကိုင်ဖုန်းက အသံမြည်လာ၍ ကောက်ယူနားထောင်လိုက်သည်။

တစ်ဖက်မှ စကားသံကြောင့် ဦးပဉ္စင်းဘိုဘို၏ မျက်လုံးများ ထိတ်လန့်တကြားဖြင့် ပြူးကျယ် ဝိုင်းစက်လာ၏။ နောက်ပြီး ကတိုက်ကရိုက် ပြန်ဖြေနေ၏။

'အင်း..သိပြီ သိပြီ၊ အမေ့ကို ပြောပြလိုက် အမြန်ပြန်လာခဲ့မယ်လို့'

နောက်ပြီးဘေးမှ စိုးရိမ်စိတ်ဖြင့် စောင့်ကြည့်နေသော ဦးပဉ္စင်းဂျာကို ရှင်းပြလိုက်၏။

'တပည့်တော်တော့ ရန်ကုန်ကို အမြန်ကြွမှ ဖြစ်မယ်ဘုရား' (တံတွေးမျိုချရင်း) အခု ဘကြီးဘုန်းကြီး အချုပ်ကျနေတယ်တဲ့ ဘုရား'

'ဟင်၊ သေချာရဲ့လား' ဦးပဉ္စင်းဂျာက အံ့အားသင့်လျက်မေး၏။

ဦးပဉ္စင်းဘိုဘိုက 'သေချာတယ် ဘုရား။ အမေက တပည့်တော်ရဲ့ သူငယ်ချင်းကို အဆက်ခိုင်းတာ၊ အခု သူငယ်ချင်းလည်း ဘကြီးဘုန်းကြီးကို သွားတွေ့ပြီးပြီတဲ့' ဟု အမော တကော ဖြေ၏။

ဦးပဉ္စင်းဂျာက အသေအချာ စဉ်းစားပြီးနောက် သူ့အကြံကို ပြောပြ၏။ 'ခေါင်းအေး အေး ထားပါဘုရား။ ဒီကိစ္စဟာ တပည့်တော် အထင်တော့ ရွှေမျက်မှန်နဲ့ အများကြီး ပတ်သက် နေလိမ့်မယ်။ ဒီလိုလုပ်ပါဘုရား။ တပည့်တော်တို့လည်း ကျောက်ဆင်တောရကို မရောက်သေးတော့ အခု အထုပ်အပိုးပြင်ပြီးတာနဲ့ ဆိုင်ကယ်ကယ်ရီငှားပြီး ကျောက်ဆင်ကို ကြွကြမယ်။ ကျောက်ဆင်က တပည့်တော်တို့ရဲ့ အွန်လိုင်း မိတ်ဆွေနှစ်ပါးကို တွေ့ပြီး နှုတ်ဆက်ပြီးတာနဲ့ အဝေးပြေးလမ်းကနေ ကားနဲ့ ရန်ကုန်ကို ကြွကြတာပေါ့ တပည့်တော် လည်း လိုက်ပို့မယ်'

ဦးပဉ္စင်းဘိုဘိုက ဦးပဉ္စင်းဂျာပါလိုက်မည်ဆို၍ ဝမ်းသာသွားသည်။ 'ကောင်းပါတယ် ဘုရား။ ဒါဆိုရင် ဆရာတော်ထံ လျှောက်ထားခွင့် ပန်ပြီးသွားကြတာပေါ့ဘုရား'

သူတို့နှစ်ပါး ဆရာတော်ထံ ခွင့်ပန်ပြီးတာနှင့် ဆိုင်ကယ်ကယ်ရီရှိရာ (ခြေကျင်ဖြင့် မိနစ် ၂၀ ခရီး) သို့ သုတ်ခြေတင်ကြသည်။ ဆိုင်ကယ်နာရီဝက်ခန့် ခရီးဖြင့် ကျောက်ဆင် တောရမှာရောက်တော့ မေးမြန်းစုံစမ်းရင်းဖြင့် ဦးပဉ္စင်းယိုးနှင့် သွားတွေ့ကြသည်။ ဦးပဉ္စင်း ယိုးကို အကျိုးအကြောင်းပြောပြတော့ ဦးပဉ္စင်းယိုးက သက်ပြင်းချပြီး မှတ်ချက်ပေး၏။

'အင်းလေ၊ မြို့ပေါ်နေရင် ဒီလောက်တော့ ရှိမှာပေါ့။ အရှုပ်ထဲမှာ ရှင်းအောင်နေဖို့ ဆိုတာက လက်တွေ့ သိပ်မလွယ်လှဘူးလေ။ ကိုင်းကိုင်း၊ တပည့်တော်လည်း ဆရာတော် (ကျောက်ဆင်တောရ) ထံ လျှောက်ပြီး ရန်ကုန်ကို အတူကြွပါမယ် ဘုရား'

ဦးပဉ္စင်းဘိုဘိုက ဦးပဉ္စင်းယိုးလိုက်ပါမည် မထင်သောကြောင့် အံ့ဩဝမ်းသာ ဖြစ်သွား သည်။ သို့သော် အားတုံ့အားနာဖြင့် ဖြေသည်။

'ဟာ..အရှင်ဘုရားကို ဒုက္ခမပေးလိုပါဘူး ဘုရား။ အရှင်ဘုရား ကြည့်ရတာ တရားနဲ့ ချမ်းသာနေတာလေး ပျက်သွားမှာပေါ့ဘုရား'

ဦးပဥ္စင်းယိုးက 'ကိစ္စပြီးတော့ ဒီကို ပြန်လာမှာပေါ့၊ ဟိုရောက်တော့မှ တပည့်တော် ဘာကြောင့် လိုက်လဲဆိုတာ ပြောပြပါ့မယ်ဘုရား'

သူတို့ သုံးပါး စကားကောင်းနေစဉ်မှာပင် ဘုန်းကြီး ဦးသုန်က ဆိုင်ကယ်တစ်စီး၏ နောက်မှာ လိုက်ပါရင်းကြွလာရာ အခန့်သင့်ဖြစ်သွားပြီး တစ်ပါးနှင့်တစ်ပါး ဝမ်းသာအယ်လဲ မိတ်ဆက်ကြ၏။ သို့သော် ဝမ်းသာသင့်သလောက် ဝမ်းမသာနိုင်သည့် သူ့ အဖြစ်ကို ဦးပဥ္စင်းဘိုဘိုက ရှင်းပြလိုက်၏။

ဦးသုန်က အသေအချာ နားထောင်ပြီး 'တပည့်တော်လည်း တစ်ရက်နှစ်ရက်နေရင် ရန်ကုန်သွားဖို့ ကိစ္စရှိတော့ ဒီနေ့ပဲ လိုက်ခဲ့မယ်ဘုရား၊ လေးပါး ကြွကြတာပေါ့၊ ဟိုမှာ တပည့်တော်တို့ တည်းစရာ ကျောင်းတွေလည်း တပည့်တော် အသိကျောင်းတွေ အများကြီး ရှိတယ်ဘုရား၊ အားနာစရာလည်း မလိုဘူး။ လူရင်းတွေချည်းပဲ'

သူတို့လေးပါး ရွာမှ လက်မှတ် ရောင်းသူထံ ဖုန်းဆက်ပြီးလေးပါးစလုံး နေရာရမည့် မန္တလေး–ရန်ကုန် အမြန်ကား အမေးခိုင်း၏။ ထိုင်ခုံရဖို့ သေချာပြီ ဆိုသည်နှင့် လက်မှတ် ရောင်းကိုပါ ခေါ်လိုက်ပြီး ၃၀၈ မိုင် ၇ ဖာလုံ မှတ်တိုင် အနီးတစ်ဝိုက်မှာ ရန်ကုန်သို့ ကြွရန် စောင့်ဆိုင်းနေကြ၏။

## အခန်း (၄၈)

## ဓမ္မနှင့်အဓမ္မ အားပြိုင်မှု

ဘကြီးဘုန်းကြီးကို အချုပ်ထောင် အဝတ်အစားနှင့်တွေ့တော့ ဦးပဥ္စင်းဘိုဘို မျက်ရည် ဖြိုင်ဖြိုင်ကျအောင် ရင်နင့်ရပြီ။

'ဟဲ့ ဘို၊ ဘာမှ နင် ခံစားမနေနဲ့၊ ငါ့ ဝဋ်ကြွေးနဲ့ငါ ခံရတာ။ နင်တို့ နှစ်ယောက် သတိပေးတာတောင် ဝဋ်ကြွေးကြောင့် ငါ နားမဝင်ဘူးလေ။' ဘကြီးဘုန်းကြီးက ဦးပဥ္စင်းဘိုဘိုကို နှစ်သိမ့်သည်။

ဦးပဥ္စင်းဘိုဘိုက 'ဘယ်လို ဖြစ်တာလဲဘုရား၊ တပည့်တော်ကို မိန့်ပါဦး၊ တပည့်တော် တို့လည်း တတ်နိုင်သလောက် လိုက်မှာပါ' ဟု လျှောက်၏။

ဘကြီးဘုန်းကြီးက 'ဘာဖြစ်ရဦးမှာလဲ၊ မင်းတို့ ပြောတဲ့ ရွှေမျက်မှန်ပေါ့ကွာ၊ လူယုံ ပြန်သတ်တာပေါ့၊ ငါ့ဂရန်တွေ သက်တမ်းတိုးခိုင်းတော့ ငါ့ကို လက်မှတ်ထိုးခိုင်းတာတွေ အကုန် ထိုးပေးမိတာပေါ့၊ တစ်ချက်တောင် မကြည့်ဘဲ ထိုးပေးခဲ့တာ၊ အခု ငါက ရောင်းပြီးသား ကျောင်းကို၊ အိမ်ကျော်နင်းမှုတွေရော၊ လိမ်လည်မှုတွေရော၊ လက်တစ်ဆုံးကို ဆော်ထည့်လိုက် တာပေါ့ကွာ၊ ငါ့ဘက်က လိုက်မယ့် မော်လမြိုင်က ဦးသံဝရတောင် သက်သေမလိုက်တော့ဘူး။ ငါကြားတာတော့ ဒင်းတို့က သံဝရကို ရွှေသားအစစ်နဲ့ လုပ်ထားတဲ့ မျက်မှန်ကန်တော့ပြီး နုတ်ပိတ်လိုက်သတဲ့။ ငါ့သူငယ်ချင်း ဝမ်းသာအားရနဲ့ ယူပြီးပြန်သွားရော။ ငါ့ဘက်က သက်သေလိုက်ပေးဖို့ နေနေသာသာ ရွှေမျက်မှန်ဘက်က သက်သေမလိုက်တာတောင် ကံကောင်းပဲ'

'ဒါဆိုရင် ဘကြီးဘုန်း အခု ဘယ်လို လုပ်မယ်ကြံထားလဲ' ဦးပဥ္စင်းဘိုဘိုက စိုးရိမ်တကြီး မေးလိုက်သည်။

ဘကြီးဘုန်းကြီးက ပြုံးပြီး ခေါင်းတညိတ်ညိတ် ပြောပြနေသည်။ 'ဒီလောက် အတဲ့ ငါ့ကိုယ်ငါလည်း အပြစ်ပေးချင်သေးတယ်၊ ဝဋ်ကြွေးရှိရင်တော့ ငြင်းလို့ မရဘူးလေ၊ မပူ ပါနဲ့ ငါ့မြေး၊ ငါသစ္စာဆိုထားတယ်၊ ကူညီမယ့်သူ လာမှာပါ'

ဦးပဥ္စင်းဘိုဘိုကမူ စိတ်ပူနေသည် 'အခု ဘကြီးဘုန်း သိက္ခာချထားပြီလားဘုရား'

ဘကြီးဘုန်းကြီးက မျက်နှာထား တည်သွားရင်း ပြောသည်။ 'ဘယ်သိက္ခာချမှာလဲ၊ ဘုန်းကြီးဟာ ဘုန်းကြီးပဲပေါ့၊ ထောင်ကို ကျောင်းလုပ်ပြီးနေတာ ဘာအာပတ်မှ သင့်စရာ မရှိတော့ဘူး၊ ငါက သဘောတောင် ကျချင်နေပြီဟ'

ဦးပဍ္ဍင်းဘိုဘိုက အခုမှ ဦးပဍ္ဍင်းယိုး မှာလိုက်တာကို သတိရသွားပြီး ရွှေမျက်မှန်ကိုယ်တော်နှင့် ဘကြီးဘုန်းကြီး စတင် သိကျွမ်းပုံနှင့်တကွ ဖြစ်ပျက်ပုံ၊ အလုံးစုံကို မေးစမ်းပြီး စာအုပ်ထဲမှာ ရေးမှတ်ထား၏။ ဖုန်းဖြင့်လည်း အသံသွင်းထား၏။

စင်စစ် ဘကြီးဘုန်းကြီး ပြောစကားအရဆိုလျှင် ရွှေမျက်မှန်သည် ကျောင်းမှ ကပ္ပိယကြီးကို ချဉ်းကပ်၍ ဘကြီးဘုန်းကြီး ကျောင်းသို့ ဝင်လာပုံရပေသည်။ ဘကြီးဘုန်းကြီးကိုလည်း အနွံအတာခံ၍ ပြုစုစောင့်ရှောက်ပေးရင်းဖြင့် ဘကြီးဘုန်းကြီး၏ အတွင်းရေးမှူးသဖွယ် လူယုံသဖွယ် ဖြစ်လာခဲ့၏။ သော့မှအစ ငွေကြေးမှအစ ပေးကိုင်ရာတွင် ခြေရာလက်ရာ မပျက်ကြောင်း သတိထားမိရာ ဘကြီးဘုန်းကြီးအတွက် တိုးလို့သာ ယုံကြည်လာ၏။ သို့ဖြင့် စာရွက်စာတမ်း ကိစ္စ၊ ရုံးကိစ္စ ရွှေမျက်မှန်ကိုယ်တော်ကို အလုံးစုံ အားကိုးတော့၏။

သို့သော် ပြဿနာတက်မည့်နေ့က အသားဖြူစပ်စပ် တရုတ်ကပြားလို လူတစ်ယောက် ကျောင်းပေါ်တက်လာပြီး စာချုပ်များ၊ စာရွက်စာတမ်းများပြသ၍ ဘကြီးဘုန်းကြီးကို ကျောင်းမှနှင်တော့၏။ ဘကြီးဘုန်းကြီးလည်း ရပ်ကွက်လူကြီးခေါ်၊ သံဃာအဖွဲ့အစည်း ခေါ်ပြီး ရှင်းတော့ ရှင်းလေရှုပ်လေ ဖြစ်လာသည်။ ဘကြီးဘုန်းကြီးဘက်မှာ တစ်ဦး တစ်ယောက်မှ မရှိကြ။ ဘကြီးဘုန်းကြီး ခြေလှမ်းပေါင်းများစွာ နောက်ကျသွားလေပြီ။ စာရွက်စာတမ်းတွေ စစ်ကြည့်ကြတော့လည်း ဘကြီးဘုန်းကြီး လက်မှတ်အစစ်တွေဖြစ်၏။ ရွှေမျက်မှန်ကိုယ်တော်ကလည်း သူ့ဘက်မှာ မနေဘဲ အူကြောင်ကြောင် လုပ်နေတော့၏။ သို့ဖြင့် ရဲများပါ ပါဝင်လာပြီးလျှင် ဘကြီးဘုန်းကြီး အချုပ်ထဲ ရောက်လာရခြင်း ဖြစ်သည်။

ဦးပဍ္ဍင်းယိုးက ဦးပဍ္ဍင်းဘိုဘို ယူလာသော မှတ်စုစာရွက်တွင် ဘကြီးဘုန်းကြီး အမည်၊ ကျောင်းလိပ်စာများပါ ဖြည့်ရေးပြီး တည်းခိုသည့်ကျောင်းမှ ဦးသုန်၏ မိတ်ဆွေ ဘုန်းကြီး ပေးထားသော ကားပေါ်တက်၍ ယာဉ်မောင်းကို စသုံးလုံးရုံး ရှိရာသို့ အမောင်းခိုင်း၏။

ရုံးရောက်တော့မှ ဦးပဍ္ဍင်းယိုးက သူ့ဦးလေးဖြစ်သူ စသုံးလုံးအရာရှိကြီးနှင့် မိတ်ဆက်ပေးပြီး ဦးပဍ္ဍင်းဘိုဘို ရေးမှတ်လာသော မှတ်စုနှင့်တကွ ဘုန်းကြီးဘွဲ့၊ ကျောင်းလိပ်စာများကို ၎င်းကကြည့်သည်။ နှုတ်မှလည်း သူသိလိုသည်များကို မေးသည်။ အထူးသဖြင့် ဦးပဍ္ဍင်းဘိုဘိုကို သူသိသလောက် ဘကြီးဘုန်းကြီးအကြောင်း အပြောခိုင်းသည်။ ဦးပဍ္ဍင်းဘိုဘိုကလည်း တစ်လုံးမကျန် ပြောပြသည်။ ယနေ့ ဘကြီးဘုန်းကြီးပြောသည့် အချုပ်ထဲတွင် ပင် သီလအညှိုးမခံဘဲ နေကြောင်းကိုလည်း ဦးပဍ္ဍင်းယိုး၏ ဦးလေးဖြစ်သူက စိတ်ဝင်တစားနားထောင်နေသည်။ နောက်ပြီး ဘကြီးဘုန်းကြီးဘက်မှ မှန်သည်ဆိုပါက မစိုးရိမ်ပါနှင့်ဟု မှာကြားပြီး တည်းခိုသော ကျောင်းမှာ ပြန်အနားခိုင်းသည်။

နောက်တစ်နေ့ ဘကြီးဘုန်းကြီး အခန်းသို့ လူတစ်ယောက် အချုပ်ကျပြီး ရောက်လာသည်။ ဘကြီးဘုန်းကြီးက အဖက်လုပ်ပြီး သိပ်စကားမပြော တရားထိုင်လိုက် စင်္ကြံလျှောက်လိုက် ဘာသိဘာသာနေသည်။ အချုပ်သားကိုလည်း ဒကာဟုသာ ခေါ်ဝေါ်ပြီး သူ့ကိုယ်သူ ဘုန်းကြီးကဲ့သို့ပင် နေသည်။ သို့ဖြင့် နေ့လယ်စာ စားချိန်ရောက်လာသည်။ ထမင်း လာပို့သူက

၁၂ နာရီကို ၁၀ မိနစ် စွန်းသွားသဖြင့် တောင်းပန်သောအခါ ဘကြီးဘုန်းကြီးက စိတ်ဆိုးဟန် မပြဘဲ နောက်တစ်နေ့ နောက်မကျရန်သာ မှာကြားပြီး ထမင်းကို ပြန်ယူသွားနိုင်းသည်။ ဘေးမှ အချုပ်သားကတော့ ဆာလောင်မွတ်သိပ်စွာဖြင့် အားပါးတရ စားနေသည်။ နှုတ်မှလည်း ဘကြီးဘုန်းကြီးကို အပြစ်တင်နေသည်။

'အရှင်ဘုရားကလည်း ဒါ အချုပ်ခန်းပဲဟာ၊ ဒီတစ်ထပ်တည်း စားရတာကို ပြန်ယူသွားနိုင်းတော့ တစ်နေ့လုံး အဟာရ ပြတ်သွားမှာပေါ့၊ တပည့်တော် လှမ်းအော်ပေးမယ်ဘုရား၊ တစ်နပ်တည်းတော့ ဘာမှမဖြစ်လောက်ပါဘူးနော်၊ တပည့်တော်အော်ပြီး ပြန်တောင်းလိုက်ရ မလား ဘုရား'

ဘကြီးဘုန်းကြီးက လက်ကာပြီးတားသည် 'ငါတို့ ဘုန်းကြီးဆိုတာ တစ်ခါတည်းမို့ အပြစ်မဖြစ်တာ မရှိဘူး၊ ငါ့သီလကို အသက်နဲ့တောင် လဲသင့်ရင်တောင် လဲဦးမှာ၊ ဒီဆွမ်း တစ်နပ်လောက်တော့ မစင်လောက်တောင် မမက်ဘူး' ဟု ပြတ်ပြတ်သားသား ရဲရဲရင့်ရင့် မိန့်သည်။

ခဏအကြာမှာ အချုပ်သားကို လာထုတ်သွားသည်။ ထိုအချုပ်သားကား တခြား မဟုတ် ဦးပဥ္စင်းယိုး၏ ဦးလေးကိုယ်တိုင် အချုပ်ထဲဝင်၍ ဘကြီးဘုန်းကြီး၏ သီလကို စမ်းသပ်ခြင်းဖြစ်သည်။ ဒီတစ်ချက်တည်းနှင့် ဘကြီးဘုန်းကြီးအပေါ် ယုံကြည်သွား လေပြီ။ ၂ နာရီ လောက် အကြာမှာ ဘကြီးဘုန်းကြီးကို အာမခံနှင့် လာထုတ်၏။ ရုံးခန်းထဲတွင် ဘကြီး ဘုန်းကြီးကို ရိုသေစွာ ထိခြင်းငါးပါးနှင့် ကန်တော့ပြီးလျှင် ခွင့်လွှတ်ပါမည့်အကြောင်း တောင်းပန်သည်။ မွန်းလွဲချိန်တွင် ထမင်းအပို့ခိုင်းပြီး တမင်စမ်းသပ်ခဲ့မိပါကြောင်းနှင့် ယခု ယုံကြည်သွားပြီဖြစ်၍ အမှုမှ လွတ်အောင် အစွမ်းကုန် ကြိုးစားပေးမည့်အကြောင်း လျှောက် ထား၏။ ဘကြီးဘုန်းကြီးကလည်း ခွင့်လွှတ်သည့်အကြောင်း ပြောပြီးလျှင် အမှုမှ လွတ်အောင် သာ လုပ်ပေးမည်ဆိုလျှင် တစ်လလောက် ဆွမ်းမစားဘဲလည်း နေနိုင်ကြောင်း ဦးပဥ္စင်းယိုး၏ ဦးလေး စိတ်မကျဉ်းကျပ်စေရန် အရွှန်းဖောက်ပြီးပြောသည်။ သို့နှင့် အသင့်ဝယ်လာပြီး ကပ်လှူသော ကြွရည်များနှင့် စတုမဓုများကိုလည်း ကျေနပ်အောင် ဘုဉ်းပေးပြလိုက်သေးသည်။

စသုံးလုံး အရာရှိကြီးက သူသည် ဦးပဥ္စင်းဘိုဘို၏ မိတ်ဆွေ ဦးပဥ္စင်းယိုး၏ ဦးလေး ဖြစ်ပြီး သူ့ထံ ဘုန်းကြီးလေးပါးက လာရောက် အကူအညီတောင်းရင်း အမှုလည်း ပြန်ဖွင့် ထားကြောင်း လျှောက်ထား၏။ သူ့နာမည်က ဦးတင်အုန်းဖြစ်ပြီး သူ့ အကြံပြုချက်အရ ဘကြီး ဘုန်းကြီးသည် အသိကျောင်းတိုက် တစ်တိုက်တွင် သွားရောက်ပြီး အပြင်မထွက်ဘဲ သတင်းကိုသာ စောင့်ဆိုင်းနေရမည်ဖြစ်၏။

တစ်ဖက်တွင်လည်း ရွှေမျက်မှန် ကျန်ရစ်သီတင်းသုံးသော ဘကြီးဘုန်းကြီး ကျောင်းသို့ ကပ္ပိယတစ်ဦးမှတစ်ဆင့်ပင် စ သုံးလုံးမှ ဝန်ထမ်းတစ်ဦးက အသွင်ယူပြီး စနည်းနာလျက် ရှိသည်ဟုသိရ၏။

ဦးသုန်၏ မိတ်ဆွေကျောင်းတိုက်တွင်တော့ လိုလေသေးမရှိ ဦးပဋ္ဌင်းဘိုဘိုတို့ လေးပါး တည်းခိုနေကြသည်။ ဦးပဋ္ဌင်းဘိုဘို၏ သောက ပြေပျောက်စေရန်လည်း ထွေရာလေးပါး စကား လက်ဆုံ ပြောဆိုနေကြသည်။

အခန်း (၄၉)

## သုစရိုက်နှင့် ဒုစရိုက်

စသုံးလုံးမှ ဦးတင်အုန်း၏ ညွှန်ကြားချက်ဖြင့် ကပ္ပိယတစ်ဦးအသွင် ယူထားသော ဦးမောင်မောင်ကြီးသည် ကပ္ပိယအစစ်များထက်ပင် ကပ္ပိယနှင့်တူနေသေးသည်။ စကား ကလည်း နည်း၊ အလွန်ရိုကျိုးသည့် အမူအရာဖြင့် သူတစ်ပါး ကိစ္စလည်း မစပ်စုတတ်ပုံ အပြည့် ပေါ်နေပါသည်။

သို့သော် ဦးမောင်မောင်ကြီးက တာဝန်ဖြင့် လာနေသူဖြစ်ရာ စိတ်ကတော့ မျက်ခြည် မပြတ် အကင်းပါးပါး ထောက်လှမ်းနေရသည်သာဖြစ်၏။ သိပ်မကြာပါ။ စရိုက်မှန်တွေ ပေါ်လာ၏။ ရွှေမျက်မှန် ကိုယ်တော်၏ အခန်းမှ မနက်ခင်းကျလျှင် ညစာစားထားသော ပန်းကန်များနှင့် အရက်နံ့နံ့သော ဖန်ခွက်များကို သူသိမ်းရသည်။ ရွှေမျက်မှန်က အလွန် လက်ဖွာပြီး ရက်ရောသည်။ ဦးမောင်မောင်ကြီးအခန်း ရှင်းလင်းတိုင်း တစ်ထောင်တန် အထပ်လိုက် မုန့်ဖိုးပေးသည်။ မသင်္ကာမဖြစ်ရအောင် ဦးမောင်မောင်ကြီးက ရွှေမျက်မှန် ပေးသော ပိုက်ဆံများကို ကျိုးကျိုးနွံ့နွံ့နှင့် လက်ခံသည်။

အပြင်ထွက်လျှင်လည်း ကိုယ့်သဘောနှင့်ကိုယ် မထွက်ဘဲ တစ်ယောက်ယောက်က ခိုင်းမှသာ ထွက်သည်။ ထိုအချိန်ကျမှသာ ဦးတင်အုန်းထံ ဖုန်းဆက်သည်။ ရွှေမျက်မှန် ထံသို့ အသားဖြူဖြူစပ်စပ်နှင့် လူသုံးယောက် မကြာမကြာ လာသည်။ သူတို့ထံမှ အဖိုးတန်သော သတင်းအချက်အလက်များကို ဦးမောင်မောင်ကြီး နားစွန်နားဖျား ကြားရသလောက် မှတ်သားပြီး ဦးတင်အုန်းထံ အစီရင်ခံသည်။ မန္တလေး လေးကျွန်းရွှေမြင့်မိုရ်ကျောင်းတိုက် ဆိုသော စကားနှင့် ရွှေမျက်မှန်သည် သံဃာအတုဖြစ်ကြောင်း သတင်းပို့နိုင်ခဲ့သည်။

ထိုသတင်းများမှ ဆက်စပ်ပြီး ရွှေမျက်မှန်၏ နောက်ကြောင်းများကို လိုက်စုံစမ်းနိုင် လာပြီဖြစ်သည်။ မန္တလေးမှာလည်း ဘကြီးဘုန်းကြီးနည်းတူ ကျောင်းနှစ်ကျောင်း ခံထားရ ပြီ ဖြစ်ကြောင်း စုံစမ်းသိရှိရ၏။

ဘုန်းကြီးများမှာ ဘကြီးဘုန်းကြီးလို ခေါင်းမမာဘဲ စိတ်ပျော့သူများဖြစ်၍ ရွှေမျက်မှန် ဂိုဏ်းကပေးသမျှနှင့် ကျေနပ်ပြီး မျက်ရည်စက်လက်နှင့် ကျောင်းများ စွန့်ခဲ့ကြရ၏။

၎င်းဘုန်းကြီးနှစ်ပါးကိုလည်း သက်သေခေါ်ရန်နှင့် မိမိတို့ကျောင်းများ ပြန်လည် ရရှိရေးအတွက် မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို အစုံစမ်း လွှတ်ထား၏။

ရွှေမျက်မှန်၏ ဓာတ်ပုံဖြင့် ပြစ်မှုမှတ်တမ်းများကို တိုက်ဆိုင်စစ်ဆေးကြသောအခါ နာမည်နှစ်မျိုးဖြင့် ထောင်ကျဖူးသည့် မှတ်တမ်းကို ခြေရာခံမိသွား၏။ လိမ်လည်မှုဖြင့်

ထောင်နှစ်ခါ ကျဖူးပြီးနောက် ဇာတ်မြုပ်သွားကာ ယခု ရွှေမျက်မှန်အဖြစ် ပြန်ပေါ်လာခြင်း ပင် ဖြစ်သည်။ မန္တလေးမှ အလိမ်ခံရသော ကျောင်းထိုင်ဘုန်းကြီး နှစ်ပါးကို တွေ့သော အခါ ရန်ကုန်သို့ ပင့်ပြီးနောက် စသုံးလုံး၌ အမှုဖွင့်စေပြီးလျှင် ၎င်း မန္တလေး ကျောင်းတိုက်နှစ်ခု အမှုများဖြင့်ပင် ရွှေမျက်မှန်ကို အချုပ်ထဲ ထည့်လိုက်၏။

အမှုစစ်နေကျ လူများမှာ သူ့လိုင်းနှင့်သူ ကျွမ်းကျင်ကြ၏။ ရွှေမျက်မှန်လို လူမျိုးသည် လွယ်လွယ်နှင့် ဝန်ခံတတ်သော လူစားမျိုးမဟုတ်ကြောင်းလည်း ဦးတင်အုန်း သိထားပြီး ဖြစ်သည်။

ပထမတော့ ရွှေမျက်မှန်သည် သံဃာ့အရေကိုခြုံရင်း ဘူးခံငြင်း၏။ ငြင်းလို့ မောလောက်ပြီဆိုမှ ဦးတင်အုန်းက အရာရှိဝတ်စုံ ဝတ်ထားသော ဦးမောင်မောင်ကြီးနှင့် တွေ့ပေးလိုက်၏။ ရွှေမျက်မှန်ခမျာ မျက်နှာဇီးရွက်လောက်သာ ရှိတော့သည်။ ဦးမောင်မောင်ကြီးက တာဝန်အရ စေခိုင်း၍ လုပ်ရတာဖြစ်၍ တောင်းပန်ပြီးလျှင် နှစ်ယောက်ချင်း နှစ်ကိုယ်ကြား ယဉ်ယဉ်ကျေးကျေး စစ်ဆေးတော့၏။ ညစာစား၊ အရက်သောက်သည့်အပြင် တစ်ညမှာ ညဉ့်နက်သန်းခေါင်ယံ အမျိုးသမီးတစ်ယောက် တက္ကစီဖြင့် ရောက်လာပြီး ၂ နာရီကြာသောအခါ ရွှေမျက်မှန်၏အခန်းထဲမှ ပြန်ထွက်သွားပုံ ရိုက်ယူထားသည့် ဓာတ်ပုံများလည်း ပြသည်။ ဖြောင့်ချက်ပေးလျှင် ပြစ်ဒဏ် သက်သာရန် အာမခံမည့်အကြောင်း ပြောပြပြီးနောက်ကြရာပါ အသားဖြူစပ်စပ်နှင့် လူများအကြောင်း မေးစစ်၏။ အဆိုပါ သုံးဦးမှာလည်း မူးယစ်ဆေး အရောင်းအဝယ်သမားများ ဖြစ်ကြပြီလျှင် လုပ်ငန်း (လိမ်လည်မှုလုပ်ငန်း) စတင်ရန်လိုအပ်သော ငွေကြေးကို နောက်မှ စိုက်ထုတ်ပြီးနောက် နောက်ပိုင်း ကျောင်းတိုက်များကို သူတို့နာမည်ဖြင့် ပြန်လွှဲပေးရမည် ဖြစ်သည်ဟု အစစ်ခံ၏။

သို့ဖြင့် ဦးတင်အုန်းနှင့် တိုင်ပင်ပြီးလျှင် ရွှေမျက်မှန်ကို ဟန်မပျက်ကျောင်းမှာ သင်္ကန်းဝတ်ဖြင့် ပြန်အနေခိုင်း၏။ သို့သော် အပြင်ထွက်ခွင့်မပြု ဦးမောင်မောင်ကြီး မျက်စိအောက်မှ မပျောက်စေရန် မှာကြားထား၏။ ကျောင်းပေါက်အနီးမှာလည်း ဦးတင်အုန်း လွှတ်ထားသူများက အသွင်ယူလျက် ရွှေမျက်မှန်ကို စောင့်ကြည့်နေကြမည် ဖြစ်သည်။

တစ်ညအိပ်ပြီး နောက်တစ်ရက်တွင်ပင် အသားဖြူစပ်စပ် လူသုံးယောက် ရောက်လာသဖြင့် သူတို့ကို လူစုံတက်စုံ ဖမ်းဆီးခေါ်ဆောင်သွားပြီး စစ်ဆေးကြ၏။ မူးယစ်ဆေးမှတ်တမ်းရှိပြီး လက်ရှိ ကိုင်ဆောင်ထားသော မှတ်ပုံတင်များမှာလည်း သုံးဦးစလုံးပင် အတုများ ဖြစ်နေသည်။

သူတို့ ပစ်မှတ်ထားသော ကျောင်းတိုက်နေရာများမှာ ပထမအချက် သိန်းပေါင်း သောင်းချီ၍ တန်သောနေရာမျိုး ဖြစ်ရသည်။ ဒုတိယအချက် ကျောင်းထိုင်မှာ အသက်ကြီးပြီး ရိုးလွန်းသူများ ဖြစ်ရမည်။ ယုံလွယ်သူများ ဖြစ်ရမည်။ လက်ထောက် ရဟန်းငယ်များ သိပ်မရှိသော ကျောင်းထိုင်ဖြစ်ရမည်ဟု ထွက်ဆိုကြ၏။

၎င်းတို့ လေးဦးကို ရုံးတင်စစ်ဆေးပြီးနောက် လိမ်လည်မှု ထင်ရှားသဖြင့် တရားရုံးက ရွှေမျက်မှန်နှင့် အပေါင်းပါများကို ပြစ်ဒဏ်အသီးသီး ချမှတ်၏။ ရုံးလုပ်ထုံး လုပ်နည်းများ

အရ ကြန့်ကြာမှု အနည်းငယ်ကို စောင့်ဆိုင်းပြီးသော် ဘကြီးဘုန်းကြီးအပြင် မန္တလေးမှ ကျောင်းထိုင်နှစ်ဦး မိမိတို့၏ ကျောင်းများ အသီးသီး ပြန်လည်ရရှိကြ၏။

ဘကြီးဘုန်းကြီးကမူ ဦးပဥ္စင်းဘိုဘိုတို့ လေးပါးကို သူ့ကျောင်း ပြောင်းတည်းရန် ခေါ်ပြီးနောက် သူ့ကိစ္စကို ကိုယ့်ကိစ္စလို သဘောထားပြီး ကူညီကြသော လေးပါးစလုံးကို ကျေးဇူးတင်ကြောင်း မိန့်၏။ ကုသိုလ်လုပ်ချင်သည်ဟုဆိုကာ ဦးပဥ္စင်းဘိုဘိုတို့ လေးပါး အတွက် ဗုဒ္ဓဂယာတွင် ဘုရားဖူးရန်စရိတ် သိန်း ၄၀ ထုတ်ပေးသည်။

ဦးပဥ္စင်းဘိုဘိုတို့က ငြင်းသော်လည်း ဘကြီးဘုန်းကြီးက ဝေါက်သောကြောင့် နောက်ဆုံး လက်ခံလိုက်ရ၏။

'ငါ ကုသိုလ်ကောင်းမှုလုပ်တာကို လက်မခံတဲ့ ဘိုတော့ ယယ်ယယ်တုန်းကလို ကြိမ်နဲ့ အဆော်ခံချင်ပြီ ထင်တယ်၊ သေရင် ငါ့နောက်မပါမယ့် ငွေတွေ၊ ကျောင်းတွေ ငါတော့ ဒီတစ်ချီတည်းနဲ့ သံဝေဂရသွားပြီဟ၊ ဒီကျောင်းလည်း မှန်မှန်ကန်ကန်နဲ့ ကြိုးစားနေတဲ့ စာသင်တိုက်ရှာပြီး လှူပစ်ခဲ့မှာ ငါကတော့ ဇာတိရွာ (အညာ) ဘက်မှာ ဝါးကျောင်း လေးလောက်နဲ့ပဲ ရောင့်ရဲပြီး နေတော့မှာကွ၊ မင်းတို့ လေးပါးစလုံးလည်း ဗုဒ္ဓဂယာ မရောက်ဖူးကြသေးဘူး မဟုတ်လားဟေ၊ ဗုဒ္ဓဂယာရောက်ဖူးရင် ငါတို့ဘုရားကို ပိုပြီး သတိရ၊ ပိုပြီး ကြည်ညို ပိုပြီး သံဝေဂတွေရမှာ သွားကြည့်ကြ မင်းတို့လေးပါးစလုံး၊ ရောက်ပြီးရင် ထပ်တောင် သွားချင်ဦးမှာဟ။'

အခန်း (၅၀)

## ဗုဒ္ဓဂယာ (သို့မဟုတ်) အမြတ်ဆုံးမြေ

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်ရှိ ဗုဒ္ဓဂယာတွင် ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များကော၊ ဗုဒ္ဓဘာသာဝင် မဟုတ်သူများကော လူမျိုးပေါင်းစုံဖြင့် စည်ကားလျက်ရှိသည်။

သံသရာ ဒုက္ခသည်များအဖြစ် လည်နေကြကုန်သော လူနတ်ဗြဟ္မာတို့အား သနားကရုဏာဖြင့် ကယ်တင်ခဲ့သည့် သုံးလူ့ထွတ်ထား မြတ်ဘုရား ပွင့်တော်မူခဲ့ရာ အထွတ်အမြတ် အဖြစ်ဆုံးနေရာ ဖြစ်၍လည်း ဗုဒ္ဓကို ကြည်ညိုသောစိတ်ဖြင့် ဘုရားဖူးလာသူများဖြင့် စည်ကားနေခြင်းဖြစ်၏။

ဗုဒ္ဓပွင့်ခဲ့သည့် နေရာမှ မဟာဗောဓိကျောင်းပင် ဖြစ်၍လည်း ပူဇော်ခံထိုက်ပါပေသည်။ မဟာဗောဓိ ကျောင်းပင်သည် ခံ့လည်း ခံ့ညားလှပါပေသည်။

မဟာဗောဓိ ကျောင်းပင်ရင်း တောင်ဘက် ရင်ပြင်ထက်ဝယ် ရှေ့ဆုံးမှာ သက်နှ်းသပ္ပာယ်စွာ ရုံ၍ထိုင်နေသော မြန်မာလူမျိုး သံဃာလေးပါးသည် ရိုသေကြည်ညိုစွာကန်တော့ပြီး နောက် မဟာဗောဓိကျောင်းပင်ကို ဝမ်းသာပီတိအဟုန်ဖြင့် မမိုတ်မသုန်ကြည့်ရင်း အတန်ကြာအောင် တိတ်ဆိတ်စွာဖြင့် ရင်ခုန်ကြည်နူးလျက်ရှိနေကြ၏။

တစ်ပါးကို တစ်ပါး စကားမပြောဖြစ်ကြ။
သူတို့ ရောက်သည့် နေ့စွဲ ရက်စွဲကလည်း ကဆုန်လပြည့်နေ့။
သည်လိုအချိန် ဒီနေရာမှာ မြတ်ဗုဒ္ဓ ရှိနေခဲ့သည်။ သည်လို လေနုအေးလေး တိုက်ခတ်ရင်း သည်လို အနံ့အသက်တွေ သယ်ဆောင်လာခဲ့မည်။

တစ်ခုပဲ ထူးမည်။ ထိုအချိန်က လူသားထဲမှာ အမြတ်ဆုံးသော မဟာလူသား မြတ်ဗုဒ္ဓသည် ဗောဓိဉာဏ်ဟူသော လူသားတို့ အိပ်မက်မျှပင် မမက်ခဲ့ဖူးသော သံသရာကို ရပ်တန့်နိုင်မည့် အထွတ်အထိပ်ဉာဏ်တော်၊ သဗ္ဗညုတဉာဏ်တော်ကို ပိုင်ပိုင် ဆုပ်ကိုင်ခဲ့ပြီး ဖြစ်မည်။ နတ်ဗြဟ္မာတို့ကလည်း မျှော်လင့်ချက် ကြီးမားစွာဖြင့် သံသရာမှ လွတ်မြောက်ကြောင်းနည်းလမ်းကို ဗုဒ္ဓထံမှ ခံယူသင်ကြားရန် စောင့်ဆိုင်းနေခဲ့ကြမည်။

ထိုသံဃာလေးပါး၏ ရှေ့တွင် ကြေးဖလား သောက်ရေခွက်ကလေးဖြင့် ရေခွက်တစ်ခွက်က စောင့်ဆိုင်းနေသည်။ သူတို့လေးပါး တိုင်ပင်နှီးနှောပြီး ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိကျောင်းပင်အောက်၌ ညီအစ်ကို အရင်းနှယ် သစ္စာရေသောက်ကြရန် ဆုံးဖြတ်ထားပြီးဖြစ်၏။

'မြတ်ဗုဒ္ဓ၏ သားတပည့်များဖြစ်ကြကုန်သော တပည့်တော်တို့ လေးပါးသည် ဗုဒ္ဓညွှန်ပြ အပ်သော ဗောဓိဉာဏ်ကို မရမချင်း၊ မလျှော့သော ဝီရိယဖြင့် အသက်ပင် ပဓာနမထားဘဲ ကျင့်ကြံကြမည်ဟု သစ္စာပြုပါသည် အရှင်ဘုရား၊ ထို့အပြင် သက်ဆုံးသည့်တိုင် သရဏဂုံ တည်ဆောက်သွားမည်ဖြစ်ပြီး ဗုဒ္ဓပညတ်သည့် ဝိနည်းကို မချို့ယွင်းရအောင် ရိုသေတကျစွာ လိုက်နာသွားမည်ဟု သစ္စာပြုပါသည် အဘ မြတ်စွာဘုရား'

သစ္စာပြုပြီးနောက် လေးပါးသံဃာတို့သည် သူတို့နှင့် ဘုရားဖူးအဖွဲ့မှာ အတူပါလာသော ဒကာတစ်ဦးဖြစ်သည့် ကိုမောင်မောင်သိန်းကို လှမ်းခေါ်လိုက်ပြီးနောက် မေးမြန်းသည်။

'ဒကာကြီး ကိုမောင်မောင်သိန်းရေ၊ ကျုပ်တို့ ခင်ဗျားကို အကူအညီ တစ်ခု တောင်းချင် တယ်၊ ကူညီနိုင်ပါ့မလား'

ကိုမောင်မောင်သိန်း 'တပည့်တော် တတ်နိုင်တာဆိုရင် ကူညီပါ့မယ်ဘုရား၊ ဘယ်လို ကူညီရမှာလဲဆိုတာသာ ပြောပါဘုရား'။

လေးပါးသံဃာက 'ဒီလို ဒကာကြီးရဲ့၊ ဦးပဥ္စင်းတို့ ခရီးနှင်ကစပြီး ပါလာတဲ့ ဝတ္ထုငွေတွေ မကိုင်ချင်တော့ဘူး၊ လေးပါးစလုံး ဒကာကြီးဆီမှာ အပ်ထားချင်တယ်၊ ရန်ကုန်ထိ ဆိုပါတော့၊ ဦးပဥ္စင်းတို့ လိုအပ်တာရှိရင် ဒကာကြီးကို ပြောမယ်၊ ဒကာကြီးက ကြည့်စီစဉ်ပေးနိုင်မလား၊ လွတ်လွတ်လပ်လပ်တော့ မသွားရတော့ဘူးပေါ့၊ ဒကာကြီးက တစ်ဦးတည်းလာတာ သိလို့ အကူအညီ တောင်းကြည့်တာပါ၊ ဘယ်လိုလဲ'

ကိုမောင်မောင်သိန်း 'ရပါတယ်ဘုရား၊ တပည့်တော် ဆောင်ရွက်ပေးပြီး ကုသိုလ် ယူပါ့မယ်'

လေးပါးသံဃာက စိတ်လက်ပေါ့ပါးစွာ မတ်တတ်ရပ်လိုက်ကြရင်းမှ ဦးသုနက မဟာဗောဓိညောင်ပင်ကို မော့ကြည့်ရင်း စတင်၍ ရှင်းပြ၏။

'အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ ဘုရားအဖြစ်ကို ရောက်အောင်ကျင့်ဖို့ ဥရုဝေလ တောရပ်ကနေ ဗောဓိညောင်ဆီကို နေမဝင်မီရောက်အောင် လာခဲ့ရတာပေါ့။ 'ဗုဒ္ဓ' ပွင့်ရာ မြေဟာ 'ဂယာ' မြို့ရဲ့ အနီးမှာရှိလို့ 'ဗုဒ္ဓဂယာ'လို့ အမည်တွင်လာတာပေါ့။' ဦးသုနက ဆက်၍ . .

'သီရိဓမ္မာသောကမင်းကြီးက ကလိင်္ဂတိုင်း စစ်ပွဲအပြီးမှာ ဗုဒ္ဓဘာသာဝင် ဖြစ်သွားတယ်၊ ဗုဒ္ဓဂယာဗောဓိပင်ရဲ့ တောင်ဘက်အကိုင်း (ဒက္ခိဏသာခါ) ကို ဖြတ်ပြီး သီရိလင်္ကာနိုင်ငံရဲ့ ရှင်ဘုရင် 'ဒေဝါနံပိယတိဿမင်း' ဆီကို လက်ဆောင်ပို့တယ်။ ဗောဓိကိုင်း ဖြတ်တဲ့နေရာ ကနေ အပင် ပြန်ထွက်လာတယ်။ ဗောဓိပင်ရဲ့ တန်ခိုးကြီးပုံကို လက်တွေ့ တွေ့မြင်ရတော့ မဟာဗောဓိပင်ကို သီရိဓမ္မာသောကမင်းကြီးက အမြဲပူဇော်လေ့ရှိတယ်။' ဦးသုနက ဆက်၍ မဟာဗောဓိပင်၏ ရာဇဝင်ကို ရှင်းပြသည်။

'မဟာဗောဓိပင်က သုံးကြိမ် ဖျက်ဆီးခံရပြီး တစ်ကြိမ် လေမုန်တိုင်းကြောင့် လဲကျခဲ့တယ်၊ ပထမအကြိမ်က အသောကမင်း ခဏခဏသွားပြီး ပူဇော်နေတာကို မကြိုက်တဲ့ မိဖုရားတစ်ယောက်က ဗောဓိပင်ကို ဖျက်ဆီးခိုင်းတယ်။ မင်းကြီးက တွေ့တော့ နွားနို့လောင်း ပူဇော်ပြီး အဓိဋ္ဌာန်ပြုတယ်။ အရင်အတိုင်း ပြန်ပေါက်လာတော့ မင်းကြီးက လေးဘက်လေးတန် အုတ်တံတိုင်း ခတ်ပေးထားတယ်'။

'ဒုတိယအကြိမ် ဘင်္ဂလားပြည်နယ် အလယ်ပိုင်းက ရှိဝဘုရင် ဆာဆန်ကာ (Sasanka) က ဗောဓိပင်ကိုခုတ် အမြစ်ပါတူးပြီး မီးရှို့ပစ်တယ်။ မာဂဒဘုရင် ပူရဏဗာမန် (Purnavarman) က ဗောဓိပင် ထပ်ပြီး စိုက်ခဲ့တယ်။ ဆာဆန်ကာက ထပ်ဖျက်ဆီးတော့ ပူရဏဗာမန်က ထပ်စိုက်ပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ ရန်သူတွေ မဖျက်ဆီးနိုင်ဖို့ ကျောက်လက်ရန်းကြီးတွေ ကာရံထားတယ်'။

'တတိယအကြိမ် ခရစ်နှစ် ၁၁၉၃ ခုနှစ်မှာ မဂိုလ်ဗိုလ်ချုပ် မိုဟာမက်ဂိုရီ (Mohammed Ghory) နဲ့ စစ်ဗိုလ်စစ်သား ၂၀၀၀ ကျော် ဗုဒ္ဓဂယာကို ရောက်လာပြီး မဟာဗောဓိပင်၊ စေတီတော်နဲ့ ဘုန်းကြီးကျောင်းတွေပါ မီးရှို့ဖျက်ဆီးပစ်တယ်'

'အေဒီ ၁၂ ရာစု အကုန်မှာ အိန္ဒိယနိုင်ငံ တစ်ခုလုံး မွတ်ဆလင်တွေရဲ့ လက်အောက်ရောက်သွားတယ်၊ မဂိုလ်မင်းဆက် ၁၃ ဆက်ထိ ဒေလီမြို့မှာ နန်းစိုက်ပြီး အုပ်ချုပ်သွားတယ်၊ ခရစ်နှစ် ၁၅၂၇ ခုနှစ်ကျမှ ဟိန္ဒူဘုန်းကြီး 'မဟန့်ဂိရိ' ရဲ့ အဘိုးဖြစ်သူဟာ မဟာဗောဓိပရိဝုဏ်နဲ့ ဂယာမြို့ဟောင်းနေရာမှာရှိတဲ့ တာရာဒီးဟ်ရွာကို 'ဘုရင်မိုဟာမက်ရှား' ဆီကနေ အပိုင်စား ရသွားခဲ့တယ်'။

'၁၈၇၆ ခုနှစ်မှာတော့ မဟာဗောဓိပင်ဟာ လေမုန်တိုင်းကြောင့် ပြိုလဲခဲ့ရပြန်တယ်၊ ဟိန္ဒူဘုန်းကြီး မဟန့်ဂိရိက မူလနေရာမှာ လက်ရှိ အပင်ကြီးဖြစ်နေတဲ့ ဗောဓိပင်မျိုးကို ပြန်စိုက်ပေးခဲ့တယ်'။

'အဲဒီအချိန်ကစလို့ ဗုဒ္ဓဘာသာ အထင်ကရ နေရာတိုင်းလိုလိုနားမှာ ဟိန္ဒူတွေကလည်း သူတို့ဘာသာရဲ့ အထင်ကရတွေ လိုက်လုပ်လာတယ်။ တချို့ နေရာတွေမှာဆိုရင် တရားရုံးမှာ အမှုဆိုင်ပြီးမှ တူးဖော်တော့ ဗုဒ္ဓရဲ့ သင်္ကေတတွေ ပေါ်လာလို့ ဗုဒ္ဓဘာသာဝင်တွေဘက်က အမှုနိုင်ပြီး ပြန်ရတာရှိတယ်'။

'အသောကမင်းက မဟာဗောဓိပင်နားမှာ 'မဟာဗောဓိစေတီတော်' တည်ထားခဲ့တယ်။ မာဂဒဘုရင်တစ်ပါးက လက်ရှိပုံစံ အရွယ်အစားဖြစ်အောင် ပြုပြင်တည်ဆောက်တယ်။ ဒါပေမဲ့ နောက်ပိုင်းပျက်စီးခဲ့ပြီး ၁၂၃၉ ခုနှစ်မှာ မင်းတုန်းမင်းက ဗိတိုရိယဘုရင်မကို အကူအညီတောင်းပြီး စေတီတော်ကို ပြုပြင်စေခဲ့တယ်။'

'၁၈၉၁ ခုနှစ်မှာ သီရိလင်္ကာနိုင်ငံက ဓမ္မပါလရယ်၊ မြန်မာနိုင်ငံက ဦးသိန်းမောင်နဲ့ ဦးဘစီရယ် ဟိန္ဒူဘုန်းကြီး မဟန့်ဂိရိ လက်ကနေ ဗုဒ္ဓဘာသာဝင်တွေရဲ့ လက်ထဲပြောင်းပေး

ဖို့နဲ့ အိန္ဒိယ၊ မြန်မာနဲ့ သီရိလင်္ကာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တွေ ပူးတွဲထိန်းသိမ်းနိုင်ဖို့ နှစ် ၆၀ နီးပါး ကြိုးပမ်းခဲ့ကြတယ်။

'ဒါပေမဲ့ အိန္ဒိယ အစိုးရကပဲ လွှဲယူလိုက်တယ်။ ဗုဒ္ဓဘာသာဝင်များရဲ့ အထွတ်အမြတ်နေရာအဖြစ် သတ်မှတ်ပြီး ဒီနေ့အထိ ထိန်းသိမ်းစောင့်ရှောက်ထားတယ်။'

❖

## အခန်း (၅၁)

# ဘုရားရှင်အဆက်ဆက် အသုံးပြုရာမြေ

မဟာဗောဓိညောင်ပင်အနီးမှ ဖယ်ခွာ၍ သံဃာလေးပါးသည် မဟာဗောဓိ စေတီတော် အတွင်း၌ 'ဘူမိဖဿ' ရုပ်ပွားတော်မြတ်ကြီးအား အခြားဘုရားဖူးများနှင့်အတူ ရှေ့သက်န်း ကပ်လှူပူဇော်ကြ၏။

ကိုယ်တိုင် ရောက်ဖူးသည့်အပြင် ဗုဒ္ဓဂယာအကြောင်း စာအုပ်များ ဖတ်ရှုထားသော ဦးသုန်က မဟာဗောဓိ စေတီတော်မှ ထွက်လာရင်း ရေးသားထားသော ဆိုင်းဘုတ်များကို ကြည့်ကာ ဒါက ပထမသတ္တာဟဖြစ်တဲ့ ပလ္လင်္ကသတ္တာဟပဲ၊ ခုနစ်ရက်ပတ်လုံး မထဘဲ သမာပတ် ဝင်စားနေခဲ့တာ၊ ဒါက ဒုတိယသတ္တာဟခေါ်တဲ့ အနိမိသဌာန၊ ဒီနေရာကနေ ပလ္လင်တော်ဆီကို မျက်စိမမှိတ်ဘဲ ကြည့်ခဲ့တာ လောဘနဲ့ ကြည့်တာ မဟုတ်ဘဲ ဉာဏ်တော် အတွက် စိုက်ထူခဲ့တဲ့ မှတ်တိုင်တစ်ခုအနေနဲ့ ကြည့်ခဲ့တာဖြစ်တယ်။ တတိယသတ္တာဟက စင်္ကမသတ္တာဟ၊ နတ်ပြဟ္မာတွေ ယုံကြည်သက်ဝင်လာဖို့ ဒီနေရာမှာ ရတနာစင်္ကြံ ဖန်ဆင်းပြီး ကောင်းကင်မှာ စင်္ကြံကြွခဲ့တဲ့နေရာ။ ဒါက စတုတ္ထသတ္တာဟခေါ်တဲ့ ရတနာဃရဌာန၊ ပဋ္ဌာန်းတရား ဆင်ခြင်တဲ့နေရာ။ ဒါက ပဉ္စမသတ္တာဟ ဆိတ်ကျောင်းညောင်ပင်ခေါ် မာရ်နတ်ရဲ့ သမီးတွေကို အောင်မြင်တဲ့နေရာ။ ဆဋ္ဌမသတ္တာဟက ကျည်းပင်ပေါက်တဲ့နေရာ။ မုစလိန္ဒာအိုင်ရှိလို့ မုစလိန္ဒသတ္တာဟလို့လည်း ခေါ်တယ်။ သတ္တမသတ္တာဟက 'လင်းလွန်းပင်' ပေါက်တဲ့နေရာ။ ရာဇာယတနသတ္တာဟလို့ ခေါ်တယ်။ တစ်နေရာကို ခုနစ်ရက်ကြာ သမာ ပတ် ဝင်စားခဲ့တာပဲ။ နောက်တစ်ရက် နံနက်ကျမှ သိကြားမင်း ကပ်လှူတဲ့ ဒန်ပူ မျက်နှာ သစ်ရေနဲ့ သုံးသပ်တယ်။ တဖုဿနဲ့ ဘလ္လိကကို ဆံတော် စွန့်တော်မူပြီး သရဏဂုံနှစ်ပါး ပေးတော်မူခဲ့တယ်။

သံဃာလေးပါးသည် တခြား ဘုရားဖူးများနှင့်အတူ ဗုဒ္ဓဘုရားအလောင်းတော် ဒုက္ကရ စရိယာကျင့်ရာ သဘာဝ ကျောက်ဂူကို သွားဖူးကြပါသည်။ နောက်ပြီး ဃနာနို့ဆွမ်း ကပ်လှူ ခဲ့သော သုဇာတာ၏ နေအိမ်မြေနေရာ၊ ကြည့်ရှုပြီးနောက် ဗုဒ္ဓဂယာမှ မိဂဒါဝုန်တောရှိရာ ဗာရာဏသီသို့ ကားဖြင့် ကြွကြပါသည်။

မိဂဒါဝုန်အဝင် ဝဲဘက်မှာ စေတီတော်တစ်ဆူကိုတွေ့ရာ ဦးသုန်ကညွှန်ပြရင်း ဒီနေရာမှာပေါ့ ဗုဒ္ဓလာရင် ခရီးဦးမကြိုဆိုဖို့ တိုင်ပင်ထားပေမယ့် ဗုဒ္ဓရဲ့ မေတ္တာတော် ဓာတ် ကြောင့် ပဉ္စဝဂ္ဂီငါးပါးစလုံး ဘယ်သူမှ မနေနိုင်ဘဲ ထွက်လာပြီး ခရီးဦး ကြိုကြတဲ့ နေရာပေါ့။

ရှေးကတည်းက ဘေးမဲ့တောဖြစ်၍ ယခုတိုင် ဘေးမဲ့သမင်လေးများကို တွေ့မြင်နေရ၏။

ဦးသုန်က အသေးစိပ်ရှင်းပြနေသည်။ ဗုဒ္ဓ၏ ပထမဆုံးသော ဓမ္မစကာဝန်းကို စတင်လည်ပတ်စေသော ဓမ္မစကြာ တရားဦးဟောမည့် ပဥ္စဝဂ္ဂီတို့ သီတင်းသုံးရာ မိဂဒါဝုန်သို့ ကြွတော်မူရာမှ စ၍ ရှင်းပြနေရာ ကျန်သံဃာသုံးပါးတို့မှာ ထိုအချိန် ထိုကာလဆီက ပုံရိပ်များကို ရုပ်ရှင်ပြသကဲ့သို့ မြင်ယောင်နေကြရ၏။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့် စနေနေ့ ညနေချမ်း နေရောင်၏ နောက်ဆုံးသော အလင်းတန်းတို့က တောက်ပဆဲ၊ လ၏ အဖွင့်နိဒါန်း အလင်းတန်းတို့ကလည်း ဖြာကျစ အချိန်။ အနွေးရောင်နှင့် အအေးရောင်တို့က မိဂဒါဝုန်ရှိ သစ်ပင်ပင်စည် အကိုင်းအခက်အရွက်တို့၌ နေရောင်တစ်ခြမ်း လရောင်တစ်ခြမ်း စုတ်ချက်ကျသည့် ပန်းချီကားတစ်ချပ်။ မနေးလွန်း မမြန်လွန်းသည့် အဖိုးမဖြတ်နိုင်သော ခြေလှမ်းတို့ဖြင့် ကြွလာနေသည်က သဗ္ဗညုတဉာဏ်ပေါ်ကို ကယ်တင်မည့် မဟာလူသား၊ အကြီးမြတ်ဆုံး ဗုဒ္ဓ၊ ဗုဒ္ဓကိုလည်း ရှင်နေမင်းကတစ်ဝက် ငွေလမင်းကတစ်ခြမ်း အရောင်တို့ဖြင့် ပူဇော်လျက်ရှိ၏။ သို့သော် ဗုဒ္ဓကိုယ်တော်၏ ကိုယ်ပိုင်အလင်းက ဉာဏ်အလင်း။ ထိုဉာဏ်အလင်းကိုဖြင့် မည်သည့်အလင်းမှ မတိုးဝင်နိုင်ခဲ့။

နောက်ပြီး ဗုဒ္ဓ၏ အလင်းရောင်များစွာ အနက်မှ သံသရာကို ရပ်တန့်စေမည့် ဉာဏ်အလင်းရောင်၊ ထို့အပြင် လောကဓာတ် တစ်ခွင်လုံးကို လွှမ်းခြုံထားမည့် မေတ္တာ၊ ဓာတ်စွမ်းအား။ သဗ္ဗညုတ ဉာဏ်တော်ကို ရခဲ့ပြီဟူသော ယုံကြည်မှု စွမ်းအားတို့ကြောင့် ပဥ္စဝဂ္ဂီ ငါးပါးဖြစ်စေ အခြားမည်သူ တစ်ဦးတစ်ယောက်ဖြစ်စေ ဗုဒ္ဓကို ခရီးဦးကြိုဆိုမှု မပြုဘဲ နေစိမ့်နိုင်အံ့မထင်။

မိဂဒါဝုန်တော၌ ဗုဒ္ဓက ဓမ္မစကြာတရားဖြင့် ပဥ္စဝဂ္ဂီ ငါးပါး၏ အဝိဇ္ဇာအမှောင်တိုက်ကို လင်းစေအပ်ခဲ့ပြီ။ တစ်နေ့လျှင် တစ်ပါးကျ သောတာပန်ဖြစ်ကြပြီးနောက် ၅ ရက်မြောက်သောနေ့၌ အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူရာ ငါးပါးစလုံး ရဟန္တာဖြစ်ကြ၏။ ပေါ်ဘိက္ခု ခေါ်ပြီးနောက် ပရိက္ခရာ စုံလင်စွာဖြင့် ကနဦး သံဃာပရိသတ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဦးသုန်တို့ သံဃာလေးပါး နောက်ထပ် ဖူးမျှော်ကြည်ရှုရာများကား ငုတ်တိုတို့သာ ကျန်ရစ်သော အာသောက ကျောက်စာတိုက်၊ ဓမ္မစကြာ ဟောကြားရာ နေရာ၌ တည်ထားသည့် 'ဓမ္မေခစေတီတော်' တို့ ဖြစ်သည်။

ထိုမှတစ်ဖန် မြတ်ဗုဒ္ဓကောင်းကင် (နတ်ပြည်) မှ ဆင်းသက်ရာနေရာ ဖြစ်သည့် ခြေတော်ရာ 'သင်္ကဿနဂိုရ်' ရောက်ရှိကြ၏။ ထို့နောက် မြန်မာကျောင်းတော်မှာ ဆရာတော် ဦးနန္ဒကို ဝင်ကန်တော့ကြ၏။

ဒေလီမြို့ရောက်တော့ ကြာပွင့်ပုံသဏ္ဍာန် တည်ထားသည့် 'ဗဟာအီ' အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး စေတီတော် ဝင်ဖူးကြရသည်။

ထို့နောက် မဟာသတိပဋ္ဌာနသုတ် ဟောကြားရာ ကုန်းမြင့်နေရာ၊ သာဝတ္ထိဇေတဝန်ကျောင်းနေရာ၊ ဒေဝဒတ်မြေမျိုရာနေရာ၊ ထိုမှ လမ်း၏ ဘယ်ဘက်တောင်ကုန်းနေရာမှာ တိတ္ထိတို့ကို နှိမ်နင်း၍ ရေအစုံမီးအစုံ တန်ခိုးပြတော်မူရာ 'သရက်ဖြူပင်ကုန်း'၊ ဒုတိယ ဗောဓိညောင်ပင်၊ ထိုမှတစ်ဖန် ၂၁ ဝါမှ ၄၅ ဝါတိုင် ၂၅ ဝါ ပတ်လုံး သီတင်းသုံးတော်မူရာ ဂန္ဓကုဋိကျောင်းတိုက် နေရာကို ဝင်ရောက် ကြည့်ညိုကြရ၏။

သာဝတ္ထိကို ပင့်ဆောင်၍ အနာထပိဏ်သူဌေးက ကျောင်းဆောက် ကိုးကွယ်ခဲ့သော ဇေတဝန်ကျောင်း (ဘုရားရှင်တိုင်း သီတင်းသုံးရာ နေရာ၊ အဝိဇတလေးဌာန အပါအဝင်) ဖြစ်သည်။ သာဝတ္ထိရှိ မြန်မာဘုန်းကြီးကျောင်းကို ဝင်ခဲ့ကြ၏။

ထို့နောက် သံဝေဂယူစရာ သံဝေဇနီယလေးဌာန၌ ပါဝင်သော ဗုဒ္ဓဘုရား အလောင်းတော်ကို မွေးဖွားရာနေရာ လုမ္ဗိနီဥယျာဉ်တွင် ဝင်ရောက် မကြည့်ညိုမီ ငြိမ်းချမ်းရေး မီးရှူးတိုင် အနီးတွင်လည်း ဓါတ်ပုံရိုက်ခဲ့ကြ၏။

ဗုဒ္ဓဖွားမြင်ရာ နေရာအဆောက်အအုံတွင်ကား အလယ်ကွက်လပ်ကို ဘေးပတ်ပတ်လည် စကြံလမ်းဖြင့်ပတ်၍ ကြည့်ညိုကြရ၏။ ဆက်၍ ရှေးဟောင်းသုတေသနက တူးဖော်ဆဲဖြစ်ပြီး အထိမ်းအမှတ် သင်္ကေတများကိုလည်း ဆက်၍ တွေ့ဆဲဖြစ်၏။

၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့ ဤနေရာ၌ လောကတွင် အမြတ်ဆုံးသော လူသား ဗုဒ္ဓအလောင်းတော်အား မွေးဖွားခဲ့သည်ကို ပြန်ပြောင်း သတိရမိခြင်းဖြင့် ကြီးမားသော ခွန်အားကိုယ်စီ ဖြစ်ပေါ်စေပါသည်။ လုမ္ဗိနီရှိ မြန်မာကျောင်း။ ရွှေကျောင်း ဆရာတော်ထံ ဝင်ရောက် ကန်တော့ခဲ့ကြ၏။

လုမ္ဗိနီပြီးတော့ 'ကုသိနာရုံ'။ မြတ်ဗုဒ္ဓသည် ၄၅ ဝါ ပတ်လုံး သတ္တဝါတို့၏ အကျိုးစီးပွားအတွက် မနားမနေ အပတ်တကုတ် ကြိုးပမ်းအားထုတ်ပြီးနောက် ပရိနိဗ္ဗာန်ပြုရာ နေရာဖြစ်သည်။ ဤနေရာတွင် ရွေး၍ ပရိနိဗ္ဗာန်ပြုရခြင်းအကြောင်းရင်းကို ဦးသုန်က ရှင်းပြသည်။

ဤနေရာတွင် ဗုဒ္ဓသည် စကြဝတေးမင်း ဖြစ်ဖူးခြင်း၊ မဟာသုဒဿနသုတ်ကို ဟောကြား ရန်ရှိခြင်း၊ သုဘဒ္ဒပရိဗိုဇ်ကို နောက်ဆုံးချေချွတ်၍ ရဟန္တာဖြစ်စေရန်ရှိခြင်း၊ ဤနေရာတွင် ဓာတ်တော် ကျချိန်၌ မလ္လမင်းတို့ ငြင်းခုံကြလျှင် ဖျန်ဖြေရန် အားလုံးအပေါ် ဩဇာရှိသည့် ဒေါနပုဏ္ဏားရှိနေခြင်း အကြောင်းတို့ကြောင့် ဖြစ်ပေသည်။

သက်တော် ၈၀ ပြည့်သည့်နေ့ နေဝင်ချိန်အရောက် မလ္လမင်းတို့ထံ အရောက် ကြွတော်မူရာ အင်ကြင်းပွင့်တို့ အခါမဲ့ပွင့်၍ ဗုဒ္ဓခြေတော်ရင်းသို့ ဝပ်တွားခဲ့ကြ၏။

ဗုဒ္ဓပရိနိဗ္ဗာန်ပြုသည့် လျောင်းတော်မူ ရုပ်ပွားတော်မြတ်ကို ဦးခိုက်ရသည်မှာ ရင်ထဲတွင် အနာကျင်ဆုံး ဖြစ်ရ၏။ ဗုဒ္ဓသက်တော်ထင်ရှား ပရိနိဗ္ဗာန်ပြုဆဲ ငါ၏ ခန္ဓာငါးပါးပင်လျှင် သင်္ခါရတရားတို့ကို လွန်ဆန်နိုင်ခြင်း မရှိကြောင်း ကိုယ်တော်တိုင် ဝေဒနာခံစားလျက်

သက်သေပြသွားသည့်ပုံကို ပြန်မြင်ယောင်ပြီး နှမြောတသစိတ်၊ ကြေကွဲသည့် နှလုံးဖြင့် ဖူးတွေ့ရသူတိုင်း မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျရသည်သာ။

ထိုနောက် ဗုဒ္ဓနောက်ဆုံး ရေသုံးသပ်ရာဌာ ဘူမိဖဿ ဆင်းတုတော်ကို ဖူးမြော်ကြ၏။ မိးသဂြိုဟ်ရာနေရာ၌ အင်္ဂါရစေတီတော်ဖူးပြီးနောက် ကုသိနာရုံ မြန်မာကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိဿရကို ဝင်ကန်တော့ကြ၏။

ထို့မှ ဒုတိယသင်္ဂါယနာတင်ရာ ဝေသာလီ၊ ဝေသာလီ မင်းသားများ၏ ဓာတ်တော် ဝေစုကို သိမ်းဆည်းရာ ဓာတ်တော်တိုက်ကို ဝင်ရောက်ကြ၏။

နာလန္ဒာကျောင်းဟောင်းနေရာကား တစ်ချိန်က လွန်စွာခမ်းနားကြီးကျယ်ခဲ့ပုံကို ခံစားကြရ၏။ ကြွင်းကျန်သော အုတ်ခုံများကပင် ကြီးကျယ်မြင့်မားလှ၏။ ထို့နောက် လက်ရှိ နာလန္ဒတက္ကသိုလ် အသစ်သို့ ဝင်ရောက်ကြည့်ရှုကြရာ တက်ရောက်နေသော မြန်မာ ဘုန်းတော်ကြီးအပါး ၃၀ ကျော်ကို ဖူးတွေ့ ကြရပြီး ဘုရားဖူးများ အားလုံး သဒ္ဓါတရားများ နိုးကြွလာပြီးနောက် အင်တိုက်အားတိုက် လှူဒါန်းကြရာ တစ်ချီတည်း မြန်မာငွေ ကျပ် သိန်း ၅၀ ကျော် စာသင်သံဃာများ အလှူခံရရှိကြ၏။

ထို့မှ ရှင်သာရိပုတ္တရာစေတီ ဖူးပြီးသော် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရ၏ ဝေဠုဝန် ကျောင်းတော်ရာနေရာ (ကျောင်းရေစက်ချသည့်အချိန်က မြေလျှင်လှုပ်ခဲ့သော ကျောင်း တော်ရာဖြစ်ပြီး ဝမ်းနည်းစရာကောင်းသည်မှာ ဘာသာခြားတို့က သချိုင်းလုပ်ထားသည်ကို တွေ့ကြရ၏။ ရာဇဂြိုဟ်မှာ ရှင်မဟာကဿပ သီတင်းသုံးခဲ့သည့် ပိပ္ပလိဂူကျောင်း၊ အဇာတ သတ်၏ ဓာတ်တော်တိုက်ရှိရာ မဏိရာမတ်၊ ဇီဝက၏ သရက် ဥယျာဉ်၊ ထိုဥယျာဉ်နေရာမှာပင် ဗုဒ္ဓ၏ သာမညဖလသုတ္တံဒေသနာကို အဇာတသတ်မင်း နာကြားရပြီးနောက် ပရိဝေဒမီး ငြိမ်းအေးရာနေရာဖြစ်၏။

ထို့ပြင် ရှင်အာနန္ဒာဂူနှင့် ရှင်သာရိပုတ္တရာဂူ၊ ဂိဇ္ဈကုဋ်တောင်တို့ကို ဝင်ရောက် ကြည့်ရှု ကြပြီးနောက်တွင်ကား ဗုဒ္ဓဂယာ ပြန်ရောက်ကြ၏။ ဗုဒ္ဓဂယာမှာ မဟာအောင်မြေ မြန်မာ ကျောင်းတိုက်ရှိပြီး ထိုမှမဟာဗောဓိညောင်ပင်သို့ လမ်းလျှောက်သွားလျှင် မိနစ် ၂၀ မျှသာ ကြာ၏။

သံဃာလေးပါးသည် မဟာဗောဓိ ညောင်ပင်ရှိရာသို့ လန်ချားမစီးဘဲ လမ်းလျှောက် သွား၏။ ဆွမ်းစားချိန်မှ လွဲ၍ အိပ်ရာထမှ အိပ်ရာဝင်ထိ မဟာဗောဓိပင် အောက်တွင်ပင် ထိုင်၍ တရားများ ရှုမှတ်နေကြ၏။ ဩော်.. ဗုဒ္ဓ၏ သားတော်များအား ဗုဒ္ဓပွင့်ရာ အောင်မြေမှ မင်္ဂလာချင်လောက်အောင်ပင် ညို့ယူဆွဲဆောင်နေသည့်နယ်ပင် ထင်ရ၏။

❖

အခန်း (၅၂)

## အရိယာတို့ကို သာမန်လူတွေ မမြင်တွေ့နိုင်

ဗုဒ္ဓဂယာမှ ပြန်လာပြီးနောက် ဦးပဥ္စင်းလေးပါးသည် အတွေးကိုယ်စီမှာ နစ်မြုပ်လျက် ရှိနေကြသည်။ ဗုဒ္ဓဂယာကို သွားရောက် ဖူးမြော်ခြင်းအားဖြင့် ဗုဒ္ဓကို ကိုယ်တိုင်သာသနာပြု ခဲ့သောနယ်မြေနှင့် အထိမ်းအမှတ်များကို ကိုယ်တိုင်မျက်စိဖြင့် မြင်တွေ့ခဲ့ရပြီဖြစ်၍ ယုံကြည်မှုနှင့် သဒ္ဓါအားတွေ ထက်သန်နေသည်။ အစက ဦးသုန်ပြောသော စကားကို မခံစားမိ။ ဦးသုန်က 'တပည့်တော်ကိုယ်တွေ့ ဦးပဥ္စင်းတို့သုံးပါး ရောက်ပြီးတာနဲ့ ထပ်လာချင် လိမ့်မယ်' ဟု အသွားခရီးမှာ ပြောခဲ့ခြင်းဖြစ်သည်။

ကိုယ်တွေ့ ကြုံတော့လည်း မဟာဗောဓိပင်အောက်မှပင် မခွာချင်ကြ၊ ဆွမ်းစားဖို့ပင် အချိန်သိပ်မပေးချင်ကြ။

ဦးသုန်ကလည်း ရွာကျောင်းမှာ သိပ်သီတင်းမသုံးဖြစ်ဘဲ ကျောက်ဆင်တောရမှာ ကျိန်းစက်သည့် ရက်တွေ ပိုများလာသည်။

သူတို့ ဝိုင်းဖွဲ့ပြီး ဆွေးနွေးဖြစ်သည့် အကြောင်းအရာက အကျင့်သီလ ပြည့်စုံသည့် ဆရာစစ် ဆရာမှန်များရှာ၍ စာရင်းပြုစု ရှာကြည့်ဖို့ပင်။ လွယ်မယောင်နှင့် အလွန် ခက်ခဲသော အလုပ် ဖြစ်နေပါသည်။

သို့သော် ဒီနေ့ သာသနာသည် ထင်သလောက်တော့ မဆိုးသေးပါ။ ရွှက်ပုန်းသီးတွေ လည်း အများအပြား ရှိပါသေးသည်။ အဆိပ်ရှိ သတ္တဝါများအကြားတွင် မေတ္တာပွားများရင်း တရားဓမ္မရှာဖွေနေသူ ရဟန်းများ၊ သုသာန်တစ်ခုနှင့်တစ်ခု ပြောင်းရွှေ့ ကျင့်ကြံနေသည့် ရဟန်းများ၊ ဂူအောင်းလျက် ဂူတင်ဆောင်ရင်း အားထုတ်နေသော သံဃာတော်များ၊ စာသင် တိုက်ကြီးများနှင့် ကျောင်းတိုက်ကြီးများကို စွန့်ပစ်ခဲ့ပြီး သက်န်းသုံးထည်ဖြင့် အတည်တကျမရှိ လှည့်လည်ရင်း ဗောဓိဉာဏ်ကို လှမ်းကိုင်နိုင်ရန် ကြိုးပမ်းနေသော သံဃာများ၊ ဝိနည်းကျိုး ပေါက်လျှင် မက်ဖိုလ်မရနိုင်မှာကို စိုးရိမ်၍ ကိုရင်ကြီးအဖြစ် သိက္ခာချပြီးလျှင် လူသူမနီးသော တောင်ထိပ်ပေါ်တက်၍ အားထုတ်သူများ၊ လူများရောက်ရန် ခက်ခဲသော ရေလည်ကျွန်းလို နေရာမျိုးကို လှေဖြင့်ဆွမ်းခံရင်း သီတင်းသုံး အားထုတ်နေသူ သံဃာတော်များ၊ သတင်းများ ဇာတ်ကြောင်းများကို သံဃာတော်များ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် နာကြားရသည်မှာ ကြက်သီးမွေးညှင်းထဖွယ်ဖြစ်၏။ အားကျစရာလည်း ကောင်း၏။ အသာစံလိုက အနာခံရမည် ဆိုသည့်အတိုင်း ခံနိုင်ရည်ရှိပါ့မလား စိတ်ထင့်နေကြ၏။

သို့သော်...အရိယာပုဂ္ဂိုလ်တို့ မည်သည် အလွန်သိသိမ်တတ်သည့် သဘာဝရှိသည်။ လူသိမခံ၊ လူအစည်ကားမခံကြ။ လူနည်းနည်း ကပ်လာလျှင်လည်း တစ်ခြားနေရာကို မဆိုင်း မတွ ပြောင်းပြေးပြီး ဖတ်မြုတ်နေတော့၏။ ကိုယ့်သီလ၊ သမာဓိနှင့် ပတ်သက်၍ အမြင်မခံ အသိမခံ အထိမခံကြ။ သူတို့ ထူထောင်နေသော သူတော်ကောင်းတရားတို့သည် လာဘ်မျှော် ကိုး၍မဟုတ်။ ပရိသတ် မျှော်ကိုး၍ မဟုတ်။ နာမည်ကြီးဖို့မဟုတ်။

လူတွေကလည်း ခက်သည်။ တရား တကယ်လိုချင်၍ ချဉ်းကပ်သူက လူတစ်ရာလျှင် တစ်ယောက်ပင် ရှိပါ့မလား။ သီလရှိသူကို လှူလျှင်၊ ရှိခိုးလျှင် ရမည့်ကုသိုလ်ကို မျှော်ကိုး ကြသည်။ ကံကောင်းခြင်းကို လိုချင်ကြသည်။ ဘုန်းရိပ်ကို ခိုလှုံ၍ စိန်နားကပ်ရောင်ဖြင့် ပါးပြောင်ချင်ကြသည်။ ကိုယ်တိုင်တော့ အပင်ပန်းမခံချင်ကြ။ နိဗ္ဗာန်အကျိုးထက် လောကီ အကျိုးလောက်သာ သက်သောင့်သက်သာ ရချင်သည်မှာ လူတို့၏ သဘာဝဖြစ်သည်။

တချို့ ပုဂ္ဂိုလ်များက တပည့်အဖြစ် လက်ခံသော်လည်း တချို့ပုဂ္ဂိုလ်များက တပည့်ပင် လက်ခံလိုစိတ် မရှိကြ။ သူတို့လေးပါး စာရင်းချရေးပြီး အစီအစဉ်ဆွဲကြ၏။ နေရာအတည် တကျ မနေသောပုဂ္ဂိုလ်များ၏ နောက်ဆုံးရ သတင်းအစအနများကိုလည်း စုကြဆောင်းကြ သည်။

တိုင်ပင် ဆွေးနွေးကြရင်းဖြင့် တစ်ရက်ထက် တစ်ရက် စိတ်အားတက်ကြွလာကြသည်။ အထက် ဗမာပြည်၊ အောက်ဗမာပြည်၊ ရှမ်းပြည်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယား ပြည်နယ် အနှံ့၊ မိုးကုတ်၊ မဟာစည်၊ တောင်ပုလုရိပ်သာခွဲများအနှံ့၊ တောရကျောင်းအားလုံး၊ သုသာန်ကျောင်းအားလုံး နှံ့အောင် သွားကြမည် ဖြစ်သည်။ လက်မခံလျှင်လည်း အနည်းဆုံး တစ်ညဖြစ်စေ တစ်မနက်ဖြစ်စေ ဩဝါဒ ခံယူကြမည် စိတ်ကူးထားကြသည်။

တောရစာရင်းက သိပ်တော့ မနည်းလှ။ မွန်ပြည်နယ်၊ သပိတ်အိုင်တောရ၊ တောင်စွန်း ဓမ္မရုတတောရ၊ ကေလာသတောင်၊ ကျောက်အိုင်တောရ၊ ဖားအောက်တောရ ဘုန်းကြီး ဦးသီလတောရ၊ ရေးမြို့တောရ၊ ဝင်းစိန်တောရ၊ ဘဟုန်တောရ၊ ဟစ်တော်မူတောရ၊ မင်းကွန်း ချောင်တောရကျောင်းများ။ စစ်ကိုင်းဝါးချက်ကျောင်း။ တောင်ပုလုရေလယ်ကျွန်း၊ ပက္ကရွှေတောင်၊ ရစ်ကန်ဦးရေဝတ၊ သလ္လာဝတီမြစ်မြောက်ဘက် ဝန်ပိုလိုဏ်ဂူနေ အမေရိကန်ဘုန်းတော်ကြီး၊ နတ်ကန်ကျောင်း ဆရာတော်၊ ရွာမွန်သုသာန် ဆရာတော်၊ မဟာဗောဓိမြိုင်ဆရာတော်ကြီး၊ စာရင်းက ရှည်လျားလှသည်။

ဒါတောင် မင်းတပ်တောင်ပုလုတိုက်ခွဲ၊ ပျော်ဘွယ်တောင်ပုလုတိုက်ခွဲ မပါသေး။ တကယ်တမ်း ခရီးထွက်ကြမည်ဆိုတော့ ဘယ်က စထွက်ရမှန်းမသိ ဖြစ်နေကြသည်။ သို့ဖြင့် အောက်ပြည်အောက်ရွာ ဘက်မှ စကြသည်။ ဖားအောက် တော်ကူး စသည့် နာမည်လည်းကြီး စည်းကမ်းလည်းကြီး အကျင့်လည်း ပြင်းထန်သော တောရကျောင်းများမှာ အနည်းဆုံး တစ်လစီ အားထုတ်ခဲ့ကြသည်။ ဝတ္ထုငွေ မကိုင်ဘဲ ခရီးသွားရတာ တော်တော် ထောက်ပါသည်။ နောက်ပိုင်းမှာ အမြဲတမ်း ကပ္ပိယတစ်ယောက်တော့ လိုပေမည်။ လောလောဆယ်မှာတော့ တစ်နေရာရောက်လျှင် ခရီးစရိတ်လှူပြီး လက်မှတ်ပါ ဝယ်ပေးမည့် အလှူရှင်ရှာရသည်။

သက်န်းသုံးထည်ကတော့ ကိစ္စမရှိ၊ တစ်လှည့်ဆီ လျှော်ဖွပ်လို့ရသည်။ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာခဲ၊ တစ်ရှူးလိပ် စသည်အတွက်တော့ သိပ်အသားမကျသေးပါ။ တောရ ကျောင်းတွေဆိုပေမယ့် အလျှံပယ်ထားပေးပါသည်။ သို့သော် ရှားပါးသော နေရာများတွင် နေနည်းထိုင်နည်းအတွက်မူ ဘယ်လိုနေရမည် မသိသေးပါ။ တောထဲတောင်ထဲ တစ်ပါးတည်း သုသာန်နေရာမျိုး၊ သဘာဝ လိုဏ်ဂူလို နေရာမျိုး၊ အများကြီး လေ့လာသင်ယူရန် လိုပါလိမ့်မည်။

ဤကိစ္စနှင့် ပတ်သက်၍ သူတို့ လေးပါး ကံကောင်းသည်မှာ ရစ်ကန်ရွာ သုသာန်နား တွင် ဝါးကျောင်းဖြင့် တစ်ပါးတည်း သီတင်းသုံးသော ဦးရေဝတနှင့် တွေ့ဆုံ၍ နည်းနာ ခံယူဖြစ်သွားခြင်း ဖြစ်သည်။ သူတို့ လေးပါးသည် လက်ညှိုးထိုး လမ်းခွဲမှ တစ်ဆင့်ကား ဆက်စီးပြီးနောက် ရစ်ကန်အနီးမှ ရေပေးသည့် ဆည်ရေမြောင်း တစ်လျှောက် ဆင်း၍ တာရိုးလမ်းအတိုင်း သပိတ်ကိုယ်စီလွယ်ကာ နေစောင်းသည့် အချိန်တွင် သုတ်ခြေတင်နေကြသည်။

ဆရာတော်ဦးရေဝတကား ရန်ကုန်မြို့ သာကေန်အနီးရှိ စာသင်တိုက်ကြီးတစ်ခုလုံးကို စွန့်၍ ရွာစဉ်လှည့်ကာ သုသာန်များ၌ တစ်ပါးတည်းနေလေ့ရှိသောကြောင့် လည်းကောင်း၊ တောင်ပုလုထွက်ဖြစ်၍ တစ်ကြောင်း၊ လှိုင်းတက် ဆရာတော်၏ တပည့်ရင်းဖြစ်၍ လည်း ကောင်း၊ သီလကြောင့်လည်းကောင်း နာမည်ကျော်ကြားသူ ဖြစ်သည်။

ဆရာတော် ဦးရေဝတ၏ ဂုဏ်သတင်းများကြောင့် သူတို့လေးပါး စိတ်လှုပ်ရှားရင်းဖြင့် ရွာသူရွာသားများ၏ ညွှန်ပြပေးမှုအရ ဆရာတော်၏ လေးပင်တိုင် ထရံကာ သက်ကယ်မိုး ကမ္မဋ္ဌာန်းကျောင်းလေးဆီ ရောက်သွားကြသော်လည်း ဆရာတော်ကား ထွက်မလာခဲ့။ တဲ အပြင်ဘက် လင့်စင်လေးအောက်တွင် လေးပါးစလုံး မြေကြီးပေါ်တွင် အိပ်စက်ကြရသည်။

မနက်နေထွက် ဆရာတော် ဆွမ်းခံထွက်တော့မှသာ ဆရာတော်ကို ဖူးမြင်ခွင့် ရကြ၍ ရှိသေစွာ ကန်တော့ကြ၏။ ဆရာတော်ကား ပိန်ပိန်ပါးပါး မျက်နှာတော်တော် ချောင်ပြီး ရှိုးသားသော အိန္ဒိယနွယ်ဖွားရုပ်သွင်ဖြစ်သည်။

ဆရာတော်က သူတို့အား တစ်ပတ်သာ ခွင့်ပြုမည်ဟုဆိုပြီးလျှင် သူနှင့် တစ်ပါတည်း ဆွမ်းခံလိုက်ရန် ဖိတ်ကြားသဖြင့် လေးပါးစလုံး ကမန်းကတမ်း မျက်နှာသစ်ကြပြီး သပိတ် လွယ်လျက် ဝါစဉ်အလိုက် စီတန်းကာ ဆွမ်းခံကြွကြကုန်၏။

❖

## အခန်း (၅၃)

## မြေပွေးမြေဟောက်မကြောက်သူ ဦးရေဝတ

ဘွဲ့အမည်က ဦးရေဝတဖြစ်သည်။ အသားညိုညို ပိန်ပိန်ပါးပါး၊ အရပ်အနည်းငယ် ပုသည်။ ပါးရိုးများ ချောင်ကျနေပြီး လမ်းလျှောက်လျှင် ခြေတစ်ဘက် အတန်ငယ်နိမ့်သည်။

ဆရာတော်ကို လမ်းမှာတွေ့လျှင် သိပ်ထူးထူးခြားခြား ထင်မှတ်ကြမည်မဟုတ်။ ဥပမိရုပ်ကလည်း အလွန်တည်ကြည်ပြီး နိမ့်ချသည့်အသွင်က လွှဲ၍ သိပ်ထင်ထင်ပေါ်ပေါ် မဟုတ်ပါ။

သို့သော် အတွင်းသိ အစင်းသိပုဂ္ဂိုလ်များအဖို့မူ အလွန်ထူးခြားသော ပုဂ္ဂိုလ်ဖြစ်ကြောင်း သိကြသည်။ ဘုန်းကြီးဦးသူရိယက ဆရာတော် ဦးရေဝတနှင့် ပတ်သက်၍ သူကိုယ်တွေ့ကို အခုလို ပြောပြသည်။

'တပည့်တော်က ဆရာတော်ကို တွေ့တဲ့အချိန်က လူဝတ်နဲ့၊ ရဟန်းဘောင် မတက်ရသေးဘူး ဘုရား။ တပည့်တော်ရဲ့ လယ်က သုသာန်နားမှာ။ တစ်ရက်တော့ တပည့်တော် လယ်ထွန် နေတုန်းမှာ သံဃာတစ်ပါး သုသာန်ဇရပ်ကို ကြွလာတာ တွေ့ရတယ်။ ဒါနဲ့ သုသာန်ဇရပ်ကိုသွားပြီး သန့်ရှင်းရေး လုပ်ပေးလိုက်တယ်။ သောက်ရေအိုးလည်း သောက်ရေ ဖြည့်ပေးခဲ့တယ်။ ဒါနဲ့ အရှင်ဘုရား ဘာလိုသေးပါသလဲဘုရားလို့ မေးလျှောက်တော့ တပည့် တော်ကို သုသာန်ထဲက ဂူနှစ်ဂူကြားကို ခေါ်ပြပြီး ဒကာကြီးတတ်နိုင်ရင် ဒီနေရာမှာ မြေလေး ညှိပေးသွားပါလို့မိန့်ပြီး ဆက်မပြောတော့ဘူး။ ဒါနဲ့ တပည့်တော်က ပေါက်ပြားလေးနဲ့ မြေညှိပေးခဲ့ပါတယ်။'

'တပည့်တော်လည်း နောက်ရက်တွေပါ ဆက်ပြီး သန့်ရှင်းရေး လုပ်၊ သောက်ရေ ရေဖြည့်ပေးတယ်။ ဆရာတော်က ဆွမ်းတစ်ထပ်တည်းပဲ စားတယ်။ သပိတ်နဲ့ စားတယ်။ စကားမပြောဘူး။ နွေခင်းနွေလယ် မအိပ်ဘဲ ထိုင်လိုက်၊ စင်္ကြံလျှောက်လိုက်ပဲ လုပ်တယ်။ ဖယောင်းတိုင်၊ မီးခြစ်နဲ့ ဓာတ်မီး မဆောင်ဘူး။ ရွာထဲက လူတွေ ပြောကြတယ်။ ညဘက် လည်း သုသာန်မှာ ၎တ်တုတ်ပဲတဲ့။'

တစ်ညကျတော့ မိုးကြီး သဲသဲမည်းမည်း ညလုံးပေါက်ရွာတယ်။ သုသာန်က ချောင်းစပ် မှာဆိုတော့ မိုးကြီးရင် ရေတက်လာတတ်တယ်။ မနက်စောစော စိုးရိမ်လို့ ဆရာတော်ကို သွားကြည့်တော့ ခပ်လှမ်းလှမ်းကနေ ဆရာတော်ရဲ့ ညည်းသံ ကြားရတယ်။

ဇရပ်ပေါ်မှာ ဆရာတော်ဟာ ရေစပ်စပ်ကြားထဲမှာ လူးလိမ့်နေတယ်။ ကိုယ်တွေလည်း ခြစ်ခြစ်တောက် ပူနေပြီ။ ဆရာတော်ရဲ့ ပါးစပ်က 'မြွေ' ဆိုတဲ့ အသံကြားလို့ ခြေထောက်ကို ကြည့်လိုက်တော့ မြွေကိုက်ရာနဲ့ ခြေထောက်က ယောင်ကိုင်းနေပြီ။ အဆိပ်တွေကလည်း တစ်ကိုယ်လုံး ပျံ့နှံ့နေတော့ နှုတ်ခမ်းတွေ ပြာနှမ်းပြီး အသက်ငွေ့ငွေ့ပဲ ကျန်တော့တယ်။

တပည့်တော်လည်း ကပျာကယာ လှည်းကောက်ပြီး ကျန်းမာရေးမှူးဆီ ဒုန်းစိုင်းရတာပေါ့။ ကျန်းမာရေးမှူးကလည်း အလွန်တော်တယ်ဗျာ၊ သူက မြွေကိုက် အထူးကုလို့ ဆိုလောက်တယ်။ မြွေကိုက်လူနာ ၁၀ ဦးရောက်လာရင် ၉ ဦး အသက်ရှင်တယ်။ ဆရာတော် သက်သာတယ် ကြားလို့ သွားပင့်တော့ အဲဒီ သုသာန်ဇရပ်ကိုပဲ ပြန်ကြွတယ်။ ရွာဘုန်းကြီး ကျောင်းက ပင့်ပေမယ့် မကြွဘူး။ ပင့်တဲ့ ဘုန်းကြီးကိုတော့ ကျေးဇူးတင်ကြောင်း သွားလျှောက်တယ်။ သူလျှောက်တဲ့စကားက မှတ်သားလောက်စရာပဲ။'

ဆရာတော်က 'တပည့်တော်ကို အရှင်ဘုရားတို့ နယ်ထဲက သုသာန်မှာ ခွင့်ပြုခဲ့တာပဲ ကျေးဇူးတင်လှပါပြီဘုရား။ တချို့ ကန့်ကွက်လို့ မဝင်ဖြစ်တဲ့ သုသာန်တွေ ရှိခဲ့ဖူးပါတယ် ဘုရား။ တပည့်တော်လည်း တစ်နေရာတည်းမှာ ကြာကြာ မနေတတ်လို့ သုသာန်မှာပဲ နေခွင့်ပြုပါဘုရား' လို့ လျှောက်တယ်။ ဆရာတော်က တောင်ပုလုရိပ်သာ တောင်ကျောင်းက လှိုင်းတက်ဆရာတော်ရဲ့ တပည့်ရင်းပဲ။ လက်ရှိ တောင်ပုလုတောင်တိုက်က လှိုင်းတက် ဆရာတော်ကို ဆက်ခံတဲ့ ဆရာတော် ဦးဇာဂရထက် ဝါငယ်တယ်။ ဆရာတော် ဦးဇာဂရက တောင်ပုလု တောင်ရိပ်သာကို လွှဲပေးချင်တာ လက်ခံယူဖို့ ဆရာတော် ဦးရေဝတကို လျှောက်တော့ ဆရာတော် ဦးရေဝတက ငြင်းတယ်။ 'တပည့်တော် ရန်ကုန်မှာ စာသင်တိုက် တစ်ခုလုံးတောင် စွန့်လာတာပါဘုရား။ ဘယ်မှာမှ အတည်တကျ မနေဖို့လည်း ဆုံးဖြတ်ထားလို့ပါဘုရား' တဲ့။

နောက်တစ်ပတ်အကြာမှာ ရေကြီးပြန်ရော ရေက တော်တော်တက်လာပြန်တော့ ဆရာတော်က ထုံးစံအတိုင်း ထုပ်တန်းပေါ် (မျောက်များ၊ ငှက်များလို) တက်အိပ်ရတာပေါ့။ ဒီမှာတင် မြွေဟောက် တစ်ကောင်လည်း ထုပ်တန်းအတိုင်း တက်လာပြီး ဆရာတော်ရဲ့ ခြေထောက်ကို ပေါက်တော့တာပဲ။ ဆရာတော်က ခါးကြားထဲက ဘလိတ်ဓားနဲ့ ခြေကို ခွဲပြီး စုပ်ထုတ်တယ်။ မနက်ကျတော့ ခြေထောက်ယောင်ကိုင်းပြီး ဆွမ်းမခံနိုင်တော့ဘူး။ ရွာထဲက ဆွမ်းလာပို့ကြ ရတယ်။ ဒီတစ်ခါတော့ ဆရာတော်က ဆေးရုံကို မလိုက်တော့ဘူး၊ ဆရာတော်ဟာ ဖျားရဲ့ဖျားပြီး သေတော့ မသေဘူး။'

နောက်ပိုင်း တပည့်တော်ကိုယ်တိုင် မျက်စိနဲ့ မြင်ရတာက ဆရာတော် တရားထိုင် နေစဉ်မှာ မြွေဟောက်က ဝင်ခွေလိုက် မြွေပွေးက ဝင်ခွေလိုက်။ တစ်ခါဘလေ ပုခုံးပေါ်က ကျော်သွားလိုက်နဲ့ ဆရာတော်ကို အန္တရာယ် မပြုတော့တာကို တွေ့ရတယ်။

တဖြည်းဖြည်းနဲ့ ဆရာတော်ရဲ့ သီလ၊ သမာဓိအားတွေကြောင့် ရွာနီးချုပ်စပ်က ကိုးကွယ်ကြည်ညိုသူတွေ ပေါ်များလာတယ်။ ဆရာတော်က ဝတ္ထုလည်း မကိုင်၊ စားစရာ လည်း အလှူမခံ၊ ဖယောင်းတိုင်လည်း မဆောင်တော့ လူတွေ ဘာလှူရမှန်းလည်း မသိ

ကြဘူး။ ကန်တော့ရုံ ကန်တော့ခံပြီး သီလမပေးဘူး၊ တရားမဟောဘူး၊ သရဏဂုံ တည်ဖို့ပဲ မှာကြားတယ်။

နောက်ပိုင်း စီးပွားရေးသမားတွေ၊ အာဏာသမားတွေ ကားကြီးကားငယ်နဲ့လည်း ရောက်လာကြရော ဆရာတော်က ခြေရာဖျောက်ပြီး နောက်တစ်နေရာကို ရွှေ့သွားတာပဲ။ ဆရာတော် ဦးရေဝတ ဘယ်ရွာကို ပြောင်းရွှေ့သွားတယ်ဆိုတာ ဘယ်သူမှ မသိလိုက်ကြဘူး။ ဘယ်သူမှလည်း ကြိုတင်ပြီး မရိပ်မိကြဘူး။ ဘယ်သူမှလည်း မမြင်လိုက်ဘူး။ မနက် အရုဏ်မတက်မီမှာ တစ်ပါးတည်း ထွက်သွားတာပါ။

ဆရာတော်က ဘာကိုမှ အလှူမခံတော့ သူဌေးတွေ တော်တော် အခက်တွေ့ကြတယ်။ ဝမ်းတွင်းဘက်က သူဌေးတစ်ယောက်ကတော့ ဖွဲကောင်းတယ် ဆိုရမယ်။ ပေကပ်ပြီး ဆရာတော် လက်မခံလည်း အကြံပြုပါ သူတစ်ခုခုတော့ လှူပါရစေလို့ အတင်းတွယ်ကပ် ပြီးနေတော့ ဆရာတော်ကလည်း ဒီအတိုင်းဆိုရင်တော့ ငါတရားဖြောင့်ဖြောင့် ကျင့်ရတော့မှာ မဟုတ်ဘူးဆိုပြီး သူ့ကားနဲ့ မြို့ပေါ်လိုက်သွားတယ်။ နောက်ပြီး တောရဘုန်းကြီးတွေနဲ့ အပ်စပ်မယ့် ပစ္စည်းတွေ လိုက်ညွှန်ပြတယ်။ တာယာဖိနပ် (ကားတာယာအဟောင်းနဲ့ လုပ်ထားသော ဖိနပ်)၊ မုတ်ဆိတ်ရိတ်ဓား၊ ဖယောင်းတိုင်နှင့် သက်န်းများကို ဝယ်စေပြီးလျှင် တောင်ပုလုရိပ်သာကို ကားတစ်စီးတိုက် သူပါအတူ လိုက်ပါလှူဒါန်းတယ်။ ခွင့်ရတဲ့ သူဌေးမှာလည်း ဝမ်းသာလို့မဆုံးတော့ဘူး။ ဆရာတော် ညွှန်ကြားတဲ့ ပစ္စည်းများအပြင် အပိုဆောင်းပါ ဝယ်လှူတယ်။ နောက်တစ်ရက်လည်း ဆွမ်းလာလောင်းလိုက်သေးတယ်။

သည်လို အရိယာပုဂ္ဂိုလ်များကို ဆည်းကပ်ကိုးကွယ်၍ လှူဒါန်းရသော အကျိုးကား တွက်ဆ၍ပင် မဖြစ်နိုင်ပေ။ များမကြာမီ အဆိုပါ သူဌေးသည် သိန်း ၁၅၀၀ ဆုကြီးပေါက်ပြီး ဆရာတော်ကို လိုက်ရှာရာမှာ ရှာမတွေ့နိုင်တော့။

❖

# အခန်း (၅၄)

## ကိလေသာတိုက်ပွဲ နွံမည့်စစ်သည်တော်

လေက မတိုက်ချင်တိုက်ချင်နှင့် တအိအိရွေ့သည်ဆိုရုံလေး ရွေ့လျားရင်း တိုက်ခတ်နေသည်။ လေပူတွေ တိုက်ခတ်နေခြင်း ဖြစ်သော်လည်း လုံးလုံးမတိုက်ခတ်ဘဲ ငြိမ်သက်နေသည်နှင့် စာလျှင်တော့ သိပ်မဆိုးလှ။ ဆရာတော် ဦးရေဝတ၏ တဲကျောင်းက အရိပ်ကလည်း သံဃာလေးပါးတို့အတွက် လုံလောက်သော အေးမြမှုကို မပေးနိုင်။ ချွေးများက သက်နှိုးအတွင်းမှာ ရွှဲနစ်နေသည်။

ကာမဂုဏ်အာရုံတွေမှာ မွေ့လျော်၍ လောကီမှာပျော်သည့် လောကီပျော်တွေ အတွက်တော့ ဆရာတော် ဦးရေဝတ၏ တဲကျောင်းဝန်းကျင်သည် တစ်မိနစ်မျှပင် နေချင်စရာမကောင်း။ သို့သော် လောကီကိုခွာ၍ လောကုတ္တရာ အေးချမ်းမှုကို ရှာမည့် သံဃာလေးပါးအတွက် ဆရာတော် ဦးရေဝတ၏ ဩဝါဒများကြားမှာ နှစ်မျောစိတ်ဝင်စားလျက် ပတ်ဝန်းကျင်ကိုပင် မေ့လျော့နေကြ၏။

ဆရာတော်က အရင်ဆုံး သူတို့လေးပါး၏ သယ်ဆောင်လာသော ပစ္စည်းများကို စစ်ဆေး ကြည့်ရှုနေ၏။ ဦးပဥ္စင်းဘိုဘိုက အပူဒဏ်ကို လျော့ပါးစေရန် ကေသီသက်နှိုးကို ပခုံးပေါ်မှ ချိုင်းအောက်သို့ လျှော့ချထားရင်း သူတွင်ပါလာသည့် ပစ္စည်းများကို ချပြနေ၏။ ဆရာတော်က ဦးပဥ္စင်းဘိုဘိုအား သက်နှိုး (ကေသီ) ကို ပခုံးပေါ် ပြန်တင်၍ သပ်သပ်ရပ်ရပ် ခြုံစေ၏။ သူ့ပစ္စည်းတွေက အများဆုံးဖြစ်ပြီး သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာခဲ၊ ဆပ်ပြာခွက်၊ အဝတ်လျှော် ဆပ်ပြာမှုန့်ထုပ်၊ ဘလိတ်ဓားနှင့် ဘလိတ်ဓားကြုတ်။ ဆေးဘူးများ၊ စတုမဓု၊ စားပွဲတင်နာရီ၊ မှတ်စုစာအုပ်၊ ဘောလ်ပင်၊ လျက်ဆားနဲ့ အင်္ဂလိပ် ဆေးကတ်များ၊ တစ်ရှူးစက္ကူလိပ်၊ ဖွန်း၊ ဓာတ်မီး၊ လက်သုတ်ပဝါ၊ တဘက်၊ တော်တော် အမယ်စုံလှ၏။

ဆရာတော်က အားလုံးကို လေသံအေးအေးလေးနှင့် မေးသည်။

'တပည့်တော်ရဲ့ နည်း၊ တစ်နေရာနဲ့ တစ်နေရာ ပေါ့ပေါ့ပါးပါး သွားလာပြီး တရားအားထုတ်သွားနိုင်မယ့် နည်းကို အရှင်ဘုရားတို့ တကယ်လိုချင်တယ်၊ သင်ပြပေးပါဆိုရင် ပထမဆုံး တပည့်တော် ပြောတဲ့အတိုင်း လုပ်နိုင်မှာလား။'

လေးပါးစလုံးက 'လုပ်နိုင်ပါတယ်ဘုရား' ဟု တစ်သံတည်း ထွက်လာသည်။

ဆရာတော်က 'သာဓု သုံးကြိမ် ခေါ်ဆိုပြီးနောက် -မှတ်စုစာအုပ်၊ ဘောလ်ပင်၊ ဘလိတ်ဓား၊ ကြုတ်နှင့် မိမိနှစ်သက်ရာ ဆေးတစ်မျိုးကိုချန်၍ ကျန်ဆပ်ပြာ၊ သွားတိုက်ဆေး၊

သွားပွတ်တံစသည့် ပစ္စည်းအားလုံးကို စွန့်ပစ်ခိုင်းလိုက်၏။ အားလုံး စွန့်ပစ်ပြီးသွားသောအခါ ဆရာတော်က မိန့်၏။

'အရှင်ဘုရားတို့ စိတ်အားထက်သန်နေတာ တွေ့ရတော့ တပည့်တော် ဝမ်းသာပါတယ်။ သာသနာအတွက် စစ်သည်တော်တွေ တိုးလာတာပေါ့။ ဒါပေမဲ့ တပည့်တော် တွေ့ဖူးသမျှတော့ များသောအားဖြင့် တိုက်ပွဲတောင် မစရသေးဘူး ကျဆုံးသွားတဲ့သူတွေ များတယ်ဘုရား။ သူတို့ကိုလည်း တပည့်တော် အပြစ်မတင်ပါဘူး။ သံသရာတစ်လျှောက်လုံးမှာ ကိလေသာကို အရှုံးပေးလာခဲ့တဲ့ သူတွေဟာ အခုမှ စတိုက်မယ်ဆိုတော့ ဘယ်ကိုယ်ခံအား ရှိမှာလဲ။ ဒါပေမဲ့ အရှင်ဘုရားတို့ကို တပည့်တော် အမှတ်ပေးထားတာက လစာအများကြီးရပြီး ဇိမ် ကျကျနေခဲ့ရတဲ့ နိုင်ငံခြားက အလုပ်အကိုင်တွေ၊ ဝင်ငွေတွေကိုတောင် စွန့်ပြီး လာကြတာဆိုတော့ တော်ရုံ သဒ္ဓါတရားတော့ မဟုတ်လောက်ဘူး။ အဓိကကတော့ တိုက်ပွဲမှာ အနိုင်ရချင်ရင် ခန္ဓာကိုယ်ကြီးကို မညှာရဘူး၊ မယုယရဘူး၊ မတွယ်တာရဘူး၊ သူတောင်းဆိုတိုင်း အကောင်းဆုံး လိုက်လုပ်မပေးရဘူး၊ တော်တန်ရုံ ကျန်းမာရုံလောက်ပဲ ထားထားရတယ်။'

အားလုံးငြိမ်သက်စွာဖြင့် ဩဝါဒခံယူနေချိန်တွင် ဦးပဋ္ဌင်းဘိုဘိုက စိုးရိမ်တကြီး မေး၏။

'ဆရာတော်ဘုရား၊ တပည့်တော်တို့ သွားတိုက်တာနဲ့ ရေချိုးရင်သုံးဖို့ ဆပ်ပြာအတွက် ဘယ်လို လုပ်သင့်ပါသလဲဘုရား'

ဆရာတော်က မပြုံးမရယ် တည်ငြိမ်သော လေသံဖြင့် မိန့်ကြားသည်။ ဆရာတော်က ပလတ်စတစ် အထုပ်ကလေးတစ်ထုပ်ကို ယူလာပြီးပြသည်။ ပလတ်စတစ်အိတ်ထဲတွင် မဲညစ်ညစ် အမှုန့်တွေပါသည်။

'ဒါတွေက မီးသွေးခဲနဲ့ ဆားနဲ့ ဆတူ ရောကြိတ်ထားတာပါ။ ဒါနဲ့ သွားတိုက်လို့ရတယ်။ ရေချိုးဖို့ကတော့ ရေချိုးသွားတဲ့ အခါကျရင် လမ်းမှာ တပည့်တော်ပြမယ်။ ဆပ်ပြာကျင်း (ဆပ်ဘကျင်းဟု အသံထွက်သည်) မြေပြင်ပေါ်မှာ ဆပ်ပြာကြမ်းတွေ အဆီတက်နေတာ ရှိတယ်။ အပေါ်ယံ သဲ့ပြီးယူရင် ရေချိုးလို့ရတယ်။ သင်္ကန်းလျှော်လို့ရတယ်။ ရှေးတုန်းက သံဃာတော်တွေ ကျင့်သုံးခဲ့တဲ့နည်းပေါ့။ ခြင်ယင်နဲ့ ပိုးမွှားတွေကတော့ ခြင်ထောင်နဲ့ မဟုတ်ဘဲ မေတ္တာနဲ့ပဲ ကာကွယ်ရမှာပဲ။ ဒုကုဋ်သင်္ကန်းကြီးကို စောင်အဖြစ်နဲ့ သုံးနိုင်ပြီး တရားထိုင်ရင် ခေါင်းမြီးခြုံထားနိုင်ပါတယ်။ မေတ္တာရဲ့ တကယ့် အစွမ်းကို အရှင်ဘုရားတို့ လက်တွေ့ စမ်း သပ်နိုင်တယ်။ ပါးစပ်က ပို့ရမယ့် မေတ္တာမဟုတ်ဘဲ သူတို့ ကိုက်လာခဲ့ရင်လည်း ကြည်ကြည် ဖြူဖြူ ခံနိုင်တဲ့ ချစ်စိတ်မျိုး ထားရမှာ၊ တစ်ကောင်တစ်လေကလွဲရင် အုံနဲ့ကျင်းနဲ့ မကိုက်တော့ ဘူး။ အဲဒီတစ်ကောင်တစ်လေကလည်း တော်လွန်းလို့ ကိုက်ရတယ် သဘောထားပါ။ လူပြော သူပြော မေတ္တာမျိုးထက် မေတ္တာရဲ့ တကယ့် အစွမ်းသတ္တိကို အရှင်ဘုရားတို့ လက်တွေ့ တွေ့ရလိမ့်မယ်။ မေတ္တာဓာတ်အပေါ်မှာကော ဗုဒ္ဓအပေါ်မှာကော နစ်နစ်ကာကာ ယုံကြည် သွားလိမ့်မယ်ဘုရား။ နောက်ပြီးတော့ ဆွမ်းကိစ္စရယ်၊ တောထဲမှာ နေဖို့ရယ်၊ သုသာန်ဓုတင် ဆောင်ဖို့ရယ် အစစအရာရာ အားကိုးစရာက မေတ္တာပါပဲဘုရား'

ဦးပဥ္စင်းဘိုဘိုကတော့ သူသိချင်သည်များကို စိတ်ဝင်တစား မေးပြီး ဆရာတော်၏ အဖြေကို ကြက်သီးတဖြန်းဖြန်းနှင့် နားထောင်နေ၏။ ဦးပဥ္စင်းဘိုဘို မေးသည်က 'ဆရာတော် ဘုရား၊ ရေမရှိတဲ့ အရပ်မှာ အိမ်သာသွားချင်ရင် စက္ကူလည်းမရှိဘူးဆိုတော့ ဘယ်လို ဖြေရှင်းရမှာလဲဘုရား' ဟူ၍ ဖြစ်သည်။

ဆရာတော်က 'နောက်ရက် ဆွမ်းခံကြွတော့ တပည့်တော်ပြမယ်။ သစ်ကိုင်းခြောက်တွေ ကောက်ပြီး တုတ်သုံးရတယ်ဘုရား။ အရှင်ဘုရားတို့ တစ်နေရာနဲ့ တစ်နေရာ သယ်ရမယ့်ပစ္စည်း နည်းလေ ပေါ့ပါးလေပဲဘုရား၊ မဟုတ်ရင်တော့ ဝန်လေးမယ်၊ သွားတိုက်ဆေးကုန်ပြီ၊ ဆပ်ပြာခဲကုန်ပြီ၊ စက္ကူလိပ်ကုန်ပြီဆိုတဲ့ ပူပန်မှုတွေလည်း များတယ် ဘုရား။ အပူငြိမ်းဖို့ တရားရှာတဲ့အခါမှာ အပူတွေ ကိုယ့်နားမရှိလေ ကောင်းလေပေါ့ ဘုရား'

ဦးပဥ္စင်းယိုးက ခွင့်တောင်းပြီး ဆရာတော်ကို မေးလျှောက်သည်။

'ဆရာတော်ဘုရား၊ နေရာသစ် တစ်ခုရောက်ရင် ဆွမ်းခံရတာ အဆင်ပြေပါ့မလား ဘုရား၊ ဩဝါဒ ပေးပါဘုရား'

ဆရာတော်က 'ဆွမ်းအတွက် မပူရမယ့်နည်းတွေ ရှိတာပေါ့၊ နံပါတ်တစ်က စောစောက ပြောခဲ့တဲ့ မေတ္တာပဲ။ နံပါတ်နှစ်ကတော့ သီလပဲ။ သီလကို မှဲ့တစ်ပေါက် မစွန်းအောင်နေ ကိုယ့်အတွက်လည်း စိတ်ချရတယ်။ သာသနာလည်း ပြုပြီးသားဖြစ်တယ်။ သီလပြည့်စုံတဲ့ လူရဲ့ မျက်နှာနဲ့ သီလ လိုအပ်နေတဲ့သူရဲ့ မျက်နှာ မတူနိုင်ဘူး။ သီလရှိသူရဲ့ မျက်နှာနဲ့ ကိုယ်အမူအရာကို မြင်ရရင် ဘယ်သူမဆို လျှူချင်တန်းချင်တယ်။ သူ့ကို အကြောင်းပြုပြီး အားကျသူတွေ တိုးပွားလာလို့ သာသနာပြုပြီးသားဖြစ်တယ်။ တတိယအချက်ကတော့ သက်န်းက ဘယ်လောက်ဟောင်းနွမ်းနေပါစေ သပ်သပ်ရပ်ရပ်ရုံပြီး စက္ခုန္ဒြေချ၊ သတိကပ်ပြီး ကြွလှမ်းရင် ဆွမ်းခံတာချင်းတူရင်တောင် လောင်းလှူတဲ့လူတွေရဲ့ သဒ္ဓါက မတူနိုင်ဘူး'

ဆရာတော်က ဆက်၍ မိန့်ကြားသည်။ 'အရေးကြီးတာက ဘယ်နေရာမှာမဆို ဆွမ်းခံတာကအစ လောဘစိတ်ကိုသာ သတ်ထားပါ။ လောကီလောကုတ္တရာ အလွန်ငြိမ်းအေးတယ်။ ရန်သူလည်း မရှိဘူး။ တရားရဖို့လည်း မြန်ဆန်တယ်။ နောက်ပိုင်း နေသားကျရင် အရှင်ဘုရားတို့ တစ်ပါးတည်းနေပြီး ကျင့်နိုင်အောင် ကြိုးစားကြပေါ့။'

## အခန်း (၅၅)

## ဘိက္ခုသေမင်း ဓားနှစ်စင်း

ဦးပဥ္စင်းလေးပါးသည် ဆရာတော်ဦးရေဝတထံမှ ပြန်ကြွလာပြီးနောက် ကျောက်ဆင်တောရတွင် ပုံစံပြောင်း၍ နေကြလေပြီ။ တိုက်ခန်းကျောင်းဆောင်တွေမှာ မနေကြတော့ဘဲ အစွန်အဖျားဂူများနှင့် တစ်ပါးကျောင်းဆောင်များတွင် ကိုယ်စီကိုယ်စီ သီတင်းသုံး ပျော်မွေ့နေကြ၏။ ဦးသုန်ကတော့ ကျောက်ဆင်တောရလာလိုက် ရွာပြန်လိုက်နေ၏။

မြွေပါးကင်းပါးအတွက် သူတို့ အထူးသတိထားကြရ၏။ ဘာကိုမှ ကိုယ်နှင့် ဆောင်မထားသောကြောင့် နေရောင်ပျောက်ပြီး အမှောင်ရောက်လျှင် ဟိုဟိုသည်သည် သိပ်မကြွဖြစ်။ နေ့ခင်းဘက်မှာပင် တစ်ခါတရံ မြွေမျိုးစုံတွေ့နေကြရာ မေတ္တာထားကြရသလို ညအခါ မနင်းမိအောင်လည်း ဆင်ခြင်၍ နေကြရသေးသည်။

ကျောင်းထိုင်ဆရာတော်ထံ ခွင့်ပန်၍ ကျောင်းနှင့် မနီးမဝေး ရွာများသို့ လှည့်လည်လေ့ကျင့်ကွင်းဆင်းကြည့်ကြ၏။ လေးပါးဆိုတော့ သိပ်မဆိုး အားရှိသည်။ ဆရာတော်ဦးရေဝတလို သုသာန်တွေ တစ်ခုပြီးတစ်ခု တစ်ပါးတည်း လှည့်လည်နိုင်နိုင်ဖို့အတွက်မူ သိပ်မလွယ်သေးပါ။ တော်တော် စိတ်တည်ငြိမ်ပြီး စိတ်ဓာတ်ကြံ့ခိုင်မှ တစ်ပါးတည်း လှည့်လည်နိုင်မည်ဖြစ်သည်။

သူတို့မှာ စကားလုံး ဗဟုသုတတွေလည်း တိုးပွားလာကြသည်။ ဥပမာ 'ဝတ်သောက်' ဆိုသည်မှာ အရက်ဖြတ်ပြီး ရဟန်းဘောင် တက်လိုက်၊ လူထွက်ပြီး ပြန်သောက်လိုက် လုပ်နေသူ ဒုလ္လဘများအား ဝတ်သောက်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ နောက်တစ်ခုက 'ဝတ္ထုမာတုဤ နှစ်ခုကား ဘိက္ခုသေမင်း ဓားနှစ်စင်းတည်း' ဟူသော ဆရာတော်ကြီးများ၏ ဆုံးမစကားဖြစ်သည်။

ပိုက်ဆံငွေကြေး (ဝတ္ထု) နှင့် အမျိုးသမီးများ (မာတုဂါမ)တို့သည် ရဟန်းတို့၏ သိက္ခာကို လျှော့ကျစေသောအရာ (ဓားနှစ်စင်းနှင့်တူသည်) ဟု တင်စားပြီး ဆရာတော်ကြီးများက ဆိုဆုံးမခြင်းဖြစ်သည်။

အကြောင်းတိုက်ဆိုင်လာပုံက ဤသို့ဖြစ်သည်။ ဦးပဥ္စင်းဘိုဘိုက လူငယ်လည်းဖြစ် သန့်ပြန့်သည့် ရုပ်ရည်လည်း ရှိသူဖြစ်ရာ ဆွမ်းခံနေကျ ကုန်စုံဆိုင်မှ သွက်လက် ချက်ချာသော အပျိုပေါက်အရွယ် ဒကာမလေးနှင့် တစ်စထက်တစ်စ ရင်းနှီးလာသည်ကို ဦးသုန်က သတိထားမိလာရာမှ စသည်။ တစ်ခါတရံ ကာယကံရှင်များက ကိုယ့်ကိုယ်ကိုယ် မသိသောလည်း ဘေးမှလူများက အကဲခတ်မိသည်လည်း ရှိတတ်၏။ ဦးသုန်က ဦးပဥ္စင်းဘိုဘိုကို

သတိပေးလိုသောကြောင့် သူတွေ့ဖူးသော ဒုလ္လဘတစ်ပါး၏ အကြောင်းကို သွယ်ဝိုက်၍ ပြောပြခဲ့၏။

'တပည့်တော် ရွာကြီးတစ်ရွာမှာ မိတ်ဆွေတစ်ပါးရဲ့ ကျောင်းမှာ ရောက်နေခိုက်ပေါ့။ အသံမစဲပဌာန်းပွဲလုပ်ကြတော့ မဏ္ဍပ်ထိုးပြီး ညပါသွားအိပ်ကြရတာပေါ့၊ အဲဒီမှာတင် အဖျက်တွေက ရောက်လာတော့တာပဲ၊ ဂျင်းသုပ်၊ လက်ဖက်သုပ် ရောင်းတဲ့သူရယ် ထမင်း ရောင်းသူရယ်၊ ကွမ်း၊ ဆေးလိပ်နဲ့ အရက်ကအစ အမျိုးသမီးတွေက လာရောင်းကြ၊ ဒကာ တွေလည်း ပဌာန်းရွတ်တဲ့အထဲ ပါကြတော့ ရုတ်ရုတ်သဲသဲနဲ့ပေါ့၊ တပည့်တော်ပြောတဲ့ ဒုလ္လဘက ကွမ်းယာဆိုင်က ကောင်မလေးနဲ့ ရင်းနှီးသွားကြတယ်ဘုရား။ အိမ်ကိုလည်း ဆွမ်းလာခံဖို့ ဖိတ်၊ ဟိုဟာလှူချင်လို့ ဒီဟာ လှူချင်လို့ဖိတ်နဲ့ အဝင်အထွက်တွေ များလာတာပေါ့လေ။ ဆွမ်းဟင်းတွေလည်း စပယ်ရှယ်ချက်လောင်းဆိုတော့ ကိုဒုလ္လဘမှာ သာယာလာတာပေါ့။ တဖြည်းဖြည်း ပြောမနာ ဆိုမနာတွေ ဖြစ်ပြီး ရဲတင်းလာတယ်။ အမျိုးသမီးက သားအမိ နှစ်ယောက်တည်း နေတာတဲ့လေ။ တစ်ရက် လှူစရာရှိလို့ လာခဲ့ပါလို့ ဖိတ်ခေါ်လို့ အသွားမှာ အမေလုပ်သူက မရှိဘူး။ တံခါးစေ့ထားလို့ ဝင်ချသွားတော့ အမျိုးသမီးက ကျောပေးပြီး တစ်စောင်းလေး အိပ်နေတာ ထဘီကလည်း လျော့ရဲရဲနဲ့ အသားတွေဘာတွေပေါ်ပြီး မမြင်သင့်တာတွေ မြင်ဆိုတော့ ရင်တွေ ဘာတွေခုန်ပြီး ရှာန်လျှော တော့တာပေါ့။'

နားထောင်နေသူများက စိုးရိမ်တကြီး ဖြတ်မေးကြသည်။

'နောက် ဘာဖြစ်သွားသေးလဲဘုရား၊ လူထွက်လိုက်ရလား'

ဦးသုန်က ပြုံးစေ့စေ့ဖြင့် ဖြေသည်။

'လူထွက်ရရုံဆိုရင် တော်သေးတာပေါ့။ အခုဟာက မထင်တဲ့ထောင့်ကနေ ပြဿနာက လာတာ။ ဘယ်ကပေါ်လာမှန်း မသိရဘူး၊ ယောကျ်ား ရှိတယ်တဲ့ဗျာ။ အိမ်ထောင်သည်တဲ့၊ လင်မယား နှစ်ယောက်က သက်သေတွေပါ (ငွေပေးပြီး) ခေါ်လာတယ်။ ကျောင်းထိုင်ကို ဝင်လျှောက်ပြီး လျော်ကြေးတောင်းတာပေါ့၊ သုံးသိန်းလျော်လိုက်ရတယ်၊ မိတ်တွေက ချမ်းသာ လို့ တော်တော့တာပေါ့၊ ရှက်ပြီးတော့ လူလည်း ထွက်သွားရရှာတယ်'

'ဦးဂျာ' က တွေးတွေးဆဆနှင့် မေးသည်။ 'ဒါဆိုရင် အစကတည်းက ပဌာန်းပွဲမှာ အသေအချာ အကွက်ဆင်ထားတာ နေမှာပေါ့။'

ဦးသုန်က လက်ညှိုးထောင်ပြီး ခေါင်းညိတ်လိုက်ရင်း 'မှန်လိုက်လေ၊ ပဌာန်းပွဲမှာ ကတည်းက ပျိုးထားလိုက်ပြီး အကွက်ချသွားတာ။ ကိုဒုလ္လဘက ရိုးတဲ့လူဆိုတော့ အကွက်ထဲ တန်းကနဲ ဝင်သွားတာပေါ့။ သူသိမသွားရှာတာက ဒီအတွဲက ဒီလိုလုပ်စားလာတာ သုံးလေးပွဲလောက် ရှိသွားပြီတဲ့၊ နေရာပြောင်းပြောင်းပြီး လုပ်စားတာ။ သူတို့ ပစ်မှတ်က ဦးပဉ္စင်းဘိုတိုတို့လို အသက်ငယ်ငယ်နဲ့ အတွေ့အကြုံနည်းတဲ့ ဒုလ္လဘတွေကို ပစ်မှတ်ထားတာတဲ့၊ နောက်ပိုင်း စုံစမ်းကြည့်တော့ သားအမိလည်း မဟုတ်ပါဘူး၊ အဆက်နဲ့လာပြီး ငွေပေးပြီး ဇာတ်လမ်းဆင်သွားတာပေါ့။ လုပ်စားစရာရှားလို့ သာသနာ့ နယ်မြေထဲမှာ လာပြီး လုပ်စားကြ တာလေ'

'တပည့်တော်တို့အတွက်တော့ ကြားရတာ တော်တော် ထူးဆန်းနေတယ်ဘုရား' ဦးယိုးက တအံ့တသြလျှောက်၏။

ဦးသုန်က 'ဒါတင် ဘယ်ကဦးမှာလဲ၊ လောကမှာ အထူးအဆန်းတွေက အများသားပဲ။ ဦးပဥ္စင်းတို့တော့ ကြားဖူးချင်မှ ကြားဖူးမယ်။ တချို့ကျောင်းတွေက ဝင်ငွေကောင်းတဲ့ ကျောင်း ဝင်ငွေမကောင်းတဲ့ ကျောင်းဆိုပြီးရှိတယ်။ ကထိန်ခင်းရင် ဘယ်လောက် ဘယ်ရွေ့ရတဲ့ ကျောင်းဆိုတာလည်း ရှိတယ်၊ သူ့အသိုင်းအဝိုင်းနဲ့သူတော့ သတင်းတွေ ကြားနေရတာပေါ့။ ဒီတော့ ကိုယ်နဲ့အလွမ်းသင့်တဲ့ ဘုန်းကြီးအတွက် ဒကာဒကာမတွေက စုပေါင်းပြီးမှ ဝင်ငွေကောင်းတဲ့ကျောင်း ရအောင်လုပ်တာမျိုးပေါ့၊ ဥပမာ–အမွေခေါ်ပေးတဲ့သဘော၊ ကျောင်းလွှဲအပ်တဲ့ပုံစံ လုပ်ကြတာပေါ့၊ တချို့ ဒကာ ဒကာမတွေက ဘုန်းကြီးကျောင်းကို ရိုးရိုးလာတဲ့သူ ရှိသလို၊ တချို့ကျတော့လည်း ဒီအပေါ်မှာ အခွင့်အရေးရရင် ယူမယ်ဆိုတဲ့ သူတွေလည်း ပါတာပေါ့။ အနည်းဆုံးတော့ စီးပွားရေးမှာ မြှုပ်နှံဖို့ ငွေလေးဘာလေး ချေးလို့ ရရင် ချေးကြတာပေါ့၊ ပြီးမှ ထိုက်သင့်သလို သက်သာတဲ့ အမြတ်ကလေး လှူလိုက်ကြနဲ့ အကြောင်းအပေါင်း သင့်သူတွေလည်း ရှိကြတာပေါ့။' ဟု ရှင်းပြသည်။

'တချို့ကျတော့ ကျောင်းမြေမှာ အဆောက်အအုံဆောက်မယ်၊ ပြီးရင် အကျိုး အမြတ် ခွဲယူမယ်ဆိုတာလည်း ရှိကြတယ်။ တချို့က အဆောက်အအုံဆောက်ပြီး ကိုယ့် လုပ်ငန်း ဂိုဒေါင်အဖြစ် သုံးကြတာလည်း ရှိတယ်။ တချို့လည်း ဘုန်းကြီးငွေတွေနဲ့ ကား လိုင်းတွေဘာတွေ ထောင်တာပေါ့။'

'ဘုန်းကြီးတွေက သူ့ဘာသာနေကြတာပါ။ လူတွေက သွားသွားဆွယ်ကြတာပေါ့။ ဘုန်းကြီးတွေက သာသနာအတွက်၊ ကျောင်းအတွက်၊ ဘုရားအတွက်ပါပဲ။ တခြား သုံးစရာ ကိစ္စ မရှိကြပါဘူး။ လူတွေက ကိုယ်ကျိုးရှာချင်ကြတော့ ဘုန်းကြီးတွေကို ဟိုလိုဆွယ်လိုက် ဒီလိုဆွယ်လိုက်နဲ့ ကျောင်းဆောက်ပေးမယ်၊ ဘုရားမှာ ဘာလှူပါ့မယ်ဆိုပြီး အမျိုးမျိုး ကိုယ့်တွက်ကျနိအောင် ဆွဲဆောင်ကြတာပါ။ စီးပွားရေးကလည်း ကျပ်တည်းကြတယ်လေ'

❖

## အခန်း (၅၆)

# ၎ပ်မိသဲတိုင်သည့် အာဇာနည်ရဟန်းများ

ဦးသုန်၏ သတိပေး ပြောကြားချက်များကြောင့် ဦးပဍ္ဍင်းဘိုဘိုလည်း အနေထိုင်အပြော အဆို ဆင်ခြင်ပြီး စတိုးဆိုင်မှ လုံမလေးနှင့် ခပ်တန်းတန်း ဖြစ်သွားတော့၏။ လုံမလေးကတော့ ဦးပဍ္ဍင်းဘိုဘို ပြောင်းလဲသွားသည်ကို နားမလည်နိုင်အောင် ဖြစ်နေရှာ၏။ ဦးပဍ္ဍင်းဘိုဘို ကတော့ အမှန်တကယ် ထိတ်လန့်သွားခြင်းဖြစ်သည်။ သူက လူဝတ်ကြောင်နှင့်ကတည်းက မ,နှင့် ဆိုလျှင် သိပ်အကျိုးပေးသည်မဟုတ်ပါ။

သူတို့လေးပါး တစ်ခါတရံ အခြားသံဃာအချို့ လိုက်ပါပြီး အနီးပတ်ဝန်းကျင် ရွာများ တွင်ရှိသည့် သုသာန်များကို တစ်ခုပြီးတစ်ခု တစ်ညပြီးတစ်ည လှည့်ကျင့်ကွင်းဆင်းပြီး တရား ရှုမှတ်ကြရသည်ကို အသားကျ၍ စိတ်ပါလာကြပြီဖြစ်သည်။ သုသာန်ဓုတင် ဆောင်ကြရာတွင် အတွေ့အကြုံရှိပြီး ဝါလည်းကြီးသော ဦးသုန်ကပင် ဦးဆောင်၍ သွားကြ၏။

ကျောက်ဆင်တောရ ပတ်ဝန်းကျင်ရှိ ရွာများတွင် သုသာန်များကို သန့်ရှင်းသပ်ရပ် အောင် လုပ်ထားကြသည့်အပြင် ဇရပ်၌ ဝါး သို့မဟုတ် ထန်းပက်လက် ကုလားထိုင်၊ ဖျာနှင့် သောက်ရေအိုးများ၊ တံမြက်စည်းများပါ ပြည့်စုံအောင် လုပ်ပေးထားကြသည်ကို တွေ့ရမည် ဖြစ်သည်။ အကြောင်းမှာ တောင်ပုလု ဆရာတော်ကြီးမှစ၍ ပခုက္ကူဆရာတော်နှင့် လက်ရှိဆရာတော် ဦးကောဝိဒထိတိုင် သံဃာများက မကြာခဏ သုသာန်ဓုတင်လာ၍ ဆောင်ကြသောကြောင့် ရွာမှ စေတနာအပြည့်ဖြင့် ကုသိုလ်ယူ ဆောင်ရွက်ပေးထားကြခြင်း ဖြစ်၏။

ဆရာတော် ဦးရေဝတထံမှ ပြန်ရောက်ပြီးနောက် ၂ လခန့် အကြာတွင် နောက် ခရီးစဉ် တစ်ခုအတွက် သံဃာလေးပါး တိုင်ပင် ဆွေးနွေးကြပြန်၏။

ဒီတစ်ခါတွင်မူ စိတ်အား ထက်သန်စွာ အကြံပြုသူက ဦးယိုးဖြစ်သည်။ သူက ဦးသုန်ပြီး လျှင် ကျောက်ဆင်သို့ အစောဆုံး ရောက်လာသူ တစ်ဦးဖြစ်သည်။ ထို့ကြောင့်လည်း အလွန် ထူးခြားသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်တစ်ပါးနှင့် ကြုံဆုံခဲ့ရသည်။ ထိုစဉ်က သူသီတင်းသုံး နေသည့် 'မန္တလေးဂူ' ကိုပင် အဆိုပါ အမေရိကန်ဘုန်းကြီးအတွက် ဝမ်းမြောက်ဝမ်းသာစွာ ဖယ်ပေးခဲ့ရဖူးသည်။

ဦးယိုးက ထို ဖိနပ်မစီး၊ ထီးမဆောင်း၊ ဝတ္ထုငွေ လုံးဝ မကိုင်ဘဲ ဓုတင်ဆောင်လေ့ ရှိသော အမေရိကန် ကိုယ်တော်ထံ သွားရောက် ဂါရဝပြုရင်း ဩဝါဒခံယူရန် အကြံပြုရာ အားလုံးက စိတ်ဝင်စားကြပြီး စိတ်အားလည်း ထက်သန်နေကြသည်။

အခုဆိုလျှင် ဆရာတော် ဦးရေဝတ၏ သင်ကြားမှုကြောင့် ခရီးတစ်ခုသွားရန် ပြင်ဆင်ရသည်ဆိုသည့် စကားသည် သူတို့လေးပါးအတွက် ပေါ့ပါးလျက် ရယ်စရာဖြစ်နေသည်။ ဘယ် ခရီးကို သွားမည့်လဲ၊ ဘယ်လောက် ဝေးပြီး ဘယ်နှရက် ကြာမည့်လဲ။ သူတို့အတွက်တော့ သိပ်မထူးခြား။ ဘယ်ခရီးအတွက်ဖြစ်စေ ပြင်ဆင်စရာ သိပ်မလို၊ သပိတ်လွယ်ပြီး ကောက်ကာငင်ကာ ထသွားလိုက်ရုံပင်။

၄က်တစ်ကောင်လိုပေါ့ပါးနေခြင်းသည် ရူတင်ဆောင်ခြင်း၏ အကျိုးကျေးဇူးကြောင့်လည်း ပါသည်။ ယခုတော့ သူတို့လေးပါးသည် သွားတိုက်ဆေးအစား မီးသွေးနှင့်ဆားရောထောင်းထားသော အမှုန့်ထုပ်လေးတွေကိုယ်စီနှင့် ဖြစ်သည်။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ ဗောဓိညောင်ပင်အောက်တွင် သစ္စာရေသောက်ပြီး အဓိဋ္ဌာန်ပြုထားခဲ့ကြပြီးဖြစ်၍ သူတို့လေးပါးသည် ဝတ္ထုငွေ အလှူခံခြင်းနှင့် သိမ်းဆည်းခြင်း တို့ကိုလည်း မလုပ်ကြတော့။

ခရီးဝေးသွားမည်ဆိုလျှင် ဝတ္ထုငွေလည်းမကိုင်၊ ငွေကိုင်လိုက်မည့် ဒကာလည်း မရှိသောကြောင့် အခက်အခဲတော့ရှိသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ အများစု နေထိုင်ရာနိုင်ငံလည်း ဖြစ်ပြီး သံဃာတော်များမှာ ဝိနည်းအရ ဝတ္ထုငွေ မကိုင်ဆောင်ရကြောင်းလည်း သိရှိကြပြီး ဖြစ်သည်။ သို့သော် သံဃာတော်များ ခရီးသွားလျှင်လည်း လူပုဂ္ဂိုလ်များကဲ့သို့ ယာဉ်ရထားများမှာ ခရီးစရိတ်များ ဆောင်ကြရသည်။

ခရီးစရိတ် မပေးနိုင်လျှင် သံဃာတော်များမှာ မျက်နှာငယ်ကြရသည်။ အမေရိကန်ဘုန်းကြီးကတော့ ပြတ်သားသည်။ ဒကာများက ကားရထားပေါ် လိုက်တင်ပေးရင်ပေး မဟုတ်လျှင် ကားခလာတောင်းပါက 'ဘုန်းကြီး ပိုက်ဆံမကိုင်ရလို့ မပါဘူး' ဟု ပြောလွှတ်သည်။

သူတို့လေးပါး မန္တလေးအထိတော့ ပူစရာမလို၊ ယောဂီဆောင်မှ ယောဂီများက ကားလက်မှတ် ဖြတ်ပေး၍ လှူလိုက်ကြသည်။

မန္တလေးမှာတော့ ကားကြီးဝင်းမှ မြစ်ဆိပ်အထိ ခြေလျင်လျှောက်ကြရသည်။ မော်တော်ဆိပ်မှာ မုံရွာသွားမည့် သင်္ဘောပေါ်တက်၍ လက်မှတ်စာရေးကို မေတ္တာရပ်ခံကြည့်တော့ အဆင်မပြေ။ သင်္ဘောကလည်း ထွက်လုပြီ။ ထိုအချိန်မှာပင် အသက် ၆၀ အရွယ် ဒကာတစ်ယောက်က သံဃာလေးပါးကို အကဲခတ်လျက်ရှိသည်။ ရုပ်ရည်ကလည်း လေးပါးစလုံး သန့်သန့်ပြန့်ပြန့်။ သပိတ်၊ သင်္ကန်းကြီး၊ နေသဒိုင်မှလွဲ၍ ဘာပစ္စည်းမှမပါ။ သင်္ကန်းတွေကလည်း တောင်ပုလုအရောင် (ရှားစေးအရောင်) စိတ်အားထက်သန်သော မျက်နှာတွေနှင့်၊ အဆိုပါ ဒကာကြီးသည် သင်္ဘောစာရေးထံသွား၍ မေးမြန်းစုံစမ်း ကြည့်သည်။

'ဒီမှာ ငါ့တူ ခုနက ဘုန်းကြီးလေးပါးက ဘာလာပြောတာလဲ'

**စာရေး** '-ဘုန်းကြီးတွေက ဝတ္ထုမကိုင်လို့ သင်္ဘောအလကား စီးလို့ရမလား လာမေးတာခင်ဗျ'

**လူကြီး** – ဒီတော့ ငါ့တူက ဘာပြောလိုက်သလဲ'
**စာရေး** – 'မရဘူးလို့ ပြောရတာပေါ့၊ မဟုတ်ရင် ကျွန်တော့်အိတ်ထဲက စိုက်ရမှာပေါ့'
**လူကြီး** – 'ဘုန်းကြီးတွေက ဘယ်သွားမှာတဲ့တုန်း'
**စာရေး** – 'ခရီးဆုံးမုံရွာထိ လိုက်မှာတဲ့ ခင်ဗျ'
**လူကြီး** – 'ကဲ. . . ကဲ ငါ့တူ မုံရွာကို လက်မှတ်လေးစောင် ဖြတ်လိုက် ငါပေးပါ့မယ်' ပြောပြီးနောက် သံဃာလေးပါးကို သွားပင့်၏။

သံဃာလေးပါးက သာဓုခေါ်၍ ထိုဒကာကြီးနှင့်အတူ သင်္ဘောပေါ် တက်လိုက်ကြပါသည်။ သင်္ဘောပေါ် နေရာယူပြီးသော် ဒကာကြီး (နာမည်–ဦးလွန်းမောင်)က လက်ဖက်ရည်နှင့်မုန့်များ ဝယ်ကပ်ရန် ပြင်ဆင်နေတော့ သံဃာများက စောသေးသည်ဟု ပြောကြားပြီး ဆွမ်းစားချိန်က '၁၀ နာရီ' ဟု ပြောသည်။

**ဒကာ** – ဒါဖြင့် အရုဏ်ဆွမ်းကောဘုရား'
တစ်ထပ်တည်းသာ ဆွမ်းစား၍ ဓုတင်ဆောင်နေသည့်အကြောင်း ပြောလျှင် အပြစ်ဖြစ်မည်စိုး၍ လေးပါးစလုံး ပါးစပ်ပိတ်ပြီး ငြိမ်နေကြသည်။ မည်သို့ ပြောရမည်ကို စဉ်းစားမရ။ စည်းကမ်းအရ ဓုတင်ကိုပင် အပျက်ခံသင့်လျှင် ခံရသည်၊ ဓုတင်ဆောင်သည့် အကြောင်းကို (ဝါကြွားသလို ဖြစ်မည်စိုး၍) မပြောသင့်။

သို့ဖြင့် ဦးဂျာ၏နှုတ်မှ ချင့်ချင့်ချိန်ချိန်ဖြင့် စကားတစ်ခွန်း ထွက်လာသည်။ 'ဦးပဥ္စင်းတို့က ၁၀ နာရီ အကျင့်ဖြစ်နေလို့ပါ ဒကာကြီး၊ အခုဘုဉ်းပေးလိုက်ရင် ကပ်လွန်းသွားမလားလို့၊ ဒါပေမဲ့ ရပါတယ်' (ကျန်ဘုန်းကြီးသုံးပါးကို အဓိပ္ပာယ်ပါ ပါကြည့်လိုက်ပြီး) အခုပဲ ကပ်လိုက်ပါ ဒကာကြီး'။

ကျန်သုံးပါးကလည်း သဘောတူလိုက်ပြီး ဒကာကပ်လာသမျှပဲ ပလာတာ နှစ်ချပ်စီကို သပိတ်ဖြင့် ခံလိုက်ကြပြီး သပိတ်ထဲမှာပင် သတိကပ်၍ ဖြည်းဖြည်း ဘုဉ်းပေးလိုက်ကြ၏ လက်ဘက်ရည်ကို သပိတ်အဖုံးဖြင့် ခံယူပြီး ဘုဉ်းပေးနေကြသည်ကို မမြင်ဖူးသဖြင့် ဒကာကြီးက ထူးဆန်းအံ့သြစွာ ငေးမောရင်း ကြည်ညိုနေမိသည်။

ထို့နောက် ရေအလှူခံပြီး ထိုင်ရာမထ ရေသောက်ကြပြန်သည်။
ထူးဆန်းသည်က ဆေးမသောက်၊ ကွမ်းမစားသည့်ပြင် နေ့လည် ၁၂ နာရီ မွန်းတည့်အထိ နေ့ဆွမ်းကပ်ဖို့ လျှောက်တော့ လေးပါးစလုံးက ဗိုက်မဆန့်တော့ကြောင်း ပြောပြီး ငြင်းကြသည်။ ထိုအခါကျမှ ဒကာ (ဦးလွန်းမောင်) ခမြာ ရိပ်မိသွားပြီး စိတ်ထဲမှာလည်း မကောင်း၊ ကြည်လည်း ကြည်ညိုမိသည်။ သာသနာအတွက်လည်း လက်ခမောင်း ခတ်ချင်လောက်အောင် အားတက်မိသွားသည်။

ခရီးဆုံးအထိ ဦးလွန်းမောင်က လိုက်ပို့မည်ဆိုသည်ကို သံဃာလေးပါးက လက်မခံကြ။ ဦးလွန်းမောင်က ထိုင်ကန်တော့ပြီး ဝတ္ထုငွေလေးသိန်းကို စာအိတ်ထဲ ထည့်လှူတော့လည်း လက်မခံကြ။

သို့ဖြင့် တောင်းပန်ပြီး သံဃာလေးပါး ခရီးဆက်မည့် 'သလ္လာဝတီ ဆိပ်ကမ်း' အထိ သဘော်လက်မှတ်ဖြတ်ပြီး ကပ်လှူလိုက်ရ၏။ သူတစ်သက် ဤသံဃာလူရွယ်လေးပါးတို့ကို မျက်စိထဲမှ ထွက်မည် မထင်တော့။

## အခန်း (၃၇)

# ဆရာတော်ဦးသံဝရသီလမှတဆင့်

သလ္လာဝတီ ဆိပ်ကမ်းမှ နောက်ထပ် တစ်နာရီခန့် မော်တော်စီးပြီးလျှင် လေးမြေ၊ ဝန်ပိုဆိပ်သို့ ရောက်၏။ ဦးလွန်းက မှာကြားလိုက်သဖြင့် မော်တော်စာရေးလေးက လမ်းတစ်လျှောက်လုံး ဘေးမှ လိုလေသေးမရှိ အကူအညီပေးသွား၏။ ဒီလိုနှင့် ဘုတလင်မြို့နယ်ထဲရှိ ဝန်ပိုဆိပ်ကမ်းကို ဆိုက်၏။

ဝန်ပိုဆိပ်ကမ်းကို ရောက်တော့ ဝန်ပိုရွာမှာ ရွှေတောင်ဦး အနောက်ကျောင်းတိုက်ကို မေးမြန်းပြီး ဆရာတော်ထံသွား၍ ဖူးကြသည်။ ညအိပ်တည်းခိုဖို့ လျှောက်ထားတော့ သဘောကောင်းသည့် ဆရာတော် အရှင်သံဝရသီလက ကြိုက်သလောက် တည်းခိုနိုင်ကြောင်း ပြုံးပြုံးရွှင်ရွှင်နှင့် ခွင့်ပြုသည်။

သံဃာလေးပါးက ဆရာတော်အား ဆရာတော် ရေးသားထားသော 'ဘေးမဲ့တောရလိုဏ်ဂူတော်နှင့် အမေရိကန်ဘုန်းတော်ကြီး' ဟူသော စာအုပ်ကို ဖတ်ရှုပြီးဖြစ်ကြောင်းနှင့် အမေရိကန် ဆရာတော်အား သွားရောက်ဖူးမြော်ပြီး ဩဝါဒ ခံယူလိုပါကြောင်း လျှောက်ထားကြ၏။

ဆရာတော်က 'ဦးပဉ္ဇင်းတို့ ဘယ်မှာ သီတင်းသုံးသလဲ' မေးပြီးနောက် တောင်ပုလုကျောက်ဆင်တောရမှာ သီတင်းသုံးကြောင်း သိ၍ တစ်ကြောင်း၊ အသွင်အပြင်ကို လေ့လာ အကဲခတ်လိုက်တော့လည်း ဓုတင်ဆောင်ရဟန်းများဖြစ်ကြောင်း သိသွားပြီးနောက် နံနက်ဆွမ်းခံကြွနိုင်ဖို့ကိစ္စကို ဒကာတစ်ယောက်နှင့် အစီအစဉ်ဆွဲပေးပြီး တခြား ဒကာတစ်ယောက်က ရွာထဲတွင် အာဂန္တုသံဃာလေးပါး ကြွလာ၍ မနက်ဆွမ်း လောင်းလှူနိုင်ကြရန် ဆော်ဩနိုင်းလိုက်၏။

သံဃာလေးပါး ခြေလက်များ ဆေးကြောပြီးကြသောအခါ ဆရာတော်က ကျောင်းပေါ်ကို ခေါ်၍ အမေရိကန် ဆရာတော်အကြောင်း ပြောပြ၏။

အမေရိကန် ဆရာတော်မှာ ဝါတော် ၂၂ ဝါ ရှိပြီဖြစ်၍ ယခု သီတင်းသုံး နေထိုင်လျက်ရှိသော ကျောက်လိုဏ်ဂူမှာ လေးမြေရွာနှင့် ဝန်ပိုရွာ နှစ်ရွာကြား၌ တည်ရှိနေ၏။ ပတ်ဝန်းကျင်မှာက စိမ်းလန်းစိုပြည်သော တောရိပ်တောင်ရိပ်တို့အပြင် ကင်းမုံနီ၊ ဆီမီးတောက်၊ တောရှောက်ပင်၊ ခပေါင်းပင် စသည့် ဆေးဘက်ဝင်သော သစ်ပင်နွယ်ပင်များဖြင့် ဆေးပေါင်းခနေသော ဘေးမဲ့တောကြီးဖြစ်၏။

ဘေးမဲ့တောရတွင် နေထိုင်ပျော်မြူးနေသော သတ္တဝါများကား တောကြက်၊ ဘုတ်၊ ခါ၊ သာရကာစသည့် တောကောင်လေးများ ဘေးကင်းရန်ကွာ ကျက်စားလျက်ရှိ၏။

အမေရိကန် ဆရာတော်၏ သဘာဝလိုဏ်ဂူ၏ အရှေ့ဘက်တွင် လေးမြေရွာ၊ အနောက်ဘက်တွင် တွင်းတောင်နှင့် တောင်ဘက်၌ သလ္လာဝတီမြစ်က ငြိမ့်ညောင်းလှပစွာ ရစ်ခွေစီးဆင်းလျက်ရှိ၏။

ချင်းတွင်းမြစ်ကမ်းရှိ ဘေးမဲ့တော၏ ဘယ်ညာတွင် ဝန်ပိုရွာနှင့် လေးမြေရွာတို့ ရှိ၏။ ကျောက်တောင်ချောက် ကမ်းပါးကြားတွင် ဖွဲကောင်းကောင်းဖြင့် စီးဆင်းနေသော ချင်းတွင်းမြစ်ကား အားမာန်အပြည့်နှင့်ဖြစ်၏။

ဆရာတော် အရှင်သံဝရသီလ၏ ကျောင်းရှိရာ ဝန်ပိုရွာသည်ကား အမေရိကန် ဘုန်းတော်ကြီး သီတင်းသုံးသည့် လိုဏ်ဂူတော်နှင့် အနီးဆုံးရွာ ဖြစ်ပါသည်။ အမေရိကန် ဘုန်းတော်ကြီး ဝန်ပိုဆိပ်ကမ်းသို့ စတင်ခြေချသည့် အချိန်မှ စ၍ ဆရာတော် အရှင်သံဝရသီလက အမေရိကန် ဘုန်းတော်ကြီး၏ မွေးပျံ့သော သီလသတင်းကို သတိထားမိခဲ့ပါ၏။

ကမ္ဘာ့စူပါပါဝါ နိုင်ငံကြီးတစ်ခုမှ ခေတ်ပညာတတ် လူငယ်တစ်ဦးအနေဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာအပေါ် နက်ရှိုင်းစွာ ယုံကြည်သက်ဝင်ပြီးလျှင် ဗုဒ္ဓ၏ အဆုံးအမ ဝိနည်းတော်နှင့် ညီစွာ ကျင့်ကြံနေထိုင်လျက်ရှိသည်မှာ ထူးခြားဆန်းကြယ်သလို ဗုဒ္ဓသာသနာအတွက်လည်း အာဇာနည်တစ်ပါး ပေါ်ထွန်းခဲ့ခြင်း ဖြစ်တော့၏။

ယဉ်ကျေးမှုမတူ၊ ရာသီဥတု ခြားနားသော မြန်မာနိုင်ငံကဲ့သို့ ရာသီဥတု ပြင်းသည့် အပူပိုင်းဒေသ၌ ဖိနပ်မစီး၊ သပိတ်တစ်လုံး၊ သက်န်းသုံးထည်မှလွဲ၍ အပိုဆောင်မထား။ ဝတ္ထုငွေကိုလည်း အလှူမခံဘဲ မြတ်စွာဘုရားရှင်နှင့် သူတော်စင်တို့ ချီးမွမ်းအပ်ကုန်သော ဓုတင်အကျင့်မြတ်ကို ဆောင်ယူကျင့်သုံးနေသည်မှာ ဗုဒ္ဓဘာသာဝင်အပေါင်း အားကျ ကြည်ညို ဖွယ် ဆောင်လျက်ရှိ၏။

ဆရာတော် အရှင်သံဝရသီလအနေဖြင့် လေးမြေရွာသို့ ဘုရားရေး၊ ကျောင်းရေး၊ သာရေးနာရေး ကြွရပြီဆိုလျှင် အမေရိကန် ဘုန်းတော်ကြီး သီတင်းသုံးရာ လိုဏ်ဂူတော် အနီးမှ ဖြတ်သန်းသွားရလေ့ရှိ၏။ သို့သော် ရင်းနှီးကျွမ်းဝင်ခြင်း မရှိသည့်အလျောက် တစ်ပါးနှင့်တစ်ပါး နှုတ်ခွန်းဆက်ခြင်းနှင့် စကားပြောဆိုခြင်း မရှိခဲ့ကြပါ။ ဘာသီဘာသာ အေးချမ်းသလိုသာ နေကြလေ့ရှိ၏။

သို့သော် အမေရိကန် ဘုန်းတော်ကြီး၏ ဒကာရင်းများမှာလည်း ဆရာတော် အရှင်သံဝရသီလ၏ ဒကာရင်းများပင် ဖြစ်နေကြ၏။

သို့ဖြင့် အမေရိကန် ဘုန်းတော်ကြီးအကြောင်းကို ရေးသား ထုတ်ဝေလိုစိတ် အရှင်သံဝရသီလ၌ ဖြစ်ပေါ်လာ၏။

သို့အတွက် ဆရာတော်က အမေရိကန် ဘုန်းတော်ကြီးမှ ခွင့်ပြုချက် ရရှိရန်အတွက် နှစ်ဖက်ရင်းနှီးသော ဝန်ပိုရှာ ကျောင်းအုပ်ဆရာကြီးဦးညိုအား သွားရောက်၍ လျှောက်ထားစေလိုက်၏။

အမေရိကန် ဘုန်းတော်ကြီးက ရေးပါ၊ ကောင်းပါတယ်။ မဟုတ်လည်း တခြားသူတွေ ရေးနေကြတာပဲဟု မိန့်၏။ (ဆရာတော်ကား မြန်မာစကားနှင့် မြန်မာစာအရေးကို ကောင်းကောင်း တတ်ကျွမ်းနေပြီဖြစ်၏။)

ဆရာတော် အရှင်သံဝရသီလက ပို၍သေချာအောင် လေးမြေရွာမှ ကိုဝဏ္ဏကို ထပ်၍ ခွင့်ပြုချက် တောင်းခံလျှောက်ထားခိုင်းရာတွင်လည်း ထပ်၍ ခွင့်ပြုကြောင်း မိန့်ကြားလိုက်သည်ဆို၏။

ဆရာတော် အရှင်သံဝရသီလက အမေရိကန် ဘုန်းတော်ကြီးအကြောင်း ရေးသားထားသည့်စာအုပ်ကို ဦးသုန်တို့ သံဃာလေးပါးစလုံး စိတ်ဝင်တစား ဖတ်ရှုပြီးဖြစ်၏။ ဆရာတော်အနေဖြင့် အရေးအသားလည်း ပြေပြစ်ကောင်းမွန်သည့်အပြင် အကြောင်းအရာများကလည်း ပြည့်စုံလှသဖြင့် အလွန်ဆွဲဆောင်မှုရှိသော ကျမ်းတစ်စောင် ဖြစ်ခဲ့၏။

ဖတ်ရှုပြီး ဖြစ်ကြသော်လည်း ဆရာတော်နှုတ်ဖြင့် ပြန်ပြောင်းပြောပြရာမှာလည်း တစ်မျိုးတစ်ဖုံ စိတ်ဝင်စားစရာ ကောင်းနေပြန်၏။ သို့ဖြင့် ညဥ့်နက်သည့်တိုင်အောင်ပင် စိတ်ဝင်တစား နားထောင်ဖြစ်ကြ၏။ တချို့ သိလိုသည်များကိုလည်း အားတက်သရော မေးစမ်းကြ၏။ တဖြည်းဖြည်းနှင့် အမေရိကန် ဘုန်းတော်ကြီး၏ ဘဝပုံရိပ်က ရုပ်လုံးပေါ်လာနေ၏။ သံဝေဂရဖွယ်၊ အတုယူဖွယ်၊ အားကျဖွယ် စုံလင်၏။

အံ့အားသင့်စရာနှင့် သံဝေဂရစရာ တစ်ခုမှာ ဆရာတော်သည် အရင်ဘဝက ဗုဒ္ဓဘာသာဝင် မွန်လူမျိုးဖြစ်နေခြင်းပင်။

အံ့အားသင့်ခြင်းနှင့်အတူ ဒီဘဝ ဗုဒ္ဓဘာသာဝင် ဖြစ်သော်လည်း နောက်ဘဝမှာ ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ အာမခံချက် မရှိပုံသိရသဖြင့် သံဝေဂရဖွယ်၊ ထိတ်လန့်ဖွယ်လည်း ကောင်းလှ၏။ ဗုဒ္ဓဘာသာဝင် မွန်လူမျိုးတစ်ဦးက နောက်တစ်ဘဝမှာ အမေရိကန် လူမျိုးသွားဖြစ်၏။ မိရိုးဖလာဘာသာမှ တခြားဘာသာ သို့မဟုတ် ဘာသာခြားတစ်ဦး သွားဖြစ်နေ၏။

အမေရိကန် ဘုန်းတော်ကြီး၏ ငယ်စဥ်ဘဝမှာ အမေရိကန် ပြည်ထောင်စု အလက်စကာ ပြည်နယ် ဆီးဝပ်မြို့၌ သွား၍ လူဖြစ်ခဲ့ပုံကိုလည်း သံဃာလေးပါးတို့၏ အတွေးပုံရိပ်မှာ ပေါ်လာ၏။

၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှာ မွေးချင်းညီအစ်ကိုနှစ်ယောက် အနက်မှ အစ်ကို ဖြစ်သူ ဂျွန်ဒေးဗစ်ရေးနော့စ်ကလေး ဖွားမြင်ခဲ့၏။

## အခန်း (၅၈)

## အာဇာနည်တစ်ပါး မွေးဖွားခြင်း

အမေရိကန် ပြည်ထောင်စုတွင် အလာစကာပြည်နယ်သည် အအေးဆုံးဒေသဖြစ်ပြီး အနုတ် 62° Celsius အထိ စံချိန်တင်ထားသည်။ ပစိဖိတ်သမုဒ္ဒရာနှင့် တစ်ဆက်တည်း ဖြစ်သော ဘယ်ရင်း ပင်လယ် အလာစကာပင်လယ်ကွေ့အနီးတွင် ဆီးဝဒ် (Seward) မြို့ကလေး တည်ရှိသည်။

စိမ်းလန်းနေသော လျှိုမြောင်ချောက်ကမ်းပါးကြားမှာ စီးဆင်းနေသည့် ချောင်းငယ်၊ ရေတံခွန်စိမ့်စမ်းများ ရှိသလို မှိုင်းညို့ညို့ တောင်တန်းတွေပေါ်မှာ အလွှာလိုက် တန်ဆာ ဆင်ထားသည့် ရေခဲထုနှင်းထုများလည်း ကောင်းကင်သို့ နောက်ခံပြုထား၏။ ယင်းတောင် တန်းများကို နောက်ခံပြုလျက် အလွန်လှပသော Alaska Cruises ဆိပ်ကမ်းက ရင်သပ် ရှုမောရလောက်အောင် ငြိမ်သက်လှပနေသည်။ ရောမ အပျော်စီးသင်္ဘောကြီးများမှ ပဲ့ချိတ် မော်တော် ဘုတ် အငယ်စားလေးများအထိ ကမ္ဘာလှည့်ခရီးသွားများကို တင်ဆောင်ရန် အစီအရီ စောင့်ဆိုင်းလျက်ရှိ၏။

မြို့တောင်ဘက်အစွန် ဆိပ်ကမ်းတွင် 'အလာစကာတက္ကသိုလ်' ကို ခံ့ခံ့ညားညား တွေ့မြင်နိုင်မည် ဖြစ်သည်။

ဆီးဝဒ်မြို့မှာ မီးရထားဘူတာရုံအပြင် အဝေးပြေးယာဉ်များ၏ သယ်ယူပို့ဆောင် ရေးပါ ရှိနေ၍ သင်္ဘောမှ ဆင်းလာသော ခရီးသည်များသည် ကားလမ်း၊ ရထားလမ်း မိမိ နှစ်သက်ရာ ရွေး၍ အသုံးပြုနိုင်သည်။

မြို့မြောက်ဘက် အစွန်တွင်မူ ဒေါ်လာ ၅၂ သန်း အကုန်အကျခံ ဆောက်ထားသော Alaska Sea Life Center အပြင် Kenai Fjords National Park သဘာဝ ဥယျာဉ် ကြီးရှိ၏။ ထို့နောက် ရေခဲအမြဲ ဖုံးလွှမ်းနေသော မာရသွန်တောင်ရှိသည်။

ဆီးဝဒ်မြို့က အိမ်ခြေ ၃၀၀၀ ကျော်လောက်သာရှိ၍ မြို့သေးလေးတစ်ခုဟု ဆိုနိုင် သော်လည်း ခရီးသွားဧည့်သည်များဖြင့် အမြဲလိုလို ပြည့်နှက်နေသည်။ ငါးများသူများ၊ စပိန်နိုင်ငံ နွားရိုင်းလွှတ်ပွဲနှင့် ဆင်တူသော သမင်ရိုင်းလွှတ်ပွဲ ကြည့်ရှုသူများနှင့် အမြဲ စည်ကားနေသည်။

အလာစကာတက္ကသိုလ်မှ ဘရိုဝယ်လမ်းအတိုင်း ဆက်သွားလျှင် စိန့်ပီတာအက်ဝိ စကော့ပယ် ခရစ်ယာန် ဘုရားရှိခိုးကျောင်း ရှိသည်။ ဘုရားရှိခိုးကျောင်းမှနေ၍ ပထမ အဗေဇန်ျူးလမ်းအတိုင်းသွားလျှင် ဝန်ပိုသဘာဝလိုဏ်ဂူတွင် ယခု သီတင်းသုံးနေသော

သာသနာ့အာဇာနည်အား မွေးဖွားခဲ့ရာ Providence Seward Medical Center ဆေးရုံ ကြီးကို တွေ့မြင်နိုင်၏။

အမေရိကန်နိုင်ငံတွင်လည်းကောင်း၊ ဥရောပတွင်လည်းကောင်း ခရစ်ယာန် ဘာသာ ဝင်များ ရှိသကဲ့သို့ မည်သည့် ဘာသာမှ မဝင်သေးသော ဘာသာမဲ့ (Atheist) များလည်း တဖြည်းဖြည်း ပေါ်များလာနေသည်။

ဗုဒ္ဓသာသနာ့ အာဇာနည်လောင်းလျာလေးဖြစ်သော John David Raynolds ကို ၁၉၆၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် အဘ Mr John Roach Raynolds နှင့် အမိ Mrs Rosa Jennirgs တို့မှ မီးရှူးသန့်စင် ဖွားမြင်ခဲ့သည်။ ဒေးဗစ်ကလေးမှာ မွေးစမှ စ၍ အေးချမ်းငြိမ်းသက်သော ကလေးတစ်ယောက် ဖြစ်ခဲ့သည်။

ထူးခြားမှုတစ်ခုက ဒေးဗစ်ကလေးကို မွေးဖွားအပြီး ရှစ်လအကြာတွင် ဆီးဝပ်ဒ်မြို့ တစ်ဝိုက် (အလာစကာ) မှာ လျောင်အကြီးအကျယ် လှုပ်ခဲ့၏။ အမေရိကန်၏ ဒုတိယ အကြီးမားဆုံး လျောင်ဟုပင် ဆိုကြ၏။

အေးလွန်းသော ရာသီဥတု ကြမ်းတမ်းမှုအပြင် ဝေးလံခေါင်သီခြင်း သဘာဝဘေး အန္တရာယ်များခြင်းတို့ကြောင့် ဒေးဗစ်တို့ မိသားစုသည် ဒေးဗစ်၏ ညီငယ်လေးကို မွေးဖွားပြီး သည့် နောက်ပိုင်းတွင် ဝါရှင်တန်မြို့ကြီးသို့ ပြောင်းရွှေ့ခဲ့ကြ၏။

'ဒေးဗစ်'လေးမှာ ငယ်စဉ်ကတည်းကပင် တည်ငြိမ်အေးချမ်းသော စရိုက်ရှိပြီး မိသားစု အပေါ်မှာလည်း အလွန်အလိုက်သိ၏။ ဂိမ်း၊ ကဗျာနှင့် စာပေတို့ကိုလည်း ဝါသနာ ထုံ၏။

တစ်ဖက်မှာလည်း စာပေ ဗဟုသုတလိုက်စားရင်းဖြင့် ပညာရေးကိုလည်း ကြိုးစား သင်ကြားခဲ့ရာ ဘီအက်စ်စီ ဘွဲ့ ရရှိခဲ့၏။ ဇီဝဗေဒ အဓိက ယူခဲ့ပြီး Marine Emphasis အဏ္ဏဝါ အထူးပြု ဘာသာရပ်ဖြစ်၏။

အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံတို့တွင် နောက်ပိုင်း ခေတ်စားလာသည်မှာ ဘာသာ အယူဝါဒတို့၏ လွှမ်းမိုးမှုကိုမခံဘဲ မည်သည့် ဘာသာမှ မကိုးကွယ်သော ဘာသာမဲ့ Atheist များ များပြားလာခြင်းပင် ဖြစ်သည်။ မိရိုးဖလာ အစဉ်အဆက် ကိုးကွယ်လာသော ဘာသာဟူ၍ ရှိစေကာမူ မိမိမလေ့လာ မသိရှိရသေး၍ လေ့လာသိရှိပြီးသည်အထိ မိမိကိုယ်မိမိ ဘာသာ မရှိသေးဟုသာ ခံယူထားခြင်းပင်ဖြစ်သည်။ သူတို့ဆီမှာ လွတ်လပ်ခွင့်က အပြည့်ရှိသည်။ မိဘတို့ ကိုးကွယ်သည့် ဘာသာဖြစ်သော်လည်း မိမိလက်ထက် လေ့လာပြီး ယုံကြည်မှသာ ကိုးကွယ်မည်။ မယုံကြည်ပါက သို့မဟုတ် မလေ့လာဘဲနှင့် မျက်ကန်းယုံကြည်မှုကို လက်မခံသော အဓိပ္ပာယ်ဖြစ်သည်။ သူ့ ရှုထောင့်နှင့်သူတော့ မှန်ကန်မည်ထင်၏။

ဘာသာမဲ့များနှင့် ပတ်သက်၍ သူတို့သည် ဘာသာဝင်များထက်ပင် ယဉ်ကျေးပြီး ဘာသာဝင်များထက် ဥပဒေကို လေးစားသည်။ သူတစ်ပါးကို ပို၍ ကူညီသည်။ ဘာသာမဲ့

ဆိုသော အဓိပ္ပာယ်သည် အခြားဘာသာဝင်များကို အတိုက်အခံပြုခြင်း မဟုတ်ဘဲ စေ့စေ့ ငုငု လေ့လာပြီးမှသာ ယုံယုံကြည်ကြည် လိုက်စားမည်ဟု ဆုံးဖြတ်ထားသူများ ဖြစ်၏။

မစ္စတာဒေးဗစ် သို့မဟုတ် ဝန်ပိုဘေးမဲ့ တောရလိုဏ်ဂူတော်မှ အာဇာနည် အလောင်း လျာ၏ မိသားစုသည်လည်း စင်စစ် Atheist ဖြစ်ကြ၏။

ဤအကြောင်းကြောင့်ပင် မစ္စတာဒေးဗစ်အတွက်ကော မြန်မာဗုဒ္ဓဘာသာဝင်များ အတွက်ကော ကံကောင်းသွား၏။

နောက်ပိုင်း ခေတ်ပညာတတ်များသည် မဆင်ခြင်ဘဲ လက်ခံယုံကြည်ခြင်း နည်းပါး လာသည်။ မစ္စတာဒေးဗစ်သည် စာပေများမှတစ်ဆင့် ဘာသာအယူဝါဒအမျိုးမျိုးကို အသေးစိတ် လေ့လာခဲ့၏။ သူသည် ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာခဲ့လေပြီ။ သို့သော် ဗုဒ္ဓ ဘာသာမှာ မဟာယနနှင့် ထေရဝါဒဟူ၍ ဂိုဏ်းနှစ်မျိုး ဖြစ်နေသည်ကို သူ သတိပြုမိ၏။

ထိုစဉ်ကာလက မစ္စတာဒေးဗစ်သည် မိသားစုနှင့် ခွဲခွာပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်နေခဲ့ပြီဖြစ်၏။ သူ သင်ယူခဲ့သည့် ဘာသာရပ်မှာ Marine Biology ဖြစ်သောကြောင့် ဂျပန်နှင့် ဖက်စပ် ငါးလုပ်ငန်း ကုမ္ပဏီတစ်ခုမှာ အဏ္ဏဝါဇီဝဗေဒပညာရှင် အဖြစ် အလုပ်လုပ်ကိုင်ခဲ့၏။

ကိုယ်သင်ယူခဲ့သည့် ပညာရပ်နှင့် ဆက်စပ်သည့် အလုပ်ကို လုပ်ကိုင်နေခဲ့ရသော် လည်း ယခုအခါ ပြန်လည်သုံးသပ်လာမိပြီဖြစ်၏။

ပါရမီမျိုးစေ့တို့ကလည်း နိူးဆော်ပြီ။ ဉာဏ်ပညာ ဓာတ်ခံအားလည်း ကောင်းသည်။ ကုသိုလ်ကံ အကြောင်းကလည်း အခွင့်သင်လေပြီ။ ထို့ကြောင့် မစ္စတာဒေးဗစ်သည် ဗုဒ္ဓ ဘာသာကိုပင် မဟာယနနှင့် ထေရဝါဒ ဘယ်ဘက်ကိုလိုက်ရမည် ဆိုသည်ကိုလည်း လေ့ လာမှုကျေးဇူးကြောင့် သိခဲ့ရလေပြီ။

သံသရာကိုလည်း ယုံကြည်ပြီး ကံ ကံ၏ အကျိုးကိုလည်း ယုံကြည်လေပြီ၊ အရှည်ကို မမြင်ကြသဖြင့် လက်ရှိဘဝမှာ ကာမဂုဏ်အာရုံများ၌ ပျော်မွေ့နေကြသူများကို ကြည့်၍ လည်း သံဝေဂရမိလေပြီ။

ဗုဒ္ဓဟောကြားဖူးသည်မှာ နိဗ္ဗာန်ရဖို့ ကလျာဏမိတ္တ မိတ်ဆွေကောင်းရှိဖို့ အဓိကဟု ဟောကြားခဲ့ပါသည်။ မှန်ပါသည် မစ္စတာဒေးဗစ်၏ ပါရမီမျိုးစေ့ ရှင်သန်ပေါက်ဖွားလာဖို့ ရေ၊ လေ၊ နေရောင်ခြည်နှင့် မြေဩဇာလိုပါသည်။ မိတ်ဆွေကောင်းလိုပါသည်။

မစ္စတာဒေးဗစ်၏ ကံကောင်းပုံမှာ ထူးခြားလှပါသည်။ လူ့အဖြစ်ကို ရရှိဖို့ ပြဟ္မာ့ပြည်က အပ်တစ်စင်းနှင့် လူ့ပြည်က အပ်တစ်စင်း ဆုံတွေ့ဖို့ထက်ပင် ခက်သည်ဟု ဗုဒ္ဓဟောဖူးပြီ။ လူ့အဖြစ်ကို ရရှိခြင်းဖြင့် ထိုအခက်အခဲကို မစ္စတာဒေးဗစ် ကျော်လွှားခဲ့ပြီ ဖြစ်သော်လည်း နောက်ထပ်ကျော်လွှားရဦးမည့် အခက်အခဲက ဗုဒ္ဓဘာသာကို လက်တွေ့ကျင့်ကြံဖို့ ဆရာကောင်း သမားကောင်းနှင့် တွေ့ဖို့လိုပါသည်။

ဟော. . . တွေ့ပါပြီ။ အကြောင်းတရား ရှိနှင့်ပြီးပါက အကျိုးတရားကလည်း အဆင်သင့်ပါပဲ။ အမေရိကန် ဘုန်းတော်ကြီးက နောက်ပိုင်း မိန့်ကြားဖူးသည်မှာ ဆရာတော်သည် အရင်ဘဝက မွန်လူမျိုးဖြစ်ခဲ့သည်ဟု အပ်ချမတ်ချ မိန့်တော်မူခဲ့၏။

ဆရာတော်သည် မွန်လူမျိုးဖြစ်စဉ် ဘဝက ဘယ်လို ကုသိုလ်ကောင်းမှုများ ပြုပြီး ဘယ်လို ပါရမီမျိုး ဖြည့်ဆည်းခဲ့သည် မသိပါ။ ယခုဘဝမှာတော့ အကျိုးပေးလေပြီ။

ဆရာတော်၏ အကျိုးပေးဖို့အချိန်နှင့် ကိုက်အောင်ပင် ရှုတင်ဆောင်တောရပုဂ္ဂိုလ်ကြီးဖြစ်သော တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ကြီးက အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်မှာ သာသနာ့မျိုးစေ့ချခဲ့ပြီး ဖြစ်ပါသည်။ ယခု ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရားကြီး မရှိတော့ပြီ ဖြစ်သော်လည်း ဆရာတော်ကြီး၏ လက်ရင်းတပည့်ဖြစ်သည့် လှိုင်းတက်ဆရာတော် ဘုရားကြီးက အမေရိကန် နိုင်ငံသို့ လာရောက်၍ သာသနာပြုနေချိန် ဖြစ်ပါသည်။

မစ္စတာဒေးဗစ် သို့မဟုတ် ဝန်ပိုဘေးမဲ့တောရ လိုဏ်ဂူဆရာတော် အလောင်းအလျာ ပုဂ္ဂိုလ်သည် မိတ်ဆွေတစ်ယောက်၏ ညွှန်ပြပေးမှုဖြင့် တောင်ပုလုရိပ်သာ (အမေရိကန်) ရှိ လှိုင်းတက်ဆရာတော် ဘုရားကြီးရှေ့မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားခဲ့တော့၏။

ပထမအဆင့် ခြေလှမ်းတစ်ရပ်အနေဖြင့် မစ္စတာဒေးဗစ်သည် လှိုင်းတက်ဆရာတော် ဘုရားကြီးထံတွင် ရှင်သာမဏေဝတ်၍ တစ်လခန့် ဝိပဿနာတရား အားထုတ်ပွားများကြည့်၏။

သဘောကျသွားပြီ။ ယုံကြည်သက်ဝင်သွားပြီ။ အားလုံးကို ဖြတ်တောက်တော့မည် ဆုံးဖြတ်ကာ အိမ်ကို ပြန်၍ မိမိပိုင် ဥစ္စာပစ္စည်းအားလုံး၊ ပေးတန်တာပေး စွန့်တန်တာစွန့် လှူတန်တာ လှူပစ်၏။ လက်ရှိ အလုပ်မှလည်း အပြီးအပိုင် နုတ်ထွက်လိုက်သဖြင့် လုပ်ဖော်ကိုင်ဖက်များပင် ထူးဆန်းအံ့ဩနေကြ၏။ ထို့နောက်တွင်ကား ပစ္စည်းသံယောဇဉ် လူသံယောဇဉ်ဟူသမျှကို ဖြတ်တောက်ပယ်ရှားလိုက်၏။

ခိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ လှိုင်းတက်ဆရာတော် ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ သာသနာ့ဘောင်သို့ အပြီးအပိုင် ဝင်ရောက်လေတော့၏။

ထိုနေ့သည်ကား ဗုဒ္ဓသာသနာ၏ အာဇာနည် သံဃာတော်တစ်ပါး စတင် ပေါ်ပေါက်သောနေ့၊ ၁၉၈၁ ခု ဧပြီလ ၂၀ ရက်နေ့ဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၃၄၃ ခု၊ ကဆုန်လဆန်း ၁၄ ရက် နေ့ပင် ဖြစ်တော့၏။

# အခန်း (၅၉)

## ဆရာကောင်းတပည့်

| | | |
|---|---|---|
| ဘွဲ့အမည် | – | အရှင်ပညောဘာသ |
| လူမျိုး | – | အမေရိကန် လူမျိုး |
| ရည်ရွယ်ချက် | – | ကိလေသာ မှန်သမျှကို ထိုးဖောက်သွားရန် |
| ပန်းတိုင် | – | နိဗ္ဗာန် |
| ဥပဇ္ဈာယ်ဆရာတော် | – | လှိုင်းတက်ဆရာတော်ဘုရား |

လူဆိုသည်မှာ ဆန္ဒနှင့် ရည်ရွယ်ချက်သာရှိပါက ကြီးမားသော အင်အားတစ်ရပ် ဖြစ်ပေါ်လာပါသည်။ ယခု အရှင်ပညောဘာသတွင် ဖြစ်ပေါ်နေသည့် အင်အားတစ်ရပ်က ဝိနည်းနှင့် အတိအကျညီအောင် နေလိုသည့်အပြင် ဓူတင်ဆောင် ရဟန်းဖြစ်လိုခြင်းပင်။

အရှင်ပညောဘာသ ကံကောင်းသည်မှာ အမေရိကန်နိုင်ငံ တောင်ပုလု ကမ္ဘာ့အေး တရားရိပ်သာမှ လှိုင်းတက်ဆရာတော်ကြီး ပြန်ကြွသွားသော်လည်း နောက်ထပ် အာဇာနည် ပုဂ္ဂိုလ်ကြီးဖြစ်သည့် ကျောက်ဆင်တောရဆရာတော်ခေါ် ပခုက္ကူ ဆရာတော်ကြီး ကြွလာခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီးကား တောင်ပုလု ဆရာတော်ကြီး၏ လက်ရင်း တပည့်ဖြစ်သည့်ပြင် ကိုယ်တိုင်လည်း ဓူတင်ဆောင်ပုဂ္ဂိုလ်ဖြစ်၏။ မိမိ၏ တပည့်များကိုလည်း မိမိအကျင့် ပြင်းသလို အကျင့်သန်မှကြိုက်၏။ ခိုကပ်သူများကို မကြိုက်။ မျက်နှာသာ မပေး။ အလုပ်လုပ်မှ ကြိုက်၏။

ဆရာနှင့် တပည့်တွေ့ကြလေပြီ။ ငုပ်မိသဲတိုင် မောဓိဉာဏ်ကို ဆွဲကိုင်ချင်သူနှင့် ဆရာစားမချန်ဘဲ ဆရာ့ထက်တပည့် လက်စောင်းထက်အောင် သင်ပေးမည့် အာဇာနည် ဆရာသမားတို့ ဆုံတွေ့လေပြီ။

အရှင်ပညောဘာသသည် ရဟန်းတက်သည့် နေ့မှစ၍ ဖိနပ်မစီး။ ထီးမဆောင်းတော့။ ဝတ္ထုငွေကြေး ကိုင်ဖို့ဆိုလျှင်ဝေးစွ။

အမေရိကန် ပြည်သူများအဖို့ ဗုဒ္ဓဘာသာ ဘုန်းကြီးဆိုလျှင် ရုပ်ရှင်ကားတွေထဲက ပေါ်တောတော ကြောင်တောင်တောင် ရှောင်လင် ဘုန်းကြီးလောက်သာ မြင်ဖူးကြ၏။ အပြင်မှာ ထေရဝါဒဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို သိပ်မမြင်မတွေ့ဖူးကြ။

ယခုမြို့တွင်းကို ကြွလာပြီး အလှူခံနေသူက ဣန္ဒြေသိက္ခာကြီးမားစွာဖြင့် သတိ ကပ်သော ခြေလှမ်းလှမ်းလျက် ဖြည်းညှင်းစွာ ကြွလာနေသော ဗုဒ္ဓဘာသာ အမေရိကန် လူမျိုးတစ်ဦး။ ဦးပြည်းခေါင်းတုံးနှင့် သင်္ကန်းကို သပ်ရပ်လုံခြုံစွာ ဝတ်ဆင်လျက် နှုတ်က လည်း ဘာမျှမပြော၊ သူ့ အကဲခတ်ကြည့်တော့ တစ်ခုခု ပေးကမ်းစေလိုသည့် သဘောကို

တွေ့ရ၍ ရယ်ရယ်မောမော မေးစမ်းရင်း သစ်သီးတချို့လှူကြ၏။ သို့သော် သူကတော့ တုဏှိဘာဝေ ဘာတစ်ခွန်းမျှ မပြော သာခုသုံးကြိမ်သာ ခေါ်သွား၍ ပေးလှူသည့် သူများမှာ ကြောင်အမ်းအမ်းနှင့် ကျန်ခဲ့ကြ၏။

စပျစ်သီး၊ ပန်းသီး၊ လိမ္မော်သီး၊ လွယ်လွယ်ကူကူသာ သပိတ်ထဲ ထည့်လိုက်ကြ၏။ နေ့လည်စာ ဆွမ်းအတွက် ပေါင်မုန့်၊ ထမင်းနှင့် ဟင်းလျာများ လောင်းလှူရကောင်းမှန်း ဘယ်သူမှ မသိကြ။ တချို့က လှောင်ပြောင်၍ပင် သွားကြ၏။

တချို့က ပေါ်ပေါ်ထင်ထင် မေးသူလည်းရှိ၏။ ‘ခင်ဗျားက အလုပ်မလုပ်ဘဲ ကျုပ်တို့က ဘာကြောင့် အလကားပေးကြရမှာလဲဟ။ သွား. . . သွား’ ဟု နှင်ထုတ်သူများလည်း ရှိကြ၏။ မောဟနှင့် လူသားများမို့ အရှင်ပညောဘာသက စိတ်ဆိုးခြင်းအလျှင်း မရှိသည့်အပြင် သနားဂရုဏာပင်သက်မိ၏။ သူ သဘောပေါက်လိုက်သည်က အမေရိကန်နိုင်ငံသည် ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံမဟုတ်သည့်အတွက် သူ့အတွက် ရေခံမြေခံမကောင်းပေ။

သူ့အခက်အခဲကို သိသော မြန်မာများက သူ့အပြန်ကိုစောင့်၍ ကျောင်းဝင်း အပြင်ဘက် ခပ်လှမ်းလှမ်းမှ စောင့်ကြိုလောင်းလှူကြသည်။ သို့သော် သူတို့မှာလည်း အလုပ်အကိုင် ကိုယ်စီနှင့်မို့ နေ့တိုင်းလာလောင်းဖို့အတွက်မူ သိပ်မလွယ်ကူလှ။

အမေရိကန်လူမျိုး ဥရောပလူမျိုးစသော လူမျိုးကြီးတို့သည် အလုပ်တစ်ခုကို လုပ်မည်ဟု ပိုင်းဖြတ်ပြီးသည်နှင့် မဆုတ်မနစ် လုပ်တတ်ကြ၏။ အရိုးကြေကြေ အရေခန်းခန်း ဖွဲ့လျှော့မသွားကြ။ ရှေ့က သူတို့၏ အဘိုးအဘွားများ၏ ကျားကုတ်ကျားခဲ နိုင်ငံတိုးတက်ရေးအတွက် ကြိုးပမ်းသွားကြသောကြောင့်သာ ယခု သူတို့ ကမ္ဘာ့ အလယ်မှာ ထည်ထည်ဝါဝါ နေနိုင်ကြသည် မဟုတ်ပါလား။ ဒါကို သူတို့ သိသည့်အပြင် သူတို့ သွေးထဲမှာပင် ဘမျိုးဘိုးတူ မနိုးမ ကတ်တတ်သည့် သွေးက ပါလာသည်။

အရှင်ပညောဘာသ၏ မျက်နှာမှာ ပင်ပန်းနွမ်းနယ်သည့် အရိပ်အယောင်၊ စိတ်ဓာတ်ကျသည့် လက္ခဏာ၊ နောင်တရသည့် ပုံပန်း စိုးစဉ်းမျှ မတွေ့ရ။ မျက်နှာချောင်ကျသွားသော်လည်း အင်အား ပြည့်သည့် အမူအရာကို မြင်တွေ့သူတိုင်း သတိထားမိကြသည်။

ညနေ တရားချိန်ပြီး၍ ပခုက္ကူ ဆရာတော်ကြီးထံ အရှင်ပညောဘာသ လာရောက်ကာ ဂါရဝပြု ကန်တော့လျက်ရှိ၏။ ဆရာတော်ကြီးက အရှင်ပညောဘာသကို ကျေနပ်အားရသော စိတ်ဖြင့် သိမ်းကျုံး၍ ကြည့်လိုက်၏။ ချီးကျူးခဲ့သော ဆရာတော်ကြီးက အရှင်ပညောဘာသကို ချီးကျူးနေ၏။ အာဇာနည် ပုဂ္ဂိုလ်ကြီးများဟူသည် မိမိခြေရာကို နင်းမည့် အာဇာနည်လောင်းများအား မြင်ရုံနှင့်သိကြသည်။

နောက်ပြီး မိမိတပည့်ကို အခြေအနေကောင်း ပတ်ဝန်းကျင်ကောင်းများ မည်ကဲ့သို့ ဖန်တီးပေးရမည်ကိုလည်း သိသည်။ သို့အတွက် နည်းပေးရန်၊ ဩဝါဒပေးရန်၊ အဆုံးအမ ပေးရန်လည်း မည်သည့် အခါမျှ မပျက်ကွက်ကြပေ။ ပစ်မှတ်၏ အလယ်ဗဟို တည့်တည့်သို့

ပစ်ခွင်းလိုက်သည့် မြှားတစ်စင်းနှယ် ဩဝါဒများက ထိထိမိမိ ရှိလှပါပေသည်။ စူးစူးနစ်နစ် ရှိလှပါသည်။

ဆရာတော်ကြီးက ထိခြင်းငါးပါးဖြင့် စနစ်တကျ ကန်တော့ပြီးသော အရှင်ပညောဘာသအား ကရုဏာလွှမ်းခြုံသော အကြည့်ဖြင့်ကြည့်လျက် တိုးညှင်းစွာ မေးတော်မူသည်။ (စကားပြန်မှ တစ်ဆင့်ဖြစ်သည်)

'ဦးပညောဘာသ၊ ဗုဒ္ဓရဲ့ တရားအရိပ်မှာ စိတ်အေးချမ်းပါရဲ့လား'

**အရှင်ပညောဘာသ** – 'ထင်ထားတာထက် ပိုပြီး စိတ်ချမ်းသာပါတယ်ဘုရား'

**ဆရာတော်** – 'သာဓု၊ သာဓု၊ သာဓု ဆွမ်းကတော့ သည်းခံရမှာပေါ့'

**အရှင်ပညောဘာသ** – 'သည်းခံနိုင်ပါတယ်ဘုရား'၊ 'တပည့်တော်အတွက် အဆင်ပြေပါတယ်ဘုရား။ ပြဿနာ မရှိပါဘူး'

**ဆရာတော်** – 'သာသနာ တောက်ပြောင်ဖို့ရာဆိုတာ သံဃာက သီလရှိရုံနဲ့ မပြီးဘူး။ လိုအပ်တာကို စနစ်တကျ လှူဒါန်းနိုင်တဲ့ ဒကာ ဒကာမ အထောက်အပံ့လည်း လိုတယ် ဦးပဥ္စင်းရဲ့'

**အရှင်ပညောဘာသ** – 'မှန်လှပါဘုရား'

ဆ**ရာတော်** – 'ဦးပညောဘာသ ထားတဲ့ ရည်ရွယ်ချက်နဲ့ ဒီနိုင်ငံရဲ့ ရေခံမြေခံနဲ့ သိပ်ကိုက်ပုံမရဘူး။ ရှုတင် ၁၃ ပါးစလုံးကို အပြတ်အသတ် ကျင့်ချင်သလား'

**အရှင်ပညောဘာသ** – 'ကျင့်ချင်ပါတယ်ဘုရား'

**ဆရာတော်** – ဒါဆိုရင်တော့ အရှင်ပညောဘာသကို အကြံပေးမယ်၊ တို့နိုင်ငံ မြန်မာပြည်ကိုသာ ကြွပြီး သီတင်းသုံးပေတော့။ ဟိုမှာ လိုအပ်တာတွေ အားလုံး တို့စီစဉ်ပေးမယ်။ ဦးပဥ္စင်းရဲ့ ဝေနေယျတွေလည်း ဟိုမှာ စောင့်နေကြတယ်။ ဆရာတော် ပြောတာ သဘောပေါက်ရဲ့လား'

**အရှင်ပညောဘာသ** – 'တပည့်တော်ကလည်း ဝမ်းမြောက်ဝမ်းသာ ကြွချင်ပါတယ် ဘုရား။ အရှင်ဘုရား ပြောတာလည်း သဘောပေါက်ပါတယ်ဘုရား'။

**ဆရာတော်** – 'သာဓု၊ သာဓု၊ သာဓု'

❖

## အခန်း (၆၀)

## ကိလေသာများကိုခါထုတ်ပစ်ခြင်း (သို့မဟုတ်) ဓုတင်

ပခုက္ကူဆရာတော်ကြီးက အာဇာနည်လောင်း တပည့်ကျော်ကို စိတ်ရှည်လက်ရှည်ဖြင့် ဓုတင်အကြောင်း ရှင်းပြနေသည်။

'လူတိုင်းမကျင့်နိုင်တဲ့ ခက်ခဲတဲ့ အကျင့်ပဲ။ ဗုဒ္ဓဘုရားရှင်ကလည်း ချီးကျူးတဲ့ အကျင့်၊ ဘုရားရဲ့ အရိုက်အရာ ခံခဲ့ရတဲ့ ရှင်မဟာကဿပ ကိုယ်တော်ကြီးဟာ ရဟန်းဘဝ အစကနေ အဆုံးတိုင်အောင် ဓုတင်ဆောင်ပြီးနေသွားတယ်။ ဓုတင် တေဒဂ်ရခဲ့တယ်။ တောင်ပုလုဆရာတော်ကြီးနဲ့ အစဉ်အဆက် တပည့်တွေလည်း ဓုတင်ဆောင် ကျင့်ကြတယ်။ ဓုတင်ရဲ့ အကျိုးကတော့ အလွန်များတယ် ဦးပညောဘာသ။ ဓုတင်ဆောင်ရင် ကိလေသာတွေ ကျဲသွားမယ်၊ ပါးသွားမယ်၊ ဒါကြောင့် တရားရလွယ်မယ်။ ဘုရားပညတ်ခဲ့တဲ့ ဝိနည်းတော်ကိုလည်း မကျိုးပေါက်အောင် ကာကွယ်ထားနိုင်တယ်။ ဒီခန္ဓာကြီးကို ထိန်းသိမ်းပြီး အသက်မွေးရတာလည်း ပေါ့ပေါ့ပါးပါးနဲ့ ခရီးသွားလည်း ပေါ့ပေါ့ပါးပါးနဲ့ ကောင်းကင်မှာ ပျံသန်းတဲ့ ငှက်များလိုပဲ။ သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံးနဲ့ သိပ်လွယ်ကူတယ်။ ဦးပညောဘာသလည်း စာထဲမှာ လေ့လာပြီးသား ဖြစ်မှာပေါ့'။

**ဦးပညောဘာသ** – 'ဖတ်ထားပါတယ်ဘုရား၊ ဒါပေမဲ့ ဆရာတော် မိန့်ကြားတာကို တပည့်တော် နာချင်ပါတယ်ဘုရား'

ဆရာတော်က ဦးပညောဘာသကို မေးခွန်းတစ်ခုချင်း မေးရင်း ရှင်းပြသည်။

**ဆရာတော်** – 'ဦးပဥ္ဇင်းက သူများ စွန့်ပစ်ထားတဲ့ အဝတ်စတွေကို ချုပ်ပြီးဖြစ်စေ၊ စွန့်ပစ်ထားတဲ့ သင်္ကန်းဖြစ်စေ ကောက်ယူပြီး ဝတ်နိုင်မလား၊ . တစ်ခုရှိတာက ဘယ်သူလာလှူလှူ လက်မခံဘဲ နေရမယ်၊ နေနိုင်ပါ့မလား'

**ဦးပညောဘာသ** – 'နေနိုင်ပါတယ်ဘုရား'

**ဆရာတော်** – 'အေး ဒါဆိုရင် ပံသုကူဓုတင် တစ်ပါး ရသွားပြီ။ နောက်တစ်ခုက သတ်မှတ်ထားတဲ့ သင်္ကန်းသုံးထည်နဲ့ပဲ နေရမယ်၊ သင်္ကန်း အပိုမဆောင်ရဘူး၊ နေနိုင်ရဲ့လား'

**ဦးပညောဘာသ** – 'နေနိုင်ပါတယ် ဘုရား'

**ဆရာတော်** – 'သာဓု၊ သာဓု၊ ဒါဆိုရင် နောက်ထပ် တိစီဝရိတ် ဓုတင်ရသွားပြီ။ နောက်တစ်ခုက ဆွမ်းမခံဘဲ မစားရဘူး၊ ဆွမ်းခံပြီးတော့ပဲ စားရမယ်၊ ကျောင်းကိုလာပို့တာမျိုးကို ဘုဉ်းမပေးဘဲ နေရမှာ နေနိုင်လား'

**ဦးပညောဘာသ** – ‘နေနိုင်ပါတယ်ဘုရား’

**ဆရာတော်** – ‘သာဓု၊ သာဓု၊ ဒါဆို ပိဏ္ဍပါတ်ဓုတင် ရသွားပြန်ပြီ။ နောက်တစ်ခုက ဆွမ်းခံတဲ့အခါ ဆင်းရဲချမ်းသာ မရွေးဘဲ အိမ်အစဉ်အတိုင်းပဲ ဆွမ်းခံရမှာ ရပါ့မလား’

**ဦးပညောဘာသ** – ‘ရပါတယ်ဘုရား’

**ဆရာတော်** – ‘အေး၊ ဒါဆိုရင် နောက်ထပ် သပဒါနဓုတင်ရသွားပြန်ပြီ။ နောက်တစ်ခုက ဆွမ်းကို တစ်ထပ်တည်း တစ်ထိုင်တည်း စားရမယ်။ ထပြီးရင် ပြန်မစားရဘူး။ ဖြစ်ရဲ့လား’

**ဦးပညောဘာသ** – ‘ဖြစ်ပါတယ်ဘုရား’။

**ဆရာတော်** – ‘ဒါဆို ဧကာသနိက်ဓုတင် ရသွားပြီ။ နောက်တစ်ခုက ဆွမ်းတွေ၊ ဆွမ်းဟင်းနဲ့ မုန့်တွေကို သပိတ်ထဲမှာပဲ ရောနှော ဘုဉ်းပေးရမယ်။ စားနိုင်ပါ့မလား’

**ဦးပညောဘာသ** – ‘စားနိုင်ပါတယ်ဘုရား’

**ဆရာတော်** – ‘အေး ဒါက ပတ္တပိဏ္ဍိကဓုတင် ခေါ်တယ်။ နောက်တစ်ခုက ဆွမ်းကို တော်ပြီလို့ ပြောပြီး ပြန် ဘုဉ်းမပေးရတော့ဘူး။ ရမလား’

**ဦးပညောဘာသ** – ‘ရပါတယ်ဘုရား၊ တော်ပြီလို့ ပြောပြီးရင်တော့ ဓုတင် မဆောင်ရင်တောင် ပြန်မစားသင့်ဘူး ထင်ပါတယ်ဘုရား’

**ဆရာတော်** – (ပြုံးလျက်) ‘မှန်တာပေါ့၊ ဒါဆို ခလုပစ္ဆာဓုတင်ရသွားပြီး။ နောက်တစ်ခုက မြို့ကျောင်း ရွာကျောင်းတွေမှာ မနေဘဲ လူသူဝေးတဲ့ တောရကျောင်းမှာပဲ နေရမယ်။ နေနိုင်မလား’

**ဦးပညောဘာသ** – ‘ပိုတောင်ကောင်းပါသေးတယ်ဘုရား၊ နေနိုင်ပါတယ်’

**ဆရာတော်** – ‘ဒါဆိုရင် အာရညကင်ဓုတင်ရသွားပြီ။ နောက်တစ်ခုက အမိုးအကာ အောက်မနေဘဲ သစ်ပင်အောက်မှာနေတာ၊ ရာသီဥတုအရ အမြဲမဆောင်နိုင်လည်း တချို့ တစ်ခါတလေ ဆောင်ကြတာ’။

**ဦးပညောဘာသ** – ‘တပည့်တော် တစ်ခါတစ်ရံ ဆောင်ချင်ပါတယ်ဘုရား’

**ဆရာတော်** – ‘အဲဒါ ရုက္ခမူဓုတင်ခေါ်တယ်။ နောက်တစ်ခုက အမိုးအကာအောက် ကော သစ်ပင်အောက်ကော မနေဘဲ လွင်တီးခေါင်မှာပဲနေတာ။ ဒါကိုလည်း အမြဲ မဆောင် နိုင်ရင် အချိန်အကန့်အသတ်နဲ့ ဆောင်ကြသူတွေရှိတယ်’။

**ဦးပညောဘာသ** – ‘တပည့်တော်လည်း အချိန်အကန့်အသတ်နဲ့ ဆောင်ချင်ပါတယ် ဘုရား’

**ဆရာတော်** – ‘အဲဒါက အဗ္ဘောကာသိကဓုတင်ပဲ။ နောက်တစ်ခုက သုသာန် အရပ်မှာပဲနေတာ။ တချို့က အမြဲနေတာရှိတယ်။ တချို့က ရံဖန်ရံခါ သွားဆောင်ကြတယ်’

**ဦးပညောဘာသ** – ‘တပည့်တော် ရံဖန်ရံခါ ဆောင်ချင်ပါတယ်ဘုရား’။

**ဆရာတော်** – ‘အဲဒါကို သုသာန်ဓုတင်ခေါ်တယ်။ နောက်တစ်ခုက မိမိရဲ့ ဆရာ သို့မဟုတ် ကျောင်းချထားပေးရန် တာဝန်ရှိသူက သတ်မှတ်တဲ့ ကျောင်းကိုပဲ နေရတဲ့ ဓုတင် မနေတော့ရင် ပျက်တယ်’။

**ဦးပညောဘာသ** – (စဉ်းစားရင်း) 'တပည့်တော်ကို ရဟန်းတစ်ပါးပါးက လိုက်ဂူလိုဟာမျိုးကို သတ်မှတ်ပေးရင်ကော အဲဒီဂူတင်ရပါသလားဘုရား'။

**ဆရာတော်** – 'ရတာပေါ့။ အဲဒါက ယထာသတ္တိဂူတင်ပဲ၊ နောက်ဆုံးတစ်ခု ၁၃ ခုမြောက်က ကိုယ်ဆန္ဒပြီးတော့ မအိပ်ရဘူး။ ပက်လက်ကုလားထိုင်နဲ့တော့ ထိုင်လို့ရတယ်။ ဒါပေမဲ့ ခြေထောက်နဲ့ မြေကြီး မလွတ်ရဘူး။ နေနိုင်လား'။

**ဦးပညောဘာသ** – 'တပည့်တော် နေနိုင်မှာပါ ဘုရား'

**ဆရာတော်** – 'သာဓု၊ သာဓု၊ သာဓု အဲဒါက နေသဇ္ဇိကဂူတင်ပဲ။ ဒါတွေအားလုံးဆောင်ချင်ရင် မြန်မာနိုင်ငံကိုသာကြွ၊ အခက်အခဲမရှိ ဂူတင်ဆောင်နေကြတဲ့ ရဟန်း တွေကိုလည်း မြင်ရတွေ့ရလိမ့်မယ်။ သာသနာကလည်း ထွန်းကားတော့ ဦးပဥ္ဇင်းရဲ့ ရည်မှန်းချက်လည်း အောင်မြင်လိမ့်မယ်'။

**ဦးပညောဘာသ** – 'တပည့်တော် ဆရာတော်နဲ့အတူ မြန်မာနိုင်ငံကို ကြွချင်ပါတယ် ဘုရား။ တပည့်တော်ကို ဗီဇာရအောင်သာ ကူညီပါဘုရား'

**ဆရာတော်** – 'မပူပါနဲ့ ဦးပဥ္ဇင်းလိုက်ပို့သာပြင်ပါ။ ဘာသာရေးအတွက်ဆိုရင် ဗီဇာကို နှစ်နဲ့ချီပြီး ပေးပါတယ်ဘုရား'

အမေရိကန်နိုင်ငံမှာ ယခုဆိုလျှင် နှစ်ဝါတင်းတင်း ပြည့်ပြီဖြစ်ပြီး ၁၉၉၃ ခုနှစ်၌ ဆရာတော် အရှင်ပညောဘာသသည် မြန်မာနိုင်ငံသို့ လိုက်ပါကြွရောက်ဖြစ်ခဲ့လေသည်။

စရောက်သည့်အချိန်တွင် ဦးပညောဘာသသည် ပခုက္ကူဆရာတော်ကြီး၏ ကျောက်ဆင်တောရ၌ပင် သီတင်းသုံးတော်မူခဲ့သည်။ မြန်မာ ဒကာ ဒကာမတွေနှင့် သာသနာအရေးကိစ္စအဝဝကို ပြောနိုင်ဆိုနိုင်ရန်အတွက် အရှင်ပညောဘာသသည် မြန်မာစာနှင့် မြန်မာစကားသင်ယူလို စိတ်ပေါ်လာ၏။

ပခုက္ကူဆရာတော်ကြီးက ဦးပညောဘာသအတွက် အမရပူရမြို့ရှိ မဟာဂန္ဓာရုံကျောင်းတိုက်တွင် မြန်မာစာ၊ မြန်မာစကားအပြင် ပါဠိစာပါ သင်ယူလေ့လာနိုင်ရန် စီစဉ်ပေး၏။ သို့ဖြင့် ၁၉၉၄ ခုနှစ်တွင် မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထံသို့ အရှင်ပညောဘာသ ရောက်ရှိလာခဲ့၏။

မြန်မာစာနှင့် မြန်မာစကားကို အသင့်အတင့် ရေးတတ်ဖတ်တတ်လာသောအခါ မဟာဂန္ဓာရုံကျောင်းမှ ခွင့်ပန်၍ မြန်မာပြည် အထက်အောက် တောရကျောင်းများသို့ ဒေသစာရီ လှည့်လည်တော့၏။ မွန်ပြည်နယ် သဝိတ်အိုင်တောရ၊ တောင်စွန်းဓမ္မဒူတ တောရ၊ ကေလာသတောင်၊ ကျောက်အိုင်တောရ၊ ဖားအောက်တောရ၊ ဘုန်းကြီး ဦးသီလ တောရ၊ ရေးမြို့တောရကျောင်း၊ ဝင်းစိန်တောရ၊ ဘဟုန်တောရ စသည့် တစ်နိုင်ငံလုံးရှိ တောရများသို့ လှည့်လည်ရင်း ဂူတင်စုံအောင် ဆောင်တော်မူခဲ့သည်။

ထိုသို့ လှည့်လည်ရင်းမှ ဂူတင်အကျိုး၊ ဝိနည်းအကျိုး၊ မေတ္တာအကျိုး စသည့် ကျေးဇူးတို့ကို လက်တွေ့ ကြုံတွေ့ရင်း ရင့်ကျက်လာခဲ့၏။ ပို၍ ပို၍လည်းယုံကြည်လာတော့၏။

ရှုတင်အကျိုးကြောင့် ဘာအတွက်မှကြောင့် ကျမှုမရှိဘဲ စားဝတ်နေရေးအပြင် ခရီးသွားရေး အတွက်ပါ ပေါ့ပေါ့ပါးပါးဖြင့် အဆင်ပြေလှ၏။ ဝိနည်း အကျိုးကား၊ ဝိနည်းသည် သာမန် တောင်းရမ်းစားသောက်သူနှင့် ရဟန်းကြားတွင် ခြားထားသည့် ဂုဏ်ပုဒ်ဖြစ်ကြောင်း နားလည် လာရပြန်၏။ သာမန်တောင်းရမ်း စားသောက်သူကို အကြွင်းအကျန်သာပေး၏။ ပေးလျှင် လည်း နှိမ့်ချ၍ ပေးကမ်း၏။ ရဟန်းကိုမူ ဝိနည်း၏ အရှိန်အဝါကြောင့် ဦးဦးဖျားဖျားကို ပေးလှူကြ၏။ ပေးလှူရာတွင်လည်း အလွန်ရိုသေကိုင်းရှိုင်းစွာ ကပ်လှူကြကုန်၏။ ထို့ကြောင့် ဝိနည်းနှင့်နေသူ ရဟန်းအတွက် ဆွမ်းသက်န်းမရှားပါလေ။ မေတ္တာနှင့် ပတ်သက်လို့တော့ ဆရာတော် ဦးပညောဘာသ သဘောပေါက်သွားလေပြီ။ မေတ္တာ ဟူသည်ကား ရေရွတ်နေရ သည်ထက် မိမိ၏ စိတ်ရင်းစေတနာကြောင့် ထွက်ပေါ်လာသော စိတ်တစ်မျိုး ဖြစ်တော့သည်။ မိမိ၏ သူတစ်ပါးအပေါ် ကူညီချင်သော စိတ်၊ အနစ်နာခံလိုသော စိတ်၊ ကောင်းစေလိုသော စိတ်ကြောင့် ပေါ်ထွက်လာသော ထိုစိတ်သည် ထိုစိတ်နှလုံးရှင်အား ဘေးရန်အပေါင်းတို့မှ အကာအကွယ်ပေးထားသည်။

အသားစားတောကောင်ကြီးများမှ စ၍ ခြင်ယင်မှတ် စသည့် အင်းဆက်ပိုးမွှားလေးများ အဆုံး မည်သူကမျှ ဤမေတ္တာဓာတ်ကြောင့် အန္တရာယ်ကြီးကြီးမားမား မပေးကြ။ ခြင် အကောင် ၁၀၀ ရှိလျှင် အလွန်အမင်း ဆာလောင်နေသော ခြင်တစ်ကောင်တလေကတော့ ကိုက်ချင် ကိုက်မည်ပေါ့။ သို့သော် အုံခဲပြီး အနှောင့်အယှက် မပြုတော့။

အရှင်ပညောဘာသသည် အထက် ဗမာပြည်တွင်လည်း ချင်းတွင်းမြစ်ရိုးတစ်လျှောက် ခရီးနှင်၍ မော်လိုက်၊ ကလေး၊ မဟာမြိုင်တောကြီး၊ အလောင်းတော်ကဿပ၊ မင်းကင်း နယ်၊ ပုထိုးလုံးချောင်း၊ ကနီဆယ်ရွာ ချောင်တောများ၌ လှည့်လည်ရင်း သီတင်းသုံးတော် မူခဲ့၏။

၁၉၉၇ ခုနှစ်တွင်မူ ဂျပန်နိုင်ငံရှိ မြန်မာဗုဒ္ဓဘာသာကျောင်းသို့ သွားရောက်၍ ဝါဆို တော်မူခဲ့၏။ ရှုတင်ဆောင်ပြီး တောရဆောက်တည်၍ နေလာခဲ့သည့် ရဟန်းအဖို့ တိုကျိုလို မြို့ကြီးနှင့် ပန်းမစားတော့ပြီ။ ကိလေသာ လက်နက်များနှင့် ကာမဂုဏ် ကျည်ဆံတွေကြားမှာ နေရသလို မပျော်ပိုက်နိုင် မအေးချမ်းနိုင်တော့ပြီ။

သို့ဖြင့် ဝါကျွတ်သည်နှင့် ဂျပန်နိုင်ငံ တိုကျိုမြို့မှ မြန်မာနိုင်ငံသို့ အမြန်ပြန်ကြွလာခဲ့ တော့၏။

မြန်မာနိုင်ငံမှာတော့ ဆယ်ရွာချောင် နယ်ထဲတွင်လည်းကောင်း ကနီမြို့နယ်တွင်းရှိ တောတောင်များ၌လည်းကောင်း ရာသီဥတုဒဏ်ကို ခံစားရင်း သီတင်းသုံးနေခဲ့၏။

ဆရာတော်အတွက် တစ်ခုမကျန်အောင် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ လောကီစည်းစိမ် အကျအနနှင့် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတစ်ခုမှနေ၍ နိမ့်ကျသည့် နိုင်ငံတစ်ခုသို့ ဗုဒ္ဓသာ သနာ မျက်နှာတစ်ခုတည်းကြည့်ပြီး လာရောက်ကာ ဘဝမြှုပ်နှံခဲ့၏။ စီးကရက်ကို စွဲစွဲမြဲမြဲ သောက်ခဲ့ပြီး သေနတ်တစ်လက်နှင့် တောလည်ခဲ့သူ ဖြစ်၏။ အရက်ဘီယာဝိုင်နှင့် စားကောင်း

သောက်ဖွယ်များ၊ စုံခဲ့၍ သီလအားလုံးပျက်ခဲ့ဖူးသည်ဟု ဆရာတော် မိန့်ဖူးသည်။ ထိုမှနေ၍ သာမန် ရဟန်းတော်များပင် မကျင့်နိုင်သော ဓုတင်အကျင့်နှင့် တောရဆောက်တည်ခဲ့ခြင်း ဖြစ်၏။ ရာသီဥတုကလည်း ဆန့်ကျင်ဘက်၊ အမေရိကန်ပြည်ထောင်စုမှာ အအေးဆုံး အပိုင်း ဖြစ်သည့် အလာစကာပြည်နယ်မှ ယခု မြန်မာနိုင်ငံ အပူပိုင်းဖြစ်သည့် အညာဒေသသို့။

တစ်ရက်မှာတော့ ဒကာတစ်ယောက်က ရာသီဥတုကောင်းမွန်ပြီး သစ်ပင်ပန်းမာလ်တို့ ဖြင့် ဝေဆာလှပနေသော ဘုတလင်မြို့ ဝန်ပိုရွာနှင့် လေးမြေရွာကြားရှိ ချင်းတွင်းမြစ်ဘေးမှ ဘေးမဲ့တောရ လှိုဏ်ဂူတော်ကြီးအကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြနေရာ ဆရာတော်မှာ ဘူမိနက်သန် မှန်လေပြီထင့် ကြက်သီးတဖြန်းဖြန်း ထလာပြီး ထိုအရပ်၊ ထိုဒေသသို့ သွားချင် စိတ် အထူးဖြစ်ပေါ်လာခဲ့၏။ စကားဆုံးသည်နှင့် ထိုဒကာကို သွားချင်သည့် အကြောင်း မိန့်၏။ ဒကာက ဘယ်တော့ သွားချင်ပါသလဲ မေးရာ။ ‘မနက်ဖြန်’ဟု တိတိ ကျကျ မဆိုင်း မတွ ပြန်ဖြေလိုက်၏။

အခန်း (၆၁)

## တောက်မယ့်မီးခဲ

ရေကျချိန်ဖြစ်၍ မော်တော်က ချင်းတွင်းမြစ်ထဲတွင် သတိထား မောင်းနှင်နေရ၏။ ဧရာဝတီမြစ်လောက် မကျယ်ခြင်းကြောင့်လည်း ချင်းတွင်းမြစ် ဝဲယာရှိ သဘာဝ အလှအပများကို အနီးကပ် တွေ့မြင်နိုင်၏။

မော်တော် စာရေးကလေးကတော့ မော်တော်ပေါ်တွင် ပါလာသော အမေရိကန် ဘုန်းကြီးကို အထူးအဆန်းသဖွယ် ငေးမောကြည့်နေမိ၏။ သူ့အဖို့ နိုင်ငံခြားသား ဘုန်းကြီး တစ်ပါးကို ပထမဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်သည်။ ပို၍ ထူးဆန်းသည်က အပို ဘာပစ္စည်းမှ မပါဘဲ သပိတ်တစ်လုံးနှင့် စာအုပ်ထည့်သည့် လွယ်အိတ်တစ်လုံးသာ လွယ်ထားသည်။ ဖိနပ်လည်း စီးမထားသည့်အပြင် သူက ဘုန်းကြီးနားကပ်၍ မော်တော်ခ သွားတောင်းသည့် အခါ မြန်မာလို ပြန်ပြောလိုက်သဖြင့် လန့်ဖျပ်သွားသည်။

'ဘုန်းကြီးဆိုတာ ပိုက်ဆံမကိုင်ရဘူးလို့ ဘုရားဟောထားတယ် ဒကာလေး။ ဒါကြောင့် ဘုန်းကြီးမှာ ပိုက်ဆံမပါဘူး'

မော်တော်စာရေးလေးမှာ ဘာပြန်ပြောရမှန်းမသိဘဲ ယောင်ပေယောင်ပေဖြင့် လက်လျှော့သွားရတော့၏။

ရေကျချိန်ဖြစ်၍ ဝန်ပိုဆိပ်ကမ်းအထိ ရောက်အောင် မော်တော်မဆိုက်ကပ်နိုင်ပါ။ ရေးရေးမြင်နေရသော ဝန်ပိုရွာကို လှမ်းပြရင်း မော်တော်ကို အဆင်ပြေသည့်နေရာမှာ ဆိုက်ကပ်ပေးလိုက်၏။

နေ့လည် မွန်းလွဲ ၁ နာရီအချိန်ဖြစ်၍ ကဆုန်လ၏ နေရောင်အောက်တွင် သဲသောင်ပြင် သည် ခြစ်ခြစ်တောက် ပူလောင်နေသည်။ အအေးပိုင်းဒေသမှ လာသူ တစ်ယောက်အဖို့ သဲပူလွင်ပြင်ကြီးကို ဖိနပ်မပါဘဲ လျှောက်ရမည်မှာ စိတ်ဖြင့်ပင် ကူးရဲမည် မထင်။ သို့သော် အရှင်ပညောဘာသကမူ လျှောက်သည်။ ကြိုးစား၍ လျှောက်သည်။ သူ ဖိနပ်မစီးသည့် အကြောင်းရင်းက ဗုဒ္ဓမြတ်စွာဘုရားကို အားကျ၍ မစီးခြင်း ဖြစ်သည်။ လူတွေက ဘာကြောင့် ဖိနပ်မစီးတာလဲဟု မေးလျှင် သူဖြေနေကျ စကားက 'ဘုရားက ဖိနပ်မစီးလို့' တစ်ခွန်းတည်း။

သတိကပ်ထားသော ခြေလှမ်းများဖြင့် ဝန်ပိုရွာဘက်သို့ ဖြည်းဖြည်းချင်း ကြွလှမ်းနေ၏။ ခြေဖဝါး သိပ်ပူလာလျှင် ဓမ္မခဏ် (အခင်း) ဖြန့်ပြီး တက်၍ ရပ်နား၏။

နေ၏ ပူလောင်ခြင်းဒဏ်ကို ခံနေရသော်လည်း ဗုဒ္ဓ၏ သင်္ကေတဖြစ်သော သပွါယ်သည့် စေတီတော်ကြီး တစ်ဆူကို လှမ်း၍ ဖူးမြော်ရသောကြောင့် ရင်ထဲမှာတော့ အေးမြ၍နေပါသည်။ ရန္တပါလမင်း တည်ထားကိုးကွယ်ခဲ့သော ရွှေမုဋ္ဌောစေတီတော်ကြီး ဖြစ်၏။

ပူလောင်သော ရာသီဥတုတွင် ရွှံ့နှစ်သော ချွေးတို့ဖြင့်လည်းကောင်း ပူလောင် ကျိန်းစပ်သော ခြေဖဝါးတို့ဖြင့်လည်းကောင်း အပူဒဏ်ကြောင့် နေလောင်လားသော အသားအရေတို့ဖြင့်လည်းကောင်း နိဗ္ဗာန်၏ အေးမြမှုကိုသာ တောင့်တသောကိုယ်ဖြင့် ရွှေမုဋ္ဌော အရှင်တော်မြတ်ကို ထိခြင်း ငါးပါးထိလျက် ရှိသေစွာ ကန်တော့လိုက်၏။

'တပည့်တော်၏ သာသနာလုပ်ငန်း ဖြောင့်တန်းနိုင်ရေးအတွက် ခွန်အားများ ပေးသနားတော်မူပါ အရှင်မြတ်ဘုရား'

မြန်မာကျေးရွာမှ အိမ်များက စီးပွားရေး ဖွံ့ဖြိုးမှု နောက်ကျသောကြောင့် သစ်ဝါးများဖြင့်သာ ဆောက်လုပ်ထားကြရ၏။ သို့သော်လည်း အရှင်ပညောဘာသ၏ မျက်စေ့တွင်မူ အမြင်ဆန်းပြီး နေချင့်စဖွယ်အိမ်ကလေးများဟု ထင်မိ၏။ သို့ဖြင့် စတွေ့သည့်အိမ်မှာ ခြံတံခါးများ ဖွင့်ထားသည်ကိုတွေ့ရ၍ ခြံဝမှ ဝင်ခွင့်တောင်းလိုက်၏။

ဝန်ပိုရွာ မြန်မာမိသားစုက တစ်အိမ်သားလုံး ထွက်လာကြ၏။ အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ယောက်၊ ကလေးငယ် နှစ်ယောက်နှင့် အဖွားအရွယ်တစ်ဦး ထွက်လာကြပြီး ခရီးဦးကြိုကြ၏။ သပိတ်လှမ်းယူသူက ယူ၏။ တန်းလျား (ခေါ်) လူ ငါးဦးလောက်ထိုင်လို့ရသည့် ခုံတန်းရှည်ပေါ်တွင် စောင်ခင်းပေးသူ ပေး၏။ ရေနွေးကြမ်း ကပ်၏။ သောက်ရေအေးအေးကို အိုးထဲမှခပ်၍ ကပ်၏။ မိသားစုအားလုံး ပြားပြားဝပ် ကန်တော့ကြ၏။

အရှင်ပညောဘာသက ရေနွေးကြမ်း မသုံးဆောင်ဘဲ ရေအေးအေး တစ်ခွက်ကိုသာ အကပ်ခံပြီး သောက်လိုက်၏။ မြေအိုးနံ့လေးသင်းပြီး သဘာဝရေအေးကား အမောပြေစေ၏။ ဖျော်ရည်များဖျော်ပြီး ဆက်ကပ်တာကိုတော့ ဆရာတော်က လက်မခံပါ။

ဖိနပ်ပြေးဝယ်ပြီး ဆရာတော်ကို ကပ်လှူတော့လည်း ဆရာတော်က ပြုံးပြီး ငြင်းပယ်တော်မူ၏။ နောက်ပြီးမှ ဆရာတော်က မေးမြန်းသည်။

'ဦးပဥ္စင်းက ဘေးမဲ့တောရ လိုဏ်ဂူကို သွားချင်လို့ လမ်းပြပေးနိုင်မလား'

ဒကာလေးက ဆရာတော် မြန်မာစကားပြော၍ အံ့အားသင့်နေရာမှ လက်အုပ်ချီပြီး လျှောက်သည်။ 'ဒီကနေ သိပ်မဝေးပေမယ့် 'ဂူမ်းတောင်' ကို တက်ရမှာဘုရား ပြေပြေလေးပေမယ့် ကျောက်စရစ်တွေနဲ့၊ ကျောက်စောင်းတွေနဲ့ဆိုတော့ ဖိနပ်မပါရင် တော်တော်နာမှာဘုရား၊ တပည့်တော် ဟိုဘက်အိမ်က သူငယ်ချင်းနဲ့ တိုင်ပင်လိုက်ပါ ဦးမယ် ဘုရား'

ဆရာတော်က သာဓု သုံးကြိမ်ခေါ်၏။

တစ်အောင့်လောက် ကြာလျှင် ဒကာလေးသည် သူ့သူငယ်ချင်းနှင့်အတူ ပြန်ရောက်လာကြ၏။

'တပည့်တော်တို့ လှေနဲ့ ပို့ဖို့ စီစဉ်ထားပါတယ်ဘုရား၊ အတူကြွပါဘုရား'

ဆရာတော်က သပိတ်လွယ်၊ နှုတ်ဆက်ပြီး ဒကာလေးနှစ်ယောက် နောက်သို့ လိုက်သွား၏။

ရာသီဥတု ကွာခြားသော်လည်း ရှုခင်းကတော့ အလာစကာပြည်နယ်က ရှုခင်းနှင့်ပင် ဆင်တူတော့၏။ ချင်းတွင်းမြစ်တစ်လျှောက် ဖြည်းဖြည်းချင်း ရွေ့နေသော လှေပေါ်မှာ ထိုင်ရင်း ဝဲယာရှုခင်းများကို ဆရာတော် မြင်တွေ့နေရ၏။

မြစ်ကြောင်းက ကျဉ်းသည့်နေရာမှာ ကျဉ်းသွားသည်။ တချို့ မြင့်မားမတ်စောက်သော ချောက်ကမ်းပါးများ၊ တချို့ သစ်ဝါးထူထပ်သော ကမ်းပါး၊ တချို့ ကိုင်းညွတ်နေသော သစ်ပင်အိုကြီးများ စိမ်းလန်းသော တောအုပ်များ၊ ကိုင်းပင်များကိုလည်း ဖြတ်သွားရ၏။

လှေမှဆင်းပြီး လျှောက်ရာ ရွှေတင်းကုတ်စေတီတော်နှင့် ပန်းရပြီး သာမောဖွယ် ကောင်းသော ဘေးမဲ့တောရ ကျောင်းကိုရောက်၏။ တောရ၏ ဧရိယာမှာကား ဧက ၅၀၀ လောက် ကျယ်ဝန်း၏။ ဘေးမဲ့ပေးထားသဖြင့် တောကောင် ငှက်များ ဒေါင်း၊ ရစ်၊ တောကြက် တို့ဖြင့် အလှဆင်ထားသည်။ ဆေးဘက်ဝင် အပင်များလည်း ပေါက်ရောက်ရှင်သန်နေကြ သည်။

ဘေးမဲ့တောရ ကျောင်းရှေ့မှာ တံမြက်လှည်းနေသော ရဟန်းတစ်ပါးကို တွေ့ရ၏။ ဆရာတော်က လက်အုပ်ချီ၍ ဂါရဝပြုပြီး လိုဏ်ဂူတော်ကို သုံးသူ ရှိ မရှိ မေးမြန်း၏။ ဘေးမဲ့တောရကျောင်းမှာ သီတင်းသုံးသူက ဦးနန္ဒိယဖြစ်ပြီး လိုဏ်ဂူတော်တွင် လောလောဆယ် သီတင်းသုံးသူ မရှိကြောင်းနှင့် ဆရာတော် အလိုရှိပါက သီတင်းသုံးနိုင်ကြောင်း ပြောကြား လိုက်၏။

ဆရာတော်ကား ဒကာလေး နှစ်ယောက်နှင့်အတူ ဝင်းသာအားရ တက်သွား လိုက်ရာ သူ၏ ဘူမိနက်သန်အောင်မြေဖြစ်သော လိုဏ်ဂူတော်ရှေ့သို့ ရောက်ရှိသွား၏။ လိုဏ်ဂူက သိပ်တော့ မကျယ်ဝန်းလှ။ ၆ ပေ ပတ်လည်လောက်သာဖြစ်၍ ဆရာတော်၏ အရပ် အမောင်းနှင့် အတန်ငယ် ကျဉ်းကြပ်နေ၏။ နောက်ပိုင်းတွင် ဆရာတော် ဦးဆောင်ပြုပြင်ပြီး တံခါးပါ တပ်ဆင်ဖြစ်ခဲ့၏။

နောက်တစ်နေ့ မနက်ခင်း အစော၊ ရာသီဥတုအပူဒဏ်ကို ကြောက်သောကြောင့် မနက် ၆နာရီထွက်၍ ဆွမ်းခံရာ ရွာသူရွာသားများက စောစောကြွလာမည် မထင်၍ အဆင်သင့် မဖြစ်ကြ။ ဆွမ်းလက်တစ်ဆုပ်စာသာ ရသွား၏။ သို့သော် နောက်ရက်က စ၍ စောစောထ ချက်ကာ အောတိုက်ပြီး လောင်းလှူကြသဖြင့် ဆရာတော်မှာ လက်မြှောက် အရှုံးပေးပြီး တစ်ယောက် တစ်ဖွန်းလောက်သာလောင်းရန် မေတ္တာ ရပ်ခံရတော့၏။

ဝန့်ပိုရွာနှင့် လေးမြေရွာက ၂ မိုင် ခရီးရှိ၏။ ရွာနှစ်ရွာ၏ အလယ်ဗဟိုတွင် ဇရပ်တစ်ခု ရှိပြီး၊ တစ်ဝက် ဇရပ်ဟု နာမည်တွင်၏။ ထိုဇရပ်တည့်တည့်မှ သွားလျှင် ဆရာတော်၏ လိုဏ်ဂူဖြစ်၏။

ရွာနှစ်ရွာစလုံးက ဆွမ်းခံကြွရန် လျှောက်ထားကြ၍ အလှည့်ကျ ဆွမ်းခံပေးရ၏။ ဆရာတော်သည် စည်းကမ်းရှိ၏။ မည်သူ တစ်ဦးတည်းကိုမှ ဆွမ်းကပ်သည်ကို လက်မခံရာတွင် သူ၏ ပစ္စည်းလေးပါး ဒကာမကိုလည်း မျက်နှာလိုက်ပြီး လက်ခံခြင်း မရှိပေ။ အများလောင်းလှူသလိုပင် တစ်ဖွန်းတစ်ယောက်မသာ ခွင့်ပြုတော်မူ၏။

ဆရာတော်က တောမီးရှို့လျှင် တိရစ္ဆာန်လေးများ သေကြေမည်ဖြစ်သောကြောင့် တောမီးရှို့ခြင်းကို တားမြစ်၏။ တစ်ရက်တွင် တောမီးလောင်သောကြောင့် ဆရာတော်က ၅ ရက် ဆွမ်းမစားဘဲ ဆန္ဒပြတော်မူသည်။ ဂူဝတွင်လည်း စာရေး၍ ထား၏။ 'တောမီးရှို့၍ ဆွမ်းဒကာ ဒကာမများကို သပိတ်မှောက်သည် ၅ ရက်' ဟူ၏။

ဒကာမများချည်း လာပါက သီလမပေး။ စကားလည်း လက်ခံမပြော။ လာရောက်ဖူးမြော်သူများလွန်းလျှင်လည်း ထွက်မတွေ့တော့။

ဆရာတော် အပြင်ထွက်သည်ကို မတွေ့မြင်ရသော်လည်း ရွာမွန်သုသာန် ဆရာတော်ကြီးနှင့် နှစ်ကြိမ်တွေ့ဖူးသည်ဟု မိန့်သည်ကတော့ ဒကာ ဒကာမများ ထူးဆန်းနေကြ၏။

ရွာမွန်သုသာန် ဆရာတော်ကြီးကတော့ ကျောင်းသို့ လာရောက်ဖူးမြော်သော ဒကာ ဒကာမများကို 'အပင်ပန်းခံပြီး ဘုန်းကြီးဆီမလာနဲ့ ဝန်ပိုသဘာဝ လိုဏ်ဂူတော်က အမေရိကန်ကိုယ်တော်ကြီးကိုသာ သွားဖူးကြ။ ဘုန်းကြီးတို့ထက်တောင် သီလရှိတယ်' ဟု မိန့်တော်မူလေ့ရှိသည်။

ဝန်ပိုရွာကျောင်း ဆရာတော် အရှင်သံဝရသီလပြောပြသော အမေရိကန် ဘုန်းတော်ကြီးအကြောင်းကို စိတ်ဝင်တစား နားထောင်နေကြသည့် ဦးသုန်တို့ သံဃာလေးပါးအဖွဲ့မှာမူ နောက်ရက်မနက် ဆွမ်းကိစ္စပြီးပါက သွားရောက် ဖူးမြော်ကြရမည့် အမေရိကန်ဆရာတော်၏ ပုံရိပ်ကို မြင်ယောင်လျက် အတွေးကိုယ်စီဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတော့၏။

❖

## အခန်း (၆၂)

## ဩဝါဒ

အမေရိကန် ဆရာတော်က ဥပမိရုပ် အလွန်ကောင်းပါသည်။ မျက်နှာတော်က မေတ္တာတရားဖြင့် ပြည့်ဝလျက် သီလကြောင့် ထင်ပါသည် တည်ကြည်သည့်တက်မှာ ပိုပါသည်။ အရပ်အမောင်းကလည်း အမေရိကန် လူမျိုးပီပီမြင့်မားပါသည်။

အဝါရောင်ချည်သက်နှင်းနှင့်လည်း တော်တော်အကျွမ်းဝင်၍ အသားကျနေပြီ ဖြစ်သောကြောင့် သပ်သပ်ရပ်ရပ်ဖြင့် ကြည်ညိုဖွယ် အသွင်ဆောင်နေပါသည်။

သက်နှင်းသုံးထည်နှင့် သပိတ်တစ်လုံးမှလွဲ၍ ဘာမျှ မပိုင်ဆိုင်သော ဘဝသည်သာ အားလုံးထက် အချမ်းသာဆုံး ဘဝဖြစ်ကြောင်း ဆရာတော် ခံယူထားဟန်တူပါသည်။ ကမ္ဘာ့ရုပ်ဝါဒီ နိုင်ငံကြီးတစ်ခု၏ အရာရာပေါ်များ ပြည့်စုံသော ဘဝမှ လာသူ ဖြစ်သော်လည်း လူ့ဝတ်ကြောင်နှင့် အမေရိကန်မှာနေစဉ်က လိုအပ်ပြီးရင်း လိုအပ်လျက်သာရှိကြောင်း မိန့်ကြားပါသည်။ အမြဲ လိုအပ်နေသော ဘဝသည် ဆင်းရဲသော ဘဝသာဖြစ်သည်ဆို၏။ ဘာကိုမျှ မလိုချင်သည့် ဘဝသည် ချမ်းသာပြီးလျှင် ကိုယ်ပိုင်သည် အထင်ရောက်နေသော ခန္ဓာငါးပါးကိုပါ မလိုချင်မှသာ အချမ်းသာဆုံး ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိမည် ဆို၏။

ဆရာတော်၏ လက်နက်ကား မေတ္တာတရားဖြစ်၍ ခံတပ်ကတော့ သီလဖြစ်သည်။ ဆရာတော် မိန့်ကြားချက်အရ ပထမတစ်ရက် ဆွမ်းခံရာမှာ အချိန်စောစောကြွ၍ ဆွမ်းလုံလောက်အောင် မရသော်လည်း နောက်တစ်ရက်မှစ၍ စိတ်ညစ်စရာကောင်းလောက်အောင် ဆွမ်းတွေလောင်းလှူကြသည်ဆို၏။ တစ်ဦးနှစ်ဦးနှင့် သပိတ်လျှံသွားသဖြင့် နောက်ရက်မှစ၍ ဖွန်းသေးဖြင့် တစ်ယောက်တစ်ဖွန်းသာ လောင်းကြရန် မေတ္တာရပ်ခံရသည်ဆို၏။ ဆရာတော်က မြန်မာလူမျိုးတို့၏ စေတနာသဒ္ဓါတရားကို ချီးကျူးပြီးလျှင် အမေရိကန် လူမျိုးတို့ထက် သဘောကောင်းကြသည်ဟု မှတ်ချက်ချသည်။

ဆရာတော်ကိုယ်တိုင်က ဘဝမှာ စိတ်အချမ်းသာဆုံးဘဝတစ်ခုဟု ခံယူ သဘောကျနေချိန်တွင် အမေရိကန်နိုင်ငံမှ လိုက်လာသောသူ၏ ညီတော်မောင်က ဆန့်ကျင်ဘက် မြင်လျက် ဆရာတော်ကို ကြည့်ပြီး လွန်စွာဝမ်းနည်းသွားခဲ့သည်ဆို၏။ ခွက်မည်းကြီး ကိုင်၍ တောင်းစားနေသည်ဟု မြင်၍ စိတ်မနှံ့ပါလေစဟု ယူဆသွားပြီး အမေရိကန် ပြန်လိုက်ရန် ဖွတ်ခေါ်ပါလေတော့၏။

မြန်မာနိုင်ငံမှ ပြန်ထွက်ခွာသည်အထိ မရမက အတင်းခေါ်ပြီး နောင်တော်၏ အေးချမ်းနေသောဘဝကို အမှန်အတိုင်း မမြင်နိုင်ဘဲ စိတ်ထိခိုက်လျက် ပြန်ရရှာ၏။ မသိသူ ကျော်သွားဆိုသည့် သဘောပင်။ အားလုံးကို သံယောဇဉ် ဖြတ်ထားသော ဆရာတော်သည် ခန္ဓာငါးပါးကိုလည်း သံယောဇဉ်ဖြတ်ရန် ကြိုးစားအားထုတ်ရာ မည်မျှအထိ ခရီးပေါက်လျက် ရှိပြီဆိုသည်ကိုမူ နတ်များသာ သိရှိကြလေလိမ့်မည်။

ဆရာတော်က သူတို့လေးဦးအကြောင်း မေးကြည့်ရာ သူတို့လေးဦးလည်း နိုင်ငံရပ်ခြားတွင် အလုပ်လုပ်နေကြရမှာ မြန်မာနိုင်ငံ ပြန်လာအားထုတ်ကြသည်ကို သိရှိပြီးနောက် အလွန်မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်ကြောင်း ချီးကျူး၏။

ဆရာတော်ကား သင်္ကန်းကိုလည်း ဝိနည်းနှင့်ညီအောင် ကိုယ်တိုင် ပြန်ချုပ်သူဖြစ်၏။ သပိတ်ကိုလည်း ဝိနည်းနှင့် အညီ ဖုတ်ပြီးမှသုံးစွဲသူဖြစ်သည်။ ဒကာမများနှင့် မတော်တဆ ထိမိလျှင်လည်း ကျောက်ဆင်တောရသို့ သွားရောက်၍ အပင်ပန်းခံကာ ဝတ်ဆောက်တည် လေ့ရှိ၏။

ဆရာတော်ကို အကဲခတ်ရသည်မှာလည်း ပကတိ အေးချမ်းလှဘိ၏။ ဦးပဥ္စင်းဘိုဘိုဆိုလျှင် ကြည်ညိုစိတ်တွေ ပြည့်လျှံနေပုံမှာ သိသာလှသည်။ ဆရာတော်ကလည်း ဦးပဥ္စင်းဘိုဘိုကို ခင်မင်ပုံရသည် မေးသမျှကို စိတ်ရှည်လက်ရှည် ဖြေဆိုတော်မူသည်။

သူတို့လေးပါး သုံးညမျှတည်းခိုပြီး အတူဆွမ်းခံကြွပါရစေဟု လျှောက်တော့ ဆရာတော်က ခွင့်ပြုပါသည်။

သုံးရက်အတွင်းမှာ ဆရာတော်၏ မေတ္တာကို ထင်ထင်ရှားရှား လက်တွေ့ မြင်တွေ့ကြရသည်။ သူတို့ လေးပါးအနက် ဦးပဥ္စင်းယိုး၏ သပိတ်နှင့် သင်္ကန်းကို ကျောက်ဆင်တောရမှာ တွေ့စဉ်ကပင် ဝိနည်းနှင့်ညီအောင် သင်္ကန်းကို ပြန်ချုပ်ပေးခြင်းနှင့် သပိတ်ကို နှမ်းဆီဖြင့် ဖုတ်ပေးခြင်းများ လုပ်ပေးပြီး ဖြစ်၏။ သို့ဖြစ်၍ နားနေချိန်များတွင် ကျန် သုံး ပါး၏ သင်္ကန်းသပိတ်တို့ကို ဝိနည်းအတိုင်း ဆရာတော်က သင်ကြားပြသရင်း လုပ်ပေး ရှာ၏။ ဆရာတော်က ဝိနည်းမိုရ်ပုဂ္ဂိုလ်ဖြစ်ပြီး ဝိနည်းအသေးစိတ်ကို သိတော်မူသည်။ ရှင်သာရိပုတ္တရာ ဝိနည်းလေးစားပုံကိုလည်း များစွာ အားကျကြည်ညို၏။

ဆရာတော်က 'တစ်နေ့မှာ ဒကာတစ်ယောက်က 'အရှင်နန္ဒမာလာဘိဝံသ' ဆရာတော်ရဲ့ သမုဒ္ဒရာ ဝမ်းတစ်ထွာဆိုတဲ့ တရားစာအုပ်ငယ်လေး ယူလာတယ်။ ဦးပဥ္စင်း (ဆရာတော်က ကိုယ့်ကိုယ်ကိုယ် ဦးပဥ္စင်းဟု ဆိုလေ့ရှိ၏) လည်း ဖတ်ကြည့်ပြီး တော်တော် သဘောကျတယ်။ တစ်ထွာလောက် လူတွေရဲ့ ဝမ်းပိုက်ကို ဖြည့်ရင် မလောက်နိုင်လို့ သမုဒ္ဒရာနဲ့ တင်စားပြီး သမုဒ္ဒရာ ဝမ်းတစ်ထွာလို့ သုံးနှုန်းထားတာ သဘောကျတယ်။ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ဒုစရိုက် မလုပ်မိဖို့၊ ဝိနည်းမဖောက်ဖျက်လို့ ဗုဒ္ဓဟောတဲ့ အကြောင်း စာအုပ်မှာပါတယ်။ နောက်ပြီး အရှင်သာရိပုတ္တရာကို ဦးပဥ္စင်းသိပ်သဘောကျတယ်။ သူဟာ ဉာဏ်ပညာကြီးမားသလောက် ကိုယ့်ကိုယ်ကိုယ် ခြေသုတ်တဲ့ပုဆိုးလောက် နှိမ့်ချတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ဝိနည်း

လည်း လေးစားလိုက်နာတယ်။ တစ်ခါတုန်းကတဲ့ ရှင်သာရိပုတ္တရာဟာ တောထဲမှာနေရင်း လေနာရောဂါထလာတယ်။ အတူနေတဲ့ ရှင်မောဂ္ဂလာန်က မေးတယ်။ 'အရှင်ဘုရား . . လေနာရောဂါ ဘာနဲ့ ပျောက်ဖူးသလဲ' ဆိုတော့ ရှင်သာရိပုတ္တရာက 'အိမ်မှာနေ စဉ်ကတော့ မယ်တော်ကြီးက နို့ယာဂုချက်ပြီး သကာခဲလေး ခပ်တိုက်တယ်။ အဲဒီယာဂုအချိုကို သောက် လိုက်ရရင် လေနာရောဂါ ပျောက်ဖူးတယ်'လို့ နှစ်ပါးပြောနေကြတယ်။ ရှင်မောဂ္ဂလာန်က မနက်ဖြန် ဆွမ်းခံကြွသွားတဲ့အခါ အရှင်ဘုရားရဲ့ ဘုန်းကံကြီးရင်တော့ အဲဒီယာဂုမျိုး ရလာ မှာပဲလို့ ပြောပြီး ဆွမ်းခံကြွသွားတယ်။ သူတို့နှစ်ပါး ညက တိုးတိုးပြောတာကို အနားမှာရှိတဲ့ သစ်ပင်က ရုက္ခစိုးနတ် ကြားသွားတယ်။

နတ်ကလည်း ရှင်သာရိပုတ္တရာကို ကြည်ညိုတော့ သူကိုယ်တိုင် မလှူနိုင်ပေမယ့် ရှင်သာရိပုတ္တရာကို ကြည်ညိုတဲ့ ဒကာအိမ်မှာ သွားပြီး ကလေးကို ဝင်ပူးတယ်။ ဘာကြောင့် ဝင်ပူးတာလဲလို့ မေးကြတယ်။ ဘာလုပ်ပေးရင် ကျေနပ်မှာလဲလို့မေးတော့ မနက်ဖြန် ရှင်သာရိပုတ္တရာအတွက် နို့ယနာချက်ပြီး သကာခဲလေး ထည့်တဲ့အခါ လှူရင် ဒီကလေးကို အကောင်းအတိုင်းဖြစ်အောင် ပြန်လုပ်ပေးမယ်လို့ ဖြေတယ်။

လူတွေကလည်း 'ဩော် . . ရှင်သာရိပုတ္တရာအတွက်လား၊ တို့အိမ်မှာ အမြဲဆွမ်းခံ ကြွနေတဲ့ ကိုယ်တော်ကြီးပဲ။ တို့အမြဲ လှူနေတာမို့ ဝန်မလေးပါဘူး' ဆိုပြီး နတ်ပြောတဲ့ အတိုင်း ကြိုစီစဉ်ချက်ပြုတ်ထားတယ်။

မနက်ကျတော့ ရှင်မောဂ္ဂလာန်လည်း ကြွလာရော နို့ယနာကို လှူတယ်၊ ရှင်မောဂ္ဂလာန် က ပြန်သယ်သွားမယ်လုပ်တော့ 'အရှင်ဘုရား ဘုဉ်းပေးလိုက်ပါ၊ နောက်ထပ် ထပ်လှူပါ့ မယ်လို့ လျှောက်တယ်၊ ရှင်မောဂ္ဂလာန်လည်း အဲဒီနေရာမှာပဲ ဘုဉ်းပေးလိုက်တယ်၊ ပြီးတော့ သပိတ်ကို ဆေးပြီး နောက်ထပ် ရှင်သာရိပုတ္တရာအတွက်ပါလို့ ပြောပြီး လှူလိုက်ကြတယ်။ ရှင်သာရိပုတ္တရာဆီ ပြန်ရောက်တော့ ရှင်မောဂ္ဂလာန်က 'ငါ့ရှင်သာရိပုတ္တရာ သင့်ရောဂါနဲ့ တည့်တဲ့အစာကို ရခဲ့ပြီ' ဆိုပြီး လှမ်းပေးတယ်။

ရှင်သာရိပုတ္တရာက ရှင်မောဂ္ဂလာန်အပေါ် သံသယမရှိပေမယ့် ညက ပြောတာကို ချက်ချင်းရလာတော့ ထူးဆန်းလို့ ဆင်ခြင်ကြည့်တယ်။ ဒီတော့မှ နတ်က ဝင်ပူးပြီးမှ ရလာတဲ့ ဆွမ်းလို့ မစင်ကြယ်ဘူးဆိုတာ ဉာဏ်မှာ သွားထင်တယ်။ ရှင်မောဂ္ဂလာန်ကိုလည်း ပြောတယ်။ 'ငါ့ရှင်မောဂ္ဂလာန် ဒီအစာဟာ မစင်ကြယ်ဘူး' လို့လည်း ပြောရော ရှင်မောဂ္ဂလာန်က ချက်ချင်းပဲ သပိတ်ကိုယူပြီး သွန်ပစ်လိုက်တယ်။ စိတ်ဆိုးလို့ မဟုတ်ဘူး။ သူလည်း ဆင်ခြင်တော့ သဘောပေါက်လို့။

ရှင်သာရိပုတ္တရာ ပြောခဲ့တဲ့စကားက ဦးပဥ္စင်းသိပ်သဘောကျတယ်။ 'သူ့ဝမ်းဗိုက်ထဲ က အူတွေဟာ လေနာရောဂါကြောင့် ပြတ်ချင်ပြတ်ထွက်ပါစေ၊ ဒီလို မစင်ကြယ်တဲ့အစာကိုတော့ မစားဘူးလို့' ပြောတယ်။

'ရှင်မောဂ္ဂလာန်သွန်လို့ သပိတ်ထဲက နို့ဃနာဟာ မြေကြီးနဲ့ ထိတဲ့အချိန်မှာပဲ သီလ ကြောင့် ရှင်သာရိပုတ္တရာရဲ့ လေနာဟာ လုံးလုံးပျောက်ကင်းသွားတယ်တဲ့။ ဦးပဥ္စင်းလည်း ရှင်သာရိပုတ္တရာလိုပဲ တိတိကျကျ လိုက်နာတယ်။ ရဟန်းအမတွေဆိုပြီး မျက်နှာမလိုက်ဘူး။ ဆွမ်းလောင်းချင်ရင် တစ်ဖွန်းပဲ သူများတွေလို ခွင့်ပြုတယ်။'

ဆရာတော်နောက်မှ သူတို့လေးပါး ဆွမ်းခံလိုက်ကြကြရာမှာ ဆရာတော်၏ ခြေလှမ်း များမှာ သတိကပ်ထားရင်း ဖြည်းညှင်းစွာ ကြွတော်မူသည်ကို တွေ့ရ၏။ ဝန်ပို့ရွာနှင့် လေးမြေ ရွာကို တစ်လှည့်စီ ဆွမ်းခံရ၏။ သပိတ်လျှံအောင်ပင် အားရပါးရ လောင်းလှူကြ၏။

ဆရာတော်ကို နှုတ်ဆက် ကန်တော့ကြတော့ ဆရာတော်က ဩဝါဒ ပေးတော် မူ သည်။ 'လူ့ဘဝက ရရှိတုန်းမှာ မဂ်ဖိုလ်ကို အပိုင်ရအောင်သာ လုပ်ပေတော့။ အချိန် မဆွဲကြနဲ့။ ဒီဘဝမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရရင် နောက်ဘဝဆိုတာ မသေချာဘူး။ လူ ဖြစ်လို့လည်း မလွယ်ဘူး။ လူဖြစ်ပြန်တော့ ဗုဒ္ဓဘာသာနိုင်ငံမှာ ဖြစ်ချင်မှ ဖြစ်တာ။ နားတွေ မျက်စိတွေ ကောင်းချင်မှ ကောင်းတာ။ ဉာဏ်လည်း ကောင်းချင်မှ ကောင်းတာ။ ဗုဒ္ဓဘာသာ နိုင်ငံမှာ ဗုဒ္ဓဘာသာဝင် ပြန်ဖြစ်ဦးတော့ သာသနာကွယ်တော့မှ လူလာဖြစ်ရင် ဘာမှ ရမှာ မဟုတ်ဘူး။ ဝေဒနာ အစရှိတဲ့ ခန္ဓာငါးပါး သံယောဇဉ်ကို ဖြတ်နိုင်မှ တရားရမယ်။ ဖြစ်ပြီးရင် ချက်ချင်း ပျက်တယ်ဆိုတဲ့ ဗုဒ္ဓရဲ့ စကားကိုလည်း ယုံကြည်မှ ဝိစိကိစ္ဆာလည်း ရှင်းလင်းပြီး သံယောဇဉ်ဟာ အနတ္တတရားဖြစ်ကြောင်း သိနိုင်မယ်' ဟု ဩဝါဒ အရှည်ကြီး ပေးတော်မူ သည်။

## အခန်း (၆၃)

# ပတ္တမြားနှင့် သံဃောဇဉ်

သံဃာလေးပါးတို့အတွက် အမေရိကန် ဆရာတော်၏ အပြုအမူ အနေအထိုင် မှန်သမျှ တို့မှာ အတုယူစရာတွေချည်း ဖြစ်နေခဲ့၏။

အမေရိကန်လူမျိုးတို့၏ စိတ်ဓာတ်ကိုလည်း လေ့လာနိုင်သည်။ ယနေ့ ကမ္ဘာမှာ အောင်မြင်တိုးတက်နေသော လူမျိုးတို့တွင် အောင်မြင်တိုးတက်ရသည့် အကြောင်းရင်း အမြေရှိနှင့်ပြီး ဖြစ်သည်။ အလိုလိုတိုးတက်ပြီး အလိုလို အောင်မြင်လာကြသည်တော့ မဟုတ်ကြ။ သူတို့သည် အလုပ်တစ်ခု လုပ်တော့မည်ဆိုလျှင် မြန်မာလူမျိုး တချို့ကဲ့သို့ပေါ့ပေါ့ တန်တန် မလုပ်ကြ။ မြန်မာတော်တော်များများက အလုပ်လုပ်ရာတွင် လေးနက်မှု သိပ်မရှိသော်လည်း အောင်မြင်တိုးတက်သော နိုင်ငံသားများကမူ မည်သည့် အလုပ်၌ဖြစ်စေ လေးလေးစားစားဖြင့် ဆုံးခန်းတိုင်အောင် လုပ်ကြလေ့ရှိသည်။

တောင်ပုလု၊ ဖားအောက်၊ မိုးကုတ်၊ မဟာစည်၊ ချမ်းမြေ့ စသည့် မွေရိပ်သာများတွင် နိုင်ငံခြားသားများ လာရောက် အားထုတ်ကြရာတွင် မြန်မာတို့နှင့် မတူသည့် အချက်မှာ စည်းကမ်းကို တိတိကျကျ လိုက်နာကြသည်။ အချိန်ကို တန်ဖိုးထားပြီး ဖွဲကောင်းကောင်း ဝိရိယကောင်းကောင်းနှင့် သင်ပြသော ဆရာတွေ ချီးကျူးရလောက်အောင် အားထုတ် ဆောင်ရွက်ကြသည်သာများသည်။ ပျင်းရိခြင်း မရှိ၊ ခိုကပ်ခြင်း မရှိသည်မှာ သူတို့လူမျိုး တွေ၏ ထူးခြားချက်ပင် ဖြစ်တော့သည်။

ရာသီဥတု အလွန်အေးသော တိုင်းပြည်များမှ လာရောက်၍ အလွန်ပူပြင်းသော မြန်မာနိုင်ငံ၏ တောင်ပုလု၏ နိုင်ငံခြားမှာလောက် သပ်ရပ်သန့်ရှင်းမှု မရှိသည့် သုသာန် များတွင် သက်န်းများ ရုံလျက်ပင် တင်ပလ္လင်ခွေထိုင်ကာ ပူလောင်အိုက်စပ်နေသည့် ကြားမှ တရားဘာဝနာ ရှုမှတ်နေသော နိုင်ငံခြားသားများ မြင်ကွင်းမှာ ရိုးနေပြီဖြစ်သည်။

ယခုလည်း အမေရိကန်လိုနိုင်ငံ ဝါရှင်တန်လိုမြို့မျိုးတွင် နေထိုင်လာသူက ဝေးလံ ခေါင်သီသော မြန်မာနိုင်ငံ၏ တောရိပ်တောင်ရိပ်တွင်ရှိ လူသူမနီးသော လိုဏ်ဂူထဲ၌ သီတင်းသုံး နေထိုင်လျက် ဗုဒ္ဓ၏ အဆုံးအမဖြင့် တရားဘာဝနာ ရှာဖွေမွေ့လျော်နေပုံမှာ သူ့စိတ်ဝယ် နတ်ပြည်ရောက်နေသလား အောက်မေ့ရ၏။ မွေ့ဖြင့် ကြည်လင်ပျော်ရွှင်နေ၏။ လိုဏ်ဂူထဲတွင် ခုတင်မရှိ၊ တောင်ပုလု ဆရာတော်အဆုံးအမနှင့်အညီ မူတင်ဆောင်သူ ဖြစ်သောကြောင့် ထန်းပက်လက် ကုလားထိုင် တစ်လုံးသာရှိသည်။

ဒကာမများချည်း လာလျှင် သီလမပေး၊ တရားမဟော၊ စကားမျှပင် မပြော။ လူတွေအများကြီး ရောက်လာလျှင် ထွက်၍ မတွေ့တော့ပြီ။ တောမီးရှို့လျှင် တိရစ္ဆာန်ငယ်လေးများ သေကြေမည်ဖြစ်၍ ဆွမ်းမစားဘဲ သပိတ်မှောက်၏။ နောက်ပိုင်း မည်သူမျှ တောမီးမရှို့ရဲကြ။ တရုတ်နိုင်ငံက မြန်မာလူမျိုးတွေ ဒုက္ခရောက်အောင် ကြွပ်ကြွပ်အိတ်တွေ အတင်းပို့နေသည်ဆိုပြီး ကြွပ်ကြွပ်အိတ် ဆန့်ကျင်သည်။

အမြဲဗုဒ္ဓအလိုကျ တစ်ကိုယ်သန့်ရှင်းရေး ဆောင်ရွက်သည့်အပြင် လှိုဏ်ဂူနှင့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်လျက်နေ၏။

မီဇာကိစ္စမှလွဲ၍ မည်သည့်နေရာမှ သွားလေ့မရှိ။ ဝတ်ဆောက်တည်ရန်အတွက်မူ ကျောက်ဆင်တောရသို့ ကြွတတ်၏။ မည်သည့် ဒကာဒကာမ တစ်ဦးတည်း၏ ဆွမ်းကိုမျှ ဘုဉ်းမပေး၊ အများက တစ်ယောက် တစ်ဖွန်းလောင်းလှူသော ဆွမ်းကိုသာ ဘုဉ်းပေးလေ့ရှိသည်။ အလွန်တည်ကြည်သော ဣန္ဒြေရှိပြီး အပိုစကားတွေ မပြောတတ်။ လှိုဏ်ဂူအတွက် ပန်းရံလာလုပ်ပေးသော အလုပ်သမားများကိုသာ ပျင်းမည်စိုး၍ စကားပြောဖူးသည်။ မြန်မာစာကိုလည်း ရေးတတ် ဖတ်တတ်သည်။

အမေရိကန် နိုင်ငံသို့ ကိစ္စရှိ၍ ကြွရောက်ရာတွင်လည်း ဖိနပ်မစီး ခြေဗလာဖြင့်ပင် ကြွသွား၏။

ဦးသုနှိတို့ လေးပါးလည်း ဝတ္ထုငွေ မကိုင်ဆောင်ကြောင်း လျှောက်ရာ များစွာ ချီးကျူး၏။ သံဃာတော်များ အနေဖြင့် ဝတ္ထုငွေ မကိုင်ဆောင်လျှင် အခက်အခဲများစွာ ရှိမည်ကို နားလည်ကြောင်း မိန့်သည်။ သို့သော် ၎င်း အခက်အခဲများကို ကြံ့ကြံ့ခံ၍ သံဃာ အားလုံးကသာ တစ်ညီတစ်ညွတ်တည်း ဝတ္ထုငွေ မကိုင်ဆောင်ပါက၊ တစ်နည်းအားဖြင့် ဒကာများဖြင့် ကိုင်သည့် အလေ့အကျင့်လုပ်ပါက တစ်နည်းတစ်ဖုံ အဆင်ပြေသွားမည်ဟု ယုံကြည်ကြောင်း၊ နာမည်ကြီး ဆရာတော်ကြီးများလည်း ဝတ္ထုငွေကိုင်ဆောင်သည်ကို မတွေ့ရကြောင်း၊ တချို့ဆိုလျှင် ဂေါပက သို့မဟုတ် ဒကာများမှ တစ်ဆင့်သာ လှူလို့ ရကြောင်း ရှင်းပြသည်။

ဆရာတော်၏ ဂူထဲတွင် မည်သည့် အစားအစာချိုချဉ်ခဲဖွယ်မှအစ လုံးဝသိုမှီးထားခြင်းမရှိ၊ ပရိဗိုမင်ဆေးဗူးလေးမှအပ ရှင်းလင်းလျက်ရှိသည်။ လေဝင်လေထွက်လည်း ကောင်းသည်။ ဆရာတော်က 'ဒိဗ္ဗဝိယောဂဟာ' ဟု လှိုဏ်ဂူကို အမည်ပေးခဲ့သည်။ အဓိပ္ပာယ်က 'နတ်လေပြေလှိုဏ်ဂူ' ဟု ဆို၏။ သို့သော် တကယ့် အဓိပ္ပာယ် နောက်တစ်မျိုးမှာ 'အသေခံယောဂီ၏ လှိုဏ်ဂူ' ဟု အဓိပ္ပာယ်လည်း ရသည်။ ဤလှိုဏ်ဂူထဲဝင်ရောက် အားထုတ်ပြီဆိုလျှင် တရားမရမချင်း (မဂ်ဉာဏ်ဖိုလ်ဉာဏ်) မရမချင်း အသက်စွန့် ကြိုးပမ်းသွားမည်ဟု၏။

ဆရာတော်က မြန်မာလူမျိုးတွေကို ကြည့်ပြီး သနားမိသည်ဟု မိန့်၏။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ပန်းပွင့်များသည် လက်တစ်ကမ်းတွင် ခူးလိုက်ရုံသာ အစီအရီ ညွတ်လျက်ဖွင့်နေကြသည်ကို ကိုယ်တိုင် အားစိုက်၍ မခူးဆွတ်ကြဘဲ ထိုင်၍သာ ရှိခိုးနေကြသည်နှင့် တူသည်ဆို၏။

သူ့အတွက်ဆိုလျှင် အလွန်ဝေးလံသော အမေရိကန်နိုင်ငံမှ ခက်ခက်ခဲခဲ အတားအဆီးအမျိုးမျိုးကို ကျော်ဖြတ်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်အတွက် လာရောက်ခဲ့ရသည်ဆို၏။ မြန်မာလူမျိုးများအတွက်မူ နီးလျက်နှင့် ဝေးနေကြရသည်။ တကယ့်တန်ဖိုးအစစ်ကို မရိပ်မိကြဟု ဆိုသည်။

သာသနာသည် သခါရသဘောအရ တဖြည်းဖြည်း ကွယ်ပျောက်မည့်ဘက်သို့ ရွေ့လျားနေသည်ကိုလည်း ကြောက်ရမှန်း လန့်ရမှန်း မသိကြဟု အားမလိုအားမရမိန့်ကြား၏။ သူ့(ဆရာတော်)ကို လာရောက်ဖူးမြော်မည့် အချိန်အစား ကိုယ်တိုင် အားထုတ်ပါက အဆပေါင်း များစွာ အကျိုးရှိမည်ဟု ညည်းတွားသည်။

ဆွမ်းခံရာမှာလည်း ဝိနည်းနှင့်အညီပင် သတိမြဲလျက်သာ ဆရာတော်ကြွ၏။ ဆရာတော့် အရှိန်အဝါဖြင့် သူတို့လေးပါးကိုလည်း ဆွမ်းများ ပြည့်လျှံအောင် လောင်းကြ၏။ ရွာခံများက ဆရာတော်အား ပြောမပြနိုင်လောက်အောင် ကြည်ညိုကြ၏။ ပတ္တမြား ဆိုသည်မှာလည်း မည်သည့် အရပ်ဒေသ၌ဖြစ်စေ ပတ္တမြားသာလျှင်ဖြစ်၏။ မည်သည့် နွံ့မျှ ပတ္တမြားကို မဖုံးနိုင်။

ဆရာတော်ထံ ဩဝါဒ လာရောက်ခံယူရာ၌ အရင်ဆုံး အကျိုးများသွားသူက ဦးပဥ္စင်းဘိုဘို ဖြစ်သည်။ သူက တရားထိုင်လျှင် ခဏခဏ ပြင်ရသူ ဖြစ်သည်။ အခြားသူများ တည်တည် ငြိမ်ငြိမ် ထိုင်နေချိန်တွင် သူမှာ လှုပ်လှုပ်ရွရွနှင့် ကိုယ်တိုင် သမာဓိပျက်သည့် အပြင် အခြားသူများကိုပါ အနှောက်အယှက် ဖြစ်မည်ပင် စိုးရ၏။ ဘယ်လိုပင် ကြိတ်မှိတ် တောင့်ခံ သော်လည်း အရှုံးပေးပြီး နေရာပြင်ရသည်သာများသည်။

ဆရာတော်၏ ဩဝါဒထဲတွင် သံယောဇဉ်အကြောင်းပါသည်။ သံယောဇဉ် ဆိုသည်မှာလည်း မရှိတော့သည်ကို အရှိထင်နေသော တရားဖြစ်သည်။ ပေါ်လာပြီးမှ ပျောက်ရသော အနိစ္စသဘော၌ သံယောဇဉ်သည်လည်း မပါလို့မရ။ ပေါ်လာပြီး ပျောက်ရသည်သာ။ ပျောက်ပြီဆိုလျှင်လည်း တစ်စွန်းတစ်စမျှ မကျန် ပျောက်ရ၏။ ကျန်နေသေးသည် ထင်လျှင် ဆက်၍ နာကျင်ခံစားရက်မည်ပင်။ စိတ်သာ အဓိကဖြစ်၏။ စိတ်က နာလျှင်နာ၏။ စိတ်က မနာလျှင် လုံးလုံးမနာ။ ဦးပဥ္စင်းဘိုဘို စမ်းသပ်ကြည့်ရာတွင် အောင်မြင်စ ပြုလာ၏။ နာကျင်မှုကို တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်ထစ်ပြီး တစ်ထစ် ကျော်လွှားနိုင်လာသည်။ ဝေဒနာဖြစ်ပျက်မှုကို တစ်ခုချင်း ဉာဏ်ဖြင့် မြင်နေရသည်။ ပျက်သွားတိုင်းလည်း တစ်စွန်းတစ်စမျှ အရိပ်မျှပင် မကျန်ရစ်ခဲ့ မရှိခြင်း၊ အနတ္တကိုသာ ဉာဏ်မှာထင်နေ၍ ဝေဒနာအတွက် သံယောဇဉ်မရှိတော့။ သံယောဇဉ်မရှိ၍ နာကျင်ခြင်းမရှိဘဲ ချမ်းသာ၏။ ကိုယ်ချမ်းသာ၏။ စိတ်ချမ်းသာ၏။ သုခဝေဒနာ ဖြစ်ပေါ်၏။ ပေါ်လာပြီး လုံးဝ ပျက်သွားတာကို ရှု၏။ ပီတိဖြစ်ပေါ်၏။ ပီတိ ပေါ်လာပြီး လုံးဝ ပျက်သွားသည်ကို ရှု၏။ ဘာလာလာ ပေါ်လာပြီး ပျက်သွား၏။ ဘာမျှ မကျန်။ ဦးပဥ္စင်းဘိုဘိုအဖို့ တစ်နာရီထိုင်မလား နှစ်နာရီ ထိုင်မလား။ မနာကျင်ဘဲ စိတ်ဘယ်မှ မလွင့်ပျံ့ဘဲ ရှုမှတ်နိုင်လေပြီတည်း . . . ။

❖

## အခန်း (၆၃)

# ဝန်ပိုမှအပြန်

ဦးသုန်တို့ သံဃာတော် လေးပါးတို့သည် အမေရိကန် ဆရာတော် ဦးပညောဘာသကို ရှိသေစွာ ထိခြင်းငါးပါးဖြင့် နှုတ်ဆက်ကန်တော့ပြီးနောက် အလွန်သီလသမာဓိနှင့် ပြည့်စုံ၍ တစ်နယ်လုံးတွင် သတင်းမွှေးသော ရွာမွန်သုသာန် ဆရာတော်ကြီးထံ သွားရောက် ကန်တော့ရင်း ဩဝါဒခံယူကြ၏။ ဆရာတော်ကြီးကား တည်ငြိမ်အေးချမ်းလှ၏။ စကားလည်း အရှည်မမိန့်၊ တိုတိုတုတ်တုတ်ပင် မိန့်တော်မူ၏။ သာသနာ့ အာဇာနည်ကြီးများ၌ တူညီသော အချက်များကို တွေ့ကြရ၏။ ခြိုးခြံခြင်း၊ အလိုနည်းခြင်း၊ သီလလုံခြင်း၊ ဝီရိယကောင်းခြင်းနှင့် မေတ္တာစွမ်းပကား ထက်မြက်ကြခြင်းတို့ ဖြစ်ကြ၏။ ဆရာတော်ကြီးကား သုသာန်ကျောင်း ဆရာတော်ဖြစ်သည့်အလျောက် မေတ္တာ၏ စွမ်းပကားနှင့် သတိ အရေးကြီးပုံတို့ကို ဟောကြား ဆုံးမတော်မူ၏။

သံဃာလေးပါး ကျောက်ဆင်တောရကို ပြန်ရောက်တော့ အတွေးကိုယ်စီနှင့် ဖြစ်သည်။ ငြိမ်းအေးမည့်မှန်းလည်း သိသည်။ တကယ်လုပ်လျှင်၊ တကယ်ကြိုးစားလျှင် ရှေ့ကဆရာတော် အာဇာနည်ကြီးများနည်းတူ အောင်မြင်နိုင်မှန်းလည်း သိသည့် မပျင်းမရိ လုပ်ကြဖို့ပဲရှိသည်။

ဆရာတော်ကြီး၏ စကားနားထဲကမထွက်။ 'လူတွေက လောဘမီး၊ ဒေါသမီး၊ မောဟ မီးဆိုတာ တကယ် ကိုယ်တိုင်သိမှ မဟုတ်ကြတာ၊ လူပြောသူပြောနဲ့ သိရတာဆိုတော့ တကယ်ပူမှန်း ဘယ်သိမှာလဲ၊ ဒီမီးတွေကို မီးမှန်းသိဖို့ရာက ငြိမ်းအေးမှု အစစ်အမှန်ကို ကိုယ်တိုင်သိမှ နှိုင်းယှဉ်လည်း ကြည့်လိုက်ရော လောဘမီး၊ ဒေါသမီးနဲ့ မောဟမီးတွေ ဘယ်လောက်ထိ ပူလောင်တယ်ဆိုတာ သိကြရမှာပေါ့'

အားလုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသော်လည်း မငြိမ်မသက် ဖြစ်နေသူက ဦးပဉ္စင်းဘိုဘိုဖြစ်သည်။ သူက ကျောက်ဆင်တောရထက် အနည်းငယ်ပို၍ စည်းကမ်း ချောင်သော တောင်ပုလုတောရသို့ မကြာခဏ သွားရောက်လည်ပတ်လေ့ရှိရာ ယခုလည်း ကျန်သုံးပါးကို တောင်းပန်ပြီး တောင်ပုလုတောရသို့ ခဏတဖြုတ်လည်ပတ်ရန် စီစဉ်နေ၏။

ကျန်သုံးပါးက သူ့ကို သတိပေးသည်။ ဆရာတော်ဦးရေဝတ သတိပေးခဲ့သော စကား။ တစ်ပါးတည်းနေတော့ တရား၊ နှစ်ပါးနေတော့စကား။ နှစ်ပါးထက်ပိုတော့ အလကား ဟူ၍ ဖြစ်၏။

ဦးပဋ္ဌင်းဘိုဘိုခမျာ တောင်ပုလုတောရရိပ်သာမှ သံဃာများကိုလည်း မသိမသာ သံယောဇဉ် တွယ်နေပြီ ဖြစ်၏။ သူ ပြန်ရောက်လာလျှင်လည်း တောင်ပုလုမှ ကိုယ်တော်များ အကြောင်း ပြောပြလျှင် ကျန်သုံးပါးမှာ အပျင်းပြေရ၏။

အရင်တစ်ခေါက် ဦးပဋ္ဌင်းဘိုဘို ပြန်လာစဉ်က သူစပ်လာခဲ့သည့် 'FM တောရ ရိပ်သာကြီး' ကဗျာကို ရွတ်ပြ၏။ ဆရာတော်ကြီး မသိအောင် တချို့ ကိုယ်တော်တွေ ရေဒီယို နိုးနားထောင်ကြပုံ၊ တစ်ခါတစ်ရံ သတိလက်လွတ်ပြီး သီချင်းလိုက်ညည်းမိပုံ၊ တချို့ ကိုယ်တော် ဆွမ်းသိပ်ပြတ်သည့် အချိန်တွင် ဆရာတော်ကြီး မသိအောင် မီးမွှေး၍ ဟင်းချက် ကြပုံတို့ ပါ၏။ သူ့ကဗျာလေးက 'FM တောရရိပ်သာကြီး' ဖြစ်၏။

'တရားဟောတဲ့ ဦးပျော်ဘွယ်၊ တံတွေးစင်မယ် ဝေးဝေးဖယ်ထား။
မာဃလေပွ – ဦးတင်မြ၊ ဆည်ကြီးနံဘေးမှာ လွမ်းနာကျ။
ဦးစိန်ဝင်းတဲ့ သီချင်းသည်၊ ဆိုကြပျော်ကြမယ်။။
ဦးအုတ်ဖို ရေဒီယိုလေး၊ နံဘေးကနေ မီးထိုးပေး။
ဝါးခယ်မရဲ့ ကုန်စုံဆိုင်၊ စူပါမတ်ထက် အစုံရနိုင်။
ဦးစိတ်တိုခေါ် ဦးစိုးသိမ်း၊ ရေထမ်းကြီးနဲ့ ဘယ်ညာယိမ်း၊
လွယ်အိတ်လေးနဲ့ ဦးအောင်အောင်၊ ဆေးဆရာယောင်ယောင်၊
ထောက်လှမ်းရေးသမား ဦးပဏ္ဍိ၊ အရဏ် နေ့ဆွမ်းအကုန်သိ
မီးရှို့ဝိဇ္ဇာ ဦးမျိုးလွင်၊ မွန်းလွဲတဲ့အထိ ဆွမ်းခံဝင်၊
ဦးသိန်းအောင်၊ သူ့ရဲ့နား၊ ယောကျ်ားချင်းဆို သူမကြား။

ကဗျာမှာပါသော 'ဦးပျော်ဘွယ်' ဆိုသော ဦးပဋ္ဌင်းက တရားဟော ဝါသနာပါလွန်းသည်။ တရားစာအုပ်တွေဖတ်ပြီး တရားလိုက်လိုက်ဟောသောကြောင့် သူလာတာမြင်လျှင် အိပ်ချင်ယောင်ဆောင်မှ လွတ်မည်ဆို၏။ လူနာမည် ဦးတင်မြဆိုသော ဦးပဋ္ဌင်းကမူ မာဃဒေဝစာအုပ်ကို အလွတ်ကျက်မှတ်ထား၍ အခွင့်ရသည်နှင့် စကားဝိုင်းထဲတွင် သုံးတတ် သောကြောင့် သူ့ကို မာဃလေပွဟု ကွယ်ရာမှာခေါ်၏။ ဘုန်းကြီးဝတ်ပြီး ရောက်ကာစက ဆည်နံဘေးသွားသွားပြီး အိမ်သူသက်ထားကို သတိရသောကြောင့် မကြာခဏ မျက်ရည်ကျ ရသည်ဆို၏။

လူနာမည် ဦးစိန်ဝင်းဖြစ်သည့် ဦးပဋ္ဌင်းမှာမူ ဆရာတော်ကြီး မသိအောင် ရေဒီယို နိုးနားထောင်သူ ဖြစ်ပြီး တစ်ရက် ဦးပဋ္ဌင်းဘိုဘို တံမြက်လှဲနေရင်းမှ သီချင်းပါ လိုက်ညည်း နေသည်ကို ကြားခဲ့ရ၏။ လူ့ဝတ်ကြောင်နှင့်တုန်းက မယ်ဒလင် ဒေါင်ဒေါင်ဒင်ဒင်ဖြင့် သီချင်းဝါသနာ ထုံခဲ့သူဖြစ်၏။ သူက ဟင်းချက်လည်း ဝါသနာပါရာ တစ်ခါတစ်ရံ ဆရာ တော်ကြီး မသိအောင်လျှပ်တစ်ပြက် ခိုး၍ချက်တတ်၏။ နံဘေးက မီးထိုးပေးသူက ဦးအုတ်ဖိုခေါ် အုတ်ဖိုမြို့မှ ဦးပဋ္ဌင်း တစ်ပါးဖြစ်သည်။ သူလည်း ဆွမ်းခံကြွလျှင်လမ်းမှာ ရေဒီယိုလေး လွယ်လျက် တရားနာရင်း ကြွသူဖြစ်၏။ ဝါးခယ်မဘက်မှလာ၍ 'ဦးဝါးခယ်မ' ဟု အမည်ရသူ ဦးပဋ္ဌင်းကမူ အစုအဆောင်းဝါသနာပါ၍ ဘာကလေးလိုလို သူ့ထံကို သွားလျှင် မရမရှိ။

ဥပမာ–ညဘက် မိုက်ဆာလောင်း၍ သူ့ထံသွားလျှင် ထန်းလျက်၊ ချိုချဉ် ချကျွေးတတ်၏။ ရေနွေးကြမ်းလည်း ဓာတ်ဘူးမှာ အမြဲအပြည့်။

လူနာမည်ဦးစိုးသိမ်းဖြစ်သည့် ဦးစိုးသိမ်းကမူ ထစ်ခနဲရှိလျှင် စိတ်တိုတတ်သော်လည်း အများသုံးအိမ်သာအတွက် ရေကို နေ့စဉ်ထမ်း၍ ဖြည့်ပေးရှာသည်။ သူတစ်ပါးကိုလည်း ကူညီတတ်သေးသည်။

လူနာမည် ဦးအောင်အောင်ဆိုသည့် ဦးပဥ္စင်းမှာ ပါတီမောက် အာဂုံဆောင်နိုင်သည် ဖြစ်၍ လွယ်အိတ်တစ်လုံးနှင့် ရှိုးများလှ၏။ ဦးပဏ္ဍိတကို ထောက်လှမ်းရေးဟု မှည့်ခေါ် ရခြင်းမှာ အကြောင်းရှိ၏။ မြောက်ကျောင်းမှာ ဆွမ်းလောင်းရှိလျှင် သတင်းစွင့်ခြင်း သွားရောက် စုံစမ်းခြင်းကြောင့် သူအရင်ဆုံးသိသည့်သာများ၏။ မနက်ဖြန် အရက်ဆွမ်း ရှိ မရှိ၊ ရှိလျှင် မုန့်ဟင်းခါးလား၊ ကောက်ညှင်းပေါင်းနှင့် အကြော်လား၊ အုန်းနို့ခေါက်ဆွဲလား တိတိကျကျ သိသည်။ ဝါသနာပါလျှင် အလှူရှင် ဘယ်အရပ်ကဆိုသည်ကိုပင်မေး၍ သိနိုင်သည်။ နေ့ဆွမ်း လောင်း ရှိလျှင်လည်း ဘာဟင်းနှင့် လောင်းမည်ကအစ သိသည်။

လူနာမည် ဦးမျိုးလွင်ဖြစ်သည့် ဦးပဥ္စင်းမှာ အမှိုက်တွေကို စုပုံပြီး ဒိုင်ခံ၍ မီးရှို့သူ ဖြစ်သည်။ ဆွမ်းခံဝင်ရာတွင်လည်း စိတ်ရှည်ရှည် လှည့်ခံနေတတ်သဖြင့် တစ်ခါတစ်ရံ ဆွမ်းစားချိန် နောက်မကျအောင်လည်း သတိခြေတင်၍ ပြေးရတတ်သည်။

ဦးသိန်းအောင် လူနာမည်နှင့် ဦးပဥ္စင်းမှာ နားအလွန်လေးသူဖြစ်၏။ သံဃာအချင်းချင်း ပြောလျှင် အော်ပြောရသော်လည်း သူ၏ လူဝတ်ကြောင်တုန်းက ဇနီး ဒကာမကြီးပြောလျှင်မူ တိုးတိုးပြောလည်း ကြား၏။

ဦးပဥ္စင်းဘိုဘိုက အားလုံးနှင့်ခင်မင်ပြီး တစ်ဦးချင်းကို စိတ်ဝင်စားသူဖြစ်သည်။ စည်းကမ်းပိုင်း သိပ်မတင်းကြပ်သောကြောင့်လည်း နေသာထိုင်သာ ရှိနေ၏။ မည်သို့ ဆိုစေ မည်သည့် တောင်ပုလုကမ္မဋ္ဌာန်း ကျောင်းတွင်မှ ရုပ်မြင်သံကြားစက်သော် လည်းကောင်း၊ သီချင်းနားထောင်သည့် CD စက်များလည်းကောင်း တွေ့ရမည် မဟုတ်ပါ။

တရားထိုင်၊ တရားရှုမှတ်သည့်အချိန်တော့ ကျောက်ဆင်မှာထက် လျော့နည်းနေ သောကြောင့် ညဘက်တွင် ဖယောင်းတိုင်မီးငြိမ်းသတ်၍ အိပ်ချင်ယောင်ပြုကာ တရား ထိုင်ရသည်များ၏။ ဦးပဥ္စင်းဘိုဘိုကို ခင်မင်သူများ၍ တစ်ပါးပြီးတစ်ပါး ရောက်ရောက် လာတတ်သောကြောင့် ဖြစ်သည်။

ဦးပဥ္စင်းဘိုဘို တောင်ပုလု တောရရိပ်သာမှာ ခေတ္တနေစဉ်တွင် အရပ်သားများပေးသည့် ဒုက္ခကို သံဃာများ ခံစားနေရပုံ လက်တွေ့ မြင်ခဲ့တွေ့ခဲ့ရ၏။

တစ်ခြားမဟုတ်ပါ။ ရပ်ရွာထဲမှာ ပေါက်ဖွားသော ခွေးပေါက်စများကို ရိပ်သာ အနီး လာ၍ လွှတ်ကြခြင်း ဖြစ်သည်။ သည်လိုနှင့် အရပ်ရှစ်မျက်နှာမှ ခွေးမျိုးစုံသည် ရိပ်သာ အတွင်းတွင် စုဝေးမိတော့၏။

သံဃာတော်တွေလည်း အလုပ်တွေ တိုးပွားလာခဲ့ကြရ၏။ ဆွမ်းစားပြီးလျှင် မိမိကျောင်းနားလာ၍ စတည်းချသော ခွေးလေးများကို ကျွေးမွေးရခြင်း၊ ရေတိုက်ရခြင်း အပြင် တစ်ကောင်နှင့်တစ်ကောင် ရန်မဖြစ်အောင်လည်း အော်ငေါက်၍ ထိန်းကျောင်းရ ပြန်ပါသည်။

ကြာလာတော့ သံယောဇဉ် တွယ်လာပြီး သူ့ခွေး၊ ငါ့ခွေးဖြစ်လာ၏။

'သံယောဇဉ်ဆိုတာ ရှိနေသရွေ့ ငါဆိုတဲ့ အတ္တကလည်း ရှိနေမှာပေါ့၊ ငါ့ကျောင်း၊ ငါ့သင်္ကန်း၊ ငါစားမယ့်ဆွမ်း၊ ငါ ငါဆိုတာ သံယောဇဉ်ကြောင့် ဖြစ်လာရတာတွေပေါ့' ဒါက နေ့လည်မှာ ဦးပဥ္စင်း ဦးဓမ္မသာရ က ပြောကြားနေခြင်း ဖြစ်၏။

ညဘက်ကျတော့ ဦးဓမ္မသာရသည် တုတ်တစ်ချောင်းကိုင်လျက် ကုတ်ချောင်း၊ ကုတ်ချောင်းဖြင့် ချီတက်၍လာသည်။ အကြောင်းကတော့ သူ့ခွေးငယ်လေးများကို ဦးပဥ္စင်း ဦးစိန်ဝင်းကျောင်းက ခွေးနက်မက ကုပ်ပိုးမှနေ ကိုက်ချီခါရမ်းသွားရာ သူ့ခွေးလေးခမျာ မသေရုံတမယ် ကျန်ခဲ့၏။ သူသည် သူ့နေ့ခင်းတုန်းက ပြောခဲ့သည့်အတိုင်း သံယောဇဉ်မှ ငါစွဲတွေဖြစ်၊ ငါစွဲမှ ဒေါသမီးတွေ တောက်လောင်နေရှာ၏။ ခွေးနက်မကတော့ မသိရှာ။ အလစ်မှာ တုတ်စာမိသွားပြီး ဘုမသိဘမသိ အော်၍ ပြေးရှာ၏။

ဦးဓမ္မသာရကတော့ အားရကျေနပ်စွာ နှုတ်မှနေ၍ 'မှတ်ပြီးလား၊ မှတ်ပြီးလား' ဟု အော်ရစ်၏။ ခွေးနက်မကတော့ သူထင်သကဲ့သို့ မမှတ်ပါ၊ နောက်နေ့မှာလည်း သူ့ခွေးကို ထပ်ကိုက်ပါသည်။ သူကလည်း ထပ်ရိုက်ပြန်ပါသည်။ ခွေးကလေးတွေ အအေးဒဏ်ကြောင့် သေဆုံးလျှင်လည်း သံဃာတွေ အလုပ်ပိုပါသည်။ ကျောင်းနှင့် ခပ်လှမ်းလှမ်းမှာ သွားမြှုပ်ကြရပါသည်။ လူတွေ အလိုက်မသိ ပေးလိုက်ကြသော ဒုက္ခများပေတည်း။

## အခန်း (၆၅)

# ပညတ်ပရမတ်

ဦးပဥ္စင်းဘိုဘိုမှာ ကောင်းသော အကျင့်လေးတစ်ခု ရှိသည်။ ၎င်းမှာ ဟောင်းဟောင်း သစ်သစ် တွေ့သမျှ တရားစာအုပ်တို့ကို စိတ်ပါဝင်စားစွာ ဖတ်လေ့ရှိသည်။ နားမလည်တာ ရှိလျှင်လည်း မြိုသိပ်မထားတတ်။ ရှင်းပြနိုင်မည့် သူကိုရှာ၍ ချက်ချင်းမေးလေ့ရှိသည်။

တစ်နေ့တွင် ကျောက်ဆင် ဆရာတော်ဘုရား (ပခုက္ကူ ဆရာတော်) ရေးသား ပြုစုသည့် 'တောင်ပုလု ဆရာတော်ဘုရားကြီး၏ ဓမ္မဒေသနာ ပေါင်းချုပ် မေဒနီ' စာအုပ်ကို တွေ့ပြီး ဖတ်ရှုမိရာ အတိုင်းမသိအောင် သဘောကျ နှစ်သက်သွားသည်။ တောင်ပုလု ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သည့် ပညတ်နှင့် ပရမတ်အကြောင်း ရှင်းလင်း ဟောပြသော တရားတစ်ပုဒ်ပါသည်။ ဆရာတော်ဘုရားကြီးက တရားကို ပရိသတ်နှင့် အမေးအဖြေလုပ်ရင်း ပညတ်နှင့် ပရမတ်ကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက် အောင် ဟောသွားခြင်းဖြစ်သည်။

ဆရာတော်ကြီး မေးခွန်းမေးလိုက်လျှင် ပရိသတ်နေရာမှာနေ၍ ဦးပဥ္စင်းဘိုဘို ဖြေကြည့်သည်။ ပရိသတ်ကြီးနှင့်အတူ အမှားတွေချည်း ဖြေမိနေသည်။ ဦးပဥ္စင်းဘိုဘို တစ်ပါးတည်း ဆရာတော်ကြီး မေးသမျှ အမှားတွေချည်း ဖြေမိလိုက်၊ သဘောကျ၍ အသံ ထွက်ပြီး ရယ်လိုက်နှင့် ဆရာတော်ကြီး၏ တရားကို အခေါက်ခေါက်အခါခါ ဖတ်ရှုရာ အလွတ်ပင် ရနေပြီဖြစ်၏။ ဦးပဥ္စင်းဘိုဘိုမှာ အကြံတစ်ခုရ၏။ သူက ဆရာတော်ကြီး နေရာမှနေ၍ မေးခွန်းမေးကြည့်ရန် ဖြစ်သည်။ ဦးပဥ္စင်း ဦးပျော်ဘွယ်ကိုရင်း စာအုပ်ဖတ်ပြီး မပြီး မေးကြည့်ပြီး မဖတ်ရသေးမှန်း သိသည်နှင့် သူ့အစီအစဉ်ကို စတော့၏။

**ဘို** – 'ဆရာတော် ဘုရားကြီးက မိန့်တယ်။ သဗ္ဗညုတဉာဏ်တော်ရဲ့ ကျက်စားရာ အာရုံဟာ ပရတ်မတ်ပဲတဲ့။ ပရမတ်ဆိုတာ 'စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်' တစ်လောကလုံး ၃၁ ဘုံရှိ သတ္တဝါဟူသမျှ အားလုံးဟာ နာမ်ရုပ်ချည်းပဲတဲ့ နာမ်ရုပ်ကို အသက်ရှိလို့ 'သဝိ ညာဏက' တဲ့။ သစ်ပင်၊ တောတောင်၊ ရေမြေ စတဲ့ သဘာဝတရားကတော့ ရုပ်ချည်း သက်သက်မို့ 'အဝိညာဏက' တဲ့။

ဦးပဥ္စင်း အသေအချာ နားထောင်နော်။ လူတွေက နာမ်ရုပ်က ပရမတ် အစစ်မို့ တကယ်ရှိတာ အမှန်ပဲနော်။ ဒါပေမဲ့ တကယ်ရှိတဲ့ နာမ်ရုပ်ကို နာမ်ရုပ်လို့ ဘယ်သူမှ မယူကြဘူး။ နာမ်ရုပ်ကို 'လူ' လို့ ပညတ်ပြီး လူလို့ပဲ ထင်ကြတယ်။ ပညတ်ဆိုတာ တကယ် မရှိပေမယ့် ပညတ်ဖြစ်တဲ့ လူကို တကယ်လို့ ယူထားတယ်။ အဲဒီလို ယူသမျှ သက္ကာယဒိဋ္ဌိ ချည်းပဲတဲ့။

တကယ်လို့သာ ဦးပဍ္ဍင်းက နာမ်ရုပ်ကို အမှန်အတိုင်း နာမ်ရုပ်လို့ သိသွားမြင်သွားရင် စုဠသောတာပန် ဖြစ်သွားပြီတဲ့။ သေပြီးရင် နတ်ဖြစ်ဖြစ်၊ လူဖြစ်ဖြစ်လားရာဂတိ ဖြစ်မှာတဲ့။ ဦးပဍ္ဍင်း တပည့်တော်ကို မြင်ရတဲ့ ဥစ္စာ ပရမတ်မြင်လား၊ ပညတ်မြင်လား’။

**ဦးပျော်ဘွယ်** – ပညတ်မြင်တာပေါ့။

**ဘို** – ‘ဆရာတော်က အဲဒီလို ပညတ်မြင်တာ မှားတယ်တဲ့ဘုရား။ ဆရာတော် မေးတဲ့ မေးခွန်းကို တပည့်တော်လည်း အရှင်ဘုရားလို မှားဖြေမိတာပဲဘုရား။ အခု နောက်ထပ် ဆရာတော် မေးတဲ့အတိုင်း မေးကြည့်မယ်။ ပရမတ်ထဲမှာ အပြာ၊ အဝါ၊ အနီ၊ အဖြူ၊ အစိမ်း၊ အနက်တွေ ရှိသလားတဲ့။ ချိုချဉ်ဖန်ခါး ရှိသလားတဲ့’

**ပျော်ဘွယ်** – ‘မရှိဘူး ဖြေရမှာပဲ’

**ဘို** – ‘အဲဒါလည်း မှားတယ်တဲ့ ဆရာတော်က။ ဒါဆို ပညတ်နဲ့ ပရမတ် ဘယ်သူ ဖောက်ပြန်သလဲတဲ့၊’

**ပျော်ဘွယ်** – (အနည်းငယ် စိတ်အိုက်သွားရင်း) ‘အဲဒါကတော့ ဦးပဍ္ဍင်းကလည်း ဘယ်သူ့မေးမေး အလွယ်ကလေးပဲ။ ပညတ်က ဖောက်ပြန်တာပေါ့’

**ဘို** – (သူထင်ထားသည့်အတိုင်း အကွက်ထဲ ဝင်လာသည့်အတွက် ဦးပဍ္ဍင်းဘိုဘိုက ဝမ်းသာအယ်လဲ ပြုံးလိုက်ပြီး) ‘ဘယ်သူ့မေးမေး လူတော်တော်များများက ပညတ် ဖောက်ပြန်တယ်လို့ ဖြေမှာ ဆရာတော်ကြီးက သိထားတယ် ဦးပဍ္ဍင်းရဲ့။’

**ပျော်ဘွယ်** – (မကျေနပ်သည့်မျက်နှာထားဖြင့်) ‘ဒါဖြင့် ပညတ် ဖောက်ပြန်တယ် ဆိုတာ မှားတယ်လို့ ဆရာတော်ကြီးက မိန့်သလား’

**ဘို** – (ဘိုဘိုက ခပ်တည်တည်ဖြင့်) ‘ပညတ်ဖောက်ပြန်တာ မှားတယ်လို့ ပြောတဲ့ အပြင် ဆရာတော်ကြီးက ကွင်းခနဲ ကွက်ခနဲ မြင်အောင် ဥပမာနဲ့ ရှင်းပြပေးသွားတယ် ဘုရား’

**ပျော်ဘွယ်** – (စိတ်ဝင်စားမှုကို မဖုံးကွယ်နိုင်တော့သည့် အမူအယာဖြင့်) ‘ဟာ၊ ဒါဆိုရင်တော့ စိတ်ဝင်စားသွားပြီဘုရား၊ ပြောပြပါဦး’

**ဘို** – ‘ဆရာတော်ကြီးဟောတဲ့အတိုင်း တစ်ဆင့် ပြန်ပြောမယ်နော်၊ အရှင်ဘုရား အမတ်ကြီး ဦးပေါ်ဦးဆိုတာ ကြားဖူးလား’

**ပျော်ဘွယ်** – ‘ကြားဖူးတာပေါ့ အမတ်ကြီး ဦးပေါ်ဦး’

**ဘို** – ‘သေသေချာချာ နားထောင်ပါဘုရား ‘ပေါ်ဦး’ လို့ ပညတ်ခံနေရတဲ့ နာမ်ရုပ်ကတော့ ပရမတ်အစစ်ပဲနော်။ အခု အဲဒီနာမ်ရုပ် ရှိသေးလားဘုရား’

**ပျော်ဘွယ်** – ‘ဟုတ်သားပဲ၊ အဲဒီ ပရမတ်–နာမ်ရုပ် မရှိတော့ဘူးလေ’

**ဘို** – ‘ပေါ်ဦးလို့ ပညတ်ထားခဲ့ဖူးတဲ့ ပရမတ်အစစ်ဖြစ်တဲ့ နာမ်ရုပ်က မရှိတော့ဘူး ဆိုတာ သဘောတူပြီနော်၊ ဒါဆိုရင် တပည့်တော် မေးမယ် အရှင်ဘုရား အသေအချာ စဉ်းစားပြီး ဖြေနော်။ ပေါ်ဦး ရှိသေးလား။ ပေါ်ဦး ဘယ်ရောက်သွားလဲ။

**ပျော်ဘွယ်** – (အလွန်သေချာ ပိုင်နိုင်သော လေသံဖြင့်) 'မရှိတော့ဘူးလေ၊ ပေါ်ဦး သေသွားတာ ကြာပြီပဲ'

**ဘို** – (ခေါင်းတဆတ်ဆတ် ညိမ့်လျက်) 'စဉ်းစားပါဦးဘုရား။ အခုပဲ အရှင်ဘုရားရဲ့ နှုတ်ကနေ 'ပေါ်ဦး' 'ပေါ်ဦး' နဲ့ ပြောနေတာ ပေါ်ဦးဆိုတဲ့နာမည် ခုထိရှိနေသေးလို့ပေါ့၊ မဟုတ်ဘူးလားဘုရား'

**ပျော်ဘွယ်** – 'ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ အဲဒီ ပေါ်ဦးဆိုတာက ပညတ်. . .' (စကားရပ်သွားပြီး အဖြေတွေ့သွားသည့် ဟန်ဖြင့်)

'ဟား. . . ဟုတ်ပြီ အဲဒီ ပေါ်ဦးဆိုတဲ့ ပညတ်က ခုထိ ရှိနေတာပဲ'

**ဘို** – 'အရှင်ဘုရား သဘောပေါက်သွားပြီ၊ ဟုတ်ပြီ ပေါ်ဦးဆိုတဲ့ ပညတ်က ခုထိ ရှိနေပြီး သူ့ရဲ့ နာမ်ရုပ်က မရှိတော့ဘူးဆိုတော့ ပညတ်နဲ့ ပရမတ် ဘယ်သူ ဖောက်ပြန်သွားတယ်လို့ ဆိုမှာလဲ ဘုရား'

**ပျော်ဘွယ်** – 'ဟား။ ကောင်းလိုက်တဲ့ ဆရာတော်ကြီးရဲ့တရား။ ပရမတ်က ဖောက်ပြန်တယ်ဆိုတာ တပည့်တော် အခု သဘောပေါက်သွားပြီဘုရား'

**ဘို** – 'ဆရာတော်ကြီးက သေချာအောင် ထပ်မေးပြတာလေး ဦးပဥ္စင်းကို မေးကြည့်ရမလား ဘုရား'

**ပျော်ဘွယ်** – 'အင်း. . . မေးကြည့်လေ'

**ဘို** – 'ဆရာတော်ကြီးက ပေါ်ဦးဆိုတာကမှ သိပ်မကြာသေးဘူး၊ နီးနေသေးတယ်။ သုမေဓါတို့၊ ဒီပင်္ကရာတို့ဆိုတာ ကြားဖူးသလားတဲ့'

**ပျော်ဘွယ်** – 'ကြားဖူးတာပေါ့'

**ဘို** – 'သူတို့ရဲ့ ပရမတ်အစစ်ဖြစ်တဲ့ ရုပ်ဓာတ်တော်တွေ၊ နာမ်ဓာတ်တော်တွေ ရှိသေးလားဘုရား'

**ပျော်ဘွယ်** – 'ဘယ်ရှိတော့မှာလဲ'

**ဘို** – 'သုမေဓါ၊ ဒီပင်္ကရာဆိုတဲ့ အမည်ပညတ်တွေကော ရှိသေးလား'

**ပျော်ဘွယ်** – 'ရှိတာပေါ့'

**ဘို** – 'မှန်ပါတယ်ဘုရား၊ သုမေဓါ၊ ဒီပင်္ကရာဆိုတဲ့ အမည်တွေ ဘယ်လောက်တောင် ကြာသွားပြီးလဲ၊ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကြာသွားပြီ၊ ပညတ်က ခိုင်နေတယ်နော်၊ ပညတ်က မဖောက်ပြန်ဘူးနော်၊ ဘယ်ဟာ ဖောက်ပြန်ပါသလဲဘုရား'

**ပျော်ဘွယ်** – 'ပရမတ်က ဖောက်ပြန်တာပေါ့ဘုရား'

**ဘို** – 'အရှင်ဘုရား မျက်စေ့မလည်တော့တာ သေချာအောင် ထပ်ပြီး ဆရာတော်ကြီး မေးသလို မေးကြည့်မယ် စဉ်းစားပြီး ဖြေပါဘုရား'

**ပျော်ဘွယ်** – 'ကောင်းပြီ ဒီတစ်ခါတော့ မမှားစေရဘူး၊ မေးပါ'

**ဘို** – 'လူတစ်ယောက်က ရွှံ့နဲ့ အရုပ်ကလေးတွေ လုပ်နေတာဘုရား၊ နွားရုပ်ကလေး လုပ်တော့ နွားဖြစ်သွားတယ်။ 'နွား' ကနေ 'ကျွဲ' ရုပ် လုပ်လိုက်တော့ ကျွဲဖြစ်ပြန်ပြီ။ နွား ရှိသေးလား။ ကျွဲကနေ 'ဆင်' ရုပ်လုပ်တော့ ဆင်ဖြစ်သွားပြီ။ ကျွဲ ရှိသေးလား။ ဆင်ကနေ

'ကျား' လုပ်လိုက်တော့ ကျားဖြစ်သွားပြန်ပြီ။ ဆင် ရှိသေးလား။ ဆင် မရှိတော့ဘူး။ အဲဒါ ဘယ်သူ ဖောက်ပြန်တာလဲ'။

**ပျော်ဘွယ်** – (အသေအချာ စဉ်းစားပြီးဖြေ) 'နွားကနေ ကျွဲ၊ ကျွဲကနေ ဆင်၊ ဆင်ကနေ ကျားဆိုတော့ . . ပညတ်တွေ ပြောင်းပြောင်းသွားလို့ ပညတ်ဖောက်ပြန်တာပေါ့'

**ဘို** – 'အရှင်ဘုရား အသေအချာ စဉ်းစားမှ မှားပြန်ပြီ ဘုရား။ ဒီလို မှားဦးမယ်ဆိုတာ လည်း ဆရာတော်ကြီးက သိပြီးသားဖြစ်ပါတယ်။ အရှင်ဘုရားတို့ တပည့်တော်တို့ ဆိုတာက အရိယာကြီးတွေ ပြောပြဟောပြမှ သိရတဲ့လူတွေ မဟုတ်ပါလားဘုရား။ ပြော သလောက်ပဲ သိတော့မပေါ့။ မပြောထားတာ ဆိုရင် မှားဦးမှာပေါ့ဘုရား'

**ပျော်ဘွယ်** – 'ဒါဖြင့် ရှင်းစမ်းပါဦးဘုရား'

**ဘို** – 'နွားရုပ်ကနေ ကျွဲရုပ်လုပ်ရာမှာ ပရမတ်သားရွှံ့က ပြောင်းသွားတာပါဘုရား။ ပညတ်ဖြစ်တဲ့ နွားအမည်ကတော့ ခုနက ပေါ်ဦး အမည်ပျောက်မသွားသလို မပျောက်ပါဘူး ဘုရား။ ကျွဲကို ဆင်လုပ်တော့လည်း ပရမတ်သား ရွှံ့က ပြောင်းသွားတာ ကျွဲဆိုတဲ့ အမည် ပညတ် ပျောက်မသွားပါဘူး။ ဓာတ်သား ပရမတ်သား ရွှံ့ကသာ ပြောင်းသွားတာ။ ဆင် ဖြစ်သွားတဲ့အခါ ရွှံ့က နွားနဲ့ တူသေးလား။ နွားနဲ့ ကျွဲကော တူသေးသလား၊ မတူဘူး။ ဒါဆိုရင် ဘယ်သူ ဖောက်ပြန်တာလဲဘုရား။'

**ပျော်ဘွယ်** – 'ပညတ်ဖောက်ပြန်တာပေါ့' ဟု ဖြေပြီးမှ မှားများမှားသွားပြီလားဟု ငိုင်နေရာ ဦးပဥ္စင်းဘိုဘိုက ဖြတ်ပြောလိုက်၏။

**ဘို** – 'မှားတုန်းပါပဲဘုရား၊ ပညတ်က ပေါ်ဦးဆိုတဲ့ နာမည်လို သူ့နေရာ သူ ရှိနေတာပါ။ ပရမတ်ဖြစ်တဲ့ ရွှံ့ကို ကျားရုပ်၊ လောက်စာလုံး၊ လေးထောင့်၊ အိုး၊ အနီ၊ အဖြူ ဆေးသုတ်၊ ပရမတ်ဖောက်ပြန်တဲ့ သဘောမို့ ဘာလုပ်လုပ် ဖြစ်တယ်တဲ့ဘုရား။ ပညတ်ကတော့ ဘာလုပ်လုပ် မရဘူးဘုရား၊ ပေါ်ဦးဟာ ပေါ်ဦးပဲ၊ ကျွဲဖြစ်မှာ မဟုတ်ဘူး၊ ပေါ်ဦးဆိုတဲ့ ပညတ်ကို စက်နဲ့ကြိတ်၊ မီးရှို့၊ မြေမြှုပ်၊ ရေမျှော ဘာမှမဖြစ်ဘူး၊ ပညတ်ကို ဖျက်ဆီးလို့ မရဘူး။ ကိုယ် လုပ်ချင်သလို လုပ်လို့ မရဘူးတဲ့ ဘုရား။ သဘောကျပြီလား ဘုရား'

**ပျော်ဘွယ်** – 'သဘောကျပါပြီဘုရား၊ ဆက်ပါဦးဘုရား'

**ဘို** – 'ဆက်ဆိုရင်တော့၊ မေးရဦးမှာပဲ ဘုရား၊ ဆရာတော်ကြီး ဆက်မေးတဲ့ မေးခွန်းပဲ ဆက်မေးရမှာပါပဲ'

**ပျော်ဘွယ်** – 'မေးသာမေးပါဘုရား၊ ဖြေရမှာတော့ ကြောက်နေပြီ'

**ဘို** – 'ဆရာတော်ကြီးက မေးတယ်၊ ပညတ်ဆိုတာ (ပြုပြင်လို့ရတဲ့) သခ်ၤတလား (ပြုပြင်လို့ မရတဲ့) အသခ်ၤတလား မေးပါတယ်ဘုရား။'

**ပျော်ဘွယ်** – (မရဲတရဲဖြင့်) 'သခ်ၤတပေါ့ဘုရား။ မှားပြန်ပြီလား။'

**ဘို** – 'မှားပြန်ပါပြီဘုရား' 'ပေါ်ဦးတို့ ဒီပင်္ကရာတို့ ဥပမာတွေကို လက်မလွှတ်နဲ့ဘုရား။ ပညတ်ခိုင်ခဲ့ပုံ မြမြိုပုံကြွားတိုင်းသူတို့ ပါနေမှာဘုရား။ ပညတ်မဖောက်ပြန်ပုံပေါ့။ နောက် မေးခွန်းက ဟိုးအစက မေးဖူးတဲ့ မေးခွန်းပါ တပည့်တော်ကို မြင်ရတာ ပညတ်မြင်ရတာလား ပရမတ်မြင်ရတာလား ဘုရား။'

**ပျော်ဘွယ်** – (ဒီတစ်ခါ အပိုင်ဟူသော အမူအယာဖြင့်) 'ပညတ်မြင်ရတာပေါ့။'

**ဘို** – 'မှားတုန်းပါဘုရား။ ဆရာတော်ကြီးက 'ပေါ်ဦး' ဆိုတဲ့ ပညတ်ကို ကြည့်ကြည့်ပါ၊ မြင်ရလားဘုရား'

**ပျော်ဘွယ်** – 'မမြင်ရပါဘူးဘုရား'

**ဘို** – 'သုမေဓါ၊ ဒီပင်္ကရာဆိုတဲ့ ပညတ်တွေကိုလည်း မမြင်ရဘူးနော်။ ဘာဖြစ်လို့ မမြင်ရတာလဲမေးရင်ကော၊ မရှိလို့ပေါ့။ ပညတ်ဆိုတာ မရှိဘူး၊ မရှိလို့ မမြင်ဘူး။ ဟုတ်ပြီလား ဘုရား'

**ပျော်ဘွယ်** – (သိပ်မကျေလည်သော မျက်နှာပေးဖြင့်) 'ဟုတ်တော့ ဟုတ်ပါရဲ့. . .'

**ဘို** – ဦးပဋ္ဌင်းဘိုဘိုက ဖြတ်ပြောသည်။ 'ပြီးတော့ ထပ်ရှင်းတာပေါ့၊ အခု ဆက်မေး ဦးမယ်။ ရှေးတုန်းက စာတချို့မှာ ရေးထားတာ ရှိတယ်တဲ့။ ပရမတ်ဆိုသည်မှာ အလွန် နူးညံ့သိမ်မွေ့သည့်အဖြစ်ကြောင့် မျက်စေ့ဖြင့် မမြင်စကောင်း၊ လက်ဖြင့် စမ်းသပ်လို့ မတွေ့စကောင်းတဲ့ အဲဒါ လက်ခံသလားဘုရား။'

**ပျော်ဘွယ်** – 'ကျမ်းဂန်နဲ့ဆိုရင်တော့ လက်ခံရမှာပေါ့'

**ဘိုဘို** – 'လက်ခံရင် မှားမယ်တဲ့ ဆရာတော်ကြီးက။ တကယ်မရှိတာက ပညတ်မို့ ပညတ်ကို မျက်စေ့နဲ့ မမြင်ကောင်း၊ လက်နဲ့ စမ်းသပ်ဖို့ မတွေ့ကောင်းတဲ့။

အဲဒါကြောင့် 'မရှိ ပညတ်၊ ရှိ ပရမတ်' လို့ ရှေးဆရာတော်ကြီးတွေ မိန့်တော်မူခဲ့တယ်တဲ့။ ပရမတ်က အရှိတရားမို့ လက်နဲ့ကိုင်တွယ်လို့ ရတယ်တဲ့။ ပေါ်ဦးဆိုတဲ့ ပညတ်ကို လက်နဲ့ ကိုင်စမ်းလို့ ရရဲ့လား၊ မျက်စေ့နဲ့ကော မြင်နိုင်လားတဲ့။ သေဆုံးသွားတဲ့ အဘိုးအဘွားတွေရဲ့ နာမည်တွေ ကျန်ခဲ့တာပဲ။ လက်နဲ့ ကိုင်တွယ်စမ်းသပ်လို့ ရနိုင်လားတဲ့။

ကျမ်းဂန်မှာ 'ဝိနာသ ဘာဝတော။ အတီတာ ဒိကာလ ဝသေန နဝတ္တဗ္ဗာ။ နိဗ္ဗာန ပညတ္တိစ ကာလဝိမုတ္တ နာမ' တဲ့။ နိဗ္ဗာန်နဲ့ ပညတ်ဟာ ဖောက်ပြန်ပျက်စီးခြင်း မရှိသောကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပာန်ဆိုတဲ့ ကာလသုံးပါးက လွတ်မြောက်နေတယ်တဲ့။

ဝိပဿနာတရား အားထုတ်တယ်ဆိုတာ ပရမတ်ရုပ်နာမ်ကို ထင်မြင်အောင် ကြိုးစား ရတာ။ ပရမတ်ကို ထင်မြင်သွားရင် အကျိုးရှိတယ်တဲ့။ အပါယ်မကျနိုင်တော့ဘူးတဲ့။ သက်ရှိမှန်သမျှ ရုပ်နာမ်ပဲ။ အားလုံး မှည့်ခေါ်ထားတဲ့ အမည်တွေဟာ ပညတ်တွေချည်းပဲ။ အဲဒီ ပညတ်တွေကို စွဲယူထားရင် ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိပဲတဲ့။ ပရမတ်ကို ယူထားသူမှ သမ္မာဒိဋ္ဌိ ဖြစ်မယ်တဲ့။'

**ပျော်ဘွယ်** – 'အလွန်ကောင်းပါတယ်ဘုရား။ ဒါပေမဲ့ ဘဝင်မကျတာလေးတော့ ပြန်မေးပါရစေဦး။ စောစောက တပည့်တော်က ပညတ်ကို ဖောက်ပြန်တယ် မနိုင်မြဲဘူး ပြောတော့၊ မဖောက်ပြန်ဘူး နိုင်မြဲတယ်တဲ့၊ ပေါ်ဦးက ခုထိရှိသေးတယ်ဆိုလိုတယ်။ ခုတော့ တစ်ခါ ပညတ်က တကယ်မရှိတာလို့ ဆိုပြန်တယ်။ တကယ်မရှိတဲ့ ပညတ်ကို မဖောက်ပြန်ဘူး၊ နိုင်ခံ့တယ်လို့ ဆိုလိုတာလားဘုရား။'

**ဘိုး** – 'တပည့်တော်လည်း ဦးပဍ္ဍင်းလို မျက်စေ့လည်ဖူးပါတယ်၊ တကယ်တော့ အရှင်ဘုရားမေးတဲ့အထဲမှာ အဖြေရှိပြီးသား ဖြစ်ပါတယ်ဘုရား။ ပညတ်ဆိုတာ မရှိတရားမို့ အစကတည်းက ဖောက်ပြန်စရာကို မရှိခဲ့တာပါဘုရား။ မရှိတရားမို့ ကာလသုံးပါးကလည်း လွတ်နေပါတယ်ဘုရား။'

ဦးပဍ္ဍင်းဦးပျော်ဘွယ်ကို အတွေးတွေ တစ်ပုံကြီးနှင့် ထားခဲ့ပြီး ဦးပဍ္ဍင်းဘိုဘိုက သူ တည်းခိုရာကျောင်းဆီသို့ အားရ ကျေနပ်သော ခြေလှမ်းများနှင့် ပြန်လာခဲ့တော့၏။

## အခန်း ၆၆

# ပတ္တပိုဏ်မှခွက်တပိုဏ်သို့
# ပက်လက်ကုလားထိုင်မှမှောက်လျက်ခုတင်သို့

ရဟန်းဖြစ်စေ လူဖြစ်စေ အနေချောင်လျှင် ချောင်သလိုနေလေ့ရှိ၏။ ဦးပဥ္စင်းဘိုဘိုသည် တခြားကျောင်းတွင် ပျော်သည်ဆိုပေမယ့် အနိုက်အတန့်သာ ဖြစ်သည်။ သူ၏ မူလ ရည်ရွယ်ချက်ကိုမူ စွန့်လွှတ်သည်အထိ မမိုက်မဲ။ သူ သွားရောက် လည်ပတ်သော ကျောင်းများတွင် ကျောင်းထိုင်၊ တိုက်အုပ်ဆရာတော်ကြီးများကား သက်တော်ဝါတော် ကြီးလှပြီဖြစ်ကြ၍ တော်ရုံကိစ္စများတွင် ကြပ်ကြပ်မတ်မတ် ဝင်မပြောနိုင်တော့။ တချို့ ကိစ္စများတွင်ပင် မသိယောင်ဆောင်နေသည်လည်း ရှိ၏။ သို့ဖြင့် ကျောင်းနေ သံဃာများအနေဖြင့် စည်းကမ်းပိုင်းတွင် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းလျက်သာ နေကြရတော့၏။

ဆိုးဆိုးရွားရွား စည်းကမ်းပျက်သည်အထိတော့ မရှိကြသော်လည်း တချို့နေရာများမှာတော့ မိမိကိုယ်မိမိ မထိန်းသိမ်းနိုင်သူများမှာ လျော့ရဲလာသည်လည်း ရှိသည်။ ရှုတင်သောင်ရာတွင် ပက်လက်ကုလားထိုင်နှင့် ညတာကို ကုန်ဆုံးစေရာမှ တချို့ခုတင်နှင့် ကျိန်းစက်ကြ သည်လည်း ရှိလာ၏။ ပတ္တပိုဏ်ခေါ် သပိတ်အပြင် ခွက်အပိုမသုံးစွဲဘဲ ဘုဉ်းပေးရာမှ တစ်ဆင့်တက်၍ ဟင်းခွက်အပိုများ၊ ဆွမ်းခွက်အပိုများဖြင့် ဘုဉ်းပေးတတ် လာကြသည်။

ဦးပဥ္စင်းဘိုဘိုမှာ ကိုယ့်အကြောင်း ကိုယ်သိပြီးဖြစ်၍ ဘယ်ကျောင်းတွင်မှ ကြာကြာမနေရဲ စည်းကမ်းကြီးလှပါသည်ဆိုသော ဆရာတော် ဦးကောဝိဒ၏ ကျောက်ဆင်တောရသို့သာ ပြန်ပြေးဖြစ်၏။ သူက တွေ့သည့် သံဃာတိုင်းနှင့် ပညတ်ပရမတ်အကြောင်း ဆွေးနွေးဖြစ်သည်ဖြစ်ရာ ပညတ်ပရမတ်ကို ကောင်းစွာ ကျေညက်နေပြီ ဖြစ်၏။ သူသည် ၎င်းအောင်မြင်မှုကို ကျောက်ဆင်တောရအထိ သယ်ဆောင်သွားပြီးနောက် သူ၏ မိတ်ဆွေ သံဃာများအား သူ၏ ပညတ်ပရမတ် ထိုးစစ်ကို ဆင်နွှဲရန် စတင်တော့၏။

သို့သော် သူ့ကို အံ့အားသင့်စေသော အဖြစ်ကို ကြုံရတော့၏။ သူ့မိတ်ဆွေဦးပဥ္စင်း သုံးပါးစလုံးပင် သူ မေးသမျှကို ဦးပဥ္စင်း ဦးပျော်ဘွယ်ကဲ့သို့ မလွဲမှားဘဲ တည့်တည့်မတ်မတ် မှန်မှန်ကန်ကန် အစအဆုံး ဖြေကြားနိုင်ကြောင်းကို ပါးစပ်အဟောင်းသား ဖြစ်လျက် ကြုံတွေ့လိုက်ရ၏။ သူ တော်တော်လည်း အံ့သြဝမ်းသာစွာဖြင့် ချီးကျူး ဂုဏ်ယူမိ၏။

စင်စစ် ကျန်သုံးပါးသည် သူ့ထက် အကြားအမြင် ဗဟုသုတနှင့် အတွေ့အကြုံတို့ သာလွန်ကြပါပေသည်။

သို့ဖြင့် သူက တစ်ဆင့်တက်ပြီးနောက် သူ နားမလည်သေးသော အကြောင်းအရာများကို ဆွေးနွေးဖို့ ကြိုးစားတော့၏။ ဓမ္မစကားဝိုင်းလေးတစ်ခု ဖြစ်လာပြီး အချိန်ကတော့ ရှားပါးသည့်အထဲက ယူထားရခြင်းဖြစ်သည်။ ညနေ ဘုရားဝတ်မတက်မီ တစ်နာရီခန့်တွင် သူတို့ ဓမ္မစကားဝိုင်း၊ ဝိုင်းဖွဲ့ရင်းဖြင့် အခြားစိတ်ဝင်စားသူ သံဃာများပါ တိုးလာပြီး စည်ကားသည်ထက် စည်ကားလာ၏။

စကားဝိုင်းကို သွက်သွက်လက်လက်ဖြင့် ပုစ္ဆာတင်ပေးသူကား အခြားမဟုတ် ဦးပဥ္စင်းဘိုဘိုဖြစ်သည်။ သူ ပထမဆုံး တင်လာသည့် အကြောင်းအရာကား လောကတွင် သာသနာ့ဘောင်သို့ ဝင်ရောက်လာသော ယောကျ်ားတို့သည် လောကကို အရှုံးပေးလို၍လော၊ အနိုင်ယူလို၍လော၊ လိမ္မာပါးနပ်၍လော ရိုးအလွန်း၍ ဖြစ်သလော၊ အဘယ်ကြောင့် လူ့မှုအိမ်ရာ၌ လူဝတ်ကြောင်အဖြစ် မနေလိုကြသနည်း။ တစ်နည်းအားဖြင့် မပျော်ပိုက်ကြသနည်း။

ဝင်ရောက် ဆွေးနွေးသူများမှာလည်း အမြင်အမျိုးမျိုးနှင့် ဖြစ်ကြ၏။ ဦးပဥ္စင်းလေးပါးက နိုင်ငံခြားမှ မြန်မာနိုင်ငံပြန်လာပြီး မျှော်မှန်းချက်အသီးသီး ပြောပြီးသောအခါ အခြားကိုယ်တော်များကလည်း ရင်းရင်းနှီးနှီး သူတို့ဘဝများကို မချွင်းမချန် ပြောပြကြသည်မှာ တချို့ စိတ်ထိခိုက်ဖွယ်ရာများပင် ပါ၏။

ဦးပဥ္စင်းတစ်ပါးက လူ့ဘဝရှိစဉ် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားတစ်ယောက် သမီးတစ်ယောက် ရှိခဲ့၏။ ဘုရားပွဲများတွင် အညာစောင်များလိုက်ရောင်းရင်း အေးအေးလူလူ နေနိုင်ခဲ့၏။ တစ်နှစ် ပခုက္ကူဘုရားပွဲတွင် မိုးဖျက်၍ ဘုရားပွဲ မစည်ကားဘဲ စောင်များက အရောင်းထိုင်းနေ၏။ ထိုအချိန်တွင်ပင် စောင်များကို အပြတ်ယူမည့်သူ ပေါ်လာရာ ကျေးဇူးရှင်ဟုပင် ထင်မိ၏။ စရံတချို့ပေးချေပြီး စောင်အားလုံး ဝယ်ယူသွားပြီးနောက် ထိုကျေးဇူးရှင် ပေါ်မလာတော့။ ဘုရားပွဲလည်းပြီးသော် တည်းခိုခန်း ထိုမှတစ်ဆင့် ဘုန်းကြီးကျောင်း ပြောင်းတည်းရင်း ရစရာရှိသောငွေများကို ထိုသူ၏ အိမ်သို့ အခေါက်ခေါက်အခါခါ သွားတောင်းသော်လည်း ရက်ရှည်ကြာသွားပြီး စရိတ်ကုန်လှ အချိန်ထိ ထိုသူ သူ့အိမ်ကို ပြန်မလာသောကြောင့် ခေါင်းငိုက်စိုက်ချ၍ လက်ဗလာဖြင့် အိမ်ပြန်လာရတော့၏။ ဇနီးဖြစ်သူက မယုံ ထိုကြားထဲ မရိုးဖြစ်သူက တိုက်ပေးသဖြင့် လင်မယားကွဲတော့၏။ ကလေးနှစ်ယောက်ကိုလည်း ခေါ်သွားရာ သူ့အခြေအနေမှာ ဆွေမျိုးမကောင်းသော ရွာဘုန်းကြီးထံမှာသာ ကပ်ရပ်နေရတော့၏။ လူတွေကိုလည်း စိတ်ကုန်လာသည်။ သားစိတ် မယားစိတ်တွေလည်း ကုန်ခမ်းသွားပြီး၊ ရဟန်းတော်များ၏ အေးချမ်းမှုကို အားကျလာကာ သာသနာ့ဘောင်သို့ ဝင်ရောက်ရာမှ မထွက်ဖြစ်တော့ဘဲ ပျော်ပိုက်သွားတော့၏။

နောက်တစ်ပါးကမူ အရက်နှင့် မူးယစ်ဆေးဝါးစွဲရာမှ တရားဓမ္မဖြင့် ဖြတ်ရန် ကြိုးစားရင်း သာသနာ့ဘောင် ဝင်လာသူဖြစ်သည်။ ရဟန်းဝတ်လိုက် လူထွက်ပြီး ပြန်သောက်လိုက်နှင့် ဝတ်လိုက်သောက်လိုက် မကြာခဏ လုပ်နေ၍ သူ့ကို ဝတ်သောက် ကိုယ်တော် (Without) ဟူ၍ ခေါ်ကြ၏။ သို့သော် ယခု အခေါက်တွင်မူ သုံးဝါပင်ရနေပြီ ဖြစ်ပြီး လူပြန်မထွက်ဘဲ ရာသက်ပန်ဝတ်၍ ကြိုးစားအားထုတ်မည်ဟု ဆုံးဖြတ်ချက်ချ၏။ သို့သော် အသည်းတွင်

စီပိုးတွေ့ပြီး အသည်းရောဂါ တဖြည်းဖြည်းဆိုးလာသောကြောင့် ဆရာဝန်ကလည်း လက်လျှော့လိုက်ရာ နေ့ညသေမည့်အချိန်ကို တရားအားထုတ်ရင်း စောင့်နေသူ ဖြစ်သည်။

နောက်တစ်ပါးမှာလည်း သနားစရာကောင်းလှ၏။ ရေဝတီတိုင်းမှ မူလတန်းပြ ဆရာ ဖြစ်သည်။ ကလေးနှစ်ယောက်ရှိသည်။ တစ်ယောက်က ၅ နှစ်၊ တစ်ယောက်က ၇ နှစ် အရွယ်၊ တစ်နေ့ မြစ်ဆိပ်မှာ သားအမိသုံးယောက် ရေသွားချိုးရင်း ကလေးနှစ်ဦးစလုံး ဆော့ကစားလျက် ရေထဲ မျောပါပြီး ဆုံးပါးသွားသည်။ မအေဖြစ်သူမှာ သားသမီးစိတ်ဖြင့် အိပ်ရာထဲ ဗုန်းဗုန်းလဲရှာတော့၏။ ထိုမှတစ်ဆင့် ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်ပြန်၏။ ကျောင်းဆရာလည်း ပရိဒေဝမီးတောက်လောင်လျက် မိတ်ဆွေ (သူငယ်ချင်းဘဝမှ သာသနာ့ ဘောင် ဝင်ရောက်သူ) ဘုန်းကြီးကျောင်းမှာ သွားနေထိုင်ရင်း စိတ်ဖြေဖျောက်ရန် နည်းလမ်း ရှာနေ၏။ အသိမိတ်ဆွေများက သူ့အပေါ် သနားကရုဏာသက်ပြီး ရွာလူကြီး သမီးအပျို ချောလေးနှင့် အောင်သွယ်ပေးသော်လည်း သူ စိတ်မပါတော့။ ပရိဒေဝမီး နောက်ထပ် ပျိုးရန်လည်း သူ ကြောက်သွားချေပြီ။ သို့ဖြင့် သူ့မိတ်ဆွေ ဘုန်းကြီး၏ တိုက်တွန်းမှုဖြင့်ပင် သာသနာ့ဘောင် ဝင်ရောက်ခဲ့တော့၏။ သို့သော် ရွာလူကြီး သမီးပျိုက စိတ်မလျှော့ဘဲ သူ့ထံ မကြာခဏ လာနေ၍ မဖြစ်ချေဘူးဟု သဘောပိုက်ပြီးလျှင် အညာဒေသမှ နာမည်ကျော် ကျောက်ဆင်တောရကျောင်းကို မေးမြန်း စုံစမ်းရင်း ရောက်လာခြင်း ဖြစ်သည်။

ရဟန်းသံဃာအများစုမှာ မြို့ပေါ်နေ လူတန်းစားများ နည်းပါးပြီး၊ တောနေ လူတန်းစားများသာ အရေအတွက်အားဖြင့် ပိုများပြား၏။ သီလသမာဓိ ပြည့်စုံသည့် နာမည်ကျော် ဆရာတော်ကြီးများသည်လည်း ကျေးရွာများမှ ပေါ်ထွန်းလာခြင်းဖြစ်ရာ သာသနာ့ ဘောင်သည် တောရွာများနှင့် ပို၍ နီးစပ်သည်ဟု အောက်မေ့ရ၏။ မြို့ပေါ်နေ လူများမှာ ကံမကောင်း အကြောင်းမလှစွာ သာသနာ့ဘောင်နှင့် ဝေးသူများဖြစ်ကာ ခေတ္တ ဒုလ္လဘာ ဝတ်ခြင်းလောက်သာ များ၏။

သာသနာ့ဘောင်သို့ ဝင်ရောက်ကြရာတွင် သံဝေဂတရားဖြင့် မဟုတ်ဘဲ တရားနာခြင်း၊ တရားလေ့လာ လိုက်စားခြင်းဖြင့် အထုံဝါသနာကြီးမားလာပြီးလျှင် မိသားစုကို ပြည့်စုံ ကုံလုံအောင် ထားပေးပြီးနောက် ခွင့်တောင်း၍ ဝင်ရောက်လာသူများလည်း ရှိကြ၏။ မည်သို့ဆိုစေ ဦးပဥ္စင်းဘိုဘို၏ မေးခွန်းများကို ပြန်ကောက်ရလျှင် သာသနာ့ဘောင်သို့ ဝင်ရောက်လာသော ယောကျ်ားသားများတို့သည် ရိုးအ၍ ဝင်လာခြင်း မဟုတ်၊ လောကီ လူ့ဘုံတွင် စီးပွားရှာဖွေနိုင်စွမ်း မရှိ၍လည်း မဟုတ်ဘဲ သူများတကာထက် လိမ္မာပါးနပ်၍သာ သာသနာ့ဘောင် ဝင်ရောက်ကြခြင်း ဖြစ်ကြောင်း ဆွေးနွေး အဖြေထုတ် ဖြစ်ကြ၏။ လိမ္မာ ပါးနပ်ခြင်း ဆိုသည်မှာ အဘယ်နည်း၊ လူတကာထက် ခေါင်းတစ်လုံး ပို၍သာအောင် ပညာရှာနိုင်ခြင်း၊ ဉစ္စာရှာနိုင်ခြင်း၊ အာဏာ သို့မဟုတ် ရာထူးရှာနိုင်ခြင်းကို ဆိုလိုသည် ဖြစ်ရာ အမြတ်တကာ့ အမြတ်ဆုံးသော ဗုဒ္ဓတရားတော်နှင့် မြတ်နိဗ္ဗာန်ကို ရည်စူး ရှာဖွေလို သူများမှာ သာမန် ပါးနပ်ခြင်းမျိုးပင် မဟုတ်ကြဘဲ သံသရာဝဋ်ဆင်းရဲမှ အလွတ် ရုန်းထွက် နိုင်လောက်အောင်ပင် ပါးနပ်သူများဟု ဆိုနိုင်ကြောင်း ဆွေးနွေး ဖြစ်ကြသည်။

တစ်ရက်မှာ ဦးပဉ္ဇင်းဘိုဘိုက တစ်ဆင့်တက်၍ အခေါင်အထွဋ်ဖြစ်သော နိဗ္ဗာန်အကြောင်းကို စကားစ၏။ စင်စစ် သူ သိချင်သည်က အဓိကဖြစ်၏။ သူ စိတ်ကူးထားသည်မှာ နိဗ္ဗာန်အကြောင်း စပြီးလျှင် နောက်တစ်ဆင့် နိဗ္ဗာန် သို့မဟုတ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တစ်ခဏအတွင်း ရစေသော မြတ်ဗုဒ္ဓ၏ စကားတစ်ခွန်း၊ တရားတစ်စွန်းဖြင့် နိဗ္ဗာန်ရသွားသူများနှင့် (ပါရမီကိုအသာထား၍) အချိန်တိုတိုအတွင်း ဉာဏ်အလင်းရသွားစေသော အဆုံးအမတို့ကို သိရန် စကားဝိုင်းတွင် တင်မည် စိတ်ကူးသည်။

သို့ဖြင့် နိဗ္ဗာန်အကြောင်းကို သံဃာအားလုံး စိတ်ဝင်တစား ပါဝင် ဆွေးနွေးကြရာ ဦးပဉ္ဇင်းဘိုဘိုပင် ဤမျှ ထင်မထားမိ၍ မှင်တက်မိနေ၏။ စတင် ဆွေးနွေးသူက ဦးသုန်ဖြစ်၍ နှိုင်းနှိုင်းဆဆဖြင့် နိဗ္ဗာန်အကြောင်းကို ဆွေးနွေးပါက အားလုံး သတိထားရမည့် အချက်ကို ပြောပြ၏။

**သုန်** – 'နိဗ္ဗာန်အကြောင်းကို တိတိကျကျ ရှင်းလင်း ပြောပြဖို့ဆိုတာ မဖြစ်နိုင်သလောက် ခဲယဉ်းတယ်။ ဒါနဲ့ ပတ်သက်ရင် ဆရာတော်ကြီးတွေက ရွှေငါးလေးနဲ့ လိပ်ကို ဥပမာ–ပေးကြတယ်။ လိပ်က ရေရော ကုန်းရော သွားလာနိုင်သူ ဖြစ်လို့ ရေထဲက အကြောင်းရော ကုန်းမြေရဲ့ အကြောင်းရော သိတယ်။ တစ်နေ့ ရွှေငါးလေးက လိပ်ကို 'ဘယ်က ပြန်လာတာလဲ'လို့ မေးတယ်။ လိပ်ကလေးက 'ကုန်းမြေပေါ်ကနေ ပြန်လာတာ' ဆိုတော့ 'ကုန်းမြေဆိုတာ ဘယ်လိုဟာမျိုးလဲ' မေးပြန်တယ်။ လိပ်က ကုန်းမြေအကြောင်းကို အမျိုးမျိုး ရှင်းပြပေမယ့် ရွှေငါးကလေးခမျာ နားမလည်နိုင်ဘူး။ သူက ကုန်းမြေဟာ ရေလိုပဲ အထဲထဲဝင်ပြီး ကူးခတ်သွားလို့ရတယ်ပဲ နားလည်တယ်။ တကယ်တော့ ရွှေငါးလေးက ကုန်းမြေဆိုတာ မကြားဖူး၊ မမြင်ဖူး၊ မရောက်ဖူးတော့ သူ နားလည်လာအောင် ပြောဖို့ စကား လိပ်ကလေးမှာ လုံးဝ မရှိဘူး။ နိဗ္ဗာန်လည်း ဒီအတိုင်းပဲ မဂ်ဉာဏ်ရဖူးတဲ့ ပုဂ္ဂိုလ်က မဂ်ဉာဏ်ရဲ့ ဆန့်ကျင်ဘက် ကိလေသာတောထဲမှာ နေတဲ့သူကို ရှင်းပြဖို့ ဘယ်ဘာသာစကားနဲ့မှ မဖြစ်နိုင်ဘူး။ အနီးစပ်ဆုံး ရိပ်ဖမ်းသံဖမ်းလောက် သိနိုင်အောင်၊ ဥပမာနဲ့ တစ်မျိုး၊ ဆန့်ကျင်ဘက် စကားလုံးနဲ့ တစ်ပုံ သွယ်ဝိုက်ပြီး ပုံဖော်ဖို့ပဲ ဖြစ်နိုင်တယ်။ ဥပမာ–ကုန်းမြေအကြောင်းကို ရွှေငါးလေး နားလည်အောင် ရွှေငါးလေး သိပြီးသား စကားတွေနဲ့ပဲ ရှင်းပြမယ်ဆိုရင် ကုန်းမြေဆိုတာ ရေထဲမှာလို ခွဲပြီးကူးခတ်သွားလို့ မရဘူး။ ကုန်းမြေဆိုတာ ရေထဲမှာလို အသက်ရှူလို့ မရဘူး။ ကုန်းမြေဟာ ရေလိုမပျော့ဘူး၊ သန္တာကျောက်တန်းလို မာကြောတယ်လို့ ပြောလို့ရမယ်'

**ဦးပဉ္ဇင်းဦးယိုး** – 'ဆရာဒေါက်တာမင်းတင်မွန် ပြန်ဆိုတဲ့ Buddhism in a Natshell ထဲမှာ 'နိဗ္ဗာန'ရဲ့ အဓိပ္ပာယ်က ပါဠိစကား 'နိ'နဲ့ 'ဝါန' ပေါင်းထားတာဖြစ်ပြီးတော့ 'နိ'ရဲ့ အဓိပ္ပာယ်က မရှိခြင်း၊ လွတ်မြောက်ခြင်းလို့ အဓိပ္ပာယ်ရပြီး 'ဝါန'က လိုချင်တပ်မက်ခြင်း တဏှာတဲ့။ 'နိဝါန' ဆိုတာ လိုချင်တပ်မက်မှု တဏှာမှ လွတ်မြောက်သွားခြင်း အဓိပ္ပာယ်ရပြီး 'နိဝါန'ကမှ 'နိဗ္ဗာန' ဖြစ်လာတာတဲ့။ လိုရင်းအိပ္ပာယ်က မတပ်မက်ခြင်း၊ မတွယ်တာခြင်းတဲ့'

**ဘို** – 'နိဗ္ဗာန်ဟာ နောင်ဘဝကျမှ ခံစားရတာမျိုးလား'

**ဂျာ** – (ဂျာမနီမှ လာသော ကိုထွန်းမြင့်ဝင်း တစ်ဖြစ်လဲ ဦးစန္ဒိမာ)က 'နိဗ္ဗာန်ဟာ နောင်ဘဝ တစ်ခုကျမှ ရယူနိုင်တယ်လို့ ကျမ်းဂန်မှာ မရှိပါဘူး။ လောကုတ္တရာတရားဖြစ်ပြီး ဒီဘဝမှာတင် ရယူနိုင်တယ်လို့ ဟောပါတယ်။

**ဘို** – 'ဒါထက် နိဗ္ဗာန်မှာ ဘာမှ မရှိဘူးဆိုတာ ဟုတ်လား ဘုရား'

**သုန်** – 'မဟုတ်ပါဘူး၊ နိဗ္ဗာန်မှာ ဘာမှ မရှိဘူးဆိုသူဟာ ဘာနဲ့ တူသလဲဆိုတော့ မျက်စိ အလင်းမရသူ တစ်ယောက်က အလင်းရောင်ကို မမြင်ဖူးတဲ့အတွက် အလင်းရောင် ဆိုတာ မရှိဘူးလို့ ပြောရင် မမှန်ကန်သလို ဖြစ်နေပါတယ်'

**ဘို** – 'ဒါဆိုရင် နိဗ္ဗာန်မှာ ဘာရှိသလဲ ဘုရား'

**သုန်** – 'နိဗ္ဗာန်မှာ ဘာရှိလဲလို့ မေးလာခဲ့ရင် တောင်ပုလုဆရာတော်ကြီး ဟောကြား တော်မူသလို အာယတန ၁၂ ပါးမှာ ခန္ဓာထိုက်တဲ့ ၁၁ ပါးက မရှိတော့ဘူး။ ခန္ဓာမထိုက်တဲ့ 'ဓမ္မာယတန' ဆိုတာ ကျန်ရစ်တယ်။ သစ္စာလေးပါးရှိတဲ့အနက်က ခန္ဓာထိုက်တဲ့ ဒုက္ခ သစ္စာ၊ သမုဒယသစ္စာနဲ့ မဂ္ဂသစ္စာက မရှိတော့ဘူး။ ခန္ဓာမထိုက်တဲ့ 'နိရောသစ္စာ' ကျန်ရစ် တယ်။ ဒီတော့ နိဗ္ဗာန် (အနုပါဒိသေသ နိဗ္ဗာန်) မှာ ဓမ္မာယတန၊ ဓမ္မဓာတ်နဲ့ နိရော သစ္စာ ရှိတယ်။ ဒါတွေဟာ သဘာဝ ဓမ္မစစ်စစ်မို့ အညစ်အကြေးကင်းစင်သွားပြီး သဘာဝ ဓမ္မအစစ် ပရမတ်ဆိုက်သွားတာပဲ။ ဖျက်ဆီးလို့မရ။ ဖြစ်လည်း မဖြစ်တော့ဘူး။ ပျက်လည်း မပျက်တော့ဘဲ ဖြစ်ခြင်းပျက်ခြင်းကင်းတဲ့ သဘာဝဓမ္မ တရားစစ်ဖြစ်တဲ့ အတွက် အမြဲ တည်သွားတော့တာပါပဲ'

**ဦးဇောတိက** – 'အရှင်သာရိပုတ္တရာ ဟောဖူးတယ်၊ 'တဏှာလောဘ ကုန်ဆုံးရာ အမျက်ဒေါသ ကုန်ဆုံးရာ တွေဝေမိုက်မဲမှု မောဟကုန်ဆုံးရာဟာ နိဗ္ဗာန်ပဲတဲ့'

**ဘို** – 'အနတ္တတရားအရ အတ္တဆိုတာ မရှိရင် နိဗ္ဗာန်ကို ဘယ်သူက မျက်မှောက်ပြုပါ သလဲ ဘုရား၊ တပည့်တော် အဲဒီအချက်ကို မရှင်းဘူး ဘုရား။ (ဦးပဠွင်းဘိုဘိုက အလွန် စိတ်အား ထက်သန်စွာ မေးသည်။)

**ဇော** – 'မှန်တယ်၊ ဒါက တရားအတွေ့အကြုံများတဲ့ သူတွေပဲ အားထုတ်မှု အတွေ့အကြုံအရ သိနိုင်တယ်။ ဘယ်သူ ကြဲစည်သလဲဆိုရင် ကြဲစည်စိတ်က ကြဲစည်ပြီး ပျက်သွားတာပဲ။ နောက်ကွယ်မှာ ကြဲစည်တာ ငါပဲလို့ ပြနိုင်တာ မရှိပါဘူး။ ဝမ်းနည်းစိတ် ပေါ်လာရင် ဘယ်သူ ဝမ်းနည်းတာလဲဆိုတော့ ဝမ်းနည်းစိတ်က ဝမ်းနည်းပြီး ပျက်သွားတာ ဖြစ်ပါတယ်။ ဝမ်းနည်းစိတ်သာရှိတယ်၊ ဝမ်းနည်းသူ မရှိပါဘူး။ ဒုက္ခသာ ရှိပါတယ်။ ဒုက္ခကို ခံစားသူ မရှိပါဘူး။ အဲဒီနည်းအတိုင်းပဲ နိဗ္ဗာန်ကို ပညာကသာ မျက်မှောက်ပြုသွားတာ ဖြစ်ပါတယ်'

**ဘို** – 'နိဗ္ဗာန်သို့ စံဝင်သည်တို့ နိဗ္ဗာန်ရွှေပြည်တို့ ဆိုတာကော ဘုရား'

**ဂျာ** – 'မူရင်းပါဠိတော်မှာ မတွေ့ပါဘူး၊ တင်စားပြီး ခေါ်ရင်း ဖြစ်လာတာပါ'

**ဘို** – 'နိဗ္ဗာန်မှာ ခန္ဓာအသစ်က ဘာလို့ မဖြစ်တော့တာလဲ ဘုရား'

**ဇော** – 'မီးစာကုန်သွားတဲ့ သဘော တဏှာသမုဒယ ချုပ်ငြိမ်းသွားလို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးမှာ ဘယ်အကြောင်းကမှ မပြုပြင်နိုင်တော့လို့ ရုပ်နာမ်အသစ် မဖြစ်တော့တာပါပဲ' ရုပ်နာမ်အသစ် မဖြစ်တော့ အိုနာသေတရားတွေလည်း ချုပ်ငြိမ်းတာပေါ့။ နောက်ပြီး နိဗ္ဗာန်ဟာ ပရမတ်တရားဖြစ်တဲ့အတွက် အရှိတရားဖြစ်တယ်။ ဘာမှမရှိတဲ့ တရားဆိုရင် မှားတယ်။ (ထိုအခိုက်မှာပင် ဘုရားဝတ်တက်ရန် သံချောင်းခေါက်သောကြောင့် အားလုံး စကားဖြတ်ပြီး ဓမ္မာရုံဘက်သို့ ကြွကြရ၏။)

## အခန်း (၆၇)

# နိဗ္ဗာန်သို့အမြန်ရောက်လိုသူများ စကားဝိုင်း

ဦးပဥ္ဇင်းဘိုဘိုသည် ဤစကားဝိုင်းကို မည်သည့်အခါမျှ မလွတ်မခံ။ ဤ စကားဝိုင်းမှပင် သူသိလိုတာ မှန်သမျှ ပြည့်ပြည့်ဝဝ သိလာရသည်။ ပြဿနာပုစ္ဆာကို တင်သူမှာလည်း သူ အများဆုံးဖြစ်၏။

ယနေ့စကားဝိုင်းမှာ ဦးပဥ္ဇင်းဘိုဘို တင်လာသည့် မေးခွန်းက 'လူ့ဘဝသည် တိုတောင်း လှသောကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို သာမန်ထက်ပို၍ မြန်မြန် ရောက်နိုင်မည့် ဟောကြား ချက်များ ဖြစ်ရပ်သာဓကများ မရှိဘူးလား' ဟူသော မေးခွန်းဖြစ်၏။

ဖတ်ရှုသူများ မရှုပ်ထွေးစေရန်အတွက် တစ်ယောက်တစ်ခွန်း မိန့်ကြားချက်များကို စုစည်း တင်ပြလိုက်ပါသည်။

ဤစကားဝိုင်းမှာ အဓိကအနေဖြင့် ဗုဒ္ဓ၏ တိုတိုတောင်းတောင်း ဟောကြားသော တရား တစ်ခွန်း၊ စကားတစ်ခွန်းများကို စိတ်ဝင်တစား ဆွေးနွေးကြသည်။

အဓိက အမြန်ဆုံးနှင့် အမှန်ကန်ဆုံး ထိထိရောက်ရောက် မဂ်ပေါက်ဖိုလ်ပေါက် မြန်မြန်ရောက်ဖို့အတွက် အရေးအကြီးဆုံး အဖြေထွက်လာသည်က နံပါတ်တစ် ဆရာကောင်း၊ ဆရာမြတ်နှင့် တွေ့ဖို့ပင် ဖြစ်သည်။

ယထာဘူတံ- ဟုတ်မှန်ရာကို၊ ဝါ-ဟုတ်မှန်သည့်အတိုင်း၊ ဉာဏာယ-ဇာနနတ္ထာယ၊ သိခြင်းအကျိုးငှာ၊ သတ္ထာ-ဆရာကို၊ ပရိယေသိတဗ္ဗော-ရှာမှီးအပ်သည်။ ဝါ-ရှာမှီး၍ ဆည်းကပ်ရ၏။

ဆရာကို အကြောင်းပြုပြီးမှ ပညတ်ပရမတ် သင်ကြားနိုင်သည်။ ရုပ်နာမ်ခန္ဓာဓာတ် သစ္စာနှင့် သင်္ခါရဒိဋ္ဌိတို့ကို သင်ယူနှလုံးသွင်းနိုင်ခြင်းဖြင့် သက္ကာယဒိဋ္ဌိကွာပြီး အတ္တစွဲ ပျောက်၍ သောတာပန်ဘဝကို လျင်လျင်မြန်မြန် ရောက်နိုင်သည်။

နိဗ္ဗာန်ကို ရောက်ရှိရန်အတွက် သောတာပန်အဖြစ်ကို စတင်ရ၏။ ထို့ကြောင့် သောတာ ပန်အဖြစ်ကို အရင်ဆုံး မြန်မြန် ရဖို့ အရေးကြီးလှ၏။ သောတာပန် ဖြစ်လျှင် အပါယ်တံခါး ပိတ်ပြီး နိဗ္ဗာန်စီးကြောင်းထဲ ဝင်ရောက် မျောပါသွားပြီဖြစ်၏။ သောတာပန် သုံးမျိုးရှိသည့်အနက် တစ်မျိုးမျိုး၌ပါရန် လို၏။ ပထမတစ်မျိုးက ဒီဘဝမှာပဲ သောတာပန်ဖြစ် ဒီဘဝမှာပဲ နိဗ္ဗာန်ဝင် (သို့မဟုတ်) နောက်ဘဝမှာ နိဗ္ဗာန်ဝင်တာ ဖြစ်သည်။ ဒုတိယ တစ်မျိုးက ခြောက်ဘဝမြောက်နှင့်

ခြောက်ဘဝအတွင်း နိဗ္ဗာန်ဝင်တာ ဖြစ်သည်။ တတိယတစ်မျိုးက ခုနစ်ဘဝတိုင်တိုင် သန့်သန့်ဘုံစဉ် စံပြီးမှ နိဗ္ဗာန်ဝင်တာ ဖြစ်သည်။

ဝေဘူဆရာတော်ဘုရားကြီး၏ အားပေးစကားကလည်း အမြန်ဆုံးဖြစ်၏။ ၂၄ နာရီ တရစပ်ဟာကွက် မရှိအောင် သက်ကယ်အမိုးများ မိုးသလို စေ့နေအောင် အားထုတ်နိုင်လျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရပြီး သောတာပန် ဖြစ်နိုင်သည်ဆို၏။ တကယ် လက်တွေ့တော့ လွယ်မည်မထင် အလွန်ဆော့ကစားတတ်သောစိတ်က ဆီလို အပေါက်ရှာထွက်တတ်သည်။ ဘာပဲဖြစ်ဖြစ် မြန်မြန်တရားရလိုလျှင်တော့ ကြိုးစားစမ်းသပ်သင့်လှသော နည်းလမ်းဖြစ်၏။ ဒီလောက်တော့ အပင်ပန်းခံ ရင်းနှီးသင့်၏။

မြတ်ဗုဒ္ဓကလည်းဟောဖူးသည်။ မိတ်ကောင်းဆွေကောင်း ဆရာသမားကောင်းနှင့်သာ တွေ့ပါက မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မနက် အားထုတ်လျှင် ည ရနိုင်သည်။ ညအားထုတ်လျှင် မနက် ရနိုင်သည်ဟု ဟောကြားဖူးသည်။

မိုးကုတ် ဆရာတော်ဘုရားကြီးက (ဖြစ်လာပြီးမှ) ဘာမှ မရှိတော့တာကို မြင်အောင် ရှုရမည်ဟု မိန့်သည်။ မြတ်ဗုဒ္ဓ၏ အတိုဆုံး တရားတစ်ပုဒ်ဖြစ်သည့် 'မြင်–မြင်ကာမတ္တ၊ ကြား– ကြားကာမတ္တ' ဆိုသော တရားနှင့်လည်း ကိုက်ညီပါသည်။ ဖြစ်လာသော မြင်စိတ်၊ ကြားစိတ်တို့၏ မည်သည့်အခါမှ ပြန်မလာသော ချုပ်ပျောက်မှု၊ မည်သည့် အစအနမှ မကျန်သော ချုပ်ပျောက်မှုကို မြင်အောင် ရှုနိုင်လျှင်လည်း အမြန်ဆုံး တရားရနိုင်ပါသည်။

သစ္စာဒီပက၊ ကမ္မဋ္ဌာနစရိယ ဆရာကြီးဦးကြည်၏ အဆိုအမိန့်အရ သမထကို ပထမ အဆင့်အနေဖြင့် အခြေခံ၍ အားထုတ်သည့် နည်းထက်၊ ဝိပဿနာကို တိုက်ရိုက်အားထုတ်ရင်း သမာဓိလိုက်ပါ ထူထောင်ပြီးသား ဖြစ်အောင် အားထုတ်သည့်နည်းက ပိုမြန်မည်ဟု ဆို၏။

'သုသိမ'ကိုမိန့်သော ဗုဒ္ဓ၏ ဆုံးမစကားနှင့်လည်း ကိုက်ညီပါသည်။ ဗုဒ္ဓက 'သုသိမ– မဂ်ဖိုလ်ဆိုတာ သမာဓိရဲ့ အကြောင်းရင်းလည်း မဟုတ်ဘူး၊ သမာဓိရဲ့ အကျိုးဆက်လည်း မဟုတ်ဘူး၊ သမာဓိနဲ့ပြီးတဲ့ ကိစ္စလည်း မဟုတ်ဘူး။ မဂ်ဖိုလ်ဆိုတာ ဝိပဿနာရဲ့ အကျိုးဆက်၊ ဝိပဿနာရဲ့ အကျိုးပေး၊ ဝိပဿနာနဲ့သာ ပြီးရတဲ့ကိစ္စပဲ' ဟု ဟောသည်။

နောက်ပြီး ဗုဒ္ဓ၏ နောက်ထပ် ဆုံးမမှုတစ်ခု ရှိပါသေးသည်။ ၎င်းမှာ 'သာသနာပ လုပ်ငန်းမှာ သမာဓိက အနှစ်သာရ–ရဟန်းတရားလို့ ထင်ကြတယ်။ ငါဘုရားရဲ့ သာသနာမှာ ဒီသမာဓိ အလုပ်သည် အနှစ်သာရမဟုတ်၊ မဂ်ဖိုလ်လုပ်ငန်းသာ အနှစ်သာရ ဖြစ်တယ်။ ချစ်သား ဒီသမာဓိ ဆုတ်ယုတ်တာနဲ့ သာသနာတော် ဆုတ်ယုတ်တယ်လို့ ဘာအတွက် ကြောင့်ကြရသလဲ' တဲ့။

ဗုဒ္ဓက – 'ငါဘုရားရဲ့ သာသနာမှာ သတိရယ်၊ ပညာရယ် နှစ်မျိုးပဲ ရှိတယ်' လို့ မိန့်ဖူးပါသည်။

ဆရာကြီး ဦးကြည်၏ တရားစာအုပ်များ ဖတ်ရှုပြီးမှ လက်တွေ့ မြန်မြန်ဆန်ဆန် တိုးတက်မှုကို ကိုယ်တွေ့ ကြုံဖူးသော ရဟန်းတစ်ပါးက ဝင်ဆွေးနွေးရာတွင် 'ဆရာကြီး ဦးကြည်ဟာ တရားရှုမှတ်ရာမှာ ပါဠိတွေ၊ စကားလုံးတွေ ခံမနေဘဲ လက်တွေ့ ပရမတ်ကျကျ ရှုမှတ်နိုင်ဖို့ တိုက်တွန်းထားပါတယ်။ ဥပမာ–ရုပ်နာမ်ဆိုတဲ့ စကားလုံး ခံမနေဘဲ ကိုယ်တိုင် အသိမှာ 'ဖောက်ပြန်သဘော' (ရုပ်) နဲ့ 'သိသဘော' (နာမ်) ဆိုပြီး ရှုမှတ်နိုင်ရင် တရား မြန်မြန်တက်မယ်လို့ အကြံပေးထားပါတယ်။ ရှုမှတ်ရာမှာ 'ဖောက်ပြန်သဘောနဲ့ သိ သဘော' က လွဲရင် တခြား ဘာမှ မရှိတဲ့အတွက် သမာဓိ ထူထောင်ပြီးသား ဖြစ်ပါတယ်။ နှလုံးသွင်း မှန်နေတော့ 'မဇ္ဈိမ' အလယ်အလတ်မှာလည်း တည့်နေပါတယ်။ ဒီနေရာမှာ သဘော ထားရမှာက ကိုယ့်ရဲ့ တရားအလုပ်ပေါ်မှာ ကိလေသာဖြစ်လောက်အောင် နှစ်သက် သဘောကျတာမျိုး ဖြစ်ဖြစ်၊ (ကာမသုခလ္လိက)၊ ပညတ်ဖြစ်တဲ့ ကိုယ်ကာယ နာကျင်ကိုက်ခဲ မှုဘက်ကို လည်ပြီး ကျသွားတာဖြစ်ဖြစ်၊ (အတ္တကိလမထ)၊ ဒီအစွန်းနှစ်ခုကို ရှောင်ဖို့ အရေးကြီးပါတယ်။ နာလာကိုက်လာရင် ပေခံမနေဘဲ အလိုက်သင့် (ရှုမှတ်မှုမပျက်စေဘဲ) ပြင်သင့်တယ်လို့ ဆိုထားပါတယ်' ဟု ရှင်းပြသည်။

တရားရှုမှတ်ခြင်း အလုပ်နှင့် ပတ်သက်သည့် သဘောတရားတို့သည် အလွန် သိမ်မွေ့ လှပါသည်။ မြန်မြန် ခရီးရောက်လိုပါလျှင် လေးသမားများကဲ့သို့ ပစ်မှတ်၏ အလယ် ဗဟိုချက်ကို တည့်နေအောင် ဖြောင့်ဖြောင့်ချိန်ပြီးမှ မျှားကို မလွဲအောင် ပစ်လွှတ်သင့်ပါတယ်။

မိမိရည်ရွယ်သည့် ကိစ္စတစ်ရပ်ကို မည်သူမဆို အမြန်ဆုံး ပြီးမြောက်အောင်မြင်ချင်ကြ သူများချည်း ဖြစ်ပါသည်။ ပါဝင် ဆွေးနွေးသည့် သံဃာများ စိတ်အားတက်ကြွစွာ အတွေး များဖြင့် ငြိမ်သက်နေစဉ်မှာ ဦးပဥ္စင်းဘိုဘို၏ မေးခွန်းသံက တိတ်ဆိတ်မှုကို ဖောက်ထွင်း၍ ထွက်လာပါသည်။

ဒီအကြောင်းအရာနဲ့တော့ သိပ်မဆိုင်ဘူးပေါ့ဘုရား၊ တချို့လူတွေ ပြောနေကြတဲ့ စကား၊ ဒီဘဝလုပ်တဲ့ မကောင်းမှုအတွက် နောင်ဘဝကျတော့ နောက်ခန္ဓာနဲ့ ခံလိမ့်မယ် ဆိုတဲ့စကား၊ အကုသိုလ်အားပေးတဲ့ စကားကို တပည့်တော်က ပြန်ပြီး မချေပတတ်ဘူး ဖြစ်နေလို့ပါဘုရား၊ ဘယ်လို ချေပရမလဲ သိရင် ပြောပြပါဦးဘုရား'

ဂျာမနီမှလာသည့် ဦးပဥ္စင်း (ကိုထွန်းမြင့်ဝင်း) က ဝင်ရှင်းပြသည်။ 'တပည့်တော် ချမ်းမြေ့ဆရာတော် ဘုရားကြီးရဲ့ စာအုပ်ထဲမှာ ဖတ်ရဖူးပါတယ်။ ဗုဒ္ဓရဲ့ သင်ကြားမှုအရ ရှေ့ဘဝကနေ နောက်ဘဝကို ဘာတစ်ခုမျှ ကူးပြောင်းသွားတာ မဟုတ်ဘဲ နောက်ဘဝမှာ ရုပ်အသစ် နာမ်အသစ်နဲ့ဆိုတော့ ရှေ့ဘဝကလူနဲ့ နောက်ဘဝကလူ တခြားစီလို့ ရုတ်တရက် ထင်နိုင်တာပေါ့။ ဒါဆိုရင် လုပ်တော့တစ်ယောက် အပြစ်ခံရတော့ တခြားတစ်ယောက် ဆိုရင် ကောင်းမှု၊ မကောင်းမှု ပြုလုပ်သူဟာ သူ့အလုပ်ရဲ့ အကျိုးကို သူ ပြန်ခံစားရတယ် ဆိုတဲ့ ဗုဒ္ဓရဲ့ ကမ္မဝါဒသဘောတရားနဲ့ ဆန့်ကျင်သလို ဖြစ်နေတာပေါ့။ ဒါကို ချမ်းမြေ့ ဆရာတော် ဘုရားက ဒီလို ရှင်းပြထားပါတယ်'

'ဗုဒ္ဓရဲ့သင်ကြားမှုတွေဟာ ကြောင်းကျိုးနိယာမအပေါ်မှာ အခြေခံတဲ့ သဘောတရားတွေပါတဲ့။ အကြောင်းကင်းပြီး ဖြစ်တဲ့ သဘာဝဆိုတာ မရှိပါဘူးတဲ့။ ဘဝသစ် ဖြစ်တယ်ဆိုတာ လည်း အကြောင်းကင်းပြီး မဖြစ်ဘူး။ အကြောင်းတွေမှ တစ်ခုတည်းတောင် မဟုတ်ဘူး အများကြီးပဲ။ အိကက ဘဝဖြစ်ချင်တဲ့ ဘဝတဏှာဆိုတဲ့အကြောင်း၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပ္ပါန်ဆိုတဲ့ အကြောင်း၊ ရှေ့ဘဝမှာ အကျိုးပေးဖို့ အခွင့်မသာလို့ အကျိုးပေးဖို့ စောင့်နေတဲ့ ကောင်းမှုကံ၊ မကောင်းမှုကံဆိုတဲ့အကြောင်း၊ ရှေ့ဘဝရဲ့ နောက်ဆုံး ရုပ်နဲ့ နောက်ဆုံးနာမ် ချုပ်ပျက်သွားခြင်းဆိုတဲ့အကြောင်း၊ ဒီအကြောင်းတရားတွေရဲ့ စုပေါင်း စွမ်းအား သတ္တိကြောင့် နောက်ဘဝရဲ့ ရုပ်သစ်၊ နာမ်သစ်၊ ဘဝသစ်ဆိုတဲ့ အကျိုးပေါ်လာရကြောင်း' ဆရာတော်က ရှင်းပြပါတယ်။

ဒါကြောင့် ရှေ့ဘဝကနေ နောက်ဘဝကို ဘာမှ မကူးပြောင်းပေမယ့် အကြောင်းအကျိုး ဆက်စပ်နေတယ်။ အဆက်အစပ် မပြတ်သွားဘူး။ ကြောင်းကျိုးဆက်သွယ်နေတယ်။

ရှေ့ဘဝနဲ့ နောက်ဘဝသစ် ရုပ်နာမ်ဟာ တစ်ခုတည်းသောကြောင်းကျိုး ဖြစ်စဉ် အတွင်းမှာ ရှိနေပါတယ်။ ကြောင်းကျိုးဖြစ်စဉ် တစ်ခုတည်းမှာ ရှိနေတဲ့ ရှေ့ဘဝနဲ့ နောက်ဘဝကို တစ်ခြားစီလို့ မဆိုနိုင်ပါဘူး။

ဥပမာ–လူတစ်ယောက်တည်းကိုပဲ မွေးကင်းစ၊ ကလေး၊ သူငယ်၊ လူရွယ်၊ လူကြီး၊ အဘိုးကြီးလို့ ရှေ့နောက် အချိန်အရွယ် ခြားနားမှုကို လိုက်ပြီး ခေါ်ဝေါ်ကြတယ်။ ဒါပေမဲ့ တစ်ယောက်တည်းသာ ဖြစ်တယ်။ ကလေး ဖြစ်စဉ်က ရုပ်နာမ်ဟာ အဘိုးကြီးအထိ ဘာ တစ်ခုမှ ပါမလာတာ သေချာပါတယ်။ ကြောင်းကျိုးဖြစ်စဉ် တစ်ခုတည်းမှာ ရှိလို့သာ တစ်ယောက်တည်းလို့ ဆိုကြပါတယ်။ ကြောင်းကျိုးဖြစ်စဉ် တစ်ခုတည်းမို့ ကလေးဘဝက ကောင်းမှု၊ မကောင်းမှု (ဥပမာ–စာကြိုးစားမှု၊ ဆိုးသွမ်းမှု)ရဲ့ အကျိုးသက်ရောက်မှုဟာ အဘိုးကြီးမှာ ခံစားရသလိုပါပဲ။ ရှေ့ဘဝ၊ နောက်ဘဝမှာလည်း ရှေ့ဘဝရဲ့ ကောင်းမှု၊ မကောင်းမှုကို နောက်ဘဝမှာ ခံစားရပါတယ်' လို့ ဆရာတော်ရဲ့ စာအုပ်မှာ တပည့်တော် ဖတ်ရဖူးပါတယ်။

အားလုံး ကျေနပ်အားရစွာ အတွေးဖြင့် ငြိမ်သက်နေစဉ်မှာပင် ဦးပဥ္စင်းဦးသုန်က နှုတ်ဆက်ပြီး ဆိုင်ကယ်ကယ်ရီဖြင့် လေးမျက်နှာရွာသို့ ပြန်ရန် ကျောက်ဆင်ရှေ့တိဂုံ ဘက်သို့ ကြွသွား၏။

မောင်ရိုဖျိုးဖျ၍ 'နိသိဒိုင်' ကို ခေါက်လျက် ပခုံးပေါ်တင်၍ လွယ်အိပ်လွယ်ကာ ဖြည်းဖြည်း ကြွသွားသော ဦးသုန်ကိုနောက်ကျောဘက်မှ မြင်နေကြရ၏။

စင်စစ် သူတို့အားလုံးအတွက် ဦးသုန်ကို နောက်ဆုံး မြင်ရသည့် မြင်ကွင်းဖြစ်ကြောင်း မည်သူမျှ မရိပ်စားခဲ့မိကြပေ။

❖

အခန်း (၆၈)

## အမှောင်လမ်းသို့

ဦးကုသလအနေဖြင့် ဦးသုန်၏ ရှေ့လုပ်ငန်းစဉ် အစီအစဉ်များကို မသိသည့် အလျောက် အထင်လွဲပြီးရင် လွဲနေတော့၏။ အရက်သမားဘဝကို ချွတ်၍ ဒုလ္လဘအဖြစ် ချီးမြှင့်ပေးခဲ့သော ကျေးဇူးတရား၊ သေကောင်ပေါင်းလဲ ဖြစ်နေစဉ် ငွေကုန်ကြေးကျခံလျက် မန္တလေးအထိ ကိုယ်ဖိရင်ဖိ ပြုစုလျက် အသက်ကယ်ခဲ့သော ကျေးဇူးတရားတို့သည် ယခုအချိန်၌ သူ့ရင်ထဲတွင် မရှိတော့ပြီ။

အမှန်ဆိုလျှင် ဦးသုန်က ရွာကျောင်းကို လွှဲခဲ့မည့်အပြင် ကျပ် သိန်း ၅၀ကို ဦးကုသလ၏ ဘဏ်စာရင်းထဲသို့ လွှဲပြောင်းပေးရန် ဆုံးဖြတ်ထားပြီးသားဖြစ်၏။ သို့သော် ယခုထိတိုင် ထုတ်မပြောဖြစ်သေး။

ဦးကုသလ စဉ်းစားမိနေသည်က ဦးသုန်အနေဖြင့် သူ့ကို ကျောင်းစောင့်အဖြစ် အသုံးချထားခြင်း ဖြစ်သည်ဟု မြင်နေသည်။ သူက ဦးသုန်ကို ကျပ်သိန်း ၅၀ လောက် လိုအပ်နေပါသဖြင့် မပေးလျှင်လည်း ချေးပါဟု ဖွင့်အတင်း ပြောသည်ကို ဦးသုန်က ဘာမှ ပြန်မပြောဘဲ နှုတ်ဆိတ်နေ၏။ ဦးကုသလ ရင်ထဲတွင် ဦးသုန်ကို မြင်တိုင်း ဒေါသ အလိပ်လိုက်တက်နေ၏။

သူ့ဘဝက ဦးသုန်၏ ငွေများကို မြင်နေရပြီး ကိုင်ပင်မကိုင်လိုက်ရ၊ မိတ္ထီလာဘဏ်ကို ငွေသွားထုတ်တိုင်း သူ့ကို ခေါ်တော့သွား၏။ ဦးသုန်ကမူ ဦးကုသလရင်ထဲတွင် ဘာတွေ ဖြစ်နေသည်ကိုမသိ။ စိတ်ရင်းအတိုင်း ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနေသည်။

ထိုနေ့က မိုးဖွဲဖွဲလေးရွာလိုက်၊ ရပ်သွားလိုက် ဖြစ်နေ၏။ မနက်က မိတ္ထီလာဘဏ်ကို အတူတူ ကြွကြ၍ ကျပ် သိန်း ၁၀၀ လောက် ဦးသုန် ထုတ်လာခဲ့၏။ ကျောင်းမှ ကပ္ပိယ ဦးသောင်းတင်မှာ ဖနီးသည် မကျန်းမာသောကြောင့် ကျောင်းသို့ ရောက်မလာတာ နှစ်ရက်ခန့် ရှိပြီဖြစ်၏။ ဒီနေ့လည်း ဦးသောင်းတင် လာမည်မဟုတ်။

ညနေ ၅ နာရီခန့်မှာ ကျောင်းကိုလာလည်သော ဒကာအချို့လည်း ရွာထဲကို ပြန်သွားပြီ ဖြစ်၍ ကျောင်းတွင် ဦးသုန်နှင့် ဦးကုသလ နှစ်ယောက်တည်းသာ ကျန်၏။ ထုံးစံအတိုင်း ဦးသုန်က ဦးကုသလကိုခေါ်၍ အနေအထိုင် အပြောအဆိုနှင့် ပတ်သက်၍ လည်းကောင်း ဖနီးဟောင်းအိမ်သွားလိုက်၊ ယောက္ခမဟောင်းအိမ်သွားလိုက် လုပ်နေသည့်အတွက်လည်း ကောင်း၊ ဘုရားဝတ်တက် မမှန်ခြင်းနှင့် တရားမှန်မှန် မထိုင်သည့်အတွက်လည်းကောင်း၊ ဆိုဆုံးမနေ၏။

ဦးကုသလ စိတ်မှာ မခံနိုင်တော့။ ဒေါသက အခေါင်အထွတ်သို့ ရောက်ရှိသွား၏။ ကျောင်းနောက်ဘက်သို့သွား၍ တောက်တစ်ချက်ခေါက်ပြီး ကျောက်စရစ်ပုံထဲကို လက်သီးဖြင့် နာနာထိုး၏။ ထို့နောက် ဦးသုန်မသိအောင် ဖွက်ထားသော အရက်ပုလင်း ယူပြီးမော့သောက်၏။ မမူးမချင်း ရဲဆေးတင်သည့်အနေဖြင့် ပုလင်းကို ပြောင်အောင် မော့လိုက်၏။

အရက်နှင့်ဒေါသ ပေါင်းမိသွားသောအခါ ရူးသွပ်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုက အထွတ်အထိပ်သို့ ရောက်ရှိသွား၏။ ဆောက်လုပ်ရေး ပစ္စည်းပုံများအကြားမှ တစ်တောင့် ထွာရှည်သည့် ငါးမူးလုံးသံချောင်း တစ်ချောင်းကိုယူ၍ လက်ထဲတွင်ဆ ကြည့်လိုက်၏။

ထို့နောက် သင်္ကန်းထဲတွင် ထည့်ယူပြီး ဘုရားခန်းဘက်သို့ တစ်လှမ်းချင်းသွားနေ၏။ ထိုအချိန် ဦးကုသလကို ကြည့်ရသည်မှာ ဘီးလူးသူရဲ ဝင်ပူးနေသည့်နှယ်ပင်။ အမြင်အာရုံမှာလည်း ကြည်လင်ခြင်းမရှိ။ သူ ဘုရားခန်းဝ ရောက်တော့ ဘုရားဆင်းတုတော်ရှေ့တွင် ဆီမီးပူဇော်ပြီး၍ ဘုရားဝတ်တက်ရန် နိသီဒိုင်ခင်း၍ ထိုင်နေပြီး ဖြစ်သည်။ ခြေလှမ်းသံ ကြားကောင်းကြားမည် ဖြစ်သော်လည်း ဦးသုန်ကမူ လုံးဝလှည့်မကြည့်။

ဦးကုသလအနေဖြင့် မည်မျှပင်စိတ်ရိုင်းဝင်နေသည် ဆိုသော်လည်း ဦးသုန်၏ မျက်နှာကို ကြည့်၍တော့ မကောင်းမှု မကျူးလွန်ရဲ။ သို့ဖြင့် ဦးသုန်၏ နောက်စေ့ကို လက်ထဲမှ သံတုတ်ဖြင့် လွှဲ၍ ရိုက်လိုက်ရာ ချက်ကောင်းထိသွားသဖြင့် ဦးသုန် ဗိုက်ကျသွားပြီး ခွေခွေလေး လဲနေရှာ၏။ ဦးကုသလအတွက် ဦးသုန်ပြန်ရှင်လာ၍ မဖြစ်။ ထို့ကြောင့် သေချာအောင် နောက်စေ့ကိုပင် နောက်တစ်ချက် ရုပ်၍ ရိုက်ချလိုက်၏။ သည်တစ်ချက်တွင်မူ ပထမဒဏ်ရာကြောင့် သွေးများစိမ့်ထွက်နေပြီဖြစ်၍ ဦးကုသလကိုပါ သွေးများ လာစင်၏။ ဦးသုန်ကတော့ သွေးအိုင်ထဲတွင် လဲကျနေပေပြီ။ ဦးကုသလက ဦးသုန်၏ နှာဝတွင် လက်ထား၍ အသက်ရှူသေးသလား စစ်ကြည့်၏။ အသက်မရှူတော့တာ သေချာသွားမှ သွေးစင်သော လက်နှင့် ခြေတို့ကို သွား၍ ဆေးကြောလိုက်၏။

ဦးသုန်၏ ဘီရိုထဲမှ အိတ်ထဲတွင်ထားသော ငွေများအနက် သိန်း ၆၀ လောက်ကို လွယ်အိတ်ထဲ ထည့်သည်။ အရက်နံ့ပျောက်အောင် သွားတိုက် ပလုပ်ကျင်းပြီး ကွမ်းယာငုံ လိုက်ကာ ရွာဘက်ထွက်လာခဲ့၏။ ထိုစဉ်မှာပင် ရွာဦးကျောင်းဘက်မှ နာရီသံချောင်း ခေါက်သံ ၆ ချက် ကြားလိုက်ရ၏။ ဦးကုသလက ကျောင်းတံခါးနှင့် ခြံတံခါးကို ပိတ်ထားခဲ့ပြီး ရွာဘက်ကို သုတ်ခြေတင် ထွက်လာခဲ့၏။ ဒေါ်မြတင် အကြော်ဆိုင်ရှေ့က ကွမ်းယာဆိုင်တွင် ကွမ်းယာဝယ်၊ နှုတ်ဆက်ပြီးနောက် ဇနီးဟောင်းမလုံးအိမ်ဘက်သွားရင်း ကလေးတွေ မမြင်အောင် ပိုက်ဆံထုပ် ပေးလိုက်၏။ ရွာမတွေ့မည့်နေရာတွင် ဝှက်ထားရန် မှာ၏။ ထို့နောက် မထိုင်တော့ဘဲ ပြန်ကြွသွား၏။ လမ်းမှာ တွေ့သူတိုင်းကိုလည်း အလီဘိုင် ဖြစ်စေရန် အားလုံးကို နှုတ်ဆက် သွား၏။ သူသိထားသည်က ဦးသုန်ပျံလွန်သည့် အမှုတွင် အရင်ဆုံး သံသယအဝင်ခံရမည့်သူက သူပင် ဖြစ်သည်။

လူသတ်မှုတွင် အသုံးပြုသည့် သံချောင်းကိုလည်း ကျောင်းမှအထွက်တွင်ပင် ခြုံထူထူထဲမှာ ထိုးထည့်ခဲ့ပြီးပြီ ဖြစ်သည်။

ယခု သုတ်ခြေတင်ပြီး ကျောင်းဘက်ကို ပြန်သွား၏။ ခြံတံခါးဖွင့် ကျောင်းတံခါးဖွင့်ပြီး သည်နှင့် အထဲအထိ ဝင်မကြည့်တော့ဘဲ ရွာဘက်ဆီ ပြန်လှည့်ပြေးသွား၏။ ရွာဦးကျောင်းမှ နာရီသံချောင်းခေါက်သံ ၇ ချက်ကြားလိုက်ရပြန်၏။ ကွမ်းယာဆိုင်မှာ ရှိသူများကို အဝေးကပင် လှမ်း၍ အော်လာနေ၏။

'ဟေး. . . ကယ်ကြပါဦးဟေ့၊ ကယ်ကြပါဦး ဆရာတော် အသတ်ခံရလို့ လူတွေစုပြီး ကျောင်းကို ခေါ်လာကြဟေ့၊ ရွာလူကြီးတွေပါအောင် ခေါ်ခဲ့ပါဟေ့'

ဦးကုသလ မောကြီးပန်းကြီးပြောရင်း ရွာထဲ လူဝင်ခေါ်သူခေါ်၍ ကျန်ခဲ့သူများကို သူနှင့် လိုက်ရန် ခေါ်သွား၏။

လူအုပ်မှာ မင်တက်မိသူမိ၊ ကယောင်ကတမ်းနှင့် အော်ငိုသူအော်ငို ဖြစ်နေခိုက် ရွာလူကြီးနှင့်တကွ မိန်းမသားတွေကော၊ ကလေးတွေကော ပါလာကြ၏။ လူအုပ်အသံ ဆူညံဆူညံကြားမှ ရွာလူကြီးက ဦးကုသလကို ခေါ်မေးနေ၏။

**လူကြီး** – 'ဘယ်လို ဖြစ်တာလဲဘုရား၊ ထိတ်လန့်စရာ ကောင်းလိုက်တာ'။

**ကု** – 'ကျုပ်လည်း ဆရာတော် ဝတ်တက်မယ်လုပ်နေတော့ ရွာထဲထွက် ကွမ်းယာလာဝယ်တာ၊ ကျောင်းပြန်ရောက်တော့ ဒီပုံအတိုင်း တွေ့ရတော့တာပဲ'။

ရွာလူကြီးက လူအုပ်ကို ထိန်းလိုက်ပြီး ဘယ်နေရာမှ လက်နှင့် မကိုင်ရန် ပြောရင်း၊ ကျောင်း အပြင်ထွက်ခိုင်းလိုက်၏။

ထို့နောက် ရဲကင်းကို ဖုန်းဆက်ရာ သူတို့လည်း ကျောင်းကို လာနေပြီဟု သိရ၏။ ရွာလူကြီးနှင့် ရဲသား ဖုန်းဆက်နေပုံအရ လူသတ်မှုဖြစ်နေ၍ ခရိုင်ရဲရုံးမှ ညတွင်းချင်း ရောက်လာမည်ဆို၏။

ကျောက်ဆင်ရွှေတိဂုံပေါ်ရှိ ဂေါပကရုံးခန်းတွင် တစ်လုံးတည်းသော ဟန်းဖုန်းရှိ၏။ ထိုဖုန်းမှတစ်ဆင့် သိကြပြီး ဂေါပကက ကျောက်ဆင်တောရ ဆရာတော်များနှင့် သံဃာများကို တိုးတိုးတိုးတိုး လိုက်၍ အကြောင်းကြား၏။

ကြားရသူ အားလုံးအံ့သြတုန်လှုပ်ကြရပြီး အလွန် စိတ်နုလုံးကောင်းသော ဦးသုန် အတွက် ဝမ်းနည်းကြေကွဲကြရကုန်၏။

ဦးယိုး၊ ဦးဂျာနှင့် ဦးပဥ္စင်းဘိုဘိုတို့ သုံးပါးကမူ ဆရာတော်ထံ ခွင့်ပန်ပြီး ညတွင်းချင်း လေးမျက်နှာရွာကို လိုက်သွားကြ၏။ သူတို့သုံးပါး ရောက်ပြီး တစ်နာရီခန့် အကြာတွင် မိတ္ထီလာခရိုင်ရဲရုံးမှ အရာရှိများ ရောက်လာကြသည်။

ဦးပဥ္စင်းဘိုဘိုက ဦးသုန်အပေါ်မှာ အခင်မင်ဆုံးဖြစ်၍ မျက်ရည်လည်း မထိန်းနိုင်ဘဲ မျက်နှာ အကြီးအကျယ် ပျက်၍နေရှာ၏။

ခရိုင်ရဲမှူးကြီးက စစ်ဆေးစရာရှိတာကို စစ်ဆေးမှတ်သား၍ ပါလာသော မှုခင်း ဆရာဝန်ကြီးကိုလည်း အသေးစိတ် စစ်ဆေးစေ၏။ အထူးသဖြင့် ဦးသုန်သေဆုံးချိန် အတိ အကျရရန် တိုးတိုးတိတ်တိတ် မှာကြားနေ၏။

ဆရာဝန်ကြီးက ပြန်သွားသော်လည်း ခရိုင်ရဲမှူးနှင့် တပည့်ဖြစ်သူက မနက်မှ ပြန်မည် ဆိုကာ ကျောင်းမှာပင် အိပ်ကြ၏။ စစ်ဆေးမှုများ ပြီးသွားသည်နှင့် ဦးသုန်၏ ရုပ်အလောင်းကို ရပ်ရွာထုံးစံအတိုင်း ရေချိုးပြီး ပြင်ဆင်ခွင့်ပေးလိုက်၏။

တကယ်တမ်းကျတော့ တစ်ညလုံးနီးပါး အိပ်မပျော်ကြ။

အားလုံး ရေနွေးကြမ်း ဝိုင်းဖွဲ့လျက် စကားပြောဖြစ်ကြ၏။ ခရိုင်ရဲမှူးကြီးက ဦးကုသလ အပေါ် မည်သို့မျှ သံသယဝင်ပုံမရဘဲ ရေနွေးကြမ်းသောက်ရင်း အေးအေးဆေးဆေး မေးမြန်းနေ၏။ ဦးကုသလ ဖြေကြားချက်များကိုလည်း စာဖြင့် ရေးမှတ်ထားခြင်း မရှိဘဲ လွတ်လွတ်လပ်လပ် ဖြေစေသည်။ (နောင်ပိုင်း ပြောပြချက်အရ အသံဖမ်းထားသည်ဆို၏)

**ရဲမှူး** – 'ဦးပဥ္စင်း ရွာထဲကြွဖို့ ကျောင်းကနေထွက်တော့ ဆရာတော် ဦးသုန်က ဘာလုပ်နေပါသလဲ ဘုရား'

**ကု** – 'ဘုရားဝတ်တက်ဖို့ ပြင်နေတယ်'

**ရဲမှူး** – 'ရွာထဲသွားမယ့်အကြောင်း လျှောက်ဖြစ်သေးလားဘုရား'

**ကု** – 'ဘုရားဝတ်တက်ဖို့ ပြင်နေတော့ အနှောင့်အယှက် မဖြစ်အောင် မပြောဘဲ ထွက်လာခဲ့တာပဲ'

**ရဲမှူး** – 'အရှင်ဘုရားတို့နှစ်ပါး အတူ ဝတ်မတက်ကြဘူးလား'

**ကု** – 'အတူမတက်တာ များပါတယ်'

**ရဲမှူး** – 'ကျောင်းကထွက်တော့ နာရီများကြည့်မိသေးလားဘုရား။ ဘယ်နှနာရီဆိုတာ သိလား။'

**ကု** – 'နာရီမကြည့်မိဘူး။ နာရီသံချောင်းကတော့ ၇ ချက် ခေါက်သံကြားရပါတယ်'

**ရဲမှူး** – 'ဒါဆို အရှင်ဘုရားထွက်တော့ ၇ နာရီပေါ့၊ ခုတလော ကျောင်းကို လူ စိမ်းထဲက ညော်သည်တွေလာတာ တွေ့မိလားဘုရား'

**ကု** – 'ခုတလောတော့၊ သိပ်မလာတတ်ပါဘူး'

**ရဲမှူး** – 'အရှင်ဘုရား တွေးမိတာများ ရှိသလားဘုရား၊ မသင်္ကာစရာ ကောင်းတဲ့ လူတို့၊ မသင်္ကာစရာကောင်းတဲ့ အချက်အလက်တို့ ရှိပါသလားဘုရား'

**ကု** – 'ဒီလိုတော့လည်း မရှိတတ်သလောက်ပါပဲ'

**ရဲမှူး** – 'တပည့်တော်တော့ မစဉ်းစားတတ်အောင်ပဲဘုရား။ လူသတ်တားပြတိုက်တယ် ဆိုရအောင်လည်း ဆရာတော့်ဘီရိုထဲမှာ ကျပ်သိန်း ၄၀ ကျော်တောင် တွေ့တာဆိုတော့ ငွေက ဘဏ်မှာ မအပ်ထားဘူးလား ဘုရား'

**ကု** – 'ဘဏ်မှာ အပ်တာပဲ ဒကာကြီးရဲ့'

**ရဲမှူး** – 'ဒါဆို ငွေထုတ်လာတာ မကြာသေးဘူး ထင်ပါရဲ့၊ မိတ္တီလာဘဏ်မှာ အပ်တာ ထင်တယ်'

**ကု** – 'ဟုတ်တယ်၊ ဆရာတော်က မိတ္တီလာဘဏ်မှာ အပ်ထားတာ'

**ရဲမှူး** –'ငွေထုတ်တော့ အရှင်ဘုရားနဲ့အတူ မသွားဘူးလား'

**ကု** – (မျက်နှာအနည်းငယ် ပျက်လျက်) တစ်နေ့ကတင်ပဲ မိတ္တီလာကို အတူတူ သွားထုတ်ကြသေးတယ်'

**ရဲမှူး** – 'ဘယ်လောက် ထုတ်လာသလဲ အရှင်ဘုရားသိလားဘုရား'

**ကု** – 'ဟာ၊ ဒါတော့ ဘယ်သိမလဲ၊ သူကိုယ်ရေးကိုယ်တာပဲ။ မေးလို့ မကောင်းဘူးလေ'

ရဲမှူးကြီးက ဦးပဥ္စင်းဘိုဘိုတို့ သုံးပါးနှင့်လည်း စကားဖောင်ဖွဲ့၏။ သို့ဖြင့် သူတို့ သုံးပါးနှင့် ဦးသုန်စတင်ခင်မင်ပုံ၊ တရားလမ်းကြောင်းပေါ်ကို အတူလျှောက်ခဲ့ကြပုံများ ပြောဖြစ်ကြ၏။ ဦးကုသလ အိမ်သာသွားခိုက်တွင် ရဲမှူးကြီးက ရုတ်တရက် စကားဖြတ်လိုက်ပြီး 'အရှင်ဘုရားတို့ သုံးပါး၊ တပည့်တော် လိပ်စာကတ်ပြားပေးခဲ့မယ်၊ ဦးကုသလရဲ့ ထူးခြားတာလေးတွေရှိရင် ရွာထဲကဖုန်းနဲ့ တပည့်တော်ကို ဆက်ပေးပါ၊ တပည့်တော်ကနေ ခိုင်းတယ်လို့ မသိပါစေနဲ့၊ ကိုယ့်သဘောနဲ့ကိုယ် ရက်လည်အောင် နေပေးတယ်ပဲ ပြောပါဘုရား'

❖

# အခန်း (၆၉)

## ဘိက္ခုသေမင်း (သို့) ဝဋ္ဋုဇ္ဇေ

ဦးပဥ္ဇင်းဘိုဘို၏ စိတ်အာရုံထဲတွင် သနားစဖွယ် သွေးအိုင်ထဲ၌ ခွေခွေလေး လဲလျောင်း၍ ပျံလွန်တော်မူနေသော ဆရာတော် ဦးသုန်၏ ပုံရိပ်ကို မဖျောက်နိုင် မမေ့နိုင် ဖြစ်နေသည်။

ဦးသုန်သည် စိတ်သဘောထား အလွန်ကောင်းသူ ဖြစ်ပြီး ဦးပဥ္ဇင်းဘိုဘို အပေါ်တွင်လည်း ညီအစ်ကိုအရင်းအခြာသဖွယ် အထူးခင်မင်ရှာ၏။ ရိုးလွန်းပြီး ပွင့်လင်းသည့် ဦးပဥ္ဇင်းဘိုဘို အပေါ်တွင် ညီအစ်ကို သံယောဇဉ်ဖြင့် ကောင်းရာမွန်ရာ ဆိုဆုံးမခဲ့သည် များလည်း ရှိ၏။

ဦးပဥ္ဇင်းဘိုဘို အနေဖြင့် ဦးကုသလအပေါ် အနည်းငယ်မျှ သံသယမရှိ။ ဦးသုန်က ပြောပြထားသဖြင့် ဦးကုသလအား ဦးသုန် ကူညီခဲ့သည့် ကိစ္စများကို ဦးပဥ္ဇင်းဘိုဘို သိထားပြီး ဖြစ်သည်။ နောက်ပြီး လက်ရှိကျောင်းကိုလည်း ဦးကုသလ သံဃာ့ မှတ်ပုံတင် ရပြီးလျှင် ဦးသုန်က လွှဲပေးမည်ဆိုသည်ကိုလည်း ကြားထားပြီးဖြစ်၏။

သို့သော် ဦးကုသလအပေါ် သံသယမကင်းသူ နှစ်ဦးရှိနေ၏။ တစ်ဦးက ခရိုင်ရဲမှူးကြီး ဖြစ်ပြီးနောက်တစ်ဦးက ဦးပဥ္ဇင်းယိုးခေါ် ဒေါက်တာမြတ်ဘုန်း ဖြစ်သည်။ နောက်ပြီး ဦးပဥ္ဇင်း ယိုးကို ခရိုင်ရဲမှူးကြီးက သူ့ဟန်းဖုန်းနံပါတ်လည်း ပေးသွား၏။ ဦးကုသလ၏ ထူးခြားမှုများကို စောင့်ကြည့် လေ့လာပေးထားရန်နှင့် ဖုန်းဆက်ရန် ဦးပဥ္ဇင်းယိုးကိုမှာ သွား၏။ သို့ဖြင့် ဦးပဥ္ဇင်းယိုးတို့ သုံးပါးတိုင်ပင်ပြီး ဦးသုန်၏ ရွာကျောင်းတွင် သင်္ဂြိုဟ်ပြီးသည်ထိ ဆက်၍ သီတင်းသုံးရန် ဆုံးဖြတ်ကြ၏။

ဦးသုန်ပျံလွန်တော်မူပြီး သုံးရက်မြောက်နေ့တွင် ဦးသုန်၏ ရုပ်ကလပ်ကို ရွာသုသာန်၌ မီးသင်္ဂြိုဟ်ကြ၏။ အသုဘရှုသည့် အထဲတွင် ဦးကုသလကိုလည်း ကွန်မြေမပျက် တွေ့နိုင်၏။ နေကာမျက်မှန် အမည်းကို တပ်ထားသည်။ ဦးသုန်ကို တစ်ရွာလုံးက ကြည်ညိုလေးစား သောကြောင့် အသုဘပို့ဆောင်သော ပရိသတ်က သုသာန်တစ်ခုလုံး ပြည့်နေသည့်အပြင် ငိုသံတွေကလည်း မစဲ။

ကိုထွန်းမြင့်ဝင်းခေါ် ဦးပဥ္ဇင်းဂျာကမှု နွေမြင်ညပျောက်သည့် မမြဲသော သဘောမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားများကို အဆက်မပြတ် ဆင်ခြင်လျက်ရှိ၏။ မရဏာနုဿတိ ရှုမြင်လျက် ဦးသုန်၏ ရုပ်အလောင်းက သူ့အာရုံကို ဖမ်းစားထားသည်။ အာရုံက တစ်ခြားကို မပျံ့လွင့်တော့ပြီဖြစ်၍ သမာဓိအားပြင်းထန်လာသည်ကို သူ သတိထားမိနေသည်။

ဦးပဉ္စင်းယိုးကတော့ ဣန္ဒြေဆည်နေသော ဦးကုသလအနီးသွား၍ စကားတစ်ခွန်း ထောက်ကြည့်လိုက်သည်။

'ဦးသုန်လောက် သဘောကောင်းတဲ့သူတော့ မတွေ့ဖူးဘူး ဦးပဉ္စင်းရေ၊ လက်ရှိ ကျောင်း ကိုလည်း ဦးပဉ္စင်းကို လွှဲပေးဖို့ ဆုံးဖြတ်ထားတယ်လို့ ပြောတယ်။ သူကတော့ ကျောက်ဆင် တောရမှာပဲ အပြီးလာ အားထုတ်တော့မှာတဲ့။'

ဦးပဉ္စင်းယိုး ပစ်သွင်းလိုက်သော စကားက ဦးကုသလအရှိက်ကို ထိမှန်သွား၏။ တွန့်ခနဲ ဖြစ်သွားကာ နောင်တ အရိပ်တစ်ခု မျက်နှာမှာ ဖြတ်ခနဲ ပေါ်သွား၏။ ဘာမှ ပြန် မပြောဘဲ ဣန္ဒြေပြန်ဆည်လိုက်ပြီး မျက်နှာလွှဲထားသည်။

ဦးပဉ္စင်းယိုးက ညဘက် သိပ်မအိပ်ဘဲ သတိထားကြည့်ရာတွင် မလှမ်းမကမ်း၌ ရှိသော ဦးကုသလတစ်ယောက် လူးလိုက်လွန့်လိုက်နှင့် အိပ်မပျော်နိုင်သည်ကိုလည်း သတိထားမိသည်။

တစ်ည ဦးကုသလအိပ်ယာမှ လူးထလိုက်ရင်း နောက်ဘက်သို့ သွားရာတွင် ဦးပဉ္စင်း ယိုးက နောက်မှ မသိမသာ လိုက်ကြည့်ရာ၊ အုတ်ပုံထဲမှ တစ်စုံတစ်ရာကို ထုတ်၍ ပါးစပ်ထဲ မော့ထည့်လိုက်သည်ကို လရောက်ပျပျအောက်တွင် လှမ်းမြင်လိုက်ရသည်။ နေရာကို မှတ်သားပြီးနောက်နေ့ နေ့လယ် ဦးကုသလမရှိခိုက်သွားရှာကြည့်ရာ အုတ်ပုံကြားထဲတွင် ဖွက်ထားသော အရက်ပုလင်းကို တွေ့ရသည်။

ညနေပိုင်းတွင် ဦးပဉ္စင်းယိုး တစ်ပါးတည်း ရွာဘက် ထွက်ခဲ့ပြီး ခရိုင်ရဲမှူးကြီးဆီ ဖုန်းဆက်လိုက်သည်။

**ယိုး** – 'ဦးကုသလက အမူအယာတွေလည်း ပျက်နေတယ်၊ ညဘက်လည်း ကောင်းကောင်း အိပ်ပျော်ပုံ မရဘူး ဒကာကြီး။ ညဘက် အိပ်မပျော်တော့ အရက်သောက် တယ်နဲ့ တူတယ်။ အရက်ပုလင်း ဖွက်ထားတာလည်း ဦးပဉ္စင်းတွေ့ထားတယ်။ ဒကာကြီး ဘက်ကကော ဘာထူးသေးလဲ။'

**မှူး** – 'ထူးတယ်ဘုရား။ ဦးကုသလက အလောင်းကို တွေ့တဲ့အချိန်နဲ့ ဆေးစစ်ချက်အရ တကယ် သေဆုံးချိန်နဲ့ တစ်နာရီကျော်လောက် ကွာနေတယ်။ ဦးကုသလက ကျောင်းက ထွက်တဲ့အချိန် ၇ နာရီမှာ ဦးသုန်အသက် ရှင်နေသေးတယ် ပြောတယ်။ ဆေးစာအရ ဦးသုန်ပျံလွန်တော် ၆ နာရီကတည်းကဆိုတော့ ရွာထဲမှာ အယောင်ပြပြီး ကျောင်းကိုပြန် လာတော့မှ အလောင်းတွေ့သယောင် ဟန်ဆောင်နေတာ ဖြစ်နိုင်တယ်။ ရွာနဲ့ကျောင်းနဲ့ လမ်းလျှောက်ချိန်က ၁၇ မိနစ်လောက်ပဲရှိတယ်။ တပည့်တော် စမ်းလျှောက်ကြည့်ခဲ့ပြီးပြီ။ အချိန်တွေ မှားနေတာ မသင်္ကာစရာပဲ။ ဘဏ်မှာ ငွေထုတ်တဲ့စာရင်းလည်း တပည့်တော် ကြည့်ပြီးသွားပြီ၊ သိန်း ၁၀၀ ထုတ်သွားတာ။ သိန်း ၆၀ ပျောက်နေတယ်။ ၆း၃၀ နာရီ လောက်မှာ ဦးကုသလ သူ့ဇနီးဟောင်းအိမ်ကို သုတ်သုတ်ဝင်ပြီး သုတ်သုတ်ပြန်ထွက် လာတာ တွေ့တဲ့သူလည်း ရှိထားပြီ။ အဓိကက သူ (ဦးကုသလ) ထွက်ပြေးမသွားဖို့ပါပဲ။ ဦးပဉ္စင်းတို့က

မသက်ာတဲ့ပုံ လုံးဝမပြပါနဲ့။ သူ စိတ်အေးအေး နေနိုင်အောင် ထွေရာလေးပါး စကားကို ပုံမှန်ပြောပေးနေပါဘုရား။ တပည့်တော် မနက်ဖြန်လာခဲ့ပါ့မယ်ဘုရား။ သူမသိပါစေနဲ့။'

ဦးပဉ္စင်းယိုးက ဦးပဉ္စင်းဘိုဘိုနှင့် ဦးပဉ္စင်းဂျာတို့အား တိုးတိုးတိတ်တိတ် အကျိုးအကြောင်းကို အတိုချုံး၍ ပြောပြလိုက်ပြီး ဦးကုသလကို စကားအဆက်မပြတ် ပြောပေးနေကြသည်။ ရွာထဲဘက် လမ်းလျှောက်ဖို့ ခေါ်လျှင်လည်း တစ်ပါးပါး အဖော်လိုက်သွားပေးသည်။

ဦးကုသလသံဃာမှတ်ပုံတင်လုပ်ရန် ကိစ္စလည်း ဆွေးနွေးဖြစ်ကြသည်။ ဦးကုသလ အနေဖြင့် မိမိအပေါ် မည်သူကမျှ သံသယမဖြစ်သည်ကို တွေ့ရ၍ အတိုင်းမသိအောင် စိတ်သက်သာပေါ့ပါးနေ၏။ တစ်ခါတစ်ရံ စကားပြောရင်း ရယ်ရယ်မောမောပင် ဖြစ်လာ၏။

နောက်တစ်နေ့ နေ့လယ် ဆွမ်းစားပြီးချိန်တွင်မူ အခြေအနေက ပြောင်းသွားပြီဖြစ်၏။ ခရိုင်ရဲမှူးကြီးက အဖော်ရဲနှစ်ယောက်နှင့်အတူ ယူနီဖောင်း အပြည့်အစုံဖြင့် ကျောင်းကို ရောက်လာကြ၏။ မရှေးမနှောင်း ရွာလူကြီးများလည်း ရောက်လာကြ၏။ ခရိုင်ရဲမှူးကြီး၏ မျက်နှာက အေးဆေးသလောက် ဦးကုသလမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွား၏။

ခရိုင်ရဲမှူးက ဝရမ်းပါလာကြောင်း ထုတ်ပြပြီး ဦးကုသလကို မေးမြန်းစစ်ဆေးလိုသဖြင့် မိတ္ထီလာကို ခဏလိုက်ခဲ့ပါဟုပြော၏။ ဦးကုလသက အကြောက်အကန် ငြင်းရန် ပြင်သောအခါ ရဲမှူးကြီးက ဘာမှမစိုးရိမ်ဖို့နှင့် မေးမြန်းပြီးသွားလျှင် ပြန်ကြွနိုင်ကြောင်း ပြောပြီး ပါအောင်ခေါ်သွား၏။

ရဲမှူးကြီး၏ တပည့်ရဲတစ်ယောက်ကမူ မိတ္ထီလာကို လိုက်မသွားသေးဘဲ ရွာခံရဲများနှင့် အတူ ရွာလူကြီးများကိုခေါ်၍ ဦးကုသလ၏ ဖနီးဟောင်းမလုံး၏ အိမ်ကို ရှာဖွေ ဝရမ်းဖြင့် ရှာဖွေကြ၏။ မုန့်ပုံးထဲတွင် ထည့်ထားသော သိန်း ၆၀ ကို မုန့်များအောက်တွင် တွေ့၍ ပုံစံဖြင့် သိမ်းဆည်းကြ၏။

ဦးသုန် ပုံလွန်သည့်နေ့က ဦးကုသလ လာပေးသွားကြောင်း ဝန်ခံချက်လည်းယူသွား၏။ ခရိုင်ရဲမှူးကြီးထံ ဖုန်းဖြင့် သတင်းပို့၍ ရဲမှူးကြီးသိသွားပြီဖြစ်၏။

ဘာမှ မသိသူက ဦးကုသလဖြစ်သွား၏။ ခရိုင်ရဲမှူးကြီးကလည်း သူ့အပေါ် ရိုရိုသေသေ လေးလေးစားစားပင် ဆက်ဆံနေ၏။ သို့သော် ခရိုင်ရဲမှူးကြီး၏ အကြည့်ကိုတော့ ဦးကုသလ ခံနိုင်ရည် သိပ်မရှိ။ သူက. . .

**မှူး** – 'ပုထုဇဉ်ဆိုတာ တစ်ခါတော့ မှားတတ်တာပါပဲဘုရား။ မြန်မြန်ဝန်ခံပြီး မြန်မြန် ပြုပြင်နိုင်ရင် အကောင်းဆုံးပါပဲ။ ကိုယ့်ကြောင့် သူများတွေလည်း ဒုက္ခမရောက်တော့ ဘူးပေါ့'

**ကု** – 'ဒကာကြီးက ဘာကို ဆိုလိုတာလဲ၊ ဦးပဉ္စင်းပေါ် မသင်္ကာများ ဖြစ်နေလို့လား'

**မှူး** – 'မဟုတ်ပါဘူးဘုရား၊ တပည့်တော် ဆိုလိုတာက ဦးပဉ္စင်းအနေနဲ့ အမှုမှာ မသိဘဲနဲ့ ပတ်သက်မိတာမျိုးတွေ၊ သူများအမှုကို အားပေးမိသလို ဖြစ်သွားမှာတို့ စိုးရိမ်လို့ပါ။

တစ်ယောက်ယောက်က ဦးပဋ္ဌင်းကို အကူအညီတောင်းလို့ ငွေတွေ ဘာတွေ သိမ်းဆည်းပေး ရတာမျိုးကော ရှိပါသလား။'

**ကု** – 'ဟာ မရှိပါဘူး ဒကာကြီး'

**မှူး** – (အားရပါးရ ပြုံးလိုက်ပြီး) 'အရင် လူ့ဘဝတုန်းက ဖနီးဟောင်းဆီမှာကော ငွေအပ်ထားတာတွေ ဘာတွေ ရှိလား'

**ကု** – (ရဲမှူးကြီး မျက်နှာကိုကြည့်ပြီး သိလိုက်ပြီ။ ငြင်းဖို့ရန် အားမရှိတော့ဘဲ ရုတ်တရက် ခြေကုန်လက်ပန်းကျသွားသလို ဖြစ်သွား၏။ ဒူးထဲမှာ အားမရှိတော့ပဲ ခြေဖျား လက်ဖျားတွေ အေးလာနေပြီဖြစ်သည်။ ငြင်းဆန်ဖို့ အားမရှိတော့၍ စကားလိုးလွဲ ပြောနေ၏) 'ဒကာကြီးက ဘာပြောချင်တာလဲ။ ဘယ်လို ရည်ရွယ်ချက်နဲ့ ..'

**မှူး** – (လက်ကာပြလိုက်ပြီး) 'ဘာမှမဟုတ်ပါဘူး။ တပည့်တော်လည်း ဦးပဋ္ဌင်း အတွက် စိတ်ပူပြီး တွေးမိသွားလို့ပါ။ ဦးပဋ္ဌင်းအနေနဲ့ တပည့်တော်ကို ဘာမျှ ပြောစရာ ရှိလဲဘုရား။ နောက်ရက်ကျရင်တော့ ဦးပဋ္ဌင်းကို တခြားလူတွေ မေးကြစစ်ကြပါလိမ့်မယ်။'

**ကု** – 'ဘာမှ ပြောစရာ မရှိပါဘူး။ ရွာကို ဘယ်တော့ ပြန်လို့ရမလဲ သိချင်တယ်။ ဒီမှာ ဘယ်နှရက်တောင် ကြာဦးမှာလဲ'

ရဲမှူးကြီးက ဘာမှ ပြန်အဖြေ မပေးတော့ဘဲ သူ့တပည့် ရဲသားလေးကို အချက်ပြ လိုက်၏။

ထို့နောက်တွင်ကား ဦးကုသလအတွက် အကုသိုလ် အမှောင်ထုကြီးကျရောက်လာ တော့၏။ ရဲဝန်ထမ်းတွေက အချုပ် အဝတ်အစားပေးပြီး သင်္ကန်းချွတ်လဲခိုင်း၏။ သင်္ကန်းဆိုင်ရာ သံဃာ့နာယကကိုလည်း အကြောင်းကြားထားပြီးပြီဟုဆို၏။ မလဲပေးရင်လည်း အတင်း ဝိုင်း၍ ချွတ်လဲကြမည့်ပုံမို့ ဦးကုသလက သင်္ကန်းချွတ်ပြီး အချုပ်ဝတ်စုံကို လဲဝတ်လိုက်ရ၏။ တစ်ခဏအတွင်းမှာပင် ဦးကုသလမှ ဦးကျော်တင့် ဖြစ်သွားတော့၏။

ဦးကျော်တင့်တောင် မဟုတ်၊ သူ့ကို ရဲသားလေးများကပင် ကျော်တင့်ဟု ရင့်ရင့်သီးသီး ခေါ်ဝေါ်၏။ နောက်ပြီး ခရိုင်ရဲမှူးကြီးကဲ့သို့ ယဉ်ယဉ်ကျေးကျေးပြောဖို့ ဝေးစွ။ ဦးကျော်တင့် အချုပ်ခန်းထဲ ဝင်လိုက်ရပြီး တံခါးပိတ်သံ ဂျောင်းခနဲ ကြားလိုက်ရချိန်မှာပင် ကျောရိုးထဲမှာ စိမ့်တက်သွားတော့၏။ လူတွေကို သူ အကြီးအကျယ် လျှော့တွက်မိပြီထင်သည်။ ရာဇဝတ် ပြစ်ဒဏ်မှ လွတ်လမ်းမရှိတော့ဟုလည်း စိတ်အားငယ်သွားသည်။ ခေါင်းတွေ မူးဝေနေရာမှ ရုတ်တရက် ဆရာတော်ဦးသုန်၏ မျက်နှာကို မြင်ယောင်လာသည်။ ကယောင်ကတမ်း လက်အုပ်ချီလျက် မျက်ရည်များ လိမ့်ဆင်းလာသည်။

ရဲမှူးကြီးကမူ သူ့အခန်းမှနေ၍ CCTV မှတစ်ဆင့် ဦးကုသလခေါ် ဦးကျော်တင့်၏ မျက်ရည် အလွှဲသား သံဝေဂမျက်နှာကြီးကို စိတ်ဝင်တစား ကြည့်လျက်ရှိ၏။ နောက်တစ်နေ့ မှာပင် ရွာမှလိုက်လာသော သူ့ဇနီးဟောင်းမလုံးနှင့် တွေ့ပေးလိုက်၏။ အခြေအနေမှန်ကို ကိုကျော်တင့် သဘောပေါက်သွား၏။

ခပ်မြန်မြန် စဉ်းစားပြီးနောက် ကိုကျော်တင့် ရဲမျှးကြီးနှင့် တွေ့ခွင့်တောင်း၏။ ထို့နောက် ဖြောင့်ချက်ပေး ဝန်ခံလိုက်၏။

ရဲမျှးကြီးနှင့်အတူ ရွာကို သွားကြပြီး အမှုကျူးလွန်ပုံပြပေးသည်။ သက်သေခံ ပစ္စည်း ပြန်ရပြီးအပ်သည်။ ရဲမျှးကြီးကလည်း သူတတ်နိုင်သလောက် ကူညီရှာပါသည်။ နောင်တ အကြီးအကျယ် ရနေသော ကိုကျော်တင့်၊ အချိန်ကိုမူ နောက်ကို ပြန်မဆုတ်နိုင်ပါ။ လောဘ၊ ဒေါသနှင့် နာကျည်းချက်များ၏ ထိုးနှက်ချက်ကြောင့် ကျေးဇူးရှင်အပေါ် သတ်ဖြတ်မိသည့်အထိ မှောင်မိုက်သွားခဲ့ခြင်း ဖြစ်၏။

ဦးပဥ္စင်းဂျာ၊ ဦးပဥ္စင်းယိုးနှင့် ဦးပဥ္စင်းဘိုဘိုတို့ သုံးပါးမှာလည်း ဦးသုန်၏ အဖြစ်ကို သင်ခန်းစာယူ၍ သံဝေဂရကြ၏။ 'ဝတ္ထုမာတု ဤနှစ်ခုကား ဘိက္ခုသေမင်း ဓားနှစ်စင်းတည်း' ဟူသော ရှေးဆရာတော်ကြီးများ၏ ဆုံးမစကားကိုလည်း သတိရမိကြသည်။ အဓိပ္ပာယ်က ငွေကြေးနှင့် မာတုဂါမခေါ် မိန်းမသားများသည် ရဟန်းတို့အတွက် ခုတ်ထစ်သတ်ဖြတ်မည့် ဓားများနှင့် အလားသဏ္ဍာန်တူသည်ဟူ၏။

အမျိုးသမီးများနှင့် ရောထွေးယှက်တင်နေခြင်းသည်လည်းကောင်း၊ ငွေကြေးဥစ္စာများ စုဆောင်းသိမ်းမြီးခြင်းသည်လည်းကောင်း ရဟန်းများအတွက် အန္တရာယ်ကို လက်ယပ်ခေါ် သည်နှင့် တူ၏။ ယခု ဦးသုန်၏ အသက်ခန္ဓာ ကြွေလွင့်ရခြင်းမှာလည်း ငွေကြေးဥစ္စာ ပိုင်ဆိုင်မှုကို ယုတ်မာသူကသိရှိ၍ ရယူပိုင်ဆိုင်လိုမှု လောဘကြောင့် အသက်ပေးလိုက်ရ ခြင်းပင်ဖြစ်၏။

တစ်ပါးကြွေလွင့်သည်နှင့် ကျန်ရဟန်းသုံးပါးကား သံသရာကို ကြောက်ရွံ့သည်ထက် ကြောက်ရွံ့လာ၏။ ပုထုဇဉ်တို့၏ ယုတ်မာမှုကို စက်ဆုပ်သည်ထက် စက်ဆုပ်လာ၏။ ဆရာတော် ဦးရေဝတ ဆုံးမသကဲ့သို့ တစ်ပါးနှင့် တစ်ပါးတစ်နေရာစီခွဲ၍ မဂ်ဉာဏ် မရမချင်း အားထုတ် သွားကြရန်၊ တစ်စုံတစ်ရာ ထူးခြားမှုရှိကြမှသာ ပြန်လည် ဆုံတွေ့ပြီး သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကြီးများထံ ခရီးဆက်၍ သြဝါဒခံယူကြရန် ဆုံးဖြတ်လိုက်ကြလေသတည်း။

ကောင်းဆက်နိုင်

၂၈၀၉၇
အမှတ် ..........
ရက်စွဲ ..........

## ထောင်းဆတ်နိုင်၏ ထုတ်ဝေပြီးသောစာအုပ်များ

| | | |
|---|---|---|
| ၁။ | အုံ့ညြလွှန်းလို့သေတော့မယ် (အတွေးအမြင်ဆောင်းပါးများ)၊ | ပြည်သူ့ခေတ်စာအုပ်တိုက် |
| ၂။ | အုံ့ညြလွှန်းလို့သေတော့မယ် (၂) | ပြည်သူ့ခေတ်စာအုပ်တိုက် |
| ၃။ | အံ့ညြလွှန်းလို့သေတော့မယ် (၃) | ပြည်သူ့ခေတ်စာအုပ်တိုက် |
| ၄။ | ကောင်းတာမကောင်းတာနှင့် အကျည်းတန်တာတွေ (ဆောင်းပါးများ) | ပြည်သူ့ခေတ်စာအုပ်တိုက် |
| ၅။ | ဒီနေ့တော့မလွယ် (ဘင်လာဒင်ကိုရှင်းလင်းခဲ့စဉ်က) (ဘာသာပြန်) | ရှုဝံစာအုပ်တိုက် |
| ၆။ | ရက်လွန်လွန်းလို့သေတော့မယ် (အတွေးအမြင်ဆောင်းပါးများ) | ပန်းရွှေကြာစာအုပ်တိုက် |
| ၇။ | ကျွန်တော့်အဖေ အမေ့ချစ်လင်နှင့် အခြားဝတ္ထုတိုများ | ရှုဝံစာအုပ်တိုက် |
| ၈။ | အုံ့ဖွယ်ဗုဒ္ဓသင်ခဲ့သမျှ | ရှုဝံစာအုပ်တိုက် |
| ၉။ | မူစလင်အမေရိကန်ကြားကအမုန်းတရား (ဘာသာပြန်) | မျိုးဆက်သစ်စာအုပ်တိုက် |
| ၁၀။ | နောက်ကြောင်းပြန်ဝံ့ မပြန်ဝံ့နှင့် အတွေးအမြင်ဆောင်းပါးများ | မြန်မာ့ခေတ်စာအုပ်တိုက် |
| ၁၁။ | ဒီမှာလူကြီးမင်း၊ကလောင်တံနှင့်ကျည်ဆံ (အတွေးအမြင်ဆောင်းပါးများ) | ပွင့်သစ်စာအုပ်တိုက် |
| ၁၂။ | အကောင်းကြိုက်သူများအတွက်ဆေးတစ်ခွက်နှင့် အတွေးအမြင်ဆောင်းပါးများ | စာပေလောကစာအုပ်တိုက် |

**ယခုဆက်လက်၍**

**အာဇာနည်ဘာသာသွေးများအကြောင်း (ဝတ္ထုရှည်)**

ဖြန့်ချိရေး – ရှုဝံစာအုပ်တိုက်

ကောင်းဆက်နိုင်စာအုပ်တိုက်မှ မကြာမီထွက်ရှိမည် ...

**ဦးကိုသက် (သတ္တဗေဒ)**

ရေးသားသည်

# သဘော်ရွက်နှင့်ကင်ဆာရောဂါအကြောင်း

- သဘော်ရွက်နှင့်ကင်ဆာရောဂါ
- အင်တာနက်ကပြောပြတဲ့ ကင်ဆာရောဂါဆိုတာ
- ဒေါက်တာဟာဒါကလပ်ခ် (Dr. Hulda Clark) နှင့် သဘော်ရွက်ကင်ဆာကုထုံး
- O.M တိုင်းမဂ္ဂဇင်းရဲ့ ထုတ်ပြန်ချက် သဘော်ရွက်အသုံးဝင်ပုံ (၁၅)ချက်
- ကင်ဆာဆဲလ်တွေဘယ်လိုစဖြစ် (How does a Cancer cell start)
- ခေတ်မှီကုထုံးများနှင့်ပတ်သက်၍

စသည်ဖြင့် စုံလင်စွာ ဖတ်ရှုလေ့လာနိုင်မည့်
စာအုပ်ကောင်းတစ်အုပ်

# အာဇာနည်
# ဘာသာသွေးများအကြောင်း

ဒုတိယတွဲ မကြာမီ ဆက်လက်ထွက်ရှိပါမည်။

ကောင်းဆက်နိုင်



လောကသားတို့ ရုန်းကန်ရတယ်ဆိုတာထက်
သံဃာတွေက ပိုပြီးရုန်းကန်ရတယ်...

